# မြန်မာ့ငြိမ်းချမ်းရေး

## လုပ်ငန်းစဉ်ကို

## ပုံဖော်ခြင်း

# လမ်းညွှန်အကိုးအကား

## ၂၀၁၅

www.bnionline.net
www.mmpeacemonitor.org

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း လမ်းညွှန်အကိုးအကား ၂၀၁၅
နိုင်ငံတကာ မြန်မာ့သတင်းမှ ရေးသားတည်းဖြတ်သည်။
ဘာသာပြန် - စည်သူထွန်း
စာမျက်နှာ ဒီဇိုင်း - စောဝဏ္ဏ(Z.H)

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေ - ဩဂုတ်၊ ၂၀၁၅
ပုံနှိပ် - NEWVISION
Burma News International မှ မူပိုင်ဖြစ်သည်။

ဦးစိုင်းမြင့်ဝင်း Journalist Publishing (မြဲ ၀၀၀၃၅) မှ ထုတ်ဝေသည်။
အမှတ် ၃၅၊ အာသာဝတီလမ်း၊ ၄၀ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊
ရန်ကုန်မြို့။
အီးမေးလ် - md@bnionline.net coordinator@mmpeacemonitor.org
website -http:// www.mmpeacemonitor.org
twitter - http://twitter.com/mmpeacemonitor.org
facebook - http://facebook.com/mmpeacemonitor.org
တယ်လီဖုန်း - +၉၅(၀)၉ ၄၅၀၀၄၄၆၂၇

http://bnionline.net
ISBN -978-616-7198-21-6

# မာတိကာ


ကျေးဇူးတင်လွှာ ........ iii
အတိုကောက်ဝေါဟာရများ........ iv
တရားဝင်နှင့် ယခင်အင်္ဂလိပ်ဘာသာဖြင့်ခေါ်ဆိုခဲ့သောအမည်များ ........ vi
ပုံများစာရင်း ........ vi
ဇယားများစာရင်း........ vii
အစီရင်ခံစာအကျဉ်းချုပ် ........ viii
ဤအစီရင်ခံစာနှင့်ပတ်သက်၍ ........ xi

**နိဒါန်း-**
**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အတွက်ငြိမ်းချမ်းရေးလမ်းပြမြေပုံသစ် ........ ၁**
**၁။ အထွေထွေအခြေအနေ**
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) ၏ အခြေအနေ ........ ၄
- အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများ - ယုံကြည်မှုတည်ဆောက်ခြင်း ........ ၈
  - ○ လက်တွေ့တိုးတက်ဖြစ်ထွန်းမှုများ ........ ၁၀
- အနုတ်သဘောဆောင်သည့် အကျိုးသက်ရောက်မှုများ - ဆက်လက်ဖြစ်ပွားနေဆဲတိုက်ပွဲများ ........ ၁၂
  - ○ တိုက်ပွဲများဖြစ်ပွားရခြင်းနှင့် အပစ်အခတ်ရပ်စဲရေးချိုးဖောက်ရခြင်းအကြောင်းပြချက်များ ........ ၂၁
  - ○ လူမျိုးရေး၊ ဘာသာရေးအကြမ်းဖက်မှု........ ၂၆
  - ○ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဒုက္ခသည်များ........ ၃၄
  - ○ မူးယစ်ဆေးထုတ်လုပ်မှုနှင့်ကုန်သွယ်မှု တိုးမြင့်လာခြင်း ........ ၄၀
  - ○ အကြမ်းဖက်မှု ........ ၄၆
  - ○ မြေယာသိမ်းယူမှုကိုဆန့်ကျင်ဆန္ဒပြမှုနှင့်ဆက်စပ် အကြမ်းဖက်မှုများ ........ ၅၀

**၂။ ၂၀၁၅ ငြိမ်းချမ်းရေးစီမံကိန်း ........ ၅၇**
- သုံးပွင့်ဆိုင်လုပ်ငန်းစဉ်ပြပုံချုပ် ........ ၅၇
  - ○ အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေး၏ မတူညီသောအနက်အဓိပ္ပာယ်များ ........ ၆၀
  - ○ မူတစ်မူတည်းအပစ်အခတ်ရပ်စဲရေးမူကြမ်း-
    တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက်ပထမခြေလှမ်း ........ ၆၁
  - ○ ၂၀၁၄ ခုနှစ်အတွင်း NCCT နှင့် UPWC တို့အကြား ဆွေးနွေးညှိနှိုင်းပွဲများမှစိန်ခေါ်မှုများ ........ ၆၆
  - ○ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအချိန်ဇယား ........ ၇၁
  - ○ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ရှိ အတွင်းရေးပြဿနာများ ........ ၇၆

**၃။ ကာလရှည်ငြိမ်းချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်နေမှုများ ........ ၇၈**
- ငြိမ်းချမ်းရေးဆွေးနွေးပွဲ အားပေးထောက်ခံမှု ........ ၇၈
  - ○ ဆက်ဆံရေးရုံးများ ........ ၇၈
  - ○ တိုင်းရင်းသားပါတီများနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု-
    နိုင်ငံရေးမူဘောင် ........ ၈၄

- ○ ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှတစ်ဆင့် ပဋိပက္ခဖြေရှင်းရေးသန္နိဋ္ဌာန် ..................... ၈၆
- ○ ဆက်ဆံရေးတည်ဆောက်ခြင်းနှင့် ချစ်ကြည်ရေး ..................... ၈၇
- ○ အစိုးရမဟုတ်သောလက်နက်ကိုင်များ၏ စီးပွားရေးလုပ်ငန်းများ ..................... ၉၁
- ○ တိုင်းရင်းသားဒေသရှိ ဖွံ့ဖြိုးရေးစီမံကိန်းများ ..................... ၉၄
- ○ မူးယစ်ဆေးဝါးပပျောက်ရေး ..................... ၉၆
- ○ နယ်ခြားစောင့်တပ်/ပြည်သူ့စစ် ..................... ၁၀၀
- ● ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ..................... ၁၀၀
- ○ အခြေခံဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲရေး ..................... ၁၀၁
- ○ မိုင်းရှင်းလင်းခြင်း ..................... ၁၀၂
- ○ တိုင်းရင်းသားဘာသာစကားများ ..................... ၁၀၃
- ○ အမျိုးသားနေ့ ..................... ၁၀၄
- ○ နိုင်ငံရေးအရ တိုင်ပင်အကြံဉာဏ်ရယူမှုများ ..................... ၁၀၆

**၄။ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏အခန်းကဏ္ဍ ..................... ၁၀၉**

**၅။ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်သူများ၏ အခန်းကဏ္ဍ ..................... ၁၁၃**
- ● နိုင်ငံရပ်ခြားမှ လေ့လာစောင့်ကြည့်သူများ ..................... ၁၁၄
- ● အိမ်နီးချင်းနိုင်ငံများ ..................... ၁၁၄
- ● အခြားသောနိုင်ငံများ ..................... ၁၁၆

**၆။ ငြိမ်းချမ်းလုပ်ငန်းစဉ်ဖွံ့ဖြိုးတိုးတက်မှုအပေါ်အဆုံးအဖြတ်ပေးသည့်အကြောင်းအချက်များ ..................... ၁၂၇**

**၇။ ၇။ နောက်ဆုံးရသတင်းအချက်အလက်များ၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ – ဖွန်**
- ● ငြိမ်းချမ်းရေးလုပ်ငန်းစဉ် – ရိုလာကိုစတာ ..................... ၁၃၂
- ● ထိပ်တိုက်တွေ့ဆုံမှုများက စိုးရိမ်ပူပန်မှုများနှင့်သံသယများဖြစ်ပေါ်စေ ..................... ၁၃၇
- ● စိုးရိမ်ပူပန်မှုနှင့် သံသယများကို ဖြစ်စေသည့် ထိပ်တိုက်တွေ့ဆုံမှုများ ..................... ၁၄၈
- ● ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြည့်စွက်ပြင်ဆင်ရန်ပျက်ကွက်ခြင်း..................... ၁၄၄

**၈။ အဖွဲ့အစည်းများအကြောင်း တစေ့တစောင်း ..................... ၁၅၂**

**နောက်ဆက်တွဲ ၁။** ၂၀၁၄ ခုနှစ်အတွင်း အစိုးရနှင့်အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား စုစုပေါင်းအစည်းအဝေးများ

**နောက်ဆက်တွဲ ၂-၁။** ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ

**နောက်ဆက်တွဲ ၂-၂။** EAOs အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သို့မဟုတ် NCA အတွက် ဝါရင့်ကိုယ်စားလှယ်အဖွဲ့

**နောက်ဆက်တွဲ ၂-၃။** နိုင်ငံရေးပါတီ ၅၆ ခု၏ နိုင်ငံရေးမူဘောင်

**နောက်ဆက်တွဲ ၃။** WGEC မူဘောင်

# ကျေးဇူးတင်လွှာ

နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့ (Burma News International) အနေဖြင့် ရှုပ်ထွေးလှသည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ နှစ်စဉ်အလိုက် လေ့လာဖော်ပြထားသည့် တတိယစာအုပ်ကို တင်ဆက်ရသည့်အတွက်အထူး ဝမ်းမြောက်မိပါသည်။ ယခုစာအုပ်တွင် စုဆောင်းဖော်ပြထားသည့် သတင်းအချက်အလက်များမှာ လွန်ခဲ့သည့်နှစ်အတွင်း သတင်းမီဒီယာဖော်ပြချက်များကို (BNI) ၏ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးကို လေ့လာစောင့်ကြည့်ရေးစီမံကိန်း (www. mmpeacemonitor.org) က စုဆောင်းထားမှုများ ဖြစ်ပါသည်။ အခြားအရေးပါသည့် သတင်းရင်းမြစ်များမှာ တွေ့ဆုံမေးမြန်းမှုများ၊ မူရင်း မှတ်တမ်းမှတ်ရာများ၊ ပါဝင်ပတ်သက်နေသည့် အဓိကပုဂ္ဂိုလ်များမှ ပေးလာသည့် သတင်းများမှ ရရှိခြင်း ဖြစ်ပါသည်။

အဖွဲ့အနေဖြင့် မိမိတို့၏ ငြိမ်းချမ်းရေးလေ့လာစောင့်ကြည့်ရေး စီမံကိန်းအဖွဲ့ဝင်များ ဖြစ်ကြသည့် ကိုစိုင်းလိတ်၊ Ms. Donna Ong နှင့် ကိုဇင်လင်းဦးတို့ကို သုတေသနလုပ်ငန်းများနှင့် စာအုပ်ရေးသားပေးမှုအတွက် ကျေးဇူးတင်ရှိပါသည်။ ဦးဇင်လင်း (BNI မန်နေးဂျင်းဒါရိုက်တာ) နှင့် ဦးခွန်ဆိုင်းဂျိုင်ယင် (ငြိမ်းချမ်းရေးနှင့်ဆွေးနွေးရေး ပြည်ထောင်စုအဖွဲ့အစည်း ဒါရိုက်တာ) တို့က ၎င်းတို့သိမြင်သည့် အတွင်းကျကျကိစ္စများ ဝေငှဖလှယ်ခဲ့ကြပြီး၊ ယခုစာအုပ်ကို တည်းဖြတ်ကူညီခဲ့ကြသည်။ အင်္ဂလိပ်သဒ္ဒါ (grammar) အမှားများကို ပြင်ဆင်ပေးကာ အရေးအသားကိုပိုမိုအရောင်တင်ပေးသည့် မစ္စတာအဲရစ်ဂွန်စတန်ကို ကျေးဇူးတင်ပါသည်။ သတင်းအချက်အလက်များမျှဝေပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းတို့အတွက် ကျွန်ုပ်တို့အနေဖြင့် BNI အဖွဲ့ဝင် အဖွဲ့အစည်းများမှ အယ်ဒီတာများအားလုံးကို ကျေးဇူးတင်ပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် သုတေသနပြုမှုများကို ဤနေရာတွင်အမည်မဖော်ပြပေးနိုင်သည့်သူများကလည်း အထူးတလည် ကူညီခဲ့ကြပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကကျကျပါဝင်နေကြသူများကလည်း ၎င်းတို့၏ မအားလပ်သည့် အချိန်၊ ကြိုးပမ်းအားထုတ်မှုများ ယခုစာအုပ်အတွက်မျှဝေခဲ့ကြပြီး၊ မိမိတို့၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုကြောင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပိုမိုသိမြင်နားလည်လာကြမည်ဟု ယူဆပါသည်။

ယခုစာအုပ်ထုတ်ဝေမှုကို ပွင့်လင်းသောလူမှုဖောင်ဒေးရှင်းများ (Open Society Foundations) ၏ စေတနာထက်သန်သည့် ဘဏ္ဍာငွေကြေးထောက်ပံ့မှု မပါဝင်လျှင် ဖြစ်နိုင်ဖွယ်မရှိပါချေ။ BNI အနေဖြင့် ယခုအခြေအနေဖြစ်လာအောင် ဝိုင်းဝန်းပေးခဲ့ကြသည့်အလှူရှင်များ၊ ပြီးခဲ့သည့်နှစ်များအတွက် သူတို့၏ အားပေးပံ့ပိုးနေမှုအပေါ် အထူးတလည် ကျေးဇူးတင်ရှိကြောင်း ဤနေရာမှ ဖော်ပြလိုပါသည်။ အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ BNI ကို အထွေထွေကူညီထောက်ပံ့ပေးသော Burma Relief Centre (BRC) ကို ကျွန်ုပ်တို့အနေဖြင့် အထူးတလည်ကျေးဇူးတင်ပါသည်။

စာဖတ်သူသို့အမှာစာ-

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ နိုင်ငံရေးအရ အကဲဆတ်မှုနှင့် အတိုင်းအဆ၊ ပဋိပက္ခသဘောတို့ကြောင့် ယခုစာအုပ်အတွက် ပြည့်စုံတိကျသည့် အချက်အလက်များ ကောက်ယူစုဆောင်းရာတွင် စိန်ခေါ်မှုကြီးစွာ ကြုံတွေ့ခဲ့ရပါသည်။ မိမိတို့၏ သတင်းအချက်အလက်များအတွက် အတွင်းကျကျပါဝင်နေကြသူများ၏ အားတက်သရော အကူအညီပေးမှုဖြင့် သတင်းအများအပြားရရှိခဲ့ပါသော်လည်း၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အပြောကျယ်လှသော ရုပ်ပုံကားချပ်ကြီး တစ်ခုလုံးကို ပြည့်စုံစွာခြယ်သနိုင်ရန် များစွာကျန်ရှိနေသေးကြောင်း ဖော်ပြလိုပါသည်။ မိမိတို့အနေဖြင့် လွှမ်းခြုံဖော်ပြရမည့် ကိန်းဂဏန်းစာရင်းဇယားများကို မိမိတို့စွမ်းသမျှ အကောင်းဆုံးကြိုးပမ်းထားပါသည်။ သို့အတွက်ကြောင့် ပြီးခဲ့သည့်နှစ်အတွင်း ဖြစ်ပေါ်တိုးတက်မှုအတိုင်းအဆနှင့် သက်ရောက်မှုများအပေါ်မှန်းဆနိုင်မည်ဟုလည်း ယူဆပါသည်။ သို့သော်လည်း ဤအရေးအတွက် ကိန်းဂဏန်းများသည် သတင်းမီဒီယာ အစီရင်ခံမှုများအပေါ်မှ ယူရပြီး၊ အစိုးရ၏ အခြားသော

သတင်းရင်းမြစ်များစွာမှလည်း ရယူပါသည်။ အများအားဖြင့် ဤကိန်းဂဏန်းများကို တိုက်ဆိုင်၍ မရတတ်ပါ။ သို့အတွက်ကြောင့် ယခုစာအုပ်တွင် ဖော်ပြထားသည့် သတင်းများနှင့် ကိန်းဂဏန်းများမှာ အကောင်းဆုံးခန့်မှန်းထားခြင်းမျှသာ ဖြစ်ပါသည်။ ရုပ်ပုံများ၊ ကားချပ်များ၊ မြေပုံများသည် ယေဘုယျအားဖြင့် ပဋိပက္ခနှင့် ငြိမ်းချမ်းရေး၏ ဘက်စုံရှုထောင့်များစွာကို နားလည် စေရလေအောင်ပံ့ပိုးထားပေးခြင်း ဖြစ်ပါသည်။ ယခုစာအုပ်သည် ၂၀၁၄ ခုနှစ်၏ ဖြစ်စဉ်များအပေါ် အခြေခံထားခြင်း ဖြစ်သည်။ ဖြစ်စဉ်အများစုမှ ငြိမ်းငွေ့ဖွယ်အကြိမ်ကြိမ်ဖော်ပြမှုများကို ရှောင်ရှားရန် အတွက် ၂၀၁၄ ခုနှစ်အတွင်းဖြစ်ပျက်ခဲ့သည့် အချိန်ကာလတို့၏ ရက်နှင့်လတို့ကိုသာ ဖော်ပြထားပါသည်။ မတ်လတွင် ထုတ်ဝေရန်စီစဉ်ထားသော်လည်း ကြိုတင်သိမြင်နိုင်ခြင်းမရှိသော အခြေအနေများကြောင့် ထုတ်ဝေနိုင်ခြင်းမရှိခဲ့ပေ။ သို့သော်ယင်းသို့ ကြန့်ကြာမှုမှတစ်ဆင့် ကျွန်ုပ်တို့အတွက် အကျိုးကျေးဇူးရရှိခဲ့သည့်အချက်မှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဖွန်လကုန်ပိုင်းအထိ ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်များကို ထည့်သွင်းဖော်ပြနိုင်ခဲ့ခြင်းဖြစ်သည်။ ထုတ်ဝေမှုကြန့်ကြာခြင်းကြောင့် စာဖတ်ပရိသတ်များကို စိတ်အနှောင့်အယှက်တစ်စုံတစ်ရာ ဖြစ်ပေါ်စေပါက ကျွန်ုပ်တို့အနေဖြင့် တောင်းပန်ကြောင်း ပြောကြားလိုပါသည်။

## အတိုကောက် ဝေါဟာရများ

| | |
|---|---|
| AA | ရက္ခိုင့် တပ်မတော် (ကချင်ပြည်နယ်) |
| AAPP-B | နိုင်ငံရေးအကျဉ်းသားများ ကူညီထောက်ပံ့ရေးအသင်း (မြန်မာပြည်) |
| ABSDF | မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး |
| ALP/ALA = RSLP | ရခိုင်လွတ်မြောက်ရေးပါတီ/တပ်မတော် = ရခိုင်ပြည် လွတ်မြောက်ရေးပါတီ |
| BGF | နယ်ခြားစောင့်တပ် |
| CBOs | ဒေသခံလူထုအခြေပြု အဖွဲ့အစည်းများ |
| CNF | ချင်းအမျိုးသားတပ်ဦး |
| CSFP | ငြိမ်းချမ်းရေးအတွက် အရပ်ဖက်လူမှုညီဖိုရမ် |
| CSOs | လူထုအခြေပြု လူမှုအဖွဲ့အစည်းများ |
| DKBA | ဒီမိုကရေစီ ကရင်အကျိုးပြု တပ်မတော် (ယခင် ဒီကေဘီအေ တပ်မဟာ-၅) |
| EAOs | တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ |
| EBO | ဥရောပ မြန်မာရုံး |
| ENAC | တိုင်းရင်းသားလူမျိုးများရေးရာစင်တာ |
| ENC | တိုင်းရင်းသားလူမျိုးများကောင်စီ |
| IDP | ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များ |
| IPSG | နိုင်ငံတကာ ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ |
| KIO/KIA | ကချင်ပြည် လွတ်လပ်ရေးအဖွဲ့/ တပ်မတော် |
| KNDP^A | ကရင်နီအမျိုးသား ဖွံ့ဖြိုးရေးပါတီ/တပ်မတော် |
| KNLP | ကယန်းပြည်သစ်ပါတီ |
| KNO | ကချင်အမျိုးသားအစည်းအရုံး |
| KNO-B | ကူကီးအမျိုးသားအစည်းအရုံး (မြန်မာနိုင်ငံ) |
| KNPDP | ကရင်နီအမျိုးသား ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| KNPLF | ကရင်နီပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး |
| KNPP | ကရင်နီအမျိုးသား တိုးတက်ရေးပါတီ |
| KNSO | ကရင်နီအမျိုးသား သွေးစည်းညီညွတ်ရေးအဖွဲ့ |

| | |
|---|---|
| KNU | ကရင်အမျိုးသားအစည်းအရုံး |
| KPC | ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) |
| KPF | ကရင် ငြိမ်းချမ်းရေးတပ်ဖွဲ့ |
| KPSN | ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် |
| KSDDP | ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးပါတီ |
| LDU | လားဟူ ဒီမိုကရက်တစ် အစည်းအရုံး |
| MNDAA | မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် |
| MPC | မြန်မာနိုင်ငံ ငြိမ်းချမ်းရေး တည်ဆောက်မှု ဗဟိုဌာန |
| MPDF | မွန် ငြိမ်းချမ်းရေးနှင့် ကာကွယ်ရေးတပ်ဦး |
| MPSI | မြန်မာ့ ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့ |
| MTUF | မြိတ်ထားဝယ် ညီညွတ်ရေးတပ်ဦး |
| NBF | ညီနောင် တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း |
| NCA | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် |
| NCCT | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေး အဖွဲ့ |
| NDA-K | ဒီမိုကရေစီသစ် တပ်မတော် - ကချင် |
| NDAA-EQ | အမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော်၊ ရှမ်းပြည်အရှေ့ပိုင်း |
| NDD | ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက် |
| NDSC | အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ |
| NMSP | မွန်ပြည်သစ်ပါတီ |
| NSAG | အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်း |
| NSCN-K | နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ - ခပ်ပလန် |
| PCG | ငြိမ်းချမ်းရေး တည်ဆောက်ရေး အုပ်စု |
| PDSG | ငြိမ်းချမ်းရေး အလှူရှင်များအုပ်စု |
| PI | ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုအတွက် ပြည်ထောင်စုအင်စတီကျု |
| PMF | ပြည်သူ့စစ်အုပ်စု၊ ပြည်သူ့စစ်တပ် |
| PNLO | ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ |
| PNO | ပအိုဝ်းအမျိုးသား အစည်းအရုံး |
| PSLF | ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး |
| SD | ဝါရင့်ကိုယ်စားလှယ်အဖွဲ့ |
| SEZ/SIZ | အထူးစီးပွားရေးဇုန်/ အထူးစက်မှုဇုန် |
| SLORC | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခင် စစ်အစိုးရ ၁၉၈၈-၁၉၉၇) |
| SPDC | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ယခင်စစ်အစိုးရ ၁၉၉၇- ၂၀၁၁) |
| QA/RCQ | ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် |
| QA/QPP | ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် |
| TNLA | တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် |
| TNP | တအာင်း (ပလောင်) အမျိုးသားပါတီ |
| UNFC | ညီညွတ်သော တိုင်းရင်းသားလူမျိုးများကောင်စီ |
| UNHCR | ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး |

| | |
|---|---|
| UNODC | ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး |
| UPWC | ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းကော်မတီ |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| UWSA/P | ဝပြည်သွေးစည်း ညီညွတ်ရေးတပ်မတော်၊ ပါတီ |
| WGEC | တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ |
| WLB | အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| WNO/A | ဝအမျိုးသား အစည်းအရုံး/ တပ်မတော် |
| ZRO | ဇိုမီး ပြန်လည်ပေါင်းစည်းရေး အစည်းအရုံး |

## တရားဝင်နှင့် ယခင်အင်္ဂလိပ်ဘာသာဖြင့်ခေါ်ဆိုခဲ့သော အမည်များ

| တရားဝင်အမည် | ယခင်အင်္ဂလိပ်ဘာသာဖြင့်ခေါ်ဆိုခဲ့သည့် အမည် |
|---|---|
| ဧရာဝတီ | Irrawaddy |
| ပဲခူး | Pegu |
| ထားဝယ် | Tavoy |
| ကယား | Karenni |
| ကရင် | Karen |
| မော်လမြိုင် | Moulmein |
| မြိတ် | Mergui |
| မြန်မာ | Burma |
| ရခိုင် | Arakan |
| တနင်္သာရီ | TaneQrim |
| သံတွဲ | Sandoway |
| ရန်ကုန် | Rangoon |

## ပုံများစာရင်း


ပုံ (၁) ၂၀၁၃ ခုနှစ်အတွင်း တိုက်ပွဲများ
ပုံ (၂) ၂၀၁၄ ခုနှစ်အတွင်း တိုက်ပွဲများ
ပုံ (၃) ၂၀၁၄ ခုနှစ်တွင် တိုက်ပွဲများဖြစ်ပွားသည့်နေရာ
ပုံ (၄) ရှမ်းပြည်နယ်မြောက်ပိုင်း၏ တိုက်ပွဲအခြေအနေပြမြေပုံ
ပုံ (၅) ၂၀၁၃ခုနှစ် လူမှုရေးနှင့်ဘာသာရေးအကြမ်းဖက်မှု
ပုံ (၆) ၂၀၁၄ခုနှစ် လူမှုရေးနှင့်ဘာသာရေးအကြမ်းဖက်မှု
ပုံ (၇) ထိုင်းနိုင်ငံရှိ ဒုက္ခသည်များနှင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်းဒုက္ခသည်များ
ပုံ (၈) ၂၀၁၄ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးသည့်ဧရိယာများ
ပုံ (၉) မြန်မာနိုင်ငံတွင် ဒေသအလိုက်ဘိန်းစိုက်ပျိုးသည့် ဧရိယာ
ပုံ (၁၀) ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဖိုးကွဲမှု
ပုံ (၁၁) ၂၀၁၄ ခုနှစ် မြေယာသိမ်းယူမှုနှင့် ဆန္ဒပြမှုများ
ပုံ (၁၂) သုံးပွင့်ဆိုင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြပုံချပ်
ပုံ (၁၃) ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လုပ်ငန်းစဉ်ခုနှစ်ရပ်

ပုံ (၁၄) နိုင်ငံရေးဆွေးနွေးပွဲကို တောင်းဆိုထားသောအုပ်စုများ
ပုံ (၁၅) တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်
ပုံ (၁၆) ဆက်ဆံရေးရုံးများ
ပုံ (၁၇) တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်တွင်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အပစ်အခတ်ရပ်စဲမှုအခြေအနေ
ပုံ (၁၈) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အင်အားစုများ

## ဇယားများစာရင်း

ဇယား (၁) ၂၀၁၄ ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) များနှင့် သဘောတူညီမှုအခြေအနေ
ဇယား (၂) ၂၀၁၄ ခုနှစ်အတွင်း တိုင်းရင်းသားပြည်နယ်များတွင် တိုက်ပွဲဖြစ်ပွားမှုများ
ဇယား (၃) ၂၀၁၄ ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရတပ်ဖွဲ့ဝင်များ၏ တိုက်ပွဲဖြစ်ပွားမှုများ
ဇယား (၄) အပစ်အခတ်ရပ်စဲထားခြင်းမရှိသည့်အဖွဲ့များအကြား တိုက်ပွဲများနှိုင်းယှဉ်ချက်
ဇယား (၅) အပစ်အခတ်ရပ်စဲထားသောအုပ်စုများအကြား တိုက်ပွဲများနှိုင်းယှဉ်ချက်
ဇယား (၆) တိုက်ပွဲများဖြစ်ပွားရခြင်းနှင့် အပစ်အခတ်ရပ်စဲရေးချိုးဖောက်ရခြင်း အကြောင်းပြချက်များ
ဇယား (၇) ၂၀၁၄ ခုနှစ်အတွင်း ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှု
ဇယား (၈) မြန်မာပြည်တွင်းရှိ ဒုက္ခသည်များနှင့် UNHCR အသိအမှတ်ပြုထားသည့်ပြည်ပရှိ ဒုက္ခသည်များ (၂၀၁၄)
ဇယား (၉) UNODC ၏ အချက်အလက်မှတ်တမ်း- အရှေ့တောင်အာရှဘိန်းစစ်တမ်းကောက်ယူမှု ၂၀၁၄**
ဇယား (၁၀) မြန်မာနိုင်ငံတွင် ဒေသအလိုက်ဘိန်းစိုက်ပျိုးသည့်ဧရိယာများ၊ ၂၀၁၃-၂၀၁၄ (Hectares)
ဇယား (၁၁) ၂၀၁၄ ခုနှစ်တွင် ဗုံးပေါက်ကွဲမှုနှင့် ရှာဖွေတွေ့ရှိမှု
ဇယား (၁၂) ၂၀၁၄ ခုနှစ်အတွင်း မြေယာသိမ်းယူမှုနှင့် လုပ်ရှားမှု
ဇယား (၁၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆင့်ကဲဖြစ်ပေါ်လာမှု
ဇယား (၁၄) ၂၀၁၄ ခုနှစ်ဆွေးနွေးပွဲများအတွင်း အဓိကစိန်ခေါ်မှုများ
စကားလုံးအသုံးအနှုန်း၊ ပြဿနာများနှင့် လုပ်ထုံးလုပ်နည်းများ
ဇယား (၁၅) ၂၀၁၄ ခုနှစ် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းများ
ဇယား (၁၆) တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းအတွက် အချိန်အပိုင်းအခြား
ဇယား (၁၇) အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွင် စိန်ခေါ်မှုများ
ဇယား (၁၈) ဆက်ဆံရေးရုံးများ၊ ၂၀၁၄ ခုနှစ်
ဇယား (၁၉) ၂၀၁၄ ခုနှစ်တွင် မြန်မာစစ်တပ်က လွှတ်ပေးသောကလေးစစ်သားများ
ဇယား (၂၀) အပစ်အခတ်ရပ်စဲရေးသဘောတူပြီးနောက်
အစိုးရမဟုတ်သောလက်နက်ကိုင်များ၏ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများ
ဇယား (၂၁) နိုင်ငံတကာအဖွဲ့အစည်းများနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပူးပေါင်းဆောင်ရွက်မှု[၁၀၁]
ဇယား (၂၂) နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မည့် နယ်စပ်ရေးရာဝန်ကြီးဌာန၏စီမံကိန်း
ဇယား (၂၃) တိုင်းရင်းသားအမျိုးသားနေ့
ဇယား (၂၄) လူ့ဒါန်းမှု၊ ချေးငွေများနှင့် ထောက်ပံ့မှု
ဇယား (၂၅) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖွံ့ဖြိုးတိုးတက်မှုပေါ် အဆုံးအဖြတ်ပေးသည့် အကြောင်းအချက်များ
ဇယား (၂၆) တိုင်းရင်းသားလက်နက်ကိုင်များနှင့်အစိုးရတပ်ဖွဲ့ဝင်များအကြားတိုက်ပွဲများ (ဇန်နဝါရီ-ဇွန် ၂၀၁၅)
ဇယား (၂၇) တိုက်ပွဲများ၊ အစည်းအဝေးပွဲများ၊ သဘောတူညီချက်များ၊ ပြည်တွင်းဒုက္ခသည်များ (ဇန်နဝါရီ-ဇွန် ၂၀၁၅)
ဇယား (၂၈) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းနှင့်အခြေအနေ (၂၀၁၅၊ ဇွန်)

# အစီရင်ခံစာအကျဉ်းချုပ်

သုံးသပ်ရေးသားနေသည့်ကာလတွင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဦးတည်ချက်တစ်ခုမှ တစ်ခုသို့ ရွေ့ပြောင်းသွားပြီး ထပ်မံဖြစ်ပေါ်လာသည့်တိုက်ပွဲများကြောင့် မငြိမ်မသက်ဖြစ်နေပါသည်။ ပဋိပက္ခများကို ငြိမ်းချမ်းစွာ အဖြေရှာရန် အဖွဲ့အစည်းအားလုံးကသဘောတူပြီး ပူးပေါင်းဆောင်ရွက်ရန် လိုလားကြခြင်းက ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ပြေလည်သော အခြေအနေသို့ရောက်ရှိစေရေးအတွက် အထောက်အကူဖြစ်စေခဲ့ပါသည်။ အကယ်၍ နှစ်ဖက်လုံးအနေဖြင့် တိုက်ပွဲကြီးများဖြစ်ပွားမှုကို ကြိုတင်တားဆီးကာကွယ်နိုင်မည့် ပဓာနကျသောတောင်းဆိုချက်များကိုသာ တောင်းဆိုကြမည် ဆိုပါလျှင် ပိုမို၍အငြင်းပွားဖွယ်ပြဿနာများရှိသော နိုင်ငံရေးနှင့်စစ်ရေးဆိုင်ရာဆွေးနွေးပွဲများကို ဆက်လက်ကျင်းပ နိုင်ပေမည်။ ငြိမ်းချမ်းရေးအခွင့်ရှည်ပါလျှင် အဆိုပါပြဿနာများကို မဖြစ်မနေပြန်လည်ဖြေရှင်းရမည်ဖြစ်သည်။ နှစ်ဖက်လုံးသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ၏“နောက်ဆုံးမူကြမ်း” နှင့် ပတ်သက်သော ၁၇ လကြာဆွေးနွေးပွဲများတွင် သဘောထားကြီးကြီးဖြင့် ရင့်ကျက်ခဲ့ကြပေသည်။ သို့သော်လည်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းရေးဆွဲသည့်မူကြမ်းကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ မူဝါဒချမှတ် သူများ (ဝါ) တာဝန်ရှိသူများက သဘောတူလက်မှတ်ရေးထိုးခြင်း မရှိသေးပေ။

လက်ရှိကာလတွင် အပြုသဘောဆောင်သော တိုးတက်ဖြစ်ပေါ်မှုများစွာရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း များသည် ဇန်နဝါရီ ၂၀ ရက်မှ ၂၅ ရက်အထိ လော်ခီးလားတိုင်းရင်းသားညီလာခံကို လည်းကောင်း၊ ၂၀၁၄ ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိ လိုင်ဇာတိုင်းရင်းသားညီလာခံကိုလည်းကောင်း ကျင်းပခဲ့ကြသည်။ ၄င်းတို့သည် NCA နှင့်သက်ဆိုင်သောကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့ကြသလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်ဖြစ်ထွန်းမှုကို လိုလားကြကြောင်းလည်း ပြသခဲ့ကြပါသည်။ အစိုးရ၏ မူကြမ်းရေးဆွဲရေး အဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းမှုများသည် စက်တင်ဘာ ၂၂ ရက် အစည်းအဝေးပွဲမတိုင်မီအထိ အဆင်ပြေချောမွေ့နေခဲ့သည်။ သို့သော် အဆိုပါအစည်းအဝေးနေ့တွင်မူ အစိုးရကိုယ်စားလှယ်အဖွဲ့မှ တပ်မတော်သားကိုယ်စားလှယ်များက ယခင်သဘော တူညီချက်များကို ပယ်ချခဲ့ကြသည်။ အညှောင့်ထွက်ပြူခါစ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် တွင် အဖြေထွက်လုနီး အခြေအနေဖြစ်ရာ ယင်းသဘောထားမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပေါ့ပေါ့တန်တန်သဘောထား သည်ကို ပြသလိုက်ခြင်းဖြစ်ကြောင်း များစွာက ရှုမြင်ကြသည်။ ကံကောင်းထောက်မစွာ နှစ်ဖက်ဆွေးနွေးညှိနှိုင်းရေး အဖွဲ့နှစ်ဖွဲ့လုံးမှခေါင်းဆောင်များကဆွေးနွေးပွဲကို အခြေမပျက် ပြန်လည်အသက်ဆက်ပေးနိုင်ခဲ့ကြသည်။ အစိုးရတပ်ဖွဲ့ဝင်များ နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား၊အထူးသဖြင့် ကချင်၊ ကရင်နှင့် ရှမ်းပြည်နယ်တို့တွင် တိုက်ပွဲအချို့ ပေါ်ပေါက်ခဲ့သော်လည်း ၂၀၁၅ နှစ်ဆန်းပိုင်းတွင် အခြေအနေတိုးတက်ကောင်းမွန်ခဲ့သည်။ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့နှစ် ဖွဲ့အနေဖြင့် အလွတ်သဘောနှင့် တရားဝင်ဆွေးနွေးညှိနှိုင်းမှုများစွာပြုလုပ်ခဲ့ရာမှ အခြေအနေများ တစ်စတစ်စတိုးတက် လာခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များသည် နေပြည်တော်တွင်ကျင်းပသည့် လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့အခမ်းအနားများသို့တက်ရောက်ခဲ့ကြသည်။ KNU၊ DKBA ၊ KPC နှင့် RCSS အဖွဲ့တို့က “ငြိမ်း ချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ”တွင် လက်မှတ်ရေးထိုးခဲ့သည်။ အကျိုးဆက်အားဖြင့် ၂၀၁၅ မတ် ၃၁ ရက်တွင် ဆွေးနွေးညှိနှိုင်းရေးအဖွဲ့အနေဖြင့် NCA “နောက်ဆုံးမူကြမ်း”ကို သဘောတူခဲ့ကြသည်။ နောက်ဆက်တွဲ ဖြစ်စဉ်များအရ ယင်းမှာအမှန်စင်စစ်နောက်ဆုံးမူကြမ်းဖြစ်လာမည် မဟုတ်သော်လည်း နှစ်ဖက်လုံးအတွက် လွန်စွာကြီးမားသည့်အောင်မြင်မှုကြီးတစ်ရပ်ဖြစ်ခဲ့ပေသည်။ အလားတူအောင်မြင်မှုမျိုး ယခင်ကမရရှိခဲ့ကြဖူးပေ။ ၄င်းတို့သည် “အချက်ခုနစ်ချက်ပါလမ်းပြမြေပုံ”ကို သဘောတူခဲ့ကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လမ်းကြောင်းမှန်ပေါ် တွင်ရောက်နေပြီဟု လူများစွာကခံစားမိကြသည်။ သို့သော်လည်း တိုင်းရင်းသားအင်အားစုများအကြား ဩဇာအရှိန်အဝါ ရှိသော ပုဂ္ဂိုလ်များက ယင်းမှာအဆိုပြုထားသည့် သဘောတူညီချက်တစ်ရပ်သာဖြစ်ပြီး တိုင်းရင်းသားအဖွဲ့အစည်းများမှ ခေါင်းဆောင်ပိုင်းများ၏ အတည်ပြုချက်လိုအပ်နေသေးကြောင်းနှင့် သဘောတူညီချက်တစ်ရပ်မဟုတ်သေးကြောင်း ထောက်ပြ ပြောဆိုကြသည်။ နောက်ပိုင်းတွင် UWSA နှင့် KIO တို့ ကြီးမှူး၍ UWSA ဌာနချုပ်တွင် ၂၀၁၅ မေ ၁

ရက်မှ ၆ ရက်အထိ ပန်ဆန်းတိုင်းရင်းသားညီလာခံကို ကျင်းပခဲ့သည်။ အဆိုပါညီလာခံသည် လက်ရှိသဘောတူညီချက်တွင် လက်မှတ်ရေးထိုးခြင်းပြု၊ မပြုကဲ့သို့ NCA နှင့်ဆက်စပ်ကိစ္စရပ်များကို အကျေအလည်ဆွေးနွေးရန်ဖြစ်သည်။ သို့သော်လည်း လက်မှတ်ရေးထိုးခြင်းပြု၊ မပြုဟူသောအချက်နှင့်ပတ်သက်၍ သဘောတူညီချက် မရရှိခဲ့ပေ။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကကြီးမှူး၍ KNU ထိန်းချုပ်ထားသည့်ဒေသတွင် ဒုတိယမြောက် လော်ခီးလားညီလာခံကို ကျင်းပခဲ့ကြသည်။ အဆိုပါညီလာခံကို ၂၀၁၅ ဇွန် ၂ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည်။ ၄င်းတို့သည် NCA "နောက်ဆုံးမူကြမ်း"ကို သုံးသပ်ခဲ့ကြပြီး ဖြည့်စွက်ပြင်ဆင်ချက် ၁၃ ချက်လိုအပ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ ယင်းနောက် ၄င်းတို့သည် အစိုးရနှင့်စေ့စပ်ညှိနှိုင်းရေးပြုလုပ်နိုင်ရန်အတွက် "NCA အတွက် EAOS အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့" (EAOs ဝါရင့်ကိုယ်စားလှယ်အဖွဲ့ဟုလည်း ထင်ရှားသည်) ကို ဖွဲ့စည်းခဲ့ပေသည်။

အနုတ်သဘောဆောင်သည့်အချက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရတပ်ဖွဲ့ဝင်များ အကြားတိုက်ပွဲများမကြာခဏပေါ်ပေါက်ခြင်းဖြစ်ပြီး တိုက်ပွဲများဖြစ်ပေါ်မှုနှင့်ပတ်သက်၍ တစ်ဖက်နှင့်တစ်ဖက် အပြစ်တင်ပြောဆိုကြခြင်းဖြစ်သည်။ တိုက်ပွဲအများစုသည် ကချင်၊ ကရင်နှင့် ရှမ်းပြည်နယ်တို့တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် ဇွန်လအထိ ၁၈ လအတွင်း တိုက်ပွဲများလျော့ကျခဲ့သော်လည်း အထူးသဖြင့်ကိုးကန့်ဒေသတွင် ပြည်တွင်းဒုက္ခသည်အရေအတွက် တိုးလာခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ၄င်းတို့၏စခန်းများအပေါ်အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်နေမှုများကို ရပ်တန့်ပေးရန်တောင်းဆိုခဲ့သည်။ ယင်းသို့ထိုးစစ်ဆင်တိုက်ခိုက်မှုများက မိမိတို့ကို ပိုမို၍စိုးရိမ်ပူပန်ရစေပြီး ဆွေးနွေးညှိနှိုင်းရေးအတွက် ခလုတ်ကန်သင်းဖြစ်နေကြောင်းနှင့် ငြိမ်းချမ်းရေးကို အထောက်အကူမပြုသည်မှာ သိသာထင်ရှားပါကြောင်း တိုင်းရင်းသားလက်နက်ကိုင်များက အခိုင်အမာပြောဆိုကြသည်။

သို့သော်လည်း KIA နှင့် ကချင်နယ်စပ်ရေးရာဝန်ကြီးဌာနတို့သည် နှစ်ဖက်ထိပ်တိုက်တွေ့ဆုံမှုများကို လျှော့ချရန်အတွက် "ပဋိပက္ခပူးတွဲဖြေရှင်းရေးကော်မတီ"တစ်ရပ်ကို ထူထောင်နိုင်ခဲ့သည်။ အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားအဖွဲ့ အစည်းများတွင် မြို့ပြ၌ဆက်ဆံရေးရုံးများရှိသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရတပ်ဖွဲ့ဝင်များအကြား ပြဿနာများကိုဖြေရှင်းရာတွင် ထိရောက်မှုမရှိပေ။ အပြန်အလှန်လက်ခံနိုင်သော တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရတို့ လက်မှတ်ရေးထိုးချိန်၌ ထိပ်တိုက်တွေ့ဆုံမှုများကို လျှော့ချနိုင်မည်ဟု မျှော်မှန်းရသည်။ အဆိုပါသဘောတူညီချက်အရ "ပူးတွဲအပစ်အခတ်ရပ်စဲရေးကော်မတီ"တစ်ရပ်ကိုဖွဲ့စည်းကာ ယင်းမှ "စစ်ဘက်ဆိုင်ရာ လိုက်နာရမည့်ကျင့်ထုံး"တစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပြီး ဆန့်ကျင်ဘက်အဖွဲ့အစည်းနှစ်ရပ်အကြား သတ်မှတ်နယ်စည်းမျဉ်းများကို ထူထောင်နိုင်ခဲ့သည်။

၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းမှ စတင်အသက်ဝင်လာသော ပြည်နယ်နှင့်ပြည်ထောင်စုအဆင့် နှစ်ဦးနှစ်ဖက်သဘောတူညီချက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ပြန်လည်ပေါင်းစည်းရန်နှင့် စစ်ဘေးသင့်အသိုက်အဝန်းကိုကူညီရန် ရည်ရွယ်သောအချက်များပါဝင်သည်။ ၄င်းတို့သည် အရေးပါသော အောင်မြင်မှုတစ်ရပ်ကို စတင်ပြုလုပ်ခဲ့ပြီး ငြိမ်းချမ်းရေးသို့ဦးတည်သည့် လှုပ်ရှားဆောင်ရွက်မှုအားလုံးကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သည်။ ၄င်းတို့သည် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ၏ တရားဝင်လုပ်ပိုင်ခွင့်၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ တိုင်းရင်းသားအခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် ပြန်လည်နေရာချထားပေးခြင်းစသောအချက်တို့ကို ဆောင်ရွက်ကြခြင်းဖြစ်သည်။ နိုင်ငံတကာ အသိုက်အဝန်းမှ အထောက်အပံ့များသည် "ငြိမ်းချမ်းရေးရလဒ်ကောင်းများ"ထွက်ပေါ်လာစေရန် ထောက်ပံ့ကူညီပေးသော အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ကြသည်။ သို့သော်လည်းပဋိပက္ခများကို ဆက်လက်ဖြစ်ပေါ်စေသည့် မူလဘူတနိုင်ငံရေး ပြဿနာများအပေါ် လျစ်လျူရှုမှုကို သတိဖြင့်တားဆီးကာကွယ်ရန် မဖြစ်မနေလိုအပ်ပါသည်။ စစ်ဘေးသင့်အသိုက်အဝန်းများ၏ နေ့စဉ်လူမှုဘဝ သိသိသာသာ မြင့်တက်လာခြင်းက တိုးတက်မှုရှိကြောင်းပြသနေခြင်းပင်ဖြစ်ပါသည်။ သို့သော်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီမျှနိုင်ငံရေးအခွင့်အလမ်းများကဲ့သို့ နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မှုမရှိခြင်းကြောင့် အစိုးရ၏ မှန်ကန်စွာဆောင်ရွက်မှုအပေါ် များစွာက အယုံအကြည်ကင်းမဲ့နေကြဆဲဖြစ်ပြီး ၄င်းတို့၏ဒေသများတွင် တိုက်ပွဲများပြန်လည်ဖြစ်ပွားလာမည်ကို စိုးရိမ်နေရပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်

အဓိကတိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်နေလင့်ကစား ကချင်၊ ကရင်နှင့် ရှမ်းပြည်နယ်တို့၌ လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်အားကောင်းနေခြင်းက အကြီးအကျယ်စိုးရိမ်ပူပန်မှုကို ဖြစ်ပေါ်စေပါသည်။ ယင်းကြောင့် သံသယများပွားလာပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ရန်တိုက်တွန်းနေသော အစိုးရ၏ သမာသမတ်ရှိမှုနှင့်ပတ်သက်၍ မေးခွန်းများထွက်ပေါ်လာခဲ့သလို ဝှက်ဖဲတစ်ချပ်ရှိနေနိုင်ကြောင်းကိုလည်း ပြောဆိုလာကြသည်။ မြန်မာစစ်တပ်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်များအား ဖယ်ရှားရှင်းလင်းရေး မူဝါဒကို ပြောင်းလဲခြင်းမရှိသေးသည့်အတွက် အစိုးရကို မယုံကြည်စိတ်များ တိုးပွားလာစေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခြေအနေများဆိုးရွားလာစေကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပြောဆိုကြသည်။ ဆက်လက်ဖြစ်ပေါ်နေသည့် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများနှင့် ဆက်စပ်အကြမ်းဖက်မှုများက ပြည်တွင်းဒုက္ခသည်များကို ထပ်မံတိုးပွားလာစေပြီး မူလရှိနေသည့် ဒုက္ခသည်များကိုလည်း နေရပ်ပြန်ရန် တားဆီးလျက်ရှိပါသည်။ ထို့ပြင် မြန်မာတစ်နိုင်ငံလုံး၏ပြုပြင်ပြောင်းလဲမှုများကို အရှိန်နှေးသွားစေရန် သို့မဟုတ် နောက်ကြောင်းပြန်လှည့်သွားစေရန်ခြိမ်းခြောက်လျက်ရှိပါသည်။ မြန်မာအစိုးရ၏လူ့အခွင့်အရေးမှတ်တမ်းများကိုလည်း နိုင်ငံတကာအသိုက်အဝန်းကဝေဖန်ခဲ့ကြပြီး လူ့အခွင့်အရေးကို လေးစားမြှင့်တင်ရန် တွန်းအားပေးခဲ့ကြသည်။ ဘိန်းထုတ်လုပ်မှုနှင့် မှောင်ခိုကူးမှုပိုမိုတိုးမြင့်လာခြင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ရလဒ်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပြန်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နားလည်ရခက်ခဲပြီး အပြစ်အနာအဆာများလည်း ရှိနေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ကိုအချိန်ကြာမြင့်စေသော အခြေခံနိုင်ငံရေးပြဿနာများကို နားလည်သဘောပေါက်ရန်နှင့် ဖြေရှင်းရန်အတွက် ပိုမို၍ခိုင်မာသောသဘောတူညီချက်တစ်ရပ်ရရှိရန် လိုအပ်ပါသည်။ နိုင်ငံတကာအသိုက်အဝန်းနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာခြင်းနှင့် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်လာခြင်းတို့က မြန်မာနိုင်ငံအား ဆယ်စုနှစ်များစွာကြာပြည်တွင်းစစ်ကြောင့်ဖြစ်ပေါ်ရသော ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားရန်နှင့် နိုင်ငံတကာစံနှုန်းများကို အမီလိုက်ရန် ပိုမိုစိတ်အားထက်သန်လာစေပါသည်။ ကမ္ဘာ့ခေါင်းဆောင်များက မြန်မာနိုင်ငံသို့မကြာခဏလာရောက်လည်ပတ်ကြသကဲ့သို့ အစိုးရအဖွဲ့ခေါင်းဆောင်များနှင့် အတိုက်အခံခေါင်းဆောင်များကလည်း ပြည်ပနိုင်ငံများသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။ အနောက်နိုင်ငံများက ၎င်းတို့ချမှတ်ထားသည့် စီးပွားရေးအရအရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးခဲ့ပြီး ပြုပြင်ပြောင်းလဲမှုများကို ပိုမိုခိုင်မာစေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တွန်းအားပေးရန်အလို့ငှာ ၎င်းတို့၏ “စေ့စပ်ဆောင်ရွက်ရေးမူဝါဒ”ကို စတင်ခဲ့ကြပေသည်။

# ဤအစီရင်ခံစာနှင့်ပတ်သက်၍

Burma News International (www.bnionline.net) သည် ထိုင်းနိုင်ငံနယ်စပ်ဒေသနှင့် မြန်မာပြည်တွင်းအခြေစိုက် မီဒီယာအဖွဲ့အစည်း ၁၃ ဖွဲ့ဖြင့် ပေါင်းစပ်ထားသည့် မီဒီယာကွန်ရက်တစ်ခုဖြစ်ပါသည်။ မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်မှုအဖွဲ့ (MPM) သည် Burma News International (BNI) ၏ ဦးဆောင်ဦးရွက်ပြုမှုအောက်တွင် လှုပ်ရှားနေခြင်းဖြစ်သည်။ ၂၀၁၁ မှ စတင်ဆောင်ရွက်လာသည့် အဖွဲ့၏စီမံကိန်းမှာ အဓိကအားဖြင့် လက်ရှိမြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) တို့အကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စောင့်ကြည့်ရန်ဖြစ်ပြီး ငြိမ်းချမ်းရေးစောင့်ကြည့်မှုအစီရင်ခံစာကို နှစ်စဉ်ထုတ်ဝေလျက်ရှိပါသည်။

လက်ရှိအစီရင်ခံစာသည် လွန်ခဲ့သည့်နှစ်အစီရင်ခံစာဖြစ်သော "မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း- လမ်းညွှန်အကိုးအကား ၂၀၁၄"၏အဆက်ဖြစ်ပါသည်။ အဆိုပါအစီရင်ခံစာများသည် BNI ၏ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်မှုစီမံကိန်း (www.mmpeacemonitor.org တွင်ကြည့်ပါ) နှင့် အတူတူပင်ဖြစ်ပါသည်။ ယခုအစီရင်ခံစာသည် ၂၀၁၄ ခုနှစ်အတွင်း အဓိကတိုးတက်ဖြစ်ပေါ်မှုများကို ဖော်ပြထားခြင်းဖြစ်ပြီး ယခုနှစ်မတ်လအထိ အရေးကြီးသောဖြစ်စဉ်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ရည်ရွယ်ချက်မှာ အင်အားစုများ၏ ရှုပ်ထွေးသောအစိတ်အပိုင်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်နေသော အကြောင်းအရာပြဿနာများကို လည်းကောင်း နားလည်သဘောပေါက်စေရန်ဖြစ်ပါသည်။ အစီရင်ခံစာအနေဖြင့် ရှုပ်ထွေးလှသည့် များစွာသောဆက်ဆံရေးကိစ္စများကို နားလည်စေရန်နှင့်လာမည့်နှစ်အတွက်အမြော်အမြင်ရှိရှိဖြင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အရေးပါသောပုဂ္ဂိုလ်များကို အကူအညီ ပေးရန်ရည်ရွယ်ပါသည်။ ပို၍ကျယ်ကျယ်ပြန့်ပြန့်ပြောရလျှင်လက်ရှိအစီရင်ခံစာသည် ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုက်အဝန်းနှင့် မီဒီယာတို့အား မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းတို့တွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရေး အကူအညီပေးရန်ဖြစ်ပါသည်။

အခန်းအလိုက်ပါဝင်သည့်အကြောင်းအရာများ

- I သုံးသပ်နေသည့်ကာလ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မည်သို့ဖြစ်တည်နေသနည်း
- II ငြိမ်းချမ်းရေးစီမံကိန်းများ၊ ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းစဉ်နှင့် စိန်ခေါ်မှုများ
- III ခိုင်မာသည့်ငြိမ်းချမ်းရေးအတွက် ဆက်လက်ကြိုးပမ်းမှုများ
- IV ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများ၏ပါဝင်မှု
- V နိုင်ငံတကာဆောင်ရွက်ပေးသူများ၏ အခန်းကဏ္ဍ
- VI ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လွှမ်းမိုးနေသောအချက်များ
- VII နောက်ဆုံးရသတင်းအချက်အလက်များ (ဇန်နဝါရီ - ဇွန်၊ ၂၀၁၅)
- VIII တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အတ္ထုပ္ပတ္တိများ

သုံးသပ်ရေးသားသည့်ကာလတစ်လျှောက် မြန်မာငြိမ်းချမ်းရေးစောင့်ကြည့်မှုအဖွဲ့သည် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ဆက်စပ် သတင်းအချက်အလက်များကို စနစ်တကျစုဆောင်းထားရှိပြီး ထပ်လောင်း၍ ဤအစီရင်ခံစာကို ထုတ်ပြန်ရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသည့် အင်အားစုများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ မူးယစ်ဆေးဝါးကုန်သွယ်မှု၊ လူ့အခွင့်အရေးအလွဲသုံးမှုကဲ့သို့ အကြောင်းအရာများနှင့် ဆက်စပ်အစီရင်ခံစာများကိုစုစည်းထားပြီး ပြန်လည်ရည်ညွှန်းကိုးကားခဲ့ပါသည်။

ယခုအစီရင်ခံစာသည် အစိုးရအမှုထမ်း၊ အရာထမ်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ၊ မြန်မာပြည်သူပြည်သားများ၊ NGOs ၊ INGOs ၊ အလှူရှင်များနှင့် နိုင်ငံတကာအသိုက်အဝန်းမှ စာဖတ်သူများအတွက် ရည်ရွယ်ပါ

သည်။ အစီရင်ခံစာ၏ရည်ရွယ်ချက်မှာ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် စိန်ခေါ်မှုများကို ပိုမိုကျယ်ပြန့်စွာ နားလည်သဘောပေါက်စေရန် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်အတွင်းက ဖြစ်စဉ်များအပေါ်တွင် အဓိကထားရေးသားထားသည်ဆိုသော်လည်း ၂၀၁၅ ခုနှစ်အတွင်း လုပ်ငန်းစဉ်များကိုလည်း အနည်းငယ်တို့ထိရေးသားထားပါသည်။ ဗဟိုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့များဖွဲ့၍ အစွမ်းကုန်ကြိုးစားခဲ့သော်လည်း ၂၀၁၄ ခုနှစ်အတွင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမရှိပေ။ ၂၀၁၅ တွင် အစိုးရကို ကိုယ်စားပြုသည့် UPWC နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ကိုယ်စားပြုသည့် NCCT တို့က မတ် ၁၇ ရက်မှ ၂၂ ရက်အထိလည်းကောင်း၊ ၃၀ ရက်မှ ၃၁ ရက်အထိလည်းကောင်း ၄င်းတို့၏ ခုနစ်ကြိမ်မြောက် တရားဝင်အစည်းအဝေးပွဲကို ကျင်းပခဲ့ခြင်းကြောင့် မျှော်လင့်ချက်ရောင်ခြည်များ တစ်ဖန်ပြန်သန်းလာခဲ့သည်။ ၄င်းတို့သည် ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် ၂၀၁၄ အတွင်းက သဘောတူညီချက်မရရှိခဲ့သည့် "အချက်ခုနစ်ချက်ပါ လမ်းပြမြေပုံ"တစ်ရပ်ကို ထူထောင်ခြင်းအပါအဝင် အရေးပါသောအချက်များစွာကို သဘောတူခဲ့ကြသည်။ NCCT နှင့် UPWCမှ ကိုယ်စားလှယ်များသည် မတ် ၃၁ ရက်တွင် NCA နောက်ဆုံးမူကြမ်းကို သမ္မတဦးသိန်းစိန်ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းမှာတိုင်းပြည်၏ နိုင်ငံရေးပြဿနာများကို ဖြေရှင်းရာတွင် တိုးတက်မှုဆီသို့ ဦးတည်ခေါ်ဆောင်သွားနိုင်မည့် နိုင်ငံရေးဆွေးနွေးပွဲအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ပင်ဖြစ်ပါသည်။

## ကျွန်ုပ်တို့အကြောင်း

မြန်မာနိုင်ငံတွင် လက်ရှိလုပ်ဆောင်နေကြသော ငြိမ်းချမ်းရေး ဖြစ်စဉ်များနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းများကို ပိုမိုနားလည်နိုင်စေရန်နှင့် ချိတ်ဆက်လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ပြီး နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့မှ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် စောင့်ကြည့်ရေးစီမံချက်ကို လုပ်ဆောင်နေသည်။ ရှုပ်ထွေးပွေလီလှပြီး၊ အဆင့်ကဏ္ဍများစွာ ပါဝင်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် တိုက်ရိုက်ပတ်သက်နေသောအကြောင်းအရာများ၊ အဖြစ်အပျက်များ၊ အရေးပါသည့် လူပုဂ္ဂိုလ်များ၊ ငြိမ်းချမ်းရေးဖြစ်စဉ် သတင်း၊ ဦးတည်ချက်၊ လားရာ စသည်တို့ကို သေချာဂဏစွာ နားလည်သဘောပေါက် စေရန် စုစည်းထားပေးရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် စောင့်ကြည့်ရေးဝက်ဘ်ဆိုက် (www.mmpeacemonitor.org) တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သော နောက်ဆုံးရသတင်းများကို ပုံမှန်လွှင့်တင်လျက်ရှိနေပါသည်။ စာဖတ်သူ အနေဖြင့် နောက်ဆုံးရသတင်းများနှင့် အချက်အလက်များကို စိတ်ဝင်စားပြီးရယူလိုပါက၊ www.mmpeacemonitor.org တွင် အဖွဲ့ဝင်ထားပြီးရယူနိုင်ပါသည်။

သတင်းအချက်အလက်များ ရယူခြင်း၊ အကြံဉာဏ်များ ပေးခြင်း၊ သတင်းအချက်အလက်များကို မျှဝေပေးမည် ဆိုပါက info@mmpeacemonitor.org ကို ဆက်သွယ်နိုင်ပါသည်။


BNI English | BNI Burmese
Myanmar Peace Monitor
Search
HOME
BACKGROUND
PEACE PROCESS
CONFLICT
STAKEHOLDERS
RESEARCH
ABOUT US
Peace Monitoring Dashboard - August
ARMED CLASHES
Armed clashes between govt and resistance forces:
-
COMMUNAL CLASHES
Communal clashes between Buddhists and Muslims:
-
PEACE MEETINGS
between govt and resistance forces:
- KNU, DKBA, KPC, RCSS - UPWC (3 Aug)
SCHEDULED
Projected to meet in the month:
- NCCT
- KNU
- RCSS
- KIO
PEACE RELATED ACTIVITIES
- Ms Yang Hee Lee visits Myanmar (03 Jul)
- KNU, DKBA, KPC and RCSS leaders met president Thein Sein in Naypyitaw (03 Jul)
- Some Ethnic armed groups urged President Thein Sein to serve for second term (03 Jul)
INTERNATIONAL AID PLEDGES
-
CONFLICT ALERT
- Military tension is high between Myanmar armed forces and UWSA
# ARMED GROUP STATUS
1 UWSA/P Union level
2 NDAA Union level
3 DKBA-5 Union level
4 RCSS Union level
5 CNF Union level
6 KNU Union level
7 SSPP Union level
8 NMSP Union level
9 KPC State level
10 KNPP Union level
11 ALP/A State level
12 NSCN-K State level
13 PNLO Union level
14 ABSDF Union Level
AA Combatant
KIA Combatant
TNLA Combatant
MNDAA Combatant
Peace Monitoring Dashboard - July
Tweets
Follow
News Updates @mmpeacemonitor 3h
Australia sends aid for Myanmar floods | SBS News
sbs.com.au/news/article/2...
News Updates @mmpeacemonitor 4h
Police captured 1.5 million pills of methamphetamine in Yangon
burmese.voanews.com/content/lots
Show Summary
News Updates @mmpeacemonitor 5h
Norway provides NOK 10 million to assist flood victims in Myanmar
regjeringen.no/en/aktuelt/nor...
News Updates @mmpeacemonitor 5h
Deciphering Myanmar's Peace Process 2014 (Burmese Version)
Deciphering Myanmar's Peace Process 2014 (English Version)
Economics of Peace and Conflict (English Version)
Economics of Peace and Conflict (Burmese Version)
Deciphering Myanmar's Peace Process 2014 (Burmese Version)
Deciphering Myanmar's Peace Process 2013 (English Version)

## နိုင်ငံတကာ မြန်မာ့သတင်း အဖွဲ့ဝင်များ၏ ဝက်ဘ်ဆိုဒ်လိပ်စာများ

နရဉ္စရာ သတင်းဌာန
www.narinjara.com

လွတ်လပ်သော မွန်သတင်း အေဂျင်စီ
www.monnews.org

ကချင် သတင်းဌာန
www.kachinnews.com

ကုလားတန် သတင်းကွန်ရက်
www.kaladanpress.org

ကန္တာရဝတီ တိုင်း(မ်)
www.ktimes.org

ကရင်သတင်းဌာန
www.karennews.org

ခိုနုမ်ထုန် ချင်းသတင်းဌာန
www.khonumthung.org

မဇ္ဈိမ သတင်းဌာန
www.mizzima.com

သတင်းနှင့် မီဒီယာ ကွန်ရက်
www.nmg-news.com

ဖြူဟသာ သတင်းဌာန
www.burmese.phophtawnews.org

ရှမ်းသံတော်ဆင့် သတင်းဌာန
www.english.panglong.org

သံလွင်တိုင်းမ် ဂျာနယ်
www.thanlwintimes.org

## နိဒါန်း
## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အတွက် ငြိမ်းချမ်းရေးလမ်းပြမြေပုံသစ်

ယခုကာလသည် ၂၀၁၁ ခုနှစ်အတွင်း သမ္မတဦးသိန်းစိန်တာဝန်ယူချိန်မှစတင်၍ အစပျိုးလာခဲ့သော ဒီမိုကရေစီအသွင်ကူးသည့် လေးနှစ်မြောက်ကာလဖြစ်သည်။ ၂၀၁၁ ခုနှစ်မှစ၍ လက်ရှိအချိန်အထိလည်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ပြုလုပ်နေဆဲပင်ဖြစ်သည်။ သမ္မတတာဝန်စတင်ထမ်းဆောင်ချိန်တွင် ဦးသိန်းစိန်သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအား အပစ်အခတ်ရပ်စဲရေးဆွေးနွေးရန် ကမ်းလှမ်းခြင်းတည်း ဟူသော ပြုပြင်ပြောင်းလဲမှုဖြင့် ကနဦးလန့်ကာဖွင့်ခဲ့သည်။ အစိုးရအဖွဲ့၏ ဖြောင့်မတ်မှန်ကန်မှုနှင့်ပတ်သက်၍ ဝေဖန်မှုများနှင့် သံသယများ ကျယ်ကျယ်ပြန့်ပြန့်ရှိနေခဲ့သော်လည်း သမ္မတဦးသိန်းစိန်နှင့် သူ၏အစိုးရအဖွဲ့က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့သည့်အပြင် အဆိုပါလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုသည်အထိ စွမ်းဆောင်နိုင်ခဲ့သည်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဆွေးနွေးပွဲသို့ ဖိတ်ခေါ်ခဲ့ခြင်းမရှိသော်လည်း ၂၀၁၁ ခုနှစ်မှ လက်ရှိအချိန်အထိ လက်နက်ကိုင်အဖွဲ့အစည်း ၁၄ ဖွဲ့နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် သို့မဟုတ် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူလက်မှတ်များရေးထိုးနိုင်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းကော်မတီ (UPWC) နှင့် နိုင်ငံတစ်ဝန်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (NCCT) တို့သည် မူတစ်မူတည်းအပစ်အခတ်ရပ်စဲရေး နောက်ဆုံးသဘောတူညီချက်ရရှိရန် လွန်ခဲ့သည့်နှစ်တစ်နှစ်လုံး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည်။ တိကျခိုင်မာသော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ခုရရှိရေးအတွက်မူ လက်ရှိအချိန်အထိ ဆောင်ရွက်နေဆဲသာ ဖြစ်သည်။

၂၀၁၄ ခုနှစ်သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ ပဋိပက္ခများ၊ ဆန္ဒပြပွဲများ၊ မြန်မာအစိုးရပြုလုပ်သည့် နိုင်ငံတကာစေ့စပ်ညှိနှိုင်းမှုများဖြင့် ထူးခြားဖြစ်စဉ်များစွာရှိခဲ့သည့်နှစ်တစ်နှစ်ပင်ဖြစ်သည်။ တစ်မူတည်းအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အတွက် လေးကြိမ်မြောက်မူကြမ်းပေါ်ပေါက်လာခြင်းက ထင်ရှားသော အောင်မြင်မှုတစ်ရပ်ဖြစ်ခဲ့သည်။ အဆိုပါနှစ်တွင်ပင် ကရင်ပြည်နယ်ရှိ လော်ခီးလားတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဆိုင်ရာ ညီလာခံတစ်ခုကို ဖွင့်လှစ်ခဲ့သည်။ အဆိုပါညီလာခံကြောင့် နှစ် ၆၀ ကျော်ကြာမြင့်နေသည့် ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်တော့မည်ဟု မျှော်လင့်ချက်များမြင့်တက်လာခဲ့သည်။ ယင်းသို့မျှော်လင့်နေကြသော်လည်း အဆိုပါနှစ် ဒုတိယခြောက်လကာလအတွင်း မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား ထိပ်တိုက်တွေ့ဆုံမှု များစွာဖြစ်ပေါ်ခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများ (IDPs) အရေအတွက် တစ်ဟုန်ထိုးမြင့်တက်လာခဲ့ပြီး တိုင်းရင်းသားများနေထိုင်ရာဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏အနောက်ပိုင်းဒေသ၌ ပဋိပက္ခကြီးကြီးမားမားမရှိဘဲ ငြိမ်သက်နေခဲ့သည်။ သို့သော် နိုင်ငံ၏အရှေ့ပိုင်းရှိ ကချင်၊ ရှမ်း၊ ကရင်နှင့် မွန်ပြည်တို့တွင်မူ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကိုခြိမ်းခြောက်လာသည့် စီမံကိန်းကြီးများမှ တစ်ဆင့် ပြဿနာများနှင့် တိုက်ပွဲများစွာပေါ်ပေါက်ခဲ့ပြီး အဆိုပါစီမံကိန်းကြီးများကိုကန့်ကွက်သည့် ဆန္ဒပြပွဲများ၊

ပိုမိုတိုးလာသည့် (IDPs)၊ လူ့အခွင့်အရေး ဆက်လက်ချိုးဖောက်ခံနေရမှုများနှင့် မူးယစ်ဆေးဝါးနှင့်ဆက်စပ် ပြဿနာများ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၄ ခုနှစ်သည်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက လော်ခီးလားနှင့်လိုင်ဇာညီလာခံများ ကျင်းပနိုင်ခြင်းကဲ့သို့ သမိုင်းဝင်အောင်မြင်မှုမှတ်တိုင်အချို့ရှိခဲ့သောနှစ်ဖြစ်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်(NCA) ချုပ်ဆိုရန်အတွက် အစိုးရဘက်မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းနိုင်ရန် လော်ခီးလားနှင့် လိုင်ဇာညီလာခံတို့မှတစ်ဆင့် NCCT အတွက် အရေးပါသော လမ်းညွှန်ချက်များကို ထုတ်ပေးနိုင်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး တစ်မူတည်းသဘောတူညီချက် မူကြမ်းရေးဆွဲရာတွင် ပါဝင်ခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုအဆင့်မြှင့်တင်ရန် ကြိုးပမ်းခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အချို့ကနိုင်ငံရေးဆွေးနွေးပွဲများမပြုလုပ်မီ NCA ကို လက်မှတ်ထိုးလိုကြသည့်အတွက် NCA တွင် လက်မှတ်မထိုးမီ အစိုးရနှင့်ဆွေးနွေးခြင်းပြု၊ မပြုနှင့်ပတ်သက်၍ လက်နက်ကိုင်အဖွဲ့အစည်းများအကြား သဘောထားကွဲလွဲခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အချို့ကမူ NCA တွင် လက်မှတ်မထိုးမီ ဖက်ဒရယ်မူဝါဒနှင့် ပတ်သက်၍ ဆွေးနွေးမည့်အကြောင်း အာမခံချက်ရရှိလိုကြသည်။ NCA ၏ သုံးကြိမ်မြောက်ဆွေးနွေးပွဲကာလက သဘောတူထားခဲ့သော “ဖက်ဒရယ်အရေးကို အဓိကထားဆွေးနွေးရန်” ဟူသောအချက်ကို တပ်မတော်ကိုယ်စားလှယ်များက ပယ်ချခဲ့ရာ ယင်းက NCCT နှင့် UPWC တို့အကြား ခြောက်ကြိမ်မြောက်ဆွေးနွေးပွဲတွင် အဓိကပြဿနာ ဖြစ်လာခဲ့သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် များစွာတိုးတက်ခဲ့သော်လည်း UNFC အဖွဲ့ဝင်အဖြစ်မှ KNU အဖွဲ့က ယာယီဆိုင်းငံ့နေလိုက်ခြင်းက အငြင်းပွားဖွယ်ကိစ္စတစ်ရပ်ဖြစ်လာခဲ့ပြီး ယင်းက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ စည်းလုံးမှုကို မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။ တိုင်းရင်းသားမဟာမိတ်များနှင့် စည်းလုံးမှုမရှိခဲ့ဘဲထွက်ခွာခဲ့သည့် KNU ကို လူများစွာက ဝေဖန်ခဲ့ကြပြီး ယင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း ရိုက်ခတ်စေခဲ့သည်။ မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကလည်း NCA တွင် လက်မှတ်ထိုးရန် ကြန့်ကြာနေသည့် UNFC ကို ဝေဖန်ပြောဆိုမှုများ ပြုလုပ်ခဲ့သည်။ မြန်မာ့တပ်မတော်ကပစ်ခတ်ခဲ့သည့် အမြောက်ဆန်က KIA အဖွဲ့၏ ဗိုလ်လောင်းသင်တန်းကျောင်းသို့ ကျရောက်ခဲ့ရာ များစွာအသက်ဆုံးရှုံးခဲ့ရပြီး ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းအတွက် ဝမ်းနည်းဖွယ်ရာဖြစ်ခဲ့သည်။ အဆိုပါ အမြောက်ဆန်ကျရောက်မှုကြောင့် KIA နှင့် မြန်မာတပ်မတော်အကြား တိုက်ပွဲများထပ်မံဖြစ်ပွားခဲ့သည်။

ယခုအစီရင်ခံ၏ပထမပိုင်းသည် လွန်ခဲ့သည့်နှစ်အတွင်း အရေးကြီးသည့်ဖြစ်စဉ်များကို သုံးသပ်ထားခြင်းဖြစ်ပြီးအပြုသဘောဆောင်သော တိုးတက်မှုများနှင့် အချို့သောဆောင်ရွက်ဆဲအခြေအနေများကို မီးမောင်းထိုးတင်ပြ ထားပါသည်။ အပြုသဘောဆောင်သောတိုးတက်မှုများအနေဖြင့် နှစ်ဖက်အဖွဲ့အစည်းများအကြား ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများ တိုးတက်လာပါသည်။ ဥပမာအားဖြင့် EAOs နှင့် အစိုးရအကြား ငြိမ်းချမ်းရေးကြားဝင်စေ့စပ်ပေးသူများ မလိုအပ်တော့ခြင်းနှင့် နှစ်ဦးနှစ်ဖက်အကြား (တရားဝင်/အလွတ်သဘော) တွေ့ဆုံဆွေးနွေးမှုများ မကြာခဏပေါ်ပေါက်လာခြင်းတို့ ဖြစ်ပါသည်။ အပစ်အခတ်ရပ်စဲသည့် အကျိုးရလဒ်တစ်ခုအနေဖြင့် နိုင်ငံ၏အနောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသရှိ အချို့သောအစိတ်အပိုင်းများတွင် လူ့အခွင့်အရေးချိုး ဖောက်ခံရမှုလျော့ကျလာခြင်း၊ လူအများ ပိုမိုလွတ်လပ်စွာဖြင့် စိတ်ချမ်းမြေ့စွာလှုပ်ရှားသွားလာ၍ စီးပွားရေးလုပ်နိုင်လာကြခြင်း၊ တရားဝင်နယ်စပ်ဖြတ်သန်းရေးလမ်းကြောင်းများကို ပိုမိုဖွင့်လှစ်ပေးခြင်း၊ ဆက်ဆံရေးရုံးများ ပိုမိုထားရှိလာခြင်း စသောအခြေအနေများကို တွေ့ရကြောင်း မြေပြင်လက်တွေ့အခြေအနေအစီရင်ခံစာများတွင် ဖော်ပြကြပါသည်။

အနုတ်သဘောဆောင်သည့်ဘက်တွင်မူ လက်နက်ကိုင်ပဋိပက္ခအခြေအနေ၌ ပိုမိုတိုးတက်ကောင်းမွန်လာခြင်း မရှိဘဲ KIA၊ TLNA အဖွဲ့တို့နှင့် တိုက်ပွဲဖြစ်ပွားမှု ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ပြီး အထူးသဖြင့် ရှမ်းပြည်နယ်တွင် RCSS အဖွဲ့နှင့် SSPP အဖွဲ့၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် DKBA အဖွဲ့စသောအဖွဲ့များနှင့် မြန်မာတပ်မတော်အကြားတိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်း လူမျိုးရေးနှင့် ဘာသာရေးအကြမ်းဖက်မှုဖြစ်စဉ်များ ကြီးကြီးမားမား မရှိခဲ့သော်လည်း မွတ်စလင်ဆန့်ကျင်ရေးလှုပ်ရှားမှုများက ရှိနေဆဲပင်ဖြစ်သည်။ အထင်ရှားဆုံးမှာ ဘာသာကွဲနှင့် အိမ်ထောင်ပြုခြင်းနှင့်

ဘာသာကူးပြောင်းခြင်းများကိုတားမြစ်သည့် မျိုးစောင့်ဥပဒေမူကြမ်းကို ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက ပါလီမန်သို့ တင်သွင်းခြင်းဖြစ်သည်။ ဘာသာအယူဝါဒမတူသည့် အသိုက်အဝန်းများအကြား ဘာသာရေးအကြမ်းဖက်မှုများနှင့် တင်းမာမှုများက မြန်မာနိုင်ငံတွင် အခြားသောပဋိပက္ခတစ်မျိုး ပေါ်ပေါက်လာရန် ခြိမ်းခြောက်လျက်ရှိပြီး ရေရှည်တွင် ဖြေရှင်းရန်ခက်ခဲလာပေလိမ့်မည်။ နိုင်ငံတစ်ဝန်းလုံးတွင် ဗုဒ္ဓဘာသာအစွန်းရောက်ဝါဒများပြန့်နှံ့လျက်ရှိပြီး တစ်ချိန်တည်း၌ပင် မြန်မာ့မွတ်စလင်များ၏ စစ်သွေးကြွစိတ်များကလည်း မြင့်တက်လာခဲ့သည်။ အယ်လ်ကေးဒါး အကြမ်းဖက်ခေါင်းဆောင် အယ်လ်ဇာဝါဟီရီက အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့အပေါ် အဓိကပစ်မှတ်ထား၍ အိန္ဒိယတိုက်ငယ်တွင် အဖွဲ့ခွဲတစ်ခုကို အသစ်ဖွဲ့စည်းထူထောင်လိုက်ကြောင်း ကြေညာခဲ့သည်။

ယခုအစီရင်ခံစာ၏ ဒုတိယပိုင်းသည် မူတစ်မူတည်းသဘောတူညီချက်ကိုလည်းကောင်း၊ NCCT နှင့် UPWC တို့အကြား ရှေ့မတိုးသာနောက်မဆုတ်သာဖြစ်နေသည့် ဆွေးနွေးမှုများကို လည်းကောင်းစေ့စေ့စပ်စပ်သေချာစွာ သုံးသပ်ထားခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဖြစ်စဉ်များ၏အချိန်ကာလ၊ အရေးပါသောပုဂ္ဂိုလ်များ၏ နောက်ခံသမိုင်းကြောင်း၊ ဆွေးနွေးပွဲလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းချက်၊ တပ်မတော်သားကိုယ်စားလှယ်များက ပယ်ချသည့်အချက်များနှင့် ဆွေးနွေးသည့် ကိစ္စရပ်များစသည်တို့ပါဝင်ပါသည်။ ထို့ပြင် ဒုတိယပိုင်းတွင် NCA လက်မှတ်ရေးထိုးခြင်းနှင့်ဆက်စပ် အမျိုးမျိုးသောတောင်းဆိုချက်များကိုလည်း ရှင်းပြထားပါသည်။

တတိယပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဆက်စပ်ကြိုးပမ်းဆောင်ရွက်နေမှုများကို ဖော်ပြထားပါသည်။ ထို့ပြင် ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ထောက်ခံအားပေးမှု၊ မိမိတို့လိုလားသည့်အစိုးရကို ရွေးချယ်တင်မြှောက်မှု၊ ဆက်ဆံရေးရုံးသစ်များဖွင့်လှစ်မှု၊ အပစ်အခတ်ရပ်စဲသည့်အဖွဲ့အစည်းများအတွက်စီးပွားရေးအခွင့်အလမ်းများနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလှုပ်ရှားမှုများ တတိယပိုင်းတွင် ပါဝင်ပါသည်။ ထပ်လောင်း၍ ဆုံးဖြတ်ချက်ချရသည့် အဆင့်၌ ငြိမ်းချမ်းရေးသဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသော၊ ဒေသခံပြည်သူများ၏ ရင်တွင်းစကားများကို ကိုယ်စားပြုတင်ပြပေးသော CBOs နှင့် CSOs တို့၏ အခန်းကဏ္ဍကို အကျဉ်းချုပ်ရှင်းပြထားပါသည်။

စတုတ္ထပိုင်းတွင် ငြိမ်းချမ်းရေးသို့ဦးတည်သော အပြုသဘောဆောင်သည့် မြန်မာနိုင်ငံ၏တိုးတက်မှုကို အားပေးကူညီသည့် နိုင်ငံတကာအသိုက်အဝန်း၏အခန်းကဏ္ဍနှင့် လုပ်ဆောင်ချက်များကို ရှင်းပြထားပါသည်။ အပစ်အခတ်ရပ်စဲရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် မူဝါဒချမှတ်ရေးဆွဲခြင်းတို့ကို ပိုမိုမြန်ဆန်၍ တွင်ကျယ်စေရန် ပြည်ပအထောက်အပံ့နှင့်အကူအညီများက လွန်စွာမှအရေးပါလျက်ရှိပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ ပြည်ပမှစောင့်ကြည့်လေ့လာသူများ တက်ရောက်လာခြင်းကလည်း သဘောတူညီချက်များကို ပိုမိုအကျိုးရှိ၍ ပိုမိုခိုင်မာစေရန် အရေးပါလှပါသည်။ သုံးပွင့်ဆိုင်ဆက်ဆံရေးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မည်သို့မည်ပုံပါဝင်လှုပ်ရှားနေသည်ကိုလည်း ဖော်ပြထားပါသည်။

နိဂုံးချုပ်ပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အောင်မြင်မှု သို့မဟုတ် အနှောက်အယှက် အဟန့်အတားများကို တွက်ချက်သုံးသပ်ထားသော အချက်အလက်များကို အစီအစဉ်အလိုက်တင်ပြထားပါသည်။ နိဂုံးချုပ်အပိုင်းသည် ပါဝင်ပတ်သက်လျက်ရှိသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏အတ္ထုပ္ပတ္တိများကို ပြုစုရေးသားထားခြင်းဖြစ်ပါသည်။

ကြီးမားသောစိန်ခေါ်မှုများက တိုင်းပြည်အတွက်အကြပ်အတည်းဖြစ်စေသော်လည်း အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား မျှော်လင့်ချက်များနှင့် အာမခံချက်များရရှိလာပေသည်။ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် စစ်၏အကျိုးသက်ရောက်မှုများကို သိမြင်သဘောပေါက်ကြပြီးဖြစ်ရာ ရေရှည်တည်တံ့ခိုင်မာသည့်ငြိမ်းချမ်းရေးရရှိစေရန်အတွက် နိုင်ငံရေးအရ ဆွေးနွေးရန်နှင့် ယုံကြည်မှုတည်ဆောက်ရန် နိုင်ငံရေးစားပွဲဝိုင်းတွင်ဆွေးနွေးခြင်းကို ပိုမိုလိုလားကြသည်။ အကယ်၍နှစ်ဖက်လုံးမှခေါင်းဆောင်များအနေဖြင့် သဘောတူညီနိုင်ပြီးနောက် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းတို့တွင် ပါဝင်ရန်ဆန္ဒရှိကြသည်ဆိုပါလျှင် မြန်မာ ပြည်သူပြည်သားများအားလုံးအနေဖြင့် အတိတ်ပြာပုံထဲမှရုန်းထကာ သစ်လွင်သောဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ကြမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

## တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) ၏ အခြေအနေ

နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်နေသော ပြည်တွင်းစစ်မီးကိုအဆုံးသတ်ရန်ရည်ရွယ်သည့် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် လေးနှစ်တာကာလအတွင်း အခြေအနေပိုမိုတိုးတက်ကောင်းမွန်လာသည်။ ၂၀၁၁ ခုနှစ်အတွင်း သမ္မတကြီးဦးသိန်းစိန် မျိုးစေ့ချပျိုးထောင်ပေးခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အလျင်အမြန်တိုးတက်ခဲ့ရာ ပြည်ပမှ များစွာသောစောင့်ကြည့်လေ့လာသူများကို အံ့အားသင့်စေခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) ကိုကိုယ်စားပြုသည့် NCCT နှင့် UPWC ၏ လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ဖြစ်သည့် MPC တို့သည် အဆိုပါနှစ်ကာလ အပိုင်းအခြားအတွင်းတရားဝင်သာမက အလွတ်သဘောအစည်းအဝေးပွဲများစွာကိုလည်း ကျင်းပခဲ့ကြသည်။ အဆိုပါအစည်း အဝေးပွဲများမှ နိုင်ငံတစ်ဝန်းအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း အဆုံးသတ်အခြေအနေသို့ ရောက်ရှိသည်အထိ ရလဒ်ကောင်းများ ထွက်ပေါ်ခဲ့သည်။ သို့သော်လည်း အစိုးရနှင့် EAOs ကြား အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုများက ကောင်းတစ်ခါဆိုးတစ်လှည့် ဖြစ်နေခဲ့သည်။

တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့သော်လည်း အစိုးရကသာမကစာချုပ်တွင်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကပါ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကျိုးပေါက်သည်ဟု ထုတ်ပြန်ကြေညာခြင်းမျိုးမရှိရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် အသက်ဝင်နေသေးသည်ဟု ယူဆရပေသည်။ သမ္မတဦးသိန်းစိန်၏ တောင်း ဆိုမှုဖြင့် ဆွေးနွေးပွဲများကျင်းပချိန်မှစတင်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်နက်ကိုင်အဖွဲ့အစည်း ၁၄ ဖွဲ့က လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ ကချင်နှင့်ရှမ်းပြည်နယ်တို့တွင် တိုက်ပွဲများ မကြာခဏဖြစ်ပွားသော်လည်း အစိုးရအနေဖြင့် လက်ရှိပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ဆက်လက်ထိန်းထားနိုင်ရန်အလို့ငှာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကိုပြန်လည်ထူထောင်နိုင်ရေး KIA၊ TLNA၊ SSPP အဖွဲ့တို့နှင့်ဆက်လက်ဆွေးနွေးပြောဆိုမှုများ ပြုလုပ်ခဲ့သည်။ ကချင်ပြည်နယ် နယ်စပ်ရေးရာဝန်ကြီးနှင့် KIO၏ နည်းပညာအကူအညီပေးရေးအဖွဲ့တို့က ကချင်ပြည်နယ်တွင် လက်နက် ကိုင်ပဋိပက္ခများ လျှော့ချရေးအတွက် ပဋိပက္ခဖြေရှင်းရေးပူးတွဲကော်မတီ (JCRC) တစ်ရပ်ကို ထူထောင်ခဲ့သည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်း လက်နက်ကိုင် ၁၄ ဖွဲ့နှင့်အစိုးရအကြား သဘောတူညီချက်မှလွဲ၍ ၂၀၁၄ ခုနှစ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထပ်မံ၍ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း မရှိခဲ့ပေ။ ထို့ပြင် KIA၊ TLNA၊ MNDAA နှင့် AA (ကချင်ပြည်နယ်အခြေစိုက်) အဖွဲ့တို့သည် လက်နက်ကိုင် တိုက်ပွဲများတွင် ပါဝင်နေကြဆဲဖြစ်သည်။

ဇယား (၁) ၂၀၁၄ ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) များနှင့် သဘောတူညီမှုအခြေအနေ

| စဉ် | အဖွဲ့ | သဘောတူညီမှုအဆင့် | အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးသည့်နေ့စွဲ |
|---|---|---|---|
| ၁။ | UWSA/P | ပြည်ထောင်စုအဆင့် | ၆ ရက်၊ စက်တင်ဘာ၊ ၂၀၁၁ |
| ၂။ | NDAA | ပြည်ထောင်စုအဆင့် | ၇ ရက်၊ စက်တင်ဘာ၊ ၂၀၁၁ |
| ၃။ | DKBA | ပြည်ထောင်စုအဆင့် | ၃ ရက်၊ နိုဝင်ဘာ၊ ၂၀၁၁ |
| ၄။ | RCSS/QA | ပြည်ထောင်စုအဆင့် | ၂ ရက်၊ ဒီဇင်ဘာ၊ ၂၀၁၁ |
| ၅။ | CNF | ပြည်ထောင်စုအဆင့် | ၆ ရက်၊ ဇန်နဝါရီ၊ ၂၀၁၁ |
| ၆။ | KNU | ပြည်ထောင်စုအဆင့် | ၁၂ ရက်၊ ဇန်နဝါရီ၊ ၂၀၁၂ |
| ၇။ | SSPP/QA | ပြည်ထောင်စုအဆင့် | ၂၈ ရက်၊ ဇန်နဝါရီ၊ ၂၀၁၂ |
| ၈။ | KNPP | ပြည်ထောင်စုအဆင့် | ၇ ရက်၊ မတ်၊ ၂၀၁၂ |
| ၉။ | NMSP | ပြည်ထောင်စုအဆင့် | ၁ ရက်၊ ဖေဖော်ဝါရီ၊ ၂၀၁၂ |
| ၁၀။ | PNLO | ပြည်ထောင်စုအဆင့် | ၂၅ ရက်၊ ဩဂုတ်၊ ၂၀၁၂ |
| ၁၁။ | ABSDF | ပြည်ထောင်စုအဆင့် | ၅ ရက်၊ ဩဂုတ်၊ ၂၀၁၃ |
| ၁၂။ | KPC | ပြည်နယ်အဆင့် | ၇ ရက်၊ ဖေဖော်ဝါရီ၊ ၂၀၁၂ |
| ၁၃။ | ALP/A | ပြည်နယ်အဆင့် | ၅ ရက်၊ ဧပြီ၊ ၂၀၁၂ |
| ၁၄။ | NSCN-K | ပြည်နယ်အဆင့် | ၉ ရက်၊ ဧပြီ၊ ၂၀၁၂ |
| ၁၅။ | KIA | တိုက်ပွဲဖြစ် | - |
| ၁၆။ | AA | တိုက်ပွဲဖြစ် | - |
| ၁၇။ | TNLA | တိုက်ပွဲဖြစ် | - |
| ၁၈ | MNDAA | တိုက်ပွဲဖြစ် | - |

***** နေပြည်တော်က AA အဖွဲ့ကို KIO/A ၏ အဆွယ်အပွားတစ်ခုဟုသဘောထားကာ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ဖိတ်ခေါ်ရန် ပယ်ချခဲ့သည်။ ယင်းအစား AA-ကချင် ၊ AA-ကရင် နှင့် ALP/A အပါအဝင် အခြားသော ရခိုင်အဖွဲ့အစည်းများအားလုံးကို ANC ဟူသည့် တစ်ခုတည်းသော ခေါင်းစဉ်အောက်တွင် ပါဝင်ဆွေးနွေးရန် တောင်းဆိုခဲ့သည်။ MNDAA အဖွဲ့ကိုမူ နိုင်ငံရေး လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်ဟု အသိအမှတ်ပြုခြင်းမရှိသည့်အတွက် အစိုးရက အဆိုပါအဖွဲ့နှင့်ဆွေးနွေးရန် ငြင်းပယ်ခဲ့သည်။***

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အစိုးရကြား မူတစ်မူတည်းသဘောတူညီချက် အဆိုပြုလွှာမူကြမ်း ရေးဆွဲရန် သဘောတူညီချက်ရချိန်မှစ၍ အစိုးရက အဖွဲ့တစ်ဖွဲ့ချင်းစီနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆွေးနွေးနေမှုကို ရပ်ဆိုင်းခဲ့သည်။ အကျိုးဆက်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အချို့က ဆွေးနွေးညှိနှိုင်းရန် ဆန္ဒရှိကြပြီး အဆိုပါသဘောတူညီချက်ကို စာဖြင့်ရေးသားမှတ်တမ်းတင်ရန်တောင်းဆိုနေကြသော်လည်း အစိုးရကမူ UPWC နှင့် NCCT တို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းရေးဆွဲနေသည်ဟု အကြောင်းပြကာ အဆိုပါလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးရန် ငြင်းဆန်ခဲ့သည်။ ၄င်းတို့အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း အဆုံးသတ်အဆင့်ကို ရေးဆွဲပြီးသည့်အချိန်တွင် အဆိုပါမူကြမ်း၌ လက်မှတ်ရေးထိုးပါရန် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသောအဖွဲ့များကိုသာမက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားခြင်းမရှိသော အဖွဲ့များကိုပါ တောင်းဆိုသွားမည်ဖြစ်သည်။ အဆိုပါမူကြမ်းသည် နိုင်ငံကိုအတိဒုက္ခရောက် စေသည့်ကာလရှည်ကြာအမြစ်တွယ်နေသောလက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်ရန်ရည်ရွယ်သည်ဟုဆိုသည်။ သမ္မတရုံးဝန်ကြီးဦးအောင်မင်း၏အဆိုအရ လက်နက်ကိုင် အဖွဲ့အစည်းတစ်ဖွဲ့မကျန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် အားလုံးပါဝင်လက်မှတ်ရေးထိုးရမည်ဟု သိရသည်။

ထို့ကြောင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လက်ရှိအချိန်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်အတွက် မူတစ်မူတည်းသော အဆိုပြုလွှာပေါ်ထွက်လာစေရေးကိုသာ အလေးပေး

အာရုံစိုက်လျက်ရှိသည်။ ကာလရှည်ကြာငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုထူထောင်ရာတွင် မရှိမဖြစ်လိုအပ်သောအစိတ်အပိုင်းများအဖြစ် လိုက်နာရမည့်ကျင့်ထုံး၊ လွတ်ငြိမ်းချမ်းသာခွင့်၊ ပြန်လည်နေရာချထားရေး၊ တိုင်းရင်းသားအခွင့်အရေးများကို အသိအမှတ်ပြုရေး၊ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ထူထောင်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကဲ့သို့ ကိစ္စရပ်များတွင် သဘောတူညီမှုရရှိရပေမည်။

၂၀၁၃ ခုနှစ်တွင် ကူကီးအမျိုးသားအဖွဲ့-ဗမာ (KNO-B)(ယခင် ကူကီးအမျိုးသားအဖွဲ့အစည်းဟုထင်ရှားသည့် အိန္ဒိယကူကီးအဖွဲ့မှ ခွဲ့ထွက်လာခြင်းဖြစ်သည်။)က အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ထင်ရှားစွာပေါ်ထွက်လာခဲ့ပြီး အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးညှိနှိုင်းရန် ကြိုးပမ်းခဲ့သော်လည်း အသိအမှတ်ပြုခံရခြင်း မရှိပေ။ ကူကီးအဖွဲ့သည် ၂၀၁၄ အတွင်း မြန်မာတပ်မတော်နှင့် ထိပ်တိုက်တွေ့ဆုံဖူးခြင်း မရှိသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ချန်လှပ်ခံရမည်ဆိုပါက အဆိုပါအဖွဲ့အနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးအတွက် ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်လာနိုင်ပါသည်။

မြန်မာ့တပ်မတော်၏ တိုက်ခိုက်မှုခံခဲ့ရသည့် ၂၀၀၉ ခုနှစ်နောက်ပိုင်းကိုးကန့်အဖွဲ့ (MNDAA)က တစ်ကျော့ပြန်၍ပေါ်ထွက်လာခဲ့သည်။ ၂၀၀၉ ခုနှစ်အတွင်းက ကိုးကန့်အဖွဲ့နှစ်ဖွဲ့ကွဲသွားခဲ့ပြီး တစ်ဖွဲ့ကို Bai Suoqian က ဦးဆောင်ပြီး အသစ်ဖွဲ့စည်းသည့် နယ်ခြားစောင့်တပ် (BGF) တွင်ပူးပေါင်းပါဝင်ရန် သဘောတူခဲ့သည်။ ကျန်တစ်ဖွဲ့ကို ဖုန်ကြားရှင်ကဦးဆောင်ပြီးတောခိုခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ဖုန်ကြားရှင်နှင့် ၄င်းကို သစ္စာခံသည့်စစ်သားများက MNDAA ကိုဖွဲ့စည်းပြီး ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)တွင်အဖွဲ့ဝင်အဖြစ် လျှောက် ထားခဲ့သည်။ အစပိုင်းတွင် MNDAAကို UNFC ၏လေ့လာသူအဖြစ်သာခွင့်ပြုခဲ့သော်လည်း များမကြာမီတွင်အဖွဲ့ ဝင်အဖြစ်ခွင့်ပြုလာခဲ့သည်။ ၂၀၁၃ နှစ်ကုန်ပိုင်းတွင် လိုင်ဇာညီလာခံက UNFC ၏ ကြီးကြပ်မှုဖြင့် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် (FUA)ကို ဖွဲ့စည်းထူထောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် UNFC က KIA ထိန်းချုပ်နယ်မြေတွင် FUA၏ မြောက်ပိုင်းစစ်ဌာနချုပ်ကို ဖွဲ့စည်းခဲ့သည်။ FUAသို့ KIA၊ TLNAအဖွဲ့တို့နှင့်အတူ MNDAA အဖွဲ့ဝင်ရောက်ခဲ့သည်။ ထိုအချိန်မှစ၍ MNDAAသည် ရှမ်းပြည်မြောက်ပိုင်းရှိ ကိုးကန့်နယ်မြေတွင် စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်လာခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ၂၀၁၄ ဇန်နဝါရီ၌ KNU ထိန်းချုပ်နယ်မြေဖြစ်သော လော်ခီးလာ၌ “လော်ခီးလားညီလာခံ”ဟုခေါ်သည့် တိုင်းရင်းသားညီလာခံတစ်ရပ်ကိုကျင်းပခဲ့သည်။ ယင်းမှာ ဒုတိယမြောက် တိုင်းရင်းသားလက်နက်ကိုင်ညီလာခံဖြစ်သည်။ မြန်မာအစိုးရနှင့်ညှိနှိုင်းဆွေးနွေးရာတွင် NCCT က ဆွေးနွေးရမည့်အချို့သောအချက်များနှင့်ပတ်သက်၍ တိုင်းရင်းသားခေါင်းဆောင်များက သဘောတူခဲ့ကြသည်။ အကျိုးဆက်အားဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်မှာ အတော်အသင့်အရှိန်ရလာခဲ့သည်။ NCCT ၊ MPC နှင့် UPWC တို့အကြား ဆွေးနွေးပွဲဆက်တိုက်ပြုလုပ်ရာမှ ဧပြီအရောက်တွင် တစ်နိုင်ငံလုံးမှုတစ်မူတည်းပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်အတွက် ပထမဆုံးမူကြမ်းကို ရေးဆွဲနိုင်ခဲ့သည်။ ယင်းမှာ ပထမဆုံးခြေလှမ်းတစ်ရပ်ဖြစ်ခဲ့ပြီး အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဆွေးနွေးညှိနှိုင်းမှုကို အတော်အသင့် အကျိုးသက်ရောက်မှုရှိခဲ့သည်။ အကြောင်းမှာ မူတစ်မူတည်းအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ မတူကွဲပြားသော မူဝါဒအဆိုပြုလွှာများကို မူဝါဒတစ်ခုတည်းအဖြစ် ပေါင်းစည်းထားခြင်းကြောင့်ဖြစ်သည်။ ယင်းမှတစ်ဆင့် NCCTနှင့် UPWC တို့သည် တရားဝင်နှင့် အလွတ်သဘောဆွေးနွေးပွဲများပြုလုပ်ကာ မေလတွင် ဒုတိယမြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်မူကြမ်းကိုလည်းကောင်း၊ ဩဂုတ်လတွင် တတိယမြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်မူကြမ်းကိုလည်းကောင်း ရေးဆွဲနိုင်ခဲ့သည်။ ဒုတိယမြောက် စာချုပ်မူကြမ်းတွင် အချေအတင်ဆွေးနွေးရမည့် အရေးပါသောအချက်အချို့ကျန်ရှိနေသေးသော်လည်း သဘောတူညီချက် ရရှိခဲ့သည့်အတွက် အခြေအနေလည်း ပို၍ကောင်းလာခဲ့သည်။

၁။ KNU Headquarters, Second Ethnic Armed Organisations Conference – Law Khee Lar, Karen State, 25 Jan 2014, web.

၂။ တစ်မူတည်းအပစ်အခတ်ရပ်စဲရေးသည်မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှတင်သွင်း ကြသည့်အဆိုပြု လွှာများကို ပေါင်းစည်းထားခြင်း ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲခြင်းသို့ရောက်ရှိရန် ကူညီပေးနိုင်မည့် အဆုံးသတ်တစ်မူတည်းပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ရရှိရေး NCCT နှင့် UPWC နှစ်ဖွဲ့လုံးက ဆောင်ရွက်လျက်ရှိကြသည်။

၃။ အလဲဗင်းမီဒီယာဂရု၊ အလဲဗင်းသတင်း၊ NCCT သည် လိုင်ဇာတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ကို ဆွေးနွေးမည်ဖြစ်သည်။ ဇူလိုင် ၂၄၊ ၂၀၁၄၊ web။ KNU ဌာနချုပ်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်အတွက် လိုင်ဇာသဘောထား၊ ဇူလိုင် ၃၀၊ ၂၀၁၄၊ web ။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) သည် ၂၀၁၄ ဇူလိုင် ၂၅ ရက်မှ ၂၈ ရက် အထိ ဒုတိယအကြိမ်မြောက် "လိုင်ဇာညီလာခံ"ကို ကျင်းပခဲ့သည်။ အဆိုပါညီလာခံသို့ လက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့မှ ခေါင်းဆောင်များတက်ရောက်ခဲ့ကြပြီး အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုရလဒ်များကို လည်းကောင်း၊ ဒုတိယမြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကိုလည်းကောင်း သုံးသပ်ဆွေးနွေးခဲ့ကြသည်။ UPWC နှင့်ဆွေးနွေးမည့် NCCT အတွက် လမ်းညွှန်ချက်များကို ညီလာခံကသဘောတူခဲ့သည်။

NCCT နှင့် UPWC နှစ်ဖွဲ့လုံးသည် လွန်စွာစွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြပြီး ဩဂုတ်လ ၁၅ ရက်မှ ၁၇ ရက်အထိ ရန်ကုန်တွင်အပစ်အခတ်ရပ်စဲရေး ဆွေးနွေးသည့်ကာလအတွင်း[၄] တတိယမြောက်တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို သဘောတူခဲ့ကြသည်။ နှစ်ဖက်လုံးမှ ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး ချောချောမွေ့မွေ့ဖြင့် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကာ အရေးပါသည့်တိုးတက်မှုကို ရရှိခဲ့သည်။ သို့သော် မေ ၂၁ ရက်မှ ၂၃ ရက်အထိ ဒုတိယအကျော့ ဆွေးနွေးပွဲများပြုလုပ်ပြီးနောက်တွင် မူကြမ်း၌ဖြေရှင်းရန်အတွက် ထင်ရှားသောပြဿနာများ ကျန်ရှိနေခဲ့သည်။ ထူးခြားထင်ရှားသည့်အချက်မှာ နှစ်ဖက်လုံးက ဖက်ဒရယ်အရေးကို နိုင်ငံရေးဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးသွားရန် မူအားဖြင့် သဘောတူခဲ့ကြခြင်းဖြစ်သည်။ ယင်းမှာ ကြီးမားသောအောင်မြင်မှုကြီးတစ်ရပ်ဖြစ်ခဲ့သည်။

သို့သော် စတုတ္ထမြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းနှင့်ပတ်သက်၍ ဆွေးနွေးရန် ခြောက်ကြိမ်မြောက်တရားဝင်ဆွေးနွေးပွဲပြုလုပ်ရာတွင် NCCT နှင့် UPWC တို့အကြား ပြဿနာများရှိခဲ့သည်။ အကြောင်းမှာ UPWC ရှိ မြန်မာ့တပ်မတော်ကိုယ်စားလှယ်များက ဖက်ဒရယ်ပြည်ထောင်စုအရေးဆွေးနွေးမည်ဟူ၍ ယခင်က မူအားဖြင့်သဘောတူထားသည့်အချက်ကို ပယ်ချလိုက်၍ဖြစ်သည်။ စက်တင်ဘာလ ၂၂ ရက်နေ့တွင်ပြုလုပ်သည့်ဆွေးနွေးပွဲတွင် တိုးတက်မှုမရှိခဲ့ပေ။ ဝေဖန်ရေးသမားများစွာက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရပ်တန့်နေသည်ဟု ပြောဆိုကြသည်။ တစ်ဖက်တွင်လည်း ဩဂုတ်လအတွင်း မူအားဖြင့် သဘောတူထားသည့် ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်စစ်တပ်အရေးဆွေးနွေးရန် မြန်မာ့တပ်မတော်က ပယ်ချလိုက်ခြင်းမှာ "နောက်ကြောင်းပြန်လှည့်ခြင်း"ဖြစ်ကြောင်း အချို့က ဆိုကြသည်။[၅] ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများလည်း ရှေ့မတိုးသာ နောက်မဆုတ်သာအခြေအနေသို့ ဆိုက်ရောက်သွားခဲ့သည်။

ယင်းသို့ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်များ ပျက်ပြားပြီးနောက် အောက်တိုဘာလဆန်းပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၌ မြန်မာတပ်မတော်နှင့် SSPP တပ်ဖွဲ့တို့အကြား တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ရာ စစ်ဖြစ်ရာဒေသမှ ဒေသခံအများအပြား အိုးအိမ်စွန့်ခွာထွက်ပြေးကြရပြီး ပြည်တွင်းဒုက္ခသည်များအဖြစ်သို့ ရောက်ရှိသွားကြသည်။ မြန်မာစစ်တပ်အနေဖြင့် အမြောက်ကြီးများဖြင့် ပစ်ခတ်ပြီးနောက် အောက်တိုဘာ ၄ ရက်နေ့တွင် SSPP စခန်းကို အပြီးသတ်သိမ်းပိုက်နိုင်ခဲ့သည်။ မြန်မာစစ်တပ်သည် အဆိုပါနေရာတွင် ရပ်တန့်မနေဘဲ ဆက်လက်၍ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ TNLA ၊ KIA ၊ MNDAA အဖွဲ့တို့ကိုပါ ဆက်လက်တိုက်ခိုက်ခဲ့သည်။ မြန်မာ့ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ (Myanmar Peace Monitor-MPM)၏ မှတ်တမ်းအရ ၂၀၁၄ ခုနှစ်အတွင်း မြန်မာတပ်မတော်သည် တအောင်း အမျိုးသားလွတ်မြောက်ရေးတပ်ဦး (TNLA) နှင့် အကြိမ်ပေါင်း ၁၁၃ ကြိမ် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထို့အပြင် မြန်မာစစ်တပ်သည် နိုဝင်ဘာလ ၁၉ ရက်တွင် ၁၀၅ မမ ဟောင်ဝစ်ဇာဖြင့် KIA ဗိုလ်လောင်းသင်တန်းကျောင်းကို ပစ်ခတ်ခဲ့ရာ ဗိုလ်လောင်း ၂၃ ဦးသေဆုံးပြီး အခြား လူ ၂၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ယင်းကြောင့် ဗဟိုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ယုံကြည်မှုပျက်ပြားခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အဆိုပါဖြစ်စဉ်ကိုစုံစမ်းပေးရန် မြန်မာတပ်မတော်နှင့်အစိုးရကို တောင်းဆိုခဲ့သည်။ သို့သော်လည်း တပ်မတော်နှင့် အစိုးရဘက်က တစ်စုံတစ်ရာတုံ့ပြန်ပြောဆိုခြင်းမရှိသကဲ့သို့ မေးခွန်းများကိုလည်း ဖြေကြားခြင်းမရှိခဲ့ပေ။ အဆိုပါဖြစ်စဉ်မှာ ရည်ရွယ်ချက်မရှိဟူ၍သာ ၎င်းတို့က တုံ့ပြန်ပြောဆိုခဲ့သည်။ ယင်းအချက်ကို KIA နှင့် အခြားသော တိုင်းရင်းသားလက်နက်ကိုင်များက ကျေနပ်ကြခြင်းမရှိပေ။ အဆိုပါဖြစ်ရပ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲ

---

၄။ NCCT ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့တို့၏ ပူးတွဲကြေညာချက်၊ ဩဂုတ် ၁၇၊ ၂၀၁၄၊ MPM web ။

၅။ RFA ၊ ဖက်ဒရယ်တပ်မတော်အရေးဆွေးနွေးရန် မြန်မာသောင်းကျန်းသူများတင်သွင်းသည့်အဆို ပယ်ချခံရ၊ စက်တင်ဘာ ၂၃၊ ၂၀၁၄၊ web ။

ရေးသို့သွားရာလမ်းကြောင်းတွင် ပေါ်ပေါက်လျက်ရှိသည့် အတားအဆီးများအနက်မှတစ်ခုပင် ဖြစ်သည်။ UNFC သည် KNU ထိန်းချုပ်နယ်မြေတွင် ဩဂုတ်လ ၃၁ ရက် နေ့မှ စက်တင်ဘာလ ၂ ရက်နေ့အထိ ပထမဆုံးညီလာခံကို ကျင်းပခဲ့သည်။ အဆိုပါညီလာခံနောက်ပိုင်း နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် UNFC အဖွဲ့ဝင် စစ်ဘက်ထိပ်တန်းအရာရှိများက ၄င်းတို့၏ ပထမဆုံးဆွေးနွေးပွဲကို ကျင်းပခဲ့ကြပြီးဖြစ်ပေါ်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ စစ်ဆင်ရေးများနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာစစ်တပ်မှ တပ်ဖွဲ့ဝင်များ၏ လှုပ်ရှားမှုများနှင့်ပတ်သက်၍လည်းကောင်း အမြင်များကိုဖလှယ်ခဲ့ကြသည်။ အစည်းအဝေးပွဲပြီးနောက်တွင် ၄င်းတို့က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်တွင် အပစ်အခတ်ရပ်စဲရေးဖြစ်မြောက်လာစေရန် အားထုတ်ဆောင်ရွက်နေသည့်ကာလ၌ တိုင်းရင်းသားလက်နက်ကိုင်များအပေါ် မြန်မာစစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်နေမှုကို ရပ်တန့်ပေးရန်တောင်းဆိုကြောင်းနှင့် မြန်မာစစ်တပ်၏ စစ်ဆင်ရေးများကို ရှုတ်ချကြောင်း ပါရှိသည်။ အဆိုပါကြေညာချက်က မြန်မာတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို စိတ်ဆိုးဒေါသထွက်စေခဲ့သည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးရန် ကြန့်ကြာနေသည်ဟုဆိုကာ UNFC ကို အပြစ်တင်ပြောဆိုခဲ့သည်။

## အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုများ – ယုံကြည်မှုတည်ဆောက်ခြင်း

အပြန်အလှန်လေးစားခြင်းသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အခရာကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ၁၉၄၈ ခုနှစ်အတွင်း ဗြိတိန်လက်အောက်မှလွတ်မြောက်၍ မြန်မာ့လွတ်လပ်ရေးရရှိချိန်မှစတင်ကာ ဗဟိုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအဖွဲ့အစည်းများအကြား ပြည်တွင်းစစ်ဆင်နွှဲခဲ့ကြသည်။ အဆိုပါအချိန်ကာလမှစတင်ကာ ဗဟိုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား အယုံအကြည်ကင်းမဲ့မှုများ ကြီးထွားလာခဲ့သည်။ ၂၀၁၁ ခုနှစ်မှစတင်၍ တိုင်းရင်းသားလက်နက်ကိုင်များ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးမှုများကြောင့် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ပြီး အဆိုပါယုံကြည်မှုသည်လည်း တစ်စတစ်စ ပိုမိုတိုးမြင့်လာခဲ့သည်။

၂၀၁၄ ခုနှစ်အတွင်း စက်တင်ဘာလအထိ အရေးပါသော တိုးတက်မှုတစ်ခုမှာ အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များအကြား ယုံကြည်မှုသိသိသာသာတိုးမြင့်လာခြင်း ဖြစ်သည်။ NCCT နှင့် UPWC နှစ်ဖွဲ့လုံးအနေဖြင့်နှစ်ဖက်လုံးမှ မတူကွဲပြားသည့် အဆိုပြုလွှာများကိုပေါင်းစည်း၍ မူတစ်မူတည်းသော သဘောတူညီချက်မူကြမ်းကို စတင်ရေးဆွဲနိုင်ခဲ့သည်။ နှစ်ဖက်လုံးအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်စွာ ပေါ်ပေါက်လာစေရန် စိတ်အားထက်သန်နေကြသည့်အတွက် အကောင်းမြင်လာကြခြင်းဖြစ်သည်ဟု MPC တာဝန်ရှိသူတစ်ဦးက ဆိုသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အစိုးရနှင့်တိုက်ရိုက်ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုကို ထူထောင်ထားကြပြီးဖြစ်သည်။

**ယင်းအတွက် ဖြစ်နိုင်ချေရှိသော အကြောင်းပြချက်များစွာရှိပါသည်–**

၁။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်ပါဝင်ရန် ခေါင်းဆောင်များက စိတ်ပိုင်းဖြတ်လာကြခြင်းနှင့် ပဋိပက္ခစစ်ပွဲများမှနေ၍ ငြိမ်းချမ်းရေး၏ အကျိုးကျေးဇူးများကို သဘောပေါက်နားလည်လာခြင်း။ ဥပမာ– RCSS ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ယွက်ဆစ်က ငြိမ်းချမ်းရေးဆောင်ရွက်ရန်သန္နိဋ္ဌာန်ချထားကြောင်း အကြိမ်ကြိမ် ထုတ်ဖော်ပြောဆိုခဲ့သည်။ ၄င်းက သမ္မတကြီးကိုယုံကြည်ကိုးစားကြောင်းလည်းထုတ်ဖော်ပြောဆိုခဲ့သည်။ “သမ္မတကြီးဦးသိန်းစိန်ဟာ ရိုးသားဖြောင့်မတ်သူတစ်ဦးဖြစ်တယ်လို့ ကျုပ်တို့ယုံတယ်။ ကျုပ်တို့ သူ့ကိုယုံကြည်တယ်။ ကျုပ်တို့ကလည်း ငြိမ်းချမ်းရေးကိုလိုလားတယ်။

ဒါကြောင့်မို့ သဘောတူညီချက်တစ်ခုရအောင် သူနဲ့ ကျုပ်တို့ ဆက်လုပ်နေကြတာပေါ့ဗျာ" ဟု ၎င်းက ဆိုခဲ့သည်။[၆]

၂။ အသွင်ကူးပြောင်းရေးကာလ၏ အစောပိုင်းအဆင့်များတွင် နိုင်ငံအတွင်း အပြုသဘောဆောင်သော ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာသည်ကို တွေ့မြင်ရသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်မှာ ဆက်လက်လုပ်ဆောင်ရွက်နေဆဲဖြစ်သော်လည်း ၂၀၁၄ နှစ်ကုန်ပိုင်းတွင် နှေးကွေးသွားသယောင်ရှိသည်။

၃။ ဦးအောင်မင်းနှင့်အစိုးရငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့၏ စိတ်စေတနာထက်သန်မှုနှင့်အတူ ငြိမ်းချမ်းရေးသဘောတူညီချက်တွင်ပေးထားသောကတိအတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးမှုတို့က အစိုးရမဟုတ်သောလက်နက်ကိုင်ခေါင်းဆောင်များ၏ ယုံကြည်မှုကို ရရှိစေခဲ့သည်။ အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့အစည်းများ၏တောင်းဆိုချက်များကို လိုက်လျောပေးရန် အစိုးရကဆန္ဒရှိခြင်းကြောင့် နှစ်ဖက်ပိုမိုအစေးကပ်လာကြသည်။ ဥပမာ - ဝန်ကြီးဦးအောင်မင်းနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့က ကရင်နှစ်သစ်ကူးပွဲတော်သို့ သွားရောက်လည်ပတ်ခဲ့ခြင်းမျိုးဖြစ်သည်။ သမ္မတဦးသိန်းစိန်ကလည်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

၄။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၎င်းအနေဖြင့် တိုင်းပြည်ကောင်းစားရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားလိုသည်ဟုဆိုခဲ့သည်။ အစိုးရသတင်းစာဖြစ်သည့် မြန်မာ့အလင်းတွင် "ဗိုလ်ချုပ်မှူးကြီးအနေဖြင့် တိုင်းပြည်အကျိုးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိကြောင်း၊ ပြည်သူတစ်ရပ်လုံးအနေဖြင့် အမျိုးသားလုံခြုံရေးကို စည်းစည်းလုံးလုံးဖြင့်ကာကွယ်စောင့်ရှောက်သွားကြရန်လိုကြောင်း ပြောကြားပါသည်" ဟု အစီရင်ခံဖော်ပြခဲ့သည်။[၇] စစ်သားများအနေဖြင့် ရှေ့တန်းနှင့် စစ်မြေပြင်သို့ မကြာခဏထွက်နေကြရသည်ဖြစ်ရာ လက်နက်ကိုင်ပဋိပက္ခ၏ နောက်ဆက်တွဲဆိုးကျိုးများကို နားလည်သဘောပေါက်ကြသည့်အတွက် ငြိမ်းချမ်းရေးကိုအမှန်တကယ်လိုလားလျက်ရှိကြောင်းလည်းဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆိုခဲ့သည်။

၅။ KNU စစ်သားများနှင့် မြန်မာတပ်မတော်စစ်သားများသည် ကရင်ပြည်နယ်တွင် ရင်းနှီးစွာ ဘောလုံးကစားခဲ့ကြသည်ဖြစ်ရာ ယင်းက ယုံကြည်မှုပိုမိုတိုးမြင့်လာစေကာ ခင်မင်ရင်းနှီးမှုကို ပိုမိုမြင့်တက်စေခဲ့သည်။ ယင်းသို့သော ဆက်ဆံရေးမျိုးကို လွန်ခဲ့သောနှစ်အနည်းငယ်အထိ တွေးပင်မတွေးဖူးပေ။

၆။ မြန်မာအစိုးရသည် နေပြည်တော်တွင်ကျင်းပသော လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့ အခမ်းအနားများသို့တက်ရောက်ရန် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များကို ဖိတ်ကြားခဲ့သည်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များက ဖိတ်ကြားချက်ကိုလက်ခံကြပြီး သမ္မတဦးသိန်းစိန်နှင့် လည်းကောင်း၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်လည်းကောင်း တွေ့ဆုံခဲ့ကြသည်။ ၎င်းတို့အနေဖြင့် နိုင်ငံတစ်ဝန်းအပစ်အခတ်ရပ်စဲရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြသည်။ သမ္မတဦးသိန်းစိန်နှင့် RCSS ၊ KNU ၊ DKBA ၊ KPC တို့မှ ခေါင်းဆောင်များက "ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ" တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။[၈]

၇။ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များက ဆိုကြသည်။ "ကျွန်တော်တို့အနေနဲ့ တိုက်ပွဲတွေဖြစ်လာတာ ဆယ်စုနှစ်ခြောက်ခုကျော်ရှိနေပြီး ဘယ်ဘက်ကမှလည်းအနိုင်မရကြပါဘူး။ ဒီတော့ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းကြဖို့ အချိန်တန်ပါပြီ။ ဆွေးနွေးညှိနှိုင်းမှုက ကျွန်တော်တို့အတွက် အရမ်းကို အရေးကြီးသလို ကျွန်တော်တို့နိုင်ငံအတွက် ငြိမ်းချမ်းရေးရရှိဖို့ အကောင်းဆုံးနည်းလမ်းလည်း ဖြစ်ပါတယ်"

၈။ "ကျွန်တော်တို့အနေနဲ့ ပြည်သူတွေရဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းနေကြပါတယ်။ ငြိမ်းချမ်းရေးအတွက် နှစ်ဖက်လုံးက အရေးပါတဲ့သူတွေချည်းပါပဲ။ ဖြစ်ပေါ်လာမယ့်အကျိုးရလဒ်ကောင်းတွေကို လူတိုင်းခံစားရပါလိမ့်မယ်။ လက်နက်ကိုင်လှုပ်ရှားမှုနဲ့ ကျွန်တော်တို့ငြိမ်းချမ်းရေးမရနိုင်ပါဘူး။ ပြည်သူတွေဟာ စစ်ပွဲတွေကနေ အတော်လေးစိတ်ထိခိုက်ခံစားကြရပြီးပါပြီ။ နိုင်ငံအနေနဲ့လည်း အများကြီး ဆုံးရှုံးနစ်နာ

---

၆။ DVB ၊ Yawd Serk bows out urging peace, compromise, 11 Feb 2014, web.

၇။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် UWSA ခေါင်းဆောင် ပေါက်ယူချီ၊ SSPP ခေါင်းဆောင်စဝ်ခေးတိုင်းတို့ကို ၂၀၁၄ ဧပြီ ၆ ရက်တွင် လားရှိုး၌ တွေ့ဆုံခဲ့သည်။

၈။ သမ္မတရုံးဝက်ဘ်ဆိုက်၊ ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ၊ မတ် ၁၂၊ ၂၀၁၅။

ခဲ့ရပြီးပါပြီ။" အဆိုပါ မှတ်ချက်ပေးပြောစကားများက အတိတ်ကာလနှင့် လက်ရှိပစ္စုပ္ပန်အခြေအနေများအကြား သိသာထင်ရှားသော ကွဲပြားခြားနားမှုများကို သတိပြုဖွယ်ထုတ်ဖော်ပြသလိုက်ခြင်းဖြစ်သည်။[၉]

၉။ "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် အောင်အောင်မြင်မြင်နဲ့ရရှိဖို့ ကျွန်တော်တို့ အကောင်းဆုံး ကြိုးစားသွားပါမယ်"ဟု ဗိုလ်ချုပ်ဂွမ်မော်က သမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံစဉ် ပြောဆိုခဲ့သည်။

၁၀။ ချင်းအမျိုးသားတပ်ဦး (CNF) က မြန်မာအစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား နိုင်ငံတော် အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ရရှိရန် တောင်းဆိုခဲ့သည်။ အိန္ဒိယ-မြန်မာနယ်စပ်တွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်မှ ၂၉ ရက်နေ့အထိပြုလုပ်ခဲ့သောလေးကြိမ်မြောက်ဗဟိုကော်မတီ အစည်းအဝေးပွဲတွင် ချင်း အမျိုးသားတပ်ဦးက ယင်းသို့တောင်းဆိုလိုက်ခြင်းဖြစ်သည်။ [၁၀]

၁၁။ အစိုးရနှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်များအကြားပဋိပက္ခအဆုံးသတ်ရန်အတွက် အောင်မြင်သောငြိမ်းချမ်း ရေးဆွေးနွေးပွဲများကို လူထုက တစ်ခဲနက်ထောက်ခံခြင်း။ ဥပမာ - မွန်ပြည်နယ်ကမာဝက်တွင် မွန်အရပ်သားများ စုဝေးဆန္ဒထုတ်ဖော်မှု၊ အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးဆွေးနွေးရန် KIA ကိုယ်စားလှယ်များ မြစ်ကြီးနားသို့ရောက် ရှိလာကြသည့်အခါတွင် ကချင်ပြည်သူများက KIA ကို ထောက်ခံကြောင်း ပြသခဲ့ကြသည်။

၁၂။ ချစ်ကြည်ရေးခရီးစဉ်များနှင့် အစည်းအဝေးပွဲများကို ပြည်တွင်းပြည်ပမှအလှူရှင်များက ငွေကြေးထောက်ပံ့ကြခြင်း၊ ဥပမာ - နိုဝင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် UNFC ခေါင်းဆောင်များဖြစ်သော နိုင်ဟံသာ၊ ခွန်ဥက္ကာ၊ ဖဒိုကွယ်ထူးဝင်းနှင့် ထွန်းဇော်တို့ ရန်ကုန်သို့ လာရောက်လည်ပတ်သည့်အခါ နိပွန်ဖောင်ဒေးရှင်းက စပွန်ဆာ ပေးခြင်းနှင့် လက်ခံကြိုဆိုခြင်း။ ဥရောပသမဂ္ဂ (အီးယူ)ကလည်း မြန်မာ၏ပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ထောက်ခံအားပေးရန် ကတိပြုခဲ့သည်။

အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များက ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလား၍ ဆောင်ရွက်နေကြခြင်းမှာ နိုင်ငံအတွက် နိမိတ်ကောင်းတစ်ခုပင်ဖြစ်သည်။ ဆွေးနွေးညှိနှိုင်းခြင်းမှတစ်ဆင့် ငြိမ်းချမ်းရေးကိုရရှိနိုင်မည်ဟု ၎င်းတို့က ယုံကြည်လျက်ရှိသည်။

## လက်တွေ့တိုးတက်ဖြစ်ထွန်းမှုများ

UPWC နှင့် NCCT တို့သည် နိုင်ငံတစ်ဝန်းအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA) တွင် လက်မှတ် ရေးထိုးသည့်အဆင့်သို့ မရောက်ရှိသေးသော်လည်း လက်တွေ့မြေပြင်တွင် တိုးတက်ဖြစ်ထွန်းမှုများစွာကို တွေ့မြင်နိုင်ပေ သည်။ ဥပမာအားဖြင့် လက်နက်ကိုင်တိုက်ပွဲများ လျော့ကျလာခြင်းဖြစ်သည်။ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၏အဆိုအရ KIAနှင့် မြန်မာတပ်မတော်အကြား တိုက်ပွဲများသည် ၂၀၁၃ ခုနှစ်တွင် အကြိမ်ရေ ၁၄၅၀ အထိဖြစ်ပွားခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၆၈ ကြိမ်သာရှိတော့ကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင်များနှင့်မြန်မာတပ်မတော်အကြား ပြည်နယ်အဆင့်နှင့်ပြည်ထောင်စုအဆင့်အပစ် အခတ် ရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းမပြုမီက မြို့နယ်ပေါင်း ၄၀ ကျော်တွင် တိုက်ပွဲများဖြစ်ပွားခဲ့ သည်။ တိုက်ပွဲများ အကြီးအကျယ်လျော့ကျသွားခြင်းမှာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကြောင့် ဖြစ်ဖွယ် ရှိပေသည်။ အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်အုပ်စုများက ၎င်းတို့ထိန်းချုပ်ထားသည့်နယ်မြေများ၌ ဖွံ့ဖြိုးရေးစီမံကိန်းများကို ငြင်းဆန်ကြသော်လည်း ၂၀၁၄ ခုနှစ်တွင်မူ အဆိုပါဒေသများ၌ အဝေးပြေးလမ်းများနှင့် လမ်းမကြီးများတည်ဆောက်ခြင်းနှင့် အခြားသောစီမံကိန်းများကို စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။

RCSS သည် ၂၀၁၄ မတ် ၅ ရက်တွင် မိုင်းပန်မြို့၌ ဆက်ဆံရေးရုံးသစ်ကို ဖွင့်လှစ်ခဲ့သည်။ မြန်မာစစ်တပ် နှင့် ဒေသန္တရအစိုးရအဖွဲ့အနေဖြင့် မိုင်းပန်မြို့ရှိ ဆက်ဆံရေးရုံးသစ်အပါအဝင် RCSS အဖွဲ့၏ ဆက်ဆံရေးရုံးများမှ တစ်ဆင့် RCSS အဖွဲ့နှင့် တိုက်ရိုက်ဆက်သွယ်နိုင်ပြီဖြစ်သည်။ RCSS အဖွဲ့အနေဖြင့်လည်း တစ်စုံတစ်ရာ ဆွေးနွေးရန်

---

၉။ သမ္မတဦးသိန်းစိန်သည် ၂၀၁၅ မတ် ၁၆ ရက်တွင် KIO ခေါင်းဆောင်များကို နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။

၁၀။ ခေါ်နူသုန်သတင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တွင် လက်မှတ်ရေးထိုးရန် CNF က တိုက်တွန်းခဲ့သည်။ ဖေဖော်ဝါရီ ၃၊ ၂၀၁၅၊ web ။

ရှိပါက တိုက်ရိုက်ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုမှတစ်ဆင့် အစိုးရနှင့်ဆက်သွယ်နိုင်ပြီဖြစ်သည်။ ဆက်ဆံရေးရုံးများနှင့် ဆက်ဆံရေးအရာရှိများသည် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် တင်းမာမှုများအား လျှော့ချခြင်းတို့တွင် အရေးပါလှပေသည်။ RCSS ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရွက်ဆစ်သည် ၂၀၁၄ ခုနှစ်တွင် သမ္မတဦးသိန်းစိန်နှင့် လည်းကောင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်လည်းကောင်းတွေ့ဆုံခဲ့သည်။

အစိုးရနှင့် အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဆက်ဆံရေးသည် ၂၀၁၄ ခုနှစ်တွင် ပိုမိုတိုးတက်ကောင်းမွန်ခဲ့သည်။ ဥပမာအားဖြင့် KNU ခေါင်းဆောင်များသည် သမ္မတဦးသိန်းစိန်နှင့် လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်လည်းကောင်း ခြောက်ကြိမ်တိုင် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ ယင်းသို့တွေ့ဆုံမှုက ၎င်းတို့ကို ယုံကြည်မှုတည်ဆောက်နိုင်စေခဲ့သည်။ ဦးအောင်မင်းနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့သည် ကရင်ပြည်နယ် မြဝတီမြို့တွင်ကျင်းပသည့် ကရင်နှစ်သစ်ကူးပွဲများသို့ တက်ရောက်ခဲ့သည်။ MPM စောင့်ကြည့်ရေးအဖွဲ့၏ မှတ်တမ်းများအရ KNU သည် အစိုးရနှင့် ယုံကြည်မှုပိုမိုတိုးတက်ခဲ့ပြီး လက်နက်ကိုင်တိုက်ပွဲများလည်း သိသိသာသာလျော့ကျသွားခဲ့ကြောင်း သိရသည်။ မြန်မာအစိုးရသည် ကရင်ပြည်နယ်တွင် မြဝတီမှကော့ကရိတ်သို့ ဆက်သွယ်သော အာရှအမြန်လမ်းမကြီးကို စတင်ဖောက်လုပ်နေပြီဖြစ်သည်။ အဆိုပါအာရှအဝေးပြေးလမ်းသစ်သည် ထိုင်းနှင့်မြန်မာနိုင်ငံအကြားကူးသန်းရောင်းဝယ်ရေးအတွက်သာမက အခြားသောအာရှနိုင်ငံများနှင့်လည်း ချိတ်ဆက်နိုင်သည့် အရေးပါသောလမ်းမကြီးတစ်ခု ဖြစ်လာပေမည်။ သို့သော်လည်း ဒေသန္တရသဘာဝသယံဇာတများ ကို ကိုယ်ကျိုးရှာအမြတ်ထုတ်ခြင်းနှင့် ဗဟိုစစ်တပ်အာဏာပိုင်များက မြေယာပိုင်ဆိုင်ခွင့်များကိုမလေးမစားလုပ်ခြင်း တို့သည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများတွင် နှစ်ပေါင်း ၆၀ ကျော်ကြာ ပဋိပက္ခဖြစ်ပွားနေရသည့် အဓိက အချက်နှစ်ချက်ပင်ဖြစ်ကြောင်း ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် (KPSN) က သုံးသပ်သည်။ ယင်းမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် တိုင်းရင်းသားများ တောင်းဆိုမှုများကို နိုင်ငံတော်ကငြင်းပယ်သည့်အချက်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်စပ်စဉ်းစားသင့်ပေသည်။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အဓိပ္ပာယ်ပြည့်ဝသောဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာဖြေလျှော့ပေးခြင်းသို့ ဦးတည်ခြင်းမရှိသေးပေ။ ယင်းသို့ဖြင့် တိုင်းရင်းသားဒေသခံများက အစိုးရ၏ဖွံ့ဖြိုး ရေးမူဝါဒများနှင့်ပတ်သက်၍ တစ်သံတည်းထွက်နေကြခြင်းဖြစ်သည်။

အခြားသော အပြုသဘောဆောင်သည့်အချက်တစ်ချက်မှာ ချင်းပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစောင့်ကြည့်မှုအဖွဲ့ (CCMT) ရုံးကိုဇွန်လ ၁၄ ရက်က သံလမ်းမြို့နယ်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ [၁၁] ချင်းအပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုအဖွဲ့အနေဖြင့် ယခုအခါတွင် အစိုးရနှင့် CNF အကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လေ့လာစစ်တမ်းကောက်ယူနိုင်ပြီဖြစ်သည်။ ချင်း CBOs နှင့် CSOs တို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုက်ရိုက်စောင့်ကြည့်သည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ယင်းမှာ CNF အတွက်သာမက CBOs နှင့် CSOs တို့အတွက်ပါ ကြီးမားသောအောင်မြင်မှုကြီးဖြစ်ပြီး ၎င်းတို့အနေဖြင့် ကာလရှည်ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ကြပြီဖြစ်သည်။

KIA နှင့် မြန်မာစစ်တပ်အကြား တိုက်ပွဲများမကြာခဏဖြစ်ပွားပြီး တင်းမာမှုများ မြင့်တက်နေဆဲဖြစ်သော်လည်း ကချင်ပြည်နယ်တွင် နှစ်ဖက်တိုက်ပွဲဖြစ်ပွားသည့်အရေအတွက် သိသိသာသာလျော့ကျသွားခဲ့သည်။ စစ်တပ်အရာရှိများအပါအဝင် ကချင်နယ်စပ်ရေးရာတာဝန်ရှိသူများနှင့် KIO/KIA အဖွဲ့တို့ပါဝင်သော ပဋိပက္ခပူးတွဲဖြေရှင်းရေးကော်မတီ (JCRC) တစ်ရပ် ဖွဲ့စည်းနိုင်ခြင်းမှတစ်ဆင့် ယင်းသို့ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ မေ ၂၈ ရက်က မြစ်ကြီးနားတွင် KIO နှင့် UPWCI တို့အကြား တရားမဝင်ဆွေးနွေးပွဲတစ်ခုမှတစ်ဆင့် ယင်းသို့ JCRC အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်သည်။ JCRC ၏ရည်ရွယ်ချက်မှာ KIA နှင့် အစိုးရတပ်ဖွဲ့တို့အကြား ပဋိပက္ခများကို ကြားဝင်စေ့စပ်ပေးရန်နှင့် တိုက်ပွဲဖြစ်ပွားမှုကို လျှော့ချရန်ဖြစ်သည်။ JCRC တွင် နှစ်ဖက်လုံးမှ အဆင့်တူသည့်ကိုယ်စားလှယ်များ ပါဝင်သည်။ဗိုလ်မှူးကြီး သန်းအောင်က အစိုးရကိုယ်စားလှယ်အဖွဲ့ကိုဦးဆောင်ပြီး ဗိုလ်မှူးကြီးဇော်ထွမ်းက KIO ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သည်။ စတင်ဖွဲ့စည်းချိန်မှစ၍ JCRC အနေဖြင့် ပုံမှန်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ပဋိပက္ခများကို လျှော့ချရန်ရည်ရွယ်ကာ သတင်းအချက်အလက်များကိုဝေမျှခြင်းနှင့် ဆွေးနွေးခြင်းများပြုလုပ်ကြသည်။ မြစ်ကြီးနားရှိ

---

၁၁။ ခေါ်နူသုန်သတင်း၊ ထန်တလန်းမြို့တွင် ချင်းအပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုရုံးကို ဖွင့်လှစ်ခဲ့သည်။ ဇွန် ၂၀၊ ၂၀၁၄၊ web ။

၁၂။ ကချင်သတင်းအဖွဲ့၊ မြန်မာတပ်မတော်နှင့် KIO အကြားတိုက်ပွဲများအကြီးအကျယ်လျော့ကျကြောင်း KIO ဆို၊ စက်တင်ဘာ ၆၊ ၂၀၁၄၊ web ။

KIO နည်းပညာအကြံပေးအဖွဲ့ အခြေပြု လဖိုင်ဝွမ်ဂျာက အောက်ပါအတိုင်းဆိုခဲ့သည်။ "ဩဂုတ်လမှာ အစိုးရနဲ့ KIO ကြား တိုက်ပွဲမရှိသလောက်နီးပါးပါပဲ။ ၉၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါတယ်" [၅၂] ကချင်ပြည်နယ်တွင် တိုက်ပွဲများလျော့ကျလာခြင်းနှင့် KIA နှင့်မြန်မာအစိုးရအကြားဆက်ဆံရေး တိုးတက်ကောင်းမွန်လာခြင်းတို့ကြောင့် ရလဒ်တစ်ခုအနေဖြင့် ဖားကန့်ကျောက်စိမ်းတွင်းကို စက်တင်ဘာလ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ KIO ဌာနချုပ်ရှိရာ လိုင်ဇာတွင် ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိ တိုင်းရင်းသားလက်နက်ကိုင်များ၏ ဒုတိယအကြိမ်မြောက် တိုင်းရင်းသားညီလာခံကျင်းပခြင်းကို အစိုးရက အသိအမှတ်ပြုလက်ခံခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှကိုယ်စားလှယ်များသည် လိုင်ဇာသို့သွားလာရာတွင် နယ်စပ်လမ်းမှတစ်ဆင့် သွားလာခြင်းထက် ပြည်တွင်းရှိမြို့ကြီးများမှ တစ်ဆင့်သွားလာခဲ့ကြခြင်း ဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်မှတ်ရေးထိုးလိုက်ချိန်မှစတင်ကာ ထိုင်းနှင့်မြန်မာနယ်စပ်ကုန်သွယ်ရေး ပိုမိုလွယ်ကူမြန်ဆန်လာပြီး ကူးသန်း ရောင်းဝယ်သည့်ပမာဏလည်း သိသိသာသာများပြားလာခဲ့သည်။ ထို့အပြင် ပဋိပက္ခဖြစ်ပွားရာဒေသများမှ ဒေသခံများအနေ ဖြင့်လည်း ယခင်က အခြေအနေများနှင့် နှိုင်းယှဉ်ပါက စစ်ဘက်ဆိုင်ရာလုပ်ငန်းစဉ်များတွင်ပါဝင်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ သိသိသာသာလျော့ကျသွားခဲ့သည်။ MPSI အဖွဲ့၏ စစ်တမ်းကောက်ယူမှုများနှင့် တွေ့ဆုံမေးမြန်းမှုများ အရလည်းကောင်း၊ TBC ၊ မီဒီယာအစီရင်ခံစာများနှင့် ဒေသန္တရအဖွဲ့အစည်းများ၏ အဆိုအရလည်းကောင်းဒေသခံများ အနေဖြင့် ပိုမို၍လွပ်လပ်စွာသွားလာနိုင်ပြီး လုံခြုံရေးအတွက် စိုးရိမ်ကြောင့်ကြမှု ကင်းကင်းဖြင့် အလုပ်လုပ်နိုင်ကာ အမျိုးမျိုးသောလက်နက်ကိုင်အဖွဲ့များကို ဆက်ကြေးပေးရန်မလိုတော့ဟု သိရသည်။

## အနုတ်လက္ခဏာဆောင်သည့်အကျိုးသက်ရောက်မှုများ – ဆက်လက်ဖြစ်ပွားနေဆဲတိုက်ပွဲများ

NCCT နှင့် UPWC တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် မူတစ်မူတည်းသဘောတူညီချက်ကို မူကြမ်းရေးဆွဲရန်သဘောတူထားသော်လည်း တိုင်းရင်းသားများနေထိုင်သည့်ဒေသများတွင် လက်နက်ကိုင်တိုက်ပွဲများ ဆက် လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ ရှမ်းပြည်နယ်မှလွဲ၍ အခြားသောဒေသများတွင် တိုက်ပွဲများ ကျဲပါးသွားခဲ့သည်။ သို့သော် အစိုးရအပေါ် တိုင်းရင်းသားလက်နက်ကိုင်များ၏ သံသယများပိုမိုကြီးထွားလာခဲ့သည်။ အကြောင်းမှာ အတုအယောင် ဖွံ့ဖြိုးရေးခေါင်းစဉ်အောက်တွင် အစိုးရတပ်ဖွဲ့ဝင်များက တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ထားသည့်နယ်မြေများရှိ တိုင်းရင်းသားလက်နက်ကိုင်စခန်းများသို့ဦးတည်သောလမ်းများကို တည်ဆောက်လိုက်ခြင်းနှင့် ရှေ့တန်းတွင် ကွန်ကရစ်ဘန်ကာသစ်များဆောက်လုပ်ခြင်း၊ တပ်ကူများပိုမိုစေလွှတ်ခြင်းနှင့် လက်နက်ခဲယမ်းများ ပိုမိုပေးပို့ခြင်း စသည်တို့ကြောင့် ဖြစ်သည်။ မြန်မာစစ်တပ်အနေဖြင့် နည်းဗျူဟာအသာစီးရရှိစေရန် အပစ်အခတ်ရပ်စဲရေးအပေါ် အမြတ်ထုတ်လျက်ရှိသည်ဟု တိုင်းရင်းသားလက်နက်ကိုင်များက ရှုမြင်ကြသည်။

မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်ရေးအဖွဲ့ (MPM)၏အဆိုအရ ကရင်ပြည်နယ်၊ ပဲခူးတိုင်းအရှေ့ပိုင်းနှင့် တနင်္သာရီ ဒေသများတွင် ထိပ်တိုက်တွေ့ဆုံမှုများ ပိုမိုနည်းပါးသွားသော်လည်း ကချင်ပြည်နယ်တွင် KIA နှင့် မြန်မာစစ်တပ်အကြား၊ ရှမ်းပြည်နယ်တွင် TNLA ၊ MNDAA ၊ SSPP ၊ RCSS နှင့် မြန်မာစစ်တပ်အကြား ထိပ်တိုက်တွေ့ဆုံသည့် တိုက်ပွဲများ ရာနှင့်ချီဖြစ်ပွားခဲ့သည်။ သို့သော်လည်း အမှန်တကယ်ဖြစ်ပွားသည့်တိုက်ပွဲအရေအတွက်မှာမူ သတင်းမီဒီယာများတွင် ဖော်ပြအစီရင်ခံသည့်အရေအတွက်ထက် ပိုမိုကျော်လွန်ဖွယ်ရှိပါသည်။ ရင်ဆိုင်တိုက်ပွဲများအပြင်ဗုံးပေါက်ကွဲမှုနှင့် မြေမြှုပ်မိုင်းပေါက်ကွဲမှုများကလည်း များစွာရှိခဲ့ပါသည်။

### ဇယား (၂) - ၂၀၁၄ ခုနှစ်အတွင်း တိုင်းရင်းသားပြည်နယ်များတွင် တိုက်ပွဲဖြစ်ပွားမှုများ

| စဉ် | ပြည်နယ် | တိုက်ပွဲများ (မီဒီယာမှတ်တမ်း) |
|---|---|---|
| ၁ | ကချင် | ၇၃ (KIA) |
| ၂ | ကယား | ၀ |
| ၃ | ကရင် | ၁၃ (KNU၄ DKBA) |
| ၄ | ချင်း | ၀ |
| ၅ | မွန် | ၃ (DKBA) |
| ၆ | ရခိုင် | ၃ (RSO) |
| ၇ | ရှမ်း | ၁၄၈ (TNLA၄ MNDAA၄ SSPP၄ RCSS) |
| ၈ | ပဲခူး | ၁ (KNU) |
| ၉ | တနင်္သာရီ | ၁ (KNU) |

*မှတ်ချက်။ ။ MPM သည် ၂၀၁၄ ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မြန်မာအစိုးရတပ်ဖွဲ့ဝင်များအကြား ထိပ်တိုက်တွေ့ဆုံမှုများကို မှတ်တမ်းတင်ခဲ့ပါသည်။ အောက်တိုဘာလအတွင်း တိုက်ပွဲ ၂၅ ကြိမ်ဖြစ်ပွားခဲ့သည်ဟု SSPP က အခိုင်အမာဆိုခဲ့ပါသည်။ သို့သော် မီဒီယာများတွင်ဖော်ပြချက်အရ MPM အနေဖြင့် တိုက်ပွဲလေးပွဲသာ မှတ်တမ်းတင်ခဲ့ပါသည်။ ဧပြီလအတွင်း တိုက်ပွဲ ၁၅ ပွဲဖြစ်သည်ဟု KIA က အခိုင်အမာဆိုပါသည်။ သို့သော် MPM က တိုက်ပွဲခုနစ်ပွဲသာ မှတ်တမ်းတင်ခဲ့ပါသည်။*


### ဇယား (၃) - ၂၀၁၄ ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရတပ်ဖွဲ့ဝင်များ၏ တိုက်ပွဲဖြစ်ပွားမှုများ

| စဉ် | အဖွဲ့အစည်း | တိုက်ပွဲများ | တိုင်းရင်းသား လက်နက်ကိုင်များ၏ ပြောဆိုမှု | မှတ်ချက် |
|---|---|---|---|---|
| ၁ | KIA | ၇၃ | | ဧပြီလတွင် တိုက်ပွဲ ၁၅ ပွဲဖြစ်သည်ဟု KIA က ဆိုသော်လည်း MPM က တိုက်ပွဲလေးပွဲသာ မှတ်တမ်းတင်ခဲ့သည်။ |
| ၂ | RSO | ၃ | - | |
| ၃ | SSPP | ၁၇ | ၁၀၀+ | အောက်တိုဘာပထမပတ်တွင် တိုက်ပွဲ ၂၅ ပွဲဖြစ်သည်ဟု SSPP က ဆိုသော်လည်း MPM က တိုက်ပွဲလေးပွဲသာ မှတ်တမ်းတင်ခဲ့သည်။ |
| ၄ | RCSS | ၁၃ | ၂၁ | ၂၀၁၄ တွင် တိုက်ပွဲ ၂၁ ပွဲဖြစ်သည်ဟု RCSS က ဆိုသည်။ |
| ၅ | TNLA | ၁၁၈ | ၂၀၀+ | ၂၀၁၄ တွင် တိုက်ပွဲ ၂၀၀ ကျော်ဖြစ်သည်ဟု TNLA က ဆိုသည်။ |


| | | | | |
|---|---|---|---|---|
| ၆ | MNDAA* | ၁၅၈ | - | TNLA နှင့် KIA အပါအဝင် FUAနှင့်တွဲ၍ |
| ၇ | KNU | ၅ | - | |
| ၈ | DKBA | ၁၃ | - | |
| ၉ | CNF | ၀ | - | |
| ၁၀ | NMSP | ၀ | - | |
| ၁၁ | KNPP | ၀ | - | |
| | Total | ၂၄၂ | - | မြန်မာနိုင်ငံရှိ သတင်းမီဒီယာများတွင် ၂၀၁၄ ခုနှစ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်များနှင့် မြန်မာတပ်မတော်အကြားစုစုပေါင်း တိုက်ပွဲ ၂၄၂ ပွဲဖြစ်ပွားသည်ဟု ဖော်ပြပါသည်။ သို့သော် အမှန်တကယ်တိုက်ပွဲဖြစ်ပွားသည့်အရေအတွက်သည် မီဒီယာမှတ်တမ်းများထက် ပိုမိုများပြားနိုင်ပါသည်။ |

**MNDAA သည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့မှစတင်ကာ မြန်မာစစ်တပ်နှင့် နေ့စဉ်နီးပါးတိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။*

ပုံ (၁) - ၂၀၁၃ ခုနှစ်အတွင်း တိုက်ပွဲများ




ပုံ (၂) - ၂၀၁၄ ခုနှစ်အတွင်း တိုက်ပွဲများ




*မှတ်ချက်။ ။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် မြန်မာစစ်တပ်အကြားအမှန်တကယ်ဖြစ်ပွားသည့် တိုက်ပွဲအရေအတွက်သည် မီဒီယာများတွင်ဖော်ပြသော တိုက်ပွဲအရေအတွက်ထက် ပိုမိုများပြားပါသည်။ မြန်မာငြိမ်းချမ်းရေးစောင့်ကြည့်ရေးအဖွဲ့ (MPM) သည် ပြည်တွင်းနှင့် နိုင်ငံတကာမီဒီယာနှစ်ခုလုံးတွင် အစီရင်ခံဖော်ပြသည့်အချက်အလက်များကို စုဆောင်းခဲ့ပြီး အစိုးရမဟုတ်သော လက်နက်ကိုင်များထံမှ တရားဝင်အချက်အလက်များကို ရရှိသည့်အခါတွင်လည်း ထည့်သွင်းစုဆောင်းခဲ့ပါသည်။*

ကျွန်ုပ်တို့၏ စောင့်ကြည့်လေ့လာမှုအရ မြန်မာနိုင်ငံ၏အနောက်ပိုင်းတွင် လက်နက်ကိုင်တိုက်ပွဲများ မရှိခဲ့ပါ။ အဆိုပါ ဒေသတွင် NSCN-K ၊ CNF နှင့် ALP အဖွဲ့တို့၏ စစ်ဘက်စခန်းများရှိနေပါသည်။ နိုင်ငံ၏အနောက်ပိုင်း ဒေသတွင်သာမက တောင်ပိုင်းတွင်လည်း အခြေအနေများက လွန်စွာတည်ငြိမ်လျက်ရှိပြီး ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ်သာ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ KNU လှုပ်ရှားသည့်ဒေသတွင် တိုက်ပွဲအနည်းငယ်သာဖြစ်ပွားခဲ့ခြင်းက KNU နှင့် မြန်မာစစ်တပ်အကြား ဆက်ဆံရေး တစ်စတစ်စပိုမိုတိုးတက်ကောင်းမွန်လာသောအချက်ကို ပြသနေပါသည်။ ၂၀၁၄ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးကျောက်ကြီးဒေသတွင် တိုက်ပွဲတစ်ကြိမ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် တိုက်ပွဲတစ်ကြိမ်နှင့် ကရင်ပြည်နယ်တွင် အထူးသဖြင့် KNU တပ်မဟာ ၅ တပ်စွဲသည့် ဒေသများတွင် တိုက်ပွဲသုံးကြိမ်သာဖြစ်ပွားခဲ့ပါသည်။

သို့သော်လည်း အစိုးရနှင့် DKBA တပ်ဖွဲ့ဝင်များအနေဖြင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်နှစ်ခုလုံးတွင်

အကြိမ်များစွာ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ နားလည်မှုလွဲမှားမှုမှတစ်ဆင့် စက်တင်ဘာလအတွင်း မွန်ပြည်နယ်တွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ဒေသခံများစွာအနေဖြင့် တိုက်ပွဲဖြစ်ပွားသည့်ဧရိယာမှ ထွက်ပြေးကြရပြီး စာသင်ကျောင်းအချို့ကိုလည်း ပိတ်ထားခဲ့ရသည်။ DKBA နှင့်မြန်မာစစ်တပ်သည် တိုက်ပွဲများပေါ်ပေါက်မှုနှင့်ပတ်သက်၍ တစ်ဖက်နှင့်တစ်ဖက်အပြစ်တင်ပြောဆိုခဲ့ကြသည်။ သို့သော်လည်း စက်တင်ဘာလမှစတင်ကာ တိုက်ပွဲများ ထပ်မံဖြစ်ပွားခြင်း မရှိတော့ပေ။

တိုက်ပွဲများစွာတွင် RCSS အဖွဲ့ ပါဝင်ခဲ့သော်လည်း ယခင်နှစ်ကဖြစ်ပွားခဲ့သောတိုက်ပွဲအရေအတွက်နှင့် နှိုင်းယှဉ်ပါကလွန်စွာနည်းပါးသွားခဲ့ပေသည်။ ကျွန်ုပ်တို့ (MPM) အဖွဲ့က RCSS နှင့်အစိုးရတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲ ၁၃ ပွဲ မှတ်တမ်းတင်ခဲ့ပြီး တစ်ဖက်တွင် RCSS အဖွဲ့က တိုက်ပွဲ ၂၁ ပွဲဖြစ်ကြောင်းထုတ်ပြန်ခဲ့သည်။ အဆိုပါတိုက်ပွဲများကြောင့်မြန်မာစစ်တပ်ဘက်မှ ၄၇ ဦး ကျဆုံးပြီး ၃၀ ဦး ဒဏ်ရာရရှိကာ RCSS ဘက်မှ ၅ ဦးကျဆုံး၍ ၃ ဦး ဒဏ်ရာရရှိခဲ့သည်။[၁၃] တိုက်ပွဲ ၈၆ ပွဲဖြစ်ပွားခဲ့သည့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ယင်းမှာ သိသိသာသာ လျော့ကျသွားခြင်းဖြစ်သည်။ RCSS နှင့် မြန်မာစစ်တပ်အကြား တစ်ခါတစ်ရံတင်းမာမှုများရှိသော်လည်း ရှမ်းပြည်တောင်ပိုင်းတွင် အခြေအနေများ တစ်စတစ်စဖြင့် ပိုမိုတိုးတက်ကောင်းမွန်လာလျက်ရှိသည်။

၂၀၁၄ တွင် ရှမ်းပြည်နယ်၌ အပြင်းထန်ဆုံးတိုက်ပွဲဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲတွင် SSPP ၊ TNLA၊ KIA နှင့် MNDAA တို့ ပူးပေါင်းပါဝင်ခဲ့သည်။ UNFC က ဖွဲ့စည်းထူထောင်ခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် (FUA) သည် ၂၀၁၃ နှစ်ကုန်ပိုင်းတွင် KIA ထိန်းချုပ်ထားသော ဧရိယာ၌ မြောက်ပိုင်းဒေသစစ်ဌာနချုပ်ကို ဖွင့်လှစ်ခဲ့သည်။ အဆိုပါဒေသတွင် တိုင်းရင်းသားလက်နက်ကိုင်မဟာမိတ်အဖွဲ့နှင့် အစိုးရတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများစွာ ဖြစ်ပွားခဲ့သည်။ SSPP အဖွဲ့အနေဖြင့် အစိုးရတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲ ၁၇ ကြိမ်ဖြစ်ပွားခဲ့သည်ဟု ကျွန်ုပ်တို့ မှတ်တမ်းတင်ခဲ့ကြသည်။ သို့သော်လည်း SSPP အဖွဲ့က ၎င်းတို့အနေဖြင့် တာဖာဆောင်တံတားဒေသတွင်ဖြစ်ပွားသော ပြင်းထန်သည့် တိုက်ပွဲအပါအဝင် အစိုးရနှင့်တိုက်ပွဲပေါင်း ၁၀၀ ကျော်ဖြစ်ခဲ့သည်ဟုဆိုခဲ့သည်။ တာဖာဆောင်ဒေသမှ ပြန်လည်ရုပ်သိမ်းရန်အစိုးရကထုတ်ပြန်သည့်ရာဇသံကို SSPP အဖွဲ့ကပယ်ချပြီးနောက် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းနောက် အောက်တိုဘာလဆန်းပိုင်းတွင် မြန်မာစစ်တပ်က တာဖာဆောင်ဒေသရှိ SSPP အဖွဲ့ကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ ယင်းကြောင့် အဆိုပါဒေသရှိဒေသခံများစွာတို့ဖြင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကိုခံစားကြရသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းတွင် တရားဥပဒေပြင်ပကွပ်မျက်ခံရခြင်းနှင့် စီရင်ချက်မချဘဲ ဖမ်းဆီးထိန်းသိမ်းခံရခြင်းတို့ပါဝင်သည်။ SSPP ၏ အဆိုအရ ၄ ရက်အတွင်း တိုက်ပွဲ ၂၅ ကြိမ်ဖြစ်ပွားခဲ့သည်ဟု သိရသည်။ နောက်ဆုံးတွင် မြန်မာစစ်တပ်အနေဖြင့် တာဖာဆောင်တံတားနှင့် အနီးရှိမဟာဗျူဟာမြောက်နေရာကို သိမ်းပိုက်နိုင်ခဲ့သည်။

ကချင်ပြည်နယ်တွင် KIA နှင့် မြန်မာစစ်တပ်အကြား ၂၀၁၁ ခုနှစ်မှစတင်၍ တိုက်ပွဲအကြိမ်ရေ ထောင်နှင့်ချီ ဖြစ်ပွားခဲ့သည်။ သို့သော်လည်း တိုက်ပွဲဖြစ်ပွားသည့် အကြိမ်အရေအတွက် တစ်စတစ်စလျော့ကျလာခဲ့ပြီး ၂၀၁၃ တွင် ကချင်ပြည်နယ်နှင့် KIA တပ်မဟာ ၄ တပ်စွဲထားသည့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် တိုက်ပွဲအကြိမ်ရေ ၁၅၀၀ အောက်သာရှိခဲ့သည်။ ၂၀၁၄ တွင် KIA နှင့် မြန်မာစစ်တပ်အကြား ဖြစ်ပွားသည့်တိုက်ပွဲအရေအတွက် သိသိသာသာလျော့ကျသွားခဲ့သည်။ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၏ အဆိုအရ ကချင်ပြည်နယ်တစ်ခုတည်းတွင် KIA နှင့် အစိုးရစစ်တပ်အကြား တိုက်ပွဲ ၆၈ ကြိမ်သာဖြစ်ပွားခဲ့သည်ဟု သိရသည်။ သို့သော်လည်း ကချင်နှင့်ရှမ်းပြည်နယ်တို့တွင် KIA နှင့် အစိုးရစစ်တပ်အကြား ဖြစ်ပွားသည့်တိုက်ပွဲစုစုပေါင်း ၇၃ ပွဲရှိသည်ဟု MPM က မှတ်တမ်းပြုထားသည်။ အမှန်တကယ်တွင် ကျွန်ုပ်တို့မှတ်တမ်းတင်ထားသည့်ထက်ပင် တိုက်ပွဲအရေအတွက် ပိုမိုများပြားဖွယ်ရှိပေသည်။ သို့သော်လည်း တိုက်ပွဲဖြစ်ပွားသည့်အရေအတွက် ထောင်နှင့်ချီရှိနေရာမှ တိုက်ပွဲအရေအတွက် ၁၀၀ အောက်အထိ လျော့ကျသွားခဲ့ခြင်းမှာ ကြီးမားသည့်အောင်မြင်မှုကြီးတစ်ခုပင်ဖြစ်သည်။ ယင်းမှာ မေ ၂၈ ရက်က ထူထောင်လိုက်သည့် ပဋိပက္ခပူးပေါင်းဖြေရှင်းရေးကော်မတီ (JCRC)[၁၄] နှင့်လည်း တစ်စိတ်တစ်ဒေသအားဖြင့် ပတ်သက်နေသည်ဟု ဆိုနိုင်ပါသည်။ အဆိုပါကော်မတီတွင် KIA နှင့်အစိုးရတို့ဘက်မှ အဖွဲ့ဝင် ၅ ဦးစီပါရှိပြီး နိုဝင်ဘာနှင့် ဒီဇင်ဘာ

---

၁၃။ Shan Herald သတင်းအေဂျင်စီ၊ တိုက်ပွဲများလျော့ကျ၊ တင်းမာမှုများတိုးလာ၊ RCSS/SSA ၊ ဇန်နဝါရီ ၁၆၊ ၂၀၁၅၊ web ။

၁၄။ ကချင်သတင်းအဖွဲ့၊ မြန်မာတပ်မတော်နှင့် KIO အကြားတိုက်ပွဲများအကြီးအကျယ်လျော့ကျကြောင်း KIO ဆို၊ စက်တင်ဘာ ၆၊ ၂၀၁၄၊ web ။

လမှလွဲ၍ လစဉ်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့သည်။

TNLAအဖွဲ့သည် ရှမ်းပြည်မြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများစွာ ဖြစ်ပွားခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်း တိုက်ပွဲ ၁၁၈ ပွဲဖြစ်ပွားခဲ့သည်ဟု MPM က မှတ်တမ်းတင်ခဲ့သော်လည်း PSLF အဖွဲ့၏နိုင်ငံခြားဆက်ဆံရေး တာဝန်ခံတာပန်လှ၏အဆိုအရ တိုက်ပွဲ ၂၀၀ ကျော်ရှိခဲ့သည်ဟု သိရသည်။ (TNLA သည် FUA အဖွဲ့ဝင်ဖြစ်သည်။) မြန်မာစစ်တပ်နှင့် တိုက်ပွဲဖြစ်ရသည့်နောက်ကွယ်အကြောင်းအရင်းမှာ TNLAအဖွဲ့က ယင်းတို့လှုပ်ရှားနေသည့် နမ့်ခမ်း၊ မိုင်းတုံ၊ မူဆယ်၊ နမ့်ဆန်၊ ကျောက်မဲ၊ ကွတ်ခိုင်၊ မိုးကောင်း၊ မိုးမိတ်နှင့် မိုးကုတ်မြို့တို့တွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလှုပ်ရှားမှု ပြုလုပ်ခြင်းနှင့် ဧကထောင်နှင့်ချီသော ဘိန်းစိုက်ခင်းများကို ဖျက်ဆီးပစ်ခြင်းကြောင့်ဖြစ်သည်ဟု PSLF ကဆိုသည်။ ဘိန်းထုတ်လုပ်ခြင်းကို "ပြည်သူ့စစ်အဖွဲ့များ" (PMFs)က ဦးစီးပြုလုပ်ခြင်းဖြစ်သည်ဟု TNLA အဖွဲ့က ဆိုသည်။ အဆိုပါပြည်သူ့စစ်အဖွဲ့များကို မြန်မာစစ်တပ်က ထောက်ခံအားပေးထားခြင်းဖြစ်သည်။ ယင်းအဖွဲ့များသည် ဘိန်းစိုက်ပျိုးခြင်း၊ ဘိန်းချက်ခြင်း၊ ရောင်းဝယ်ခြင်း၊ အခွန်ကောက်ခံခြင်းစသောလုပ်ငန်းများတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေကြသည်ဟု ဆိုသည်။ TNLA နှင့် မြန်မာစစ်တပ်အကြားသဘောတူထားသည့် နယ်မြေသတ်သတ်မှတ်မှတ်မရှိသည့်အချက်က လက်ရှိဆက်လက်ပေါ်ပေါက်နေသည့် ပဋိပက္ခအကြောင်းကို ကူညီရှင်းပြပေးနိုင်ဖွယ်ရှိပါသည်။

၂၀၀၉ ခုနှစ်အတွင်း ကိုးကန့်အပစ်အခတ်ရပ်စဲရေးအဖွဲ့ကို မြန်မာစစ်တပ်က တိုက်ခိုက်ပြီးနောက် ဖုန်ကြားရှင်ဦးဆောင်သော MNDAA အဖွဲ့တောခိုသွားခဲ့သည်။ ဖုန်ကြားရှင်သည် နောက်ပိုင်းတွင် သူ၏တပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၂ တွင် MNDAA ကို UNFC ၌ အဖွဲ့ဝင်အဖြစ်လျှောက်ထားခဲ့ရာ လေ့လာသူဖြစ်လာခဲ့ပြီး ၂၀၁၃ အတွင်း KIO ဌာနချုပ်၌ လိုင်ဇာတိုင်းရင်းသားညီလာခံကျင်းပပြီးနောက် အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းတွင် MNDAA သည် FUAနှင့်အတူ စစ်ဆင်ရေးများ စတင်ပြုလုပ်ခဲ့သည်။ [၁၅] KIA ၊ TNLA ၊ SSPP နှင့် MNDAA တို့သည် ရှမ်းပြည်မြောက်ပိုင်းတွင် မြန်မာစစ်တပ်နှင့်တိုက်ပွဲဖြစ်နေသည့် အဓိကအဖွဲ့များ ဖြစ်သည်။ MNDAA သည် ကိုးကန့်ဒေသသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ဖေဖော်ဝါရီတွင် စစ်ရေးလှုပ်ရှားမှုများကို စတင်ပြုလုပ်ခဲ့သည်။ ထိုအချိန်မှစ၍ MNDAA နှင့်မြန်မာစစ်တပ်သည် ကိုးကန့်ဒေသတွင် နေ့စဉ်နီးပါး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်တိုက်ခိုက်လျက်ရှိသည်။ MRTV ၏ ဖော်ပြချက်အရ ၂၀၁၅ ဖေဖော်ဝါရီ ၉ ရက်နေ့မှ ဧပြီ ၁၆ ရက်အကြား MNDAA နှင့် မြန်မာစစ်တပ်တို့တိုက်ပွဲ ၂၅၃ ကြိမ်ဖြစ်ပွားခဲ့သည်ဟု သိရသည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆွေးနွေးရန် MNDAA ၏အဆိုကို UPWC က ပယ်ချလိုက်ခြင်းသည် ကိုးကန့်ဒေသတွင် တိုက်ပွဲကာလကိုရှည်ကြာသွားစေခြင်း ဖြစ်ဖွယ်ရှိပါသည်။

KIA ထိန်းချုပ်နယ်မြေအခြေစိုက် ရခိုင်တပ်မတော် (AA) သည် ကချင်ပြည်နယ်တွင် KIA နှင့်အတူ တိုက်ခိုက်လျက်ရှိသည်။ ၂၀၁၃ နိုဝင်ဘာတွင် လိုင်ဇာ၌ တိုင်းရင်းသားညီလာခံကျင်းပပြီးနောက် AA အဖွဲ့ ကိုယ်စားလှယ်တစ်ဦး NCCT တွင်ပါဝင်ခဲ့သည်။ MPM ၏ စောင့်ကြည့်လေ့လာမှုအရ AA အဖွဲ့ဝင်များသည် ၂၀၁၄ တွင် ကချင်ပြည်နယ်၌ KIA အဖွဲ့နှင့်အတူ မြန်မာစစ်တပ်ကို တိုက်ခိုက်ခဲ့ပြီး ၂၀၁၅ တွင် ကိုးကန့်ဒေသ၌ FUA နှင့်အတူ မြန်မာစစ်တပ်ကို တိုက်ခိုက်ခဲ့သည်။ AA နှင့် မြန်မာစစ်တပ်သည် ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်တွင်လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့တွင်လည်းကောင်း ၂၀၁၅ မတ် ၂၉ ရက်၊ ဧပြီ ၁၀ ရက်၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ AA အဖွဲ့သည် KIAထိန်းချုပ်နယ်မြေတွင် ထူထောင်ခြင်းနှင့် အဆိုပါဒေသတွင်လှုပ်ရှားနေခြင်းတို့ကြောင့် ဆွေးနွေးရမည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် UPWC က အသိအမှတ်ပြုခြင်းမရှိပေ။ ထို့ကြောင့် AA အဖွဲ့အနေဖြင့် နိုင်ငံရေးအရအသိအမှတ်ပြုခံရရန် လိုအပ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခများ မြန်မာနိုင်ငံအနောက်ပိုင်းဒေသတွင် ဆက်လက်ဖြစ်ပေါ်ဖွယ်ရှိပါသည်။

---

၁၅။ ဖက်ဒရယ်တပ်မတော်အတွက် FUA ရပ်တည်သည်။ FUA သည် KIA ထိန်းချုပ်ဒေသတွင် မြောက်ပိုင်းစစ်ဌာနချုပ်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ KIA၊ TNLA၊ AA၊ MNDAAနှင့် SSPP တို့အနေဖြင့် FUA ၏မြောက်ပိုင်းစစ်ဌာနချုပ်တွင် ပူးပေါင်းပါဝင်လာကြသည်။ FUA သည် တောင်ပိုင်းစစ်ဌာနချုပ်ကိုလည်းဖွင့်လှစ်နိုင်ခဲ့သည်။ KNLA မှ ဗိုလ်ချုပ်ဘောကျော်ဟဲသည် FUA ၏ တောင်ပိုင်းစစ်ဌာနချုပ်၏တပ်မှူးဖြစ်သည်။

ဇယား (၄) - အပစ်အခတ်ရပ်စဲထားခြင်းမရှိသည့်အဖွဲ့များအကြား တိုက်ပွဲများနှိုင်းယှဉ်ချက်

| လက်နက်ကိုင်အဖွဲ့ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | နေရာ |
|---|---|---|---|---|
| KIA | <၂၄၀၀ (၂၀၁၁ ခုနှစ် ဇွန်လမှစ၍) | < ၁၅၀၀ | ၇၃* ၆၈ (အစိုးရ၏ အဆို) ၁၀၀+^ | ကချင်ပြည်နယ်တွင်ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ ဖားကန့်၊ ကာမိုင်း၊ အင်ဂျန်ယန်း၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ လိုင်ဇာနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မုန်းကိုး၊ ပန်ဆိုင်း |
| TNLA | ၈၀+ | ၄၂* ၁၂၀+^ | ၁၁၃ * ၂၀၀+^ | နမ့်ခမ်း၊ မိုင်းတုံ၊ မူဆယ်၊ နမ့်ဆန်၊ နမ္မတူ၊ ကျောက်မဲ၊ ကွတ်ခိုင်၊ မိုးနဲ၊ နောင်ချို၊ သိန္နီ၊ တာမိုးညေး၊ မိုးမိတ်နှင့် မိုးကုတ်မြို့နယ် |
| MNAA** | - | - | ၁၅ * (FUA နှင့် အတူ) | ရှမ်းပြည်မြောက်ပိုင်းရှိ ကွမ်လုံ၊ ကွမ်ဂျင်၊ သိန္နီ (သီပေါ)၊ မုန်းကိုးနှင့် ကွတ်ခိုင် |
| AA*** | KIA နှင့်အတူ | KIA နှင့်အတူ | FUA နှင့်အတူ | ကချင်ပြည်နယ်၊ ကိုးကန့်ဒေသ၊ ပလက်ဝ၊ ကျောက်တော် |

** မီဒီယာမှတ်တမ်း။ ^အစိုးရမဟုတ်သော လက်နက်ကိုင်များ၏ပြောဆိုမှု-*

*(MNDAA** - MNDAA သည် ၂၀၁၄ ခုနှစ်တွင် ရှမ်းပြည်မြောက်ပိုင်း၌ FUA နှင့်အတူ မြန်မာစစ်တပ်ကိုတိုက်ခိုက်ခဲ့သည်။ MNDAA သည် ကိုးကန့်ဒေသ (ကိုးကန့်နှင့် လောက်ကိုင်မြို့နယ်များ)သို့ ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ဖော်ဖော်ဝါရီ ၉ ရက်မှစတင်၍ မြန်မာစစ်တပ်ကို တိုက်ခိုက်ခဲ့သည်။)*

*(AA*** - ရက္ခိုင့်တပ်မတော် (KIA ထိန်းချုပ်နယ်မြေအခြေစိုက်) သည် ၂၀၁၅ တွင် ကိုးကန့်ဒေသ၌ FUA နှင့်အတူ မြန်မာစစ်တပ်ကို တိုက်ခိုက်ခဲ့သည်။ ၂၀၁၅ ခုနှစ်မတ်လအတွင်း AA သည် ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်ကျောက်တော်မြို့တို့တွင် အစိုးရနှင့် တိုက်ပွဲများဖြစ်ခဲ့သည်။*


**ဇယား (၅) - အပစ်အခတ်ရပ်စဲထားသောအုပ်စုများအကြား တိုက်ပွဲများနှိုင်းယှဉ်ချက်**

| လက်နက်ကိုင်အဖွဲ့ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | တိုက်ပွဲဖြစ်ရာ (နေရာ) |
|---|---|---|---|---|
| RCSS/SSA | ၆၈^ | ၂၇*<br>၈၆^ | ၁၃*<br>၂၁^ | ပင်လောင်း၊ မိုင်းပန်၊ မိုင်းတုံ၊ မောက်မယ် (မောက်မိုင်)၊ လွိုင်လင်၊ မိုင်းယောင်း |
| SSPP/SSA | ၁၃၀^ | ၂၅*<br>၇၁^ | ၁၇*<br>၁၀၀+^ | နောင်ချို၊ ကျေးသီး၊ တန့်ယန်း၊ မိုင်းရှူး၊ သီပေါ၊ မိုင်းယိုင် |
| DKBA | ၁ | ၄ | ၁၃၈ | ကျိုက်မရော၊ ကော့ကရိတ်၊ ဖားအံ၊ ခမာမောင်း၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ လှိုင်းဘွဲ့ |
| KNU | ၆ | ၄ | ၅၈ | ကျောက်ကြီး၊ ဖားအံ၊ ဖာပွန်၊ ဘုတ်ပြင်း၊ ကျိုက်ထို၊ မြိတ် |
| NMSP | - | ၂ | ၀ | |
| KNPP | <၁၀ | ၀ | ၀ | |
| ABSDF | ABSDF-NB မြန်မာပြည်မြောက်ပိုင်းတွင် KIA နှင့်အတူ | ABSDF-NB မြန်မာပြည်မြောက်ပိုင်းတွင် KIA နှင့်အတူ | ABSDF-NB မြန်မာပြည်မြောက်ပိုင်းတွင် KIA နှင့်အတူ | |

***မီဒီယာမှတ်တမ်း** **^အစိုးရမဟုတ်သောလက်နက်ကိုင်များ၏ ပြောဆိုမှု**


တိုင်းရင်းသားလက်နက်ကိုင်များနှင့် မြန်မာစစ်တပ်အကြား တိုက်ပွဲငယ်များ ပြင်းထန်စွာဖြစ်ပွားလျက်ရှိသည်။ တိုက်ပွဲအများစုသည် ရှမ်းပြည်တွင်ဖြစ်ပွားခဲ့သည်။ MRTV ၏အဆိုအရ မြန်မာစစ်တပ်နှင့် MNDAA အဖွဲ့သည် တိုက်ပွဲစတင်ဖြစ်ပွားသည့် ဖေဖော်ဝါရီ ၉ ရက်မှ ၂၀၁၅ ဧပြီ ၁၆ ရက်အထိ အကြိမ်ပေါင်း ၂၅၃ ကြိမ် တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု သိရသည်။[၁၆] ၂၀၁၅ ဇန်နဝါရီမှ မတ်အတွင်း အစိုးရတပ်ဖွဲ့ဝင်များသည် TNLA နှင့် တိုက်ပွဲ ၅၀ ကျော်၊ SSPP နှင့် ၇ ပွဲ၊ RCSS နှင့် ၂ ပွဲ၊ DKBA နှင့် ၅ ပွဲ၊ KIO နှင့် ၅ ပွဲ၊ KNU နှင့် ၃ ပွဲ၊ အမည်မသိအဖွဲ့နှင့် ၆ ပွဲ ဟူ၍ ဖော်ပြခဲ့သည်။

၁၆။ မြဝတီ၊ မြန်မာစစ်တပ်သည် ရှင်ခေါက်ထန်းနှင့်ဆန်တာအိုက်ရှန်းတောင်တန်းဒေသရှိ MNDAA စခန်းကို သိမ်းပိုက်ခဲ့သည်။ ရွှေတီး၊ ဧပြီ ၁၆၊ ၂၀၁၅၊ web ။




ပုံ (၃) - ၂၀၁၄ ခုနှစ်တွင် တိုက်ပွဲများဖြစ်ပွားသည့်နေရာ

ပုံ (၄) - ရှမ်းပြည်နယ်မြောက်ပိုင်း၏ တိုက်ပွဲအခြေအနေပြမြေပုံ




## တိုက်ပွဲများဖြစ်ပွားရခြင်းနှင့် အပစ်အခတ်ရပ်စဲရေးချိုးဖောက်ရခြင်း အကြောင်းပြချက်များ

အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရအကြား ထိပ်တိုက်တွေ့ဆုံရသည့် အကြောင်းအရင်းများကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားနိုင်ပါသည်။

**ဇယား (၆) – တိုက်ပွဲများဖြစ်ပွားရခြင်းနှင့် အပစ်အခတ်ရပ်စဲရေးချိုးဖောက်ရခြင်း အကြောင်းပြချက်များ**

| | | |
|---|---|---|
| ၁ | မဟာဗျူဟာနှင့်စီးပွားရေးအရအကျိုးအမြတ်ရှိသော (မဟာဗျူဟာမြောက်တောင်တန်းများ၊ အဝေးပြေးလမ်းများ၊ ရေအားလျှပ်စစ် စီမံကိန်းများ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ | ● ဖားကန့်ဒေသ – ကျောက်စိမ်းတွင်းများ။ ယင်းမှာအစိုးရနှင့် KIA အတွက် စီးပွားရေးအရအရေးပါလှပေသည်။ KIA အတွက် ကျောက်စိမ်းတွင်းများမှာ အဓိကဘဏ္ဍာငွေရရှိရာ အရင်းအမြစ်များဖြစ်သည်။ အစိုးရအနေဖြင့်မူ တရားမဝင်စီးပွားရေးလုပ်ငန်းကို ကြိုတင်ကာကွယ်ရန်အတွက် အဆိုပါဒေသကို ထိန်းချုပ်ထားရန် လိုအပ်ပေသည်။<br>● ရှမ်းပြည်မြောက်ပိုင်း –ရွှေလီရေအားလျှပ်စစ်စီမံကိန်းများ၊ တရုတ်သို့ ဦးတည်သည့်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၊ ရှမ်းပြည်နယ်ရှိ တရုတ်–မြန်မာနယ်စပ် မူဆယ်မြို့မှ မြန်မာနိုင်ငံအလယ်ပိုင်းမန္တလေးသို့ဆက်သွယ်သည့် အဝေးပြေးလမ်းများကို ကာကွယ်စောင့်ရှောက်ရန် အစိုးရတပ်ဖွဲ့ဝင်များကို တာဝန်ပေးအပ်ထားသည်။<br>● အောက်တိုဘာလဆန်းပိုင်းက ကျေးသီးမြို့နယ်ရှိ SSPP အဖွဲ့ကို အစိုးရတပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ပြီး နောက်ဆုံးတွင် ရွှေလီမြစ်အနောက်ဘက်ကမ်းရှိ မဟာဗျူဟာမြောက်တောင်ကုန်းကို သိမ်းပိုက်နိုင်ခဲ့သည်။ UWSA အဖွဲ့၏လှုပ်ရှားမှုများကို တားဆီးရန်အတွက် အစိုးရတပ်ဖွဲ့ဝင်များက အဆိုပါဒေသကို သိမ်းပိုက်လိုခြင်းဖြစ်သည်။<br>● အစိုးရတပ်ဖွဲ့ဝင်များသည်ကိုးကန့်ဒေသရှိ MNDAA အဖွဲ့ကို တိုက်ခိုက်ခဲ့ပြီး ကိုးကန့်ဒေသရှိမဟာဗျူဟာမြောက်အရေးပါသော တောင်ကုန်းများကို သိမ်းပိုက်နိုင်ခဲ့သည်။ အစိုးရတပ်ဖွဲ့ဝင်များအနေဖြင့် UWSA၊ KIA နှင့် TNLA အဖွဲ့တို့အကြား ဆက်ဆံရေးကို ဆိုးရွားသွားစေလိုသည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။<br>● အစိုးရအနေဖြင့် တိုက်ပွဲဖြစ်ပွားရာဒေသများတွင် ကြီးမားသော ရေကာတာများကို တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိပြီး ယင်းက တိုင်းရင်းသားလက်နက်ကိုင်များနှင့် ထပ်မံ၍ တိုက်ပွဲများဖြစ်ပွားစေနိုင်ပါသည်။* |
| ၂ | သဘာဝသယံဇာတများကို ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှု | ● တိုင်းရင်းသားလက်နက်ကိုင်များနှင့် တိုင်းရင်းသားလူမှုအဖွဲ့အစည်းများက ၎င်းတို့အနေဖြင့် သဘာဝသယံဇာတများ၏ ပိုင်ရှင်အမှန်ဖြစ်သည်ဟု ခံယူထားသော်လည်း တပ်မတော်ခေါင်းဆောင်များကမူ သဘာဝသယံဇာတများကို နိုင်ငံတော်အစိုးရကသာ ဗဟိုမှချုပ်ကိုင်ပိုင်ဆိုင်သည်ဟု ရှုမြင်ကြသည်။ ပိုင်ဆိုင်မှုအပေါ်ခံယူချက်သဘောထားကွဲပြားခြင်းက ပဋိပက္ခတိုက်ပွဲများကို ဖြစ်ပေါ်စေခြင်း ဖြစ်သည်။ |

| | | |
|---|---|---|
| ၃ | တိုင်းရင်းသားလက်နက်ကိုင်များ၏ စီးပွားရေးလုပ်ရှားမှုများအပေါ် နှိမ်နင်းရန် အစိုးရ၏ ကြိုးပမ်းမှု (ဥပမာ-သစ်လုပ်ငန်း) | ● မြန်မာစစ်တပ်သည် တရားမဝင်လုပ်ရှားဆောင်ရွက်မှုများ၊ အထူးသဖြင့် တရုတ်သို့သစ်မှောင်ခိုတင်သွင်းနေမှုများကို နှိမ်နင်းရန်အတွက် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဒေသများသို့ ဝင်ရောက်ခဲ့ပြီး သတ်မှတ်ဧရိယာကျော်လွန်လာသည့် လက်နက်ကိုင်များကို တိုက်ခိုက်ခဲ့သည်။<br>● မြန်မာစစ်တပ်နှင့် KIA တို့သည် ကချင်ပြည်နယ် မန်စီမြို့နယ်ရှိ နမ်လင်ပ၊ ကွမ်လင်နှင့် မိုင်းဒိန်ပကျေးရွာများတွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ မြန်မာစစ်တပ်ကထုတ်ပြန်သည့်အကြောင်းပြချက်မှာ ၄င်းတို့အနေဖြင့် အဆိုပါဧရိယာ၌တရားမဝင်သစ်ထုတ်လုပ်နေမှုကို တားမြစ်ရန် ရည်ရွယ်သည်ဟူ၍ ဖြစ်သည်။ တရားမဝင်သစ်ခုတ်ခြင်းနှင့် သစ်လုံးများတင်ပို့နေခြင်းကို တပ်မတော်က တားဆီးကာကွယ်ရမည်ဟုအစိုးရကဆိုသည်။ သစ်တင်ပို့ခြင်းကို KIA က အကာအကွယ်ပေးထားပြီး အပြန်အလှန်အားဖြင့် အခွန်အတုပ်များကောက်ခံသည်ဟု အစိုးရက အခိုင်အမာဆိုသည်။ |
| ၄ | အစိုးရမဟုတ်သည့် တိုင်းရင်းသားလက်နက်ကိုင်များကို အမြစ်ဖြုတ်ရန် အစိုးရ၏ ကြိုးပမ်းမှု | ● အစိုးရတွင် ပိုင်နက်ချဲ့ထွင်ရေးမူဝါဒရှိပြီး ၄င်းတို့၏ဒေသများအထိ ချဲ့ထွင်၍ထိန်းချုပ်ရန်ဆန္ဒရှိနေသည်ဟု အစိုးရမဟုတ်သည့် လက်နက်ကိုင်များက ယူဆကြသည်။ မြန်မာ့တပ်မတော်အနေဖြင့် ပြည်တွင်းတိုက်ပွဲများတွင်အမြဲတမ်းခံစစ်အနေအထားဖြင့်သာ တုံ့ပြန်လေ့ရှိသည်ဟု ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆိုသည်။ ၄င်းက ပေါ်ပေါက်လာသည့် အကြမ်းဖက်ဖြစ်ရပ်တိုင်းနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို အပြစ်တင်ပြောဆိုခဲ့သည်။<br>● မြန်မာစစ်တပ်အနေဖြင့် “နိုင်ငံ၏မြေ တစ်ဖျာတစ်လက်မတိုင်း” ကိုကာကွယ်ရသည်ဟုဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆိုသည်။ |
| ၅ | ပြည်သူ့စစ်အဖွဲ့များ ဦးဆောင်သည့် ဘိန်းစိုက်ခင်းများကိုအမြစ်ဖြုတ်ဖျက်ဆီးရန်အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကြိုးပမ်းမှု | ● TNLA အဖွဲ့သည် အစိုးရကျောထောက်နောက်ခံ ပန်ဆေးပြည်သူ့စစ်အဖွဲ့နှင့် နမ့်ခမ်း၊မူဆယ်နှင့်ကွတ်ခိုင်မြို့နယ်များတွင် မကြာခဏ တိုက်ပွဲဖြစ်လေ့ရှိသည်။ ထို့ပြင် ရှမ်းပြည်မြောက်ပိုင်းတွင် TNLA အဖွဲ့၏မူးယစ်ဆေးဝါးနှိမ်နင်းမှုစစ်ဆင်ရေးကာလအတွင်း အစိုးရတပ်ဖွဲ့ဝင်များနှင့်လည်း တိုက်ပွဲများဖြစ်ပွားခဲ့သည်။ |

| | | |
|---|---|---|
| ၆ | တစ်ဖက်နှင့်တစ်ဖက် လှုပ်ရှားမှုများကို အယုံကြည်ကင်းမဲ့၍ သံသယ ဖြစ်လာခြင်း | ● ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးသီးမြို့နယ်ရှိ တာဖာဆောင်တံတားမှ SSPP အဖွဲ့ကို ဖယ်ရှားရန် မြန်မာစစ်တပ်က ညွှန်ကြားခဲ့သည်။<br>● ရှမ်းပြည်မြောက်ပိုင်းတွင် အစိုးရသစ်တောဌာနမှ တာဝန်ရှိသူများကို သတ်ခဲ့သည်ဟု မြန်မာစစ်တပ်က RCSS တပ်ဖွဲ့ဝင်များကို စွပ်စွဲခဲ့သည်။ နောက်ပိုင်းတွင် ရဲများက အမှန်တကယ်ကျူးလွန်သူများကို ဖမ်းဆီးရမိခဲ့ရာ RCSS အဖွဲ့က အစိုးရအဖွဲ့ထံမှ တောင်းပန်စကား ရရှိရန် ကြိုးပမ်းလျက်ရှိသည်။<br>● KNU တပ်မဟာ ၅ က ကရင်ပြည်နယ်ရှိ ၄င်းတို့ထိန်းချုပ်ထားသည့် ဖာပွန်မြို့နယ်၌ လမ်းဖောက်ခြင်းနှင့် အခြားသော စီမံကိန်းကြီးများ တည်ဆောက်ခြင်းကို ပယ်ချခဲ့သည်။ မြန်မာစစ်တပ်အနေဖြင့် အနာဂတ်တွင် ၄င်းတို့၏တပ်စခန်းများကို ထိုးစစ်ဆင်ရာ၌ အဆိုပါလမ်းများကို စစ်ရေးအတွက် အသုံးချသွားလိမ့်မည်ဟု KNU တို့က ယုံကြည်ကြသည်။<br>● လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခြင်းကြောင့် အစိုးရ၏ နိုင်ငံတစ်ဝန်းအပစ်အခတ် ရပ်စဲရေးဖော်ဆောင်ရန်ကြိုးပမ်းမှုကို မေးခွန်းထုတ်ဖွယ်ဖြစ်လာကြောင်း ဗိုလ်ချုပ်ဂွမ်မော်က ၄င်း၏အမြင်ကို ထုတ်ဖော်ပြောဆိုခဲ့သည်။ “ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အခြေအနေပိုပြီး ကောင်းလာတဲ့အချိန်မှာ ထိပ်ပိုင်းအဆင့် တိုက်ရိုက်ညွှန်ကြားမှုနဲ့ လေကြောင်းတိုက်ခိုက်မှုလိုမျိုး စစ်ဆင်ရေးတွေပြုလုပ်လာတာက ဆွေးနွေးပွဲကိုအမှန်တကယ်ထိခိုက်စေနိုင်ပါတယ်”ဟု ၄င်းက ဆိုခဲ့သည်။ (ဧရာဝတီ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုစဲရေး မြန်မာ့နှစ်သစ်ကူးမတိုင်မီ ပေါ်ပေါက်ဖွယ်မရှိ - ကေအိုင်အေခေါင်းဆောင်၊ နိုဘယ်လ်ဇော်၊ ၂၀၁၅ မတ် ၂၅ ရက်)<br>● ALP အဖွဲ့ဝင်လက်နက်ကိုင်နှစ်ဦး ရခိုင်ပြည်နယ်သို့ခရီးထွက်စဉ် ဇွန်လ ၂၆ ရက်၌ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ နိုင်ငံတော်အစိုးရနှင့် ALP အဖွဲ့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ဆန့်ကျင်၍ ဖမ်းဆီးခြင်းဖြစ်သည်။ အဆိုပါသဘောတူညီချက်အရ ALP အဖွဲ့ဝင်လက်နက်ကိုင်များကို လက်နက်ကိုင်ဆောင်ခြင်း မပြုသမျှကာလပတ်လုံး ပြည်နယ်အတွင်း လွတ်လပ်စွာ သွားလာခွင့်ပြုထားသည်။ (နာရင်ဂျာရာသတင်း၊ ALP အဖွဲ့ဝင်များကို မြန်မာစစ်တပ်ထိန်းသိမ်း။ ၂၀၁၄ ဇွန် ၂၇ ရက်။ web.) |

| | | |
|---|---|---|
| ၇ | ထိန်းချုပ်ထားသော ဧရိယာများနှင့်ပတ်သက်သော သဘောတူညီချက်များ ချမှတ်ရန်ပျက်ကွက်ခြင်း | ● UWSAနှင့် NDAAအဖွဲ့တို့၏ ဖြစ်ရပ်မှလွဲ၍ ထိန်းချုပ်ထားသော နယ်မြေများနှင့်ပတ်သက်၍ မြန်မာစစ်တပ်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်များအကြား သဘောတူညီချက်မရရှိခဲ့ပေ။ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့နှင့် အစိုးရတပ်ဖွဲ့ဝင်များ၏တပ်ဖြန့်ထားရှိမှုက ဧရိယာတူသည့်အတွက် ရှုပ်ထွေးသည့်အခြေအနေသို့ ဦးတည်သွားစေနိုင်ပါသည်။ NCCTနှင့် UPWCတို့အနေဖြင့် စစ်ဘက်ဆိုင်ရာပြဿနာများကို ဆွေးနွေးနိုင်ခြင်း မရှိသော်လည်း ၎င်းတို့အနေဖြင့် ထိပ်တန်းခေါင်းဆောင်များ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်တွင်တရားဝင်လက်မှတ်ထိုးသည့် တစ်လအတွင်းလိုက်နာရမည့်ကျင့်ထုံးတစ်ရပ်ကိုဆွေးနွေးရန်နှင့် ပူးတွဲစောင့်ကြည့်ရေးကော်မတီ တစ်ရပ်ဖွဲ့စည်းရန် သဘောတူခဲ့ကြသည်။ |
| ၈ | ထိရောက်မှုမရှိသော ဆက်ဆံရေးရုံးများ | ● အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ ဆက်ဆံရေးအရာရှိများအနေဖြင့် ဘာသာစကားအခက်အခဲရှိခြင်း၊ စွမ်းဆောင်ရည် အားနည်းခြင်း၊ အလွန်အမင်းဖိနှိပ်သည့် ဗျူရိုကရက်စနစ်ကြောင့် ဖြစ်ပေါ်သည့် ကြန့်ကြာခြင်းများနှင့် ဒေသန္တရအစိုးရ၊ စစ်ဘက်ရေးရာလုံခြုံရေးအရာရှိများနှင့် ဆက်ဆံရေးတွင် လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်မှုအားနည်းခြင်းတို့ကြောင့်ထိရောက်မှုမရှိသော ဆက်ဆံရေး ဖြစ်ပေါ်ခြင်း။<br>● တင်းမာမှုမြင့်တက်၍ လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားနေချိန်တွင် အစိုးရအရာရှိများအနေဖြင့် RCSSဆက်ဆံရေးအရာရှိများကိုဆက်သွယ်ရန်ပျက်ကွက်ခဲ့သည်ဟု ဒုတိယဗိုလ်ချုပ်ကြီးရွက်ဆစ်ကဆိုခဲ့သည်။ |
| ၉ | နယ်မြေရောခြင်း | ● မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား နယ်နိမိတ်ပိုင်းခြားသတ်မှတ်ထားခြင်း မရှိပေ။ ယင်းကြောင့်ပင် တစ်ဖက်နှင့်တစ်ဖက် ထိပ်တိုက်တွေ့ဆုံမှုများ မကြာခဏ ဖြစ်ပွားနေရခြင်းဖြစ်သည်။ အစိုးရတပ်ဖွဲ့ဝင်များနှင့်အစိုးရမဟုတ်သည့် လက်နက်ကိုင်များသည် တိုက်ပွဲတစ်ခုဖြစ်ပွားတိုင်း တစ်ဖက်နှင့်တစ်ဖက် အပြစ်တင်ပြောဆိုလေ့ ရှိသည်။ |
| ၁၀ | မတူကွဲပြားသော ခံယူချက်များ | ● မြန်မာစစ်တပ်သည် နိုင်ငံ၏အချုပ်အခြာကို ကာကွယ်သည့်အနေဖြင့် စစ်ဆင်ရေးများပြုလုပ်သည်ဟု ရှုမြင်သည်။<br>● တိုင်းရင်းသားလက်နက်ကိုင်များကမူ ၎င်းတို့၏နယ်မြေကို ကာကွယ်ရန်အတွက် ရန်လိုမှု၊ ကျူးကျော်မှုနှင့် ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှတစ်ဆင့် တိုင်းရင်းသားသန့်စင်မှုတို့ကို ပြန်လည်တွန်းလှန်သည့် အနေဖြင့်စစ်တိုက်နေခြင်းဟု ၎င်းတို့ဘာသာ ခံယူထားကြသည်။ |

*(*)* - ‘‘မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ခုတည်းသောအရေးပါဆုံးကိစ္စရပ်ဖြစ်သည်’’ဟု ပေါလ်စိန်တွာကထုတ်ပြန်ပြောဆိုခဲ့သည်။ ပြည်တွင်းစစ်ဖြစ်နေသည့်ဒေသတွင် ရေကာတာကြီးများတည်ဆောက်ခြင်းက ငြိမ်းချမ်းရေးကို သာထိခိုက်၍ တိုက်ပွဲများကို ပေါ်ပေါက်လာစေနိုင်ပြီး ရာစုနှစ်တစ်ဝက်ကျော်ကြာ အာဏာရှင်လက်အောက်မှ ရုန်းထွက်ခါစတိုင်းပြည်၏ အခြေအနေကို လမ်းကြောင်းလွဲသွားစေနိုင်ပါသည်။ *(MONGABAY,* သဘာဝပတ်ဝန်းကျင်သတင်း၊ သံလွင်မြစ်အတွက် ရေကာတာအဆိုပြုလွှာများက မြန်မာအစိုးရနှင့် တိုင်းရင်းသားအုပ်စုများအကြား အပစ်အခတ်ရပ်စဲရေးအဖူးအငုံလေးကို ခြိမ်းခြောက်။ *Mike Gaworecki,* ၂၀၁၅ ခုနှစ် ဧပြီလ ၂၁ ရက်။ *web.)*

## လူမှုရေး၊ ဘာသာရေးအကြမ်းဖက်မှု

၂၀၁၂ ခုနှစ်အတွင်း လူမျိုးရေးနှင့်ဘာသာရေးအကြမ်းဖက်မှုခံရသည့် ပြည်တွင်းဒုက္ခသည် ၁၄၀၀၀၀ ခန့်သည် ရခိုင်ပြည်နယ်ရှိ ယာယီစခန်းများတွင် နေထိုင်နေကြရဆဲဖြစ်သည်။ အဆိုပါစခန်းများတွင် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှုအားနည်းခြင်းကြောင့် ဒုက္ခသည်များအနေဖြင့် အလွန်တရာဆိုးရွားသောအခြေအနေနှင့် ရင်ဆိုင်နေရသည်။ ၄င်းတို့အနေဖြင့် ယခင်နေထိုင်ခဲ့သည့် ကျေးရွာများ သို့မဟုတ် ရပ်ကွက်များသို့ ပြန်သွားနိုင်ခြင်းမရှိတော့ပေ။ ကုလသမဂ္ဂနှင့် INGOs များက မြန်မာနိုင်ငံအနောက်ပိုင်းရှိ ရခိုင်နှင့် ရိုဟင်ဂျာ (ဘင်္ဂါလီဟုလည်း လူသိများသည်) ဒုက္ခသည်များကို ကူညီထောက်ပံ့ပေးရန် မြန်မာအစိုးရကိုတောင်းဆိုခဲ့သည်။

၂၀၁၄ ခုနှစ်အတွင်း မန္တလေး၊ ရန်ကုန်၊ ပဲခူးနှင့် ရခိုင်တို့တွင် သေးငယ်သောဘာသာရေးနှင့်လူမျိုးရေး အချို့ဖြစ်ခဲ့သော်လည်း ကြီးကြီးမားမားဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှု မရှိခဲ့ပေ။ ၂၀၁၄ ခုနှစ် မတ်လ ၂၆ ရက်နေ့က ဒေသခံရခိုင်လူမျိုးများက စစ်တွေမြို့နယ်ရှိ ကုလသမဂ္ဂနှင့် INGOs ရုံးများကို တိုက်ခိုက်ခဲ့ကြသည်။ [၁၇] ၄င်းတို့က INGOs များအနေဖြင့် “ရိုဟင်ဂျာဒုက္ခသည်များ”[၁၈] ကို ပိုမိုမျက်နှာသာပေးသည်ဟု ရှုမြင်ကြသည့်အတွက် အဆိုပါရုံးများကိုပိတ်ပေးရန် တောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်အတွင်း မိန်းကလေးတစ်ဦးသေဆုံးခဲ့ပြီး နိုင်ငံခြားသား ၃၂ ဦး အပါအဝင် ထောက်ပံ့ကူညီရေးဝန်ထမ်း ၇၁ ဦးထွက်ပြေးခဲ့ရသည်။ လူနေအိမ်နှင့် ရုံးအဆောက်အအုံ ၃၀ ဖျက်ဆီးခံခဲ့ရသည်။ ရခိုင်အစိုးရကအခြေအနေကို ပြန်လည်ထိန်းသိမ်းရန်အတွက် (ပုဒ်မ ၁၄၄) ကာဖျူးအမိန့် ထုတ်ပြန်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး နတ္တလင်းမြို့တို့တွင် အကြမ်းဖက်မှုအနည်းငယ် ဖြစ်ပေါ်ခဲ့သည်။ လှည်းကူးမြို့နယ်တွင် လူငယ်မွတ်စလင်ဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်များအကြား တစ်ဦးချင်း ခိုက်ရန်ဖြစ်ပွားမှု ပေါ်ပေါက်ခဲ့သော်လည်း အဆိုပါဧရိယာသို့ လူအများစုဝေးရောက်ရှိလာကြချိန်တွင် ဒေသခံရဲများက အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ပြီး ပုဒ်မ ၁၈၈ ထုတ်ပြန်ခဲ့သည်။ ယင်းမှာ ဧပြီ ၄ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အခြားသော အသေးစားပဋိပက္ခတစ်ခုမှာ ဧပြီ ၁၅ ရက်၌ နတ္တလင်းမြို့နယ်တွင် ဖြစ်ပေါ်ခဲ့သည်။ ထိုစဉ်က ဘာသာမတူသော စုံတွဲအချင်းများရန်ဖြစ်ရာမှ နှစ်ဖက်ဆွေမျိုးများပါဝင်လာခြင်းဖြစ်သည်။ နှစ်ဖက်လုံးမှ စုစုပေါင်း နေအိမ်လေးလုံး မီးလောင်ပြာကျခဲ့ပြီး အခြေအနေများ ပိုမိုဆိုးရွားမလာမီ ရဲများက ကြားဝင်ဖြေရှင်းနိုင်ခဲ့သည်။

ဇူလိုင်လ ၁ ရက်နေ့က မန္တလေးတွင် ကောလာဟလတစ်ခုမှတစ်ဆင့် ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှုပေါ်ပေါက်ခဲ့သည်။ ထိုစဉ်က မန္တလေးတွင် ဗုဒ္ဓဘာသာအမျိုးသမီးတစ်ဦးကို မွတ်စလင်အမျိုးသားတစ်ဦးက အဓမ္မပြုကျင့်သည်ဟု ကောလာဟလတစ်ခု ပြန့်နှံ့ခဲ့ခြင်းဖြစ်သည်။ အဆိုပါအကြမ်းဖက်မှုအတွင်း ရဲအရာရှိများအပါအဝင် လူများစွာဒဏ်ရာရရှိခဲ့သည်။ နောက်တစ်ရက်အထိ အဓိကရုဏ်းဆက်လက်ဖြစ်ပေါ်ခဲ့ပြီး မွတ်စလင်အမျိုးသားတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်အမျိုးသားတစ်ဦး အသတ်ခံခဲ့ရသည်။ အဆိုပါအကြမ်းဖက်မှုအတွင်း မော်တော်ယာဉ်များနှင့် နေအိမ်များ ပျက်စီးခဲ့သည်။ နောက်ဆုံး၌ ဇူလိုင် ၃ ရက်တွင် အာဏာပိုင်များက “ပုဒ်မ ၁၄၄ ကာဖျူးမိန့်” ထုတ်ပြန်ခဲ့သည်။ မွတ်စလင်နှင့် ဗုဒ္ဓဘာသာအသိုက်အဝန်းနှစ်ခုကြား ပြဿနာများဖြစ်ပေါ်စေရန် ဖန်တီးနေသည့် နောက်ကွယ်မှ ကြိုးကိုင်နေသည့် လူပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများရှိနေသည်ဟု ဝေဖန်ရေးသမားများက အခိုင်အမာပြော ဆိုကြသည်။ ဩဂုတ် ၃ ရက်တွင် ဘာသာရေးအကြမ်းဖက်မှု၌ ပါဝင်သည်ဟုယူဆရသော လူ ၅၆ ဦးကို ရဲများက ဖမ်းဆီးခဲ့ပြီး ထပ်မံ၍ သံသယရှိသူ ၃၆ ဦးကို စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့သည်။

ရိုဟင်ဂျာပြဿနာသည် မြန်မာနိုင်ငံအတွင်း အသွင်ကူးပြောင်းရေး၌ အရေးပါ၍ အထိမခံသောကိစ္စတစ်ရပ် အဖြစ် ရှိနေဆဲဖြစ်သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း နိုင်ငံတကာအသိုက်အဝန်းက မကြာခဏ ပြောဆိုလေ့ရှိကြပြီး လူ့အခွင့်အရေးကိုအလေးထားမြှင့်တင်ပေးရန် မြန်မာအစိုးရကိုတိုက်တွန်းကြသည်။

၂၀၁၄ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် မွတ်စလင်နှင့် ဗုဒ္ဓဘာသာအသိုက်အဝန်းအကြား ဘာသာရေးအကြမ်းဖက်မှု ကြီးကြီးမားမား ပေါ်ပေါက်ခဲ့ခြင်းမရှိပေ။ ရခိုင်ပြည်နယ်အစိုးရသည် ပြည်တွင်းဒုက္ခသည်ပြဿနာကို ဖြေရှင်းရန်အတွက်

---

၁၇။ စစ်တွေရှိ INGO ရုံးများ တိုက်ခိုက်ခံရ၊ ရွှေအောင်၊ မတ် ၂၇၊ ၂၀၁၄၊ web ။

၁၈။ မြန်မာပြည်သူများနှင့် ရခိုင်ဒေသခံများက ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်မှဝင်ရောက်လာသည့် ဘင်္ဂါလီများဟုရှုမြင်ကြသည်။ ထို့ပြင် မြန်မာအစိုးရက ရိုဟင်ဂျာအား မြန်မာနိုင်ငံရှိတိုင်းရင်းသားလူနည်းစုတစ်စုအဖြစ် အသိအမှတ်ပြုပေးခြင်း မရှိပေ။

ရခိုင်ပြည်နယ်ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီကိုလည်းကောင်း၊ အရေးပေါ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ECC)[၁၉] ကိုလည်းကောင်း ဖွဲ့စည်းထူထောင်ခဲ့သည်။ ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာမည်ဖြစ်သည်။ နှစ်ဘက်အသိုက်အဝန်းကြား အခြေအနေများပြန်လည်ကောင်းမွန်လာစေရန်နှင့် ညီညွတ်စွာအတူယှဉ်တွဲနေထိုင်ရေးတို့အတွက် ရခိုင်ပြည်နယ်၌ မူလအလုပ်များကို ပြန်လည်လုပ်ကိုင်ရန်အတွက် အစိုးရက INGOs များကို တွန်းအားပေးရန် ကြိုးပမ်းခဲ့သည်။

အသိုက်အဝန်းနှစ်ခုအကြား ပြန်လည်ညီညွတ်စေရန် အစိုးရက ကြိုးပမ်းရုံမျှမက မြန်မာ CSOs နှင့် CBOs တို့ကလည်း အလားတူကြိုးပမ်းခဲ့ကြသည်။ မန္တလေးအခြေစိုက် CSOs က ဘာသာရေးအလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မေလ ၅ ရက်နေ့ကကျင်းပခဲ့ရာ မွတ်စလင်၊ ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာအသိုက်အဝန်းတို့မှ ထင်ရှားသည့်ဘာသာရေးခေါင်းဆောင်များတက်ရောက်ခဲ့ကြသည်။ မော်လမြိုင်ရှိ ဘာသာရေးအဖွဲ့အစည်းများက တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်နားလည်မှုနှင့်လေးစားမှုမြင့်တက်လာစေရန် ယဉ်ကျေးမှုအမြင်များကိုဖလှယ်ခြင်းနှင့် တစ်ဘက်နှင့်တစ်ဘက်ဘာသာရေးအဆောက်အအုံများသို့ သွားရောက်လည်ပတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

မန္တလေးရှိ CSOs က "ငြိမ်းချမ်းရေးထိန်းသိမ်းမှုကော်မတီ" [၂၀] တစ်ရပ်ကို ဘာသာရေးအဓိကရုဏ်းဖြစ်ပွားပြီးနောက် ဇူလိုင် ၄ ရက်တွင် ဖွဲ့စည်းခဲ့သည်။ အဆိုပါကော်မတီတွင် ဘာသာအသီးသီးမှ အဖွဲ့ဝင် ၂၃ ဦးပါရှိသည်။ ငြိမ်းချမ်းရေးထိန်းသိမ်းမှုကော်မတီသည် မန္တလေးတွင် တည်ငြိမ်အေးချမ်းရေးကိုထိန်းသိမ်းရန် အကူအညီပေးလျက်ရှိသည်။

၂၀၁၂ ခုနှစ်အတွင်း ဘာသာရေးအဓိကရုဏ်းအကြီးအကျယ်ဖြစ်ပေါ်ခဲ့သည့်ရခိုင်ပြည်နယ်တွင် အခြေအနေတစ်စတစ်စ ပိုမိုတိုးတက်ကောင်းမွန်လာပြီဖြစ်သည်။ ၂၀၁၄ စက်တင်ဘာ ၁၁ ရက်တွင် ပြည်နယ်အစိုးရက ကာဖျူးမိန့်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။[၂၁] မန္တလေးတိုင်းဒေသကြီးမိတ္ထီလာမြို့ရှိ ဒေသန္တရအာဏာပိုင်များသည် ဘာသာရေးပဋိပက္ခမှ ထွက်ပြေးလာသည့်ဒုက္ခသည်များကို နေအိမ်သစ် ၂၂၀ တွင် ပြန်လည်နေရာချထားပေးရန် ပြင်ဆင်ခဲ့သည်။[၂၂] မြန်မာအစိုးရသည် အစ္စလာမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ကိုယ်စားလှယ်များအား ရခိုင်ပြည်နယ်၏မြို့တော်စစ်တွေသို့ စက်တင်ဘာ ၃ ရက်တွင် သွားရောက်လည်ပတ်ခွင့်ပြုခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သူမှာ မလေးရှားနိုင်ငံခြားရေးဝန်ကြီးဟောင်း တန်စရီဆေယက်ဟာမစ်အယ်လ်ဘာဖြစ်သည်။ OIC ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်ရှိ ပြည်တွင်းဒုက္ခသည်စခန်းများသို့ သွားရောက်လည်ပတ်ခဲ့သည်။[၂၃] အဆိုပါ နေရာရှိအခြေအနေမှာ တစ်စတစ်စဖြင့် ပိုမိုတိုးတက်ကောင်းမွန်နေပြီဖြစ်သော်လည်း တည်ငြိမ်အေးချမ်း၍ ညီညွတ်သဟဇာတ ဖြစ်နေစေရေးအတွက် အစိုးရကဆောင်ရွက်ပေးရန် လိုအပ်ချက်များစွာ ရှိနေပါသေးသည်။

တက်ကြွလှုပ်ရှားသူများနှင့် ဘုန်းကြီးများက ပြည်ထောင်စုလွှတ်တော်ကို ဖိအားပေးရန်အတွက် ရန်ကုန်နှင့် မန္တလေးတို့တွင် ဆန္ဒထုတ်ဖော်မှုများပြုလုပ်ကြသည်။ ၎င်းတို့ကို ပြည်ထောင်စုလွှတ်တော်ကို ဥပဒေမူကြမ်းများ အတည်ပြုပေးရန် ဖိအားပေးကြခြင်းဖြစ်ပြီး ၎င်းတို့တောင်းဆိုသည့်ဥပဒေမူကြမ်းများတွင် အိမ်ထောင်စုလူဦးရေထိန်းချုပ်မှု ဥပဒေမူကြမ်း၊ ဘာသာကူးပြောင်းမှုဥပဒေမူကြမ်း၊ တစ်လင်တစ်မယားစနစ်ဥပဒေမူကြမ်းနှင့် ဘာသာတူချင်းလက်ထပ်

၁၉။ New Light of Myanmar ၊ အရေးပေါ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီသည် စစ်တွေတွင် ပြည်ထောင်စုအဆင့် အစည်းအဝေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ မေ ၃၊ ၂၀၁၄၊ သတင်းစာ။

၂၀။ DVB ၊ ငြိမ်းချမ်းရေးကော်မတီကို မန္တလေးတွင် ထူထောင်၊ ရွှေအောင်၊ မေ ၅၊ ၂၀၁၄၊ web ။

၂၁။ ဘာသာရေးပဋိပက္ခများဖြစ်ပေါ်ပြီးနောက် ၂၀၁၂ ဇွန်တွင် ကာဖျူးမိန့်ထုတ်ပြန်ခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရက ပြန်လည်ဖယ်ရှားခြင်း မပြုမီအထိ ကာဖျူးအမိန့်ကို သုံးလတစ်ကြိမ်သက်တမ်းတိုးခဲ့သည်။

၂၂။ ၂၀၁၃ ခုနှစ် မတ်လက မိတ္ထီလာမြို့တွင် ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှုဖြစ်ပွားရာမှ လူပေါင်း ၇၈၄၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး ဒုက္ခသည်စခန်းတွင် နေထိုင်ခဲ့ကြရသည်။

၂၃။ နာရင်ဂျာရာသတင်း၊ OIC သည် ရခိုင်သို့ ရတ်တရက်သွားရောက်လည်ပတ်ခဲ့သည်။ စက်တင်ဘာ ၇၊ ၂၀၁၄၊ web ။

ထိမ်းမြားသည့်ဥပဒေမူကြမ်းတို့ပါဝင်သည်။ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဗုဒ္ဓဘာသာဘုန်းကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးအမျိုးဘာသာစောင့်ရှောက်ရေးအဖွဲ့ဝင်များဦးဆောင်သော အင်အား ၃၀၀၀ ခန့်သည် ဘာသာတူချင်းလက်ထပ်ထိမ်းမြားသည့်ဥပဒေကို ထောက်ခံကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြသည်။[၂၄] ထို့ပြင်အလားတူဆန္ဒထုတ်ဖော်မှုမျိုးကို တက်ကြွလှုပ်ရှားသူများနှင့်ဘုန်းကြီးများက အောက်တိုဘာ ၃၀ ရက်၌ မန္တလေးမြို့တွင်ပြုလုပ်ခဲ့ကြသည်။ နောက်ဆုံးတွင် ရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦးက ၂၀၁၅ ဇန်နဝါရီ ၁၉ ရက်၌ အထက်လွှတ်တော်သို့လည်းကောင်း၊ ဇန်နဝါရီ ၂၂ ရက်နေ့၌ အောက်လွှတ်တော်သို့လည်းကောင်း ဘာသာကူးပြောင်းမှု၊ ဘာသာတူချင်းလက်ထပ်မှု၊ တစ်လင်တစ်မယားပေါင်းဖက်မှု၊ လူဦးရေထိန်းချုပ်မှုနှင့်ကျန်းမာရေးစောင့်ရှောက်မှုတို့ပါဝင်သော ဥပဒေမူကြမ်းများကို တင်သွင်းခဲ့ပေသည်။[၂၅] များစွာသောဝေဖန်ရေးသမားများနှင့် အမျိုးသမီးများအပါအဝင် လူ့အခွင့်အရေးလှုပ်ရှားသူများက အဆိုပါဥပဒေမူကြမ်းများကို ကန့်ကွက်ရှုတ်ချခဲ့ကြသည်။ ယင်းမှာ အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်သော ခွဲခြားဆက်ဆံမှုတစ်ရပ်ဖြစ်ကြောင်း ၄င်းတို့က ဆိုသည်။ အမေရိကန်ရှိ နိုင်ငံတကာဘာသာရေးလွတ်လပ်မှု ကော်မရှင် (USCIRF)က လူမျိုးရေးနှင့်ဘာသာရေးများပါဝင်သည့် အဆိုပါဥပဒေမူကြမ်းများကို ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချခဲ့သည်။ အဆိုပါဥပဒေမူကြမ်းများကို ပြည်ထောင်စုလွှတ်တော်တွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးကြမည်ဖြစ်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ်မစ်ယန်ဟီလီးက ရိုဟင်ဂျာများ (ဘင်္ဂါလီဟုလည်း လူသိများသည်)ကို နိုင်ငံသားဖြစ်ခွင့်ပေးရန် မြန်မာအစိုးရကို တိုက်တွန်းခဲ့သည်။ သို့သော်လည်း မြန်မာအစိုးရကမူ နိုင်ငံသားဖြစ်ထိုက်၊ မထိုက်ကို ၁၉၈၂ မြန်မာလူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် စစ်ဆေးဆုံးဖြတ်သွားမည်ဟု တုံ့ပြန်ပြောဆိုခဲ့သည်။[၂၇] သို့သော် ၂၀၁၅ ဖေဖော်ဝါရီအစောက်တွင် အစိုးရကဝိုက်ကတ်ကိုင်ဆောင်ထားသူများအနေဖြင့် ၄င်းတို့၏ ကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးရုံးများတွင် အပ်နှံရမည်ဟုကြေညာခဲ့သည်။ ဝိုက်ကတ်များ၏သက်တမ်းမှာ ၂၀၁၅ မတ် ၃၁ ရက်တွင် သက်တမ်းကုန်ပြီဖြစ်သည်။ ခန့်မှန်းချေအားဖြင့် ဝိုက်ကတ်ကိုင်ဆောင်ထားသည့် ရိုဟင်ဂျာနှင့် အခြားလူမျိုးပေါင်း ၇၅၀၀၀၀ ခန့် ရှိနေကြသည်။ [၂၈] ဝိုက်ကဒ်ကိုင်ဆောင်သူများသည် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ဆုံးရှုံးကြသည်။ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းများက အစိုးရ၏ကြေညာချက်ကို ဝေဖန်ပြောဆိုခဲ့သည်။

နိုင်ငံအတွင်း ငြိမ်းချမ်းရေးထူထောင်ရန်အတွက် ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှုက ဖြစ်လာနိုင်ချေရှိသည့် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်သည်။ တက်ကြွလှုပ်ရှားသူများစွာသည် လူမှုရေးမီဒီယာများကိုအသုံးပြု၍ အမုန်းစကားများနှင့် ကောလာဟလများကို ဖြန့်ဖြူးကြသည်။ အဆိုပါအမုန်းစကားများနှင့် ကောလာဟလများက အကြမ်းဖက်မှုများကို အလွယ်တကူပေါ်ပေါက်စေနိုင်ပါသည်။ ရခိုင်ပြည်နယ်ရှိ မွတ်စလင်များနှင့် ရခိုင်အသိုက်အဝန်းနှစ်ခုအကြားတွင် ၂၀၁၂ ခုနှစ်ကပေါ်ပေါက်ခဲ့သည့် ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှု အတိတ်ဖြစ်ရပ်ဆိုးကြီး၏ သက်ရောက်မှုများက ယခုတိုင်ရှိနေဆဲဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက်မယုံကြည်ရုံမျှသာမက အတူတကွယှဉ်တွဲနေထိုင်လိုခြင်းလည်း မရှိကြချေ။ ၄င်းတို့အနေဖြင့် တစ်နေရာတည်းတွင်အတူနေထိုင်ရန် ကြောက်ရွံ့ထိတ်လန့်လျက်ရှိသည်။ ဥပမာအားဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ရိုဟင်ဂျာများကိုနိုင်ငံသားပေးရန် မြန်မာအစိုးရကိုတိုက်တွန်းသည့်အခါတွင် ရခိုင်တိုင်းရင်းသားများစွာက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ နိုဝင်ဘာလ ၂၉ ရက်နေ့ကလည်း မြန်မာနိုင်ငံ

၂၄။ အာရှသတင်းကွန်ရက်၊ ဘာသာတူလက်ထပ်ရေးဥပဒေမူကြမ်းကို ထောက်ခံကြောင်းရန်ကုန်တွင် လူ ၃၀၀၀ ခန့်ဆန္ဒပြခဲ့သည်။ အောက်တိုဘာ ၂၆၊ ၂၀၁၄၊ web ။ (ဆန္ဒပြသူများက ၄င်းတို့အနေဖြင့် "ဘာသာတူချင်းလက်ထပ်သည့် ဥပဒေအားကန့်ကွက်သူမှန်သမျှကို အလိုမရှိကြောင်း" နှင့် "အမျိုးသားရေးကိုသစ္စာဖောက်သူများမှာ မိမိတို့၏ရန်သူဖြစ်ကြောင်း" ကြွေးကြော်အော်ဟစ်ခဲ့ကြသည်။ ထို့ပြင်၄င်းတို့သည် "ဘာသာတူချင်းလက်ထပ်သည့်" ဥပဒေကိုဆန့်ကျင်သူများသည် အမျိုးသားရေးကိုစောင့်ရှောက်ကာကွယ်လိုစိတ်မရှိသူများဖြစ်ကြောင်း" ရေးသားထားသည့် စာတန်းများကိုလည်း ကိုင်ဆောင်ကာဆန္ဒပြခဲ့ကြသည်။)

၂၅။ RFA မြန်မာပိုင်း၊ ဘာသာတူချင်းလက်ထပ်သည့်ဥပဒေနှင့် တစ်လင်တစ်မယားစနစ်တို့ကိုလွှတ်တော်သို့တင်သွင်း၊ဇန်နဝါရီ ၂၂၊ ၂၀၁၅၊ web ။

၂၆။ USCIRF, BURMA: USCIRF သည်လူမျိုးရေးနှင့်ဘာသာရေးဥပဒေမူကြမ်းများကို ပြင်းပြင်းထန်ထန်ကန့်ကွက် ရှုတ်ချ ခဲ့သည်။ သတင်းထုတ်ပြန်ချက်၊ ဇန်နဝါရီ ၂၂၊ web ။

၂၇။ နိုင်ငံ၏ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေတွင် တရားဝင်အသိအမှတ်ပြုခံထားရသည့် မည်သည့်တိုင်းရင်းသားလူနည်းစုမဆို ၁၈၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ဗြိတိသျှဝင်ရောက်ကျူးကျော်မှုမပြုမီ မြန်မာပြည်တွင်နေထိုင်ခဲ့သည့် ဘိုးဘွားအစဉ် အဆက်ကိုသက်သေပြနိုင်ရမည်ဖြစ်ကြောင်း ပါရှိသည်။

၂၈။ ဧရာဝတီ၊ ဝိုက်ကဒ်ကိုင်ဆောင်သူများ၏ မဲပေးမှုမှာ ဖွဲ့စည်းပုံနှင့်မညီကြောင်း တရားရုံးယူဆ။ လွှတ်တော်သို့ ဥပဒေပြန်တင်ပြ၊ Yen Snaing ၊ ဖေဖော်ဝါရီ ၁၇၊ ၂၀၁၅၊ web။

သို့အလည်အပတ်ရောက်ရှိလာသည့် မစ္စတာဘန်ကီမွန်းက "ရိုဟင်ဂျာ"ဟူသော စကားလုံးအား သုံးနှုန်းလိုက်သည့် အပေါ် ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် တက်ကြွလှုပ်ရှားသူ ၂၀၀၀ ခန့် ရန်ကုန်တွင် ထပ်မံ၍ ဆန္ဒပြခဲ့ကြသည်။[၂၉] မြန်မာအစိုးရသည် "ရိုဟင်ဂျာ"ဟူသော စကားလုံးအားအသုံးပြုခြင်းကို လက်ခံခြင်းမရှိပေ။ [၃၀] မစ်ယန်ဟီလီး မြန်မာ နိုင်ငံသို့လာရောက်လည်ပတ်ချိန်တွင်လည်း "ရိုဟင်ဂျာ"ဟူသောအသုံးအနှုန်းကို သုံးစွဲခဲ့သည်။ ယင်းမှာ "လက်ခံနိုင်ဖွယ် မရှိ"ဟု မြန်မာအစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။ [၃၁] လူဦးရေထိန်းချုပ်မှု၊ ဘာသာကူးပြောင်းမှု၊ ဘာသာတူအချင်းချင်း လက်ထပ်မှုနှင့် တစ်လင်တစ်မယားစနစ်ထားရှိမှုဥပဒေမူကြမ်းများကို ရေးဆွဲခြင်းသည်လည်းကောင်း၊ ရိုဟင်ဂျာများကို ခွဲခြားသတ်မှတ်ရန် "ပို့က်ကဒ်များ" အား အသုံးပြုခြင်းသည်လည်းကောင်း နိုင်ငံအတွင်း တိုင်းရင်းသားတင်းမာမှုများကို ပိုမိုဆိုးရွားစေနိုင်သည်ဟု မစ်ယန်ဟီလီးက ဆိုခဲ့သည်။ [၃၂]

**ဇယား (၇) - ၂၀၁၄ ခုနှစ်အတွင်း ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှု**

| စဉ် | နေ့စွဲ | အဖွဲ့အစည်း | နေရာ | အသေးစိတ် |
|---|---|---|---|---|
| ၁ | ၂၇-၃-၂၀၁၄ | စစ်တွေရှိ ကုလသမဂ္ဂရုံး များနှင့် INGOs ရုံးများ | စစ်တွေ၊ ရခိုင်ပြည်နယ် | ဒေသခံများသည် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ INGOs ရုံးများနှင့်အဆောင်များကို တိုက်ခိုက်ခဲ့ကြသည်။ မိန်းကလေးတစ်ဦးသေဆုံးပြီး နိုင်ငံခြားသား ၃၂ ဦး အပါအဝင် ထောက်ပံ့ကူညီရေးဝန်ထမ်း ၇၁ဦးထွက် ပြေးခဲ့ကြရပြီး အဆောင်နှင့် ရုံးအဆောက်အအုံ ၃၀ ဖျက်ဆီးခံခဲ့ရသည်။ ရခိုင်ပြည်နယ် အစိုးရသည် စစ်တွေတွင် ပုဒ်မ ၁၄၄ အရ ကာဖျူးမိန့်ထုတ်ပြန်ခဲ့သည်။ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက်တွင် ရခိုင်တိုင်း ရင်းသား ၁၂ ဦးကို ရဲစခန်းတွင် ထိန်းသိမ်းခဲ့သည်။ |
| ၂ | ၀၄-၀၄-၂၀၁၄ | မွတ်စလင်/ ဗုဒ္ဓဘာသာ | လှည်းကူး၊ ရန်ကုန် | မွတ်စလင်လူမျိုးဆိုင်ရှင်၏သားနှင့် ဗုဒ္ဓဘာသာလူမျိုး ဆိုင်ရှင်၏သားတို့အကြား ပဋိပက္ခဖြစ်ကြရာမှ လှည်းကူးမြို့နယ်တွင်တင်းမာမှုဖြစ်ပွားခဲ့သည်။ဒေသခံ များစုဝေး ရောက်ရှိလာကြကာ နေအိမ်အချို့ကို ကျောက်ခဲများဖြင့်ပစ်ခတ်ခဲ့ကြသည်။ ရဲများက လှည်း ကူးမြို့နယ်တွင်ပုဒ်မ ၁၈၈ထုတ်ပြန်ခဲ့ရသည်။ အဆိုပါ ဖြစ်စဉ်၌မွတ်စလင် ၃ ဦးနှင့် ဗုဒ္ဓဘာသာ ၁၀ ဦးကို ထိန်းသိမ်းခဲ့သည်။ |

၂၉။ နာရင်ဂျာရာသတင်း၊ ဒေသခံတက်ကြွလှုပ်ရှားသူများက ရန်ကုန်တွင် မစ္စတာဘန်ကီမွန်းကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ စန်းမောင်သန်း၊ နိုဝင်ဘာ ၂၉၊ ၂၀၁၄၊ web ။

၃၀။ ဗုဒ္ဓဘာသာဝင်အများစုနေထိုင်သည့်မြန်မာနိုင်ငံက ရိုဟင်ဂျာတိုင်းရင်းသားရှိကြောင်းကို အသိအမှတ်မပြုပေ။ အစိုးရတာဝန်ရှိသူများနှင့် ဒေသခံများစွာက ရိုဟင်ဂျာများအား ဘင်္ဂလားဒေ့ရှ်မှ တရားမဝင်ရောက်လာကြသူများဟုရှုမြင်ကာ ယင်းတို့ကို "ဘင်္ဂါလီများ"ဟု ရည်ညွှန်းပြောဆိုထားသည်။

၃၁။ VOA ၊ "ရိုဟင်ဂျာ"ဟုသုံးနှုန်းမှုနှင့်ပတ်သက် မြန်မာနိုင်ငံက ကုသလမဂ္ဂတာဝန်ရှိသူများအား ရှုတ်ချပြောဆိုခဲ့သည်။ ဖေဖော်ဝါရီ ၄၊ ၂၀၁၅၊ web ။

၃၂။ ပို့က်ကတ်ကိုင်ဆောင်သူများကိုယာယီပြန်လည်ရုပ်သိမ်းမည်ဟူသော အစိုးရအစီအစဉ်တစ်ရပ်ပေါ်ပေါက်လာသည့်ဖေဖော်ဝါရီနောက်ပိုင်း လူဦးရေ ထိန်းချုပ်မှုဥပဒေမူကြမ်းကိုလည်းကောင်း၊ ဘာသာကူးပြောင်းမှု၊ ဘာသာတူချင်း လက်ထပ်မှုနှင့် တစ်လင်တစ်မယားထားရှိမှုဥပဒေများ တင်သွင်းခြင်း မှာ တိုင်းရင်းသားတင်းမာမှုများကို ပိုမိုဆိုးရွားစေနိုင်သည်ဟု မစ်ယန်ဟီလီးကဆိုခဲ့သည်။(ရိုက်တာ၊ မြန်မာလူဦးရေထိန်းချုပ်မှုဥပဒေက တိုင်းရင်းသား လူနည်းစုများကို ခြိမ်းခြောက်၊ အခွင့်အရေးအုပ်စုများ၊ Kieran Guilbert ၊ မေ ၂၂၊ ၂၀၁၅)

| | | | | |
|---|---|---|---|---|
| ၃ | ၁၅-၀၄-၂၀၁၄ | မွတ်စလင်/ ဗုဒ္ဓဘာသာ | နတ္တလင်း မြို့နယ်၊ ပဲခူးတိုင်း ဒေသကြီး | ဧပြီ ၁၆ ရက်က ပဲခူးတိုင်းဒေသကြီး နတ္တလင်းမြို့နယ်တွင်ဘာသာကွဲဇနီးမောင်နှံနှစ်ဦးကို မကျေမနပ်ဖြစ်၍ တိုက်ခိုက်မှုအတွင်း နေအိမ်လေးလုံး ပြာကျခဲ့သည်။ ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ပေ။ လူအုပ်ကြီးက ဗုဒ္ဓဘာသာဝင်အမျိုးသမီးငယ်တစ်ဦး၏နေအိမ်ကိုဝိုင်းခဲ့ကြသော်လည်း ရဲများက အခြေအနေကိုထိန်းချုပ်နိုင်ခဲ့သည်။ |
| ၄ | ၀၁-၀၇-၂၀၁၄ | မွတ်စလင်/ ဗုဒ္ဓဘာသာ | ၈၂ လမ်း၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး | မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ်တွင် မွတ်စလင်နှင့်ဗုဒ္ဓဘာသာဝင်များ ဇူလိုင် ၁ ရက်က တစ်ဖက်နှင့်တစ်ဖက်တိုက်ခိုက်ခဲ့ကြသည်။ မွတ်စလင်အမျိုးသားတစ်ဦးက ဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့်သည်ဟူသော ကောလာဟလတစ်ခု ပြန့်နှံ့လာပြီးနောက် ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှုပေါ်ပေါက်ခဲ့သည်။ အဓိကရုဏ်းအတွင်း ရဲအရာရှိတစ်ဦးအပါအဝင် လူသုံးဦးဒဏ်ရာရရှိခဲ့သည်။ အချင်းများနေသည့် ဗုဒ္ဓဘာသာဝင်နှင့် မွတ်စလင်ဘာသာဝင်လူအုပ်ကို ရဲများအနေဖြင့် ရာဘာကျည်ဆန်များဖြင့် ပစ်ခတ်၍ လူစုခွဲခဲ့သည်။ |
| ၅ | ၀၂-၀၇-၂၀၁၄ | မွတ်စလင်/ ဗုဒ္ဓဘာသာ | ၈၂ လမ်း၊ ချမ်းအေးသာဇံ မြို့နယ်၊ မန္တလေး | မန္တလေးတွင် ဘာသာရေး၊ လူမျိုးရေး အဓိကရုဏ်း ဒုတိယနေ့ဆက်လက်ဖြစ်ပွားခဲ့သည်။ ဗုဒ္ဓဘာသာဝင်အမျိုးသားတစ်ဦးနှင့် မွတ်စလင်ဘာသာဝင်အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။ ဈေးဆိုင်နှင့် နေအိမ်အချို့ဖျက်ဆီးခံခဲ့ရပြီး မော်တော်ယာဉ်များ ပျက်စီးခဲ့သည်။ ဇူလိုင်လ ၃ ရက်နေ့မှစတင်၍ ကာဖျူးမိန့်ထုတ်ပြန်ခဲ့သည်။ |
| ၆ | ၀၄-၀၇-၂၀၁၄ | မွတ်စလင်/ ဗုဒ္ဓဘာသာ | ကြာနီကန် သုသာန်၊ မန္တလေး | မွတ်စလင်ဆန့်ကျင်ရေးစာသားများရွတ်ဆို၍ မန္တလေးမြို့ရှိလမ်းများတွင် လူရာနှင့်ချီ ချီတက်ခဲ့ကြသည်။ ဗလီတစ်လုံးကျောက်တုံးများဖြင့် ပစ်ခတ်ခံရသည်။ ကြာနီကန်မွတ်စလင်သင်္ချိုင်းရှိ အုတ်ဂူများဖျက်ဆီးခံခဲ့ရသည်။ |
| ၇ | ၁၁-၀၇-၂၀၁၄ | မွတ်စလင်/ရဲ | ၃၄ လမ်း၊ မန္တလေး | ရဲစခန်းရှိ ဖမ်းဆီးထိန်းသိမ်းခံထားရသူများကို လွှတ်ပေးရန်တောင်းဆိုကြသည့် မွတ်စလင်လူစု ကိုလူစုခွဲရန် ရဲများက မိုးပေါ်ထောင်၍ သေနတ်ပစ်ဖောက်ခဲ့သည်။ |

| | | | | |
|---|---|---|---|---|
| ၈ | ၀၆-၀၈-၂၀၁၄ | မွတ်စလင်/ရဲ | စစ်တွေ၊ ဒါးပိန်ဒုက္ခသည်စခန်း | ဒါးပိန်ဒုက္ခသည်စခန်းတွင် ပစ္စည်းများဝယ်ခြမ်းရန် ဒါးပိန်ကျေးရွာမှ မွတ်စလင်လူငယ်နှစ်ဦး ထွက်ခွာသွားခဲ့သည်။ ဈေးဆိုင်ပိုင်ရှင်များက အဆိုပါလူငယ်နှစ်ဦးကိုပစ္စည်းခိုးသည်ဟုစွပ်စွဲကာ ဖမ်းဆီးခဲ့ကြသည်။ ပြဿနာကိုဖြေရှင်းရန်အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များသွားရောက်ခဲ့သည်။ မွတ်စလင်များက လုံခြုံရေးများကို စတင်တိုက်ခိုက်ခဲ့ရာ ရဲများက လူအုပ်အတွင်းသေနတ်ဖြင့်ပစ်ခတ်၍ ဒုက္ခသည်တစ်ဦးသေဆုံးခဲ့သည်။ |
| ၉ | ၂၀-၀၉-၂၀၁၄ | မွတ်စလင် | ပခုက္ကူမြို့နယ်ရှိ မြစ်ချေကျေးရွာ | မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်ရှိမြစ်ချေကျေးရွာတွင် စက်တင်ဘာလ ၂၀ရက်နေ့က ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှုဖြစ်ပွားခဲ့သည်။ ခင်ပွန်းဖြစ်သည့်နေ့စားလုပ်ခများကို ရှင်းပေးရန် မွတ်စလင်ဇနီးမောင်နှံထံတောင်းဆိုရာမှ မွတ်စလင်ဇနီးမောင်နှံက ဗုဒ္ဓဘာသာအမျိုးသမီးကို ရိုက်နှက်မှုဖြစ်ပွားခဲ့ပြီး ယင်းမှတစ်ဆင့် ပဋိပက္ခပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ လူအုပ်ကြီးတိုက်ခိုက်ကြသည့်အတွက် ဗလီတစ်လုံးနှင့် နေအိမ်တစ်လုံး အနည်းငယ်ပျက်စီးခဲ့သော်လည်း ရဲများအချိန်မီရောက်ရှိလာပြီး အခြေအနေကိုထိန်းသိမ်းနိုင်ခဲ့သည်။ |

ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှု၏အကျိုးဆက်များအဖြစ် နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကို ပြည်တွင်းပြည်ပမှ ခြိမ်းခြောက်မှုများပြုလုပ်လာသည်။ အစ္စလာမ်အစွန်းရောက်အဖွဲ့တစ်ဖွဲ့ကမြန်မာနိုင်ငံရှိဘာသာရေးနှင့်လူမျိုးရေး အကြမ်းဖက်မှုဖြစ်ရပ်ကို မလွတ်တမ်းအသုံးချကာ မွတ်စလင်လူနည်းစုအပေါ် ဖိနှိပ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းဟူ၍ ထုတ်ဖော်ပြောဆိုခဲ့သည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် အယ်လ်ကေးဒါးခေါင်းဆောင် အေမန်အယ်လ်ဇာဝါဟီရီက ၎င်း၏ကမ္ဘာလုံးဆိုင်ရာ လက်နက်ကိုင်အဖွဲ့ခွဲကို အိန္ဒိယတိုက်ငယ်တွင်ဖွဲ့စည်းလိုက်ကြောင်း ကြေညာခဲ့သည်။ အဆိုပါလက်နက်ကိုင်အဖွဲ့ခွဲမှတစ်ဆင့် အိန္ဒိယတိုက်ငယ်တစ်လွှားတွင် အစ္စလာမ်အုပ်ချုပ်ရေးကို ပြန့်နှံ့စေကာ "ဂျီးဟာတ်အလံကိုလွှင့်ထူသွားမည်"ဟု ဇာဝါဟီရီက ဆိုခဲ့သည်။ [၃၃] အေမန်အယ်လ်ဇာဝါဟီရီ၏ ဗီဒီယိုမက်ဆေ့ချ်အရ ၎င်း၏အဖွဲ့ခွဲအနေဖြင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့တွင် လှုပ်ရှားမည်ဟု သိရသည်။ [၃၄]

ယင်းမှာ နိုင်ငံအတွက် ကောင်းသောသင်္ကေတတစ်ခုမဟုတ်ဘဲ အသိုက်အဝန်းများအကြား စိတ်ဝမ်းကွဲမှုများဖြစ်စေပါသည်။ အကြောင်းမှာ အကယ်၍ အကြမ်းဖက်သမားများက အသေခံဗုံးခွဲခြင်း သို့မဟုတ် အခြားသောရက်စက်ကြမ်းကြုတ်မှုများကို ပြုလုပ်လာကြမည်ဆိုပါက လုံခြုံရေးတင်းကြပ်သွားမည်ဖြစ်ပြီး ရလဒ်အားဖြင့် လူ့အခွင့်အရေးများ ပိုမိုချိုးဖောက်ခံရမည်ဖြစ်ပါသည်။ မြန်မာရဲများသည် ဩဂုတ်လအတွင်းက ရှမ်းပြည်နယ်ရှိ ကွန်ဟင်းမြို့နယ်ရှိ မင်္ဂလာပွဲတစ်ခုသို့သွားရောက်ကြသော မြန်မာမွတ်စလင် ၂၀ ကို ဖမ်းဆီးခဲ့ကြသည်။ ၎င်းတို့အနေဖြင့် အကြမ်းဖက်လှုပ်ရှားမှုနှင့် အချိတ်အဆက်ရှိနေသည်ဟု စွပ်စွဲခံရသည်။ [၃၅]

---

၃၃။ Aljazeer ၊ အယ်လ်ကေးဒါးခေါင်းဆောင်က အိန္ဒိယ၌အဖွဲ့ခွဲထူထောင်ကြောင်းကြေညာ၊ စက်တင်ဘာ ၄၊ ၂၀၁၄၊ web ။

၃၄။ ဘီဘီစီ၊ အယ်လ်ကေးဒါးခေါင်းဆောင် ဇာဝါဟီရီက အယ်လ်ကေးဒါးအဖွဲ့ကို တောင်အာရှသို့ဖြန့်ကြက်၊ စက်တင်ဘာ ၄၊ ၂၀၁၄၊ web ။

၃၅။ ဧရာဝတီ၊ အကြမ်းဖက်မှုဖြင့် မွတ်စလင် ၂၀ အမှုရင်ဆိုင်ရ၊ Lawi Weng၊ ဒီဇင်ဘာ ၉၊ ၂၀၁၄၊ web ။

အကြမ်းဖက်အဖွဲ့အစည်းများသည် မြန်မာရှိ ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှုကို ပြန်လည်လက်စားချေသည့် အနေဖြင့် အိန္ဒိယ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားတို့တွင် ၂၀၁၃ ခုနှစ်အတွင်း ဗုံးခွဲမှုများနှင့် လူသတ်မှုများ ကျူးလွန်ခဲ့သည်။ မြန်မာရှိဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှုက အခြားသောနိုင်ငံများသို့ပြန့်နှံ့၍ အကျိုးသက်ရောက်မှုရှိခဲ့သည်။ ၂၀၁၄ ခုနှစ်အတွင်း မလေးရှားနိုင်ငံရှိ မြန်မာအလုပ်သမား ၂၀ ကျော် အသတ်ခံခဲ့ရသည်။ အဆိုပါ သတ်ဖြတ်မှုများသည် မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဗုဒ္ဓဘာသာ-မွတ်စလင်အကြမ်းဖက်မှုနှင့် ဆက်စပ်နေဖွယ်ရှိသည်။ [၃၆]

ရခိုင်အကြမ်းဖက်မှုနှင့်ဆက်စပ် လက်စားချေတိုက်ခိုက်မှုများမှတစ်ဆင့် ဗုဒ္ဓဘာသာဝင်များစွာ အသတ်ခံကြရကြောင်း မလေးရှားရှိမြန်မာတက်ကြွလှုပ်ရှားသူများက ထုတ်ပြန်ပြောဆိုကြသည်။ မလေးရှားနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားများ အကြားထင်ရှားသောနေရာတစ်ခုတွင် ဆိုးရွားသောလူသတ်မှုများ ဆက်တိုက်ဖြစ်ပေါ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ လူ ၁၅ ဦးကို မလေးရှားရဲများက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး သတ်ဖြတ်မှုများသည် ၎င်းတို့၏မူရင်းနိုင်ငံတွင် တိုင်းရင်းသား အုံကြွမှုနှင့် ဆက်စပ်နေသည်ဟု ယူဆကြသည်။ [၃၇]

ရိုဟင်ဂျာ(ဘင်္ဂါလီ) အရေးကိုဖြေရှင်းနိုင်ရန်မှာ လွယ်ကူသောကိစ္စရပ်မဟုတ်ပေ။ လက်ရှိအစိုးရအနေဖြင့်လည်း ပြဿနာအားလုံးကို ဖြေရှင်းနိုင်ခြင်းမရှိပေ။ သို့သော်လည်း လက်ရှိအစိုးရအဖွဲ့အနေဖြင့် ရိုဟင်ဂျာအများစုနေထိုင်သော ရခိုင် ပြည်နယ်ရှိဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှုကို တစ်နှစ်လုံးလျှို့ဝှက်ထားရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ပြည်တွင်းဒုက္ခသည်များအနေဖြင့် ယာယီစခန်းများတွင်ဆက်လက်နေထိုင်နေရခြင်းကြောင့် အခြေအနေမှာလွန်စွာဆိုးရွားလာခဲ့သည်။ အဆိုပါစခန်းများတွင် ဒုက္ခသည်များအနေဖြင့် ကျန်းမာရေးနှင့်မသင့်လျော်သော အခြေအနေများ၊ အမိုးအကာ၊ အစားအစာနှင့် ဆေးဝါးမလုံလောက်မှုများ၊ ကလေးငယ်သူငယ်များကို ကျောင်းထားပေးနိုင်မှု နည်းပါးခြင်းတို့ကဲ့သို့ ခက်ခဲသောအခြေအနေများနှင့် ရင်ဆိုင်နေရပေသည်။

တစ်ဖက်တွင်မူ မြန်မာပြည်သူများစွာက မတူညီသော အသိုက်အဝန်းများအကြား "ညီညီညွတ်ညွတ်နှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး" မှာ အားလုံးအတွက် အမှန်တကယ်အရေးပါသည်ဟု ယုံကြည်ကြသည်။ ယင်းကြောင့်ပင် မတူကွဲပြားသောဘာသာရေးသက်ဝင်ယုံကြည်မှုများအကြား ၎င်းတို့၏ကွဲပြားခြားနားသော စံနှုန်းသတ်မှတ်ချက်များ၊ တန်ဖိုးထားမှုများ၊ ယုံကြည်မှုများနှင့်ပတ်သက်၍ နားလည်သဘောပေါက်မှုကို မြှင့်တင်ရန်အတွက် ဒေသန္တရ NGOs များက ဘာသာရေးအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ကြခြင်းဖြစ်သည်။ ဥပမာအားဖြင့် မတ်လ ၂၄ ရက်နေ့က မကွေးတိုင်းဒေသကြီးတွင် ရတနာမြေလူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က "ကိုးကွယ်ယုံကြည်မှုအသီးသီးမှ လူပုဂ္ဂိုလ်များအကြား ညီညီညွတ်ညွတ်ဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"ဟူသောခေါင်းစဉ်ဖြင့် ဘာသာရေးအလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဘာသာကြီးလေးခုမှခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ [၃၈]

ကိုလံဘီယာတက္ကသိုလ်က ဘာသာရေးအဖွဲ့များပါဝင်သည့် ဘာသာရေးအလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကြီးမှူးကျင်းပခဲ့သည်။ အဆိုပါဘာသာရေးအဖွဲ့အစည်းများတွင် ငြိမ်းချမ်းရေးအတွက်ဘာသာရေးများ-မြန်မာ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ မြန်မာအစ္စလာမ်စင်တာ၊ ထာဝရဘုရားသခင်နှင့်ဘာသာရေးယုံကြည်မှုဆိုင်ရာလေ့လာမှုပညာတက္ကသိုလ်/ယုဒသန်သုတေသနစင်တာ (Myanmar Institute of Theology/Judson Research Center).[၃၉] အဆိုပါ ဘာသာရေးအလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၉ ရက်နေ့က နေပြည်တော်တွင် "ဘာသာရေးဆွေးနွေးမှု -လူမှုရေးသဟဇာတအရင်းအမြစ်"ဟူသောခေါင်းစဉ်ဖြင့် ဆွေးနွေးကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ လူမှုရေးသဟဇာတဖြစ်စေသည့် ဘာသာရေးအရင်းအမြစ်များကို စဉ်းစားသုံးသပ်ရန်နှင့် ဗုဒ္ဓဘာသာ၊ မွတ်စလင်ဘာသာနှင့် ခရစ်ယာန်ဘာသာရေးယုံကြည်မှုတို့တွင်သာမက ပညာရေးစနစ်တွင်ပါ လူမှုရေးသဟဇာတဖြစ်မှုကို အလေးပေးသည့် သင်ထောက်ကူပစ္စည်းများ ထွက်ပေါ်လာစေရန်ဖြစ်သည်။

---

၃၆။ RFA၊ မလေးရှားတွင် အသတ်ခံရမှုအတွက် တရားမျှတစွာဆုံးဖြတ်ပေးရန် မြန်မာတောင်းဆို၊ စက်တင်ဘာ ၁၉၊ ၂၀၁၄၊ web ။

၃၇။ The Malaysia Insider ၊ ပီနန်တွင် ၁၈ ဦးသေဆုံးမှုသည် မြန်မာအုံကြွမှုနှင့်ဆက်စပ်ဖွယ်ရှိ၊ ဒီဇင်ဘာ ၅၊ ၂၀၁၄၊ web ။


၃၈။ The New Light of Myanmar ၊ ဘာသာရေးအလုပ်ရုံဆွေးနွေးပွဲကို မကွေး၊ ကောင်းသုတ (မင်းဘူး) တွင် ကျင်းပခဲ့သည်။ မေ ၂၇၊ ၂၀၁၄။ သတင်းစာ၊ စာမျက်နှာ ၄။

၃၉။ ဧရာဝတီ၊ Religious Roots of Social Harmony]s Discussed in Yangon, Lawi Weng, ဇန်နဝါရီ ၂၁၊ ၂၀၁၄။ web ။

မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာ၊ မွတ်စလင်နှင့် ခရစ်ယာန်အသိုက်အဝန်းတို့မှ ထင်ရှားသည့်ခေါင်းဆောင်များက အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ ခန့်မှန်းချေအားဖြင့် ဘာသာရေးခေါင်းဆောင်များ၊ ဘာသာရေး လိုက်စားသူများ၊ ဝါရင့်အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဘာသာရေးနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်ဆောင်ရွက် နေကြသည့်ပုဂ္ဂိုလ်များ စုစုပေါင်း ၆၀ ခန့် အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။

အကယ်၍ ရိုဟင်ဂျာများအား နိုင်ငံသားပေးရေးပြဿနာကို ဖြေရှင်းနိုင်ခြင်းမရှိပါက ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှု ရရှိနိုင်မည်မဟုတ်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကသတိပေးပြောဆိုခဲ့သည်။ တင်းမာမှုများသည် "ဆိုးဆိုးရွားရွား မငြိမ်မသက်ဖြစ်စေနိုင်ကြောင်း" နှင့် နိုင်ငံ၏ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းအားထုတ်မှုကို ထိခိုက်စေနိုင်ကြောင်း မစ္စတာဘန်ကီမွန်းကဆိုခဲ့သည်။ [၆၀] အဆိုပါဖြစ်စဉ်ကို ဖြေရှင်းရေးသည် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများနှင့်ဗဟိုအစိုးရအကြား လက်နက်ကိုင်ပဋိပက္ခကိုဖြေရှင်းရေးကဲ့သို့ပင် ညီတူညီမျှအရေးပါပေသည်။ မြန်မာအစိုးရအနေဖြင့် အဆိုပါပြဿနာအား နိုင်ငံတကာကလက်ခံနိုင်သောစံနှုန်းများနှင့်အညီ ဖြေရှင်းသွားရန် လိုအပ်ပါသည်။

ပုံ(၅)- ၂၀၁၃ခုနှစ် လူမှုရေးနှင့်ဘာသာရေးအကြမ်းဖက်မှု




ပုံ(၆)- ၂၀၁၄ခုနှစ် လူမှုရေးနှင့်ဘာသာရေးအကြမ်းဖက်မှု




၆၀။ AP သတင်း၊ ကုလသမဂ္ဂ၊ ရိုဟင်ဂျာပြဿနာကို မဖြေရှင်းနိုင်ပါက မြန်မာ့တည်ငြိမ်ရေးစိုးရိမ်ရ၊ ဧပြီ ၂၅၊ ၂၀၁၅၊ web ။

## ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများနှင့် ဒုက္ခသည်များ

ဆက်လက်ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် လူမှုရေးနှင့်ဘာသာရေးအကြမ်းဖက်မှုများက ပြည်တွင်းဒုက္ခသည်များကို ပိုမိုဖြစ်ပေါ်စေပြီး ယခင်နှစ်များအတွင်း ဒုက္ခသည်များကို ၎င်းတို့၏နေအိမ်များကိုပြန်ရန် တားဆီးထားသည်။ မြန်မာနိုင်ငံတွင် လက်နက်ကိုင်တိုက်ပွဲများကြောင့်လည်းကောင်း၊ ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှုကြောင့်လည်းကောင်း အိုးအိမ်စွန့်ခွာထွက်ပြေးရသည့် ပြည်တွင်းဒုက္ခသည် ၆၄၂၆၀၀ ကျော်ရှိသည်ဟု ပြည်တွင်းပြန်လည်နေရာချထားပေးမှုစောင့်ကြည့်ရေးစင်တာ (IDMC) က ခန့်မှန်းထားသည်။ IDMC ၏အဆိုအရ အဆိုပါဒုက္ခသည်များအနက် ၄၀၀၀၀၀ ကျော်သည် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေထိုင်ကြပြီး ဒုက္ခသည် ၉၈၀၀၀ ကျော်သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင်လည်းကောင်း၊ ဒုက္ခသည် ၁၄၀၀၀၀ ဝန်းကျင်သည် ရခိုင်ပြည်နယ်တွင်လည်းကောင်း၊ ၅၀၀၀ ခန့်သည် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်းကောင်း အသီးသီးရှိနေကြကြောင်း သိရသည်။ [၄၁]

ရခိုင်ပြည်နယ် - OCHA ၏ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ အစီရင်ခံစာအရ ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းများတွင် ပြည်တွင်းဒုက္ခသည် ၁၄၆၅၂၄ ဦးနေထိုင်နေဆဲဖြစ်ကြောင်းသိရသည်။ တစ်ဖက်တွင်မူ UNHCR ၏ ၂၀၁၄ ခုနှစ် အစီရင်ခံစာတွင် အဆိုပါပြည်နယ်၌ ပြည်တွင်းဒုက္ခသည် ၁၄၀၀၀၀ ခန့်ရှိသည်ဟု ဆိုထားသည်။ အဆိုပါဒုက္ခသည်များသည် ၂၀၁၂ အတွင်း ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှုဖြစ်ပွားရာမှ ထွက်ပေါ်လာသည့် ဓားစာခံများဖြစ်သည်။ ထိုစဉ်က အကြမ်းဖက်မှုကြောင့် ရခိုင်နှင့် ရိုဟင်ဂျာ(ဘင်္ဂါလီ)အသိုက်အဝန်းအကြား လူ ၂၀၀ ကျော်သေဆုံးခဲ့ရသည်။ UNHCRနှင့် အခြားသော INGOs များသည် ယာယီတဲများ၊ အစားအစာနှင့် ဆေးဝါးများကို ထောက်ပံ့ပေးထားကြသည်။ သို့သော်လည်း အဆိုပါစခန်းများရှိ ဒုက္ခသည်များအနေဖြင့် ကျန်းမာရေးစောင့်ရှောက်ခံရမှုနည်းပါးခြင်းနှင့် ကလေးငယ်များ၏ပညာရေးကို ဦးစားမပေးနိုင်ခြင်းကဲ့သို့ အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ ရခိုင်နှင့်ရိုဟင်ဂျာ(ဘင်္ဂါလီ) အသိုက်အဝန်းသည် တစ်ဖက်နှင့်တစ်ဖက် စိုးရိမ်ကြောက်ရွံ့နေကြဆဲဖြစ်ပြီး တစ်ဖက်နှင့်တစ်ဖက် မယုံကြည်မှုများက အသိုက်အဝန်းနှစ်ခုအကြား သဟဇာတဖြစ်စေမည့်အခြေအနေကို တားဆီးထားလျက်ရှိသည်။ သမ္မတဦးသိန်းစိန်သည် ပြည်တွင်းဒုက္ခသည်များအား ပြန်လည်နေရာချထားရေးစီမံကိန်းများအတွက် ငွေကျပ် သန်း ၂၀၀၀ အသုံးစရိတ်ကို အတည် ပြုပေးခဲ့သည်။ ပထမဆုံးအဆင့်တွင် ဒုက္ခသည်များအတွက် နေအိမ်များတည်ဆောက်ပေးမည်ဖြစ်သည်။

မိတ္ထီလာ - ဒုက္ခသည် ၃၀၀၀ ကျော်သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရှိ ဒုက္ခသည်စခန်းငါးခုတွင် နေထိုင်နေကြဆဲဖြစ်သည်။ ၂၀၁၃ မတ်လအတွင်း ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှုဖြစ်ပေါ်ပြီး နောက်ပိုင်း မိတ္ထီလာတွင် ဒုက္ခသည် ၈၀၀၀ ခန့် ရှိခဲ့သည်။ ၂၀၁၃ အတွင်း အဆိုပါဖြစ်ရပ်ပေါ်ပေါက်ပြီးနောက် ဒေသန္တရအစိုးရ၊ ဒေသန္တရအာဏာပိုင်များ၊ ပုဂ္ဂလိကအလှူရှင်များနှင့် ဒုက္ခသည်ကိုယ်စားလှယ်များက အဆိုပြုသည့် ပြန်လည်နေရာချထားရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ပြန်လည်နေရာချထားရေးကော်မတီက ၂၀၁၄ အတွင်း အဆိုပြုသည့် ပြန်လည်နေရာချထားရေးအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အတည်ပြုပေးခဲ့သည်။ ထိုအချိန်မှစ၍ မန္တလေးတိုင်းဒေသကြီးအစိုးရနှင့် ဒေသန္တရအာဏာပိုင်များသည် ဒုက္ခသည်များကို ပြန်လည်နေရာချထားပေးရန် အတွက် မိတ္ထီလာမြို့နယ်တွင် နေအိမ်များတည်ဆောက်ပေးခဲ့သည်။ ဒေသန္တရအာဏာပိုင်များအနေဖြင့် ၂၀၁၄ ဩဂုတ် အတွင်း နေအိမ် ၂၂၀ ဆောက်လုပ်ပေးခဲ့သည်။ [၄၂] အဆိုပါနှစ် ဩဂုတ်လ ၁၉ ရက်တွင် မိသားစု ၃၅၀ အတွက် နေအိမ် ၃၅၀ ထပ်မံချထားပေးခဲ့သည်။ [၄၃]

၄၁။ IDMC ၊ မြန်မာ - ပြည်တွင်းဒုက္ခသည်များအတွက် ကျယ်ကျယ်ပြန့်ပြန့်ဖြေရှင်းမှုများလိုအပ်၊ ဇူလိုင် ၁၊ ၂၀၁၄၊ web ။

၄၂။ ဧရာဝတီ၊ အကြမ်းဖက်မှုဖြစ်ပွားသည့် မိတ္ထီလာတွင် ပထမဆုံးပြန်လည်နေရာချထားပေးမှုစတင်၊ Lawi Weng ၊ ဇူလိုင် ၃၁၊ ၂၀၁၄။

၄၃။ RFA ၊ မိတ္ထီလာရှိ ဒုက္ခသည်များကို နေအိမ်အလုံး ၃၅၀ လွှဲပြောင်းပေးအပ်၊ ဩဂုတ် ၂၅၊ ၂၀၁၄၊ web ။

ကချင်ပြည်နယ် - OCHA၏အဆိုအရ ၂၀၁၄ အတွင်း ကချင်ပြည်နယ်ရှိအစိုးရနှင့် KIO ထိန်းချုပ်ထားသော ဧရိယာများတွင် ပြည်တွင်းဒုက္ခသည် ၉၀၀၀၀ ကျော်ရှိခဲ့သည်ဟု သိရသည်။ UNHCR ကမူ ကချင်ပြည်နယ်တွင်လည်းကောင်း၊ ကချင်ပြည်နယ်နှင့်ထိစပ်နေသည့် ဒေသများတွင်လည်းကောင်း ပြည်တွင်းဒုက္ခသည် ၁၀၀၀၀၀ ခန့်ရှိနေသည်ဟု ထုတ်ပြန်အစီရင်ခံထားသည်။ ကချင်ပြည်နယ်တွင် KIA နှင့်အစိုးရတပ်ဖွဲ့ဝင်များအကြား လက်နက်ကိုင်တိုက်ပွဲများ လျော့ကျခဲ့သော်လည်း ဒုက္ခသည်အနည်းစုသာ နေအိမ်သို့ပြန်ကြပြီး အများစုမှာမူ မိမိတို့၏နေအိမ်များသို့ပြန်သွားရန် ကြောက်ရွံ့နေခဲ့ကြသည်။ ၂၀၁၄ ခုနှစ်အတွင်း ဖားကန့်ဒေသ၌လည်းကောင်း၊ ၂၀၁၅ အစောပိုင်းတွင် တနိုင်းမြို့နယ်၌လည်းကောင်း KIA နှင့်အစိုးရတပ်ဖွဲ့ဝင်များအကြား ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ပွားခဲ့ရာ ဒုက္ခသည် ၃၀၀၀ ထပ်မံတိုးပွားခဲ့သည်။ အဆိုပါဒုက္ခသည်များအနေဖြင့် အစားအစာ၊ ဆေးဝါးနှင့် ယာယီတဲမလုံလောက်ခြင်း၊ ဝင်ငွေရရှိမည့် အလုပ်အကိုင်များကို မလုပ်ကိုင်နိုင်ခြင်း စသောကြီးမားသည့်အခက်အခဲများကြားတွင် နေထိုင်နေကြရဆဲဖြစ်သည်။ စာသင်ကျောင်းများနှင့် စာသင်ကြားရေးပစ္စည်းများမလုံလောက်ခြင်းတို့ကြောင့် ၄င်းတို့၏ကလေးငယ်များအနေဖြင့် ကျောင်းမနေကြရပေ။ ကုလသမဂ္ဂနှင့် INGOs များသည် ဒုက္ခသည်များထံသို့ လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပေးပို့ရန်ကြိုးပမ်းခဲ့သော်လည်း အစိုးရတပ်ဖွဲ့ဝင်များက ခွင့်ပြုရန်ငြင်းပယ်ခဲ့သည်။

ကချင်ပြည်နယ်အစိုးရသည် မြစ်ကြီးနားမြို့ရှိ ငွေစံပျော်ကျေးရွာတွင် ဒုက္ခသည်များအတွက် နေအိမ်များ ဆောက်လုပ်ပေးခဲ့သည်။ ၂၀၁၄ မေလတွင် ငွေစံပျော်ကျေးရွာရှိ နေအိမ်သစ် ၁၀၀ ကျော်ကို ကချင်ဒုက္ခသည်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ KIO နှင့်အစိုးရဘက်မှ အဖွဲ့ဝင် ငါးဦးစီပါဝင်သော ပဋိပက္ခပူးတွဲဖြေရှင်းရေး ကော်မတီတစ်ရပ် ဖွဲ့စည်းလိုက်သည့်လတွင် အဆိုပါရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ကချင်ပြည်နယ်အစိုးရအနေဖြင့် အဆိုပါနှစ်ဩဂုတ်လကုန်ပိုင်းတွင် အိမ်ထောင်စု ၃၃ စုအတွက် နေအိမ်များ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက ဆိုသည်။

ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ စိန်းလွန်ကမ္ဘာ၊ စိန်းလွန်ကာကြီးနှင့် ပန်မူကျေးရွာများမှ ဒုက္ခသည်အိမ်ထောင်စု ၁၉၂ စုအနေဖြင့် အောက်တိုဘာလ ၁၁ ရက်နေ့တွင် နေအိမ်များသို့ ပြန်နိုင်ခဲ့ကြသည်။ [၄၄] ပဋိပက္ခပူးတွဲဖြေရှင်းရေးကော်မတီ၏ အောက်တိုဘာလ ၃ ရက်နေ့တွင် ကျင်းပခဲ့သော အစည်းအဝေးကြောင့် ရရှိလာသည့် အကျိုးရလဒ်ပင်ဖြစ်သည်။ ဒုက္ခ သည်များ နေရပ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ဗဟိုအစိုးရနှစ်ရပ်လုံးက အထောက်အပံ့အကူအညီများ ပေးပို့ခဲ့ကြသည်။


ရှမ်းပြည်နယ် - အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များထိန်းချုပ်ထားသည့် ဒေသများရှိ စခန်းများတွင် ဒုက္ခသည်များ နေထိုင်နေရဆဲဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် တိုက်ပွဲများစွာဖြစ်ပွားခဲ့သည့် ရှမ်းပြည်မြောက်ပိုင်းဒေသတွင် ဒုက္ခသည်များ ထပ်မံတိုးပွားခဲ့သည်။ TNLA အဖွဲ့နှင့် အစိုးရအကြား အပစ်အခတ်ရပ်စဲမှုမှတ်တမ်းမရှိပေ။ ရှမ်းပြည်မြောက်ပိုင်းရှိတအောင်းဒေသတွင် ဒုက္ခသည်အနည်းဆုံး ၃၀၀၀ ခန့်ရှိနေသည်ဟု တအောင်းအမျိုးသမီးအဖွဲ့အစည်း(TWO) က ဆိုသည်။

ထို့ပြင် ရှမ်းပြည်မြောက်ပိုင်းတွင် SSPP နှင့် အစိုးရတပ်ဖွဲ့ဝင်များအကြား အပစ်အခတ်ရပ်စဲထားသော်လည်း တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ခဲ့ကြသည်။ ကျေးသီးမြို့နယ် တာဖာဆောင်တံတားအနီးရှိ SSPP စခန်းများကို အောက်တိုဘာအစောပိုင်းတွင် အစိုးရတပ်ဖွဲ့ဝင်များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲမှာ ငါးရက်ကြာမြင့်ခဲ့ပြီး ရလဒ်အားဖြင့် ရွာသူရွာသား အနည်းဆုံး ၂၅၀၀ ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီးနောက်အစိုးရတပ်ဖွဲ့ဝင်များအနေဖြင့် SSPP အဖွဲ့၏စခန်းများကို သိမ်းပိုက်နိုင်ခဲ့သည်။ SSPP နှင့်အစိုးရတပ်ဖွဲ့ဝင်များအကြား အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများစွာပြုလုပ်ပြီးနောက် ရလဒ်အားဖြင့် SSPP အဖွဲ့က ယင်းတို့၏စခန်းများကို ရွှေ့ပြောင်းခဲ့ကြပြီး ကျေးသီးမြို့နယ်တွင်လည်း ပဋိပက္ခများရပ်တန့်သွားခဲ့သည်။ ယင်းမှတစ်ဆင့် ရှမ်းတိုင်းရင်းသားဒုက္ခသည်များလည်း နေရပ်ပြန်နိုင်ခဲ့ကြသည်။

၄၄။ အလဲဗင်းသတင်း၊ လွယ်ဂျားမြို့နယ်တွင် ခိုလှုံနေကြသည့်ဒုက္ခသည်များ နေရပ်ပြန်ကြ၊ ထွန်းလင်းအောင်(မြစ်ကြီးနား)၊ အောက်တိုဘာ ၁၂၊ ၂၀၁၄၊ web ။

MNDAA အဖွဲ့သည် အသစ်ပြန်လည်အဖွဲ့စည်းလိုက်သည့်အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ၁၉၈၉ ခုနှစ်အတွင်း ယခင်စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရန် လက်မှတ်ထိုးခဲ့သည့် ပထမဆုံးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည်။ ကိုးကန့်ဒေသကို အထူးဒေသ - ၁ အဖြစ် လူသိများပြီး အချိန်ကြာမြင့်စွာအပစ်အခတ်ရပ်စဲထားသည့်ကာလတွင် စစ်အစိုးရ၏ မျက်နှာသာ ပေးမှုခံခဲ့ရသည်။ သို့သော်လည်း ၂၀၀၉ တွင် စစ်အစိုးရက MNDAA အဖွဲ့ကို နယ်ခြားစောင့်တပ်ဖွဲ့ တစ်ဖွဲ့အဖြစ် အသွင်ပြောင်းရန် ညွှန်ကြားခဲ့ရာ MNDAA အဖွဲ့က ငြင်းဆန်ခဲ့သည်။ ယင်းနောက် အစိုးရတပ်ဖွဲ့ဝင်များက ကိုးကန့်ဒေသ၏မြို့တော်ဖြစ်သည့်လောက်ကိုင်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ ဖုန်းကြားရှင်က တောခိုသွားခဲ့ပြီး သူ၏တပ်ကို ပြန်လည်စုဖွဲ့ခဲ့သည်။ ၂၀၁၅ ဖေဖော်ဝါရီ ၉ ရက်တွင် MNDAA အဖွဲ့က လောက်ကိုင်တွင် အခြေစိုက်ထားသော အစိုးရတပ်ဖွဲ့ဝင်များကို ပြန်လည်တိုက်ခိုက်ခဲ့ရာ ထိုအချိန်မှစ၍ တိုက်ပွဲများနေ့စဉ်နီးပါး ဖြစ်ပွားခဲ့သည်။ သတင်းမီဒီယာများတွင် ဖော်ပြချက်အရ အဆိုပါဖြစ်စဉ်ကြောင့် တရုတ်-မြန်မာနယ်စပ်ဒေသတွင် ပြည်တွင်းဒုက္ခသည် ၁၀၀၀၀၀ ခန့်တိုးပွားခဲ့သည်ဟု သိရသည်။ ဒုက္ခသည်အချို့သည် ရှမ်းပြည်မြောက်ပိုင်း၏ မြို့တော်ဖြစ်သော လားရှိုးသို့ထွက်ပြေးကြသည်။ လက်ရှိစာအုပ်ရေးသားနေချိန်အထိ လက်နက်ကိုင်တိုက်ပွဲများက ဖြစ်ပွားနေဆဲဖြစ်သည်။ နယ်စပ်ဒေသရှိဒုက္ခသည်များအနေဖြင့် ယာယီတဲ၊ အစားအစာ၊ ဆေးဝါးနှင့် ကလေးများအတွက် စာသင်ကျောင်းမလောက်င သည့် ပြဿနာနှင့်ရင်ဆိုင်နေကြရသည်။

ကရင်နှင့်မွန်ပြည်နယ် - ၂၀၁၄ ခုနှစ်တွင် KNU နှင့်အစိုးရတပ်ဖွဲ့ဝင်များအကြား ကြီးကြီးမားမားတိုက်ပွဲ မဖြစ်ခဲ့ပေ။ သို့သော် စက်တင်ဘာနှင့် အောက်တိုဘာတို့တွင် ကရင်နှင့်မွန်ပြည်နယ်တို့၌ ဗိုလ်မှူးကြီးစောဆန်းအောင် ဦးဆောင်သော DKBA စစ်ကြောင်းနှင့် အစိုးရတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့သည်။ ယင်းကြောင့် အဆိုပါပြည်နယ်များတွင် ဒုက္ခသည်အရေအတွက် ၂၀၀၀ ခန့် ထပ်မံတိုးသွားခဲ့သည်။ ကံကောင်းသွားသည်မှာ တိုက်ပွဲ အနေဖြင့်သီတင်းပတ်အနည်းငယ်သာ ကြာမြင့်ခဲ့ခြင်းဖြစ်ရာ အဆိုပါဒုက္ခသည်များအနေဖြင့် တိုက်ပွဲပြီးချိန်တွင် နေရပ်သို့ ပြန်နိုင်ခဲ့ကြသည်။ UNHCR ၏ အစီရင်ခံစာအရ ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းများတွင် နေထိုင်နေကြသည့် ဒုက္ခသည် ၂၃၀၀၀၀ ရှိသည်ဟုသိရသည်။ တစ်ဖက်တွင်လည်း မြန်မာနယ်စပ်ဒေသတွင် ဒုက္ခသည်ထောင်နှင့်ချီ နေထိုင်နေကြဆဲ ဖြစ်သည်။ ကရင်လက်နက်ကိုင်အဖွဲ့များနှင့် မြန်မာအစိုးရတို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက် ကရင်ဒုက္ခသည်အနည်းငယ် နေရပ်သို့ ပြန်သွားခဲ့ကြသည်။ အချို့သည် INGOs များက ထောက်ပံ့ပေးထားသည့် ကျောက်ကြီး စီမံကိန်းဒေသတွင် ပြန်လည်အခြေချကြသည်။ ထို့ပြင် KNU ကလည်း ယင်းတို့၏အဖွဲ့ဝင်မိသားစုများနှင့် အခြားသောဒုက္ခသည်များ ပြန်လည်အခြေချရန်အတွက် ကရင်ပြည်နယ်တွင် နေအိမ်များတည်ဆောက်ပေးခဲ့သည်။ သို့သော်လည်း ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းများတွင် နေထိုင်နေကြသည့် ဒုက္ခသည်အများစုအနေဖြင့် နေရပ်သို့မပြန်လိုကြပေ။ နေရပ်မပြန်လိုသည့် အကြောင်းအရင်းတစ်ရပ်မှာ ၎င်းတို့၏ရွာဟောင်းနေရာများတွင် မဖယ်ရှားရသေးသည့် မြေမြှုပ်မိုင်းများ အန္တရာယ်ကြောင့် ဖြစ်သည်။ အခြားသောအကြောင်းပြချက်တစ်ခုမှာ ဒုက္ခသည်များကိုကြောက်စိတ်ဝင်စေရန် သင်ကြားပေးလိုက်သည့် မြန်မာစစ်တပ်က ၎င်းတို့၏နေရပ်တွင် လက်ရှိအချိန်၌ တပ်ဖြန့်ထားကြ၍ဖြစ်သည်။ တရားဝင်အသိအမှတ်ပြုထားသည့် ဒုက္ခသည်များနှင့်ပြည်တွင်း၌ ပြန်လည်နေရာချထားပေးရသူများသည် အစိုးရစစ်သားများကလူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်ပြုလုပ်ကြမည်ကို စိုးရိမ်နေကြသည်။




ပုံ (၇) - ထိုင်းနိုင်ငံရှိ ဒုက္ခသည်များနှင့်
မြန်မာနိုင်ငံအတွင်းရှိ ပြည်တွင်းဒုက္ခသည်များ

**ဇယား (၈) - မြန်မာပြည်တွင်းရှိ ဒုက္ခသည်များနှင့်**
**UNHCR အသိအမှတ်ပြုထားသည့်ပြည်ပရှိ ဒုက္ခသည်များ (၂၀၁၄)**

| စဉ် | ဒေသ | ဒုက္ခသည်များ/IDPs |
|---|---|---|
| ၁ | ကချင်ပြည်နယ် | ၉၀,၀၀၀ ကျော် (OCHR, ၂၀၁၄)<br>၁၀၀,၀၀၀ (UNHCR, ၂၀၁၄) |
| ၂ | ရှမ်းပြည်မြောက်ပိုင်း | ၁၀၀,၀၀၀ ခန့် **<br>(ကိုးကန့်ဒေသရှိ ပြည်တွင်းဒုက္ခသည်များအပါအဝင်) |
| ၃ | မြန်မာနိုင်ငံ၏အရှေ့တောင်ဘက်<br>(ထိုင်း-မြန်မာနယ်စပ်) | ၂၃၀,၀၀၀ (UNHCR, ၂၀၁၄) |
| ၄ | မိတ္ထီလာ | ၅,၀၀၀ ခန့် |
| ၅ | ရခိုင်ပြည်နယ် | ၁၄၆,၅၂၄ (OCHA ၊ ဇန်နဝါရီ ၂၀၁၅)<br>၁၄၀,၀၀၀ နီးပါး (UNHCR, ၂၀၁၄) |
| ၆ | ဘင်္ဂလားဒေ့ရှ် | ၃၀,၀၀၀ (မှတ်ပုံတင်ပြီး)<br>ခန့်မှန်းခြေ ၂၀၀,၀၀၀-၃၀၀,၀၀၀ ခန့်<br>(မှတ်ပုံမတင်ရသေး) (UNHCR,၂၀၁၄) |
| ၇ | အိန္ဒိယ | ၈,၃၀၆ (UNHCR ၂၀၁၄) |
| ၈ | မလေးရှား | ၄၂,၃၀၉ (UNHCR, ၂၀၁၄) |
| ၉ | ထိုင်း | ၁၁၀,၆၀၇ (TBC, DEC ၂၀၁၄) |
| ၁၀ | ၂၀၁၄ ခုနှစ်တွင် UNHCR မှတ်တမ်းတင်ထားသည့် ဒုက္ခသည်များ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများ | IDPs ၃၇၄,၀၀၀<br>နိုင်ငံမဲ့ ၈၁၀,၀၀၀<br>ဒုက္ခသည် ၄၇၉,၇၀၆<br>နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူ ၄၈,၀၅၃ |

*** ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၉၈,၅၀၀ ရှိသည်ဟု *OCHA* က ထုတ်ပြန်ခဲ့သည်။ *(OCHA, JAN 2015)***
**** ကိုးကန့်ပြည်တွင်းဒုက္ခသည်များ၊ ရှမ်းနှင့်တအောင်းပြည်တွင်းဒုက္ခသည်များ အနည်းဆုံး ၆၀၀၀၀ ခန့်ရှိသည်ဟု မီဒီယာတွင်ဖော်ပြကြသည်။**

## မြန်မာအရေးနှင့်ပတ်သက်၍ UNHCR ၏ကမ္ဘာလုံးဆိုင်ရာအစီရင်ခံစာ ၂၀၁၄ - ၂၀၁၅

- မြန်မာနိုင်ငံတွင် ဘာသာရေးနှင့်လူမှုရေးတင်းမာမှုများမြင့်တက်နေဆဲဖြစ်ပြီး ရခိုင်ပြည်နယ်၌ လူ ၁၄၀၀၀၀ နီးပါးကို ဒုက္ခသည်စခန်းတွင် ထားရှိရဆဲဖြစ်သည်။ လူမှုဝန်းကျင်ကို ကာကွယ်ပေးရာတွင် အားနည်းနေမှုနှင့်အတူယှဉ်တွဲနေထိုင်ရေးနှင့် ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုတို့အတွက် လာမည့်နှစ်များ၌ ကြီးမား၍ ထိရောက်မှုရှိသော ထောက်ပံ့မှုများ လိုပေလိမ့်မည်။ UNHCR အနေဖြင့် ရေရှည်တည်တံ့သောပြေလည်မှုများရရှိရန် ကုလသမဂ္ဂလူသား ချင်းစာနာထောက်ထားမှုဆိုင်ရာနိုင်ငံအလိုက်အဖွဲ့ (HCT) နှင့်အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။
- ရခိုင်ပြည်နယ်၏ မြောက်ပိုင်းဒေသရှိ လူ ၈၀၀,၀၀၀ ကျော်သည် နိုင်ငံသားမရသူများဟု ခန့်မှန်းရသည်။ ထပ်လောင်း၍ပြည်တွင်း၌ ပြန်လည်နေရာချထားပေးရသူအများစုသည်လည်း နိုင်ငံသားမရသူများဟု ယူဆရသည်။ UNHCR အနေဖြင့် နိုင်ငံသားဖြစ်ရေးအတွက် အခက်အခဲအတားအဆီးများကို ကိုင်တွယ်ဖြေရှင်းရန် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိသည်။
- အသစ်စက်စက် ရွှေ့ပြောင်းနေရာချထားပေးမှုမှာ ၂၀၁၄ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည်။ အကြောင်းမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မြန်မာအစိုးရစစ်တပ်နှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်များအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့၍ဖြစ်သည်။ UNHCR သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်လည်းကောင်း၊ ရခိုင်ပြည်နယ်တွင်လည်းကောင်း ပြည်တွင်းရွှေ့ပြောင်းနေရာချထားပေးမှုကို ဆောင်ရွက်ပေးသည့် ပြည်တွင်းအဖွဲ့အစည်းအစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ (IDPs) ၂၄၀,၀၀၀ ကျော်၏လိုအပ် ချက်များကို ဖြေရှင်းပေးလျက်ရှိသည်။ ကချင်ပြည်နယ်တွင် အစိုးရက IDP နေရာများသို့ လူသား ချင်းစာနာထောက်ထားရေးအေဂျင်စီများသွားရောက်မှုကို ကန့်သတ်ထားပြီး ထောက်ပံ့ကူညီရေးအဖွဲ့အစည်းများအနေဖြင့် အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်မရှိသောနယ်မြေများသို့ သွားလာရန်အတွက် ခွင့်ပြုချက် မဖြစ်မနေရယူရမည်ဖြစ်သည်။
- ကချင်ပြည်နယ်တွင် အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (KIO) အကြား တင်းမာမှုများကို လျှော့ချရေးသဘောတူညီချက်သည် အခြားသော ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုများအတွက် လမ်းကြောင်းပွင့်လန်းလာနိုင်သည့်အလားအလာရှိပါသည်။ ကချင်ပြည်နယ်တွင် နေရပ်စွန့်ခွာထွက်ပြေးရသူ ၁၀၀၀၀၀ ခန့် ရှိပါသည်။ နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေး အဖွဲ့အစည်းများသည် အစိုးရထိန်းချုပ်ထားသောဧရိယာများရှိ ပြည်တွင်းဒုက္ခသည်များရှိရာသို့ တိုက်ရိုက်သွားရောက်နိုင်ကြပြီး အခြားသောဧရိယာများရှိ ပြည်တွင်းဒုက္ခသည်များထံသို့ လူသားချင်း စာနာထောက်ထားသည့် အကူအညီများသေချာစွာရောက်ရှိရန်အတွက်မူ ဒေသခံအဖွဲ့ဝင်များက အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ UNHCR အနေဖြင့် ကုလသမဂ္ဂရှိအေဂျင်စီအချင်းချင်းနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး များစွာသောလုပ်ပိုင်ခွင့်များအတွင်း လုပ်ရှားဆောင်ရွက်မှုများနှင့်ထောက်ပံ့ကူညီမှုများကို အကာအကွယ်ယူ၍ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ UNHCR အနေဖြင့် HCT၏ နှစ်ရှည်ခံမည့်ဖြေရှင်းဆောင်ရွက်မှုများကိုလည်း ထောက်ခံအားပေးသွားမည်ဖြစ်သည်။
- UNHCR လှုပ်ရှားဆောင်ရွက်လျက်ရှိသည့် ဧရိယာများဖြစ်သော မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ပြည်တွင်းဒုက္ခသည် ၂၃၀,၀၀၀ ကျော်ရှိနေဆဲဟုခန့်မှန်းရသည်။ အစိုးရနှင့် အခြားသောအဖွဲ့


အစည်းများ ပူးပေါင်း၍ပြည်တွင်းဒုက္ခသည်များအရေးကိုအဖြေရှာမှုများက ပိုမိုတိုးမြင့်လာလျက်ရှိပါသည်။ ထိုင်းနိုင်ငံမှပြန်လာဖွယ်ရှိ သည့်ဒုက္ခသည်များအတွက် UNHCR အဓိကအာရုံစိုက်သည့် အရှေ့တောင်ပိုင်းဒေသတွင် ကြိုတင်ပြင်ဆင်သွားရမည်ဖြစ်ပါသည်။သို့သော်လည်း ၂၀၁၃ ခုနှစ်နှစ်ကုန်ပိုင်းအထိ အခြေအနေများက အဆင်သင့်မဖြစ်သေးပေ။ UNHCR အနေဖြင့် မိမိတို့ဆန္ဒအလျောက် ပြန်လည်ရောက်ရှိလာမှုများကိုစောင့်ကြည့်သွားမည်ဖြစ်ပြီး မလွဲမသွေ ပြန်လာဖွယ်ရှိသူများအတွက်လည်း ကြိုတင်ပြင်ဆင်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှအာဏာပိုင်များနှင့်လည်းကောင်းထိုင်းနိုင်ငံရှိ UNHCR နှင့်လည်းကောင်း ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံရှိ UNHCR က ထိုင်းအာဏာပိုင်များနှင့် လည်းကောင်း၊ နယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည်များနှင့်လည်းကောင်း မပြတ်ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်ရှိ ယာယီစခန်းများတွင် နေထိုင်လျက်ရှိသည့် ဒုက္ခသည် ၁၂၈,၀၀၀ ခန့်ရှိသည်ဟု ခန့်မှန်းရပါသည်။

## မူးယစ်ဆေးထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတိုးမြင့်လာခြင်း

UNODC ၏ ၂၀၁၄ ခုနှစ်အစီရင်ခံစာတွင် ဘိန်းစိုက်ပျိုးသည့်ဧရိယာတွင် ၀ ဒသမ ၃ ရာခိုင်နှုန်း (၅၇,၈၀၀ ဟက်တာမှ ၅၇,၆၀၀ ဟက်တာ)လျော့ကျသွားပြီး ဘိန်းထုတ်လုပ်မှုသည်လည်း ၂၀၁၄ ခုနှစ်တွင် ၂၃ ရာခိုင်နှုန်း (၈၇၀ တန်မှ ၆၇၀ တန်)သို့ သိသိသာသာလျော့ကျသွားခဲ့ကြောင်း ဖော်ပြထားသည်။ လွတ်လပ်သောစောင့်ကြည့်လေ့လာသူများ၏ အဆိုအရရာသီဥတုပြောင်းလဲမှုနှင့် မြောက်ပိုင်းတွင် မျှော်လင့်မထားသော တိုက်ပွဲပေါ်ပေါက်မှုတို့ကြောင့်ဖြစ်ကြောင်း သိရသည်။ အစိုးရ၏ မူးယစ်ဆေးဝါးအမြစ်ဖြတ်နှိမ်နင်းရေးကြိုးပမ်းအားထုတ်မှု၏ အကျိုးသက်ရောက်မှုမှာမူ လွန်စွာနည်းပါးခဲ့ပါသည်။ ရဲများနှင့်ဒေသခံအာဏာပိုင်များသည် ၂၀၁၄ ခုနှစ်အတွင်းဘိန်းစိုက်ခင်း ၁၅,၁၈၈ ဟက်တာကို ဖျက်ဆီးခဲ့သည်။ ရွှေတြိဂံဒေသရှိ ဘိန်းစိုက်ပျိုးသောကျေးရွာများမှ လယ်သမားများကို စစ်တမ်းကောက်ယူမှုအရ ဘိန်းစိုက်ပျိုးမှုမှရရှိသော ငွေကြေးသည် အစားအစာအာမခံချက်မရှိသော၊ ဆင်းရဲသောရွာသားများအတွက် မရှိမဖြစ်အရေးပါသည်ကို ပြသနေပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင်နိုင်ငံ၏အခြားသောဧရိယာများထက် ဘိန်းများကို ပိုမိုစိုက်ပျိုးနေကြသည်ဟု UNODC အစီရင်ခံစာတွင် ဆိုထားသည်။ ပြည်နယ်အသီးသီးတွင်စိုက်ပျိုးသောဧရိယာနှိုင်းယှဉ်ချက်အရ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၄၄ ရာခိုင်နှုန်း၊ ရှမ်းပြည်အရှေ့ပိုင်းတွင် ၃၀ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၅ ရာခိုင်နှုန်း၊ ကချင်ပြည်နယ်တွင် ၉ ရာခိုင်နှုန်း၊ ကယားပြည်နယ်တွင် ၀ ဒသမ ၉ ရာခိုင်နှုန်းနှင့် ချင်းပြည်နယ်တွင် ၁ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း တွေ့မြင်ရသည်။ ရှမ်းပြည်နယ်ရှိ ဘိန်းအများဆုံးစိုက်ပျိုးသည့်ဒေသများမှာ ကွန်ဟင်း၊ ပင်လောင်းနှင့် လွိုင်လင်မြို့နယ်တို့တွင်ရှိပါသည်။ ရှမ်းပြည်နယ်မူးယစ်ဆေးဝါးအလွဲသုံးမှုထိန်းချုပ်ရေးတပ်မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်၏အဆိုအရ ဘိန်းစိုက်ပျိုးသည့်လယ်သမား ၃၀ ရာခိုင်နှုန်းသည် အစားအစာနှင့် နေ့စဉ်အသက်ရှင်နေထိုင်ရေးအတွက်ဖြစ်ပြီး ၆၅ ရာခိုင်နှုန်းမှာ စီးပွားရေးအတွက်ဖြစ်ကာ ကျန် ၅ ရာခိုင်နှုန်းမှာမူ အခြားသောရည်ရွယ်ချက်များကြောင့်ဖြစ်ကြောင်း သိရသည်။ [၄၅]

[၄၅]။ 7 Day Daily news ၊ ဘိန်းစိုက်ပျိုးမှု ၆၅ ရာခိုင်နှုန်းကျော်သည် စီးပွားဖြစ်လုပ်ကြခြင်းဖြစ်သည်။ Sai Mong Lon၊ ဧပြီ ၂၃၊ ၂၀၁၅၊ web ။




ပုံ (၈) - ၂၀၁၄ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးသည့်ဧရိယာများ

**ဇယား (၉) - UNODC ၏ အချက်အလက်မှတ်တမ်း- အရှေ့တောင်အာရှဘိန်းစစ်တမ်းကောက်ယူမှု ၂၀၁၄****

| နိုင်ငံ | ၂၀၁၃ | ၂၀၁၄ | အပြောင်းအလဲ |
|---|---|---|---|
| ဘိန်းစိုက်ပျိုးမှု(ဟက်တာ)<br>လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ<br>မြန်မာ<br>ထိုင်း* | ၃,၉၀၀ ဟက်တာ<br>၅၇,၈၀၀ ဟက်တာ<br>၂၆၅ ဟက်တာ | ၆,၂၀၀ ဟက်တာ<br>၅၇,၆၀၀ ဟက်တာ<br>မရသေး | နှိုင်းယှဉ်၍မရ<br>-၀.၃ %<br>မရရှိ |
| ဘိန်းအခြောက်ပျမ်းမျှထွက်ရှိမှု<br>အလေးချိန်<br>လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ<br>မြန်မာ<br>ထိုင်း* | ၆.၀ Kg/ha<br>၁၅.၀ Kg/ha<br>၁၅.၆ Kg/ha | ၁၄.၇ Kg/ha<br>၁၁.၇ Kg/ha<br>မရသေး | နှိုင်းယှဉ်၍မရ<br>-၂၂ %<br>မရရှိ |
| ဘိန်းထုတ်လုပ်မှုအလားအလာ<br>လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ<br>မြန်မာ<br>ထိုင်း* | ၂၃ တန်<br>၈၇၀ တန်<br>၄ တန် | ၉၂ တန်<br>၆၇၀ တန်<br>မရသေး | နှိုင်းယှဉ်၍မရ<br>-၂၃ ရာခိုင်နှုန်း<br>မရရှိ |
| ဘိန်းရှင်းလင်းရေး<br>လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ<br>မြန်မာ<br>ထိုင်း* | ၃၉၇ ဟက်တာ<br>၁၂,၂၈၈ ဟက်တာ<br>၂၆၄ ဟက်တာ | မထုတ်ပြန်<br>၁၅,၁၈၈ ဟက်တာ<br>မရသေး | ၂၄ ရာခိုင်နှုန်း |
| ဘိန်းပျမ်းမျှဈေးနှုန်း<br>လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ<br>မြန်မာ<br>ထိုင်း* | ၁,၈၄၀ US$/Kg<br>၄၉၈ US$/Kg<br>၂,၇၃၄ US$/Kg | ၁,၈၅၅ US$/Kg<br>၄၁၄ US/Kg<br>မရသေး | <+၁%<br>-၁၇ %<br>မရရှိ |
| ဘိန်းထုတ်လုပ်မှု၏ဖြစ်နိုင်ချေတန်ဖိုး<br>လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ<br>မြန်မာ<br>ထိုင်း* | US$ ၄၂ သန်း<br>US$ ၅၄၀ သန်း<br>US$ ၁၁ သန်း | US$ ၁၇၀ သန်း<br>US$ ၃၄၀ သန်း<br>မရသေး | ၃၀၅ %<br>-၃၇ %<br>မရရှိ |


*****ထိုင်းနိုင်ငံမှ ကိန်းဂဏန်းအချက်အလက်များကို ပေးအပ်ခဲ့သည့်အတွက် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့ရုံး၊ ထိုင်းအစိုးရကို မှတ်တမ်းတင်အပ်ပါသည်။
******လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ၂၀၁၃ နှင့် ၂၀၁၄ အချက်အလက်များကို တိုက်ရိုက်နှိုင်းယှဉ်၍မရနိုင်ပေ။ အကြောင်းမှာ ထုတ်ပြန်သည့်စစ်တမ်း၏ နောက်ဆုံးရအခြေအနေနှင့် ထပ်တိုးဧရိယာများကို ယခင်က စစ်တမ်းကောက် ယူထားခြင်းမရှိ၍ဖြစ်သည်။

(***UNODC*** ၊ အရှေ့တောင်အာရှ ဘိန်းစစ်တမ်း ၂၀၁၄၊ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာ၊ ထိုင်း)

**ဇယား (၁၀) - မြန်မာနိုင်ငံတွင် ဒေသအလိုက်ဘိန်းစိုက်ပျိုးသည့်ဧရိယာများ၊ ၂၀၁၃-၂၀၁၄ (Hectares)**

| ပြည်နယ် | ၂၀၁၃ | ၂၀၁၄ | ပြောင်းလဲမှု | ဘိန်းစိုက်ပျိုးသည့် စုစုပေါင်း ဧရိယာ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| ရှမ်းပြည်နယ်အရှေ့ပိုင်း | ၁၈,၄၀၀ (၉,၇၀၀ မှ ၂၇,၀၀၀) | ၁၇,၅၀၀ (၁၀,၃၀၀ မှ ၂၆,၅၀၀) | -၅ % | ၃၀ % |
| ရှမ်းပြည်နယ်မြောက်ပိုင်း | ၈,၃၀၀ (၄,၆၀၀ မှ ၁၂,၀၀၀) | ၈,၅၀၀ (၄,၈၀၀ မှ ၁၃,၃၀၀) | ၂ % | ၁၅ % |
| ရှမ်းပြည်နယ်တောင်ပိုင်း | ၂၆,၆၀၀ (၁၉,၁၀၀မှ ၃၄,၁၀၀) | ၂၅,၅၀၀ (၁၂,၅၀၀ မှ ၄၁,၇၀၀) | -၄ % | ၄၄ % |
| ရှမ်းပြည်နယ်တစ်ခုလုံး | ၅၃,၃၀၀ (၄၁,၂၀၀- ၆၅,၃၀၀) | ၅၁,၄၀၀ (၃၆,၁၀၀မှ ၇၀,၆၀၀) | -၄ % | ၈၉ % |
| ကချင်ပြည်နယ် | ၄,၆၀၀ (၃,၀၀၀ မှ ၆,၁၀၀) | ၅,၁၀၀ (၂,၂၀၀ မှ ၉,၃၀၀) | ၁၁ % | ၉ % |
| ကယားပြည်နယ် | မရရှိ | ၅၀၀ | - | ၀.၉ % |
| ချင်းပြည်နယ် | မရရှိ | ၆၀၀ | - | ၁.၁ % |
| တစ်နိုင်ငံလုံး (ခန့်မှန်းချေ) | ၅၇,၈၀၀ (၄၅,၇၀၀မှ ၆၉,၉၀၀) | ၅၇,၆၀၀ (၄၁,၄၀၀ မှ ၈၇,၃၀၀) | -၀.၃% | ၁၀၀ % |

ပုံ (၉) - မြန်မာနိုင်ငံတွင် ဒေသအလိုက်ဘိန်းစိုက်ပျိုးသည့် ဧရိယာ



UNODC ၏ ဘိန်းစစ်တမ်းကောက်ယူမှုအရ မြန်မာရဲတပ်ဖွဲ့နှင့် အာဏာပိုင်များသည် ယခင်နှစ်ကထက် ဘိန်းဟက်တာ ၂၉၀၀ ကို ဖျက်ဆီးနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ဘိန်း ၆၇၀ တန်သာ ထုတ်လုပ်နိုင်တော့သည်။ ယခင်နှစ်က ဘိန်း ၈၇၀ တန်ထုတ်လုပ်ခဲ့ရာမှကျဆင်းသွားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဘိန်းထုတ်လုပ်မှုသည် အစိုးရ၏မူးယစ်ဆေးဝါးအမြစ်ဖြတ်ဖယ်ရှားရေးစီမံကိန်းကြောင့်ထက် ရာသီဥတုဆိုးရွားသည့်အချက်ကြောင့် ကျဆင်းသွားခဲ့ခြင်း ဖြစ်ပါသည်။

မူးယစ်ဆေးဝါးအမြစ်ဖြတ်ဖယ်ရှားရေးလုပ်ငန်းစဉ်ကို တွန်းတွန်းတိုက်တိုက်ဆောင်ရွက်ရန် အစိုးရက တွန့်ဆုတ်နေခြင်းသည်ဘိန်းစိုက်ပျိုးမှုတိုးမြင့်လာသည့်အကြောင်းအရင်းတစ်ရပ်ပင်ဖြစ်ပါသည်။ RCSS၊ UNDOC နှင့် မြန်မာရဲများသည် ၂၀၁၂ ခုနှစ်အတွင်းက ဘိန်းစိုက်ပျိုးမှုကို အမြစ်ဖြတ်ရန်သဘောတူခဲ့သော်လည်း အစိုးရအနေဖြင့် သဘောတူညီချက်ကိုအကောင်အထည်ဖော်ရန် ပျက်ကွက်သည့်အတွက် အဆိုပါသဘောတူညီချက်သည် တန်ဖိုးမရှိသောစက္ကူပိုင်းတစ်ခုသာဖြစ်သည်ဟု RCSS က နောက်ပိုင်းတွင် အခိုင်အမာပြောဆိုခဲ့သည်။ နယ်ခြားစောင့်တပ်များနှင့် ပြည်သူ့စစ်များသည် မူးယစ်ဆေးဝါးမှရရှိသည့်ငွေကြေးဖြင့် ကိုယ့်ဘဏ္ဍာကိုယ်ရှာနေကြသူများဖြစ်ရာ အစိုးရအနေဖြင့် ယင်းတို့၏လုပ်ငန်းစဉ်များတွင် ဝင်ရောက်နှောက်ယှက်ခြင်းမပြုလိုသည့်အတွက် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းရန် ဆန္ဒမရှိကြောင်း အမည်မဖော်လိုသည့် သုတေသီတစ်ဦးက ဆိုသည်။ ၎င်း၏လေ့လာမှုအရ “မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုသည် မြန်မာစစ်တပ်၏ ခဲတစ်လုံးဖြင့်ငှက်နှစ်ကောင်ပစ်သည့်ဗျူဟာအတွက် လွန်စွာအရေးပါလျက်ရှိသည်ဟု ဆိုသည်။ အဆိုပါဗျူဟာမှာ စစ်တပ်အနေဖြင့် နယ်မြေပေါက်ရောက်မှုကို ချဲ့ထွင်နိုင်သကဲ့သို့ ဒေသခံလက်နက်ကိုင်များကို ၎င်းတို့အပေါ်တိုး၍ သို့မဟုတ် လျော့၍ ခယဝပ်တွားလာစေသည့်ဗျူဟာဖြစ်သည်။ သို့သော် အစိုးရအပေါ်တွင် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးအနည်းငယ်သာရှိစေသည်/ သို့မဟုတ် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးလုံးဝမရှိတော့ပေ။” [၄၆]

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏အဆိုအရ ဘိန်းစိုက်ပျိုးမှုများသည် နယ်ခြားစောင့်တပ်များနှင့် ပြည်သူ့စစ်များထိန်းချုပ်ထားသည့်နယ်မြေများတွင် ပိုမိုတိုးလာကြောင်းနှင့် ဘိန်းထုတ်လုပ်ရာတွင်လည်း ပါဝင်ပတ်သက်လာကြကြောင်းသိရသည်။ မြန်မာစစ်တပ်နှင့်အတူ စစ်ဆင်ရေးများတွင် မကြာခဏပါဝင်လေ့ရှိကြသော အစိုးရကျောထောက်နောက်ခံအချို့သောလက်နက်ကိုင်များသည် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့်မှောင်ခိုကူးမှုများတွင် အကြီးအကျယ် ပါဝင်ပတ်သက်နေကြသည်ဟု ဆိုသည်။[၄၇] ပအိုဝ်နိုင်ငံရေးခေါင်းဆောင်တစ်ဦးက အစိုးရ၏ မူးယစ်ဆေးဝါးအမြစ်ဖြတ်နှိမ်နင်းရေးစီမံကိန်းများကို ဝေဖန်ပြောဆိုခဲ့သည်။[၄၈]

TNLAအဖွဲ့၏အဆိုအရ ပန်ဆေးပြည်သူ့စစ်ခေါင်းဆောင်ကျော်မြင့် (LI SHAU YUNGဟုလည်း လူသိများသူ) သည် လူသူအရောက်အပေါက်နည်း၍ အကြီးအကျယ်သစ်တောပြုန်းတီးနေသောဒေသတွင် ဧက ၂၀,၀၀၀ ပိုင်ဆိုင်ပြီး ဘိန်းအကြီးအကျယ်စိုက်ပျိုးလျက်ရှိသည်ဟု သိရသည်။ ကျော်မြင့်သည် ပြည်နယ်အဆင့် လွှတ်တော်အမတ်တစ်ဦးဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့ဝင်တစ်ဦးဖြစ်သည်။ အဆိုပါဒေသတွင် အမြဲတမ်းတပ်စွဲထားသည့် မြန်မာစစ်တပ် တပ်ရင်းတစ်ရင်းက သိသိသာသာပင်မမြင်ယောင်ဆောင်နေသည်။ [၄၉]

TNLA အဖွဲ့၏အဆိုအရ ပြည်သူ့စစ်အဖွဲ့ဝင်များစွာအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် မှောင်ခိုကူးမှုတို့တွင် ပါဝင်နေကြသည်ဟု သိရသည်။ ယင်းတို့တွင် အောက်ပါ ပြည်သူ့စစ်များပါဝင်သည် -

၁။ တာမိုးညဲ

၂။ ပန်ဆေး

၃။ ဦးဟော်

၄။ မန့်ပန် (ဘိုမွန်)

၅။ မန့်မတ် (မန်းမော့)

---

၄၆။ “Researcher: Drug trade consolidating Army control over Shan State”, S.H.A.N, ဒီဇင်ဘာ ၆၊ ၂၀၁၃၊ web ။

၄၇။ ဧရာဝတီ၊ စစ်ဆင်ရေး- ဘိန်းဖျက်ဆီးရေး၊ နီးလ်လာဆန်၊ မတ် ၂၄၊ ၂၀၁၅၊ web ။

၄၈။ ဧရာဝတီ၊ ဘိန်းစိုက်တောင်သူများကို ထိန်းချုပ်ပါ သို့မဟုတ် ထားလိုက်ပါ၊ ပအိုဝ့်ခေါင်းဆောင်က မြန်မာအစိုးရကို ပြောသည်။ စနေလင်း၊ ဩဂုတ် ၁၉၊ ၂၀၁၄၊ web။ “အကယ်၍ အစိုးရအနေနဲ့ သူတို့ကို ဘိန်းမစိုက်စေချင်ဘူးဆိုရင် ထိထိရောက်ရောက်ကိုင်တွယ်ဖို့လိုပါတယ်။ ဒါပေမယ့်အခုတော့ ဓာတ်ရှုပ်ပြီး နောက်ဆုံးတကယ်ခံရတာက ဒေသခံလယ်သမားတွေပဲ”

၄၉။ ဧရာဝတီ၊ စစ်ဆင်ရေး- ဘိန်းဖျက်ဆီးရေး၊ နီးလ်လာဆန်၊ မတ် ၂၄၊ ၂၀၁၅၊ web ။

ကချင်အမျိုးသမီးများအဖွဲ့အစည်း ထိုင်းနိုင်ငံ (KWAT) က "တိတ်တဆိတ်ထိုးစစ်" (Silent Offensive) အမည်ရှိ အစီရင်ခံစာတစ်စောင်ကို အောက်တိုဘာ ၈ ရက်နေ့ [၅၀] တွင်ပုံနှိပ်ထုတ်ဝေခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် မြန်မာစစ်တပ်၏ ကွပ်ကဲမှုအောက်ရှိ ပြည်သူ့စစ်အုပ်စုများအနေဖြင့် ဘိန်းနှင့်အခြားသောမူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်းနှင့် မှောင်ခိုကူးခြင်းတို့တွင် ပါဝင်ပတ်သက်နေကြောင်းစွပ်စွဲပြောဆိုထားသည်။ KWAT အစီရင်ခံစာအရ ဘိန်းနှင့် ဘိန်းဖြူထုတ်လုပ်မှုသည် အစိုးရထိန်းချုပ်ထားသည့်ဧရိယာများတွင် ပိုမိုမြင့်တက်လာကြောင်းနှင့် လက်နက်ကိုင်ပဋိပက္ခများ စွာလည်းဖြစ်ကြောင်း သိရသည်။ ဘိန်းစိုက်ပျိုးမှုသည် ကချင်ပြည်နယ်ရှိ ဇခေါင်တင်ယင်ဦးဆောင်သော ကချင်နယ်ခြားစောင့်တပ် ထိန်းချုပ်ဧရိယာရှိ ချီဖွေနှင့် ဝိုင်းမော်မြို့နယ်တို့တွင်လည်း တိုးမြင့်လာသည်။ ဇခေါင်တင်ယင်သည် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွင်း အမျိုးသားလွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

ပအိုးဝ်လူငယ်အဖွဲ့အစည်း (PYO) နှင့် မြန်မာပြည်အထက်ပိုင်းလူမှုဖွံ့ဖြိုးမှုဆောင်ရွက်ရေးအဖွဲ့ (SHLSD) က အောက်တိုဘာလ ၂၄ ရက်နေ့က "ဘိန်းစိုက်ခင်းများမှ မျက်ရည်စက်များ"အမည်ရှိ မူးယစ်ဆေးဝါးစောင့်ကြည့်ရေး အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ အဆိုပါအစီရင်ခံစာအရ အစိုးရ၏မူးယစ်ဆေးဝါးအမြစ်ဖြတ်ရေး စီမံကိန်းသည် အောင်မြင်ခြင်းမရှိကြောင်းနှင့် ပြည်တွင်းစစ်ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ အဆိုပါစီမံကိန်း မအောင်မြင်မှုက ဗဟိုအစိုးရတွင်အာဏာများ အလွန်အကျွံရောက်ရှိနေခြင်း(ကြိုးနီစနစ်)၊ မြေယာများသိမ်းယူခြင်းကြောင့် လယ်သမားများကို ဘိန်းစိုက်ပျိုးသည့်ဘက်သို့ ဦးလှည့်သွားစေခြင်း၊ အာဏာပိုင်များအကျင့်ပျက်ခြစားခြင်း၊ တရားမဝင်အခွန်ကောက်ခံခြင်း၊ ဥပမာ–ဒေသခံမြန်မာစစ်တပ်မှတပ်စုများက ခြိမ်းခြောက်ငွေညှစ်ခြင်း၊ မူးယစ်ဆေးဝါး အစားထိုးသီးနှံများအတွက် ဈေးကွက်များနည်းပါးခြင်း၊ မူးယစ်ဆေးဝါးအမြစ်ဖြတ်ရေးစီမံကိန်းက ထိရောက်မှုမရှိခြင်းနှင့် ဒေသတွင်းရှိ အစိုးရ၏ ဖွံ့ဖြိုးရေးစီမံကိန်းများက လယ်သမားများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်းတို့ကြောင့် ဖြစ်ပေသည်။

၂၀၁၄ မတ်တွင် အစိုးရ၏ " ၁၅ နှစ်ကြာ မူးယစ်ဆေးဝါးအမြစ်ဖြတ်နှိမ်နင်းရေးစီမံကိန်း" အဆုံးသတ်သွားပြီဖြစ်ကြောင်း ပြည်ထဲရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ဆိုသည်။ အစိုးရသည် လက်ရှိအချိန်တွင် အဆိုပါစီမံကိန်းကို ထပ်မံ၍ငါးနှစ်သက်တမ်းတိုးလိုက်ပြီဖြစ်ပြီး ဘိန်းအဓိကစိုက်ပျိုးသော ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ မြို့နယ် ၅၁ ခုတွင် ဘိန်းစိုက်ပျိုးမှုအမြစ်ဖြတ်ရေးကို အဓိကအလေးထားဆောင်ရွက်သွားမည်ဖြစ်သည်။ [၅၂] မြန်မာနိုင်ငံသည် ဘိန်းအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ဘိန်းထုတ်လုပ်မှုတွင် ကမ္ဘာ့နံပါတ် (၂)နေရာ၌ရှိနေဆဲဖြစ်ရာ ယင်းကအစိုးရ၏ ဘိန်းအမြစ်ဖြတ်ဖယ်ရှားရေးစီမံကိန်း မအောင်မြင်ကြောင်း ပြသနေပေသည်။ လယ်သမားများသည် ဘိန်းအစားထိုးသီးနှံများထက် ဘိန်းပင်ကိုသာ ဆက်လက်စိုက်ပျိုးကြသည်။ အကြောင်းမှာ ဘိန်းအစားထိုးသီးနှံများအတွက် ဈေးကွက်မရှိခြင်း၊ အဆိုပါသီးနှံများအတွက် ၄င်းတို့တွင် အရင်းအနှီးနည်းပါးခြင်းနှင့် စိုက်ပျိုးနည်းစနစ်ကို မသိရှိသည့်အပြင် လိုအပ်သည့်ကိရိယာတန်ဆာပလာလည်း မရှိခြင်းတို့ကြောင့် ဖြစ်သည်။

၅၀။ ကချင်အမျိုးသမီးများအဖွဲ့အစည်း၊ ထိုင်းနိုင်ငံ ၊ "တိတ်တဆိတ်ထိုးစစ်"၊ အောက်တိုဘာ ၈၊ ၂၀၁၄၊ မူးယစ်ဆေးဝါး အစီရင်ခံစာ။

၅၁။ PYO နှင့် AHLSD ၊ ဘိန်းစိုက်ကွင်းများမှ မျက်ရည်များ – မူးယစ်ဆေးဝါးအစီရင်ခံစာ၊ အောက်တိုဘာ ၂၄၊ ၂၀၁၄၊ အစီရင်ခံစာ။

၅၂။ ဧရာဝတီ၊ ၁၅ နှစ်ကြာ မူးယစ်ဆေးဝါးနှိမ်နင်းရေးမအောင်မြင်၊ ဝန်ကြီး၊ ဇွန် ၁၇၊ ၂၀၁၄၊ web ။

## အကြမ်းဖက်မှု

ပြန်လည်မဖြေရှင်းရသေးသည့် အမျိုးမျိုးအထွေထွေသော ပြဿနာများနှင့် နာကြည်းချက်များသည် မြန်မာနိုင်ငံတွင် အကြမ်းဖက်မီးကိုနှစ်ပေါင်းများစွာတောင်လောင်စေခဲ့ပြီး လက်ရှိအချိန်အထိ ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ကြွင်းကျန်နေဆဲဖြစ်သည်။ သတင်းမီဒီယာများတွင်ဖော်ပြချက်အရ ယခုနှစ်တွင် ဖြစ်ကတတ်ဆန်းပြုလုပ်ထားသည့် ဖောက်ခွဲရေးပစ္စည်းများနှင့် မြေမြှုပ်မိုင်း ၂၅ ခုပေါက်ကွဲခဲ့ပြီး မပေါက်ကွဲသေးသည့်အလားတူဖောက်ခွဲရေးပစ္စည်းသုံးမျိုးကိုရှာဖွေ တွေ့ရှိခဲ့ကြောင်း သိရသည်။ ဗုံးပေါက်ကွဲမှုအများစုသည် ရှမ်းပြည်နယ်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလုပ်ရပ်များ၏ ရည်ရွယ်ချက်ကို ရှင်းလင်းစွာမသိရသော်လည်း ယေဘုယျအားဖြင့် တိုင်းရင်းသားအုံကြွမှုများနှင့် ဘာသာရေးဆိုင်ရာ မကျေနပ်ချက်များက အဓိကအကြောင်းတရားဖြစ်သည်။

ရှမ်းပြည်နယ်၏မြို့တော်ဖြစ်သည့် တောင်ကြီးတွင် အောက်တိုဘာလအတွင်း ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ပေါ်ပေါက်ခဲ့သည်။ အဆိုပါနှစ်အစောပိုင်း ဇန်နဝါရီလက စီးပွားရေးမြို့တော်ဖြစ်သည့်ရန်ကုန်တွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ ရဲများအနေဖြင့် ကျူးလွန်သူများကို ဖမ်းဆီးနိုင်ခဲ့ခြင်းမရှိပေ။ မြန်မာစစ်တပ်နှင့်တိုင်းရင်းသားလက်နက်ကိုင်များသည် တစ်ဖက်နှင့်တစ်ဖက်လှုပ်ရှားမှုများကိုနှောင့်နှေးစေရန်ရည်ရွယ်၍ စစ်ဖြစ်သည့်ဒေသများတွင် မြေမြှုပ်မိုင်းများကို အသုံးပြုလေ့ရှိသည်။ အစိုးရအနေဖြင့် ကချင်၊ ကယား၊ ရှမ်းနှင့်မွန်ပြည်နယ်တို့တွင်လည်းကောင်း၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းတို့တွင်လည်းကောင်း မြေမြှုပ်မိုင်းရှင်းလင်းခြင်းကိုတရားဝင်ခွင့်ပြုပေးသင့်ကြောင်း မြန်မာမြေမြှုပ်မိုင်းရှင်းလင်းရေးအဖွဲ့ (MLCI) က ၎င်းတို့၏အမြင်ကိုပြောဆိုခဲ့သည်။ MLCI အဖွဲ့သည် တိုင်းရင်းသားဒေသများရှိ မြေမြှုပ်မိုင်းများကိုရှင်းလင်းရန် အစိုးရ၏ခွင့်ပြုချက်ကိုစောင့်ဆိုင်းနေကြသည့် မိုင်းရှင်းလင်းရေးအဖွဲ့ခုနစ်ဖွဲ့မှ တစ်ဖွဲ့ဖြစ်သည်။ [၅၃]

ဘာသာရေးအရ တင်းမာမှုများနှင့် လူမျိုးရေး၊ ဘာသာရေးအကြမ်းဖက်မှုများသည် အကြမ်းဖက်မှုများဖြစ်ပေါ်စေသည့် အဓိကအရင်းခံအကြောင်းတရားများတွင် ပါဝင်ပေသည်။ မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံသားများဆက်တိုက်အသတ်ခံရခြင်းနှင့် အထက်ပါဖြစ်ရပ်များသည် မိခင်နိုင်ငံရှိ ဘာသာရေးနှင့်လူမျိုးရေးအကြမ်းဖက်မှုများနှင့် ဆက်စပ်မှုရှိနေပေသည်။ ၂၀၁၅ ခုနှစ်အစောပိုင်းတွင် ကျူးလွန်သူများကို ရဲများကဖမ်းမိသည့်အခါ ၎င်းတို့က ၎င်းတို့လာရောက်သည့်နိုင်ငံတွင် ဖြစ်ပွားခဲ့သောဖြစ်ရပ်များအတွက် လက်စားချေလိုစိတ်ဖြင့် ကျူးလွန်ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့ကြသည်။

စက်တင်ဘာ ၃ ရက်တွင် အယ်လ်ကေးဒါးခေါင်းဆောင် အေမန်အယ်လ်ဇာဝါဟီရီ၏ ကြေညာချက်မှတစ်ဆင့် ဖြစ်နိုင်ခြေရှိသည့်ခြိမ်းခြောက်မှုတစ်ရပ် ပေါ်ထွက်လာခဲ့သည်။ ယင်းမှာ အစ္စလာမ်အုပ်ချုပ်ရေးကိုပြန့်နှံ့စေရန်အတွက် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာကွန်ရက်တွင် အဖွဲ့ခွဲအသစ်ဖွဲ့စည်းလိုက်ကြောင်းနှင့် အိန္ဒိယတိုက်ငယ်တစ်လွှားတွင် "ဂျီးဟာဒ်အလံကို လွှင့်ထူလိုက်ကြောင်း" ဇာဝါဟီရီက ကြေညာလိုက်ခြင်းဖြစ်သည်။ [၅၄] မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ၎င်း၏ပစ်မှတ်တွင် ပါဝင်ခဲ့သည်။

---

၅၃။ Eleven Media Groups ၊ 5m in landmine peril, groups warn, 5 April 2015, web.

၅၄။ ဘီဘီစီ၊ အယ်လ်ကေးဒါးခေါင်းဆောင် ဇာဝါဟီရီက တောင်အာရှတွင် အယ်လ်ကေးဒါးအဖွဲ့ခွဲထူထောင်၊ စက်တင်ဘာ ၄၊ ၂၀၁၄၊ web ။




ပုံ (၁၀) - ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ဗုံးကွဲမှု

ဇယား (၁၁) - ၂၀၁၄ ခုနှစ်တွင် ဗုံးပေါက်ကွဲမှုနှင့် ရှာဖွေတွေ့ရှိမှု

| စဉ် | နေ့စွဲ | နေရာ | အသေးစိတ် |
|---|---|---|---|
| ၁ | ၂၃-၀၁-၂၀၁၄ | ထောက်ကြံ့မြို့နယ်၊<br>မင်္ဂလာဒုံမြို့နယ်၊<br>ရန်ကုန်။ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အပိုင် ထောက်ကြန့်မြို့နယ်ရှိ စည်ပင်သာယာဝင်းတစ်ခုအတွင်း ဗုံးတစ်လုံးပေါက်ကွဲရာ ကလေးငယ်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ |
| ၂ | ၂၇-၀၃-၂၀၁၄ | CNF ဆက်ဆံရေးရုံး၊<br>တီးတိန်၊<br>ချင်းပြည်နယ် | ချင်းပြည်နယ်၊ တီးတိန်မြို့ရှိ CNF ဆက်ဆံရေးရုံးအနီး ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ ထိခိုက်ဒဏ်ရာရသူ မရှိခဲ့။ |
| ၃ | ၀၆-၀၄-၂၀၁၄ | ရှမ်းပြည်နယ်<br>မြောက်ပိုင်းရှိ<br>မုန်းကိုးမြို့နယ် | ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မုန်းကိုးမြို့နယ်တွင် ဗုံးသုံးလုံး ပေါက်ကွဲခဲ့သည်။ ကလေးငယ်နှစ်ဦး ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့သည်။ |
| ၄ | ၂၃-၀၄-၂၀၁၄ | နမ့်ခမ်းမြို့နယ်၊<br>ရှမ်းပြည်နယ်<br>မြောက်ပိုင်း | ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်ရှိ ပန်ဆေး ပြည်သူ့စစ်ခေါင်းဆောင်တစ်ဦးပိုင်ဆိုင်သည့်ခိုလွန်လီရော ၈၈၈ စီးကရက်စက်ရုံ၌ ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ ထိခိုက်ဒဏ်ရာရသူ မရှိခဲ့။ |
| ၅ | ၃၀-၀၄-၂၀၁၄ | နောင်မွန်ရွာ၊<br>မန်စီမြို့နယ်၊<br>ကချင်ပြည်နယ်။ | ကချင်ပြည်နယ်၊ မန်စီမြို့နယ်ရှိနောင်မွန်ကျေးရွာမှ နမ်းတောင်းတံတားအနီး ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ ရွာသားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ |
| ၆ | ၀၄-၀၅-၂၀၁၄ | ရှမ်းပြည်နယ် မြောက်ပိုင်းရှိ<br>ကွတ်ခိုင်-နမ့်ခမ်း<br>အဝေးပြေးလမ်း | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်-နမ်းခမ်းမြို့နယ်ရှိ တာလွန်နှင့် မော်တောင်းကျေးရွာအကြား လမ်းထောင်ဗုံးတစ်လုံး ပေါက်ကွဲခဲ့သည်။မော်တော်ယာဉ်နှစ်စီးပျက်စီးပြီး မြန်မာစစ်သည်နှစ်ဦး ကျဆုံးခဲ့သည်။ |
| ၇ | ၀၆-၀၅-၂၀၁၄ | နမ့်ခမ်းမြို့နယ်ရှိ<br>ပြည်ထောင်စုလမ်းအနီး | နမ်းခမ်းမြို့နယ်ရှိ ပြည်ထောင်စုလမ်းအနီး လမ်းထောင်ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုတွင် ရွာသားများဒဏ်ရာ ရရှိခဲ့သည်။ ဗုံးပေါက်ကွဲမှုသည် ရွှေလီရေအားလျှပ်စစ်စက်ရုံနှင့် မနီးမဝေးတွင်ဖြစ်သည်။ |
| ၈ | ၀၉- ၀၅- ၂၀၁၄ | နမ့်ခမ်းမြို့နယ်ရှိ<br>ပန်ခမ်းနှင့်<br>ကုန်းခမ်းကျေးရွာအနီး | နမ်းခမ်းမြို့နယ်ရှိ မန်ဝိန်ကြီးရွာအုပ်စု ပန်ခမ်းနှင့် ကုန်းခမ်းရွာအနီး ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အစိုးရစစ်သားတစ်ဦးကျဆုံးပြီး အရပ်သားတစ်ဦး အနည်းငယ်ဒဏ်ရာရရှိခဲ့သည်။ |

| | | | |
|---|---|---|---|
| ၉ | ၁၆-၀၅-၂၀၁၄ | ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ရှိ ဗိုလ်ချုပ်လမ်း | လားရှိုးမြို့၊ ဗိုလ်ချုပ်လမ်းပေါ်ရှိ သမဝါယမဘဏ်နှင့် ကမ္ဘောဇဘဏ်အနီး ဗုံးနှစ်လုံးပေါက်ကွဲခဲ့သည်။ မည်သူမျှ ထိခိုက်ဒဏ်ရာ မရရှိခဲ့ပေ။ |
| ၁၀ | ၂၉-၀၅-၂၀၁၄ | နမ့်ခမ်းမြို့နယ်ရှိ ဟွာပိုင်းနှင့် နောင်ခမ်းကျေးရွာအနီး | နမ်းခမ်း-မူဆယ်အဝေးပြေးလမ်း၏ လမ်းတစ်နေရာတွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုအတွင်း အရပ်သားနှစ်ဦးဒဏ်ရာရရှိခဲ့သည်။ |
| ၁၁ | ၁၅-၀၆-၂၀၁၄ | နမ့်ခမ်းမြို့နယ်ရှိ ဟိုနာကျေးရွာ | နမ်းခမ်းမြို့နယ်၊ဟိုနာကျေးရွာရှိ ဦးအိုက်လန်း၏အိမ်တွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ ဗုံးကွဲမှုကြောင့် လူနှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။ |
| ၁၂ | ၂၆-၀၇-၂၀၁၄ | ကလောမြို့နယ် အောင်ပန်းရှိ MPT ရုံး | ရှမ်းပြည်မြောက်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းရှိ MPT ရုံးရှေ့တွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ ထိခိုက်ဒဏ်ရာရသူ မရှိခဲ့။ |
| ၁၃ | ၂၇-၀၇-၂၀၁၄ | ကချင်ပြည်နယ် မန်စီမြို့နယ်ရှိ မြို့နယ်တရားရုံး | ကချင်ပြည်နယ်၊ မန်စီမြို့နယ်ရှိ မြို့နယ်တရားရုံးရှေ့တွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ ထိခိုက်ဒဏ်ရာရသူ မရှိခဲ့။ |
| ၁၄ | ၁၈-၀၉-၂၀၁၄ | နမ့်ခမ်းမြို့နယ် | SNDP အဖွဲ့ဝင်တစ်ဦးပိုင်ဆိုင်သည့် နေအိမ်တစ်လုံးရှေ့တွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ |
| ၁၅ | ၀၄-၁၀-၂၀၁၄ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ | တောင်ကြီးမြို့ရှိ ရဲစခန်းတစ်ခုအနီးတွင် ဗုံးသုံးလုံးပေါက်ကွဲခဲ့ရာ ရဲသားနှစ်ဦးဒဏ်ရာရရှိခဲ့သည်။ မပေါက်ကွဲသေးသောဗုံးသုံးလုံးကို ရှာဖွေတွေ့ရှိခဲ့သည်။ |
| ၁၆ | ၃၁-၁၀-၂၀၁၄ | ရခိုင်ပြည်နယ်၊ ဘူးသီးတောင် | ရခိုင်ပြည်နယ်ဘူးသီးတောင်မြို့နယ်တွင် ဗုံးနှစ်လုံးပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုအတွင်း ထိခိုက်ဒဏ်ရာရသူမရှိခဲ့။ |
| ၁၇ | ၁၃-၁၁-၂၀၁၄ | နမ့်ခမ်းမြို့နယ်ရှိ ဟိုနမ်းကျေးရွာအနီး | ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ်းခမ်းမြို့နယ်တွင် ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ ဒဏ်ရာရသူ မရှိခဲ့။ |
| ၁၈ | ၂၄-၁၁-၂၀၁၄ | ရှမ်းပြည်နယ် မြောက်ပိုင်း၊ မူဆယ်မြို့နယ်ရှိ ရှမ်ခွမ်းကျေးရွာ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ ဆယ်လန့်ကျေးရွာအုပ်စုရှိ ရှမ်ခွမ်းကျေးရွာတွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အစိုးရစစ်သည်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ |

## မြေယာသိမ်းယူမှုများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆန့်ကျင်ဆန္ဒပြမှုများနှင့် ဆက်စပ်အကြမ်းဖက်မှုများ

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ရလဒ်အနေဖြင့် လူထုကယခင်အစိုးလက်ထက် မြေသိမ်းယူမှုများကိုဆန့်ကျင်သောလှုပ်ရှားမှုတစ်ရပ် စတင်ပြုလုပ်ခဲ့သည်။ လယ်သမားများသည် မြေယာသိမ်းယူမှုများကို ကန့်ကွက်ဆန့်ကျင်ခဲ့ကြပြီး အဆိုပါပြဿနာကိုဖြေရှင်းပေးရန် အစိုးရကို တောင်းဆိုခဲ့ကြသည်။ အဆိုပါပြဿနာသည် တိုင်းပြည်တည်ငြိမ်ရေးအတွက် လွန်စွာအရေးပါပြီး ဖွံ့ဖြိုးရေးနှင့် တိုက်ရိုက်ဆက်စပ်မှုရှိနေပါသည်။

ဦးသိန်းစိန်အစိုးရသစ်၏ ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံရေးလွတ်လပ်ခွင့်များ စတင်ပြုလုပ်ပေးချိန်မှစ၍ မြန်မာနိုင်ငံတွင် မြေယာပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍လည်းကောင်း ဖွံ့ဖြိုးရေးစီမံကိန်းများ၏ အနုတ်သဘောဆောင်သည့် အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍လည်းကောင်း ဆန္ဒပြပွဲများနှင့်အကြမ်းဖက်မှုများ အဓိကတိုးပွားလာခဲ့သည်။ အရပ်သားများသည် နိုင်ငံရေးအရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အသုံးချလာကြသည်။ ယခင်အစိုးရလက်ထက်က မြေယာသိမ်းယူမှုများနှင့် ကြီးမားသောစီမံကိန်းကြီးများကြောင့် ဖြစ်ပေါ်ရသည့်ပျက်စီးဆုံးရှုံးမှုများနှင့်ဆက်စပ် သိုသိပ်ချုပ်တည်းထားသောမကျေနပ်ချက်များကို ယခုအခါ ထုတ်ဖော်ပြောဆိုလာကြသည်။ ယင်းနှင့်ဆက်စပ် ဖြစ်စဉ်များစွာတွင် အကြမ်းဖက်မှု၊ ဖမ်းဆီးမှုနှင့်သေဆုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

၂၀၁၁ ခုနှစ်အတွင်း ဦးသိန်းစိန်အာဏာရလာချိန်တွင် ၎င်း၏အစိုးရအဖွဲ့က မြေယာစုံစမ်းရေးကော်မတီတစ်ရပ်နှင့် မြေယာအသုံးပြုမှုနှင့် ခွဲဝေမှုကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ကော်မတီနှစ်ရပ်လုံးသည် ယခင်အစိုးရလက်ထက်က မြေယာသိမ်းယူမှုများကို စုံစမ်းစစ်ဆေးခဲ့သည်။ ယင်းနောက် မြေယာအသုံးပြုမှုနှင့်ခွဲဝေမှုကော်မတီက ဒေသခံများကို မြေယာများစတင်ပေးအပ်ကြသည်။ အစိုးရနှင့်စစ်တပ်က ဒေသခံများထံသို့ အသုံးမပြုသည့်မြေများကို ပြန်လည်ပေးအပ်သည်ဟု အာဏာပိုင်များက ကိုးကားပြောဆိုကြသော်လည်း စစ်တပ်အနေဖြင့် မြေယာများထပ်မံပေးအပ်ရန်အတွက် ဖိအားပေးခံနေရသည်။ ဥပမာပေးရလျှင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှ သိမ်းယူထားသည့်မြေများကို ပြန်လည်ရယူခွင့်ရွာသားများက ကန့်ကွက်ဆန္ဒပြကြခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်သည် မြေယာသိမ်းယူမှုနှင့်ပတ်သက်၍ ဆန္ဒပြမှုများ၊ သိမ်းပိုက်ထားသောမြေများကို ပြန်လည်လွှဲအပ်ရန် အစိုးရကိုအကြိမ်ကြိမ်တောင်းဆိုမှုများဖြင့် ပြည့်နှက်နေခဲ့သည့်နှစ်ဖြစ်သည်။ အချို့က ဧရာဝတီမြစ်ရှိ မြစ်ဆုံစီမံကိန်းနှင့် သံလွင်မြစ်တွင် ရေအားလျှပ်စစ်စက်ရုံခြောက်ခုတည်ဆောက်ရေးစီမံကိန်းကဲ့သို့ အကြီးစားစီမံကိန်းများကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ အခြားလူများကမူ ရေးမြို့နယ်ရှိ အန်းဒင်ဓာတ်အားပေးစက်ရုံ၌ ကျောက်မီးသွေးလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်မည့်အစီအစဉ်ကို ကန့်ကွက်ကြသည်။ ဆိုးရွားသည့်အချက်မှာ ရဲများကဆန္ဒပြပွဲများကို ရက်စက်စွာနှိမ်နင်းကာ လူများစွာကို ဖမ်းဆီးခဲ့ကြခြင်းဖြစ်သည်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် ရွာသူဒေါ်ခင်ဝင်း ပစ်သတ်ခံခဲ့ရသည်။

အပစ်အခတ်ရပ်စဲသည့် ဧရိယာများတွင် သတ္တုတွင်းများနှင့် စီးပွားရေးစီမံကိန်းများဆောင်ရွက်ရန် တွန်းအားပေးထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များသည် အခြားသောဆန္ဒပြပွဲများကို ပေါ်ပေါက်လာစေရန်

မီးမွေးလျက်ရှိကြောင်း တက်ကြွလှုပ်ရှားသည့် အဖွဲ့အစည်းများက သတိပေးခဲ့သည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆောင်ရွက်မှုကွန်ရက် (KESAN) က ''ပဋိပက္ခဆန်းစစ်မှု'' အကျဉ်းချုပ်ကို ထုတ်ဝေခဲ့သည်။ စက်တင်ဘာလတွင် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် (KPSN) က ''မြန်မာအရှေ့တောင်ပိုင်းဒေသဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ အသေးစိတ် အစီအစဉ်ကို ဆန်းစစ်ဝေဖန်ခြင်း'' ဟူသောအမည်ဖြင့် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် JICA ၏ အခြေခံအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းသည် ဒေသခံများအတွက် အကျိုးမရှိဘဲ ပဋိပက္ခများသာ ပေါ်ပေါက်လာစေနိုင်သည်ဟူသောအချက်ကို မီးမောင်းထိုးဖော်ပြထားခြင်းဖြစ်သည်။ ထက်ကြီးရေကာတာနဲ့ အလားတူ စီမံကိန်းတွေက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို နှောင့်ယှက်ဟန့်တားနေတာ ရှင်းပါတယ်''ဟု KNU အဖွဲ့၏ လက်ထောက်စစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစောကျော်ဟဲက ဆိုခဲ့သည်။ [၅၅]

ဇယား (၁၂) - ၂၀၁၄ ခုနှစ်အတွင်း မြေယာသိမ်းယူမှုနှင့် လှုပ်ရှားမှု

| နေ့စွဲ | နေရာ | အသေးစိတ် |
| --- | --- | --- |
| ၀၆- ၀၁- ၂၀၁၄ | ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဒေသခံများ | မရမ်းကုန်းတွင်အခြေချနေထိုင်သည့် ဒေသခံများက ကွန်ဒိုမီနီယံ ဆောက်လုပ်ခြင်းကို ကန့်ကွက်ကြပြီး နစ်နာကြေးတောင်းဆိုခဲ့ကြ သည်။ ၄င်းတို့၏မြေကို အစိုးရက ၂၀၁၃ ခုနှစ်တွင်သိမ်းယူခဲ့ခြင်း ဖြစ်သည်။ |
| ၁၂- ၀၁- ၂၀၁၄ | မြိတ်ဒေသခံများ | စည်ပင်သာယာရေးအဖွဲ့အစည်းများကို တိုင်ပင်ခြင်းသို့မဟုတ် ပြည် သူ့သဘောထားကောက်ခံခြင်းများ ပြုလုပ်ခြင်းမရှိဘဲ ကျောက်မီးသွေး လောင်စာသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်စီမံကိန်းကို ဒေသခံ ၁၀၀ ခန့်က ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ |
| ၁၄- ၀၁- ၂၀၁၄ | လှိုင်ဘော်မြို့နယ်ရှိ လွေတာမူရွာသားများ | လှိုင်ဘော်မြို့နယ်ရှိ လွယ်တာမူကျေးရွာမှ လယ်သမားများက ၄င်းတို့ ၏လယ်ယာမြေများကိုပြန်ပေးရန် အစိုးရကိုဆန္ဒပြတောင်းဆိုခဲ့သည်။ |
| ၁၇- ၀၁- ၂၀၁၄ | ထားဝယ်မြို့နယ်ရှိ လယ်သမားများ | ထားဝယ်မြို့နယ်ရှိ လယ်သမား ၁၀၀ ကျော်သည် မြေယာသိမ်းယူမှုနှင့် ပတ်သက်၍ ဆန္ဒပြခဲ့ကြသည်။ အစိုးရတပ်ဖွဲ့ဝင်များသည် ၁၉၉၀ ပြည့်နှစ်အတွင်း မြေဧက ၃၀၀ ခန့်ကို သိမ်းပိုက်ခဲ့ကြခြင်းဖြစ်သည်။ |
| ၂၃- ၀၁- ၂၀၁၄ | ပအိုးဝ်လယ်သမားများ | တောင်ကြီးမြို့၊ ကျောက်တလုံးမြို့ငယ်လေးရှိ နောင်ခါးကျေးရွာမှ ပအိုဝ့်လယ်သမား ၂၅ ဦးက ၁၉၉၇ခုနှစ်အတွင်း PNO အဖွဲ့သိမ်း ယူခဲ့သည့် လယ်ယာမြေများတွင် လယ်ဝင်ထွန်ကာဆန္ဒပြခဲ့ကြသည်။ |
| ၀၃- ၀၂- ၂၀၁၄ | တအာင်းကျောင်းသား များနှင့် လူငယ်သမဂ္ဂ (TSYU) | ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မူးယစ်ဆေးဝါးဆန့်ကျင်နှိမ်နင်းရေးလှုပ် ရှားမှုကိုထောက်ခံကြောင်း TSYU က ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ |


၅၅။ ဗန်ကောက်ပို့စ်၊ သံလွင်ရေကာတာစီမံကိန်းသည် အထိအခိုက်မခံသည့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို ပျက်ပြားစေ၊ DENIS D GRAY ၊ မေ ၁၂၊ ၂၀၁၅၊ web ။

| | | |
|---|---|---|
| ၀၅- ၀၂- ၂၀၁၄ | ဖယ်ခုံမြို့နယ် မိုးဗြဲဒေသခံများ | မိုးဗြဲရှိ ဒေသခံများက ၄င်းတို့၏နယ်မြေအတွင်း မြေသိမ်းခံရသည့် ပြဿနာများကို ဖြေရှင်းပေးရန် အစိုးရကိုဆန္ဒပြတောင်းဆိုခဲ့ကြသည်။ မြန်မာတပ်မတော် LIB ၄၂၂ က ၁၉၉၂ ခုနှစ်အတွင်း မြေဧက ၇၀၀ ကျော်သိမ်းယူခဲ့ခြင်း ဖြစ်သည်။ |
| ၁၀- ၀၂- ၂၀၁၄ | ကွမ်းခြံကုန်းတက်ကြွ လှုပ်ရှားသူများ | ကွမ်းခြံကုန်းမြို့နယ်ရှိဒေသခံများသည် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ |
| ၀၉- ၀၂- ၂၀၁၄ | ကရင်မြစ်များစောင့်ကြည့်ရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများ | ကရင်မြစ်များစောင့်ကြည့်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတက်ကြွလှုပ်ရှားသူများက သံလွင်ရေကာတာစီမံကိန်းအပေါ်စိုးရိမ်ကြောင်း ပြောဆိုခဲ့ကြသည်။ |
| ၁၂- ၀၂- ၂၀၁၄ | ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်ရှိ လယ်သမားများ | ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်ရှိလယ်သမားများသည် မြေယာသိမ်းယူမှုကိုကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ မြန်မာစစ်တပ်သည် အဆိုပါဒေသတွင်မြေဧက ၅၀၀၀ ကျော်ကိုသိမ်းယူခဲ့ခြင်းဖြစ်သည်။ ယင်းကို ပြန်ပေးရန် လယ်သမားများက အစိုးရကိုတောင်းဆိုခဲ့ကြသည်။ |
| ၁၉- ၀၂- ၂၀၁၄ | KESAN | KESANကအသေးစိတ်ရှင်းလင်းချက်တစ်စောင်ထုတ်ပြန်ကာ ကရင်ပြည်နယ်ရှိ JICA ၏ အကြီးစားစီမံကိန်းများအပေါ် စိုးရိမ်မိကြောင်း အထူးအလေးထားပြောဆိုခဲ့သည်။ |
| ၂၁- ၀၂- ၂၀၁၄ | တနင်္သာရီတိုင်းဒေသကြီး | အသုံးမပြုသောမြေများကိုပြန်ပေးရန် ဒေသခံများက မြန်မာစစ်တပ်ကို တောင်းဆိုဆန္ဒပြခဲ့ကြသည်။ မြန်မာစစ်တပ်သည် မြေဧက ၅၀၀ ကျော်ကိုသိမ်းပိုက်ခဲ့ကြပြီး ယင်းအနက် ဧက ၃၀ ခန့်ကိုသာ အသုံးပြုခဲ့သည်။ |
| ၂၅- ၀၂- ၂၀၁၄ | တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO) | TWO အဖွဲ့သည် ''မသိဆိုးဝါးပဋိပက္ခ''အမည်ရှိ အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ နေရပ်သို့ပြန်ရန်ကြောက်ရွံ့နေကြသော ပဋိပက္ခဆိုးကျိုးကိုခံစားခဲ့ရသည့်ပြည်တွင်းဒုက္ခသည်များအကြောင်းကို အစီရင်ခံထားခြင်းဖြစ်သည်။ |
| ၁၆- ၀၃- ၂၀၁၄ | မြန်မာမြစ်ကြောင်းကွန်ရက် | အဆိုပါနေ့တွင် မြန်မာနိုင်ငံအရှေ့ပိုင်းရှိ သံလွင်မြစ်တစ်လျှောက် ရေကာတာများစွာ တည်ဆောက်မည့်အစီအစဉ်ကို ကန့်ကွက်သည့် အသနားခံစာတစ်စောင်တွင် လူ ၃၀,၀၀၀ လက်မှတ်ရေးထိုးခဲ့သည်။ |
| ၂၃- ၀၃- ၂၀၁၄ | နိုင်ငံရေးအကျဉ်းသားဟောင်းများ | ဧရာဝတီမြစ်တွင် မြစ်ဆုံရေကာတာတည်ဆောက်ရေးနှင့် ရွှေတူးဖော်ရေးတို့ကို နိုင်ငံရေးအကျဉ်းသားဟောင်းများက ကန့်ကွက်သည့်အနေဖြင့် မြစ်ကြီးနားမြို့ပေါ်မှ မြစ်ကြီးနားမြို့နယ်အတွင်းရှိ တန်ပရေကျေးရွာအထိ လမ်းလျှောက်ခဲ့ကြသည်။ |

| | | |
|---|---|---|
| ၂၄- ၀၃- ၂၀၁၄ | မိကျောင်းကန် ဒေသခံများ | မိကျောင်းကန်ဒေသခံများက ရန်ကုန်မြို့လယ်တွင် စခန်းများဖွင့်ကာ ၎င်းတို့၏မြေများကို ပြန်လည်ပေးအပ်ရန် အစိုးရကို တောင်းဆိုဆန္ဒပြခဲ့ကြသည်။ |
| ၁၃- ၀၅- ၂၀၁၄ | မြစ်ကြီးနားရှိ အရပ်သား ၂၀ | KIA ၏ အဓမ္မတပ်သားစုဆောင်းမှုကို ဆန့်ကျင်သည့်အနေဖြင့် လူ ၂၀ ခန့်ဆန္ဒပြခဲ့ကြပြီးခေါ်ယူထားသည့်တပ်သားသစ်များကို ပြန်လွှတ်ပေးရန်တောင်းဆိုခဲ့သည်။ |
| ၁၄- ၀၈- ၂၀၁၄ | မန္တလေးတိုင်း ဒေသကြီး စဉ့်ကူ မြို့နယ်ရှိ ဒေသခံများ | စဉ့်ကူမြို့နယ်ရှိ ဒေသခံများက မြေယာသိမ်းယူမှုကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ရဲများက ဆန္ဒပြပွဲကို ဖြိုခွင်းရန်ကြိုးပမ်းခဲ့သည်။ |
| ၀၇- ၁၁- ၂၀၁၄ | ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး ဆောင်ရွက်မှုကွန်ရက် (KESAN) | KESAN သည် "နေရပ်သို့ပြန်ရန်ကြောက်ရွံ့ခြင်း - ကရင်ပြည်နယ်၌ မကြာသေးမီက ပြင်းထန်သောတိုက်ပွဲများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ"အမည်ရှိ အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် DKBA နှင့် မြန်မာစစ်တပ်အကြားဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခကြောင့် ပြည်တွင်းဒုက္ခသည် ၂၀၀၀ ထပ်မံတိုးပွားလာခဲ့သည်။ |
| ၁၇- ၁၁- ၂၀၁၄ | လယ်သမားများ | ပဲခူးတိုင်းဒေသကြီး နတ္တလင်းမြို့နယ်တွင် လယ်သမား ၂၀၀ ခန့် ဆန္ဒပြခဲ့ကြသည်။ ၎င်းတို့၏ လယ်ယာမြေများပြန်ပေးရန် လယ်သမားများက အစိုးရကို တောင်းဆိုခဲ့ကြသည်။ မြန်မာစစ်တပ်သည် ၁၉၉၁ ခုနှစ်အတွင်း မြေဧက ၄၅၀ ခန့်ကို သိမ်းယူခဲ့သည်။ |
| ၀၉- ၁၂- ၂၀၁၄ | လယ်သမားများ | ဒီဇင်ဘာ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ကျေးရွာခြောက်ရွာမှ လယ်သမား ၂၀၀ ခန့်ဆန္ဒပြခဲ့ကြပြီး မြေယာများပြန်ပေးရန် စက်မှုဝန်ကြီးဌာနကို တောင်းဆိုခဲ့ကြသည်။ စက်မှုဝန်ကြီးဌာနသည် ၁၉၉၇ ခုနှစ်အတွင်း လယ်ဧက ၁၀၀၀ ကျော်ကို သိမ်းယူခဲ့သည်။ |
| ၁၁- ၁၂- ၂၀၁၄ | KCSN | နော်ဝေဦးဆောင်သော မြန်မာငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ (MPSI) သည်နေရပ်ပြန်လာသည့်ပြည်တွင်းဒုက္ခသည်များအား အစိုးရထိန်းချုပ်ထားသည့်ဇရိယာများတွင်ထားရှိခြင်းဖြင့် လုံခြုံရေးစိုးရိမ်ဖွယ်ဖြစ်နေကြောင်း ကရင်မြို့ပြလူမှုကွန်ရက် (KCSN) က ဆိုသည်။ |
| ၁၁- ၁၂- ၂၀၁၄ | အလုပ်သမားများ | လှိုင်သာယာစက်မှုဇုန် -၃ ရှိ Myanmar York Fashion အထည်ချုပ်စက်ရုံမှအလုပ်သမား ၇၀၀ ခန့်က ၎င်းတို့၏လုပ်ခလစာများကိုတိုးမြှင့်ပေးရန် ပိုင်ရှင်ကိုဆန္ဒပြတောင်းဆိုခဲ့ကြသည်။ |

| | | |
|---|---|---|
| ၁၂- ၁၂- ၂၀၁၄ | ရန်ကုန်ရှိ မိကျောင်းကန် အရပ်သားများ | မိကျောင်းကန်လယ်သမားများသည် ရန်ကုန်မြို့တော်ခန်းမ၏ ဂိတ်တံခါးများကိုပိတ်ဆို့၍ ဆန္ဒပြခဲ့ကြသည်။ ၎င်းတို့က မြေယာသိမ်းယူမှုပြဿနာများကိုဖြေရှင်းပေးရန် အစိုးရကို တောင်းဆိုခဲ့ကြသည်။ |
| ၁၃- ၁၂- ၂၀၁၄ | မန္တလေးသားများ | ရတနာပုံတံတားအနီးရှိ အသုံးမပြုသော မြေ ၁၀ ဧကကို ပြန်လည်ပေးအပ်ရန်မန္တလေးရှိ လူ ၁၀၀ ခန့်က ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ အစိုးရသည် ၂၀၀၁ ခုနှစ်အတွင်း ရွှေကြက်ယက်ကျေးရွာရှိ မြေဧက ၂၀ ခန့်ကို သိမ်းယူခဲ့သည်။ |
| ၁၄- ၁၂- ၂၀၁၄ | ရေးမြို့နယ်ရှိ အရပ်သားများ | ရေးမြို့နယ်တွင် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံတည်ဆောက်ရေးစီမံကိန်းကို ဒေသခံ ၄၀၀ ခန့်ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ |
| ၂၀- ၁၂- ၂၀၁၄ | ရန်ကုန်ရှိ ၈၈မျိုးဆက်နှင့် အရပ်သားများ | မြောက်ဥက္ကလာမြို့နယ်ရှိ အားကစားကွင်းတစ်ခုပေါ်တွင် အဆောက်အအုံတည်ဆောက်မည့်စီမံကိန်းကို ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် အရပ်သားများ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ |
| ၂၂- ၁၂- ၂၀၁၄ | လယ်သမားများ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်ရှိ လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းကို လယ်သမား ရာနှင့်ချီကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ရဲများက သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ အမျိုးသမီးတစ်ဦးသေဆုံးပြီး အခြားလူ ၁၀ ဦးဒဏ်ရာရရှိခဲ့သည်။ |
| ၂၇- ၁၂- ၂၀၁၄ | မန္တလေးရှိ အရပ်သားများ | မန္တလေးရှိ တရုတ်ကောင်စစ်ဝန်ရုံးရှေ့တွင် လူ ၅၀၀ ခန့် ဆန္ဒပြခဲ့ကြသည်။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း၌ ဆန္ဒပြသူများကိုဖြိုခွင်းစဉ် သေဆုံးခဲ့သော အမျိုးသမီးတစ်ဦးအတွက် တရားဥပဒေအရဖြေရှင်းပေးရန် ၎င်းတို့က တောင်းဆိုခဲ့ကြသည်။ |
| ၀၁- ၀၁- ၂၀၁၅ | ရန်ကုန်နှင့်မန္တလေးရှိ အရပ်သားများနှင့် တက်ကြွလှုပ်ရှားသူများ | ရန်ကုန်နှင့်မန္တလေးရှိ တက်ကြွလှုပ်ရှားသူများသည် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကြောင့် ထိခိုက်ခဲ့ရသော လယ်သမားများနှင့်တစ်သားတည်းရှိကြောင်းပြသသည့်အနေဖြင့် ဆန္ဒပြခဲ့ကြပြီး သေဆုံးခဲ့သည့် ဒေါ်ခင်ဝင်းအတွက် တရားဥပဒေအတိုင်း ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြသည်။ |
| ၀၅- ၀၁- ၂၀၁၅ | မုံရွာရှိ အရပ်သားများနှင့် တက်ကြွလှုပ်ရှားသူများ | လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၌ မြေသိမ်းယူမှုများကိုလည်းကောင်း၊ ဒေသခံများအပေါ် အကြမ်းဖက်မှုကိုလည်းကောင်း ကန့်ကွက်သည့်အနေဖြင့် မုံရွာတွင် လူ ၃၀၀ ခန့် စုဝေးဆန္ဒပြခဲ့ကြသည်။ |


| | | |
|---|---|---|
| ၀၈- ၀၁- ၂၀၁၅ | တောင်ကြီးရှိ ပအိုးဝ် လယ်သမားများ | မြေယာသိမ်းယူမှုများကို ဆန့်ကျင်သည့်အနေဖြင့် တောင်ကြီးတွင် ပအိုဝ့်လယ်သမား ၁၀၀၀ ကျော် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ PNO/PNAအဖွဲ့က ၁၉၉၃ ခုနှစ်အတွင်း မြေဧက ၃၀၀၀ ကျော်ကို သိမ်းယူခဲ့ကြခြင်းဖြစ်သည်။ |
| ၁၂- ၀၁- ၂၀၁၅ | ရေးမြို့နယ်ရှိ အရပ်သားများ နှင့် တက်ကြွ လှုပ်ရှားသူများ | ရေးမြို့နယ်ရှိ ဒေသခံများသည် အင်းဒင် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံတည်ဆောက်ရေးစီမံကိန်းကို ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုးထားသည့် အသနားခံစာတစ်စောင်ကို မွန်ပြည်နယ်အစိုးရထံ ပေးပို့ခဲ့သည်။ |
| ၁၅/၁၆ - ၀၁- ၂၀၁၅ | ဘားအံမြို့နယ်ရှိ ကရင်လယ်သမားများ | ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ကော့ကရိတ်ကျေးရွာတွင် လယ်သမားများနှင့် KPF အဖွဲ့တို့သည် မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားခဲ့ကြသည်။ KPF အဖွဲ့သည် ၁၉၉၀ ပြည့်နှစ်အတွင်း မြေများကို သိမ်းယူခဲ့ခြင်းဖြစ်သည်။ လယ်သမားများက ၄င်းတို့၏ မြေများကို ပြန်လည်ရယူလိုကြသည်။ |
| ၀၉- ၀၂- ၂၀၁၅ | ရန်ကုန်ရှိ အလုပ်သမားများ | Costec International, E-Land Myanmar, Food Glory Garment နှင့် Han JenTextile and Garment စက်ရုံများမှ အလုပ်သမား ၂၀၀၀ ခန့်သည် လုပ်ခလစာများ တိုးပေးရန် အလုပ်ရှင်များကို တောင်းဆိုဆန္ဒပြခဲ့ကြသည်။ |
| ၂၆- ၀၂- ၂၀၁၅ | မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်ရှိ လယ်သမားများ | ပေါက်မြို့နယ်မှလယ်သမား ၃၀၀ ခန့်သည် ၄င်းတို့၏ လယ်ယာမြေများ ပြန်လည်ရယူလိုကြောင်း ဆန္ဒပြခဲ့ကြသည်။ စစ်တပ်သည် အမြောက်နှင့်တင့်ကားစက်ရုံတည်ဆောက်ရန်အတွက် မြေဧက ၂၅၀၀ ခန့်သိမ်းယူခဲ့ကြသည်။ အသုံးမပြုသောမြေများကို ပြန်လည်ပေးအပ်ရန် လယ်သမားများက စစ်တပ်ကိုတောင်းဆိုကြခြင်းဖြစ်သည်။ |
| ၂၆- ၀၃- ၂၀၁၅ | မိကျောင်းကန် ဆန္ဒပြသူများနှင့် ရဲများ | မြေယာသိမ်းယူမှုနှင့်ပတ်သက်၍ ရန်ကုန်ရှိ မိကျောင်းကန် ဆန္ဒပြသူများကို ရဲအင်အား ၂၀၀ ခန့်ဖြင့် ဖြိုခွင်းခဲ့သည်။ |
| ၁၀- ၀၃- ၂၀၁၅ | ဧရာဝတီ တိုင်းဒေသကြီးရှိ လယ်သမားများ | လွန်ခဲ့သည့် အစိုးရလက်ထက် ၂၀၀၀ ပြည့်နှစ်အတွင်း သိမ်းယူခဲ့သည့် မြေဧက ၃၀၀ ခန့်ကို ပြန်ပေးရန် သာပေါင်းမြို့ရှိ လယ်သမား ၂၀၀ ခန့်က အာဏာပိုင်များကို တောင်းဆိုဆန္ဒပြခဲ့ကြသည်။ |




ပုံ (၁၁) - ၂၀၁၄ ခုနှစ် မြေယာသိမ်းယူမှုနှင့် ဆန္ဒပြမှုများ

## ၂။ ၂၀၁၅ ငြိမ်းချမ်းရေး စီမံကိန်း

### သုံးပွင့်ဆိုင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ပြပုံချပ်




**ပုံ – ၁၂ ၊ သုံးပွင့်ဆိုင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြပုံချပ်**

၂၀၁၄ ခုနှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်ကြသူအားလုံးအနေဖြင့် တက်တက်ကြွကြွ ရှိခဲ့ကြသည်။ NCCT သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ကိုယ်စားပြုပြီး UPWC က NCA တွင် လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ အစိုးရညှိနှိုင်းရေးအဖွဲ့ကို ကိုယ်စားပြုသည်။ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးတို့ ဦးဆောင်သော စစ်ဖက်ဗိုလ်ချုပ်များက အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြသည်။ အောက်လွှတ်တော်အမတ်တစ်ဦးဖြစ်သည့် ဦးသိန်းဇော်ကဲ့သို့ လွှတ်တော် ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။ စစ်တပ်၊ အစိုးရနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတစ်ဝန်း အပစ်အခတ်ရပ်စဲနိုင်ရန် ရည်ရွယ်ကာ တိုင်းရင်းသားလက်နက်ကိုင်များနှင့်ဆွေးနွေးပွဲများတွင် ပါဝင်ခဲ့ကြသည်။

ထပ်လောင်း၍ နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် CBOs နှင့် CSOs တို့မှ ကိုယ်စားလှယ်များသည်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသည်။ ဥပမာအားဖြင့် UNA မှ ခေါင်းဆောင်များနှင့် CBOs နှင့် CSOs တို့မှ ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ နိုင်ငံရေးအခြေအနေနှင့် နိုင်ငံတစ်ဝန်း အပစ်အခတ်ရပ်စဲပြီး ကာလအခြေအနေများကိုဆွေးနွေးရန် အစည်းအဝေးပွဲများ မကြာခဏကျင်းပခဲ့ကြသည်။ ၎င်းတို့သည် နိုင်ငံရေး မူဘောင်တစ်ရပ် မည်သို့မည်ပုံရေးဆွဲမည်ကိုလည်းကောင်း၊ အပစ်အခတ်ရပ်စဲပြီးကာလ၌ နိုင်ငံရေးဆွေးနွေးပွဲများ အတွက် အဆင်သင့်ဖြစ်မဖြစ်ကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ တိုင်းရင်းသားညီအစ်ကိုများ ဖက်ဒရေးရှင်း (NBF)

အဖွဲ့နှင့် မဟာမိတ်နိုင်ငံရေးပါတီများသည် အပစ်အခတ်ရပ်စဲရေးမူကြမ်းရေးဆွဲပြီးနောက် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်ရန်အတွက် မိမိတို့ဘာသာ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသည်။ ၄င်းတို့က နောက်ဆက်တွဲ ဆွေးနွေးပွဲများ အတွက် နိုင်ငံရေးမူဘောင်များ ကြိုတင်ရေးဆွဲကြခြင်းမျိုးဖြစ်သည်။[၅၆] NBF အပါအဝင် နိုင်ငံရေးပါတီ ၅၆ ခုသည် အဆိုပါမူဘောင်ရေးဆွဲရန် အစည်းအဝေးပွဲတစ်ခု ကျင်းပခဲ့ကြသည်။ ထိပ်တန်းအတိုက်အခံပါတီဖြစ်သော NLD ကလည်း အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုပြီးနောက် နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်ရန်အတွက် မူဘောင်တစ်ရပ်ကို ရေးဆွဲခဲ့ပေသည်။

ပြည်ပနိုင်ငံများနှင့် INGOs များသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဘဏ္ဍာရေးနှင့် နည်းပညာပိုင်း ဆိုင်ရာ အထောက်အပံ့များ ပေးပို့ကူညီကြသည်။ ငြိမ်းချမ်းရေးအထောက်အကူပြုအလှူရှင်အဖွဲ့ (PDSG) ကို နော်ဝေ၊ ဗြိတိန်၊ ဥရောပသမဂ္ဂ၊ ဂျပန်၊ ဆွစ်ဇာလန်၊ ဩစတြေးလျ၊ အမေရိကန်နှင့် ကမ္ဘာ့ဘဏ်တို့က ထူထောင်ခဲ့ခြင်းဖြစ်သည်။ ဦးအောင်မင်းဦးဆောင်သော နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ မြန်မာ ငြိမ်းချမ်းရေးစင်တာ (MPC) သည် တိုင်းရင်းသားလက်နက်ကိုင်များကို ကိုယ်စားပြုသည့် NCCT အဖွဲ့နှင့် ဆွေးနွေး ညှိနှိုင်းရာတွင် UPWC ကို အကူအညီပေးခဲ့သည်။ ငြိမ်းချမ်းရေးနှင့် ဆွေးနွေးရေးအတွက် ပြည်ထောင်စုအဖွဲ့အစည်း (Pyidaungsu Institute for Peace and Dialogue) (http://www.pyidaungsuinstitute.org) က CBOs/CSOs နှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားအဖွဲ့အစည်းများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့ကူညီပေးခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်းများကိုပြုလုပ်ကာ ကူညီပေးခဲ့သည်။ UNFC နှင့် NCCT အတွက် နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့ကူညီရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးများ ရေးရာစင်တာ (ENAC) (http://www.enacburma.org) က မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူ ဖြစ်စေရန် အရင်းအမြစ်များပေးခြင်း၊ ပညာပေးခြင်းများနှင့် လေ့ကျင့်သင်ကြားပေးခြင်းများကို ပြုလုပ်ပေးခဲ့သည်။

**ဇယား(၁၃) - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆင့်ကဲဖြစ်ပေါ်လာမှု**

| အစိုးရငြိမ်းချမ်းရေးစီမံကိန်း | တိုင်းရင်းသား ငြိမ်းချမ်းရေးစီမံကိန်း |
|---|---|
| ၂၀၁၁ ခုနှစ်အတွင်း ငြိမ်းချမ်းရေးစီမံကိန်း-<br><br>၁။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ ဝင်ရောက်သည် (လက်နက်ဖြုတ်သိမ်းခြင်း၊ နယ်ခြားစောင့်တပ်/ပြည်သူ့စစ်အဖွဲ့များအဖြစ်ပြောင်းလဲခြင်း။ ဥပမာ -မြန်မာစစ်တပ်၏ထိန်းချုပ်မှုအောက်သို့ သွင်းခြင်း)<br>၂။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်နိုင်ငံရေးပါတီများ ထူထောင်ခြင်း<br>၃။ စီးပွားရေးလုပ်ငန်းများထူထောင်ခြင်း | ၂၀၁၁ ခုနှစ်အတွင်း ငြိမ်းချမ်းရေးစီမံကိန်း -<br><br>၁။ နိုင်ငံရေးဆွေးနွေးပွဲများ (တိုင်းရင်းသားများကိုယ်တိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်ရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြည့်စွက်ပြင်ဆင်ရေး)<br>၂။ ဖက်ဒရယ်ပြည်ထောင်စုအရေး သဘောတူညီမှု<br>၃။ လွှတ်တော်၏ အတည်ပြုလက်မှတ်ရေးထိုးခြင်း |

၅၆။ နိုင်ငံရေးပါတီ ၅၆ ခုသည် ၂၀၁၄ နိုဝင်ဘာ ၂၆ ရက်တွင် နိုင်ငံရေးဆွေးနွေးပွဲအတွက်ဘုံသဘောတူသည့်မူဘောင်တစ်ရပ်ကို မူကြမ်းရေးဆွဲ၍ အတည်ပြုခဲ့ကြသည်။ ယင်းတွင် အခန်း ၈ ခန်း ပါဝင်သည်။

| | |
|---|---|
| ၂၀၁၂ ခုနှစ်အတွင်း ငြိမ်းချမ်းရေးစီမံကိန်း - အဆင့်သုံးဆင့်စီမံကိန်း<br>၁။ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး<br>၂။ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး<br>၃။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်၍ လွှတ်တော်အတွင်းဝင်ရောက်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရန်အတွက် နိုင်ငံရေးပါတီများ ထူထောင်ခြင်း | ၂၀၁၂ ခုနှစ်အတွင်း ငြိမ်းချမ်းရေးစီမံကိန်း - အချက်ခြောက်ချက်စီမံကိန်း (UNFC)<br>၁။ CBOs၊ EAOs တို့နှင့် အစည်းအဝေးပွဲတစ်ခု ကျင်းပခြင်း<br>၂။ နိုင်ငံတကာအသိုက်အဝန်းက စောင့်ကြည့်နေသည့် အစိုးရနှင့် EAO ကိုယ်စားလှယ်များအကြား အစည်းအဝေးပွဲတစ်ခု ကျင်းပခြင်း<br>၃။ ရရှိသောသဘောတူညီချက်ကို အတည်ပြုလက်မှတ်ရေးထိုးရန် တိုင်းရင်းသားပြည်နယ်တစ်ခုချင်းစီတွင် ဆန္ဒမဲခံယူခြင်း<br>၄။ ငြိမ်းချမ်းရေးဆွေးနွေးရန် တိုင်းရင်းသားလူမျိုးများ အားလုံးနှင့်တွေ့ဆုံခြင်း<br>၅။ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဒီမိုကရက်တစ်အုပ်စုများအကြားသုံးပါတီဆွေးနွေးခြင်း<br>၆။ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း သဘောတူညီချက်ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း |
| ၂၀၁၃ ခုနှစ် ငြိမ်းချမ်းရေးစီမံကိန်း -<br>၁။ နိုင်ငံတစ်ဝန်းအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်<br>၂။ နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရန် မူဘောင်များကို သဘောတူရေးဆွေးနွေးညှိနှိုင်းခြင်း<br>၃။ နိုင်ငံရေးဆွေးနွေးပွဲ | ၂၀၁၃ ခုနှစ် ငြိမ်းချမ်းရေးစီမံကိန်း -<br>၁။ နိုင်ငံရေးမူဘောင်ရေးဆွဲခြင်း<br>၂။ နိုင်ငံတစ်ဝန်းအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်<br>၃။ နိုင်ငံရေးဆွေးနွေးပွဲ<br>၄။ နိုင်ငံတော်သဘောတူညီချက် |
| ၂၀၁၄ ခုနှစ် ငြိမ်းချမ်းရေးစီမံကိန်း -<br>၁။ နိုင်ငံတစ်ဝန်းအပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးခြင်း<br>၂။ နိုင်ငံရေးမူဘောင်ရေးဆွဲခြင်း<br>၃။ နိုင်ငံရေးဆွေးနွေးပွဲ (SSR/DDR)<br>၄။ ပြည်ထောင်စုညီလာခံ<br>၅။ ပြည်ထောင်စုအဆင့်လက်မှတ်ရေးထိုးခြင်း<br>၆။ ကြားဖြတ်စီစဉ်မှု<br>၇။ ပြည်ထောင်စုအဆင့်သဘောတူညီချက် အကောင်အထည်ဖော်ခြင်း | ၂၀၁၄ ခုနှစ် ငြိမ်းချမ်းရေးစီမံကိန်း -<br>၁။ နိုင်ငံတစ်ဝန်းအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခြင်း<br>၂။ နိုင်ငံရေးမူဘောင်ရေးဆွဲခြင်း<br>၃။ နိုင်ငံရေးဆွေးနွေးပွဲ<br>၄။ ပြည်ထောင်စုညီလာခံ<br>၅။ ပြည်ထောင်စုအဆင့်လက်မှတ်ရေးထိုးခြင်း<br>၆။ ကြားဖြတ်စီစဉ်မှု<br>၇။ ပြည်ထောင်စုအဆင့်သဘောတူညီချက်အကောင်အထည်ဖော်ခြင်း (SSR/DDR) |

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး နောက်ဆုံးအဆင့်မူကြမ်း –**
**၂၀၁၅ ခုနှစ်မတ်လတွင် NCCT နှင့် UPWC ကိုယ်စား လှယ်များ လက်မှတ်ရေးထိုးထားသည့်လမ်းစဉ်ခုနစ်ရပ်**

၁။ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များက နိုင်ငံတစ်ဝန်း အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးရန်။
၂။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များက နိုင်ငံတစ်ဝန်းအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးမူဘောင်တစ်ရပ်မူကြမ်းရေးဆွဲရန်။
၃။ ရက် ၉၀ အတွင်းအစိုးရနှင့်တိုင်းရင်းသားအဖွဲ့အစည်းများမှကိုယ်စားလှယ်များ နိုင်ငံတော်အဆင့်နိုင်ငံရေးဆွေးနွေးပွဲ စတင်ပြုလုပ်ရန်။
၄။ နိုင်ငံရေးဆွေးနွေးပွဲမှထွက်ပေါ်လာသည့် ရလဒ်နှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပရန်။
၅။ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကပြည်ထောင်စုသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန်။
၆။ ပြည်ထောင်စုသဘောတူညီချက်ကို မြန်မာပြည်ထောင်စုလွှတ်တော်က အတည်ပြုရန်။
၇။ ပြည်ထောင်စုသဘောတူညီချက်ကို အကောင်အထည်ဖော်ခြင်း (SSR အကောင်အထည်ဖော်ဆောင်မှု)။

## အပစ်အခတ်ရပ်စဲရေးနှင့်ငြိမ်းချမ်းရေး၏မတူညီသောအနက်အဓိပ္ပာယ်များ

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပေါ်ပေါက်ပြီးနောက်ပိုင်း လူများစွာအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်ငြိမ်းချမ်းရေးကို ရှုပ်ထွေးကြဟန်ရှိပါသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ငြိမ်းချမ်းရေးသဘောတူညီချက်အဖြစ် မီဒီယာများတွင် မကြာခဏမှားယွင်းဖော်ပြလေ့ရှိကြပါသည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဟူသောစကားလုံးနှစ်လုံးတွင် ကွဲပြားသောအဓိပ္ပာယ်များရှိပါသည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဟူသည် နှစ်ဖက်လုံးက တစ်ဖက်နှင့်တစ်ဖက်ပစ်ခတ်ခြင်းနှင့် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းများကို ယာယီရပ်စဲထားရန် သဘောတူထားခြင်းဖြစ်ပြီးတိုက်ပွဲကိုယာယီရပ်နားထားခြင်းဖြစ်ပါသည်။ တစ်ဖက်ဖက်က ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ပါက မည်သည့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်မဆို ကျိုးပေါက်သွားနိုင်ပါသည်။ ငြိမ်းချမ်းရေး၏ ယေဘုယျအဓိပ္ပာယ်မှာ မတူညီသောလူမှုအဖွဲ့အစည်းများအကြား သဟဇာတဖြစ်သည့်ကာလကို ဆိုလိုပါသည်။ အဆိုပါကာလတွင် အကြမ်းဖက်မှုများနှင့်ရန်လိုသည့်အပြုအမူများ နည်းပါးမည်ဖြစ်ပါသည်။ တနည်းအားဖြင့် ငြိမ်းချမ်းရေးဟူသည် အကြမ်းဖက်မှုကိုကြောက်ရွံ့နေရခြင်းမှ လွတ်မြောက်ရာနေရာဖြစ်ပါသည်။ ငြိမ်းချမ်းရေးအကောင်အထည် ပေါ်လာသည့်အခါတွင် ပစ်ခတ်တိုက်ခိုက်ခြင်း သို့မဟုတ် အကြမ်းဖက်ခြင်းများ ရှိနိုင်တော့မည်မဟုတ်ပေ။

**နိုင်ငံတစ်ဝန်းပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး။** ။ တစ်မူတည်းအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ထွက်ပေါ်လာခြင်းက ယခင်တိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရအကြား တစ်ဖွဲ့ချင်းပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များနေရာတွင်အစားထိုးလိုက်ပြီဖြစ်သည်။ ယခင်ကလက်မှတ်ရေးထိုးထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်များသည် လက်ရှိအချိန်အထိ အကြုံးဝင်နေဆဲဖြစ်သော်လည်း ထပ်မံပြုလုပ်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အားလုံးသည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA) အပေါ်တွင်သာ အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်များနှင့်အစိုးရအကြား ဆွေးနွေးညှိနှိုင်းရာ၌ အဆင်မပြေမှုများရှိသော်လည်း နှစ်ဖက်လုံးက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး အဆုံးသတ်သဘောညီချက် မူကြမ်းရေးဆွဲရန် အကောင်းဆုံးသဘောတူဆောင်ရွက်ခဲ့ကြသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အဆုံးသတ်သဘောတူစာချုပ်မူကြမ်းသည် ငြိမ်းချမ်းရေးသို့ဦးတည်သောကာလရှည်ဆွေးနွေးပွဲကြီးတွင် ထပ်မံ၍ခြေလှမ်းသစ်လှမ်းလိုက်ခြင်းပင်ဖြစ်သည်။

## မူတစ်မူတည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမူကြမ်း – တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ပထမခြေလှမ်း

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဟူသော ဝေါဟာရကို နည်းလမ်းနှစ်မျိုးဖြင့် အသုံးပြုကြသည်။ ၂၀၁၁ ခုနှစ်အတွင်း ကချင်ပြည်နယ်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပေါ်ချိန်မှစတင်ကာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး တစ်ဖက်သက်ကြေညာရန် အစိုးရကို တောင်းဆိုခဲ့ကြသည်။ ဆိုလိုသည်မှာ တစ်နိုင်ငံလုံးတွင် ထိုးစစ်ဆင်တိုက်ခိုက်နေမှုများအားလုံးကို ရပ်တန့်ပေးရန်တောင်းဆိုလိုက်ခြင်း ဖြစ်သည်။ သို့သော်လည်း တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများဆက်လက်ရှိနေဆဲဖြစ်သည်။

အထက်ပါဝေါဟာရကို "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်" ဟူ၍လည်း ဒုတိယတစ်မျိုး သုံးစွဲသေးသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏ ပထမဆုံးညီလာခံကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလကုန်ပိုင်းတွင် KIO ဌာနချုပ်ဖြစ်သည့် လိုင်ဇာတွင် ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံဆုံးဖြတ်ချက်အရ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (NCCT) ကို ဖွဲ့စည်းခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အစိုးရ၏ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ဖြစ်သော ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းဆောင်ရွက်မှုကော်မတီ (UPWC) နှင့်ဆွေးနွေးညှိနှိုင်းရန်အတွက် NCCT ကို လုပ်ပိုင်ခွင့်အာဏာ ပေးအပ်ခဲ့သည်။ NCCT နှင့် UPWC တို့သည် ၎င်းတို့၏ ပထမဆုံးတရားဝင်ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့ကြသည်။ NCCT နှင့် UPWC တို့သည် ၎င်းတို့၏ မတူညီသောအဆိုပြုလွှာနှစ်ရပ်ကို "မူတစ်မူတည်း သဘောတူညီချက်" အဖြစ် ပေါင်းစပ်ရန် အဆုံးသတ်သဘောတူခဲ့ကြသည်။[၅၇] NCCT နှင့် UPWC တို့သည် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကိုဆွေးနွေးရန် ၎င်းတို့၏ ဒုတိယမြောက် တရားဝင်ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ကျင်းပခဲ့ကြသည်။

အသစ်ရေးဆွဲလိုက်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်နှင့် ယခင်ကတိုင်းရင်းသားလက်နက်ကိုင်တစ်ဖွဲ့ချင်းစီနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူညီချက်များအကြား ကွာခြားချက်မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမူကြမ်းသစ်သည် တိုင်းရင်းသားပြဿနာများကို ပိုမိုကျယ်ပြန့် ပြည့်စုံသောနည်းလမ်းဖြင့် ချဉ်းကပ်ခြင်း၊ ထာဝစဉ်တည်မြဲသော အပစ်အခတ်ရပ်စဲရေးပေါ်ပေါက်လာစေရန်အတွက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကာလရှည်ကြာငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲများကို အသုံးပြုလာခြင်းတို့ဖြစ်ပါသည်။ ထို့ကြောင့် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးဟူသောဝေါဟာရသည် တိကျခိုင်မာသော နိုင်ငံရေးဆွေးနွေးပွဲများအတွက် ကြိုတင်သဘောတူသည့် အခြေအနေတစ်ရပ်ဟူ၍ နားလည်ရပေသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဟူသောဝေါဟာရ၏ အနက်အဓိပ္ပာယ်တွင်
အဓိပ္ပာယ်ထွေပြားခြင်းနှင့် ကွဲပြားချက်များရှိနေခြင်းက

စစ်တမ်းကောက်ယူနေသည့်နှစ်တွင် ပါဝင်ဆွေးနွေးညှိနှိုင်းမှုများမှ တိုးတက်မှုများရှိခဲ့သည်ဟု ယူဆရပေသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုယ်စားလှယ်နှစ်ဖွဲ့ဖြစ်သော NCCT နှင့် UPWC တို့ တွေ့ဆုံမှုများ ဆက်တိုက်ပြုလုပ်ပြီးနောက် ၂၀၁၄ ခုနှစ်၊ မတ်လတွင် မတူကွဲပြားသော အဆိုပြုလွှာနှစ်ရပ်ကို ပေါင်းစပ်ထားသည့် မူတစ်မူတည်းသော စာတမ်းတစ်စောင်စတင်ရေးဆွဲရေးသဘောတူခဲ့ကြသည်။ မူတစ်မူတည်းစာတမ်းတွင် အခန်း ၇ ခန်းပါဝင်သည်။ ယင်းနောက် ဧပြီလ ၅ ရက်မှ ၈ ရက်နေ့အထိ NCCT နှင့် UPWC တို့သည် မူတစ်မူတည်း တစ်ပြည်လုံးအပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ကို မူကြမ်းရေးဆွဲရန် ပထမဆုံးအကြိမ်တရားဝင်တွေ့ဆုံမှု ပြုလုပ်ခဲ့သည်။ တရားမဝင် တွေ့ဆုံပွဲများစွာ ပြုလုပ်ပြီးနောက် ဒုတိယမြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမူကြမ်းဆွေးနွေးပွဲကို မေလတွင်ပြုလုပ်ခဲ့သည်။

---

၅၇။ ***NCCT*** နှင့် ***UPWC*** တို့သည် ***UPWC*** ၏ အခန်း ၁၄ ခန်းပါသော အဆိုပြုလွှာနှင့် ***NCCT*** ၏ အခန်း ၁၁ ခန်းပါသော အဆိုပြုလွှာတို့ကို ၂၀၁၄ ခုနှစ်၊ မတ်လတွင် ပူးပေါင်းခဲ့ကြသည်။ အဆိုပြုလွှာနှစ်ရပ်ကို ပေါင်းစည်းပြီးနောက်တွင် အခန်း ၇ ခန်းပါသော တစ်မူတည်းအပစ်အခတ်ရပ်စဲရေးမူကြမ်းသစ်ကိုရရှိခဲ့သည်။

တတိယမြောက်မူကြမ်းဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက်တွင် လည်းကောင်း၊ စတုတ္ထမြောက် မူကြမ်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၂ ရက်တွင်လည်းကောင်း ဆက်လက်ပြုလုပ်ခဲ့သည်။ နောက်ဆုံးဆွေးနွေးပွဲတွင် တင်းမာမှုများရှိခဲ့ပြီး ၂၀၁၅ မတ်လအထိ ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ခြင်း မရှိတော့ပေ။

KIA နှင့် TLNA တို့ကဲ့သို့ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခြင်းမရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အများစုသည်ဖက်ဒရယ်ပြည်ထောင်စု၊ဖက်ဒရယ်စစ်တပ်၊ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်စသော အရေးပါသည့် ကိစ္စများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းပေးမည်ဟူသော အာမခံချက်မရရှိဘဲ လက်မှတ်ရေးထိုးရမည့်အရေးကို စိုးရိမ်ပူပန်ခဲ့ကြသည်။ အစိုးရစစ်တပ်၏ စစ်ဆင်ရေးများက အစိုးရ၏ကတိစကားများနှင့်ပတ်သက်၍ မယုံကြည်မှုများနှင့် သံသယများကို ပိုမိုမြင့်တက်လာစေခဲ့သည်။ ဆွေးနွေးပွဲများပျက်ပြားပြီးနောက် နောက်ဆက်တွဲအနေဖြင့် အောက်တိုဘာလ ၁ ရက်နေ့တွင် အစိုးရတပ်ဖွဲ့ဝင်များက ကျေးသီးမြို့နယ်ရှိ SSPP အဖွဲ့ သိမ်းပိုက်ထားသော တာဖာဆောင်တံတားကို ထိုးစစ်ဆင်ခြင်းနှင့် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် လိုင်ဇာရှိ KIA ဗိုလ်သင်တန်းကျောင်းကို အမြောက်ဖြင့်ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ အဆိုပါတိုက်ခိုက်မှုများသည် မတိုးသာမဆုတ်သာဖြစ်နေသည့် ဆွေးနွေးပွဲများကို ပိုမို၍တင်းမာလာစေခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည်လည်း ဖျက်သိမ်းလုနီးပါးဖြစ်ခဲ့သည်။

**ဇယား (၁၄)။ ၂၀၁၄ ခုနှစ်ဆွေးနွေးပွဲများအတွင်း အဓိကစိန်ခေါ်မှုများ - စကားလုံးအသုံးအနှုန်း၊ ပြဿနာများနှင့် လုပ်ထုံးလုပ်နည်းများ**

| | |
|---|---|
| စကားလုံးအသုံးအနှုန်း | - ခေတ်ပြောင်းတော်လှန်ရေး<br>- ဖက်ဒရယ်<br>- ပင်လုံစိတ်ဓာတ်နှင့်ပင်လုံသဘောတူညီချက်(ဖက်ဒရယ်ပြည်ထောင်စု၊ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်ခွင့်၊ နိုင်ငံရေးသာတူညီမျှအခွင့်အရေး)<br>- လောကပါလအကြောင်းတရား သုံးရပ် (လွတ်လပ်ရေး၊ တန်းတူညီမျှရေး၊ တရားမျှတရေး)<br>- တို့တာဝန်အရေးသုံးပါး(ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး) |
| ပြဿနာများ | - ဖက်ဒရယ်ပြည်ထောင်စု<br>- ဖက်ဒရယ်တပ်မတော်<br>- ကိုယ်ပိုင်ဆုံးဖြတ်လုပ်ပိုင်ခွင့်<br>- နိုင်ငံရေးအခွင့်အရေးနှင့် တိုင်းရင်းသားအခွင့်အရေးများ တန်းတူညီမျှရရှိရေး<br>- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ<br>- တပ်မတော်၏ လမ်းညွှန်ချက်ခြောက်ချက် |
| လုပ်ထုံးလုပ်နည်းများ | - ပူးတွဲစောင့်ကြည့်ရေးကော်မတီ<br>- လမ်းပြမြေပုံ<br>- နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်သူများ<br>- အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကျင့်ထုံး<br>- တပ်မတော်၏ကျင့်ထုံး<br>- ကြားဖြတ်တင်ကြိုပြင်ဆင်မှုများ<br>- လုံခြုံရေးကဏ္ဍပြောင်းလဲမှု (SSR)<br>- လက်နက်ဖြုတ်သိမ်းခြင်း၊ တပ်မှထွက်ခွင့်ပြုခြင်း၊ ပြန်လည်ပေါင်းစည်းခြင်း(DDR)<br>- သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးသူများ |

NCCT မှ အဖွဲ့ဝင်အချို့က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် အစိုးရ၏တိုက်ခိုက်မှုများကို ဝေဖန်ခဲ့ကြပြီး ထိုးစစ်ဆင်တိုက်ခိုက်မှုများကိုရပ်တန့်ပေးရန်အစိုးရတပ်ဖွဲ့ဝင်များကို တောင်းဆိုခဲ့သည်။ ဆွေးနွေးညှိနှိုင်းမှုများရပ်တန့်ခဲ့ပြီး စကားလုံးများနှင့်ယင်းတို့၏ ဆိုလိုသည့်အဓိပ္ပာယ်များအပေါ်တွင်ငြင်းခုံရင်းဖြင့်သာ သံသရာလည်နေကြသည်။ ဥပမာအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက "တိုင်းရင်းသားတော်လှန်ရေးတပ်မတော်" ဟူသောဝေါဟာရကို သုံးလိုသည်။ သို့သော် UPWC က ပယ်ချခဲ့ပြီး "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့"ဟူသောစကားလုံးဖြင့် အစားထိုးခဲ့သည်။ ဖက်ဒရယ်အရေး၊ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ အပစ်အခတ်ရပ်စဲရေးကျင့်ထုံး၊ တပ်မတော်၏ကျင့်ထုံး၊ ကြားဖြတ်ကြိုတင်ပြင်ဆင်မှုများနှင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် လမ်းပြမြေပုံရေးဆွဲရေး စသောကိစ္စရပ်များနှင့်ပတ်သက်၍ဆွေးနွေးရန် အစိုးရကဘက်က ငြင်းပယ်ခဲ့သည်။ ငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်နိုင်မှု အားနည်းခြင်းနှင့်ပတ်သက်၍ တစ်ဖက်နှင့်တစ်ဖက် အပြစ်တင်ပြောဆိုခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ဇူလိုင် ၂၅ ရက်တွင် လိုင်ဇာ၌ အခြားသောညီလာခံတစ်ရပ်ကျင်းပခဲ့ပြီး အစိုးရနှင့်ဆွေးနွေးညှိနှိုင်းရာတွင် မိမိတို့ကြုံတွေ့ရသည့်စိန်ခေါ်မှုများကို မည်သို့မည်ပုံကျော်လွှားမည်ဟူသောအချက်ကို ဆွေးနွေးခဲ့ကြသည်။

အရေးအကြီးသောအချက်အချို့ကို သဘောတူညီပြီးနောက်တွင် NCCT နှင့် UPWC တို့သည် ဩဂုတ်လတွင် ဆွေးနွေးပွဲပြန်လည်ပြုလုပ်ခဲ့သည်။ NCCT သည် UPCW က အဆိုပြုသည့် "လခပလ ၃ ရပ်"နှင့် တို့တာဝန်အရေးသုံးပါးကို လက်ခံခဲ့ပြီး ၄င်းတို့တောင်းဆိုသည့်အထဲမှ "ပင်လုံစိတ်ဓာတ်နှင့်ပင်လုံကတိ"ကို ဖယ်ရှားပေးခဲ့သည်။ UPCW သည် ဖက်ဒရယ်စည်းမျဉ်းစည်းကမ်းများ၊ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးတို့အပေါ် အခြေခံသော ပြည်ထောင်စုတစ်ရပ်ထူထောင်ရန် သဘောတူခဲ့သည်။ စစ်ဘက်ဆိုင်ရာဆောင်ရွက်ရမည့်ကျင့်ထုံးများ၊ တပ်ဖွဲ့ပြန်လည်နေရာချထားမှုများ၊ ပူးတွဲစောင့်ကြည့်ရေးလုပ်ထုံးလုပ်နည်း စသောအချက်များကို ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိသော်လည်း အထက်ပါသဘောတူညီချက်မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် အရေးပါသောခြေလှမ်းကြီးတစ်ရပ်ဖြစ်ခဲ့သည်။ တစ်ဖက်တွင်လည်းအခန်းခုနစ်ခန်းပါဝင်သော လုပ်ငန်းစဉ် ခုနစ်ရပ်ကိုရေးဆွဲခဲ့သည်။

**ဇယား (၁၅) - ၂၀၁၄ ခုနှစ် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမူကြမ်းများ**

| | | |
|---|---|---|
| **လုပ်ငန်းစဉ် (ဒုတိယမြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူမူကြမ်း)** | **လုပ်ငန်းစဉ် (တတိယမြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူမူကြမ်း)** | **လုပ်ငန်းစဉ် (စတုတ္ထမြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူမူကြမ်း)** |
| **တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး လက်မှတ်ရေးထိုးခြင်း** | **တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး လက်မှတ်ရေးထိုးခြင်း** | **တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး လက်မှတ်ရေးထိုးခြင်း** |
| **နိုင်ငံရေးအခြေခံမူဘောင် ရေးဆွဲခြင်း** | **နိုင်ငံရေးအခြေခံမူဘောင် ရေးဆွဲခြင်း** | **နိုင်ငံရေးအခြေခံမူဘောင် ရေးဆွဲခြင်း** |
| **နိုင်ငံရေးဆွေးနွေးပွဲကျင်းပခြင်း** | **နိုင်ငံရေးဆွေးနွေးပွဲကျင်းပခြင်း** | **နိုင်ငံရေးဆွေးနွေးပွဲကျင်းပခြင်း** ***(*တပ်မတော်ကိုယ်စားလှယ်များ တင်သွင်းသည့် SSR အကောင်အထည်ဖော်ခြင်း)*** |

| | | |
|---|---|---|
| *လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု ***(ကြားဖြတ်သဘောတူညီချက်)*** | ပြည်ထောင်စုညီလာခံ | ပြည်ထောင်စုညီလာခံ |
| ပြည်ထောင်စုညီလာခံ | ပြည်ထောင်စုအဆင့် သဘောတူလက်မှတ်ရေးထိုးခြင်း | ပြည်ထောင်စုအဆင့် သဘောတူလက်မှတ်ရေးထိုးခြင်း |
| ပြည်ထောင်စုအဆင့် သဘောတူလက်မှတ်ရေးထိုးခြင်း | ပြည်ထောင်စုလွှတ်တော် အတည်ပြုချက် | ပြည်ထောင်စုလွှတ်တော် အတည်ပြုချက် |
| ပြည်ထောင်စုလွှတ်တော် အတည်ပြုချက် | အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ***(*SSR အကောင်အထည်ဖော်ခြင်း)*** | အကောင်အထည်ဖော် ဆောင်ရွက်ခြင်း |
| အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | | |

ယင်းနောက် စက်တင်ဘာအတွင်းပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲတွင် မြန်မာတပ်မတော်က ယခင်အစည်းအဝေးပွဲများ အတွင်းသဘောတူခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူမူကြမ်းကို ပယ်ချလိုက်ခြင်းကြောင့် အကျဉ်းအကြပ်ကာလသို့ ရောက်ရှိသွားစေခဲ့သည်။ တပ်မတော်ကိုယ်စားလှယ်များက “လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု (SSR)”[၅၈]ကိုအကောင်အထည်ဖော်လိုကြသည်။ယင်းကတိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရတို့အနေဖြင့် နိုင်ငံရေး ဆွေးနွေးပွဲတွင် တွေ့ဆုံသည့်အခါကာလအတိုင်းအတာတစ်ခုအထိလုပ်ငန်းစဉ်တွင် SSR ကို စတုတ္ထအဆင့်သို့ ရောက်ရှိသွားစေခဲ့သည်။ ယခင်သဘောတူထားသည့်မူကြမ်းတွင် SSR သည် လုပ်ငန်းစဉ်၏ နောက်ဆုံးအဆင့်တွင် ရှိနေခြင်းဖြစ်သည်။ တင်းမာမှုများမြင့်တက်ခဲ့ပြီး ဆွေးနွေးပွဲများသည်လည်း ဖျက်သိမ်းရလုနီးပါးအခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။

တပ်မတော်ကိုယ်စားလှယ်များသည် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု (SSR) ကို အကောင်အထည်ဖော်လိုကြသည့်အတွက် ယခင်သဘောတူညီချက်ကို အလေးထားကြခြင်းမရှိပေ။ လုံခြုံရေးပြုပြင်ပြောင်းလဲမှုကဏ္ဍ (SSR) သည် ယခင်သဘောတူထားသကဲ့သို့မဟုတ်ဘဲ နိုင်ငံရေးဆွေးနွေးပွဲမတိုင်မီရှေ့ပြေးအနေဖြင့် “လက်နက်ဖြုတ်သိမ်းခြင်း၊ စစ်မှုထမ်းအဖြစ်မှ ထွက်ခွာခွင့်ပြုခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း (DDR)” ကို ဆိုလိုခြင်း ဖြစ်သည်။ အစိုးရငြိမ်းချမ်းရေးအဖွဲ့အစည်းအနေဖြင့် NCCT နှင့် ယခင်သဘောတူညီချက်ကို ပြန်လည်ရုပ်သိမ်းရန် “အခြေခံစည်းမျဉ်း နံပါတ် ၁၀” [၅၉] ကို အသုံးပြုနိုင်ပေသည်။

၅၈။ SSR သည် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဘက်တွင်ရပ်တည်သည်။ တတိယမြောက် NCA မူကြမ်းတွင် SSR အကောင်အထည်ဖော်ဆောင်ရွက်မှုက လမ်းပြမြေပုံ၏ နံပါတ် ၇ နေရာတွင် ရှိနေသည်။ တပ်မတော်ကိုယ်စားလှယ်များက SSR ကို စတုတ္ထမြောက် NCA မူကြမ်းတွင် နံပါတ် ၄ နေရာ၌ထားရှိခဲ့သည်။

၅၉။ NCCT နှင့် UPWC တို့သည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် အသုံးပြုရန် “အခြေခံစည်းမျဉ်းများ” ကို ချမှတ်ခဲ့သည်။ စည်းကမ်းချက် ၁၀ ချက်ပါရှိသည်။ ဥပမာ၊ ကိုယ်စားလှယ်များအနေဖြင့် အချက်တစ်ချက်ကို သဘောတူသည်ဆိုပါက လက်ခုပ်တီးခြင်း၊ အချက်အားလုံးကို သဘောတူသည်ဆိုပါက အားလပ်ချိန်ယူခြင်းတို့ဖြစ်သည်။ အခြေခံအချက် ၁၀ တွင် “အားလုံးကို သဘောမတူမချင်း မည်သည့်အရာကိုမှ သဘောတူမည်မဟုတ်” ဟု ပါရှိသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် (နောက်ဆုံးမူကြမ်း) (၃၁ မေ ၂၀၁၅)**

နိဒါန်း
အခန်း ၁။ အခြေခံစည်းမျဉ်းစည်းကမ်းများ (၁၁ ချက်)
အခန်း ၂။ ရည်ရွယ်ချက်များနှင့် ဦးတည်ချက် (၄ ချက်)
အခန်း ၃။ အပစ်အခတ်ရပ်စဲရေးကိစ္စများ (၈ ချက် - အပိုဒ် ၃၉ ပိုဒ်)
(အပစ်အခတ်ရပ်စဲရေး ပူးတွဲစောင့်ကြည့်မှုကော်မတီ)
အခန်း ၄။ အပစ်အခတ်ရပ်စဲရေးလုပ်ထုံး (၈ ချက် - အပိုဒ် ၈ ပိုဒ်)
(စစ်ဘက်ဆိုင်ရာကျင့်ထုံး)
အခန်း ၅။ နိုင်ငံရေးဆွေးနွေးပွဲ၏အာမခံချက်များ (၅ ချက် - အပိုဒ် ၁၇ ပိုဒ်၊ အပိုဒ်ခွဲ ၂ ပိုဒ်)
(နိုင်ငံရေးဆွေးနွေးပွဲအတွက်လမ်းစဉ်)
အခန်း ၆။ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (အချက် ၃ ချက် - အပိုဒ် ၇ ပုဒ်၊ အပိုဒ်ခွဲ ၆ ပိုဒ်)
(ကြားဖြတ်သဘောတူညီချက်)
အခန်း ၇။ အထွေထွေ (အချက် ၆ ချက် - အပိုဒ် ၂ ပိုဒ်)
(သဘောတူလက်မှတ်ရေးထိုးသည့် ပုဂ္ဂိုလ်/အဖွဲ့အစည်း)


NCCT နှင့် UPWC အကြား ၂၀၁၄ နှစ်ကုန်ပိုင်းတွင် ဆက်ဆံရေးယိုယွင်းခဲ့သည်။ သို့သော်လည်း ၂၀၁၅ အစောပိုင်းမှစတင်ကာ အခြေအနေများ တစ်စတစ်စပြန်လည်တိုးတက်ကောင်းမွန်လာခဲ့သည်။ ဇန်နဝါရီအတွင်း မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင်ကျင်းပသော လွတ်လပ်ရေးနေ့အခမ်းအနားသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၂ ဖွဲ့ တက်ရောက်ခဲ့ပြီး သမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံခဲ့သည်။ သို့သော် KIA၊ KNPP၊ NF နှင့် TNLA တို့ တက်ရောက်ခဲ့ကြခြင်းမရှိပေ။ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပသော ပြည်ထောင်စုနေ့အခမ်းအနားသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၃ ဖွဲ့မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များက သမ္မတဦးသိန်းစိန်နှင့်ထပ်မံတွေ့ဆုံကာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်လည်း တွေ့ဆုံခဲ့ကြသည်။ အဆိုပါအကြိမ်တွင်လည်း KIA၊ KNPP နှင့် TNLA တို့ တက်ရောက်ခဲ့ကြခြင်းမရှိပေ။ DKBA၊ KNU၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် RCSS တို့မှခေါင်းဆောင်များသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ"တွင် လက်မှတ်ရေးထိုးခဲ့သည်။[၆၀] အချို့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသည် အဆိုပါ"ကတိပြုလွှာ"က တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးကို ပြောင်းပြန်အကျိုးသက်ရောက်မှုများရှိလာမည်ကို စိုးရိမ်ပူပန်ခဲ့ကြသည်။ KNU နှင့် RCSS တို့မှခေါင်းဆောင်များကမူ ယင်းသည် ငြိမ်းချမ်းရေးကတိပြုလွှာဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မြှင့်တင်ဆောင်ရွက်ပေးရာတွင် အကူအညီဖြစ်စေမည်ဟု ပြောဆိုကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အမျိုးသားစည်းလုံးရေးနှင့် တောင့်တင်းခိုင်မာသော နိုင်ငံတော်တည်ဆောက်ရေးတွင် အရေးပါသည့်အတွက် တစ်ပြည်လုံးပါဝင်ကြရန် အောက်လွှတ်တော်အမတ်များက တိုက်တွန်းခဲ့သည်။[၆၁] နောက်ဆုံးတွင် NCCT နှင့် UPWC တို့သည် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးအဆုံးသတ်မူကြမ်းကိုရေးဆွဲရန် သဘောတူခဲ့ပြီး နှစ်ဖက်လုံးမှ အဖွဲ့ဝင်ငါးဦးစီက ၂၀၁၅ မတ် ၃၁ ရက်တွင် သမ္မတ ဦးသိန်းစိန်ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းမှာ ဖက်ဒရယ်အရေးကိစ္စများ၊ ပူးတွဲဆောင်ရွက်မှု ကော်မတီ၊

၆၀။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာတွင် အချက်ငါးချက်ပါရှိသည်။ ၁။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စည်းမျဉ်းစည်းကမ်းများအပေါ်အခြေခံသောပြည်ထောင်စုတစ်ရပ်ထူထောင်ရန်၊ ၂။ NCA ကိုလက်မှတ်ထိုးရန်၊ ၃။အားလုံးပါဝင်သောနိုင်ငံရေးဆွေးနွေးပွဲတစ်ရပ်ကျင်းပရေးပူးပေါင်းဆောင်ရွက်ရန်၊ ၄။ နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင် တစ်ရပ်ရေးဆွဲရန်၊ ၅။ လက်နက်ကိုင်တိုက်ပွဲများကို တားဆီးရေး ပူးပေါင်းဆောင်ရွက်ရန်။

၆၁။ အလဲဗင်းမီဒီယာဂရု၊ အပစ်အခတ်ရပ်စဲရေးကို ပြည်သူများထောက်ခံကြရန် တပ်မတော်တောင်းဆို၊ ဧပြီ ၅၊ ၂၀၁၅၊ web ။

စစ်ဘက်ဆိုင်ရာကျင့်ထုံး စသောကိစ္စများကဲ့သို့ အကဲဆတ်သောလုပ်ငန်းစဉ်များကို နိုင်ငံရေးဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးရန်သဘောတူပြီးနောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယင်းသည် ဆယ်စုနှစ်ခြောက်ခုကျော် ကြာမြင့်နေပြီဖြစ်သည့် ပြည်တွင်းစစ်ကိုအဆုံးသတ်ရန်အလို့ငှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရေးအတွက် မရှိမဖြစ်လိုအပ်သော အဆင့်တစ်ဆင့်အဖြစ်မှတ်တမ်းဝင်ပေသည်။ ကုလသမဂ္ဂအထူးအကြံပေး မစ္စတာဗီဂျေနမ်ဘီးယားကမူ ယင်းမှာ "သိသာထင်ရှားသည့် သမိုင်းဝင်အောင်မြင်မှုတစ်ရပ်" ဖြစ်ကြောင်း မှတ်ချက်ပေးပြောဆိုခဲ့သည်။

**ပုံ (၁၃) – ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လုပ်ငန်းစဉ်ခုနစ်ရပ်**




## ၂၀၁၄ ခုနှစ်အတွင်း NCCT နှင့် UPWC တို့အကြား ဆွေးနွေးညှိနှိုင်းပွဲများမှ စိန်ခေါ်မှုများ

**တော်လှန်ရေး။** တိုင်းရင်းသားလက်နက်ကိုင်များသည် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တွင် ၎င်းတို့အား နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကဲ့သို့ အခြားသော အစိုးရအထောက်အပံ့ခံလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ရောထွေးသွားခြင်းမရှိစေရန်အလို့ငှာ "တော်လှန်ရေး" လက်နက်ကိုင်အင်အားစုများဟု ရည်ညွှန်းသုံးစွဲလိုကြသည်။ သို့သော် မြန်မာတပ်မတော်ကိုယ်စားလှယ်များကမူ ယင်းကိုလက်မခံဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွင် လက်မှတ်ထိုးပြီးပါက "တော်လှန်ရေး" ဟူသောစကားလုံး လိုအပ်တော့မည်ဟုတ်ကြောင်း ငြင်းခုံပြောဆိုခဲ့ ကြသည်။

**ဖက်ဒရယ်ပြည်ထောင်စု။** တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် "တိုင်းရင်းသားပြည်နယ်များအပေါ် အခြေခံသောဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး" ဟူသောစကားလုံးကို အသုံးပြုလိုကြသည်။ သို့သော် UPWC ကမူ "ဒီမိုကရေစီနှင့် ဖက်ဒရယ်စည်းမျဉ်းစည်းကမ်းများအပေါ်အခြေခံသောပြည်ထောင်စုတစ်ရပ်ထူထောင်ရန်" သာ သဘောတူခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် "ဖက်ဒရယ်တပ်မတော်ထူထောင်ရေး" ကို ထည့်သွင်းစေလိုကြသည်။ သို့သော် UPWC က "မြန်မာတပ်မတော်သည် ပြည်ထောင်စုတပ်မတော်အဖြစ် ရှိနေပြီးသားဖြစ်ပြီး အခြားတပ်မတော်တစ်ခုထူထောင်ရန်မလိုအပ်" ဟု ပြောဆိုခဲ့သည်။

**၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တပ်မတော်၏လမ်းညွှန်ချက်ခြောက်ရပ်။** "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်ရမည်"ဟု UPWC က ဆိုသည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်များက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံကြခြင်းမရှိပေ။ "ကျွန်တော်တို့ရဲ့ လမ်းညွှန်ချက်ခြောက်ရပ်အတိုင်း (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့) လိုက်နာဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့တပ်မတော်ဟာ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို ဖော်ဆောင်သွားမယ်လို့ ကြေညာပြီးဖြစ်ပါတယ်"ဟု တပ်မတော် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပြောဆိုခဲ့သည်။[၆၃] ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်၏လမ်းညွှန်ချက်ခြောက်ရပ်အား ငြိမ်းချမ်းရေးစည်းမျဉ်းစည်းကမ်းများ အဖြစ် ထပ်လောင်းအတည်ပြုခဲ့သည်။ သို့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်များက အဆိုပါလမ်းညွှန်ချက်များကို လက်ခံခြင်းမရှိဘဲ ယင်းမှာ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲအတွက် ခလုတ်ကန်သင်းတစ်ခုဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

**DDR နှင့် SSR ။** "လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု" (SSR) နှင့် တစ်သီးတခြားစီဖြစ်သော "လက်နက်ဖြုတ်သိမ်းခြင်း၊ စစ်မှုထမ်းအဖြစ်မှထွက်ခွာခွင့်ပြုခြင်း၊ ပြန်လည်ပေါင်းစည်းခြင်း" (DDR) သည် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲ အတွက်အခြားသောစိန်ခေါ်မှုတစ်ရပ်အဖြစ် ပေါ်ပေါက်လာခဲ့သည်။ "DDR သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင် အထည်ဖော်ရာတွင် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်"ဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆိုခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကမူ ၎င်းတို့လက်နက်ချရန်လိုအပ်သော DDR မူဝါဒကို ကြိုက်နှစ်သက်ခြင်းမရှိဘဲ ယင်းအစား "SSR"၏ အယူအဆသဘောတရားများကို ပိုမိုလိုလားကြသည်။ နောက်ဆုံးတွင် UPWC သည် တိုင်းရင်းသားလက်နက်ကိုင်များအား နိုင်ငံရေးဆွေးနွေးပွဲအပြီးသတ်ဆွေးနွေးခြင်း မပြုရသေးမီကာလအထိ လက်နက်များကိုင်ဆောင်ခွင့်ပြုရန် သဘောတူခဲ့သည်။

**ဖက်ဒရယ်ဖွဲ့စည်းပုံနှင့် ၂၀၀၈ ဖွဲ့စည်းပုံ။** ယင်းသည် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွင် အကဲဆတ်သည့်အခြားသောကိစ္စရပ်တစ်ခုဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် မြန်မာ့တပ်မတော်က အမျိုးသားရေးမူဝါဒများ၌ အရေးပါသောအစိတ်အပိုင်းတစ်ရပ်အဖြစ် ခံယူထားသည်။ မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အပြည့်အဝတာဝန်ရှိသည်ဟု ဆိုခဲ့သည်။[၆၅] ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဖြည့်စွက်ပြင်ဆင်ချက်များကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ချမှတ် ထားသော အခြေအနေများနှင့်အညီသာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်ရှိ တည်တံ့နေသော အာဏာဖွဲ့စည်းမှုအား သိသာထင်ရှားစွာ ပြောင်းလဲပစ်မည့်အခြေအနေများကို ကန့်သတ်ထားသည်။ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ကြသည်။ ၎င်းတို့က ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲရေးကို နိုင်ငံရေးဆွေးနွေးပွဲမှတစ်ဆင့် လွှတ်တော်လုပ်ငန်းစဉ် ပြင်ပဆွေးနွေးညှိနှိုင်းရန် ကြိုးပမ်းခဲ့ကြသည်။

**ဖက်ဒရယ်တပ်မတော်နှင့် လက်ရှိတပ်မတော်။** မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံနေထိုင်သည့်နိုင်ငံ ဖြစ်သည့် အတွက် ခိုင်မာသောဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ထူထောင်ရန် တင်ပြပြောဆိုကြသည်။ ဖဒရယ်ပြည်ထောင်စုမှတစ်ဆင့် တန်းတူညီမျှနိုင်ငံရေးအခွင့်အလမ်းများနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရရှိလာနိုင်သည်ဟု ၎င်းတို့က ယုံကြည်ကြသည်။ UPWC သည် "ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး"ကို မူအားဖြင့်လက်ခံသော်လည်း တပ်မတော်ကိုယ်စားလှယ် များကမူ "ဖက်ဒရယ်တပ်မတော်တည်ဆောက်ရေး"ကို သဘောတူလက်ခံခြင်းမရှိပေ။ မြန်မာ့ကာကွယ်ရေးတပ်မတော်သည် ပြည်ထောင်စုတပ်မတော်တစ်ရပ်အဖြစ် ရှိနှင့်ပြီးသားဖြစ်ရာ အစားထိုးရန်မလိုအပ်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက ဆိုသည်။ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များကမူ အစိုးရအနေဖြင့် ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်တည်

၆၂။ MYANMAR TIMES၊ ငြိမ်းချမ်းရေးတွင် တပ်မတော်၏အခြေအနေနှင့်ပတ်သက်၍ အခိုင်အမာပြောဆို၊ အိအိတိုးလွင်၊ ဧပြီ ၂၊ ၂၀၁၅၊ web ။
၆၃။ ၂၀၁၅ ခုနှစ် မတ်လ ၂၇ရက်နေ့တွင်ကျရောက်သည့် နှစ်(၇၀)မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိန့်ခွန်းပြော။
၆၄။ Ibid ။
၆၅။ Ibid ။

ဆောက်ရန် သဘောတူပါက တစ်ဆက်တည်းတွင် ဖက်ဒရယ်မူဝါဒနှင့်အညီတပ်မတော်တစ်ရပ်ထူထောင်ရန် စဉ်းစားရမည် ဖြစ်ပါကြောင်း တုံ့ပြန်ပြောဆိုကြသည်။


**စာအုပ်ဖွင့်သဘောတူညီချက်။** တပ်မတော်ကိုယ်စားလှယ်များက နိုင်ငံရေးဆွေးနွေးပွဲ ပြုလုပ်ပြီးနောက်မှသာ SSR ကို အကောင်အထည်ဖော်မည်ဟူသည့် ယခင်သဘောတူညီချက်ကို ပယ်ချခဲ့သည့်အတွက် NCCT နှင့် UPWC တို့ အနေဖြင့် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်း အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွင် ပြဿနာ တစ်ရပ်ပေါ်ပေါက်ခဲ့သည်။ NCCT နှင့် UPWC တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တင်းမာမှုများက ဆွေးနွေးပွဲကိုပျက်ပြားလုနီးပါး ဖြစ်စေခဲ့သည်။ ထိုအချိန်တွင် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် အသင့်မဖြစ်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အချို့ကြောင့် ကြန့်ကြာမှုများဖြစ်နေသည့်အတွက် အစိုးရအနေဖြင့် "စာအုပ်ဖွင့်သဘောတူညီချက်"ကို အသုံးပြုသွားမည်ဟု ကောလာဟလများ ပေါ်ပေါက်ခဲ့သည်။ အဆိုပါသဘောတူညီချက်တွင် UPWC နှင့်အခြားသောတိုင်းရင်းသားအဖွဲ့အစည်းများကလက်မှတ်ရေးထိုးသွားမည်ဖြစ်ကာငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဟု ကောလဟလပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် လက်မှတ်ရေးထိုးရန် အသင့်မဖြစ်သေးရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နှောင့်နှေးကြန့်ကြာစေသည်ဟု အကြောင်းပြခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင် အချို့လက်မှတ်ရေးထိုးကာ နိုင်ငံရေးဆွေးနွေးပွဲတွင် အမှန်တကယ်ပါဝင်လာကြသည်။ UPWC သည် လက်မှတ်ရေးထိုးရန် ကျန်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်များအတွက် စာအုပ်ဖွင့်ထားခဲ့သည်။ ရည်ရွယ်ချက်မှာ အဆိုပါတိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် လက်မှတ်ရေးထိုးရန်အသင့်ဖြစ်၍ ဆက်လက်ပြုလုပ်နေသည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်လိုပါက အချိန်မရွေးပါဝင်နိုင်ရန်ဖြစ်သည်။ အဆိုပါ "စာအုပ်ဖွင့်သဘောတူညီချက်"ကို ၂၀၁၅ ခုနှစ်တွင် အသုံးသတ်ဖွယ်ရှိနေသည်။ မိမိတို့လှုပ်ရှားနေသည့်ဒေသများတွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်နေသည့် TNLA၊ AA နှင့် MNDAA တို့က NCCT မှ နုတ်ထွက်ရန် ခြိမ်းခြောက်ခဲ့ကြသည်။ ဦးအောင်မင်းက အဆိုပါအဖွဲ့အစည်းများကို နိုင်ငံရေးဆွေးနွေးဖော်ဆွေးနွေးဖက်များအဖြစ်အသိအမှတ်ပြုခြင်းမရှိဘဲ ယင်းတို့နှင့် ဆွေးနွေးညှိနှိုင်းရန် ငြင်းဆန်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အချို့ကို ချန်လှပ်ထားရှိသည့် "အစိုးရ၏စာအုပ်ဖွင့် သဘောတူညီချက်"က တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ရန်ဟုတ်၊ မဟုတ် လူများစွာက စောကြောဝေဖန်ခဲ့ကြသည်။အဆိုပါသဘောတူညီချက်ကို "နိုင်ငံတစ်ဝန်းအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်"ဟု ခေါ်ဆိုနိုင်မည်မဟုတ်ကြောင်းနှင့် ယင်းသည် ယခင်ပြည်နယ်နှင့်ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် ကွာခြားမည်မဟုတ်ကြောင်း ဝေဖန်သူများကဆိုကြသည်။ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် အားလုံးပါဝင်လက်မှတ်ထိုးရန်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ကြရန် တိုင်းရင်းသားခေါင်းဆောင်များက တောင်းဆိုခဲ့ကြသည်။

**လက်မှတ်ရေးထိုးကြသူများ။** လက်ရှိဖြစ်စဉ်နှင့်ပတ်သက်၍ နှစ်ဖက်လုံးတွင် မတူညီသည့်လိုအပ်ချက်များ ရှိနေကြသည့်အတွက် မည်သူက လက်မှတ်ရေးထိုးမည်ဟူသော အချက်မှာ ဆွေးနွေးပွဲများတွင် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့သည်။ သမ္မတ၊ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌများ၊ ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယကာကွယ်ရေးဦးစီးချုပ်တို့ကို လက်မှတ်ရေးထိုးရာတွင်ပါဝင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက လိုလားကြသည်။ သို့သော် ယင်းသို့ ပါဝင်လက်မှတ်ရေးထိုးမှုကို UPWC အဖွဲ့ဝင်များထက် ရာထူးအဆင့်နိမ့်သော မည်သူမဆို ပြုလုပ်နိုင်သည်ဟု အစိုးရက တုံ့ပြန်ပြောဆိုခဲ့သည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကုလသမဂ္ဂထိပ်တန်းအရာရှိများ၊ အမေရိကန်၊ ဥရောပသမဂ္ဂ၊ တရုတ်နှင့် ဂျပန်ကဲ့သို့ အင်အားကြီးနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံကဲ့သို့ အိမ်နီးချင်းတစ်နိုင်ငံမှ ကိုယ်စားလှယ်များကို သဘောတူညီချက်တွင် အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးရန် လိုလားသည်။ အထူးသဖြင့် အဆိုပါကိစ္စကို နောက်ပိုင်းတွင်


ဆွေးနွေးရန် သဘောတူခဲ့သည်။

NCCT နှင့် UPWC တို့သည် နိုင်ငံရေးအခြေခံမူဘောင်ကို ရက်ပေါင်း ၆၀ အတွင်း မူကြမ်းရေးဆွဲရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲကို ရက်ပေါင်း ၉၀ အတွင်း စတင်ရန်သဘောတူထားသော်လည်း ၎င်းတို့အနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲတွင် မည်သူတို့ကို ပါဝင်စေမည်ဟူသောအချက်နှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများကို ဖြေရှင်းနိုင်ခဲ့ခြင်း မရှိပေ။ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များက ဆွေးနွေးပွဲတွင်ပါဝင်ရန် အဖွဲ့သုံးဖွဲ့ (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အစိုးရနှင့် နိုင်ငံရေးပါတီများ)ကိုသာ အဆိုပြုခဲ့သည်။ သို့သော် UPWC က အဖွဲ့ ၈ ဖွဲ့ (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အစိုးရ၊ နိုင်ငံရေးပါတီများ၊ အထက်လွှတ်တော်နှင့်အောက်လွှတ်တော်၊ ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် CBOs/CSOs အဖွဲ့)ကို အဆိုပြုခဲ့သည်။[၆၆] နောက်ပိုင်းအချိန်ထိ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးပွဲများတွင် သဘောထားကွဲလွဲခဲ့သည်။

### ပုံ(၁၄) – နိုင်ငံရေးဆွေးနွေးပွဲကို တောင်းဆိုထားသောအုပ်စုများ




### ပုံ (၁၅) – တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်




၆၆။ NCA နောက်ဆုံးမူကြမ်း – အခန်း ၅၊ ပုဒ်မ ၂၂ (က) နိုင်ငံရေးဆွေးနွေးပွဲအဆင့်အားလုံး၌ အဖွဲ့အစည်းအားလုံး ပါဝင်ရေး၊ အစိုးရကိုယ်စားလှယ်များ၊ လွှတ်တော်နှင့်တပ်မတော်ကုယ်စားလှယ်များ၊ EAOs ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားသော ထင်ရှားသော ပုဂ္ဂိုလ်များပါဝင်ကြမည်ဖြစ်သည်။ (ခ) CBOs/CSOs ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းများ၊ ပညာရှင်များနှင့် အခြားသော ထင်ရှားသည့် ပုဂ္ဂိုလ်များအနေဖြင့် အရေးပါသောပြဿနာများကို ဆွေးနွေးရာ၌ ပါဝင်ကြမည်ဖြစ်သည်။ (ဂ) ပါဝင်သူအရေအတွက်ကို နိုင်ငံရေးမူဘောင်မူကြမ်းရေးဆွဲချိန်တွင် ဆွေးနွေးညှိနှိုင်းမည်ဖြစ်သည်။

**သမိုင်းမှတ်တိုင်တစ်ခု။** မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရန်အတွက် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှ ၂၇ ရက်နေ့အထိလည်းကောင်း၊ ၃၀ ရက်နေ့မှ ၃၁ ရက်နေ့ထိလည်းကောင်း ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများတွင် NCCT နှင့် UPWC အနေဖြင့် လုပ်ငန်းစဉ် ၇ ရပ်ကို သဘောတူခဲ့ကြသည်။ NCCT နှင့် UPWC တို့မှ ငါးဦးစီပါဝင်သော ကိုယ်စားလှယ်များသည် မတ်လ ၃၁ ရက်တွင် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး အဆုံးသတ်မူကြမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းမှာ တစ်နှစ်ခွဲနီးပါးကြာမြင့်သည့် ဆွေးနွေးပွဲ၏အထွတ်အထိပ်အောင်မြင်မှုကြီးဖြစ်ခဲ့သည်။ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အဆုံးသတ်မူကြမ်းကို အတည်ပြုရန်အတွက် နိုင်ဟံသာ၊ ဖဒိုစောကွယ်ထူးဝင်း၊ ဗိုလ်ချုပ်ဂွမ်မော်၊ ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့် ဒေါက်တာလျန်မုန်းဆာခေါင်း တို့သည် NCCT ကို ကိုယ်စားပြုတက်ရောက်ခဲ့ပြီး ဦးအောင်မင်း၊ ဦးသိန်းဇော်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့် ဦးခက်ထိန်နန်တို့က UPWC ကိုကိုယ်စားပြု၍ တက်ရောက်ခဲ့သည်။ ယင်းမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဗဟိုကော်မတီ (UPCC) တို့မှ ရာထူးအမြင့်ဆုံး ပုဂ္ဂိုလ်များ အတည်ပြုရန်လိုအပ်သည့် သဘောတူမူကြမ်းတစ်စောင်ပင်ဖြစ်သည်။ ယင်းမှာ နိုင်ငံ၏ငြိမ်းချမ်းရေး အလားအလာကို ပိုမိုကောင်းမွန်စေသော ဆွေးနွေးပွဲလုပ်ငန်းစဉ်၏ ခြေလှမ်းသစ်တစ်ရပ်ပင်ဖြစ်ပါသည်။ "အခုဆိုရင် ကျွန်တော်တို့အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေး ရရှိဖို့အတွက် စာမျက်နှာသစ် ဖွင့်လှစ်နိုင်ပြီဖြစ်ပါတယ်။ ဒါဟာပြည်တွင်းစစ်အဆုံးသတ်ဖို့ အလင်းရောင်တစ်ခုပဲ ဖြစ်ပါတယ်"ဟု မတ်လ ၃၁ ရက်နေ့တွင် ကျင်းပသော NCCT နှင့် UPWC တို့မှ ကိုယ်စားလှယ်များ၏ အဆုံးသတ်မူကြမ်းလက်မှတ်ရေးထိုးသည့်အခမ်းအနားသို့ မျက်မြင်သက်သေအဖြစ် တက်ရောက်ခဲ့သည့် သမ္မတဦးသိန်းစိန်က ဆိုသည်။

MPC ရှိ နိုင်ငံရေးဆွေးနွေးပွဲဌာနမှ ဒါရိုက်တာဖြစ်သူ ဦးအောင်နိုင်ဝင်းကလည်း တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရာမှ ထွက်ပေါ်လာသည့် ရလဒ်များနှင့်ပတ်သက်၍ ယုံကြည်စိတ်ချမှုရှိသည်ဟု ဆိုသည်။ NCCT နှင့် UPWC တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အပါအဝင် ပူးတွဲကော်မတီ များစွာကို ဖွဲ့စည်းမည်ဖြစ်သည်။ အဆိုပါ ပူးတွဲကော်မတီများက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ပေါ်လာရေးကို ကြီးကြပ်ကြမည်ဖြစ်ပြီး တစ်ဖက်တွင် ပူးတွဲစောင့်ကြည့်ရေးကော်မတီက တိုင်းရင်းသားလက်နက် ကိုင်များနှင့်မြန်မာစစ်တပ်အကြား ထိပ်တိုက်တွေ့ဆုံမှုများကိုစောင့်ကြည့်မည်ဖြစ်ကြောင်း ဦးအောင်နိုင်ဝင်းက ဆိုသည်။[၆၇] နိုင်ငံရေးဘက်တွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရအကြား နိုင်ငံရေးဆွေးနွေးပွဲများနှင့် ဆွေးနွေးညှိနှိုင်းပွဲများ အကောင်အထည်ပေါ်လာရေးကို အလေးထားဆောင်ရွက်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု (UPD) တို့ ရှိမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုနေ့၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တွင် လက်မှတ်ရေးထိုးမည်ဟု စီစဉ်ထားခဲ့သော်လည်း ဖြစ်မြောက်ခဲ့ခြင်းမရှိသည့် ဖြစ်နိုင်ချေ အဓိကအကြောင်းပြချက် ၅ ချက်ကို UNFC နှင့် တစ်ဖွဲ့တည်းဖြစ်သော စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး အကြံပေးအဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးများရေးရာစင်တာ (ENAC) က ထုတ်ဖော်ပြောဆိုခဲ့သည်။[၆၈]

၁။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှစတင်ကာ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး(မူကြမ်း)နှင့်ပတ်သက်၍ ဆွေးနွေးပွဲများတွင် တိုးတက်မှုမရှိခဲ့ပေ။ စက်တင်ဘာဆွေးနွေးပွဲသည် နှစ်ဖက်အဖွဲ့အစည်းအကြား ပြင်းပြင်းထန်ထန် သဘောထားကွဲလွဲမှုများ ဖြစ်စေခဲ့သည်။ အကြောင်းမှာ မြန်မာတပ်မတော်ကိုယ်စားလှယ်များအနေဖြင့် ယခင်က သဘောတူခဲ့သောအချက်များကို ပယ်ချခဲ့၍ ဖြစ်သည်။

၂။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် သဘောတူခြင်းမရှိသေးသော အရေးပါသည့်အချက်များရှိနေပြီး သဘောတူညီချက်ရရှိရန် အချိန်ကာလတစ်ခု ကြာမြင့်မည်ဖြစ်သည်။ ဥပမာအားဖြင့် စစ်ဖက်ဆိုင်ရာ

---

၆၇။ MYANMAR TIMES၊ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးအလွန်၊ အောင်နိုင်ဦး၊ ဧပြီ ၂၃၊ ၂၀၁၅၊ web ။

၆၈။ ENAC ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အဘယ်ကြောင့်ပြည်ထောင်စုနေ့တွင် လက်မှတ်မရေးထိုးပါသနည်း၊ လုပ်ငန်းအသေးစိတ်တင်ပြမှု အမှတ် ၄၊ ဖေဖော်ဝါရီ၊ ၂၀၁၅။

ကျင့်ထုံးများ၊ စောင့်ကြည့်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံရေးဆွေးနွေးပွဲများအတွက် လုပ်ငန်းစဉ်များ စသည်တို့နှင့်ပတ်သက်၍ သဘောတူညီချက်ရရှိခြင်း မရှိသေးပေ။

၃။ ဆွေးနွေးညှိနှိုင်းရေးလုပ်ငန်းစဉ်သည် အလျင်အမြန်ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အားမပေးပေ။ သို့သော် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မတိုင်မီ ပြီးစီးရမည်ဟူသော ကန့်သတ်ကာလတစ်ခု ရှိနေပေသည်။ NCCT နှင့် UPWC တို့သည် နှစ်ဖက်လုံးအတွက် ဆွေးနွေးညှိနှိုင်းပေးသည့်အဖွဲ့အစည်းများဖြစ်သော်လည်း အဆုံးသတ်ဆုံးဖြတ်ချက်ချမှတ်ကြသူများ မဟုတ်ပေ။

၄။ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်အနောက်ပိုင်းတို့တွင် မြန်မာစစ်တပ်၏ ပြင်းထန်သောထိုးစစ်ဆင်တိုက်ခိုက်မှုများ ကယုံကြည်မှုကိုပျက်ပြားစေခဲ့သည်။ အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်ချေရှိသည့် တိုက်ပွဲများအားမည်သို့မည်ပုံ ကြိုတင်ကာကွယ်မည်ဟူသောအချက်ကို စတင်ဆွေးနွေးရန် အလားအလာမရှိသေးပေ။

၅။ အစိုးရသည် နိုင်ငံတကာလေ့လာစောင့်ကြည့်သူများနှင့် မျက်မြင်သက်သေများ လာရောက်ခွင့်ကို အကြောက်အကန်ကန့်သတ်ထားဆဲဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယုံကြည်မှုပိုမိုတိုးတက်လာရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်၌ မျက်မြင်သက်သေများအဖြစ် အနောက်ဥရောပနှင့်ဒေသတွင်းရှိ နိုင်ငံများပါဝင်ရန် NCCT က အဆိုပြုထားသည်။

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အချိန်ဇယား

ဇယား (၁၆) - တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမူကြမ်းအတွက် အချိန်ဇယား

| စဉ် | တရားဝင်ဆွေးနွေးပွဲ | နေ့စွဲ | အသေးစိတ် |
|---|---|---|---|
| ၁ | ပထမဆုံး တရားဝင်ဆွေးနွေးပွဲ | ၉/၁၀-၀၃-၂၀၁၄ | မူတစ်မူတည်းပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာရွက်စာတမ်း။ NCCTနှင့် UPWC တို့သည် NCCT (အခန်း ၁၁ ခန်း)နှင့် UPWC (အခန်း ၁၄ခန်း)တို့၏ မတူကွဲပြားသောအဆိုပြုလွှာများကိုပေါင်းစပ်ရန်သဘောတူခဲ့သည်။ ၄င်းတို့သည် မူတစ်မူတည်းသောအပစ်အခတ်ရပ်စဲရေးစာရွက်စာတမ်းအတွက် နိဒါန်းနှင့်အခန်းခုနစ်ခန်းကို သဘောတူခဲ့ကြသည်။ ၄င်းတို့သည်တစ်ဖက်လျှင် ကိုယ်စားလှယ်ကိုးဦးစီပါဝင်သော ပူးတွဲလုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။ |
| ၂ | ဒုတိယမြောက် တရားဝင်ဆွေးနွေးပွဲ | ၅/၈-၀၄-၂၀၁၄ | ပထမဆုံးတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း။ NCCT နှင့် UPWC တို့သည် အချက် ၁၀၄ချက်ကို ဆွေးနွေးခဲ့ကြပြီးအချက် ၄၉ ချက်ကိုသဘောတူခဲ့ကြသည်။ ၄င်းတို့က ပထမဆုံးတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းကို သဘောတူခဲ့ကြသည်။ ABSDF ၊ NDAA ၊ NSCN-K ၊ RCSS နှင့် UWSA အဖွဲ့မှ ကိုယ်စားလှယ်များက ဆွေးနွေးပွဲသို့လေ့လာသူများအနေဖြင့် တက်ရောက်ခဲ့ကြသည်။ |

| | | | |
|---|---|---|---|
| ၃ | တတိယမြောက် တရားဝင်ဆွေးနွေးပွဲ | ၂၁/၂၃- ၀၅- ၂၀၁၄ | ဒုတိယမြောက်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း။ NCCT နှင့် UPWC တို့သည် ကျန်ရှိသည့် အချက် ၅၅ ချက်ကို ဆွေးနွေးခဲ့ကြသည်။ ၄င်းတို့က အချက် ၂၄ ချက် ကိုသဘောတူခဲ့ကြပြီးဒုတိယ မြောက်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်မူကြမ်းကိုလည်း သဘောတူခဲ့ကြသည်။ |
| ၄ | စတုတ္ထမြောက် တရားဝင်ဆွေးနွေးပွဲ | ၁၅/၁၇-၀၈- ၂၀၁၄ | တတိယမြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း။ NCCT နှင့် UPWC တို့သည် ကျန်ရှိသည့် အချက် ၃၁ ချက်ကို ဆွေးနွေးခဲ့ကြပြီးအချက် ၂၆ ချက်ကိုသဘောတူခဲ့ကြသည်။၄င်းတို့သည် တတိယ မြောက်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်မူကြမ်းကိုလည်း သဘောတူခဲ့ကြသည်။ |
| ၅ | ပဉ္စမမြောက် တရားဝင်ဆွေးနွေးပွဲ | ၂၂/၂၆- ၀၉- ၂၀၁၄ | စတုတ္ထမြောက်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် မူကြမ်း။ NCCT နှင့် UPWC တို့အနေ ဖြင့်ကျန်ရှိသည့်အချက်များကိုဆွေးနွေးခဲ့ကြရာ မည်သည့် သဘောတူညီချက်မှ မရရှိခဲ့ပေ။ တပ်မတော်ကိုယ်စား လှယ်များကယခင်သဘောတူခဲ့သည့်အချက်များကို ပယ် ချခဲ့သည်။ တင်းမာမှုမြင့်တက် ခဲ့ပြီးမဆုတ်သာမတိုးသာ အခြေအနေသို့ ရောက်ရှိခဲ့သည်။ နှစ်ဖက်လုံးကမူကြမ်း ကိုပြန်လည်သုံးသပ်ရန်လိုလားသည်။ |
| ၆ | ဆဋ္ဌမမြောက် တရားဝင်ဆွေးနွေးပွဲ | ၂၂/၂၃- ၁၂- ၂၀၁၄ | NCCTနှင့် UPWC တို့မှကိုယ်စားလှယ်များသည် အကြို ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ပြီး ကျန်ရှိနေသေးသည့် မပြေရှင်းရသေးသောအချက်များကို ဆွေးနွေးခဲ့သည်။ |
| ၇ | သတ္တမမြောက် တရားဝင်ဆွေးနွေးပွဲ | ၁၇/၂၂-၀၃- ၂၀၁၅<br>၃၀/၃၁-၀၃- ၂၀၁၅ | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် နောက်ဆုံးမူကြမ်း။ NCCTနှင့် UPWCတို့သည် ကျန်ရှိ နေသည့်အချက်များကို ဆွေးနွေးခဲ့ကြသည်။ ၄င်းတို့သည် နိုင်ငံရေးဆွေးနွေးပွဲတွင် စိန်ခေါ်မှုရှိနေသော ကိစ္စရပ်များ ကို ဆွေးနွေးခဲ့ကြသည်။ ခုနစ်ကြိမ်မြောက်တရားဝင် ဆွေးနွေးပွဲအတွက်အစည်းအဝေးပွဲနှစ်ရပ်ကျင်းပခဲ့သည်။ ပထမအစည်းအဝေးကို မတ်လ ၁၇ ရက်မှ ၂၂ ရက် အထိ ပထမဆုံးအကြိမ် ကျင်းပခဲ့ပြီး ယင်းနောက် ဒုတိယအစည်းအဝေးပွဲကို မတ်လ ၃၀ ရက်မှ ၃၁ ရက်နေ့အထိကျင်းပခဲ့သည်။ NCCT နှင့် UPWC တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် နောက်ဆုံးမူကြမ်းကိုသဘောတူခဲ့ကြသည်။ အဆိုပါ နောက်ဆုံးမူကြမ်းကို သမ္မတဦးသိန်းစိန်ရှေ့မှောက်တွင် နှစ်ဖက်အဖွဲ့မှကိုယ်စားလှယ်ငါးဦးစီလက်မှတ်ရေးထိုး ခဲ့ကြသည်။တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်နောက်ဆုံးမူကြမ်းတွင် အခန်း ၇ခန်း၊ အပိုဒ် ၃၃ ပိုဒ်နှင့် အပိုဒ်ခွဲ ၈၆ ပိုဒ်ပါဝင်သည်။ |

ဇယား (၁၇) - အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွင် စိန်ခေါ်မှုများ

| | | |
|---|---|---|
| ၁ | အချိန်ကန့်သတ်မှု | - အချိန်ကန့်သတ်ချက်သည် ဆွေးနွေးပွဲများတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့သည်။ အထွေထွေရွေးကောက်ပွဲများမကြာမီပေါ်ပေါက်လာတော့မည်ဖြစ်ပြီး အစိုးရအနေဖြင့် ယင်းတို့အတွက် ပြင်ဆင်ရပေသည်။ အဆိုပါအချက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်များနှင့်ဆွေးနွေးပွဲပြုလုပ်၍ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးတွင် လက်မှတ်ရေးထိုးရမည့်အချိန်မှာ အနည်းငယ်သာကျန်ရှိတော့သည်။ |
| ၂ | မတူညီသောအုပ်စုများ မတူညီသော အတွေးအခေါ်များနှင့် အမြင်များ | - တိုင်းရင်းသားလက်နက်ကိုင်များသည် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု၊ တန်းတူညီမျှသောနိုင်ငံရေးအခွင့်အလမ်းနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကဲ့သို့ ကိစ္စရပ်များကိုရရှိလိုမှုတွင် အခြေခံအားဖြင့်တူညီမှုရှိသော်လည်း အဆိုပါအချက်များမည်သို့မည်ပုံရရှိအောင်ဆောင်ရွက်မည်ဟူသောအယူအဆပိုင်းတွင် မတူညီကြပေ။<br>- ဥပမာအားဖြင့် အချို့သောတိုင်းရင်းသားလက်နက်ကိုင်များက တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးတွင် လက်မှတ်ရေးထိုး၍ နိုင်ငံရေးဆွေးနွေးပွဲသို့ ဆက်လက်တက်လှမ်းလိုကြသည်။ တစ်ဖက်တွင်မူ အခြားသော တိုင်းရင်းသားလက်နက်ကိုင်များက လက်မှတ်ရေးထိုးခြင်းမပြုမီ ဖက်ဒရယ်ကိစ္စများ၊ ပူးတွဲစောင့်ကြည့်မှုကော်မတီများနှင့်စစ်ဘက်ဆိုင်ရာကျင့်ထုံးများ အပေါ်တွင် အာမခံချက်များပေး တောင်းဆိုကြသည်။ |
| ၃ | လွှတ်တော်၊အစိုးရနှင့် တပ်မတော်ရှိ မတူညီသော အမြင် | - ပြည်ထောင်စုလွှတ်တော်၊ အစိုးရနှင့် တပ်မတော်အကြားတွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်သဘောထားခံယူချက်များ ကွဲလွဲနေပေသည်။ ပြည်ထောင်စုလွှတ်တော်နှင့်အစိုးရသည် နိုင်ငံရေးဆွေးနွေးပွဲကိုလည်းကောင်း၊ လုပ်ငန်းစဉ်တွင် မည်သို့မည်ပုံပါဝင်မည်ကိုလည်းကောင်း၊ မည်သို့မည်ပုံ နောက်တစ်ဆင့်သို့ တက်လှမ်းမည်ကိုလည်းကောင်း ထည့်သွင်းစဉ်းစားသည်။<br>- သို့သော်လည်း စစ်တပ်ကိုယ်စားလှယ်များကမူ လုံခြုံရေးနှင့်တည်ငြိမ်ရေးအပေါ်တွင်သာ အလေးထားသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တပ်မတော်၏ စည်းမျဉ်းစည်းကမ်းခြောက်ချက်ကဆွေးနွေးညှိနှိုင်းပွဲကို အဟန့်အတားဖြစ်စေသည်။ |
| ၄ | လက်နက်ကိုင် တိုက်ပွဲများ | - လက်နက်ကိုင်တိုက်ပွဲများက ဒွိဟစိတ်များကို မြင့်တက်စေသည်။ အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ခက်ခက်ခဲခဲကြိုးပမ်းထားရသော ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်ကိုယုံကြည်မှုလျော့နည်းလာစေသည်။ တိုက်ပွဲပေါ်ပေါက်လာချိန်တိုင်းတွင် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲကို သက်ရောက်မှုရှိစေသည်။ တိုက်ပွဲနှင့်ပတ်သက်၍ တစ်ဖက်နှင့်တစ်ဖက် အပြစ်ဖို့လေ့ရှိသည်။ ဥပမာအားဖြင့် -<br>- မြန်မာစစ်တပ်သည် ကျေးသီးမြို့နယ်ရှိ တာဖာဆောင်တံတားအနီး SSPP အဖွဲ့ကိုတိုက်ခိုက်ခဲ့သည်။<br>- KIA တပ်သားများက ဖားကန့်မြို့နယ်ရှိ ကချင်ပြည်နယ်သယ်ယူပို့ဆောင်ရေးဝန်ကြီးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။<br>- မြန်မာစစ်တပ်က လိုင်ဇာရှိ KIA ဗိုလ်လောင်းသင်တန်းကျောင်းကို ၁၀၅ မမ ဟောင်ဝစ်ဇာအမြောက်ဖြင့် ပစ်ခတ်ခဲ့သည်။ |

| | | |
|---|---|---|
| ၅ | နှစ်ဖက်လုံးမှ ပင်တိုင် (ပြောရေးဆိုခွင့် ပုဂ္ဂိုလ်) မရှိခြင်း | - အစိုးရတွင်သာမက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများတွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဆွေးနွေးညှိနှိုင်းပွဲများအတွက် ပုံမှန်သတ်မှတ်ထားသည့် ပြောခွင့်ရပုဂ္ဂိုလ်မရှိပေ။ ခေါင်းဆောင်အသီးသီးက မတူကွဲပြားသော ထုတ်ပြန်ချက်များကို မီဒီယာများသို့ပြောဆိုကြသည်။<br>- ဥပမာ- UPWC သို့မဟုတ် MPCမှကိုယ်စားလှယ်တစ်ဦးဦးက အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲကို အားရကြောင်းပြောဆိုစဉ် တစ်ဖက်၌ NCCT မှ ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးပွဲအပေါ်အားမရကြောင်း ပြောဆိုခြင်းမျိုး ဖြစ်သည်။ |
| ၆ | နိုင်ငံရေးလုပ်ငန်းစဉ် များလွန်းခြင်း | - တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းရေးဆွဲရာတွင် နိုင်ငံရေးကိစ္စ အလွန်များပြားစွာပါရှိသည်ဟု အစိုးရကသုံးသပ်သည်။ အကယ်၍ ဤအခြေအနေတွင် ဖက်ဒရယ်ကိစ္စများကိုဆွေးနွေးပါက ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် အချိန်မရွေးပျက်ပြားသွားနိုင်သည်ဟု အစိုးရကယူဆသည်။ ဗဟိုအစိုးရနှင့် များစွာသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား နိုင်ငံရေးဆွေးနွေးပွဲမှာ အချိန်ကာလကြာမြင့်ပေလိမ့်မည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွင် လက်မှတ်ရေးထိုးပြီးနောက်တွင် စစ်ဘက်ဆိုင်ရာကျင့်ထုံးတစ်ရပ်နှင့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာကျင့်ထုံးတစ်ရပ်ကို မဖြစ်မနေဆွေးနွေးရမည်ဟု UPWC က သုံးသပ်သည်။ |
| ၇ | ပူးတွဲဆောင်ရွက်သောအဖွဲ့အစည်း နည်းပါးခြင်း | - လက်ရှိအချိန်တွင် အချို့သောအဖွဲ့များတွင် KIO နှင့် ကချင်နယ်စပ်ရေးရာအဖွဲ့တို့ပါဝင်သည့် JCRC ကဲ့သို့ နှစ်ဦးနှစ်ဖက်ပူးတွဲဆောင်ရွက်သောအဖွဲ့တစ်ဖွဲ့ရှိသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို စောင့်ကြည့်မည့် ပူးတွဲဆောင်ရွက်ရေးအဖွဲ့မရှိပေ။ NCCT နှင့် UPWC တို့သည် ပူးတွဲအပစ်အခတ်ရပ်စဲရေးစောင့် ကြည့်မှုအဖွဲ့တစ်ဖွဲ့ဖွဲ့စည်းရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပေ။ အဆိုပါအဖွဲ့ မရှိသည့်အတွက် တိုက်ပွဲများဖြစ်လာသည့်အခါ ပြဿနာသည် ဆွေးနွေးညှိနှိုင်းသူများ၏ စားပွဲဝိုင်းသို့သာရောက်ရှိလာကာ ဆွေးနွေးပွဲကိုအချိန်ပျက်နှောင့်နှေးစေသည်။ |
| ၈ | အစွဲကင်းသော တတိယအဖွဲ့အစည်း | - NCCT နှင့် UPWC တို့အကြား ဆွေးနွေးပွဲများတွင် ပြဿနာဟူသမျှ အဆင်ပြေ ချောမွေ့စွာ ပြီးစီးသွားစေရန် ကြားဝင်စေ့စပ်ဆောင်ရွက်ပေးမည့် အစွဲကင်းသော တတိယအဖွဲ့အစည်းမျိုး မရှိပေ။ |

| | | |
|---|---|---|
| ၉ | အာဏာနှင့် သယံဇာတခွဲဝေရေး ရှင်းလင်းသော လုပ်ထုံး လုပ်နည်း မရှိခြင်း | - အပစ်အခတ်ရပ်စဲရေးလွန်ကာလတွင် အာဏာနှင့်သယံဇာတအရင်းအမြစ်ခွဲဝေရေး စီမံကိန်းရှင်းလင်းစွာမရှိပေ။<br>- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အလွန်ကာလတွင် အာဏာခွဲဝေရေးအတွက် ရှင်းလင်းသောလုပ်ထုံးလုပ်နည်းနှင့် အစီအစဉ်တစ်ရပ်ကို လိုလားကြသည်။ ၎င်းတို့သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ၎င်းတို့၏လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားလာကြသည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ တိုင်းရင်းသားဒေသများရှိ သဘာဝသယံဇာတများအတွက် စီမံအုပ်ချုပ်မှုတာဝန်ကို လိုအားကြသည်။ ၎င်းတို့သည် ဆုံးဖြတ်ချက်များ ချမှတ်နိုင်သောအာဏာကိုလည်း လိုလားကြသည်။<br>- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အဆိုပါကိစ္စရပ်များကို အပစ်အခတ်ရပ်စဲပြီးနောက် ဆွေးနွေးနိုင်ကြောင်း အစိုးရက ဆိုခဲ့သည်။ အစိုးရ၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆွေးနွေးညှိနှိုင်းမှုအဖွဲ့သည် အာဏာခွဲဝေရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးနိုင်သည့်အခွင့်အာဏာ မရှိပေ။ |
| ၁၀ | ဖက်ဒရယ်ကိစ္စများ | - တိုင်းရင်းသားလက်နက်ကိုင်များ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံရှိတိုင်းရင်းသားပေါင်းစုံကို ထင်ဟပ်စေသည့် ခိုင်မာသောဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ကို လိုလားပေသည်။ ဖက်ဒရယ်ပြည်ထောင်စုမှနေ၍သာ ၎င်းတို့၏နိုင်ငံရေးနှင့်တိုင်းရင်းသားအခွင့်အရေးများကို ကာကွယ်မှုပြုနိုင်မည်ဖြစ်သည်။ ဖက်ဒရယ်မူဘောင်တစ်ရပ်အတွင်း ထိရောက်သောအာဏာခွဲဝေမှုအတွက် မရှိမဖြစ် လိုအပ်သောအကာအကွယ်သည် ဖက်ဒရယ်ကိုအခြေခံသည့်တပ်မတော် ဖြစ်သည်။<br>- အစိုးရ။ အစိုးရသည် ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးကို မူအားဖြင့် လက်ခံသည်။ သို့သော်လည်း လက်တွေ့တွင် လက်ရှိတပ်မတော်၌ အမျိုးမျိုးသောတိုင်းရင်းသားများ ပါဝင်နေကြသည့်အတွက် ဖက်ဒရယ်တပ်မတော်ကို အစိုးရက ငြင်းပယ်ခဲ့သည်။ |
| ၁၁ | စစ်ဘက်ဆိုင်ရာ ကျင့်ထုံး | - NCCT နှင့် UPWC တို့သည် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖက်လုံးမှ အကောင်အထည်ဖော်ရမည့် စစ်ဘက်ဆိုင်ရာ ကျင့်ထုံးတစ်ရပ်ကို ဆွေးနွေးနိုင်ခဲ့ခြင်းမရှိပေ။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား နယ်နိမိတ်ပိုင်းခြားမှု သတ်သတ်မှတ်မှတ်မရှိခြင်းနှင့် အချို့သောဧရိယာများတွင် ရောနှောတပ်ဖြန့်ခြင်းတို့ကြောင့် စစ်ဘက်ဆိုင်ရာကျင့်ထုံးအတွက် ကာလရှည်ဆွေးနွေးမှုများ ပြုလုပ်ရပေမည်။ |

## အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတို့ရှိ အတွင်းရေးပြဿနာများ

အာဏာပြိုင်ဆိုင်မှု။ UNFC ခေါင်းဆောင်ပိုင်းနှင့်ပတ်သက်၍ အာဏာပြိုင်ဆိုင်မှုရှိခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် UNFC ၏ပထမဆုံးညီလာခံကို ကျင်းပခဲ့ရာအဖွဲ့အစည်း ၁၂ ခုမှ ကိုယ်စားလှယ်များနှင့် လက်နက်ကိုင် မဟုတ်သော အဖွဲ့အစည်း ၅ ဖွဲ့မှ လေ့လာသူများ စုစုပေါင်း ၁၁၅ ဦးတက်ရောက်ခဲ့သည်။ UNFC သည် စတင်ဖွဲ့ စည်းသည့် ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ[၆၉] မှစ၍ ပထမဆုံးညီလာခံကျင်းပခြင်းဖြစ်သည်။ ညီလာခံတွင် KNU ဥက္ကဋ္ဌက UNFC ၏မူဝါဒများနှင့် ဖွဲ့စည်းတည်ဆောက်ပုံကို ပြန်လည်သုံးသပ်ရန် တောင်းဆိုသည့်အဆိုပြုလွှာတစ်ရပ် တင်သွင်း ခဲ့သည်။ UNFC နှင့် အခြားသောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက KNU ၏အဆိုကိုပယ်ချခဲ့သည်။ KNU ဥက္ကဋ္ဌဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က အဖွဲ့ဝင်များ၏လွတ်လပ်ခွင့်ကို ကန့်သတ်ထားသော UNFC ၏ ဖွဲ့စည်းပုံကို ဝေဖန်ခဲ့သည်။ UNFC သည် အဖွဲ့ဝင်များ၏လွတ်လပ်မှုကို ကန့်သတ်ထားသောစနစ်တစ်ခုဖြစ်ကြောင်း KNU ကဝေဖန်ခဲ့ပြီး "တန်းတူပူးပေါင်းဆောင်ရွက်သည့်စနစ်" ဖွဲ့စည်းရန် တိုက်တွန်းပြောဆိုခဲ့သည်။ ထို့အပြင် KNU ဥက္ကဋ္ဌသည် UNFC အား "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နှေးကွေးကြန့်ကြာနိုင်သည့်လုပ်ရပ်များအား သတိပြုရန်" သတိပေးပြောဆိုခဲ့သည်။ ရွေးချယ်တင်မြှောက်ခံထားရသော ရုံးထိုင်များတွင် မူဝါဒ အတည်တကျမရှိခြင်းနှင့်ပတ်သက်၍ လည်း KNU က ဝေဖန်ခဲ့သည်။ ဩဂုတ်လ ၃၁ ရက်နေ့တွင် KNU သည် UNFC ၏အဖွဲ့ဝင်အဖြစ်မှ ယာယီဆိုင်းငံ့ကြောင်း စာတစ်စောင်ပေးပို့ခဲ့သည်။

KNU သည် KIO နှင့် NMSP တို့ ကြီးစိုးလွှမ်းမိုးသည့် UNFC ခေါင်းဆောင်ပိုင်းကို သဘောကျနှစ်သက်ခြင်းမရှိပေ။ ၁၉၉၀ ပြည့်နှစ်လွန်ကာလများအတွင်း KIA နှင့် NMSP အဖွဲ့တို့က အစိုးရနှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူ လက်မှတ်ရေးထိုးခဲ့ရာ KNU အနေဖြင့် အစိုးရ၏အကြီးအကျယ်ထိုးစစ်ဆင်တိုက်ခိုက်မှုများကို တစ်ဖွဲ့တည်းခုခံတိုက်ခိုက်ခဲ့ရ သည်။ KNU ခေါင်းဆောင်များတွင် အဆိုပါနာကျည်းဖွယ်ရာအမှတ်တရများ ရှိနေဖွယ်ရှိသည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ KIA နှင့်အစိုးရတို့၏ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပျက်ပြားပြီးနောက်တစ်နှစ်အကြာ ၂၀၁၂ ခုနှစ်တွင် KNU အနေဖြင့် အစိုးရနှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးသည့်အခါ အလားတူစွပ်စွဲ မှုများနှင့်ကြုံခဲ့ရသည်။ "ဆုံးဖြတ်ချက်ချမှတ်တဲ့ အခွင့်အာဏာနဲ့ပတ်သက်လို့ ကျွန်တော်တို့သဘောထားကွဲလွဲရာကနေ UNFC မှာပါဝင်မှုကိုယာယီရပ်ဆိုင်းဖို့ ခက်ခက်ခဲခဲဆုံးဖြတ်ခဲ့တာပါ"[၇၁] ဟု ဗိုလ်ချုပ်ကြီးမူတူးဆေးဖိုးက ဆိုခဲ့သည်။ UNFC အဖွဲ့ဝင်များအကြား အာဏာအားပြိုင်မှုနှင့် သဘောထားကွဲလွဲမှုတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်မှုရှိခဲ့ သည်။ KNU အနေဖြင့် UNFC အဖွဲ့ဝင်အဖြစ်မှ ယာယီ ရပ်ဆိုင်းခဲ့သော်လည်း NCCT တွင်မူ အရေးပါသောအဖွဲ့အစည်း တစ်ရပ်အနေဖြင့် ဆက်လက်ပါဝင်နေဆဲဖြစ်သည်။

KNU ဥက္ကဋ္ဌက ယာယီရပ်ဆိုင်းကြောင်းစာပို့ပြီး နောက်တစ်နေ့တွင် KNU အဖွဲ့၏ဒုတိယ ဥက္ကဋ္ဌဖြစ်သည့် ဒေါ်နော်စီဖိုးရာစိန်က အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်စဉ်းစားမည်ဟု ရေးသားထားသည့် အခြားသောပေးစာ တစ်စောင်ကို UNFC သို့ပေးပို့ခဲ့ရာ UNFC အဖွဲ့ဝင်အဖြစ်မှ ယာယီရပ်ဆိုင်းမှုနှင့်ပတ်သက်၍ KNU အဖွဲ့အတွင်း တွင်လည်း သဘောထားကွဲလွဲမှုများ ပေါ်ပေါက်နေဖွယ်ရှိပေသည်။ နော်စီဖိုးရာစိန်နှင့် သူမကိုထောက်ခံသူများသည် KNU ကို UNFC ၏အဖွဲ့ဝင်အဖြစ် ဆက်လက်ရှိနေစေလိုသည်။ KNU တွင် နှစ်ဖွဲ့ကွဲလျက်ရှိပြီး တစ်ဖွဲ့ကို ဗိုလ်ချုပ်ကြီး မူတူးဆေးဖိုးက ဦးဆောင်ကာတစ်ဖွဲ့ကို နော်စီဖိုးရာစိန်က ဦးဆောင်သည်ဟု ကျွမ်းကျင်သူများက ဆိုသည်။ ဗိုလ်ချုပ်ကြီး မူတူးဆေးဖိုးဦးဆောင်သောအဖွဲ့သည် အစိုးရနှင့်ကောင်းမွန်သောဆက်ဆံရေးကို တည်ဆောက်ထားသော်လည်း နော်စီ ဖိုးရာစိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ဘောကျော်ဟဲတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ သမာသမတ်ကျမှု နှင့်ပတ်သက်၍

---

၆၉။ RFA မြန်မာပိုင်း၊ UNFC သည် ချင်းမိုင်တွင် ပထမဆုံးညီလာခံကို ကျင်းပခဲ့သည်။ ဩဂုတ် ၂၆၊ ၂၀၁၄၊ web ။

၇၀။ UNFC တွင်အဖွဲ့ဝင် ၁၂ဦးရှိရာ KIO, KNU, KNPP, NMSP, CNF, SSPP, PNLO, PSLF, LDU, ANC, WNO, MNDAA တို့ဖြစ်သည်။

၇၁။ ဧရာဝတီ၊ UNFC မှ အဘယ်ကြောင့် KNU နုတ်ထွက်ပါနည်း၊ စောရန်နိုင်၊ စက်တင်ဘာ ၃၊ ၂၀၁၄၊ web ။

သံသယရှိနေကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှုဟူသောဟောဝါရ အောက်တွင် ဒေသန္တရ ဖွံ့ဖြိုးရေးဆောင်ရွက်ရန်ရည်ရွယ်သော အစိုးရ၏စီမံကိန်းကြီးများကို ဒုတိယဗိုလ်ချုပ်ကြီးဘောကျော်ဟဲက ပယ်ချခဲ့သည်။[၇၂]

ကော်သူးလေလက်နက်ကိုင်အဖွဲ့(KAF)။ KNLA/KNU၊ KNDO၊ DKBAနှင့် KNU/KNLAငြိမ်းချမ်းရေး ကောင်စီတို့သည် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကော့သူးလေလက်နက်ကိုင်အဖွဲ့ (KAF) ကို ဖွဲ့စည်း ထူထောင်ခဲ့သည်။[၇၃] ၎င်းတို့အနေဖြင့် အတူတကွလက်တွဲဆောင်ရွက်ကာ စောဘဦးကြီး၏လမ်းစဉ်အတိုင်း ရပ်တည် သွားကြမည်ဖြစ်သည်။ သို့သော်လည်း အဆိုပါနေ့တွင် KNU အဖွဲ့ကြီးက ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ယင်းသို့ လက်နက်ကိုင်အဖွဲ့များပေါင်းစည်းရာတွင် တရားဝင်ထောက်ခံမှုမရှိကြောင်းနှင့် ယင်းအဖွဲ့နေဖြင့် သဘောတူညီ ချက်တွင် လက်မှတ်ရေးထိုးသည့် ပုဂ္ဂိုလ်တစ်ဦး၏တာဝန်မှုသာရှိကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။ ယင်းအချက်အရ KNU ခေါင်းဆောင်ပိုင်းအကြား အမြင်ကွဲပြားနေကြောင်း ရှင်းရှင်းလင်းလင်းပြသနေပါသည်။ သို့သော်လည်း အဆိုပါကိစ္စ သည် နောက်ဆုံးတွင် ချောချောမွေ့မွေ့ဖြင့်ပြီးဆုံးသွားခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်ခဲ့ခြင်း မရှိခဲ့ပေ။

ABSDF အဖွဲ့သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် နှစ်ဖွဲ့ကွဲသွားခဲ့သည်။[၇၄] ပင်မ ABSDF အဖွဲ့က ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွင် အစိုးရနှင့်သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ ရဲဘော် ခင်ကျော်ဦးဆောင်သော ခွဲထွက်သွားသည့်အဖွဲ့က "ABSDF ပြည်ထောင်စုအမျိုးသားကာကွယ်ရေးတပ်မတော်" (UNRA) ကို စက်တင်ဘာလ ၆ ရက်တွင် ဖွဲ့စည်းထူထောင်ခဲ့သည်။ UNRA ကို ဖွဲ့စည်းထူထောင်ရသည့် အကြောင်းအရင်းများမှာ ဒီမိုကရေစီနှင့် ပွင့်လင်းမြင်သာမှုနည်းပါးခြင်း၊ ABSDF အဖွဲ့တွင် ဗဟိုချုပ်ကိုင်သည့်အာဏာ များလွန်းနေခြင်းတို့ကြောင့်ဖြစ်ကြောင်း အဖွဲ့ထူထောင်သည့်နေ့တွင် UNRA က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ပင်မ ABSDF အဖွဲ့မှဒုဥက္ကဋ္ဌ ရဲဘော်မျိုးဝင်းကမူ အဆိုပါစွပ်စွဲချက်ကို ငြင်းပယ်ခဲ့သည်။ အဆိုပါခွဲထွက်မှုက ပင်မ ABSDF အဖွဲ့နှင့် အစိုးရအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်ခဲ့ခြင်းမရှိပေ။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏တိုးတက်မှုဖြစ်စဉ်ကိုရှင်းလင်းရန် သူရရွှေမန်းက ဦးသိန်းစိန်ထံသို့ပေးစာတစ်စောင် ပေးပို့ခဲ့သည်။ ဦးဆောင်ဆွေးနွေးသူ၊ လွှတ်တော်အမတ်နှင့် UPWC ၏ ဒုဥက္ကဋ္ဌဖြစ်သည့်ဦးအောင်မင်းသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ တိုးတက်မှုနှင့်ပတ်သက်၍ ဇူလိုင်လ ၁၇ ရက်တွင် လွှတ်တော်သို့ရှင်းလင်းတင်ပြခဲ့သည်။ လွှတ် တော်အမတ်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ၎င်းတို့ပါဝင်လိုကြောင်း အခိုင်အမာပြောဆိုကြသည်။[၇၅] လွှတ် တော်အမတ်များစွာသည် လက်တွေ့မြေပြင်အခြေအနေများကို သိမြင်လိုကြသည်။ အချို့သည် UPWC အဖွဲ့ဝင်များ ဖြစ်သော်လည်း ၎င်းတို့၏ပါဝင်မှုနှင့်အခန်းကဏ္ဍမှာ ကန့်သတ်ခံထားရသည်။ လုပ်ငန်းစဉ်အရ အစိုးရနှင့်တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းများက တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် လက်မှတ်ရေးထိုး ပြီးပါကနိုင်ငံရေးဆွေးနွေးပွဲ ဆက်လက်ပေါ်ပေါက်လာမည်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဘဏ္ဍာ ငွေထုတ်ပေးမှုကို လွှတ်တော်အမတ်များက မေးခွန်းထုတ်ခဲ့ကြပြီး အသုံးစရိတ်နှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုမရှိခြင်းကို ဝေဖန်ပြောဆိုခဲ့ကြသည်။ ဦးအောင်မင်းကမူ လုပ်ငန်းစဉ်တွင် အရာအားလုံးပွင့်လင်းမြင်သာမှုရှိသည်ဟု တုံ့ပြန်ခဲ့သည်။ တပ်မတော်ကလည်း သမ္မတကြီးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်ထည်ဖော် ဆောင်ရွက်မှုကို ထောက်ခံခဲ့ သည်။ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်အကြားတွင်လည်း အာဏာပြိုင်ဆိုင်မှုများရှိနေသည်ဟု လေ့လာသူအချို့က ဆိုကြသည်။ ဥပမာအားဖြင့် သူရရွှေမန်းက "ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲ" ပြုလုပ်ရန် ဆန္ဒရှိသော်လည်း သမ္မတ ဦးသိန်းစိန်က လက်မခံခြင်းမျိုးဖြစ်သည်။ အခြားသောဥပမာတစ်ခုမှာ လာမည့်နှစ်ဘတ်ဂျက်အတွက် စစ်တပ်အသုံး စရိတ်ကို လွှတ်တော်က လျှော့ချဖြတ်တောက်ခြင်းဖြစ်သည်။ နောက်တစ်ချက်မှာ အရပ်သားလွှတ်တော်အမတ်များ တင်သွင်းသည့် ပုဒ်မ ၄၃၆ နှင့် ၅၉ (စ)ဟု ထင်ရှားသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြည့်စွက် ပြင်ဆင်ရေးကို တပ်သြဇာ လွှမ်းမိုးသော လွှတ်တော်အမတ်များက လက်မခံကြခြင်းမျိုးဖြစ်သည်။

---

၇၂။ Fox news၊ သံလွင်မြစ်ပေါ်တွင် ရေကာတာတည်ဆောက်မည့်စီမံကိန်းများက မြန်မာပြည်တွင်းစစ်ကို ပြန်လည် ဖြစ်ပွားစေမည်ဟု ခြိမ်းခြောက်၊ ဒီဇင်ဘာ ၁၁၊ ၂၀၁၄၊ web။

၇၃။ KAF က ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ MPM u ကြေညာချက်ကို လက်ခံခဲ့သည်။ အဆိုပါကြေညာချက်တွင် အချက် ၉ ချက်ပါဝင်သည်။

၇၄။ Burma Net News၊ မြန်မာ့ဒီမိုကရေစီအသံ - ABSDF နှစ်ပိုင်းကွဲကြောင်း ကြေညာ၊ စက်တင်ဘာ ၈၊ ၂၀၁၄၊ web ။

၇၅။ ဧရာဝတီ၊ ငြိမ်းချမ်းရေးလုပ်ငန်းတွင်ပါဝင်ရန် လွှတ်တော်အမတ်များဆို၊ ထက်နိုင်ဇော်၊ ဖေဖော်ဝါရီ ၂၄၊ ၂၀၁၄၊ web ။

# ၃။ ကာလရှည်ငြိမ်းချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်နေမှုများ

တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး အဆုံးသတ်မူကြမ်းအပေါ် သဘောတူညီမှုသည် အစိုးရနှင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား နိုင်ငံရေးဆွေးနွေးပွဲဆီသို့ဦးတည်သည့် မရှိမဖြစ်အရေးပါသော ပထမဆုံးခြေလှမ်း တစ်ရပ်ဖြစ်သည်။ အဆိုပါဆွေးနွေးပွဲက ၄င်းတို့၏ကာလရှည်ကြာ နိုင်ငံရေးအရကွဲလွဲချက်များကို ဖြေရှင်း၍ ပြည်တွင်းစစ်ကိုအဆုံးသတ်ပြီး နိုင်ငံအတွက် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်ပေလိမ့်မည်။

## ငြိမ်းချမ်းရေးဆွေးနွေးပွဲ အားပေးထောက်ခံမှု

## ဆက်ဆံရေးရုံးများ

**ဇယား (၁၈) - ဆက်ဆံရေးရုံးများ၊ ၂၀၁၄ ခုနှစ်**


| အဖွဲ့အစည်း | ဆက်ဆံရေးရုံးတည်ရှိရာ | ဖွင့်လှစ်သည့်နေ့စွဲ |
|---|---|---|
| ABSDF | ၁။ မြဝတီ | ဖွင့်ထားပြီး |
| | ၂။ လွိုင်ကော် | ဖွင့်ထားပြီး |
| | ၃။ မူဆယ် | ဖွင့်ထားပြီး |
| | ၄။ မြိတ် | စီစဉ်ထား |
| ALP | ၁။ ကျောက်တော် | ၀၃- ၀၉- ၂၀၁၂ |
| | ၂။ ပလက်ဝ* | မသိ |
| CNF | ၁။ တီးတိန် | ၂၅- ၉- ၂၀၁၂ |
| | ၂။ သန့်လန် | ဖွင့်ထားပြီး |
| | ၃။ မတူပီ | ၂၃- ၀၆- ၂၀၁၂ |
| | ၄။ ဖလမ်း (စီးပွားရေးဆက်ဆံရေးရုံး) | ၀၉- ၀၆- ၂၀၁၄ |
| | ၅။ မင်းတပ် (စီးပွားရေးဆက်ဆံရေးရုံး) | ၀၉- ၀၆- ၂၀၁၄ |
| | ၆။ Rkhkhawdar (စီးပွားရေးဆက်ဆံရေးရုံး) | ဖွင့်ထားပြီး |
| | ၇။ ပလက်ဝ (စီးပွားရေးဆက်ဆံရေးရုံး) | ဖွင့်ထားပြီး |
| DKBA-5 | ၁။ မြဝတီ | ဖွင့်ထားပြီး |
| | ၂။ ဖားအံ | ဖွင့်ထားပြီး |
| | ကြာအင်းဆိပ်ကြီး၊ ကျိုက်ထို၊ ဘုရားသုံးဆူ၊ မြိုင်ကြီးငူ | မသိ |
| KIA | ၁။ မြစ်ကြီးနား (နည်းပညာပိုင်းဆိုင်ရာအကြံပေးရုံး) | ၂၃- ၀၇- ၂၀၁၃ |
| KNPP | ၁။ လွိုင်ကော် | ၂၅- ၀၇- ၂၀၁၂ |
| | ၂။ ရှားတော | ၀၁- ၀၈- ၂၀၁၂ |
| | ၃။ ဖားဆောင်း | ၂၇- ၀၇- ၂၀၁၂ |

| | | |
|---|---|---|
| KNU | ၁။ ဖားအံ | ၂၉- ၀၉- ၂၀၁၂ |
| | ၂။ ဘုရားသုံးဆူ | ၁၅- ၀၅- ၂၀၁၂ |
| | ၃။ ထားဝယ် | ၁၂- ၀၄- ၂၀၁၂ |
| | ၄။ မြဝတီ | ၁၈- ၀၈- ၂၀၁၂ |
| | ၅။ ကျောက်ကြီး | ၀၉- ၀၄- ၂၀၁၂ |
| | ၆။ သထုံ | ၀၅- ၀၃- ၂၀၁၃ |
| | ၇။ မော်လမြိုင် (စီးပွားရေးဆက်ဆံရေးရုံး) | ၂၂- ၁၁- ၂၀၁၃ |
| | ၈။ ရန်ကုန် (စီးပွားရေးဆက်ဆံရေးရုံးများ) | ဖွင့်ထားပြီး |
| | ၉။ ဖားအံ (စီးပွားရေးဆက်ဆံရေးရုံးများ) | ဖွင့်ထားပြီး |
| KPC | ဖားအံ၊ မြဝတီ၊ ဘုရားသုံးဆူ၊ ကော့ကရိတ်၊ မော်တောင်နှင့် ကော့သောင်း | ပြန်လည်ဖွင့်လှစ် |
| NDAA | ရန်ကုန်၊ တောင်ကြီး၊ ခန်းတောင်း၊ တာချီလိတ်၊ မန္တလေး | ပြန်လည်ဖွင့်လှစ် |
| NMSP** | ၁။ မော်လမြိုင် | ၂၆- ၀၂- ၂၀၁၂ |
| | ၂။ မုဒုံ | ၂၆- ၀၂- ၂၀၁၂ |
| | ၃။ သံဖြူဇရပ် | ၂၆- ၀၂- ၂၀၁၂ |
| | ၄။ ရေး | ၂၆- ၀၂- ၂၀၁၂ |
| | ၅။ ရေဖြူ | ၂၆- ၀၂- ၂၀၁၂ |
| | ၆။ ဘုရားသုံးဆူ | ၂၆- ၀၂- ၂၀၁၂ |
| | ၇။ ကျိုက်မရော | ၂၆- ၀၂- ၂၀၁၂ |
| | ၈။ ဖင်းကျိုက် (ပေါင်မြို့နယ်) | ၂၆- ၀၂- ၂၀၁၂ |
| | ၉။ မြိတ် | ၂၆- ၀၂- ၂၀၁၂ |
| | ၁၀။ မြဝတီ | မသိ |
| NSCN-K | ၁။ ခန္တီး | ဖွင့်လှစ်ပြီး |
| PNLO | ၁။ တောင်ကြီး | ၂၂- ၀၁- ၂၀၁၃ |
| | ၂။ မောက်မယ် | မသိ |
| | ၃။ ဆီဆိုင် | မသိ |
| | ၄။ သထုံ | မသိ |
| RCSS | ၁။ တောင်ကြီး | ၂၂- ၀၂- ၂၀၁၂ |
| | ၂။ ခန်းတောင်း | ၂၂- ၀၂- ၂၀၁၂ |
| | ၃။ တာချီလိတ် | ၂၉- ၀၂- ၂၀၁၂ |
| | ၄။ မိုင်းဆတ် | ၂၉- ၀၂- ၂၀၁၂ |
| | ၅။ ခိုလမ်း | ၂၁- ၀၃- ၂၀၁၂ |
| | ၆။ မူဆယ် | မသိ |
| | ၇။ မိုင်းပန် | ၀၆- ၀၃- ၂၀၁၅ |

| | | |
|---|---|---|
| SSPP | ၁။ လားရှိုး | ဖွင့်လှစ်ပြီး |
| | ၂။ တောင်ကြီး | ဖွင့်လှစ်ပြီး |
| | ၃။ ခိုလမ်း | ဖွင့်လှစ်ပြီး |
| | ၄။ မူဆယ် | မသိ |
| UWSA | ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ခန်းတောင်း၊ တန့်ယန်း | ပြန်လည်ဖွင့်လှစ် |

** CNF နှင့် ချင်းဒေသခံများက ကန့်ကွက်သည့်အတွက် ဖွင့်လှစ်နိုင်ခြင်းမရှိပေ။*

***NMSP ဆက်ဆံရေးရုံးများအားလုံး နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးမှု တည်ဆောက်ရေးအဖွဲ့(န-ဝ-တ) နှင့် အပစ်အခတ်ရပ်စဲပြီးနောက် ၁၉၉၅ ခုနှစ်တွင် ပထမဆုံးအကြိမ် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်ဧပြီလတွင် နယ်ခြားစောင့်တပ်အဖြစ်သို့ပြောင်းလဲရန် ငြင်းဆန်ရာမှ အဆိုပါရုံးများကို ပိတ်သိမ်းခဲ့သည်။ သို့သော် ၂၀၁၂ ခုနှစ်ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင်အပစ်အခတ် ရပ်စဲရန်သဘောတူပြီးနောက် ပြန်လည်ဖွင့်လှစ်ခဲ့သည်။*


ALP
CNF
KNPP
KNU
NMSP
PNLO
RCSS/SSA
KIA
SSPP/SSA
UWSA
NDAA
KPC
DKBA-5
NSCN-K
ABSDF

**ပုံ (၁၆)** - ဆက်ဆံရေးရုံးများ

**UNFC ။** UNFC သည်အရေးပါသော တိုင်းရင်းသားလက်နက်ကိုင် ၁၂ ဖွဲ့၏ ညွန့်ပေါင်းအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး အကြီးမားဆုံးတိုင်းရင်းသားလူမျိုးများအဖွဲ့ဖြစ်ကာ တိုင်းရင်းသားများ၏ နိုင်ငံရေးအခွင့်အလမ်းများကို တောင်းဆိုရာတွင် ဦးဆောင်ပါဝင်လျက်ရှိသည်။[၇၆] UNFC သည် ၎င်း၏ပထမဆုံးညီလာခံကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှ ၂၈ ရက်အထိပြုလုပ်ခဲ့သည်။ ၎င်းတို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို လက်မှတ်ရေးထိုးခြင်းပြု၊မပြု ဆွေး နွေးကြသည်။ KIA ဗိုလ်လောင်းသင်တန်းကျောင်းကို မြန်မာစစ်တပ်အမြောက်ဖြင့်ပစ်ခတ်မှုဖြစ်၍ NCCT နှင့် UPWC တို့အကြား နိုင်ငံရေးဆွေးနွေးပွဲများ မတိုးသာမဆုတ်သာဖြစ်နေပြီးနောက် UNFC ၏ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် FUA က ၎င်း၏ ပထမဆုံးဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၈ ရက်မှ ၂၉ ရက်အထိပြုလုပ်ခဲ့သည်။ UNFC အဖွဲ့ဝင် လက်နက်ကိုင်အဖွဲ့အစည်းများမှ စစ်ဦးစီးချုပ်များနှင့် ဒုတိယစစ်ဦးစီးချုပ်များက အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ ၎င်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမူကြမ်းနှင့် တာဖာဆောင်တံတားအနီး SSPP စခန်းကိုလည်းကောင်း၊ လိုင်ဇာဒေသတွင်းရှိ KIA ကိုလည်းကောင်း အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို သုံးသပ်ကြသည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က UNFC ကို ဝေဖန်ပြောဆိုခဲ့ပြီး FUA ကို အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ပူးပေါင်းခြင်း။ မြန်မာစစ်တပ်ကိုတိုက်ခိုက်ရန်အတွက် ကိုးကန့်ရှိ လောက်ကိုင်ဒေသကို MNDAA အဖွဲ့ တစ်ကျော့ပြန်ဝင်ရောက်လာသည့် ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလ ၉ ရက်နေ့မှစတင်ကာ စစ်ဆင်ရေးများတွင် TNLA ၊ AA နှင့် MNDAA အဖွဲ့တို့ ပူးပေါင်းခဲ့ကြသည်။ အဆိုပါလက်နက်ကိုင်အဖွဲ့အစည်းသုံးခုလုံးသည် FUA ၏အဖွဲ့ဝင်များဖြစ်ကြသည်။ ၎င်းတို့က အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ရပ်တန့်ပေးရန်တောင်းဆိုခဲ့ပြီး အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများတွင် ပါဝင်ကြသော်လည်း အစိုးရကမူ ဆွေးနွေးဖက်များအဖြစ် အသိအမှတ်ပြုခြင်းမရှိပေ။ UNFC နှင့် NCCT တို့ကလည်း ၎င်းတို့၏ဒေသများတွင် ထိုးစစ်ဆင်တိုက်ခိုက်နေမှုများကိုရပ်တန့်ပေးရန် မြန်မာတပ်မတော်ကို တောင်းဆိုခဲ့သည်။ ၂၀၁၄ ခုနှစ်အစောပိုင်းတွင် ကျေးသီးမြို့နယ်ရှိ တာဖာဆောင်တံတားအနီး SSPP စခန်းကို မြန်မာစစ်တပ်က တိုက်ခိုက်သည့်အခါတွင် ထိုးစစ်ဆင်တိုက်ခိုက်မှုကို ဖျက်သိမ်းပေးရန်နှင့် တိုက်ပွဲကြောင့်ထွက်ပေါ်လာသည့် ဒုက္ခသည်များကို အကူအညီပေးရန် RCSS က အစိုးရကို တောင်းဆိုခဲ့သည်။ အစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုသည် မယုံကြည်မှု သံသယစိတ်ကို တိုးပွားစေပြီး အခြားသောဆွေးနွေးပွဲများအတွက် အဟန့်အတားတစ်ရပ်ဖြစ်စေသည်ဟု NCCT က အကြံပြုပြောဆိုခဲ့သည်။ အောက်တိုဘာလ ၅ ရက်နေ့တွင် UWSA နှင့် NDAA တို့က ကျေးသီးမြို့နယ်ရှိ SSPP စခန်း တိုက်ခိုက်ခံရမှုကို ရှုတ်ချပြောဆိုခဲ့ပြီး ပြဿနာများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့်ဖြေရှင်းပေးရန် တောင်းဆိုခဲ့ကြသည်။

KIA ဗိုလ်လောင်းသင်တန်းကျောင်း အမြောက်ဖြင့်ပစ်ခတ်ခံရချိန်တွင် NCCT အဖွဲ့ဝင်များနှင့် အဖွဲ့ဝင်မဟုတ်သူများကပါ KIA ကို ထောက်ခံကြောင်း ပြသခဲ့ကြသည်။ UWSA ၊ NDAAနှင့် SSPP တို့ကလည်း အဆိုပါတိုက်ခိုက်မှုကို ရှုတ်ချကြောင်း နိုဝင်ဘာလ ၂၃ ရက်တွင် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

**ငြိမ်းချမ်းရေးကတိပြုလွှာတွင်လက်မှတ်ရေးထိုးခြင်း။** ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်တွင် ဦးသိန်းစိန်နှင့် KNU၊ RCSS ၊ DKBA နှင့် KPC တို့မှ ခေါင်းဆောင်များသည် "ငြိမ်းချမ်းရေးနှင့်အမျိုးသားသင့်မြတ်ရေး ကတိပြုလွှာ" တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါကတိပြုလွှာသည် ခိုင်မာသော သဘောတူညီချက်မဟုတ်သော်လည်း ငြိမ်းချမ်းရေးရရှိရန် စိတ်ပိုင်းဖြတ်မှုတစ်ခုဖြစ်ကြောင်း ပြသခဲ့သည်။ ယင်းသည် ၂၀၁၅ ခုနှစ်မတ်လ ၃၁ ရက်နေ့တွင် အစိုးရနှင့် NCCT အကြား တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးအဆုံးသတ်သဘောတူမူကြမ်းတွင် လက်မှတ်ရေးထိုးခြင်းအတွက် အထောက်အကူတစ်ရပ်ဖြစ်ခဲ့သည်။

---

၇၆။ MNDAA သည် ၂၀၁၃ ခုနှစ်တွင် UNFC ၏ အဖွဲ့ဝင်သစ်ဖြစ်လာခဲ့သည်။

**ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ စည်းလုံးညီညွတ်မှုကော်မတီ (KAGSC)။** KAGSC ကို ၂၀၁၃ ခုနှစ်မေလတွင် ဖွဲ့စည်းခဲ့သည်။ အဖွဲ့၏ရည်ရွယ်ချက်မှာ ကရင်လက်နက်ကိုင်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် ၄င်းတို့အကြား သဘောထားကွဲလွဲမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရန်ဖြစ်သည်။ ၄င်းတို့သည် မိုင်းရှင်းလင်းခြင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလှုပ်ရှားခြင်းနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ဆောင်ရွက်ခြင်းတို့တွင် ပူးပေါင်းခဲ့ကြသည်။ ၄င်းတို့အနေဖြင့် ဆွေးနွေးပွဲများကို ပုံမှန်ကျင်းပလေ့မရှိပေ။ ၄င်းတို့သည် မူးယစ် ဆေးဝါးတိုက်ဖျက်ရေးကိစ္စများနှင့်ပတ်သက်၍ဆွေးနွေးရန် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၇ ရက်တွင် မြဝတီမြို့နယ်ရှိ ရွှေကုက္ကိုတွင် တွေ့ဆုံခဲ့သည်။ ထို့ပြင် ၄င်းတို့သည် DKBA နှင့် ကရင်နယ်ခြားစောင့်တပ်အကြား အငြင်းပွားမှုတစ်ခုကို အောင်မြင်စွာ ဖြေရှင်းပေးခြင်းကဲ့သို့ ၄င်းတို့အကြား ကွဲလွဲချက်များကို ဖြေရှင်းရန် အရေးပေါ်အစည်းအဝေးများကို ခေါ်ယူကျင်းပခဲ့ဖူးသည်။

| ဥက္ကဋ္ဌ | ဗိုလ်ချုပ်ကြီးစောဂျော်နီ | KNU |
|---|---|---|
| ဒုတိယဥက္ကဋ္ဌ | ဗိုလ်ချုပ်စောယဉ်နု | KPC |
| အတွင်းရေးမှူး | ဗိုလ်ချုပ်ကြီးပေါ်ဒို | KNU |
| တွဲဖက်အတွင်းရေးမှူး | ဗိုလ်မှူးချုပ်စောကျော်သက် | DKBA |
| အဖွဲ့ဝင်များ | စောကျော်မူးဟဲ | KNU |
| | စောယောရှု | KPC |
| | စောမောရှည်နှင့် စောသန်းအောင် | DKBA |
| | စောချစ်သူ၊ ဒေါက်တာစောဌေးမြင့်၊ စောကြာအင်း | BGF |
| | စောဆီးဗန်၊ စောနေဝင်း၊ စောအယ်မွီး | BGF(KPF) |
| | စောမြင့်သန်းနှင့် စောကျော်မြင့် | BGF<br>ဘုရားကုန်းငြိမ်းချမ်းရေး |

**ဆက်ဆံရေးအရာရှိ လေ့ကျင့်သင်တန်းပေးခြင်း။** INGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဥရောပ-မြန်မာရုံး(EBO)က ကြီးမှူး၍ တိုင်းရင်းသားဆက်ဆံရေးအရာရှိများအတွက် လေ့ကျင့်သင်ကြားရေးအလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးလျက်ရှိသည်။ လေ့ကျင့်သင်တန်းပေးရသည့်ရည်ရွယ်ချက်မှာ ဆက်ဆံရေးအရာရှိများအားအစိုးရအရာရှိများနှင့် မည်သို့မည်ပုံ ဆက်ဆံရသည်ဟူသောအချက်ကို စိတ်တွင်စွဲသွားစေရေး သင်ကြားပေးရန်ဖြစ်သည်။ ယင်းသို့လေ့ကျင့်သင်ကြားပေးသည့်အလုပ်ရုံဆွေးနွေးပွဲသည် ဆက်ဆံရေးအရာရှိများအတွက် လွန်စွာအသုံးဝင်လှပေသည်။ ဆက်ဆံရေးအရာရှိများသည် အစိုးရနှင့်၄င်းတို့၏မိခင်အဖွဲ့အစည်းများအကြား ဆက်ဆံရေးတွင် မရှိမဖြစ်အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။အကယ်၍အငြင်းပွားမှုကိုဖြေရှင်းသည့်နည်းလမ်းများအား ကောင်းစွာနားလည်သဘောပေါက်သည် ဆိုပါက ပြင်းထန်သောအကြမ်းဖက်ပဋိပက္ခအသွင်သို့ဦးတည်စေနိုင်သော နားလည်မှုလွဲမှားခြင်းများကို ရှောင်ရှားနိုင်ပေမည်။ ဆက်ဆံရေးအရာရှိလေ့ကျင့်သင်တန်းပေးခြင်းကို ရန်ကုန် (၂၀၁၃)၊ တောင်ကြီး (၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆-၂၈ ရက်)၊ ဖားအံ (၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက် - မတ်လ ၁ ရက်)နှင့် လွိုင်ကော် (၂၀၁၅ ခုနှစ် မေလ ၂၈-၃၀ ရက်)တို့တွင် ပြုလုပ်ခဲ့သည်။

## တိုင်းရင်းသားပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု – နိုင်ငံရေးမူဘောင်

NCCT ခေါင်းဆောင်များသည် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကို သူမ၏ နေအိမ်တွင် သွားရောက်တွေ့ဆုံခဲ့ကြသည်။ ၄င်းတို့သည် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဖြည့်စွက်ပြင်ဆင်ရေးနှင့် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင်လက်မှတ်ရေးထိုးပြီးနောက် ချမှတ်ဆောင်ရွက်မည့် နိုင်ငံရေးမူဘောင်နှင့် နိုင်ငံရေးဆွေးနွေးပွဲများအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲက ၄င်းတို့ကြုံတွေ့နေရသည့်အခြေအနေကို ရှင်းရှင်းလင်းလင်းဖြစ်သွားစေရန် အထောက်အကူပြုခဲ့သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလမ်းပြမြေပုံအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အစိုးရသည် ဒုတိယအဆင့်တွင် နိုင်ငံရေးမူဘောင်တစ်ရပ်ကို မူကြမ်းရေးဆွဲကြမည်ဖြစ်ပြီး တတိယအဆင့်တွင် နိုင်ငံရေးဆွေးနွေးပွဲကို ပြုလုပ်ကြမည်ဖြစ်သည်။ နိုင်ငံရေးပါတီများနှင့် CBOs/CSOs တို့မှကိုယ်စားလှယ်များသည် နိုင်ငံရေးဆွေးနွေးပွဲ၏အချို့သောအစိတ်အပိုင်းများတွင် ပါဝင်နိုင်ကြမည်ဖြစ်သည်။ UNFC ခေါင်းဆောင်များသည် UNA ခေါင်းဆောင်များနှင့်လည်းကောင်း၊ ‘၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များ’နှင့်လည်းကောင်း ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့မှ ၄ ရက်အထိ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ၄င်းတို့သည် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၊ ဖက်ဒရယ်အရေးကိစ္စများ၊ နိုင်ငံရေးမူဘောင်နှင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့်ပတ်သက်သောအမြင်များကို ဖလှယ်ခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲက တိုင်းရင်းသားလက်နက်ကိုင်များနှင့်အစိုးရအကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီသည်အထိ အကျိုးရှိသောရလဒ်ကောင်းတစ်ခု ထွက်ပေါ်လာခဲ့သည်။ အစိုးရအနေဖြင့် တရားမဝင်အဖွဲ့အစည်းများ အက်ဥပဒေပုဒ်မ ၁၇/၁ [၇၇] ကို ပယ်ဖျက်ခြင်းမရှိသေးသော်လည်း တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် အစည်းအဝေးပွဲများပြုလုပ်၍ အမြင်များကိုဖလှယ်နိုင်ကြပေသည်။

UNFC သည် နိုင်ငံရေးပါတီများ၊ ၈၈ မျိုးဆက်ကျောင်းသားများနှင့် CBOs/CSOs တို့မှ ကိုယ်စားလှယ်များနှင့် ချင်းမိုင်မြို့တွင် ဩဂုတ်လ ၂၉ ရက်မှ ၃၀ ရက်အထိ တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါတွေ့ဆုံပွဲမှ တစ်ဆင့် အမြင်များ ဖလှယ်သောနည်းလမ်းဖြင့် အပြန်အလှန်နားလည်မှု ပိုမိုမြင့်တက်လာစေခဲ့သည်။ ယင်းသို့သော အခွင့်အလမ်းမျိုးသည် အပစ်အခတ်ရပ်စဲရေးမတည်ဆောက်မီကာလက ပေါ်ပေါက်ခဲ့ခြင်း မရှိပေ။

နိုင်ငံရေးပါတီများသည် ဩဂုတ်လမှစတင်ကာ နိုင်ငံရေးမူဘောင်ကို ဆွေးနွေးခဲ့ကြသည်။ “နိုင်ငံရေးပါတီ ၅၆ ခု”ဟု အမည်ပေးထားသည့် အဖွဲ့တစ်ဖွဲ့သည် တွေ့ဆုံဆွေးနွေးပွဲများစွာ ပြုလုပ်ခဲ့ပြီး နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်ရန်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံရေးမူဘောင်တစ်ရပ်ကို ရေးဆွဲခဲ့ကြသည်။ NCCT ၊ UPWC နှင့် NLD အပါအဝင် နိုင်ငံရေးပါတီ ၃၄ ခုမှ ခေါင်းဆောင်များ၏ သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ဩဂုတ်လ ၁၈ ရက်က ရန်ကုန်မြို့ရှိ မြန်မာငြိမ်းချမ်းရေးစင်တာ(MPC) တွင် ကျင်းပခဲ့သည်။ ၄င်းတို့သည် နိုင်ငံရေးမူဘောင်နှင့် နိုင်ငံရေးဆွေးနွေးပွဲအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အနာဂတ်စီမံကိန်းများကို ဆွေးနွေးခဲ့ကြသည်။ ယင်းမှာ နိုင်ငံရေးဆွေးနွေးပွဲအတွက် ပဏာမခြေလှမ်းတစ်ရပ်ဖြစ်ခဲ့သည်။ NCCT ခေါင်းဆောင်များသည် ရန်ကုန်မြို့တွင် CBOs/CSOs ၃၄ ဖွဲ့မှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် CBOs/CSOs ပါဝင်လှုပ်ရှားနေသည့် အခန်းကဏ္ဍနှင့်ပတ်သက်၍ သဘောထားအမြင်များကို ဖလှယ်ခဲ့ကြသည်။

လက်ရှိအချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် လာမည့်ရွေးကောက်ပွဲများ၌ ပါဝင်ရန် အစီအစဉ်မရှိပေ။ ၄င်းတို့၏ဦးစားပေးအစီအစဉ်မှာ မတူကွဲပြားမှုများကိုနည်းနိုင်သမျှနည်းစေရန် အစိုးရနှင့် ဆွေးနွေးပွဲများ ကျင်းပသွားရေး၊ နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာရေးတို့ဖြစ်သည်။ အဆိုပါနည်းလမ်းဖြင့် နှစ်ခြောက်ဆယ်ကျော်ကြာ မြင့်နေသည့် ပြည်တွင်းစစ်ကိုရပ်တန့်ရန်နှင့် နိုင်ငံအတွက် ရေရှည်တည်တံ့သည့်ငြိမ်းချမ်းရေး ရရှိရန် တိုင်းရင်းသားခေါင်းဆောင်များက လိုလားကြသည်။

---

၇၇။ တရားမဝင်အဖွဲ့အစည်းဥပဒေ ၁၉၀၈ – ပုဒ်မ ၁၇(၁) တရားမဝင်အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်မည်သူမဆို သို့မဟုတ် အဆိုပါအဖွဲ့အစည်း၏ အစည်းအဝေးပွဲများတွင် ပါဝင်ခြင်း သို့မဟုတ် အဆိုပါအဖွဲ့အစည်းအတွက် တစ်စုံတစ်ရာငွေကြေးထည့်ဝင်ခြင်း၊ ရယူခြင်း သို့မဟုတ် တောင်းခံခြင်း သို့မဟုတ် အဆိုပါအဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများကို တစ်ဖက်တစ်လမ်းက အားပေးကူညီခြင်း စသည်ဖြင့် ပြုလုပ်သူမည်သူမဆို ဥပဒေအရ ထောင်ဒဏ်ချမှတ်ခံရမည် (နှစ်နှစ်ထက် မနည်းသော၊ သုံးနှစ်ထက်မများသော ထောင်ဒဏ်နှင့် ဒဏ်ငွေချမှတ်ခံရနိုင်ပါသည်)

၇၈။ ရောဝတီ၊ ရခိုင်အမျိုးသားညီလာခံသည် ကျောက်ဖြူတွင် စတင်၊ ငြိမ်းငြိမ်း၊ ဧပြီ ၂၈၊ ၂၀၁၄၊ web ။

**ရခိုင်ညီလာခံ။** ကျောက်ဖြူရခိုင်အမျိုးသားညီလာခံကို ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့တွင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှ မေလ ၁ ရက်နေ့အထိ ကျင်းပခဲ့ရာ ရခိုင်လက်နက်ကိုင်အဖွဲ့များ နိုင်ငံရေးပါတီများ၊ အစိုးရအရာရှိများ၊ ရခိုင် CBOs/CSOs နှင့် လေ့လာသည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အတူတကွတက်ရောက်ခဲ့ကြသည်။ ၅ ရက်ကြာမြင့်သည့် ညီလာခံတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ တိုင်းရင်းသားအခွင့်အရေး၊ ဖွံ့ဖြိုးရေး၊ သဘာဝသယံဇာတ ခွဲဝေရေး၊ လုံခြုံရေးနှင့် ဒေသတွင်းတည်ငြိမ်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**ရှမ်းညီညွတ်ရေး။** ရှမ်းပြည်နယ်စည်းလုံးညီညွတ်ရေးဆိုင်ရာကော်မတီ(CSSU)[၇၉] က "ရှမ်းခေါင်းဆောင်များ" နီးနှောဖလှယ်ပွဲကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ အမျိုးမျိုးသော နိုင်ငံရေးအုပ်စုများအကြား "ဘုံသဘောတူ နားလည်မှုတစ်ရပ်" ရရှိရေးဖြစ်သည်။ ၎င်းတို့သည် ရှမ်းပြည်နယ်ရေးရာများကိုလည်းကောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး ရှမ်းပြည်နယ်၏အနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်ရန်နှင့် ရှမ်းပြည်နယ်တွင် ငြိမ်းချမ်းရေးရရှိရေး လက်တွဲဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။ ဦးအောင်မင်း(UPWC) နှင့် မူတူးဆေးဖိုး(KNU) တို့က လေ့လာသူများအနေဖြင့် တက်ရောက်ခဲ့သည်။ CSSU သည် အခြားသောဆွေးနွေးပွဲ တစ်ခုကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိကျင်းပခဲ့ပြီး ရှမ်းပြည်နယ်ရေးရာများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အခြားသောအရေးပါသည့်လုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့ကြသည်။ ၎င်းတို့သည် ယခုအခါတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပိုမိုနားလည်မှုရှိနေကြပြီဖြစ်သည်။ ဒုတိယဗိုလ်ချုပ်ကြီး ယွက်ဆစ်သည်လည်း ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်မှ ၁၈ ရက်နေ့အထိ တောင်ကြီးမြို့တွင်ကျင်းပသော SNDP ညီလာခံသို့ တက်ရောက်ခဲ့ပြီး ညီလာခံတွင် အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

**ကရင်အမျိုးသားအလုပ်ရုံဆွေးနွေးပွဲ။** ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဖားအံမြို့တွင် KNU အဖွဲ့ဦးစီး၍ ကရင်အမျိုးသားဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ နိုင်ငံရေးပါတီများ၊ ကရင်လက်နက်ကိုင်အဖွဲ့ အစည်းများ၊ ကရင် CBOs များနှင့် လေ့လာသည့်အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။[၈၁] ၎င်းတို့သည် နိုင်ငံရေးဆွေးနွေးပွဲ၏ သဘောသဘာဝကိုလည်းကောင်း၊ အခြားသောနိုင်ငံများရှိ အလားတူဆွေးနွေးပွဲများမှ ရရှိလာသည့် သင်ခန်းစာများကိုလည်းကောင်း၊ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူပြီးနောက်ပြုလုပ်မည့် နိုင်ငံရေး ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်ရေးကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**KUPC ။** ကရင်လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကရင်နိုင်ငံရေးပါတီများ၊ ကရင် CBOs နှင့် ကရင်ဘာသာရေးခေါင်းဆောင်များက ၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် KUPC ကို ဖွဲ့စည်းခဲ့သည်။ KUPC သည် အဖွဲ့၏ တတိယမြောက်အစည်းအဝေးပွဲကို ၂၀၁၄ ခုနှစ်၊ မေလ ၂ ရက်နေ့မှ ၃ ရက်နေ့အထိ ပုသိမ်မြို့တွင် လည်းကောင်း၊ စတုတ္ထမြောက်အစည်းအဝေးပွဲကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ လည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။[၈၂] ၎င်းတို့သည် ကရင်ရေးရာများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လည်းကောင်း၊ အဆိုပါလုပ်ငန်းစဉ်တွင် မည်သို့မည်ပုံ ပါဝင်မည်ကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ KNU ကိုယ်စားလှယ်များသည် ပြည်တွင်းဒုက္ခသည်များ၊ ကရင်ပြည်နယ်ရှိ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကဲ့သို့ ကရင်ရေးရာများနှင့် ဆက်စပ်အမျိုးမျိုးသောအကြောင်းအရာများနှင့်ပတ်သက်၍ နီးနှောဖလှယ်ရာတွင် ကရင်နိုင်ငံရေးသမားများ၊ ဘာသာရေးခေါင်းဆောင်များ၊ CBOs များနှင့် ပူးပေါင်းဆောင်ရွက်နေကျဖြစ်သည်။

---

၇၉။ CSSU သည် ရှမ်းပြည်နယ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (SSJAC – ဒီမိုကရေစီအတွက်ရှမ်းတိုင်းရင်းသားညွန့်ပေါင်းအဖွဲ့၊ ရှမ်းပြည်တိုး တက်ရေးပါတီနှင့် ရှမ်းပြည်နယ်လက်နက်ကိုင်အင်အားစု)၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းလူထုအခြေပြု အဖွဲ့အစည်းများ၊ Tai လူငယ်အဖွဲ့အစည်း၊ ရှမ်းရှေ့နေများကွန်ရက်၊ မျိုးဆက်သစ်ရှမ်းပြည်၊ Tai အမျိုးသားအဖွဲ့အစည်း ထိုင်းနိုင်ငံ ကဲ့သို့အဖွဲ့အစည်းရှစ် ဖွဲ့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။

၈၀။ S.H.A.N, CSSU - ငြိမ်းချမ်းရေးတံတား၊ မတ် ၉၊ ၂၀၁၅၊ web ။

၈၁။ KIC၊ KNU သည်အမျိုးသားအကျိုးစီးပွားအတွက် ကြိုတင်ပြင်ဆင်ရန်အလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့သည်။ Nan Chanung Paw၊ ဇန်နဝါရီ ၁၈၊ ၂၀၁၅။ web။

၈၂။ KIC ၊ KUPC အစည်းအဝေးပွဲကို ပုသိမ်တွင် ကျင်းပပြီးစီး၊ Nan Chanung Paw နှင့် စောထွန်းလင်း၊ မေ ၅၊ ၂၀၁၄၊ web ။

**လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်။** မြန်မာငြိမ်းချမ်းရေးစင်တာကကြီးမှူး၍ "ငြိမ်းချမ်းရေးနှင့်လူငယ်ဖိုရမ်"ကို ရန်ကုန်၊ တောင်ငူ၊ တောင်ကြီး၊ မော်လမြိုင်၊ မုံရွာနှင့်ပုသိမ်တို့တွင် ကျင်းပပေးခဲ့သည်။ လူငယ်အဖွဲ့အစည်းများမှ လူငယ်ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ မြန်မာငြိမ်းချမ်းရေးစင်တာမှ တာဝန်ရှိသူများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ သဘောသဘာဝများ၊ ရရှိသည့်သင်ခန်းစာများ၊ အပစ်အခတ်ရပ်စဲရေးမှထွက်ပေါ်လာသည့် အကျိုးရလဒ်များနှင့် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူပြီးနောက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောဆိုခဲ့သည်။

**ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးအလုပ်ရုံဆွေးနွေးပွဲ။** KNU ၊ RCSS နှင့် MPC တို့က ကြီးမှူး၍ ၂၀၁၅ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ "ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။[၈၃] တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ အစိုးရအရာရှိကြီးများ၊ နိုင်ငံရေးပါတီများ၊ CBOs နှင့် လေ့လာသူများက အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ ၎င်းတို့သည် နိုင်ငံရေးမူဘောင်၊ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး စသည်တို့နှင့်ပတ်သက်သော သဘောထားအမြင်များကို ဖလှယ်ခဲ့ကြသည်။

## ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှတစ်ဆင့် ပဋိပက္ခဖြေရှင်းရေးသန္နိဋ္ဌာန်

**JCRC ။** ၂၀၁၄ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ပူးတွဲစောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့ထူထောင်ရန် KIO နှင့် UPWC တို့ သဘောတူပြီးနောက် ၂၀၁၄ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် KIO နှင့် ကချင်ပြည်နယ်အစိုးရတို့သည် "ပဋိပက္ခပူး ပေါင်းဖြေရှင်းရေးကော်မတီ (JCRC)" ကို ဖွဲ့စည်းခဲ့ကြသည်။ အဆိုပါအဖွဲ့တွင် ဗိုလ်မှူးကြီးဇော်ထန်းဦးဆောင်သော KIO ကိုယ်စားလှယ် ၅ ဦးနှင့် ကချင်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်ဦးဆောင်သော ကိုယ်စားလှယ် ၅ ဦးတို့ပါဝင်သည်။[၈၄] JCRC အဖွဲ့၏ရည်ရွယ်ချက်မှာ ဆက်သွယ်ရေးလမ်းကြောင်းများ ဖွင့်လှစ်ရန်၊ အစည်းအဝေးပွဲများကျင်းပရန်နှင့် ဆွေးနွေးပွဲများမှတစ်ဆင့် ပဋိပက္ခများကိုဖြေရှင်းရန်ဖြစ်သည်။ JCRC အစည်း အဝေးပွဲများကို ပုံမှန်ကျင်းပရာမှ ကချင်ပြည်နယ်အတွင်းလက်နက်ကိုင်တိုက်ပွဲများ လျော့ကျခဲ့သည်။ အဆိုပါတိုက်ပွဲများ အဆုံးသတ်ခြင်းမရှိသော်လည်း တိုက်ပွဲဖြစ်ပွားသည့်အရေအတွက်မှာမူ သိသိသာသာလျော့ကျသွားခဲ့သည်။

**KNPP နှင့် ကယားပြည်နယ်အစိုးရ။** ၂၀၁၂ ခုနှစ်အတွင်း KNPP အနေဖြင့် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးပြီးနောက်တွင် KNPP နှင့် ကယားပြည်နယ်အစိုးရတို့သည် "အပစ်အခတ်ရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့" ကို ဖွဲ့စည်းခဲ့သည်။ KNPP အရာရှိတစ်ဦး၏အဆိုအရ ပူးတွဲစောင့်ကြည့်ရေးအဖွဲ့ကို ပြောင်းလဲရန်လိုအပ်နေသည်ဟု သိရသည်။ KNPP တပ်သားများ လွိုင်ကော်မြို့သို့ အဖွဲ့လိုက်ခရီးထွက်သည့်အခါ ကယားပြည်နယ်အစိုးရက ပိတ်ပင်တားဆီးခဲ့သည်။ လွိုင်ကော်မြို့နယ်တွင် KNPP နှင့် အစိုးရတပ်ဖွဲ့ဝင်များအကြား တင်းမာမှုများ မြင့်တက်ခဲ့ပြီးနောက်ဆုံးတွင် KNPP နှင့် အစိုးရတာဝန်ရှိသူများ လွိုင်ကော်မြို့တွင်တွေ့ဆုံကာ အဆိုပါပြဿနာကို ဖြေရှင်းခဲ့သည်။

**SSPP ။** SSPP နှင့် အစိုးရတပ်ဖွဲ့ဝင်များသည် အောက်တိုဘာလအစောပိုင်းက ကျေးသီးမြို့နယ်ရှိ တာဖာဆောင်တံတားအနီးတွင် အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ SSPP အဖွဲ့မှတာဝန်ရှိသူများသည် အရှေ့မြောက်ပိုင်း

---

၈၃။ S.H.A.N ၊ နိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အဖွဲ့များက မူဘောင်မူကြမ်းများပေါင်းစည်းမှုစတင်၊ မေ ၂၅၊ ၂၀၁၅၊ web ။

၈၄။ ဘီဘီစီမြန်မာပိုင်း ၊ ကချင်ပဋိပက္ခဖြေရှင်းရေးပူးတွဲအဖွဲ့ကို ဖွဲ့စည်း၊ မေ ၂၈၊ ၂၀၁၄၊ web ။

စစ်ဌာနချုပ်တိုင်းမှူးနှင့် အောက်တိုဘာလ ၁၈ ရက်နေ့တွင် [၈၅] လားရှိုးမြို့၌ တွေ့ဆုံခဲ့ပြီး ပြဿနာများကို ဖြေရှင်း နိုင်ခဲ့သည်။

**ချင်း။** ဇွန်လ ၁၄ ရက်နေ့တွင် ချင်းအပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုအဖွဲ့ (CCMT) ကို ဖွဲ့စည်းကာ ၎င်းတို့၏ရုံးကို ထန်တလန်တွင် ဖွင့်လှစ်ခဲ့သည်။[၈၆] CCMT တွင် အဖွဲ့ဝင် ၄၅ ဦး(ချင်းပြည်နယ်ရှိ မြို့နယ် ၅ ခုအတွက် ကိုယ်စားလှယ် ၉ ဦးစီ)ပါဝင်သည်။ CCMT ကို ဒေသန္တရအကြီးအကဲများ၊ ကျောင်းသား၊ လူငယ်များ၊ အမျိုးသမီးများနှင့် ဘာသာရေး ခေါင်းဆောင်များ ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ အဆိုပါအဖွဲ့သည် အစိုးရနှင့် CNF အကြား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို စောင့်ကြည့်ရန်ဖြစ်သည်။ အခြားသော CCMT အဖွဲ့များအား မတူပီ၊ တီးတိန်နှင့် ဟားခါးမြို့နယ် များတွင် ဖွဲ့စည်းခဲ့သည်။

## ဆက်ဆံရေး တည်ဆောက်ခြင်းနှင့် ချစ်ကြည်ရေး

**KNU ။** ၂၀၁၂ ခုနှစ်အတွင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင်လက်မှတ်ရေးထိုးပြီးချိန်မှစတင်ကာ KNU ခေါင်းဆောင်များသည် သမ္မတဦးသိန်းစိန်နှင့် ၅ ကြိမ်၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ၆ ကြိမ်တွေ့ဆုံခဲ့သည်။[၈၇] တိုင်းရင်းသားလက်နက်ကိုင်များအကြားတွင် KNU သည် အပစ်အခတ်ရပ်စဲရေး သဘောတူ ညီချက်တွင် လက်မှတ်ရေးထိုးပြီးချိန်မှစ၍ မြန်မာတပ်မတော်နှင့် ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ဆက်ဆံရေးတိုးတက် ကောင်းမွန်ခြင်းတို့ကြောင့် ထင်ရှားသည်။ UPWC ၏ဒုတိယဥက္ကဋ္ဌလည်းဖြစ်သည့် ဦးအောင်မင်းသည် မြဝတီမြို့ရှိ ကရင်နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ခဲ့သည်။ KNU ခေါင်းဆောင်များကလည်း လွှတ်လပ်ရေးနေ့နှင့် ပြည်ထောင်စု နေ့အခမ်းအနားတို့သာမက ညစာစားပွဲတစ်ခုသို့ပါ တက်ရောက်၍ သမ္မတ ဦးသိန်းစိန်နှင့်လည်းကောင်း၊ ထိပ်တန်းအရာရှိ များနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့အပြင် ၎င်းတို့သည် လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်လည်း တွေ့ဆုံခဲ့သည်။ ယင်းနောက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ ပြည်ထောင်စုနေ့တွင် "ငြိမ်းချမ်းခြင်းနှင့် အမျိုး သားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ"၌ လက်မှတ်ရေးထိုးခဲ့သည်။

**DKBA နှင့် KPC ။** DKBA ခေါင်းဆောင်များသည် ကရင်ပြည်နယ်တွင် တိုက်ပွဲများဖြစ်ပွားပြီးနောက် အစိုးရအရာရှိ များနှင့် တွေ့ဆုံခဲ့သည်။ ၎င်းတို့သည် ဆွေးနွေးပွဲမှတစ်ဆင့် ပြဿနာများကို ဖြေရှင်းခဲ့ကြသည်။ DKBA နှင့် KPC ခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် "ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည် သင့်မြတ်ရေး ကတိပြုလွှာ"၌ လက်မှတ်ရေးထိုးခဲ့သည်။

**RCSS ။** RCSS ခေါင်းဆောင်များသည် ၂၀၁၁ ခုနှစ်အတွင်း အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်၌ လက်မှတ် ရေးထိုးပြီးချိန်မှစတင်ကာ သမ္မတဦးသိန်းစိန်နှင့်လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လည်းကောင်း ၃ ကြိမ်တိုင် တွေ့ဆုံခဲ့သည်။ RCSS ခေါင်းဆောင်များသည် လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်လည်း တွေ့ဆုံခဲ့သည်။ RCSS ခေါင်းဆောင်များသည် လွှတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့ အခမ်းအနားများကို တက်ရောက်ခဲ့ ပြီး ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ ပြည်ထောင်စုနေ့တွင် "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကတိပြုလွှာ"၌ လက်မှတ်ရေးထိုးခဲ့သည်။

---

၈၅။ မဇ္ဈိမ၊ SSPP နှင့် UPWC တို့သည် ငြိမ်းချမ်းရေးနှင့် စစ်မှုရေးရာတို့ကို ဆွေးနွေးကြသည်။ Phanida ၊ အောက်တိုဘာ ၁၉၊ ၂၀၁၄၊ web ။
၈၆။ ခေါနုသုန်၊ ထန့်တလန်းမြို့နယ်အတွက် ချင်းအပစ်အခတ်ရပ်စဲရေးအဖွဲ့ရုံးဖွင့်လှစ်၊ ဇွန် ၂၀၊ ၂၀၁၄၊ web ။
၈၇။ RFA မြန်မာပိုင်း၊ ကာကွယ်ရေးဦးစီးချုပ်နှင့် KNU ခေါင်းဆောင်များ ထပ်မံတွေ့ဆုံကြမည်၊ နိုဝင်ဘာ ၂၈၊ ၂၀၁၄၊ web ။

**ခေါင်းဆောင်များအတွက် နိုင်ငံကူးလက်မှတ်များ။** အစိုးရအာဏာပိုင်များသည် တိုင်းရင်းသားခေါင်းဆောင်များအတွက် မှတ်ပုံတင်ကတ်များနှင့် နိုင်ငံကူးလက်မှတ်များကို ထုတ်ပေးခဲ့သည်။ ထို့ကြောင့် ယခုအခါတွင် ၎င်းတို့အနေဖြင့် ပြည်တွင်းပြည်ပတွင် လွတ်လပ်စွာခရီးသွားလာနိုင်ပြီဖြစ်သည်။ အစိုးရ၏ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသည် မိုးပွင့်စီမံချက်များ စတင်ပြုလုပ်ကာ တိုင်းရင်းသားလက်နက်ကိုင်များ ထိန်းချုပ်ထားသည့်ဧရိယာများတွင် နေထိုင်လျက်ရှိသော ဒေသခံအရပ်သားများကို မှတ်ပုံတင်များပြုလုပ်ပေးခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးအရာရှိများသည် ပြည်တွင်းဒုက္ခသည်များကိုလည်း မူလနေရပ်တွင် ပြန်လည်အခြေချနိုင်စေရန် မှတ်ပုံတင်များထုတ်ပေးခဲ့သည်။ ယင်းသို့ အပြုသဘောဆောင်သည့် တိုးတက်မှုများမှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းကြောင့် ထွက်ပေါ်လာသည့်ရလဒ်များဖြစ်သည်။

**ပြန်လည်နေရာချထားခြင်း- ရှမ်းပြည်နယ်။** RCSS အဖွဲ့သည် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့နယ်၏ မြို့နယ်ခွဲတစ်ခုဖြစ်သော မိုင်းထမြို့နယ်တွင် ရှမ်းဒုက္ခသည်များအတွက် နေအိမ်များ စတင်ဆောက်လုပ်ပေးခဲ့သည်။ RCSS အနေဖြင့် မိုင်းထမြို့နယ်တွင် နေအိမ်အလုံး ၂၀၀ ဆောက်လုပ်နိုင်ရန် RCSS နှင့် UPWC တို့အကြား ခန်းတောင်းမြို့နယ်တွင် ဆွေးနွေးသဘောတူညီခဲ့ကြသည်။[၈၈] RCSS နှင့် UPWC တို့အကြား ၂၀၁၂ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ မိုင်းထမြို့နယ်တွင် စက်မှုဇုန်တစ်ခုတည်ဆောက်ရန် RCSS ကို ခွင့်ပြုထားသည်။ သို့သော်လည်း အဆိုပါစက်မှုဇုန်ကို စတင်တည်ဆောက်ခြင်း မရှိသေးပေ။

**ကရင်ပြည်နယ်။** KNU တပ်မဟာ ၇ သည် မော်ဖိုးကေနှင့် မဲသဝေါကျေးရွာတို့တွင် ကရင်ဒုက္ခသည်များအတွက် နေအိမ်အလုံး ၁၀၀ တည်ဆောက်ပေးခဲ့သည်။[၈၉] အဆိုပါအိမ်များတည်ဆောက်မှုသည် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် အပြီးသတ်ခဲ့သည်။ မြန်မာအစိုးရသည် တည်ဆောက်ရေးစီမံကိန်းအတွက် ကျပ်ငွေ သန်း ၅၀၀ ထောက်ပံ့ခဲ့သည်။ ကျေးရွာနှစ်ရွာတွင် အိမ် ၅၀ စီတည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါနေအိမ်များတွင် လူ ၄၀၀ ခန့် ထားရှိနိုင်သည်။

KNU သည် ကော့ကရိတ်မြို့နယ်ရှိ လေးကေးကော်ကျေးရွာအုပ်စုကြီးတွင် စံပြကျေးရွာတစ်ရွာ တည်ဆောက်ရန် အခြားစီမံကိန်းတစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့သည်။[၉၀] ယင်းမှာ KNU အဖွဲ့ဝင်များနှင့် ရင်းနှီးသော ထိုင်းမြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြသူများအတွက် ရည်ရွယ်သည်။

KNU သည် ကော့ကရိတ်မြို့နယ်တွင် ဆေးရုံတစ်ရုံ တည်ဆောက်ခဲ့သည်။ DKBA နှင့် ကရင်ဒေသခံများကလည်း တည်ဆောက်ရေးတွင် အကူအညီပေးခဲ့ကြသည်။ အဆိုပါဆေးရုံတွင် ဒေသခံများကို အခမဲ့ဆေးဝါးကုသပေးမည်ဖြစ်သည်။[၉၁]

**ကချင်ပြည်နယ်။** ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်ရှိ စိမ်းလန်းကမ္ဘာ၊ စိမ်းလန်းကကျီနှင့် ပန်မူးကျေးရွာများမှ ဒုက္ခသည် ၁၉၂ ဦးသည် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် နေရပ်သို့ ပြန်လာခဲ့ကြသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃ ရက်နေ့တွင် KIO နှင့်အစိုးရအကြား JCRC အစည်းအဝေးပွဲပြုလုပ်သည့် ရလဒ်တစ်ခု အနေဖြင့် ၎င်းတို့ပြန်လာကြခြင်းဖြစ်သည်။ ပြည်ထောင်စုအစိုးရနှင့်ကချင်ပြည်နယ်အစိုးရတို့က ငွေကြေးများနှင့် ပစ္စည်းကိရိယာများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။[၉၂]

ကချင်ပြည်နယ်အစိုးရသည် မြစ်ကြီးနားမြို့ရှိ အစိုးရသိမ်းပိုက်ထားသောဧရိယာမှ ငွေစံပျော်ကျေးရွာတွင် နေအိမ်များ တည်ဆောက်ပေးခဲ့သည်။ ၂၀၁၄ ခုနှစ်၊ မေလတွင် ငွေစံပျော်ကျေးရွာ၌ အိမ်ထောင်စု ၁၀၀ ခန့်

---

၈၈။ S.H.A.N ၊ SSA သည် နယ်စပ်တစ်လျှောက်တွင် နေအိမ်များတည်ဆောက်၊ မတ် ၁၈၊ ၂၀၁၄၊ web ။

၈၉။ 7 Day Daily ၊ KNU တပ်မဟာ ၇ ဒေသတွင် ပြည်တွင်းဒုက္ခသည်များအတွက် နေအိမ်အလုံး ၁၀၀ တည်ဆောက်၊ အိဖြူမွန်၊ ဩဂုတ် ၁၊ ၂၀၁၄၊web။

၉၀။ ဧရာဝတီ၊ KNU၊ အစိုးရက ပြည်တွင်းဒုက္ခသည်များအတွက် ‘စံပြကျေးရွာ’ ထူထောင်ပေးမည်၊ စောရန်နိုင်၊ ဇန်နဝါရီ ၂၉၊ ၂၀၁၅၊ web ။

၉၁။ KIC ၊ KNU သည် ကော့ကရိတ်တွင် ပြည်သူ့ဆေးရုံတစ်ရုံတည်ဆောက်၊ Nan Chaung Paw ၊ ဇွန် ၂၆၊ ၂၀၁၄၊ web ။

၉၂။ Eleven news ၊ လွယ်ဂျားဒေသရှိ ပြည်တွင်းဒုက္ခသည်များ နေရပ်ပြန်၊ ထွန်းလင်းအောင် (မြစ်ကြီးနား)၊ အောက်တိုဘာ ၁၁၊ ၂၀၁၄၊ web ။

အခြေချခဲ့ကြ သည်။ ကချင်အမျိုးသမီးလွှတ်တော်အမတ်တစ်ဦးဖြစ်သည့် ဒေါ်ဘောက်ဂျာ၏အဆိုအရ ပြည်နယ်အစိုးရက နေရပ်ပြန်လာသော ဒုက္ခသည်အိမ်ထောင်စု ၃၃ ခုကို ကူညီရန် ရည်ရွယ်ထားသည်ဟု သိရသည်။[၉၃]

**ကယားပြည်နယ်။** KNPP နှင့် ကယားပြည်နယ်အစိုးရတို့ ပူးပေါင်း၍ ကယားပြည်နယ် ရှားတောမြို့တွင် နေအိမ် ၅၀ တည်ဆောက်ပေးခဲ့သည်။[၉၄] ၎င်းတို့သည် စစ်ဘေးသင့်ဒုက္ခသည်များအတွက် နေအိမ်များတည်ဆောက်ပေးရန် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွင် သဘောတူခဲ့သည်။ "ဒီအိမ်ယာစီမံကိန်းဟာ စစ်ဘေးသင့်ဒုက္ခသည်တွေအတွက် ရည်ရွယ်ပါတယ်။ တကယ်လို့ ဒီစီမံကိန်းဟာ ချောချောမွေ့မွေ့နဲ့ ပြီးသွားပြီး အောင်မြင်မယ်ဆိုရင် နောက်ထပ်အိမ်ယာစီမံကိန်း ထပ်လုပ်သွားဦးမှာပါ"ဟု လွိုင်ကော်မြို့အတွက် KNPP ဆက်ဆံရေးအရာရှိဖြစ်သည့် ဦးပလူးရာက ဆိုသည်။

**မိုင်းရှင်းလင်းခြင်း။** ကရင်ပြည်နယ်တွင် မိုင်းရှင်းလင်းရေးအတွက် ကရင်လက်နက်ကိုင်အဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ဗြိတိန်အခြေစိုက် "မြေမြှုပ်မိုင်းမရှိရေး(No Landmines)" အဖွဲ့က KNU ဒူးပလာယာခရိုင်တွင် KNDO ကို လေ့ကျင့်သင်တန်းပေးခဲ့သည်။ သင်တန်းပြီးနောက် ကရင်လူမျိုးများ မိုင်းရှင်းလင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ၎င်းတို့သည် KNDO ဌာနချုပ် အနီးဝန်းကျင်ရှိ မြေမြှုပ်မိုင်းများကို ရှင်းလင်းခြင်းဖြင့် လုပ်ငန်းစတင်ခဲ့သည်။[၉၅] အလားတူပင် လမ်းမိုင်းရှင်းလင်းရေးလုပ်ငန်းများကို ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည်။ MNSP ထိန်းချုပ်ထားသော ထားဝယ်ဒေသတွင် "လူသားချင်းစာနာထောက်ထားသော မိုင်းရှင်းလင်းရေးအဖွဲ့" က အလွတ်သဘောစစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့သည်။

**ဂျီနီဗာသဘောတူညီချက်။** တိုင်းရင်းသားလက်နက်ကိုင်များနှင့်မြန်မာစစ်တပ်တို့သည် ကလေးစစ်သားများအသုံးပြုမှုဖြင့် ဝေဖန်ခံထားရသည်။ သို့သော်လည်း အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့က ၎င်းတို့အနေဖြင့် အသက် ၁၈ နှစ်အောက်ကလေးစစ်သားများခေါ်ယူစုဆောင်းမှုကိုတားမြစ်သွားမည်ဖြစ်ကြောင်း ပြောဆိုကြသည်။ PNLO သည် အပြည်ပြည်ဆိုင်ရာ "ဂျီနီဗာ"သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည့် ပထမဆုံးတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဖြစ်သည်။ ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးအဖွဲ့အစည်း (PNLO) နှင့် ယင်းအဖွဲ့၏ လက်နက်ကိုင် အဖွဲ့ခွဲ PNLA တို့သည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးငယ်များကို အကာအကွယ်ပေးထားသော ဂျီနီဗာသဘောတူညီချက်ဆိုင်ရာ "ကတိပြုလွှာ"တွင် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။[၉၆] ပဋိပက္ခ၌ ကလေးငယ်များပါဝင်ခြင်းမပြုရေးကတိပြုလွှာတွင်လက်မှတ်ရေးထိုးခြင်းဖြင့် PNLO သည် အသက် ၁၈ နှစ်အောက်ကလေးငယ်များကို တပ်သားသစ်အဖြစ်စုဆောင်းခြင်း သို့မဟုတ် အန္တရာယ်ရှိသည့် အခြေအနေများတွင် အသုံးပြုခြင်းတို့ကို ပြုလုပ်မည်မဟုတ်ကြောင်း ကတိပြုခဲ့သည်။

CNF/CNA သည်လည်း ၂၀၁၄ ခုနှစ် မတ်လ ၁၉ ရက်နေ့၌ လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးငယ်များကို အကာအကွယ်ပေးသော ဂျီနီဗာသဘောတူညီချက်ဆိုင်ရာ ကတိပြုလွှာတွင်လည်းကောင်း၊ လိင်အကြမ်းဖက်မှုနှင့် ကျား/မ ခွဲခြားဆက်ဆံမှုကို အကာအကွယ်ပေးသော ကတိပြုလွှာတွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့သည်။

ဗမာ/မြန်မာမှ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNU/KNLA) သည် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၁ ရက်တွင် လက်နက်ကိုင်ပဋိပက္ခများတွင် ကလေးငယ်များကို အကာအကွယ်ပေးသော ဂျီနီဗာ သဘောတူညီချက်ဆိုင်ရာကတိပြုလွှာတွင် လည်းကောင်း၊ လိင်အကြမ်းဖက်မှုနှင့် ကျား/မ ခွဲခြားဆက်ဆံမှုကို အကာအကွယ်ပေးသော ကတိပြုလွှာတွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့သည်။

---

၉၃။ Eleven news ၊ ပြည်နယ်အစိုးရက ပြည်တွင်းဒုက္ခသည်မိသားစု ၃၃ စုကို နေရပ်ပြန်နိုင်အောင် ကူညီပေး၊ ဩဂုတ် ၉၊ ၂၀၁၄။

၉၄။ RFA မြန်မာပိုင်း၊ KNPP နှင့် ကယားပြည်နယ်အစိုးရတို့က ပြည်တွင်းဒုက္ခသည်များအတွက် နေအိမ်များတည်ဆောက်၊ ဇွန် ၁၃၊ ၂၀၁၄၊ web ။

၉၅။ VOA မြန်မာပိုင်း၊ ဗြိတိန်ကျွမ်းကျင်ပညာရှင်တစ်ဦးက ကရင်ပြည်နယ်တွင် မြေမြှုပ်မိုင်းရှင်းလင်းရေးကို အကူအညီပေးမည်ဖြစ်သည်၊ ဇွန် ၁၀၊ ၂၀၁၅၊ web ။

၉၆။ Geneva Call ၊ အိန္ဒိယ - မြန်မာ- လက်နက်ကိုင်အဖွဲ့များက လူသားချင်းစာနာမှုဆိုင်ရာဆောင်ရွက်ရေးကတိပြု၊နိုဝင်ဘာ ၂၅၊ ၂၀၁၄၊ web ။

ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (PNLA) ကလည်း ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် လက်နက်ကိုင်ပဋိပက္ခများ၌ ကလေးငယ်များကိုအကာအကွယ်ပေးသောဂျီနီဗာသဘောတူညီချက်ဆိုင်ရာကတိပြုလွှာတွင် လက်မှတ်ရေးထိုးခဲ့သည်။

**ကလေးစစ်သားများလွှတ်ပေးခြင်း။** နိုင်ငံတကာအသိုက်အဝန်းသည် မြန်မာစစ်တပ်အား ကလေးစစ်သားများအသုံးပြုမှုဖြင့် ဝေဖန်ပြောဆိုခဲ့ကြသည်။ ၂၀၁၁ ခုနှစ်အတွင်း သမ္မတဦးသိန်းစိန်အာဏာရရှိလာချိန်မှစတင်ကာ မြန်မာစစ်တပ်က စစ်မှုထမ်းနေသည့်ကလေးစစ်သားများကို ပြန်လွှတ်ပေးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် "ကလေးစစ်သားမရှိရေး" မူဝါဒတစ်ခုကို မူကြမ်းရေးဆွဲခဲ့သည်။ မြန်မာစစ်တပ်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှစ်ရပ်လုံးကို ကလေးစစ်သားများအသုံးပြုမှုဖြင့်လူများစွာကဝေဖန်သော်လည်း နှစ်ဖက်လုံးက ငြင်းဆိုခဲ့သည်။

မြန်မာစစ်တပ်သည် "ကလေးစစ်သားမရှိရေး" မူဝါဒတစ်ခုကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ ကလေးစစ်သားများခေါ်ယူစုဆောင်းမှုကို တရားဝင်တားမြစ်ခဲ့သည်။ မြန်မာအစိုးရသည် ကလေးငယ်များအား စစ်သားများအဖြစ်ခေါ်ယူစုဆောင်းအသုံးပြုမှုကို အဆုံးသတ်ရန်အတွက် ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်တွင် ကလေးငယ်များအပေါ် စိုးရိမ်ဖွယ် အခွင့်အရေးချိုးဖောက်မှုများအား စောင့်ကြည့်အစီရင်ခံရေးဆိုင်ရာ ကုလသမဂ္ဂနိုင်ငံအလိုက်လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ (UNCTFMR) နှင့် ၁၈ လစီမံကိန်းတစ်ရပ်ကို သဘောတူခဲ့သည်။ စီမံကိန်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့၌ ခြောက်လသက်တမ်းတိုးခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လ ၂၈ ရက်တွင် ထပ်မံသက်တမ်းတိုးခဲ့သည်။ ကလေးများအား ခေါ်ယူစုဆောင်းမှုဖြင့် အရာရှိ ၄၈ ဦးနှင့် အခြားအဆင့် ၂၇၁ ဦးကို အရေးယူခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကလေးစစ်သားများအဖွဲ့ (Child Soldiers International) ၏အဆိုအရ မြန်မာစစ်တပ်ရှိ ရာထူးနိမ့်သောအရာရှိများအနေဖြင့် တပ်သားသစ်စုဆောင်းသူများကို တပ်ရင်းအဆင့် ဆုချီးမြှင့်မည်ဟူသော "တရားမဝင်မက်လုံးပေးသည့်စနစ်" ကို အသုံးပြုနေဆဲဖြစ်သည်ဟု သိရသည်။

**ဇယား (၁၉) - ၂၀၁၄ ခုနှစ်တွင် မြန်မာစစ်တပ်က လွှတ်ပေးသောကလေးစစ်သားများ**

| စဉ် | လွှတ်ပေးသောနေ့ | အကြိမ် | လွှတ်ပေးသည့်အရေအတွက် |
|---|---|---|---|
| ၁ | ၃ စက်တင်ဘာ ၂၀၁၂ | ပထမအကြိမ် | ၄၂ |
| ၂ | ၁၅ ဖေဖော်ဝါရီ ၂၀၁၃ | ဒုတိယအကြိမ် | ၂၄ |
| ၃ | ၀၇ ဇူလိုင် ၂၀၁၃ | တတိယအကြိမ် | ၄၂ |
| ၄ | ၀၈ ဩဂုတ် ၂၀၁၃ | စတုတ္ထအကြိမ် | ၆၈ |
| ၅ | ၁၈ ဇန်နဝါရီ ၂၀၁၄ | ပဉ္စမအကြိမ် | ၉၆ |
| ၆ | ၀၁ ဩဂုတ် ၂၀၁၄ | ဆဋ္ဌမအကြိမ် | ၉၁ |
| ၇ | ၂၅ စက်တင်ဘာ ၂၀၁၄ | သတ္တမအကြိမ် | ၁၀၉ |
| ၈ | ၂၄ နိုဝင်ဘာ ၂၀၁၄ | အဋ္ဌမအကြိမ် | ၈၀ |
| ၉ | ၂၃ ဇန်နဝါရီ ၂၀၁၅ | နဝမအကြိမ် | ၄၂ |

၉၇။ Global New Light of Myanmar ကလေးစစ်သား ၈၀ဦး မိဘများနှင့်ပြန်လည်တွေ့ဆုံသည့်အခမ်းအနား၊ နိုဝင်ဘာ ၂၄၊ ၂၀၁၄၊ စာမျက်နှာ ၂။

၉၈။ Child Soldiers International အဖွဲ့၊ ရေဒါအောက်မှ - မြန်မာတပ်မတော်တွင် ကလေးစစ်သားများကို ဆက်လက်စုဆောင်းအသုံးပြုနေခြင်း၊ ဇန်နဝါရီ ၂၀၁၅၊ စာမျက်နှာ ၈။

၉၉။ မြဝတီ၊ တပ်မတော်က ကလေးစစ်သားများကို လွှတ်ပေးကာ မိဘများထံ ပြန်လည်လွှဲအပ်၊ မိုးဦး၊ စက်တင်ဘာ ၂၆၊ ၂၀၁၄။

၁၀၀။ UNICEF ၊ တစ်နှစ်အတွင်း ကလေးစစ်သား ၄၀၀ ကျော်ကို မြန်မာစစ်တပ် ပြန်လွှတ်၊ ဇန်နဝါရီ ၂၃၊ ၂၀၁၅၊ web ။

ယူနီဆက်ဖ်၏အဆိုအရ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အစိုးရမဟုတ်သည့်လက်နက်ကိုင်ခုနစ်ဖွဲ့ကို မြန်မာနိုင်ငံ၌ ကလေးများစုဆောင်းအသုံးပြုခြင်းကို "ဆက်လက်ကျူးလွန်နေသူများ"အဖြစ်စာရင်းသွင်းထားကြောင်း သိရသည်။

၁။ ဒီမိုကရေစီအကျိုးပြုကရင်အမျိုးသားတပ်မတော် (DKBA)
၂။ ကချင်ပြည်လွတ်လပ်ရေးတပ်မတော် (KIA)
၃။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)
၄။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ငြိမ်းချမ်းရေးကောင်စီ (KPC)
၅။ ကရင်နီတပ်မတော် (KA)
၆။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)
၇။ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ စီးပွားရေးလုပ်ငန်းများ

တိုင်းရင်းသားလက်နက်ကိုင်များကို စီးပွားရေးဆိုင်ရာလိုက်လျောပေးမှုများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးပါသောအစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ပေသည်။ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် မိမိတို့၏အဖွဲ့အစည်းများအတွက် တရားဝင်ဖူလုံသောဘဏ္ဍာငွေရရှိစေပြီး မိမိတို့၏သက်ဆိုင်ရာဒေသအသီးသီး၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် ပါဝင်လာစေသည်။ သို့သော်လည်း ၁၉၉၀ ပြည့်လွန်နှစ်များက အတွေ့အကြုံအရ ယင်းသို့ စီးပွားရေးလိုက်လျောပေးမှုက အစိုးရမဟုတ်သည့်လက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များကို အကျင့်ပျက်ခြစားမှုဆီသို့ မကြာခဏရောက်သွားတတ်စေသည်ဖြစ်ရာ ယင်းမှာအလွန်အမင်းအငြင်းပွားဖွယ်ဆွေးနွေးရမည့် ခေါင်းစဉ်တစ်ခုအဖြစ်ရှိနေဆဲဖြစ်သည်။ ယင်းမှာ တိုင်းရင်းသားလက်နက်ကိုင်များအား တိုင်းရင်းသားတန်းတူ အခွင့်အရေးအတွက် နိုင်ငံရေးတိုက်ပွဲဝင်နေသည့်မူလလမ်းကြောင်းမှသွေဖီသွားစေရန် လာဘ်သိပ်ထိုးလိုက်သည့် အစိုးရ၏ပရိယာယ်တစ်ခုဖြစ်သည်ဟု အများကမြင်ကြသည်။ ၂၀၁၀ ရွေးကောက်ပွဲပြီးနောက် အပစ်အခတ်ရပ်စဲရေးပျက်ပြားခြင်း၊ အထူးသဖြင့် ကချင်ပြည်နယ်နှင့် ကိုးကန့်ဒေသတို့၌ တိုက်ပွဲများပြန်လည်ဖြစ်ပေါ်လာရခြင်းမှာ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း အပစ်အခတ်ရပ်စဲစဉ် နိုင်ငံရေးထက် စီးပွားရေးကို ဦးစားပေးခဲ့မှုကြောင့်ဖြစ်ကြောင်း မကြာခဏ ဝေဖန်ပြောဆိုကြသည်။ တိုင်းရင်းသားလက်နက်ကိုင်များသည်ယခုအခါတွင် အပစ်အခတ်ရပ်စဲရာတွင် စီးပွားရေးအခွင့်အလမ်းများ မတောင်းဆိုဘဲ မိမိတို့၏နိုင်ငံရေးရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရေးသာ တွန်းတွန်းတိုက်တိုက်ဆောင်ရွက်ရန် လွန်စွာဂရုစိုက်လာကြသည်။

**ဇယား (၂၀)** - အပစ်အခတ်ရပ်စဲရေးသဘောတူပြီးနောက်
အစိုးရမဟုတ်သောလက်နက်ကိုင်များ၏ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများ

| အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ | မှတ်ပုံတင်ထားသည့်ကုမ္ပဏီ | အသေးစိတ် |
| --- | --- | --- |
| CNF | Khonumhtung (၂၀၁၂) | ဆောက်လုပ်ရေး၊ သစ်ထုတ်လုပ်ရေး၊ ဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ထန်တလန်မှ ၁၅ မိုင်ရှိ လမ်းဖောက်လုပ်ရန် ကန်ထရိုက်ရရှိထား၊ ကျွန်းတန် ၁၀၀၀ နှင့် အခြားသစ်မာတန် ၁၀၀၀ ဖြတ်ရန်ခွင့်ပြုချက်ရရှိထားသည်။ |

| | | |
|---|---|---|
| DKBA | မှတ်ပုံတင်ခြင်းမရှိ | ရာဘာစိုက်ခင်း၊ သစ်မွှေးစိုက်ခင်း၊ သတ္တုတွင်းလုပ်ငန်းနှင့် ကျွန်း/သစ်မာထုတ်လုပ်ရေး။ |
| ကရင်နယ်ခြားစောင့်တပ်များ | မှတ်ပုံတင်ခြင်းမရှိ (နယ်ခြားစောင့်တပ်တစ်ခုအဖြစ် စီးပွားရေးလုပ်) | စီးပွားဖြစ် စိုက်ပျိုးရေး၊ သတ္တုတွင်း၊ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေးနှင့် ခရီးသွားလုပ်ငန်း(နယ်ခြားစောင့် တပ်ဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးစောချစ်သူက ပြောဆိုရာတွင် အမြတ်အစွန်း ၅၀%ကို ဒေသဖွံ့ဖြိုးရေး၊ အဖွဲ့ဝင်မိသားစုများ၏ ကျန်းမာရေး၊ ပညာရေးအတွက် ပြန်လည်အသုံးပြုသည်ဟု ဆိုသည်။) |
| KIO | Buga (၁၉၉၄) | မြစ်ကြီးနားသို့ လျှပ်စစ်ထုတ်လုပ်ပို့လွှတ်ခြင်း၊ သတ္တုတွင်း (ကျောက်စိမ်း)၊ ကုန်သွယ်ရေး၊ စီးပွားဖြစ်စိုက်ပျိုးရေး၊ (၂၀၁၁ ခုနှစ် အပစ်ရပ်စဲရေး ပျက်ပြားပြီးနောက် လျှပ်စစ်ပို့လွှတ်နေခြင်းမှလွဲ၍ ကျန်လုပ်ငန်းများ ရပ်ဆိုင်းနေပြီးဖြစ်သည်။) |
| KNPP | ၁။ ကယားဌာနေကုမ္ပဏီ (၂၀၁၂)<br>၂။ Tamaw Hta (၂၀၁၂) | ကယားဌာနေကုမ္ပဏီ၏ ခဲထုတ်လုပ်ရေးကို ကယားပြည်နယ်တွင် ဆောင်ရွက်နေသည်။<br>တမောထာကုမ္ပဏီက ကျွန်းသစ်ကိုအခြေခံ၍ သွင်းကုန်ထုတ်ကုန်တင်ပို့မည် ဖြစ်သည်။ |
| KNU | ၁။ MOE KO SAN Travel & Tours Co.Ltd, Trading Company Ltd. (တပ်မဟာ ၇ က ဖွင့်သည်)<br>၂။ ဆောင်းဆည်းဆာ ကုမ္ပဏီလီမိ တက် (တပ်မဟာ ၆ မော်လမြိုင်က ဖွင့်သည်)<br>၃။ Doh Meik Swe သယ်ယူပို့ဆောင်ရေးကုမ္ပဏီ<br>၄။ မှတ်ပုံတင်ခြင်းမရှိသောစီးပွားရေးလုပ်ငန်းများ | သစ်ထုတ်လုပ်ရေး၊ သတ္တုမိုင်း၊ စီးပွားဖြစ် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး။ |
| KPC | မှတ်ပုံတင်ခြင်းမရှိ | ရာဘာစိုက်ခင်း၊ သယ်ယူပို့ဆောင်ရေး၊ နယ်စပ်ကုန်သွယ်ရေး သတ္တုတွင်းတူးဖော်ရေးအတွက် တောင်းဆိုထားပြီး၊ သတ္တုထုတ်ကုန်များကုန်သွယ်ရေးလိုင်စင် လျှောက်ထားသည်။<br>ခရီးသွားလုပ်ငန်း။ |

| | | |
|---|---|---|
| NDAA | ရွှေလင်းစတား ခရီးသွားလုပ်ငန်း (၁၉၈၉) | သတ္တုတွင်း၊ စီးပွားဖြစ်စိုက်ပျိုးရေး၊ သစ်ထုတ်လုပ်ငန်း၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့်ကာစီနို လုပ်ငန်းများ။ သစ်တန် ၁၀၀၀၀ ထုတ်ရန်တောင်းဆိုသည့် အနက်မှ ကျွန်းသစ်တန် ၁၀၀၀ ထုတ်ယူခွင့်ပြုသည်။ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ခွင့်ပြုသည်။ သတ္တုတွင်းများတူးဖော်နေသည်။ |
| NMSP | ၁။ ရာမညနိုင်ငံတကာ (၁၉၉၅)<br>၂။ ဟံသာဝတီကုမ္ပဏီ (၁၉၉၅)<br>၃။ ရာမညယူနိုက်တက် (၂၀၁၂) | ဆောက်လုပ်ရေး၊ စီးပွားဖြစ် စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေး။ |
| PNLO | မှတ်ပုံတင်ဆိုင်းငံ့ထား | သစ်ထုတ်လုပ်ရေး၊ သတ္တုတွင်းတူးဖော်ရေး ခွင့်ပြုထားပြီး၊ ကုန်သွယ်ရေး၊ ဘိလပ်မြေ၊ ဆောက်လုပ်ရေးနှင့် ဟိုတယ်နှင့် ကုန်ဂိုဒေါင်များ လုပ်ကိုင်လည်ပတ်ရေး။ |
| RCSS | ရှမ်းတောင်တန်းချယ်ရီ (၂၀၁၂) | သတ္တုတွင်း၊ လမ်းဖောက်လုပ်ရေး၊သစ်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေး၊ဓာတ်အားဖြန့်ဖြူးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ စီးပွားဖြစ်စိုက်ပျိုးရေး လုပ်ငန်းများခွင့်ပြုထားပြီး။<br>ရှမ်းပြည်နယ်တောင်ပိုင်းတွင် စက်မှုဇုန်ဆောက်ရန် အဆိုပြုထားသည်။ |
| SSPP | မှတ်ပုံတင်ခြင်းမရှိ | SSPP ခေါင်းဆောင်များက ပတ္တမြားတွင်း တူးဖော်နေကြောင်း၊ ၁၉၈၉ အပစ်အခတ်ရပ်စဲရေး ပြီးကတည်းက ကုန်သွယ်မှုများ ခွင့်ပြုထားကြောင်း သိရှိရသည်။ |
| UWSA | သော်တာဝင်း (၂၀၁၂ တွင် မှတ်ပုံတင်) ယခင် Hong Pang Group (၁၉၈၈)<br>၁။ Tet Kham Co.Ltd<br>၂။ Myanmar Dagaung Co.Ltd<br>၃။ Mong Mau Co.Ltd<br>၄။သံလွင်တောင်တန်းရတနာ ကုမ္ပဏီ<br>၅။ ဝ ရိုးမရတနာကုမ္ပဏီ<br>၆။ပန်ခမ်း-ပန်ဆန်းထရေးဒင်း ကုမ္ပဏီ<br>၇။ ဝ ခရီးသွားလာရေးကုမ္ပဏီ<br>၈။ ရှမ်းရွှေလီရတနာကုမ္ပဏီ | စီးပွားရေးလုပ်ငန်းအမျိုးမျိုး ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ ကျောက်မျက်နှင့် သတ္တု၊ သစ်ထုတ်လုပ်ရေး၊ရေနံ၊ လျှပ်စစ်ပစ္စည်း၊ တယ်လီကွန်မြူနီကေးရှင်း၊ စက်ရုံများ၊ ဘဏ်များ၊ အရက်ချက်စက်ရုံ၊ ကုန်တိုက်များ၊ လေကြောင်းလိုင်း၊ ဟိုတယ်များနှင့် ဘီယာချက်စက်ရုံ။ |

## တိုင်းရင်းသားဒေသရှိ ဖွံ့ဖြိုးရေး စီမံကိန်းများ

၂၀၁၄ ခုနှစ်၊ မတ်လ ၄ ရက်တွင် "ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေမူကြမ်း" ကို လွှတ်တော်က အတည်ပြုခဲ့သည်။ အဆိုပါ ဥပဒေမူကြမ်းအရ အစိုးရအနေဖြင့် မြို့နယ်တစ်ခုချင်းစီကို ကျပ်သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ ဝန်းကျင်)ထောက်ပံ့ပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည်။ အစိုးရသည် ၎င်း၏ဂုဏ်သိက္ခာ ပိုမိုတက်လာစေရန်နှင့်ငါးနှစ်တာကာလမပြည့်မီ လူထုထောက်ခံမှု ပြန်လည်ရရှိရန် ကြိုးပမ်းလျက်ရှိသည်ဟု အများက ယူဆကြသည်။ သို့သော် အချို့သောမြို့နယ်အာဏာပိုင်များကမူ ၎င်းတို့အား ချပေးသည့်ငွေကြေးခွဲတမ်းများကို အသုံးပြုခြင်းမရှိဘဲအစိုးရသို့ ပြန်လည်အပ်နှံကြသည်ဟု ဆိုသည်။ အချို့သော ဒေသအာဏာပိုင်များက အချို့သောငွေကြေး များကို မိမိတို့ကိုယ်ကျိုးအတွက်သာ သုံးစွဲကြသည့်အတွက် ယင်းမှာ အရင်းအမြစ်ဖြုန်းတီးခြင်းတစ်မျိုးဟူ၍ ဝေဖန်ရေးသမားများက ဆိုကြသည်။ ယင်းသို့ ဖွံ့ဖြိုးရေးရန်ပုံငွေ ချပေးခြင်းမှာ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ဖြစ်သည်။

အစိုးရသည် ပြည်ပအစိုးရအဖွဲ့အစည်းများ၊ INGOs အဖွဲ့အစည်းများနှင့် ပူးတွဲစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ နယ်စပ်ရေးရာဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကတာဝန်အရှိဆုံး အစိုးရအဖွဲ့အစည်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ဒေသများတွင် လမ်းဖောက်ခြင်းကဲ့သို့ အခြေခံအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေဆဲဖြစ်သော်လည်း လမ်းများက ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးရှိနိုင်ပါသည်။

ဇယား(၂၁)။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပူးပေါင်းဆောင်ရွက်မှု[၁၀၁]

| စဉ် | နိုင်ငံ/ အဖွဲ့အစည်း | အကောင်အထည်ဖော်သည့် ဒေသ | စီမံကိန်း | အချိန်ကာလ | စီစဉ်ထားသော ဘတ်ဂျက် |
|---|---|---|---|---|---|
| ၁ | အိန္ဒိယ | ချင်းပြည်နယ်နှင့်နာဂဒေသ | အခြေခံအဆောက်အအုံ၊ ပညာရေး၊ ကျန်းမာရေး | ၂၀၁၃-၂၀၁၈ | US$ ၂၅၀၀၀၀၀၀ |
| ၂ | ကမ္ဘာ့ စားနပ်ရိက္ခာ စီမံကိန်း(WFP) | ကချင်၊ ချင်း၊ ရခိုင်၊ ရှမ်း၊ မွန်၊ ကရင်ပြည်နယ်များနှင့် မကွေး၊ ရန်ကုန်၊ တနင်္သာရီတိုင်းဒေသကြီးများ | ဆန်စပါးနှင့် စားနပ်ရိက္ခာ ဖြန့်ဖြူးခြင်း | ၂၀၁၃-၂၀၁၅ | US$ ၁၆၇၆၈၇၅၈၄ |
| ၃ | World Vision | ကရင်ပြည်နယ်နှင့် ကိုးကန့်ဒေသ | ဒေသဖွံ့ဖြိုးရေး | ၂၀၁၁-၂၀၁၄ | US$ ၃၁၈၀၀၀၀ |
| ၄ | TPA | ရှမ်းပြည်နယ် | ဒေသဖွံ့ဖြိုးရေး | ၂၀၁၂-၂၀၁၅ | US$ ၁၉၄၉၃၁၀ |
| ၅ | SWIQAID | ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် | ဒေသဖွံ့ဖြိုးရေး | ၂၀၁၃-၂၀၁၅ | US$ ၃၀၃၀၄၀၀ |

၁၀၁။ ၂၀၁၅ ခုနှစ် ဧပြီလ ၃၀ ရက်တွင် နယ်စပ်ရေးရာဝန်ကြီးဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုခြင်း၊

| | | | | | |
|---|---|---|---|---|---|
| ၆ | AMDA | ရှမ်းပြည်နယ်နှင့် ကိုးကန့်ဒေသ | ဒေသဖွံ့ဖြိုးရေး | ၂၀၁၂-၂၀၁၄ | US$ ၁၅၆၁၁၂၆ |
| ၇ | UNHCR | ကယား၊ ကရင်၊ ချင်း၊ မွန်နှင့် ရှမ်းပြည်နယ်များ၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး | ဒေသဖွံ့ဖြိုးရေး | ၂၀၁၃-၂၀၁၅ | US$ ၉၀၅၀၀၀၀ |
| ၈ | SDC | မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် | ဒေသဖွံ့ဖြိုးရေး | ၂၀၁၃-၂၀၁၆ | US$ ၇၅၀၀၀၀၀ |
| ၉ | WHH | ရှမ်းပြည်နယ်မြောက်ပိုင်း | ဒေသဖွံ့ဖြိုးရေး | ၂၀၁၃-၂၀၁၆ | US$ ၁၀၄၈၀၀၀ |

**ဇယား (၂၂)။ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မည့် နယ်စပ်ရေးရာဝန်ကြီးဌာန၏စီမံကိန်း**

| စဉ် | နိုင်ငံ/ အဖွဲ့ အစည်း | အကောင်အထည် ဖော်မည့်ဒေသ | စီမံကိန်း | အချိန်ကာလ | စီစဉ်ထားသော ဘတ်ဂျက် |
|---|---|---|---|---|---|
| ၁ | နိပွန် ဖောင်ဒေးရှင်း | ရှမ်းပြည်နယ် | စာသင်ကျောင်း ၁၀၀ တည်ဆောက်ရေး | ၂၀၁၃ -၂၀၁၅ | US$ ၅၀၀၀၀၀၀ |
| ၂ | Bridge Asia Japan (Nippon Foundation) | ရခိုင်ပြည်နယ် | စာသင်ကျောင်း ၁၀၀ တည်ဆောက်ရေး | ၂၀၁၃ -၂၀၁၈ | US$ ၆၀၀၀၀၀၀ |
| ၃ | Malteser | ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ် | ဒေသဖွံ့ဖြိုးရေး | ၂၀၁၃ -၂၀၁၆ | US$ ၄၂၃၀၀၀၀ |
| ၄ | JICA | ရှမ်းပြည်နယ် မြောက်ပိုင်း | ဒေသဖွံ့ဖြိုးရေးများ | ၂၀၁၃ -၂၀၁၈ | US$ ၆၄၁၀၀၀၀ |
| ၅ | JICA | ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် | ဒေသဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း -ပြည်တွင်းဒုက္ခသည်များနှင့်နေရပ်ပြန်လာသည့်ဒုက္ခသည်များကိုပြန်လည်နေရာချထားရေးစီမံကိန်း | ၂၀၁၃ -၂၀၁၇ | US$ ၆၀၀၀၀၀၀ |
| ၆ | Groupe de Recherches et d'Echanges Technologiques (GRET) | ချင်းပြည်နယ် | ဒေသဖွံ့ဖြိုးရေးများ | ၂၀၁၃ -၂၀၁၆ | US$ ၃၄၇၄၈၃၀ |

## မူးယစ်ဆေးဝါးပပျောက်ရေး

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် မူးယစ်ဆေးဝါးအများဆုံး ထုတ်လုပ်သည့်နိုင်ငံအဖြစ်ရှိနေဆဲ နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင်မူ ဘိန်းဖြူအတွက် ကုန်ကြမ်းဖြစ်သည့် ဘိန်းစိမ်းထုတ်လုပ်ရာတွင် အာဖဂန်နစ္စတန်ပြီးလျှင် ဒုတိယအများဆုံးဖြစ်ကြောင်း ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုရုံး(UNODC)ကဆိုသည်။နိုင်ငံခြားအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုနှင့်အတူ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကြိုးပမ်းကြသော်လည်း မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အမြင့်ဆုံးအဆင့်၌ ရှိနေဆဲဖြစ်ကြောင်း UNODC အစီရင်ခံစာတွင် ဖော်ပြထားသည်။ မူးယစ်ဆေးဝါးမှရရှိသောငွေကြေးသည် စစ်ပွဲများအတွက် လိုအပ်သည်ဖြစ်ရာ မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံတွင်လက်ရှိကြုံတွေ့နေရသည့် နိုင်ငံရေးပြဿနာများနှင့် အခိုင်အမာဆက်စပ်လျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံ၌ လက်နက်ကိုင်တိုက်ပွဲများဖြစ်ပေါ်ရသည့် အဓိကရေသောက်မြစ်ပင်ဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

## အစိုးရ၏ကြိုးပမ်းအားထုတ်မှုများ

မြန်မာအာဏာပိုင်များသည် ၂၀၁၄ ခုနှစ် ဘိန်းစိုက်ပျိုးသည့်ရာသီတွင် ဘိန်းခင်း ၁၅၁၈၈ ဟက်တာကို ဖျက်ဆီး ခဲ့ကြောင်း မြန်မာအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘိန်းစိုက်ဧရိယာ စုစုပေါင်း ၅၇၈၈၀ဟက်တာအနက်မှ ၁၉ ရာခိုင်နှုန်းကို ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ ဩဂုတ်လ ၁၈ ရက်နေ့တွင် အစိုးရနှင့် UNODC တို့သည် ၂၀၁၄-၂၀၁၇ ခုနှစ်အတွက် သမိုင်းဝင် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း၌ လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါစီမံကိန်းအရ ၎င်းတို့သည် တရားဥပဒေကို ပိုမိုခိုင်မာစေရန်နှင့် ရာဇဝတ်မှုနှင့်မူးယစ်ဆေးဝါးပြဿနာ များကို သိသာထင်ရှားစွာ ကိုင်တွယ်ဖြေရှင်းရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူခဲ့ကြခြင်းဖြစ်သည်။[၁၀၂]

မြန်မာနိုင်ငံရှိ ရာဇဝတ်မှုခင်းများက ဖွံ့ဖြိုးရေး ကြိုးပမ်းအားထုတ်မှုများကို ထိခိုက်မှုရှိလာပြီးပြည်သူများကို ပိုမို၍ မလုံမခြုံဖြစ်လာစေကြောင်းနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ခြိမ်းခြောက်လျက်ရှိကြောင်း UNODC ဌာနေကိုယ်စား လှယ် ဂျရေမီဒေါက်ကလပ်စ်က ဆိုသည်။[၁၀၃] တရားဥပဒေစိုးမိုးမှုနှင့် ရာဇဝတ်မှုခင်းဆိုင်ရာ တရားစီရင်မှုစွမ်းရည် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊ မူးယစ်ဆေးစွဲသူများအတွက် အရည်အသွေးမီကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုများ ပြားလာစေရန်၊ ဘိန်းစိုက်လယ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် လုံလောက်သောစီးပွားရေးပြောင်းလဲ မှုများကို ပေးအပ်ရန်နှင့် နိုင်ငံ၏စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် ပါဝင်ရန် UNODC အနေဖြင့် အစိုးရ နှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်စီမံကိန်းတွင် စီမံကိန်းငယ်ငါးခု ပေါင်းစပ်ပါဝင်မည်ဖြစ်ရာဖြစ်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု (transnational organized crime)၊ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး၊ မှုခင်းဆိုင်ရာတရားစီရင်ရေး၊ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေး၊ ဘိန်းစိုက်လယ်သမားများပြောင်းလဲတိုးတက်ရေး တို့ပါဝင်သည်။

မြန်မာအာဏာပိုင်များသည် မူးယစ်ဆေးအလွဲသုံးမှုနှင့်မှောင်ခိုကူးမှု ဆန့်ကျင်တိုက်ဖျက်ရေး (၂၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာနေ့အထိမ်းအမှတ်အဖြစ် ဖမ်းဆီးရမိထားသည့် ဒေါ်လာ သန်း ၁၃၀ ကျော်တန်ကြေးရှိသော မူးယစ်ဆေးဝါးများကို ၂၀၁၄ ခုနှစ် ဇွန်လ ၂၆ ရက်တွင် ဖျက်ဆီးခဲ့သည်။[၁၀၄] မူးယစ်ဆေးဝါးတိုက်ဖျက်ရေးရဲများ၊ စစ်တပ်နှင့်ရဲတပ်ဖွဲ့ဝင်များသည် တရားမဝင်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလှုပ်ရှားမှုကို ဇူလိုင်လတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း၌ စတင်ပြုလုပ်ခဲ့သည်။ ၎င်းတို့သည် မူးယစ်ဆေးဝါးမှောင်ခိုကူးသူများကိုဖမ်းဆီးကာ ဘိန်းဖြူ ၄၄၅ ထုပ်၊

၁၀၂။ UNODC ၊ မြန်မာနှင့် UNODC တို့သည် ဥပဒေပိုမိုခိုင်မာစေရေးနှင့် ရာဇဝတ်မှုနှင့်မူးယစ်ဆေးဝါး တန်ပြန်နှိမ်နင်းရေး သမိုင်းဝင်သဘောတူ လက်မှတ်ထိုး၊ ဩဂုတ် ၁၈၊ ၂၀၁၄၊ web ။

၁၀၃။ Ibid။

၁၀၄။ MYANMAR TIMES ၊ ဒေါ်လာသန်း ၁၃၀ တန်ကြေးရှိ မူးယစ်ဆေးဝါးများကို ရဲများက ဖျက်ဆီး၊ သို့သော် ထုတ်လုပ်မှုမြင့်တက်၊ ဝလုံး၊ ဇွန် ၃၀၊ ၂၀၁၄၊ web ။

စိတ်ကြွရူးသွပ်ဆေးပြား ၂၅၁၆ ပြား၊ စိတ်ကြွရူးသွပ်ဆေးခဲ ၀.၅၀၅ ကီလိုဂရမ်၊ ကဖင်း ၆၀ ကီလိုဂရမ်၊ အီသိုင်း ၄၁၁၆၄.၀၃ လီတာ၊ သေနတ် ၇ လက်၊ ကျည်ဆန်အတောင့် ၅၂၀၊ ကျည်ကပ် ၂၆ ကပ်၊ လက်ပစ်ဗုံး ၃ လုံးနှင့် ရေဒီယိုအသံဖမ်းစက် ၃ လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ အဆိုပါပစ္စည်းများသည် မြန်မာကျပ်ငွေဖြင့် စုစုပေါင်း ခန့်မှန်းတန်ဖိုး ၂၉၈၇ သန်း(ဒေါ်လာ ၂.၉၉ သန်းနှင့်ညီမျှသည်) ခန့် တန်ကြေးရှိသည်။ (မြန်မာ့အလင်း၊ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၇ ရက်၊ စာမျက်နှာ ၅)

အစိုးရတပ်ဖွဲ့ဝင်များနှင့်ရဲများ။ မြန်မာစစ်တပ်နှင့်ရဲများသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့နှင့် ၂၀ ရက်နေ့အကြား ပူတာအိုနှင့်တနိုင်းမြို့နယ်များတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးလှုပ်ရှားမှုတစ်ရပ်ပြုလုပ်ခဲ့သည်။ ၄င်းတို့သည် ပူတာအိုမြို့နယ် ဆူပိန်းဒေသရှိ ဘိန်းစိုက်ခင်း ၃.၃ ဧက၊ တနိုင်းမြို့နယ် မာကောကျေးရွာအုပ်စုရှိ ဘိန်းစိုက်ခင်း ၂.၃ ဧကအပါအ၀င် စုစုပေါင်းဘိန်းစိုက်ခင်း ၃၃ ဧကကို ဖျက်ဆီးခဲ့သည်။ (မြ၀တီ၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်)

ရဲများသည် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့က နယ်စပ်မြို့ဖြစ်သည့်တာချီလိတ်အနီး လားဟူလူမျိုး မူးယစ်ဆေးဝါး မှောင်ခိုကူးသူနှစ်ဦးကို ဘိန်းဖြူ ၁၄၁.၄ ကီလိုဂရမ်၊ ချေမှုန်းရေးရိုင်ဖယ်များ၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသည့်ဘိန်းဖြူများ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ သန်းခန့် ရှိသည်။

**အစိုးရနှင့် UNODC။** ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုရုံး (UNODC) နှင့်ပူးပေါင်း၍ မြန်မာအစိုးရအနေဖြင့် ဘိန်းအစားထိုးစိုက်ပျိုးရေးစီမံကိန်းများကို ရှမ်းပြည်နယ်တွင် ချဲ့ထွင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ ပြည်ထဲရေး၀န်ကြီးဌာန ဒုတိယ၀န်ကြီးက ဇန်နဝါရီလ ၁၈ ရက်တွင် ပြောဆိုခဲ့သည်။ မူးယစ်ဆေးဝါးအလွဲသုံးမှု ထိန်းချုပ်ရေးဗဟိုကော်မတီ၊ အလှူရှင်နိုင်ငံများ၊ UNODC တို့နှင့် နေပြည်တော်တွင်ပြုလုပ်သည့်အစည်းအဝေးပွဲ တစ်ခုတွင် ပြည်ထဲရေးဒုတိယ၀န်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက စီမံကိန်းကို ရှမ်းပြည်နယ်ရှိ မိုင်းနိုင်၊ မိုင်းပန်၊ ပင်လောင်း၊ ဖယ်ခုံနှင့် မိုင်းတုံမြို့နယ်များတွင် သီးနှံများဖျက်ဆီးခံရသည့် ဘိန်းစိုက်သူများအတွက် အစားအစာဖူလုံမှုရှိရေးကြိုးပမ်းမှုတစ်ရပ်အနေဖြင့် စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။[၁၀၅]

**နိုင်ငံတကာထောက်ပံ့ကူညီမှု။** လွန်ခဲ့သည့်ဆယ်စုနှစ် နှစ်စုကျော်က မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်အစားထိုးသီးနှံစိုက်ပျိုးရေးအတွက် နိုင်ငံတကာအထောက်အပံ့အကြီးအကျယ် လက်ခံရရှိခဲ့သည်။ အထောက်အပံ့များသည် UNODC မှတစ်ဆင့် ဖြတ်သန်းသွားခြင်းဖြစ်သည်။ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ UNODC နှင့် မြန်မာအစိုးရတို့အကြား သုံးပွင့်ဆိုင်သဘောတူလက်မှတ်ရေးထိုးခြင်းကို ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၇-၂၈ ရက်နေ့တို့တွင် တာချီလိတ်မြို့၌ပြုလုပ်ခဲ့သည်။ ယင်းသဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် သိသာထင်ရှားသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံကိန်းတစ်ခုမှာ ဒေါ်လာသန်းပေါင်းများစွာပါ၀င်သည့် ရှမ်းပြည်နယ်အရှေ့ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ထားသည်။ ယင်းမှာ ဘိန်းစိုက်ပျိုးသည့်လယ်သမားများအတွက် ပြောင်းလဲတိုးတက်ရေးစီမံကိန်းအပေါ်အခြေခံထားခြင်းဖြစ်ပြီး ပြည်နယ်၏ အခြေခံအဆောက်အအုံများတည်ဆောက် ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ် သည်။ အဆိုပါလုပ်ငန်းစဉ်တွင် အစိုးရ၊ တပ်မတော်၊ RCSS နှင့် UNODC တို့ပါ၀င်ပြီး ရှမ်းပြည်နယ်အတွင်း စစ်တမ်းကောက်ယူရေး၀န်ထမ်းများကို သွားရောက်ခွင့်ပြုမည်ဖြစ်သည်။ ယင်းမှာ အဖွဲ့အစည်းအားလုံးအကြား ယုံကြည်မှုပိုမိုတိုးတက်လာစေရန် ရည်ရွယ်ပေသည်။

RCSS ၏မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဖွဲ့အနေဖြင့် လိုအပ်သော စစ်တမ်းကောက်ယူမှုများ စတင်ပြုလုပ်ရန် UNODC မှတာ၀န်ရှိသူများနှင့် အကြိမ်ပေါင်းများစွာတွေ့ဆုံခဲ့သော်လည်း လုပ်ငန်းစတင်ရေးဆိုင်ရာ ညွှန်ကြားချက်ထုတ်ပြန်မှုနှင့်

---

၁၀၅။ ဆင်ဟွာသတင်း၊ မြန်မာစစ်တပ်သည် ရှမ်းပြည်နယ်တွင် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုတိုးချဲ့ဆောင်ရွက်၊ ဖေဖော်ဝါရီ ၁၈၊ ၂၀၁၄၊ web ။

ပတ်သက်၍UNODC နှင့် အစိုးရတို့ထံမှ ကွဲလွဲသောပြောဆိုမှုများကိုသာရရှိခဲ့ကြောင်း RCSS က ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်တွင် ထုတ်ပြန်အစီရင်ခံခဲ့သည်။ ထို့ပြင် အစိုးရ၏မူးယစ်ဆေးအလွဲသုံးမှုထိန်းချုပ်ရေး ဗဟိုကော်မတီသည် မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းစဉ်များစွာတွင် မိမိတို့ကို ချန်လှပ်ထားခဲ့ကြောင်း RCSS က အခိုင်အမာဆိုခဲ့သည်။ "အစိုးရ၏ (ကတိစကား)မှာ စာရွက်ပေါ်တွင်သာရှိပြီး (ယင်းတို့) အနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် အမှန်တကယ်ပါဝင်လိုခြင်းမရှိကြောင်း" RCSS က မှတ်ချက်ချခဲ့သည်။ အဆိုပါဖြစ်ရပ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ယုံကြည်မှုတည်ဆောက်ခြင်းကို ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့သည်။

## တိုင်းရင်းသားလက်နက်ကိုင်များ၏ကြိုးပမ်းအားထုတ်မှု

**RCSS ။** မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်မှောင်ခိုကူးမှုဆန့်ကျင်ရေးအပြည်ပြည်ဆိုင်ရာနေ့ဖြစ်သည့် ၂၀၁၄ ခုနှစ် ဇွန်လ ၂၆ရက်နေ့တွင် ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) သည်သဘောတူညီချက်ကို အကောင်အထည်ဖော်ရေးပူးပေါင်းဆောင်ရွက်မှုအပေါ် သုံးသပ်ရန် အစိုးရကိုအကြိမ်ကြိမ်ချဉ်းကပ်ခဲ့သော်လည်း လက်ရှိအချိန်အထိ အရာမထင်ကြောင်း ပြောဆိုထားသည့် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ မူးယစ်ဆေးဝါးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြောင်းပြန်အကျိုးသက်ရောက်လျက်ရှိပေသည်။ RCSS အဖွဲ့သည် အစိုးရအား သဘောတူညီချက်ကို လိုက်နာအကောင်အထည်ဖော်ရန် တွန်းအားပေးခဲ့သည်။ ထို့ပြင် နိုင်ငံရေးပြဿနာများကိုလည်း တတ်နိုင်သမျှ ဆောလျင်စွာဖြေရှင်းသင့်ကြောင်း RCSS က ယူဆထားသည်။

DKBA ။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် DKBA အဖွဲ့က မြဝတီမြို့တွင် မူးယစ်ဆေးဝါးရောင်းသူနှစ်ဦးကို ကျပ်ငွေ သန်း ၃၀၀၀ တန်ကြေးရှိ မူးယစ်ဆေးဝါးဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး မြဝတီခရိုင်အုပ်ချုပ်ရေးမှူးရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ အစိုးရနှင့် DKBA အဖွဲ့သည် မူးယစ်ဆေးဝါး အလွဲသုံးမှုနှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူထားသည်။ မိမိတို့အနေဖြင့် သတင်းရချိန်တိုင်းတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း DKBA က ဆိုသည်။ ( 7 Days နေ့စဉ်သတင်း၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်)

**ကရင်လက်နက်ကိုင်အဖွဲ့များ သွေးစည်းညီညွတ်ရေးကော်မတီ။** ကရင်လက်နက်ကိုင်အဖွဲ့များ မဟာမိတ်အဖွဲ့သည် ကရင်ပြည်နယ်တွင် မူးယစ်ဆေးဝါးမှောင်ခိုကူးခြင်းကိုလည်းကောင်း၊ တရားမဝင်ဆေးဝါးများ သုံးစွဲခြင်းကိုလည်းကောင်း အတူတကွ စတင်ပြုလုပ်ခဲ့ကြသည်။ ကရင်လက်နက်ကိုင်အဖွဲ့များသွေးစည်းညီညွတ်ရေးကော်မတီသည် ယခုအခါတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးပူးတွဲကော်မတီဟုထင်ရှားသည့် မဟာမိတ်အဖွဲ့တစ်ဖွဲ့ကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် အစိုးရအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအား ပြည်သူများကို အသိပညာပေးကာ မူးယစ်ဆေးဝါးမှောင်ခိုကူးသူများနှင့် အသုံးပြုသူများကို အရေးယူသွားမည်ဖြစ်သည်။

အဆိုပါကော်မတီတွင် ကရင်လက်နက်ကိုင်အဖွဲ့အစည်းခြောက်ဖွဲ့မှ အဖွဲ့ဝင် ၁၇ ဦး ပါဝင်ပေသည်။ မူးယစ်ဆေးဝါး နှိမ်နင်းရေးပူးတွဲကော်မတီ မဖွဲ့စည်းမီက တရားမဝင်မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ် မေလတွင် ကရင်လက်နက်ကိုင်အဖွဲ့အစည်းများအတွက် သွေးစည်းညီညွတ်ရေးကော်မတီမှအဖွဲ့ဝင်များက စတင်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က မူးယစ်ဆေးဝါးပြဿနာများကို လူအများဂရုပြုမိလာစေရန်ရည်ရွယ်ကာ ကရင်ပြည်နယ်ရှိ ကော့ကရိတ်၊ လှိုင်းဘွဲ့နှင့် ဖာပွန် စသည့်မြို့နယ်များတွင် စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ (ကရင်သတင်းအချက်အလက်စင်တာ၊ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈)

**KIO/KIA ။** KIO သည် ဧပြီလ ၂၅ ရက်နေ့ကို ကချင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ KIO ၏ မူးယစ်ဆေးဝါးဆန့်ကျင်ရေးကော်မတီသည် မူးယစ်ဆေးဝါးဆန့်ကျင်ရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် မြစ်ကြီးနားနှင့် လိုင်ဇာတို့တွင်လည်းကောင်း၊ ပြည်တွင်းဒုက္ခသည်စခန်းများတွင်လည်းကောင်း စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြသည်။ အဆိုပါလှုပ်ရှားမှုများတွင် အရပ်သား ၂၀၀၀ ခန့် ပါဝင်ခဲ့ကြသည်။ (ဧရာဝတီသတင်း၊ ၂၀၁၄ ခုနှစ် ဧပြီလ ၂၈ ရက်)

**NMSP ။** ၂၀၁၄ ခုနှစ် မေလ ၂၀ ရက်နေ့တွင် NMSP ဗဟိုကော်မတီသည် မူးယစ်ဆေးအလွဲသုံးမှုကို တိုက်ဖျက်ရန်နှင့် မူးယစ်ဆေးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးစခန်းများထူထောင်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ဗဟိုကော်မတီသည် မူးယစ်ဆေးဝါးနှိမ်နင်းရေးလှုပ်ရှားမှုများတွင် အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ NGOs အဖွဲ့ အစည်းများ၊ CBOs/CSOs အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လည်း ဆုံးဖြတ်ခဲ့သည်။ NMSP သည် ၎င်းထိန်းချုပ်ထားသည့်နယ်မြေများတွင် မူးယစ်ဆေးဝါးမှောင်ခိုကူးသူနှင့်သုံးစွဲသူ ၂၀၀ ခန့်ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ (မဇ္ဈိမ၊ ၂၀၁၄ မေ ၂၀)

မွန်ပြည်သစ်ပါတီ (NMSP) သည် မတ်လ ပထမတစ်ပတ်ထဲ၌ပင် မွန်ပြည်နယ် သံဖြူဇရပ်နှင့်မုဒုံမြို့များတွင် မူးယစ်ဆေးဝါးသုံးစွဲသည့်လူငယ် ၃၀ ကျော်ကို ဖမ်းဆီးခဲ့သည်။ "အခုကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါးသုံးစွဲသူ ၃၀ ကျော်ကို ဖမ်းဆီးထားပါတယ်။ အများစုဟာ အသက် ၁၇ နှစ်က ၃၅ နှစ်ကြားအရွယ်တွေ"ဟု မူလမိန်ခရိုင် မုဒုံမြို့နယ်ရှိ NMSP ဆက်ဆံရေးရုံးမှ နိုင်ထွန်းအုန်းက ဆိုသည်။ (လွတ်လပ်သောမွန်သတင်းအေဂျင်စီ၊ ၂၀၁၅ မတ် ၁၀)

**TNLA ။** TNLA အဖွဲ့၏ပြောခွင့်ရပုဂ္ဂိုလ် တာပန်လက ၎င်းတို့၏မူးယစ်ဆေးဝါးနှိမ်နင်းရေးမူဝါဒကို ပြောဆိုခဲ့သည်။ "ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ဒေသမှာ မူးယစ်ဆေးဝါးတွေအမြစ်ပြတ်သွားဖို့ ဒေသခံတွေနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် မူးယစ်ဆေးဝါးဟာ ပလောင်လူမျိုးအားလုံးရဲ့ အဓိကရန်သူတစ်ဦးဖြစ်နေလို့ပါပဲ"ဟု တာပန်လက ဆိုသည်။ စစ်အစိုးရအဆက်ဆက်သည် တိုင်းရင်းသားဒေသများတွင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်ခွင့်ပြုထားသည်ဟု PSLF/TNLA က ယူဆသည်။ အချို့သောအာဏာပိုင်များသည် မူးယစ်ဆေးဝါး မှောင်ခိုကူးခြင်းနှင့် "အခွန်ကောက်ခံခြင်း"တို့တွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် ပါဝင်ပတ်သက်လာကြသည်။ PSLF/TNLA သည် ၎င်းတို့ထိန်းချုပ်ထားသည့်ဒေသတွင် ဘိန်းစိုက်ပျိုးခြင်း၊ ဘိန်းထုတ်လုပ်ခြင်းနှင့် မူးယစ်ဆေးဝါးမှောင်ခိုကူးခြင်းများကို နှိမ်နင်းလျက်ရှိသည်။ ၂၀၁၃ ခုနှစ်အတွင်း ၎င်းတို့အနေဖြင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးမူဝါဒတစ်ရပ်ကို ရေးဆွဲခဲ့ပြီး တအာင်းဒေသ၌ မူးယစ်ဆေးဝါးအလွဲသုံးမှုအမြစ်ဖြတ်ရေးငါးနှစ်စီမံကိန်းကို ရေးဆွဲခဲ့သည်။ ၎င်းတို့၏လှုပ်ရှားမှုသည် (၁) ဘိန်းစိုက်ပျိုးမှုနှင့်ဘိန်းထုတ်လုပ်မှု၊ (၂) မူးယစ်ဆေးဝါးမှောင်ခိုကူးမှု၊ (၃) မူးယစ်ဆေးဝါးသုံးစွဲမှု တို့ကိုနှိမ်နင်းရန် အဓိကရည်ရွယ်သည်။ (MPM က တာပန်လကို တွေ့ဆုံမေးမြန်းခဲ့သည်။ ၂၀၁၄ ဖေဖော်ဝါရီ ၉)။ အဖွဲ့၏ပြောခွင့်ရပုဂ္ဂိုလ်၏အဆိုအရ TNLA သည် ဘိန်းစိုက်ခင်းများကို ဖျက်ဆီးမှုအပါအဝင် မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းများကိုစတင်ဆောင်ရွက်ချိန်မှစတင်ကာ ရှမ်းပြည်မြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့ဝင်များ၊ အစိုးရကျောထောက်နောက်ခံ ပြည်သူ့စစ်များနှင့် မကြာခဏထိပ်တိုက်တွေ့ဆုံမှုများဖြစ်သည်ဟု သိရသည်။ အချို့သော ဘိန်းစိုက်ခင်းများကို ပြည်သူ့စစ်ခေါင်းဆောင်အချို့ပိုင်ဆိုင်သည်။ TNLA အဖွဲ့သည် နမ့်ခမ်းမြို့နယ်တွင် ပန်ဆေးပြည်သူ့စစ်အဖွဲ့များနှင့်လည်းကောင်း၊ ကွတ်ခိုင်၊ ကျောက်မဲနှင့် နမ့်ဆန်မြို့များတွင် အခြားသောပြည်သူ့စစ်များနှင့် မကြာခဏတိုက်ပွဲများဖြစ်ပွားသည်။

"ဘိန်းဟာ ဒီဒေသမှာ စိန်ခေါ်မှုနောက်တစ်ခုဖြစ်ပါတယ်။ ယောက်ျားသားအများစုက မူးယစ်ဆေးစွဲကြတယ်။ မူးယစ်ဆေးဝါးကို အမြစ်ဖြတ်ဖယ်ရှားရေးဟာ TNLA အဖွဲ့ရဲ့ အဓိကရည်မှန်းချက်တစ်ခုပါပဲ။ ကျွန်တော်တို့အနေနဲ့

ဒီဒေသမှာ ၂၀၁၇ ခုနှစ်ရောက်ရင် ဘိန်းလုံးဝကင်းစင်တဲ့ဒေသဖြစ်ဖို့ ရည်ရွယ်ထားပါတယ်”ဟု တာပန်လက ဆိုသည်။ (ဧရာဝတီသတင်း၊ ၂၀၁၄ ဇူလိုင် ၂၄)

## နယ်ခြားစောင့်တပ်/ပြည်သူ့စစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို တရားဥပဒေဘောင်အတွင်းသိမ်းသွင်းရန်မျှော်မှန်း၍ နယ်ခြားစောင့်တပ်ဖွဲ့များ (BGFs) သို့မဟုတ် ပြည်သူ့စစ်တပ်ဖွဲ့များ (PMFs) အဖြစ် အသွင်ပြောင်းဖွဲ့စည်းရန်၊ မြန်မာ့တပ်မတော်၏ထိန်းချုပ်မှုအောက်တွင် လှုပ်ရှားရန် လုပ်ဆောင်ခဲ့သည်။ နယ်ခြားစောင့်တပ်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များက အစိုးရတပ်မတော်ကို နည်းလမ်းများစွာဖြင့် အထောက်အကူပြုကြသည်။ ၎င်းတို့သည် အပစ်အခတ်ရပ်စဲထားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်မရပ်သေးသည့်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ သတင်းများကိုနည်းလမ်းအမျိုးမျိုးဖြင့် စုဆောင်းပေးခြင်းဖြင့်မြန်မာစစ်တပ်ကို အကူအညီပေးကြသည်။[၁၀၆] လွန်ခဲ့သည့်နှစ်က အစိုးရမဟုတ်သည့်လက်နက်ကိုင်အဖွဲ့များသည် နယ်ခြားစောင့်တပ်ဖွဲ့များ၊ ပြည်သူ့စစ်တပ်ဖွဲ့များနှင့် ထိပ်တိုက်တွေ့ဆုံမှုများ ဆက်လက်ဖြစ်ပွားကြသည်။ ဥပမာအားဖြင့် ကရင်ပြည်နယ်တွင် KNU တပ်မဟာ ၅ နှင့် ကရင်နယ်ခြားစောင့်တပ်အကြား၊ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်တွင် ပန်ဆေးပြည်သူ့စစ်နှင့် TNLA အကြား၊ ရှမ်းပြည်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်တွင် TNLA နှင့် ပြည်သူ့စစ်အဖွဲ့အကြား၊ ကရင်ပြည်နယ်တွင် DKBA နှင့် ကရင်ပြည်သူ့စစ်အကြား တိုက်ပွဲများဖြစ်ပွားကြခြင်း ဖြစ်သည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ မှောင်ခိုမှုနှင့် “အခွန်ကောက်ခံမှု”တို့တွင် ပါဝင်ပတ်သက်မှုဖြင့် နယ်ခြားစောင့်တပ်များနှင့် ပြည်သူ့စစ်အဖွဲ့များသည် နာမည်ဆိုးဖြင့်ကျော်ကြားလာသည့်အတွက် အဆိုပါအဖွဲ့များကိုထားရှိသည့် အစီအစဉ်မှာ ဝေဖန်မှုအများဆုံးဖြစ်လာခဲ့သည်။ အစိုးရအနေဖြင့် အဆိုပါအဖွဲ့အစည်းများ၏ တရားမဝင်လှုပ်ရှားဆောင်ရွက်နေမှုများကို မျက်ကွယ်ပြုနေခဲ့သည်ဟု လေ့လာသူများက သုံးသပ်ကြသည်။ မြန်မာအာဏာပိုင်များသည် ပြည်သူ့စစ်များ မူးယစ်ဆေးဝါးချက်စက်ရုံများကို အခါးအားလျော်စွာဝင်ရောက်စီးနင်းခဲ့ကြသည်။ တရားဝင်စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နေသည့် နယ်ခြားစောင့်တပ်နှင့်ပြည်သူ့စစ်အဖွဲ့များ၊ ဒေသ၏ လွှတ်တော်အမတ်များအဖြစ် ရွေးကောက်ခံရသည့် နယ်ခြားစောင့်တပ်နှင့်ပြည်သူ့စစ်အဖွဲ့ဝင်များကဲ့သို့ အပြုသဘောဆောင်သည့် ဖြစ်ရပ်များလည်းရှိပါသည်။

တာပန်လ၏အဆိုအရ အောက်ပါပြည်သူ့စစ်ခေါင်းဆောင်များသည်မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေသည်ဟု သိရသည်။

၁။ ဦးကျော်မြင့် (ခ) ဦးဝင်းမောင် (ပန်ဆေးပြည်သူ့စစ်) နှင့် ဦးအိုက်စံ (မြို့မပြည်သူ့စစ်၊ နမ့်ခမ်းမြို့နယ်)
၂။ ဦးတီခွန်မြတ် (ပြည်သူ့စစ်၊ ကွတ်ခိုင်မြို့နယ်)
၃။ ဦးအောင်မြင့် (ခ) ယန်ရှီဟွာ၊ ဦးရန်နိုင် (ခ) ဦးရန်လင်းနိုင်၊
၄။ ဦးဘိုမွန် (တန့်ယန်းမြို့နယ်)
၅။ ဦးခေါင်ဇဲ(ခ) ဦးခန်းမိုင် (မူဆယ်မြို့)

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက်တိုက်ပွဲမှာ မြန်မာနိုင်ငံတွင် ဆယ်စုနှစ်များစွာဖြစ်ပွားနေခဲ့သည့် ပြည်တွင်းစစ်၏နောက်ခံအကြောင်းအရင်းပင်ဖြစ်သည်။ ဤနိုင်ငံရေးပြဿနာကိုဖြေရှင်းနိုင်မှသာ သီအိုရီသဘော

၁၀၆။ ပြည်သူ့စစ်ကိစ္စအား အပြည့်အဝဖြေရှင်းချက်ကို မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်ခြင်း၊ လမ်းညွှန်အကိုးအကား- ၂၀၁၃၊ စာမျက်နှာ ၄၉-၅၅ တွင် ရှုပါ။




Active area of NSAGs

| စဉ် | ပြည်နယ် | မြို့နယ် | အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်းများ ၁ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်းများ ၂ | အစိုးရမဟုတ် သည့်လက်နက် ကိုင်အဖွဲ့ အစည်းများ ၃ | နယ်ခြားစောင့် / ပြည်သူ့စစ်တပ် | အခြား |
|---|---|---|---|---|---|---|---|
| ၁ | ပဲခူး | ၃၀ကျောက် ကြီး | KNU (A) Part | | | | |
| ၂ | ပဲခူး | ၃၁ကျောက် တံခါး | KNU (A) Part | | | | |
| ၃ | ပဲခူး | ၃၇ တောင်ငူ | KNU (A) Part | | | | |
| ၄ | တနင်္သာရီ | ၂၇၂ ထားဝယ် | KNU (A) BA | NMSP (A) Part | | | |
| ၅ | တနင်္သာရီ | ၂၇၈ တနင်္သာရီ | KNU (A) BA | | | | |
| ၆ | တနင်္သာရီ | ၂၈၀ ရေဖြူ | KNU (A) BA | NMSP (A) BA | | | |
| ၇ | တနင်္သာရီ | ၂၇၉သရက် ချောင်း | NMSP (A) Part | | | | |
| ၈ | စစ်ကိုင်း | ၂၀၁ နန်းယွန်း | NSCN-K (A) BA | | | | |
| ၉ | စစ်ကိုင်း | ၁၈၃ ခမ်းတီး | NSCN-K (A) Part | | KNO-B(Part) | | |
| ၁၀ | စစ်ကိုင်း | ၁၉၆ မော်လိုက် | NSCN-K (A) Part | CNF (A) Part | | | |
| ၁၁ | စစ်ကိုင်း | ၂၀၉ တမူး | CNF (A) Part | NSCN-K (A) Part | KNO-B (Part) | | ABSDF (A) |
| ၁၂ | စစ်ကိုင်း | ၁၈၆ ကလေး | CNF (A) Part | | | | |
| ၁၃ | စစ်ကိုင်း | ၁၉၅ လေရှီး | KNO-B (A) Part | | | | |
| ၁၄ | စစ်ကိုင်း | ၁၈၄ ဟုမ္မလင်း | KNO-B (A) Part | | | | |
| ၁၅ | ချင်း | ၆၃ တွန်းဇံ | CNF (A) Part | | KNO-B (Part) | | |
| ၁၆ | ချင်း | ၆၂ တီးတိန် | CNF (A) Part | | | | |
| ၁၇ | ချင်း | ၅၇ ထန်တလန် | CNF (A) Part – HQ | | | | |
| ၁၈ | ချင်း | ၅၆ ဟားခါး | CNF (A) BA | | | | |
| ၁၉ | ချင်း | ၅၅ ဖလမ်း | CNF (A) Part | | | | |
| ၂၀ | ချင်း | ၆၁ ပလက်ဝ | ALP (A) Part | | | | |
| ၂၁ | ရခိုင် | ၁၆၆ ကျောက်တော် | ALP (A) Part | | | | |
| ၂၂ | မွန် | ၁၆၁ ရေး | NMSP (A) Eastern Half –HQ | | | | |
| ၂၃ | မွန် | ၁၅၉ သံဖြူဇရပ် | NMSP (A) Part | | | | |
| ၂၄ | မွန် | ၁၅၄ကျိုက် မရော | NMSP (A) Part | | | | |
| ၂၅ | မွန် | ၁၅၃ ချောင်းဆုံ | NMSP (A) Part | | | | |
| ၂၆ | မွန် | ၁၆၀ သထုံ | NMSP (A) Part | KNU (A) Part | | | |
| ၂၇ | မွန် | ၁၅၂ ဘီးလင်း | KNU (A) Part | | | | |
| ၂၈ | ကရင် | ၉၅ သံတောင် | KNU (A) Part | | | | |
| ၂၉ | ကရင် | ၉၁ ဖာပွန် | KNU (A) Part [တပ်မဟာ ၅](C ) | | | BGF ၁၀၁၃၊ ၁၀၁၄ | |
| ၃၀ | ကရင် | ၈၉ လှိုင်းဘွဲ့ | KNU (A) Part (C) | | | BGF ၁၀၁၁၊ ၁၀၁၂၊ ၁၀၁၅၊ ၁၀၁၆ | |
| ၃၁ | ကရင် | ၉၀ ဖားအံ | KNU (A) Part «တပ်မဟာ ၇» | KPC (A) Part-HQ | | | ABSDF (A) က KNU နှင့် ပူးပေါင်း |
| ၃၂ | ကရင် | ၉၂ ကော့ကရိတ် | KNU (A) Part | DKBA (A) Part | | BGF ၁၀၂၁ | |
| ၃၃ | ကရင် | ၉၄ မြဝတီ | KNU (A) Part (C) ဝေါလေခီး | DKBA (A) Part | | BGF ၁၀၁၇၊ ၁၀၁၈၊ ၁၀၁၉၊ ၁၀၂၀၊ ၁၀၂၂ | |
| ၃၄ | ကရင် | ၉၃ ကြာအင်း ဆိပ်ကြီး | KNU (A) Part | DKBA (A) Part | NMSP (A) Part | BGF ၁၀၂၃ | |
| ၃၅ | ကယား | ၈၈ ရှားတော | KNPP (A) Part – HQ ညာမူ | | | | ABSDF (A) က KNPPနှင့် ပူးပေါင်း |
| ၃၆ | ကယား | ၈၅ ဖရူးဆိုး | KNPP (A) Part | | | | |
| ၃၇ | ကယား | ၈၃ ဒီမောဆိုး | KNPP (A) Part | | | | |
| ၃၈ | ကယား | ၈၇ မယ်စဲ့ | KNPP (A) Part | | | BGF ၁၀၀၅ | |
| ၃၉ | ကယား | ၈၆ လွိုင်ကော် | KNPP (A) Part | | | BGF ၁၀၀၄ | KNLP (Part) |
| ၄၀ | ကယား | ၈၄ ဖားဆောင်း | KNPP (A) Part | | | BGF ၁၀၀၄ | |
| ၄၁ | ကယား | ၈၂ ဘော်လခဲ | KNPP (A) Part | | | BGF ၁၀၀၅ | |
| ၄၂ | ကချင် | ၆၄ ဗန်းမော် | KIA (A) Part | | | | |
| ၄၃ | ကချင် | ၆၅ ချီဖွေ | KIA (A) Part | | | BGF ၁၀၀၁၊ ၁၀၀၂ | |
| ၄၄ | ကချင် | ၆၆ ဖားကန့် | KIA (A) Part | | | | |
| ၄၅ | ကချင် | ၆၇ အင်ဂျန်းယန် | KIA (A) Part | | | | |
| ၄၆ | ကချင် | ၆၉ မချမ်းဘော | KIA (A) Part | | | | |
| ၄၇ | ကချင် | ၇၀ မန်စီ | KIA (A) Part | | | | |
| ၄၈ | ကချင် | ၇၁ မိုးကောင်း | KIA (A) Part | | | | |
| ၄၉ | ကချင် | ၇၂ မိုးညှင်း | KIA (A) Part | | | | |
| ၅၀ | ကချင် | ၇၃ မိုးမောက် | KIA (A) Part (C) မိုင်ဂျာယန်း [တပ်မဟာ ၃] | | | | |
| ၅၁ | ကချင် | ၇၄ မြစ်ကြီးနား | KIA (A) Part | | | | |
| ၅၂ | ကချင် | ၇၆ ပူတာအို | KIA (A) Part | | | အတန်း ပြည်သူ့စစ် | |
| ၅၃ | ကချင် | ၇၇ ရွှေဂူ | KIA (A) Part | | | | |
| ၅၄ | ကချင် | ၇၈ ဆွမ်ပရာဘွမ် | KIA (A) Part | | | | |

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ တက်ကြွလှုပ်ရှားသည့်ဇရိယာ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅၅ | ကချင် | ၇၉ တနိုင်း | KIA (A) Part | | | | AA နှင့် ABSDF (A) ကKIA နှင့် ပူးပေါင်း |
| ၅၆ | ကချင် | ၈၀ ဆော်လော့ | KIA (A) Part | | | BGF ၁၀၀၁၊ ၁၀၀၂ | |
| ၅၇ | ကချင် | ၈၁ ဝိုင်းမော် | KIA (A) Part (C) လိုင်ဇာဌာနချုပ် + BA | | | | AA နှင့် ABSDF (A) တို့ KIA နှင့် ပူးပေါင်း |
| ၅၈ | ရှမ်း | ၂၁၆ ကျိုင်းတုံ | NDAA (A) Part | | | | |
| ၅၉ | ရှမ်း | ၂၁၇ မက်မန်း | UWSA (C)Part | | | BGF ၁၀၁၀ | |
| ၆၀ | ရှမ်း | ၂၁၉ မိုင်းဆတ် | RCSS (A) Part | UWSA (A) Part | | | |
| ၆၁ | ရှမ်း | ၂၂၁ မိုင်းလား | NDAA (C) Whole | | | | |
| ၆၂ | ရှမ်း | ၂၂၃ မိုင်းတုံ | RCSS (A) Part | UWSA (C) Part (A) Part | | BGF ၁၀၀၇ | |
| ၆၃ | ရှမ်း | ၂၂၄ မိုင်းယန်း | NDAA (C) Whole | | | | |
| ၆၄ | ရှမ်း | ၂၂၅ မိုင်းယောင်း | NDAA (A) Part | | | BGF ၁၀၀၈ | |
| ၆၅ | ရှမ်း | ၂၂၆ တာချီလိတ် | UWSA (A) Part | RCSS (A) Part | | BGF ၁၀၀၉ | |
| ၆၆ | ရှမ်း | ၂၂၂ မိုင်းပျဉ်း | UWSA (A) Part | | | | |
| ၆၇ | ရှမ်း | ၂၂၀ မိုင်းခတ် | NDAA (A) Part | | | | |
| ၆၈ | ရှမ်း | ၂၂၇ ဟိုပန် | UWSA (C) Whole | | | | |
| ၆၉ | ရှမ်း | ၂၂၈ သိန္နီ | UWSA (A) Part | SSPP (A) Part | TNLA (A) Part | | |
| ၇၀ | ရှမ်း | ၂၂၉ သီပေါ | SSPP (A) Part | | | | |
| ၇၁ | ရှမ်း | ၂၃၀ ကိုးကန့် | MNDAA (A) Part | | | BGF ၁၀၀၆ | |
| ၇၂ | ရှမ်း | ၂၃၁ ကွမ်လုံ | MNDAA (A) Part | | | BGF ၁၀၀၆ | |
| ၇၃ | ရှမ်း | ၂၃၂ ကွတ်ခိုင် | KIA (A) Part | TNLA (A) Part | SSPP (A) Part | | |
| ၇၄ | ရှမ်း | ၂၃၃ ကျောက်မဲ | TNLA (A) Part | SSPP (A) Part | | | |
| ၇၅ | ရှမ်း | ၂၃၄ လားရှိုး | SSPP (A) Part | | | | |
| ၇၆ | ရှမ်း | ၂၃၅ လောက်ကိုင် | MNDAA (A) Part | | | BGF ၁၀၀၆ | |
| ၇၇ | ရှမ်း | ၂၃၆ မဘိမ်း | TNLA (A) Part | KIA (A) Part | | | |
| ၇၈ | ရှမ်း | ၂၃၇ မန်တုံ | TNLA (A) Part | | | | |
| ၇၉ | ရှမ်း | ၂၃၈ မိုင်းမော | UWSA (C) Whole | | | | |
| ၈၀ | ရှမ်း | ၂၃၉ မိုးမိတ် | TNLA (A) Part | SSPP (A) Part | | | |
| ၈၁ | ရှမ်း | ၂၄၀ မိုင်းယိုင် | SSPP (A) Part | | | | |
| ၈၂ | ရှမ်း | ၂၄၁ မူဆယ် | TNLA (A) Part | SSPP (A) Part | KIA (A) Part | | |
| ၈၃ | ရှမ်း | ၂၄၂ နမ့်ဆမ် | TNLA (A) Part | | | | |
| ၈၄ | ရှမ်း | ၂၄၃ နားဖန်း | UWSA (C) Whole | | | | |
| ၈၅ | ရှမ်း | ၂၄၄ နမ္မတူ | TNLA (A) Part | SSPP (A) Part | | | |
| ၈၆ | ရှမ်း | ၂၄၅ နမ့်ခမ်း | TNLA (A) Part –HQ | RCSS (A) Part | SSPP (A) Part | ပန်ဆေး ပြည်သူ့စစ် | |
| ၈၇ | ရှမ်း | ၂၄၆ နောင်ချို | TNLA (A) Part | SSPP (A) Part | | | |
| ၈၈ | ရှမ်း | ၂၄၇ ပန်ဆန်း | UWSA (C) Whole- HQ | | | | |
| ၈၉ | ရှမ်း | ၂၄၈ ပန်ဝိုင် | UWSA (C) Whole | | | | |
| ၉၀ | ရှမ်း | ၂၄၉ တန့်ယန်း | SSPP (C) Part – HQ | | | | |
| ၉၁ | ရှမ်း | ၂၅၀ ဟိုပုန်း | RCSS (A) Part | PNLO (A) Part | | | |
| ၉၂ | ရှမ်း | ၂၅၁ ဆီဆိုင် | RCSS (A) Part | PNLO (A) Part | | | |
| ၉၃ | ရှမ်း | ၂၅၃ ကွန်ဟိန်း | RCSS (A) Part | | | ကာလိပြည်သူ့စစ် | |
| ၉၄ | ရှမ်း | ၂၅၄ ကျေးသီး | RCSS (A) Part | SSPP (A) Part | | | |
| ၉၅ | ရှမ်း | ၂၅၅ လဲချား | RCSS (A) Part | | | | |
| ၉၆ | ရှမ်း | ၂၅၆ လင်းခေး | RCSS (A) Part | | | | |
| ၉၇ | ရှမ်း | ၂၅၇ ရပ်စောက် | RCSS (A) Part | | | | |
| ၉၈ | ရှမ်း | ၂၅၈ လွိုင်လင် | RCSS (A) Part | | | | |
| ၉၉ | ရှမ်း | ၂၅၉ မောက်မယ် | RCSS (A) Part | PNLO (A) Part | | | |
| ၁၀၀ | ရှမ်း | ၂၆၀ မိုင်းရှူး | RCSS (A) Part | SSPP (A) Part | | | |
| ၁၀၁ | ရှမ်း | ၂၆၁ မိုင်းကောင် | RCSS (A) Part | SSPP (A) Part | | | |
| ၁၀၂ | ရှမ်း | ၂၆၂ မိုးနဲ | RCSS (A) Part | UWSA (A) Part | | | |
| ၁၀၃ | ရှမ်း | ၂၆၃ မိုင်းပန် | RCSS (A) Part-HQ (လွယ်တိုင်းလန်း | UWSA (A) Part | PNLO (A) Part –HQ (ဟိုမိန်း) | | |
| ၁၀၄ | ရှမ်း | ၂၆၄ နမ့်စန် | RCSS (A) Part | | | | |
| ၁၀၅ | ရှမ်း | ၂၆၆ ဖယ်ခုံ | | | | | KNLP |

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ တက်ကြွလှုပ်ရှားသည့်ဧရိယာ

အရ တိုင်းရင်းသားတို့၏တိုက်ပွဲ နိဂုံးချုပ်စေနိုင်မည်ဖြစ်သည်။ ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် ၂၀၁၁ ခုနှစ်မှစတင်၍ တိုင်းရင်းသားများ၏ တောင်းဆိုချက်များနှင့် ၎င်းတို့၏ အခွင့်အရေးများကို အစိုးရဘက်က ပိုမိုအသိအမှတ်ပြုလာခဲ့ပါသည်။ မြန်မာအစိုးရသည် ငြိမ်းချမ်းရေးကိုအထောက်အကူဖြစ်စေမည့် အသွင်ကူးပြောင်းမှုတစ်ရပ်အနေဖြင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရန် စဉ်းစားထားသည်။ သို့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ဗဟိုချုပ်ကိုင်မှုဖြေလျှော့ပေးခြင်းထက် အာဏာအဆင့်ဆင့်ခွဲဝေပေးခြင်းကို တိုင်းရင်းသားလက်နက်ကိုင်များက လိုလားကြသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးတန်းတူညီမျှအခွင့်အရေးပေးမည်ဟူသော အာမခံချက်နှင့်အတူ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် တည်ဆောက်ပေးရေးကို တောင်းဆိုခဲ့ကြသည်။ တရားဝင်ဖွဲ့စည်းပုံအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရရှိရေးအတွက် အာမခံချက် ရရှိရေးမှာ ခရီးရှည်ကြီးတစ်ခုအဖြစ်ရှိနေဆဲဖြစ်သည်။ တစ်ဖက်တွင် နိုင်ငံရေးဖြေလျှော့ပေးရေးနှင့် တိုင်းရင်းသား အခွင့်အရေးများ ပိုမိုတိုးတက်ကောင်းမွန်လာရေးနှင့် တန်းတူညီမျှရေးတို့မှာ ခိုင်မာသောငြိမ်းချမ်းရေးပန်းတိုင်ဆီသို့သွားရာတွင် မရှိမဖြစ်လိုအပ်သောအဆင့်များဖြစ်ပါသည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများတွင် အငြင်းအပွားရဆုံးပြဿနာများမှာ အာဏာခွဲဝေရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် တည်ဆောက်ရေးပင်ဖြစ်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲရေး

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို NLD အပါအဝင် အတိုက်အခံဒီမိုကရေစီအခြေပြုအဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဝေဖန်ထားကြသည်။ "တိုင်းရင်း သားလက်နက်ကိုင်တွေဟာ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံကြပါဘူး။ ဒါကြောင့်မို့လည်း ကျွန်တော်တို့ ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လွှတ်တော်ပြင်ပ ဖြည့်စွက်ပြင်ဆင်ချင်တာပါ"ဟု NCCT ၏ ခေါင်းဆောင်ဖြစ်သည့် နိုင်ဟံသာက ဆိုသည်။ ပြည်နယ်နှင့် ဒေသန္တရအစိုးရ၏ဖွဲ့စည်းပုံက ဖက်ဒရယ်ပုံစံဖြစ်နေသော်လည်း စစ်တပ်နှင့်ဗဟိုအစိုးရကို အာဏာအလွန်အကျွံ ပေးအပ်ထားခြင်းက မိမိတို့တိုင်းရင်းသားများအတွက် တိုင်းရင်းသားလက်နက်ကိုင်များလိုလားသောကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခြေအနေမှ ဝေးကွာနေစေပေသည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏အရေးကို ကိုယ်ပိုင်ဆုံးဖြတ်နိုင်ရေးနှင့် ပို၍အရေးကြီးသည်မှာ သဘာဝသယံဇာတအရင်းအမြစ်များမှရရှိသည့် အကျိုးအမြတ်များကိုရရှိခံစားနိုင်ရေး ဖြစ်သည်။ သို့သော်ယခင်က ငြင်းပယ်ခံရသည့်အတွက် ယင်းမှာလွန်စွာကြီးမားသော မကျေနပ်ချက်ဖြစ်လာပြီး တိုင်းရင်းသားပဋိပက္ခများကို ဆက်လက်အရှိန်ကောင်းစေခဲ့သည်။

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၄ ခုနှစ်အစောပိုင်းတွင် "ဖွဲ့စည်းပုံအခြေခံဥပဒေဖြည့်စွက်ပြင်ဆင်ရေးမူကြမ်းရေးဆွဲမှုအကောင်အထည်ဖော်ဆောင်ရေးကော်မတီ"တစ်ရပ်ကို ဖွဲ့စည်းကြောင်း အတည်ပြုခဲ့သည်။ သို့သော်လည်း NLD နှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းက ဇန်နဝါရီလမှစတင်ကာ နိုင်ငံတစ်ဝန်း လူထုအစည်းအဝေးပွဲများပြုလုပ်ခြင်းနှင့် ၂၀၁၄ ခုနှစ် မေလ ၂၇ ရက်မှ ဇူလိုင်လ ၁၉ ရက်အထိ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြည့်စွက်ပြင်ဆင်ရေးတွင် လူထုထောက်ခံမှုကိုပြသသည့် လက်မှတ်စုဆောင်းခြင်းများပြုလုပ်ခဲ့သည်။ အဆိုပါကမ်ပိန်းကိုဦးဆောင်ပြုလုပ်သူများက ၎င်းတို့အနေဖြင့် လက်မှတ် ၅ သန်းကျော်စုဆောင်းရရှိခဲ့ကြောင်းနှင့် အစိုးရနှင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ကြောင်း ဆိုသည်။ မြန်မာစစ်တပ်အရာရှိတစ်ဦးဖြစ်သည့် ဗိုလ်မှူးကျော်စွာဝင်းသည် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြည့်စွက်ပြင်ဆင်ရေးတွင်လက်မှတ်ရေးထိုးပြီးနောက် ဒီဇင်ဘာလ ၅ ရက်တွင် ထောင်ဒဏ်နှစ်နှစ်ချမှတ်ခံခဲ့ရသည်။ "တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်"ဟု ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆိုခဲ့သည်။[၁၀၇] ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်တွင် လွှတ်တော်၌ အခြေအတင်ဆွေးနွေးမှုများပြုလုပ်ပြီးနောက် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေမှ ပုဒ်မ ၄၃၆ နှင့် ၅၉(စ) ဖြည့်စွက်ပြင်ဆင်ရေးအဆိုကို တပ်မတော်ကိုယ်စားလှယ်များကပယ်ချခဲ့သည်။ လွှတ်ငြိမ်းချမ်းသာခွင့်နှင့် ငြိမ်း

၁၀၇။ Irrawaddy: Army Chief Defends Constitution, Says Meeting Suu Kyi Problematic, ၂၄ Nov ၂၀၁၅, web.

ချမ်းရေးဆွေးနွေးပွဲများနှင့်သက်ဆိုင်သော အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီပြဿနာများကို ဆွေးနွေးရန် ထောက်ခံချက်ယူခြင်းနှင့် လွှတ်တော်အမတ်သုံးပုံတစ်ပုံနုတ်ထွက်ပါက လွှတ်တော်ကိုဖျက်သိမ်းပေးရန်တို့ပါဝင်သော အချက်ငါးချက်ကိုလည်း တပ်မတော်သားကိုယ်စားလှယ်များက တင်သွင်းခဲ့ကြသည်။[၁၀၈]

"၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြည့်စွက်ပြင်ဆင်လို့မရဘူးဆိုရင် ကျွန်တော်တို့ရဲ့ငြိမ်းချမ်းရေးဆွေးနွေးပွဲကလည်း တိုးတက်မှုရှိလာမှာမဟုတ်ပါဘူး"ဟု နိုင်ဟံသာက ဆိုသည်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ ခိုင်မာသောဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေး၊ နိုင်ငံရေးတန်းတူညီမျှအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့အတွက်လည်းကောင်း အတားအဆီးတစ်ရပ်ဖြစ်နေပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းမရှိပေ။[၁၀၉]

၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် NCCT ခေါင်းဆောင်များနှင့် UPWC တာဝန်ရှိသူများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏အစိတ်အပိုင်းတစ်ရပ်အဖြစ် လုပ်ငန်းစဉ်ခုနစ်ရပ်ပါဝင်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနောက်ဆုံးမူကြမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါလုပ်ငန်းစဉ်တွင် နိုင်ငံရေးဆွေးနွေးပွဲသည် တတိယအဆင့်ဖြစ်ပြီး ယင်းအဆင့်တွင် တိုင်းပြည်၏အနာဂတ်အရေးကို ဆွေးနွေးမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးနှင့် NLD အပါအဝင် နိုင်ငံရေးပါတီ ၉ မှ လွှတ်တော်အမတ် ၂၈၉ ဦးသည် လွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဖြည့်စွက်ပြင်ဆင်မှုများနှင့်ပတ်သက်၍ ဆွေးနွေးရန် အဆိုတစ်ရပ်ကို တင်သွင်းခဲ့သည်။ သို့သော် ဆွေးနွေးမည့်အစီအစဉ်တွင် ပုဒ်မ ၅၉ (စ) နှင့် ၄၃၆ (ခ) တို့မပါရှိသည့်အတွက် လူများစွာက ဝေဖန်ခဲ့ကြသည်။ သို့သော်လည်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား အာဏာခွဲဝေမှုနှင့်သက်ဆိုင်သည့် ပုဒ်မ ၂၄၆ (က)နှင့် နောက်ဆက် တွဲ ၁ နှင့် ၂ တို့ကို ဆွေးနွေးမည့်အစီအစဉ်ပါဝင်ရာ အောင်မြင်မှုတစ်ခုဖြစ်ကြောင်း အချို့ကမှတ်ယူကြသည်။

## မိုင်းရှင်းလင်းခြင်း

မြေမြှုပ်မိုင်းနှင့် လက်နက်မျိုးစုံစောင့်ကြည့်ရေးအဖွဲ့ (LCM) ၏အဆိုအရ မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းကြောင့် သေဆုံးသူအရေအတွက် ကမ္ဘာ့တတိယအများဆုံးနိုင်ငံဖြစ်သည်ဟု သိရသည်။ မြေမြှုပ်မိုင်းများကို မြန်မာနိုင်ငံရှိ မြို့နယ် ၅၀ တွင်တွေ့ရှိရကြောင်းနှင့် ဝေးလံခေါင်ဖျားသည့်ဒေသများတွင် သွားရောက်အခြေချရန်နှင့် စိုက်ပျိုးရန်တို့အတွက် အဓိကပြဿနာကြီးတစ်ရပ်ဖြစ်နေကြောင်း LCM က ဆိုသည်။

မြေမြှုပ်မိုင်းများသည် အောက်ပါဒေသများတွင် ရှိနေဆဲဖြစ်သည်။

| | |
|---|---|
| ကယားပြည်နယ်။ | မြို့နယ်ခုနစ်ခုလုံး |
| ကရင်ပြည်နယ်။ | မြို့နယ်ခုနစ်ခုလုံး |
| ကချင်ပြည်နယ်။ | ချီဖွေ၊ မန်စီ၊ မိုးကောင်း၊ မိုးမောက်၊ မိုးညှင်း၊ ဖားကန့်၊ ကာမိုင်း၊ တနိုင်း၊ မြစ်ကြီးနား၊ ဆော်လော်နှင့် ဝိုင်းမော် |
| မွန်ပြည်နယ်။ | ဘီးလင်း၊ ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံနှင့်ရေး |
| ပဲခူးတိုင်းဒေသကြီး။ | ကျောက်ကြီး၊ ရွှေကျင်၊ ထန်းတပင်နှင့်တောင်ငူ |
| ရခိုင်ပြည်နယ်။ | မောင်းတော |
| ရှမ်းပြည်နယ်။ | ဟိုပုံး၊ ဆီဆိုင်၊ လင်းခေး၊ လွိုင်လင်၊ မောက်မယ်၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဖြတ်၊ နမ့်ဆန်၊ တာချီလိတ်၊ နမ္မတူ၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ ကျောက်မဲ၊ ရပ်စောက်နှင့် ရွာငံ |
| တနင်္သာရီတိုင်းဒေသကြီး။ | ဘုတ်ပြင်း၊ ထားဝယ်၊ တနင်္သာရီ၊ သရက်ချောင်းနှင့် ရေဖြူ |

၁၀၈။ DVB ၊ တပ်မတော်သားကိုယ်စားလှယ်များက ပါလီမန်ကိုဖျက်သိမ်းပေးရန် တောင်းဆို၊ ရွှေအောင်၊ နိုဝင်ဘာ ၁၃၊ ၂၀၁၄၊ web ။

၁၀၉။ ဧရာဝတီ၊ ဖွဲ့စည်းပုံကို ပြင်ဆင်ဖြည့်စွက်ခြင်းမပြုလျှင် ငြိမ်းချမ်းရေးမရနိုင်ကြောင်း UNFC ဆို၊ ကျော်ခ၊ နိုဝင်ဘာ ၁၈၊ ၂၀၁၄၊ web ။

ငြိမ်းချမ်းရေးသဘောတူညီချက်များစွာပြုလုပ်ပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်များသည် အချင်းချင်း သာမက အစိုးရနှင့်ပါ ပူးပေါင်း၍ မိုင်းရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကရင်လက်နက်ကိုင်သွေးစည်း ညီညွတ်ရေးကော်မတီတွင် မြေမြှုပ်မိုင်းရှင်းလင်းရာ၌ပူးပေါင်းဆောင်ရွက်ရေးမူဝါဒ ထားရှိသည်။ သို့သော်လည်း မိုင်း ရှင်းလင်းရေးလုပ်ငန်းစဉ်သည်မြေမြှုပ်မိုင်းများ၏တည်နေရာပြမြေပုံမရှိခြင်းကြောင့် အခက်အခဲများနှင့်ရင်ဆိုင်နေရပေသည်။

KNU ၏ အဆင့်သုံးဆင့် မိုင်းရှင်းလင်းရေးစီမံကိန်းတွင် ဒေသခံများကို ပညာပေးခြင်းနှင့် သတိပေးဆိုင်းဘုတ်များ ထားရှိခြင်း၊ လုပ်ထုံးလုပ်နည်းအတိုင်း စစ်တမ်းကောက်ယူခြင်းနှင့် လုပ်ထုံးလုပ်နည်းအတိုင်းမဟုတ်ဘဲ စစ်တမ်း ကောက်ယူခြင်း၊ မိုင်းများကိုဖယ်ရှားခြင်းဟူ၍ ပါဝင်သည်။ အစိုးရအနေဖြင့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်ကို ရှင်းလင်း သဲကွဲစွာဆောင်ရွက်ခြင်းမရှိသည့်အတွက် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးသဘောတူညီချက်ကို အလေးမထားကြောင်း KNU နှင့် KNPP တို့က အခိုင်အမာပြောဆိုကြသည်။

နော်ဝေပြည်သူများအကူအညီအဖွဲ့ (NPA) သည် နည်းပညာပိုင်းဆိုင်ရာမဟုတ်သည့် စစ်တမ်းကောက်ယူရေးနှင့် မိုင်းရှင်းလင်းရေးအတွက် မြန်မာအစိုးရနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် တစ်ဖွဲ့တည်းသော လူသားချင်းစာနာထောက်ထားမှုဆိုရာ မိုင်းရှင်းလင်းရေးအဖွဲ့ဖြစ်သည်။ (ကရင်၊ ကယားနှင့် မွန်ပြည်နယ်၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုင်းရှင်းလင်းရန်အတွက် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် လက် မှတ်ရေးထိုးခဲ့သည်။) ၎င်းတို့သည် မိုင်းများရှိသည့်ဒေသများတွင် နည်းပညာပိုင်းမဟုတ်သည့် စစ်တမ်း ကောက်ယူမှုများဆောင်ရွက်နေပြီး မြန်မာအစိုးရက ၎င်းတို့ထံတွင် MPC နှင့်ပူးပေါင်းကာ မြန်မာမိုင်းရှင်းလင်းရေးစင်တာ (MMAC) ဟူ၍ နိုင်ငံတော်အဆင့် မိုင်းလုပ်ရှားမှုဗဟိုဌာနတစ်ရပ် ထူထောင်ခြင်းနှင့် အရည်အသွေးမြှင့်တင်ခြင်းတို့ အတွက် အကူအညီတောင်းခံထားသည်။

ကရင်လက်နက်ကိုင်အဖွဲ့များသည် ကရင်ပြည်နယ်အတွင်း မြေမြှုပ်မိုင်းများဖယ်ရှားရေးတွင် ပူးပေါင်းဆောင် ရွက်ကြမည်ဖြစ်သည်။ ဗြိတိန်အခြေစိုက် "မြေမြှုပ်မိုင်းမရှိရေး (No Landmines)" အဖွဲ့သည် KNU ထိန်းချုပ်မှုအောက်ရှိ ဒူးပလာယာခရိုင်တွင် KNDO အဖွဲ့ကို ၂၀၁၄ ခုနှစ် ဧပြီလ၌ လေ့ကျင့်သင်တန်းပေးခဲ့သည်။ ၎င်းတို့သည် လေ့ကျင့် သင်တန်းပေးပြီးနောက် ကရင်ပြည်သူ့မိုင်းရှင်းလင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါအဖွဲ့သည် KNDO ဌာနချုပ် တစ်ဝိုက်ရှိမိုင်းများကို စတင်ဖယ်ရှားရှင်းလင်းခဲ့သည်။[၁၁၀] အလားတူပင် ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လည်း လူထုအကြား မြေမြှုပ်မိုင်းအန္တရာယ်အလေးထားမှုမြင့်တက်လာစေရန် မြေမြှုပ်မိုင်းရှင်းလင်းရေးကမ်ပိန်း တစ်ခုကို ပြုလုပ်ခဲ့သည်။ "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာမိုင်းရှင်းလင်းရေးအဖွဲ့" သည် NMSP ထိန်းချုပ်မှု အောက်ရှိ ထားဝယ်ဒေသတွင် နည်းပညာပိုင်းမဟုတ်သော စစ်တမ်းကောက်ယူမှုတစ်ရပ်ကို စတင်ပြုလုပ်ခဲ့သည်။

ကချင်ပြည်နယ်တွင် UNICEF နှင့် ဒေသခံပြည်သူများသည် ၂၀၁၄ ခုနှစ် ဧပြီလ ၄ ရက်တွင် မိုင်းရှင်းလင်းရေး နေ့အခမ်းအနားကို ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားကို ဝိုင်းမော်မြို့နယ်ရှိ မိုင်းနားဒုက္ခသည်စခန်းတွင် ကျင်းပ ခဲ့ခြင်းဖြစ်ပြီး ပွဲစီစဉ်သူများက မြေမြှုပ်မိုင်းဂရုပြုရေးကမ်ပိန်းတစ်ရပ်ပြုလုပ်ခဲ့သည်။

## တိုင်းရင်းသား ဘာသာစကားများ

ငြိမ်းချမ်းရေးသဘောတူညီချက်များစွာနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ပြင်းပြင်းထန်ထန်လှုံ့ ဆော်မှုများကို တုံ့ပြန်သောအားဖြင့်အစိုးရသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင် တိုင်းရင်းသားဘာသာ စကားမျိုးစုံဖြင့်ရေးသားထားသည့် သင်ရိုးစာအုပ်များကို ထုတ်ဝေဖြန့်ဖြူးခဲ့သည်။

အမှတ် (၁) ပညာရေးဝန်ကြီးဌာနသည် (စကော၊ ပိုး၊ အနောက်ပိုးဘာသာစကားတို့ဖြင့်) ကရင်ဘာသာ မူလတန်းကျောင်းသုံး စာအုပ်များလည်းကောင်း၊ မွန်ဘာသာနှင့် ရခိုင်ဘာသာ မူလတန်းကျောင်းသုံးစာအုပ်များကို လည်းကောင်း ဖြန့်ချိခဲ့သည်။ အမှတ် (၂) ပညာရေးဝန်ကြီးဌာနသည် ကချင်၊ ကယား၊ ချင်းနှင့် ရှမ်းပြည်နယ်တို့တွင်

---

၁၁၀။ VOA မြန်မာပိုင်း၊ ဗြိတိန်ကျွမ်းကျင်ပညာရှင်တစ်ဦးက ကရင်ပြည်နယ်တွင် မြေမြှုပ်မိုင်းရှင်းလင်းရေးကို အကူအညီပေးမည်ဖြစ်သည်၊ ဇွန် ၁၀၊ ၂၀၁၅၊ web ။

အလားတူမူလတန်းကျောင်းသုံးစာအုပ်များကို ဖြန့်ချိခဲ့သည်။

ပညာရေးဝန်ကြီးသည် စကောကရင်ဘာသာစကားဖြင့်သင်ကြားနေသော ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်ရှိ စာသင်ကျောင်းများသို့ သွားရောက်လည်ပတ်ခဲ့သည်။ ညောင်လေးပင်မြို့နယ်ရှိ စာသင်ကျောင်း ၂၆ ကျောင်းတွင် စကောကရင်ဘာသာစကားကို စတင်သင်ကြားနေပြီဖြစ်သည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် ပုံမှန်ကျောင်းချိန်၌ အချိန်ပိုများကိုအသုံးပြုကာ မွန်ဘာသာစကားကို စတင်သင်ကြားပေးနေပြီဖြစ်သည်။ (IMNA ၊ ၂၀၁၄ ဖေဖော်ဝါရီ ၅)

မွန်ပြည်နယ်လွှတ်တော်သည် နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အစိုးရစာသင်ကျောင်းများတွင် တိုင်းရင်းသားဘာသာစကားများဖြင့် စာသင်ကြားမှုကိုခွင့်ပြုသည့်ဥပဒေမူကြမ်းတစ်ရပ်အား အတည်ပြုပေးခဲ့သည်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ဧပြီလ ၉ ရက်နေ့တွင် မူလတန်းကျောင်းသားများအား မွန်ဘာသာစကားနှင့်စာပေအား သင်ကြားခွင့်ပြုသည့်ဥပဒေမူကြမ်းကို ထောက်ခံမဲပေးခဲ့ကြသည်။ ကျောင်းသားများသည် တိုင်းရင်းသား ပအိုဝ့် သို့မဟုတ် ကရင်ဘာသာစကားကို ရွေးချယ်လေ့လာနိုင်ကြသည်။ အခြားသောအတန်းများကိုမူ ဗမာဘာသာစကားဖြင့် သင်ကြားသွားမည်ဖြစ်သည်။ (ဧရာဝတီ၊ ၂၀၁၄ ဧပြီ ၁၀)

ပဲခူးတိုင်းဒေသကြီးရှိ စာသင်ကျောင်း ၃၇၀ ခန့်မှ ထောင်နှင့်ချီသောကရင်ကျောင်းသားများသည် ယခုအခါတွင် ၎င်းတို့၏မိခင်ဘာသာစကားကို တရားဝင်သင်ကြားနိုင်ကြပြီဖြစ်သည်။ ၂၀၁၄ - ၂၀၁၅ ပညာသင်နှစ်တွင် ပဲခူးတိုင်းဒေသကြီးရှိ အစိုးရမူလတန်း ကျောင်းများအားလုံးတွင် တိုင်းရင်းသားစကောကရင်ဘာသာစကားကို သင်ကြားသွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးကရင်တိုင်းရင်းသားရေးရာဝန်ကြီး စောဂျူဘလီစံလုက ကရင်သတင်းဌာနသို့ ပြောဆိုခဲ့သည်။ ( KIC ၊ ၂၂ မေ ၂၀၁၅)

မြန်မာပညာရေးဝန်ကြီးဌာနသည် ၂၀၁၄-၁၅ ပညာသင်နှစ်မှစတင်ကာ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း လားရှိုးမြို့ရှိ အစိုးရစာသင်ကျောင်းများတွင် ရှမ်းဘာသာစကားသင်ကြားခြင်းကို ခွင့်ပြုချက်ထုတ်ပေးခဲ့သည်။ မြန်မာအစိုးရ ကျောင်းများတွင် တိုင်းရင်းသားဘာသာစကားသင်ကြားခွင့်ပေးလိုက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ရှမ်းဘာသာစကားသင်ကြားမှုကို ကျေးရွာ ၂၅ ရွာရှိစာသင်ကျောင်းများတွင် ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါသင်ကြားမှုက အစိုးရကျောင်းစာသင်ချိန်များကို ထိခိုက်မှုရှိမည်မဟုတ်ပေ။ (ဆင်ဟွာသတင်း၊ ၆ ဩဂုတ် ၂၀၁၄)

UNICEF ၊ Save the Children နှင့် မြန်မာအရည်အသွေးမီပညာရေးစီမံကိန်း (QBEP) မှ အဖွဲ့ဝင်များက ကြီးမှူး၍ "ဒေသန္တရနှင့်နိုင်ငံတော်ဆိုင်ရာဘာသာစကားသင်ကြားခြင်းနှင့် လူမှုရေးပေါင်းစည်းညီညွတ်မှုအတွေ့အကြုံများကို မျှဝေခြင်း"ဟူသောအမည်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၈ ရက်တွင် မြန်မာနိုင်ငံ၌ ပြုလုပ်ခဲ့သည်။[၁၁၁] မလေးရှားနှင့်ထိုင်းနိုင်ငံတို့မှ ဒေသတွင်းဧည့်သည်တော်များ၊ အမျိုးသားနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနဝန်ထမ်းများ၊ အစိုးရနှင့်တိုင်းရင်းသားမဟုတ်သည့် အဖွဲ့ အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များနှင့် ပညာရှင်များပါဝင်သော လူ ၁၅၀ ကျော်ခန့် အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ မွန်အမျိုးသား ပညာရေးကော်မတီ (NMSP လက်အောက်ခံ)၊ ကရင်ပညာရေးဌာန (KNU လက်အောက်ခံ)၊ ရှမ်းနှင့်ကချင် စာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ ရှလောမ် (ငြိမ်း) ဖောင်းဒေးရှင်းတို့ကဲ့သို့ နိုင်ငံကိုယ်စားပြုမဟုတ်သည့်အဖွဲ့အစည်းများ လည်း အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြသည်။ (ယူနီဆက်ဖ်၊ ၁၈ စက်တင်ဘာ ၂၀၁၄)

## အမျိုးသားနေ့

ယခင်စစ်အစိုးရအဆက်ဆက်သည် တိုင်းရင်းသားအားလပ်ရက်များနှင့် ပွဲတော်များကို လျစ်လျူရှုခဲ့သည်။ သို့သော်လည်း ယခုအခါတွင် အဆိုပါပွဲများကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များထိန်းချုပ်ထားသည့်ဒေသနှစ်မျိုးလုံးရှိ တိုင်းရင်းသားဧရိယာများတွင် လွတ်လပ်ပွင့်လင်းစွာကျင်းပနိုင်ကြပြီဖြစ်သည်။ သက်ဆိုင်ရာပြည်နယ်များတွင်

---

၁၁၁။ UNICEF ၊ ဘာသာစကားနှင့်ပညာရေး - ငြိမ်းချမ်းရေးအတွက် အင်အားတစ်ရပ်၊ စက်တင်ဘာ ၁၈၊ ၂၀၁၄၊ web ။

ယခုအခါ၌ ပြည်နယ်နေ့များကို အများပြည်သူအားလပ်ရက်အဖြစ် သတ်မှတ်ထားသည့်အပြင် တိုင်းရင်းသားအမျိုးသားနေ့ကိုလည်း သတ်မှတ်ပေးရန် အဖွဲ့အစည်းများစွာက တောင်းဆိုထားကြပြီး ဖြစ်သည်။

**ဇယား (၂၃) - တိုင်းရင်းသားအမျိုးသားနေ့**

| | |
|---|---|
| ကချင် | ၂၀၁၅ ခုနှစ်ဇန်နဝါရီလ ၁၀ ရက်တွင် ပြည်နယ်အစိုးရဦးစီး၍ (၆၇) ကြိမ်မြောက် ကချင်ပြည်နယ်နေ့ကို ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ သမ္မတဦးသိန်းစိန် တက်ရောက်ခဲ့သည်။ |
| ကယား | အစိုးရသည် ၂၀၁၄ ခုနှစ် မတ်လလ ၃၁ ရက်တွင် ကယားပြည်နယ်၊ ဒီမောဆိုးမြို့နယ်၌ ကရင်နီအမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရန် KNPP ကို ခွင့်ပြုချက်ပေးခဲ့သည်။<br>(၆၃) ကြိမ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို ပြည်နယ်အစိုးရဦးစီး၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်တွင် လွိုင်ကော်၌ ကျင်းပပေးခဲ့သည်။<br>အကြိမ် (၁၄၀) မြောက် ကရင်နီအမျိုးသားနေ့အခမ်းအနားကို ၂၀၁၅ ခုနှစ် ဇွန်လ ၂၁ ရက်၌ လွိုင်ကော်တွင် ပထမဆုံးအကြိမ်ကျင်းပမည်ဖြစ်သည်။ |
| ကရင် | ကရင်ပြည်နယ်အစိုးရဦးစီး၍ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင် ကရင်ပြည်နယ်နေ့ကို ဖားအံမြို့တွင်ကျင်းပခဲ့သည်။ အဆိုပါပွဲသည် ကရင်ပြည်နယ်၏မြို့တော်တွင်ပြုလုပ်ခဲ့သော ပွဲတော်ကြီးများအနက်တစ်ခုဖြစ်ခဲ့ပြီး KNU မှတာဝန်ရှိသူများတက်ရောက်ခဲ့သည်။ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် ကျင်းပခဲ့ပြီး အခမ်းအနားသို့ ကရင်ပြည်နယ်မှ တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ |
| ချင်း | ချင်းပြည်နယ်အစိုးရသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် CNF နှင့်တွဲဖက်၍ ဟားခါးမြို့တွင် ချင်းအမျိုးသားနေ့အခမ်းအနားများကို ကျင်းပခဲ့သည်။ ချင်းအမျိုးသားနေ့သည် ချင်းတိုင်းရင်းသားအုပ်စုများ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကြိုးပမ်းလှုပ်ရှားမှု၏ အမှတ်အသားဖြစ်ပြီး အဆိုပါနေ့ကို ချင်းပြည်နယ်တွင် အားလပ်ရက်တစ်ရက်အနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ဗဟိုအစိုးရက အသိအမှတ်ပြုခဲ့သည်။ |
| မွန် | (၆၈) ကြိမ်မြောက်မွန်အမျိုးသားနေ့အခမ်းအနားကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်(တပို့တွဲလလပြည့်ကျော် ၁ ရက်နေ့)တွင်ကျင်းပခဲ့သည်။ အခမ်းအနားများကို မွန်ပြည်နယ် တစ်ဝန်းနှင့် နယ်စပ်ဒေသများတွင် ကျင်းပခဲ့သည်။ NMSP သည် ဘုရားသုံးဆူတွင် မွန်ပြည်နယ်နေ့အခမ်းအနားများကို ကျင်းပခဲ့ရာ အစိုးရတာဝန်ရှိသူများတက်ရောက်ခဲ့သည်။<br>(၄၁) ကြိမ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားကို ၂၀၁၅ ခုနှစ် မတ်လ ၅ ရက်တွင် မွန်ပြည်နယ်တစ်ဝန်း၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားများကို မွန်ပြည်နယ်အစိုးရက ကြီးမှူးကျင်းပခြင်းဖြစ်သည်။ |
| ရခိုင် | ရခိုင်ပြည်နယ်နေ့အခမ်းအနားကို ရခိုင်ပြည်နယ်တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားကို ပြည်နယ်အစိုးရက ဦးစီးကျင်းပခြင်းဖြစ်သည်။<br>ရခိုင်ပြည်သူများသည် အခြားသောတိုင်းရင်းသားအုပ်စုများကဲ့သို့ မိမိတို့၏အမျိုးသားနေ့ကို ကျင်းပလိုကြသည်။ ၂၀၁၅ ခုနှစ် မေလ ၁၄ ရက်နေ့ (ကဆုန်လပြည့်ကျော် ၁ ရက်)တွင် ရခိုင်ပြည်နယ်အတွင်းနှင့် ပြည်နယ်ပြင်ပတို့တွင် ရခိုင်အမျိုးသားနေ့အခမ်းအနားများကို ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည့်အခါတွင် ၎င်းတို့ဆန္ဒများ ပြည့်ဝခဲ့သည်။ သို့သော်လည်း ဗဟိုအစိုးရက ရခိုင်အမျိုးသားနေ့ကို တရားဝင်အသိအမှတ်ပြုခြင်းမရှိသေးပေ။ |

| | |
|---|---|
| ရှမ်း | ရှမ်းပြည်နယ်အမျိုးသားနေ့ကို ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးနှင့် QA ထိန်းချုပ်ထားသော ဒေသများအပါအဝင် ရှမ်းပြည်နယ်တစ်ဝန်းတွင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်တွင် ကျင်းပခဲ့သည်။ |

## နိုင်ငံရေးအရ တိုင်ပင်အကြံညာဏ်ရယူမှုများ

တိုင်းရင်းသားလက်နက်ကိုင်များသည် အစိုးရနှင့် မြေယာ/ချမ်းရေးသဘောတူညီချက်များကို ဆွေးနွေးညှိနှိုင်းခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မည်သို့မည်ပုံအကောင်းဆုံးရရှိအောင်ဆောင်ရွက်မည်ဟူသောအချက်ကို အစိုးရထိန်းချုပ်ထားသည့်ဒေသများရှိ ဒေသခံများနှင့် နီးနှောဖလှယ်ခြင်း စသောအခွင့်အရေးများရရှိထားသော်လည်း ဥပဒေသတ်မှတ်ချက်အရ လက်ရှိအချိန်အထိ မြန်မာနိုင်ငံ၌ တရားမဝင်အဖွဲ့အစည်းများအဖြစ် ရှိနေဆဲဖြစ်သည်။

**KNU**။ ကရင်သွေးစည်းညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးကော်မတီ (KUPC) နှင့် KNU တို့သည် ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော် ပုသိမ်တွင် လူထုအကြံပြုဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ပြီး KNU ခေါင်းဆောင်များက KNU နှင့်အစိုးရအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ တိုးတက်ဖြစ်ထွန်းလာမှုများကို ကရင်ပြည်သူများအား ရှင်းလင်းတင်ပြခဲ့သည်။ (ဧရာဝတီသတင်း၊ ၁ ဖေဖော်ဝါရီ ၂၀၁၄)

**KNU**။ ကရင်လူမှုအခြေပြုအဖွဲ့အစည်းများ (KCBOs) များက ကြီးမှူးကျင်းပသည့် ဖိုရမ်တစ်ခုသို့ KNU ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါဖိုရမ်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ကရင်လူမှုအခြေပြုအဖွဲ့အစည်း ၁၄ ဖွဲ့မှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ၎င်းတို့သည် KCBOs များအကြား တိုးတက်လာသော ဆက်ဆံရေး၊ အရေးပေါ်ဖြစ်ရပ်များကို စုပေါင်းတုံ့ပြန်ဖြေရှင်းရေး၊ ကရင်လူမျိုးများနှင့်ဆက်စပ်ပြဿနာများကို ကိုယ်စားပြုရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထောက်ခံအားပေးရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ KNU အနေဖြင့် ကရင်လူမှုအခြေပြုအဖွဲ့အစည်းများကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း နှင့် ၎င်းတို့၏လှုပ်ရှားဆောင်ရွက်မှုများကို အကြံပြုသွားမည်ဖြစ်ကြောင်း ဖဒိုနော်စီဖိုးရာစိန်က ဆိုသည်။ လူမှုရေးကိစ္စများ၊ အမျိုးသားရေးကိစ္စများနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အတွက် ဆောင်ရွက်ကြရန်နှင့် ပြည်ပအခြေစိုက်ကရင်အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်ကြရန် KCBOs များကို သူမက တိုက်တွန်းခဲ့သည်။ (ကရင်သတင်းအချက်အလက်စင်တာ၊ ၁၇ ဖေဖော်ဝါရီ ၂၀၁၄)

**KNU** ။ ကရင်လူမှုရေးခေါင်းဆောင်များနှင့် ကရင်သွေးစည်းညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးကော်မတီ (KUPC) တို့ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ၂၀၁၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့၌ လူထုအစည်းအဝေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ ၁၉၄၉ ခုနှစ်အတွင်း ကရင်တော်လှန်ရေးစတင်ချိန်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ်ကျင်းပသည့်လူထုအစည်းအဝေးပွဲသို့ မန္တလေး၊ လားရှိုး၊ ဖားကန့်နှင့် မြစ်ကြီးနားတို့ရှိ အနီးဝန်းကျင်မြို့နယ်များနှင့်ကျေးရွာများမှ လူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ အဆိုပါပွဲတွင် ဘာသာရေးခေါင်းဆောင်များလည်း ပါဝင်ခဲ့ကြသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) မှ အတွင်းရေးမှူးချုပ်ဖဒိုစောကွယ်ထူးဝင်းက အဆိုပါပွဲသို့တက်ရောက်ခဲ့ပြီး လက်ရှိ KNU ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများနှင့် အနာဂတ်နိုင်ငံရေးဆွေးနွေးပွဲတို့နှင့်ပတ်သက်၍ လူထုကို ရှင်းလင်းပြောဆိုခဲ့သည်။ (KIC ၊ ၁၀ ဧပြီ ၂၀၁၄)

**KNU**။ ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့တွင် ဒုတိယဥက္ကဋ္ဌဖဒိုနော်စီဖိုးရာစိန်သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသို့ခရီးထွက်ခဲ့ပြီး မြန်မာဘုရားကျောင်းများဆိုင်ရာကောင်စီ၏အစည်းအဝေးပွဲတစ်ရပ်တွင် ကရင်လူမျိုး ၅၀၀ ခန့်နှင့်

တွေ့ဆုံခဲ့သည်။ "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အားလုံးပါဝင်ဖို့လိုပါတယ်။ ကျွန်မအနေနဲ့ ရှင်တို့ရဲ့စိုးရိမ်ပူပန်စကား တွေကို နားထောင်ဖို့ ဒီနေရာကို လာရောက်တာဖြစ်ပါတယ်။ ကျွန်မတို့လိုလားတဲ့ငြိမ်းချမ်းရေးဆိုတာဟာ ဒီနိုင်ငံမှာ ရှိတဲ့ပြည်သူတွေအားလုံးအတွက်ပါ။ KNU တစ်ဖွဲ့တည်းအတွက် မဟုတ်ပါဘူး" ဟု သူမက ဆိုခဲ့သည်။ (KIC ။ ၁၅ မေ ၂၀၁၄)

**KNU** ။ ကရင်လက်နက်ကိုင်အဖွဲ့အစည်းများအကြား စည်းလုံးညီညွတ်မှုမြင့်တက်လာစေရေး အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ကရင်ပြည်နယ်၊ မြဝတီမြို့ရှိ တောင်ကလေးအေးရိပ်သာဘုန်းကြီးကျောင်းတွင် ၂၀၁၄ ခုနှစ် မေလ ၄ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ အရာရှိများသာမက ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် ခရစ်ယာန်ဘုန်းတော်ကြီးများ ကဲ့သို့ ဘာသာရေးခေါင်းဆောင်များလည်း တက်ရောက်ခဲ့ကြသည်။ (RFA ၊ ၁ မေ ၂၀၁၄)

**KNU** ။ မေလတွင် ရန်ကုန်မြို့၌ KNU ကိုယ်စားလှယ်များနှင့် UPWC တို့ ခြောက်ကြိမ်မြောက် တွေ့ဆုံပြီးနောက် ဖဒိုနော်စီဖိုရာစိန်သည် ၂၀၁၄ ခုနှစ် မေလခရီးစဉ်အတွင်း ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ကရင်အသိုက်အဝန်း များနှင့် တွေ့ဆုံခဲ့သည်။ (ဧရာဝတီ၊ ၉ မေ ၂၀၁၄)

**KNU** ။ ၂၀၁၄ ခုနှစ် မေလ ၁၂ ရက်နေ့တွင် KNU သည် ကရင်နိုင်ငံရေးပါတီများမှခေါင်းဆောင်များ၊ ကရင် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် ကရင်ပြည်နယ်၏မြို့တော်ဖြစ်သည့် ဖားအံတွင် တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောဆိုခဲ့သည်။ (RFA ၊ ၁၂ မေ ၂၀၁၄)

**KNPP** ။ ကရင်နီလူငယ်အစည်းအရုံးသည် မူဝါဒများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို သုံးသပ်ရန်အတွက် ၂၀၁၄ ခုနှစ် မေလ ၁၆ ရက်နေ့တွင် လွိုင်ကော်မြို့၌ အစည်းအဝေးပွဲတစ်ခု ကြီးမှူးကျင်းပခဲ့သည်။ အစည်းအဝေးပွဲသို့ နိုင်ငံရေးပါတီခြောက်ခုနှင့် အခြားသောအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ တက်ရောက်ခဲ့သည့် ပါတီနှင့်အဖွဲ့အစည်းများမှာ ကရင်နီအမျိုးသားဖွံ့ဖြိုးရေးပါတီ၊ ကရင်နီအမျိုးသားများပြည်သူ့ လွတ်မြောက်ရေးတပ်ဦး၊ ကရင်နီပြည်နယ်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ကယားနယ်မြေသစ်ပါတီ၊ ကရင်နီအမျိုး သမီးများအဖွဲ့အစည်း၊ လူငယ်အဖွဲ့အစည်းများနှင့် ကရင်နီအရပ်ဖက်လူမှုအခြေပြုအဖွဲ့အစည်းများ ဖြစ်ကြသည်။ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအား မည်သို့မည်ပုံပြုပြင်ပြောင်းလဲမည်ဟူသောအချက်ကို ဆွေးနွေးခဲ့ကြသည်။ KNPP ၏ ဒုတိယဥက္ကဋ္ဌဖြစ်သည့် ခူအူးရာက အစိုးရနှင့် KNPP အကြား လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှင်းလင်း တင်ပြခဲ့သည်။ (DVB ၊ ၁၆ မေ ၂၀၁၄)

**KNU** ။ KNU ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ၂၀၁၄ ခုနှစ်မေလ ၂၁ ရက်နေ့တွင် လှိုင်းဘွဲ့မြို့နယ်၌ လူထုဆွေး နွေးညှိနှိုင်းပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ KNU ခေါင်းဆောင်များသည် ၎င်းတို့၏မြေယာနှင့်သစ်တောရေးမူဝါဒများကို ရှင်းလင်းပြောဆိုခဲ့သည်။ ကရင်ဒေသခံများက မြေယာသိမ်းယူခံရသည့်ပြဿနာများကို တင်ပြခဲ့ကြသည်။ (KIC ၊ ၂၁ မေ ၂၀၁၄)

**KNPP** ။ KNPP သည် ကယားပြည်နယ် ဒီမောဆိုးမြို့နယ်တွင် လူထုဆွေးနွေးညှိနှိုင်းပွဲတစ်ခုကို ကျင်းပခဲ့သည်။ ဒုဥက္ကဋ္ဌခူအူးရာက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အသေးစိတ်ရှင်းလင်းပြောဆိုခဲ့ပြီး ကရင်နီဒေသခံများ၏ မေးခွန်း များကို ပြန်လည်ဖြေကြားပေးခဲ့သည်။ ကယားပြည်နယ်ရှိ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေး စောင့်ကြည့်မှုအဖွဲ့များကိုယ်စားလှယ်များနှင့် ဒေသခံအကြီးအကဲများက အဆိုပါပွဲသို့ တက်ရောက်ခဲ့ ကြသည်။ (ကန္တာရဝတီတိုင်းမ်၊ ၂၇ စက်တင်ဘာ ၂၀၁၄)

**KNPP**။ KNPP သည် ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ကယားပြည်နယ် လွိုင်ကော်မြို့တွင်လည်း လူထု ဆွေးနွေးညှိနှိုင်းပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုရေးအဖွဲ့ အစည်းများ၊ အမျိုးသမီးများနှင့် လူငယ်အဖွဲ့အစည်းများက အဆိုပါအစည်းအဝေးပွဲတွင် ပါဝင်ခဲ့ကြသည်။ ဒုတိယ ဥက္ကဋ္ဌ ခူအူးရာသည် KNPP နှင့်အစိုးရအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှင်းလင်းပြောဆိုခဲ့သည်။ ထို့ပြင်၎င်းက တက်ရောက်လာသူများထံမှ အကြံပြုချက်များကိုလည်း တောင်းဆိုခဲ့သည်။ (ကန္တာရဝတီတိုင်းမ်၊ ၃၀ စက်တင်ဘာ ၂၀၁၄)

**KNU**။ KNU သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၆-၁၇ ရက်တွင် ဖားအံမြို့ရှိ ဇွဲကပင်ခန်းမတွင် ကရင်အမျိုးသား အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဦးစီးကျင်းပခဲ့သည်။ နှစ်ရက်ကြာအလုပ်ရုံဆွေးနွေးပွဲသို့ ကရင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ KNU ၊ ဒေသခံကရင်လူမျိုးများ၊ ဘာသာရေး ခေါင်း ဆောင်များနှင့် အစိုးရတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ၎င်းတို့သည် နိုင်ငံရေးဆွေးနွေးပွဲတွင် မည်သို့မည်ပုံ ပါဝင်ကြမည်ကို ဆွေးနွေးခဲ့ကြသည်။ (KIC ၊ ၁၈ ဇန်နဝါရီ ၂၀၁၅)

**CQU**။ CQU သည် ၂၀၁၄ ခုနှစ် မေလ ၁-၂ ရက်တွင် ချင်းမိုင်မြို့၌ အစည်းအဝေးပွဲတစ်ရပ် ကျင်းပခဲ့သည်။ RCSS ၊ SSPP ၊ SNLD ၊ SNDP နှင့် ရှမ်းအရပ်ဖက်လူမှုဖွဲ့အစည်းများသည် အဆိုပါ အစည်းအဝေးပွဲသို့ တက်ရောက်ခဲ့ပြီး တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့သည် နိုင်ငံရေး မူဘောင်နှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။ (Shan Herald Agency for News ၊ ၂ မေ ၂၀၁၄)

## ၄။ လူထုအခြေပြုအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

ပြည်တွင်းအရပ်ဖက်လူမှုအဖွဲ့အစည်းများသည် လက်ရှိမြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ကြသည်။ ၄င်းတို့သည် ငြိမ်းချမ်းရေးလှုံ့ဆော်မှုများမှစ၍ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်များအကြားရင်ကြားစေ့ပေးသည်အထိ ပါဝင်ဆောင်ရွက်ကြသည်။ လွန်ခဲ့သည့်နှစ်က လူထုအခြေပြုအဖွဲ့အစည်းများသည် အစည်းအဝေးပွဲများ၊ လက်တွေ့အခြေအနေကို မီးမောင်းထိုးပြသည့်အစီရင်ခံ စာထုတ်ဝေခြင်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကဲ့သို့ လုပ်ငန်းစဉ်များစွာတွင် ပါဝင်ခဲ့ကြသည်။ ၄င်းတို့သည် အနာဂတ်နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်တစ်ရပ်ရေးဆွဲရန် နိုင်ငံရေးပါတီအချို့နှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းမှတစ်ဆင့်လက်ရှိ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ကြသည်။ လူထုအခြေပြုအဖွဲ့အစည်းများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် လူထုအခြေပြုအဖွဲ့အစည်းများပါဝင်ရေး စဉ်းစားသုံးသပ်ရန် အစိုးရကိုသာမက တိုင်း ရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါ တွန်းအားပေးခဲ့သည်။ ၄င်းတို့၏အမြင်များသည် အောက်ခြေလူတန်းစားများ၏ လိုလားချက်များကိုအခိုင်အမာကိုယ်စားပြုဖော်ပြပေးနိုင်ကြသည်။ ထို့ပြင် ၄င်းတို့သည် သံလွင်ရေကာ တာတည်ဆောက်ခြင်း၊ အခြားသောစီမံကိန်းကြီးများတည်ဆောက်ခြင်းနှင့် ယင်းတို့၏သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများကို ဆန့်ကျင်သောလှုံ့ဆော်မှုများတွင်လည်း ပါဝင်ခဲ့ကြသည်။ ၄င်းတို့သည် လူ့အခွင့်အရေး မြှင့်တင်ခြင်း၊ ကလေးစစ်သားပြဿနာများ၊ မြေယာသိမ်းယူမှုနှင့် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံများကို ဆန့်ကျင်ခြင်း စသောအရေးကိစ္စများတွင် ပါဝင်ခဲ့ကြသည်။ ထို့ပြင် ၄င်းတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေးကိုလည်း စောင့်ကြည့်ခဲ့ကြသည်။

အောက်တွင်ဖော်ပြထားသည်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုက်ရိုက်ပါဝင်ပတ်သက်ခဲ့သည့် အရေးပါသော အရပ်ဖက်လူမှုအဖွဲ့အစည်းများ ဖြစ်သည်။

**ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ (PCG)** ကို ကချင်စီးပွားရေးလုပ်ငန်းရှင်များက ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး အစိုးရနှင့် KIO အကြား အပစ်အခတ်ရပ်စဲရေးဆွေးနွေးရာတွင် ကူညီပေးခဲ့သည်။ အင်အားစုနှစ်ဖက်လုံးနှင့် ဆက်ဆံရေးကောင်းမွန်သည့်အတွက်ကြောင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွက် ကနဦးတွင် ကြားခံပွဲစားအနေဖြင့်လည်းကောင်း၊ ယခုအခါတွင် ငြိမ်းချမ်းရေးအကောင်အထည်ပေါ်အောင် ဆောင်ရွက်ပေးသူအဖြစ်လည်းကောင်း အရေးပါသောကဏ္ဍမှပါဝင်ခွင့်ရရှိထားပါသည်။ အဆိုပါအဖွဲ့သည် နှစ်ဖက်အကြားတွင် အရေးပါသောဆက်သွယ်ရေးကြားခံတစ်ခုလည်းဖြစ်ပြီး KIO ကိုယ်စားလှယ်များအတွက် လိုအပ်သောထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည်။ အထူးသဖြင့် ၄င်းတို့သည် KIO ၏ နည်းပညာပိုင်းဆိုင်ရာအကြံပေး အဖွဲ့ (၂၃ ဇူလိုင် ၂၀၁၃) ဖွဲ့စည်းရာတွင်ပါဝင်ခဲ့သည်။ ဖွဲ့စည်းလိုက်သည့် အဆိုပါအဖွဲ့သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်သောအစီအစဉ်များကို ဆောင်ရွက်ပေးရန်တာဝန်ရှိပေသည်။ ဦးယုဇော်ခေါင်သည် UPWC နှင့် KIO အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တက်ရောက်ခဲ့သည်။ PCG သည် ဖားကန့်နှင့် မန်စီမြို့နယ်တို့တွင် တိုက်ပွဲများဖြစ်ပွားစဉ် KIA နှင့် ကချင်နယ်စပ်ရေးရာဝန်ကြီးဌာနအကြား ပဋိပက္ခပူးတွဲအဖြေရှာရေး ကော်မတီ (JCRC) အစည်းအဝေးပွဲပေါ်ပေါက်လာစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**ကရင်သွေးစည်းညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးကော်မတီ (KUPC)** သည် KNU အဖွဲ့အား ငြိမ်းချမ်းရေးဆွေးနွေးပွဲများအဆင်ပြေချောမွေ့စွာပေါ်ပေါက်ရေး အကူအညီပေးရန်နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထုပါဝင်လာစေရေးအတွက် တက်ကြွသောကဏ္ဍမှ ပါဝင်ရန်ဖြစ်သည်။ အဆိုပါအဖွဲ့ကို ၂၀၁၂ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးသမားများနှင့် အရပ်ဖက်အဖွဲ့အစည်းများက ကရင်ယဉ်ကျေးမှုနှင့်ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ KUPC နှင့် အစိုးရတာဝန်ရှိသူများသည် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် တောင်ငူ၌ အစည်းအဝေးပွဲ

တစ်ရပ် ကျင်းပခဲ့ကြသည်။ ၄င်းတို့သည် ကရင်ပြည်နယ်ရှိတိုက်ပွဲများ၌ KNU နှင့်အစိုးရအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆွေးနွေးခဲ့ကြသည်။ KUPC သည် လေးဝါးစခန်းတွင် အစည်းအဝေးပွဲတစ်ရပ်ကို ကျင်းပခဲ့ကြပြီး နိုင်ငံရေးမူဘောင်နှင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် မည်သို့မည်ပုံပြင်ဆင်မည်ဟူသောအချက်ကို ဆွေးနွေးခဲ့ကြသည်။ KNU အနေဖြင့် ကရင်ပြည်သူများ၏အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးမည်သို့မည်ပုံရရှိမည်ဟူသောအချက်ပေါ်တွင်သာ အဓိကအာရုံစိုက်ပါရန် KUPC က တိုက်တွန်းအကြံပြုခဲ့သည်။

**ချင်းအပစ်အခတ်ရပ်စဲရေး စောင့်ကြည့်မှုအဖွဲ့ (CCMT)** ကို ၂၀၁၄ ခုနှစ် ဇွန်လ ၁၄ ရက်တွင် ဖွဲ့စည်းခဲ့သည်။ အဆိုပါအဖွဲ့တွင် ချင်းပြည်နယ်ရှိ မြို့နယ် ၉ ခုမှ ကိုယ်စားလှယ် ၄၅ ဦး ပါဝင်သည်။ ဒေသန္တရခေါင်းဆောင်များ၊ ကျောင်းသားများ၊ လူငယ်များ၊ အမျိုးသမီးများနှင့် ဘာသာရေးခေါင်းဆောင်များက အဆိုပါစောင့်ကြည့်ရေးအဖွဲ့တွင် ပါဝင်ခဲ့ကြသည်။ CCMT အနေဖြင့် CNF နှင့်အစိုးရအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စောင့်ကြည့်သွားမည်ဖြစ်သည်။

**ငြိမ်းချမ်းရေးနှင့်ဆွေးနွေးပွဲအတွက် ပြည်ထောင်စုအဖွဲ့အစည်း** (PI - http://pyidaungsuinstitute.org) ကို ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့သည်။ သို့သော်လည်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလရောက်မှသာ တရားဝင်လုပ်ငန်းစတင်ခဲ့သည်။ PI သည် ပြည်ထောင်စုတည်ဆောက်ရာတွင် အဖွဲ့အစည်းများကို အရေးပါ၍ အမှီအခိုကင်းသော အရင်းအမြစ်များနှင့် အကူအညီများကို ထောက်ပံ့ပေးလျက်ရှိသည်။

**နိုင်ငံတကာငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ (IPSG)** ကို INGOs များက ဖွဲ့စည်းထားခြင်းဖြစ်ပြီး အစိုးရ မဟုတ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တန်းတူညီမျှသော ငြိမ်းချမ်းရေးရရှိရန် ဆွေးနွေးရာတွင် အထောက်အကူဖြစ်စေရေးအတွက် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ၌ ပါဝင်ပေသည်။ ယင်းသည် အဖွဲ့ဝင် ၁၂၀ ပါဝင်သော တရားဝင်မဟုတ်သည့်ကွန်ရက်တစ်ခုဖြစ်ပြီး တစ်လလျှင်တစ်ကြိမ်ကျ ပူးပေါင်းညှိနှိုင်းရေးအစည်းအဝေးပွဲကို ကျင်းပလေ့ရှိသည်။ အဆိုပါအဖွဲ့တွင် နိုင်ငံတကာအကြပ်အတည်းကူညီဖြေရှင်းရေးအဖွဲ့ (ICG) ၊ လူသားချင်း စာနာမှုဆိုင်ရာ တွေ့ဆုံညှိနှိုင်းမှုဗဟိုဌာန (Center for Humanitarian Dialogue)၊ ဥရောပ-မြန်မာရုံး (EBO)၊ မျှတမှု ဆိုင်ရာနိုင်ငံတကာအဖွဲ့ (FairneQ International)၊ နယ်စပ်တစ်လျှောက် ကူညီထောက်ပံ့ရေးအဖွဲ့ကြီး (TBC)၊ ဂျီနီဗာတောင်းဆိုမှုအဖွဲ့ (Geneva Call)၊ နိုင်ငံတကာဖြတ်ကျော်အင်စတီကျူ့(TNI)၊ နိပွန်ဖောင်ဒေးရှင်း၊ ပွင့်လင်းသောလူ့မှုအဖွဲ့အစည်းဖောင်ဒေးရှင်း (Open Society Foundation)၊ ကမ္ဘာ့ဘဏ်နှင့် ရှလောမ်ဖောင်ဒေးရှင်းတို့ ပါဝင်ကြသည်။

ဥရောပ-မြန်မာရုံး (EBO) သည် တိုင်းရင်းသားလက်နက်ကိုင်များနှင့်အစိုးရအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် ကြားဝင်စေ့စပ်ပေးရာတွင် အဓိကအရေးပါသောအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။အဆိုပါအဖွဲ့အနေဖြင့် ဆက်လက်ပြုလုပ်နေသည့် အပစ်အခတ်ရပ်စဲရေးတွင် ပူးပေါင်းပါဝင်ရန်နှင့် ဘုံသဘောတူညီသည့် ငြိမ်းချမ်းရေးအစီအစဉ်တစ်ရပ်ပေါ်ပေါက်လာစေရန် ရည်ရွယ်သည်။ ၄င်းတို့၏ဆောင်ရွက်မှုများမှာ ကျယ်ပြန့်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ နိုင်ငံရေးလှုပ်ရှားမှုများအတွက် ရန်ပုံငွေရှာခြင်းနှင့် အဆိုပါအဖွဲ့အစည်းများကို စွမ်းရည်မြှင့်တင်ပေးခြင်းမှသည် ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်းအတွက် ကနဦးရန်ပုံငွေများပို့ပေးသည်အထိပါဝင် သည်။ EBO သည် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၂၉ ဖွဲ့၏ ဆက်ဆံရေးရုံးများအတွက် လုပ်ငန်းကုန်ကျစရိတ်များကို ထောက်ပံ့ပေးခြင်းနှင့် ဆက်ဆံရေးအရာရှိများအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများအတွက် ကူညီပေးလျက်ရှိသည်။ ထို့ပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ရန်အတွက် လူထုအခြေပြုအဖွဲ့အစည်းများကိုလည်း ရန်ပုံငွေများ ထောက်ပံ့ကူညီပေးလျက်ရှိသည်။ EBO သည် တိုင်းရင်းသား ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ (WGEC) ကိုထောက်ပံ့ကူညီပေးခဲ့သည်။ EBO သည် "ကျယ်ပြန့်ပြည့်စုံသော ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (မူကြမ်း)" ရေးဆွဲရန် တာဝန်ရှိပေသည်။ UNFC သည် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်အတွက် တိုင်းရင်းသားလက်နက်ကိုင်များ၊ အရပ်ဖက်နှင့်လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကျွမ်းကျင်ပညာရှင်များရေးဆွဲသည့် WGEC ၏ ကျယ်ပြန့်ပြည့်စုံသောအဆိုပြုလွှာမှ အချက်အလက်

အချို့ကိုယူကာ မိမိတို့ကိုယ်ပိုင်တစ်ပြည်လုံးအပစ်အခတ်ရပ်စဲ ရေးသဘောတူညီချက်တစ်ရပ်ဖန်တီးရေးဆွဲရာတွင် ထပ်ပေါင်းထည့်ခဲ့သည်။ ကျွမ်းကျင်ပညာရှင်များဖြင့်ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်သည့်ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဆွေးနွေးရေးအဖွဲ့ (PI) သည် ယခုအခါတွင် NCCT အတွက် မူတစ်မူတည်းအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို မူကြမ်းရေးဆွဲခြင်းနှင့် အကြံဉာဏ်ပေးခြင်းတို့တွင် အရေးပါသောအဖွဲ့အစည်းတစ်ခုဖြစ်လာပြီဖြစ်သည်။

**မြန်မာငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့** (MPSI)။ နော်ဝေအစိုးရသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ကူညီရန် သမ္မတဦးသိန်းစိန်၏တောင်းဆိုချက်ကို လက်ခံပြီးနောက် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန (NMFA) သည် အပစ်အခတ်ရပ်စဲမှုများကို ဆန်းစစ်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ငံတကာအသိုက် အဝန်း၏ယုံကြည်မှုတည်ဆောက်ရေးအတွက် လက်တွေ့ကျသော နည်းလမ်းများကို သတ်မှတ်ပေးရန် အစိတ် အပိုင်းတစ်ရပ်အနေဖြင့် မြန်မာငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ (MPSI) အဖွဲ့ကို ထူထောင်ပေးခဲ့သည်။ MPSI သည် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံမှ ခွင့်ပြုချက်ရရှိပြီးနောက်တွင် တိုင်းရင်းသားဒေသ များတွင် ရှေ့ပြေးစီမံကိန်းများကို စတင်ပြုလုပ်ခဲ့သည်။ ရှေ့ပြေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရ သည့်ရည်ရွယ်ချက်မှာ စစ်ဘေးသင့်ဒေသခံများကိုကူညီရန်၊ ယုံကြည်မှုတည်ဆောက်ရန်နှင့် အစိုးရနှင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား အပစ်အခတ်ရပ်စဲရေးကိုစောင့်ကြည့်ရန်ဖြစ်သည်။

**နိပ္ပွန်ဖောင်ဒေးရှင်း**သည် စစ်ဘေးသင့်ဒေသများတွင်နေထိုင်သော တိုင်းရင်းသားပြည်သူများထံသို့ အထောက်အပံ့များပေးပို့ရာတွင် ကူညီပေးရန်ဖြစ်သည်။ ၎င်းတို့သည် တိုင်းရင်းသားခေါင်းဆောင်များ ခရီးထွက်ခြင်းနှင့် အစည်းအဝေးပွဲပြုလုပ်ခြင်းတို့အတွက် အသုံးစရိတ်များကို လှူဒါန်းပေးသည်။ နိပ္ပွန်ဖောင်ဒေးရှင်းသည် ငြိမ်းချမ်းရေးပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် ဒေသခံများအတွက် ပိုမိုအကျိုးကျေးဇူးများစေရန် နည်းလမ်းတစ်ရပ်အနေဖြင့် ၎င်းတို့၏ဒေသများတွင် လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးအပ်ရေး တိုင်းရင်းသားခေါင်းဆောင်များနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့သည်။

**အခြား**။ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ဒေသခံများကိုယ်စား ၎င်းတို့၏လိုအပ်ချက်များနှင့် လိုလားချက်များကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံ အစီရင်ခံတင်ပြခြင်း၊ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းနှင့် ယုံကြည်မှုတည်ဆောက်ခြင်း စသည်တို့အတွက် အရေးပါသောအဖွဲ့အစည်းများဖြစ်သည်။ ၎င်းတို့သည် အစိုးရနှင့် ပူးတွဲလုပ်ငန်းဖော်ဆောင်မှု အဖွဲ့များ (ဥပမာ - သယံဇာတ ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ရှိစေရေးကြိုးပမ်းမှု EITI ၏ အင်အားစုပေါင်းစုံဖွဲ့စည်းထားသည့်အဖွဲ့) တွင်လည်းပါဝင်ကြပြီး လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အရေးကိစ္စများနှင့် စပ်လျဉ်းသော မူဝါဒများကိုရေးဆွဲရာတွင် ကူညီကြသည်။ အချို့သော အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက် ပေါ်ပေါက်လာမည့် နိုင်ငံရေးဆွေးနွေးပွဲ၌ ထည့်သွင်းဆွေးနွေးရမည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေးများကဲ့သို့ အရေးပါသောပြဿနာများကို သုံးသပ်စဉ်းစားရန်အတွက် အစိုးရနှင့်တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများကို တွန်းအားပေးကြသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းလမ်းဖြင့် ပါဝင်နေကြသည့် ဒေသခံ NGOs အဖွဲ့များလည်း ရှိသည်။ အဆိုပါအဖွဲ့များမှာ- ငြိမ်း (ရှလောမ်) ဖောင်ဒေးရှင်း၊ ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်း၊ ဗမာ့မြစ်ကွန်ရက်၊ Paungku အဖွဲ့၊ Equality Myanmar အဖွဲ့၊ ကချင်ဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့၊ Women's Organizations Network အဖွဲ့၊ Women's League of Burma အဖွဲ့၊ Land Core Group အဖွဲ့၊ ကချင်ငြိမ်းချမ်းရေးကွန်ရက်အဖွဲ့နှင့် Karen Women's Empowerment Group အဖွဲ့တို့ ဖြစ်ကြသည်။

**နိုင်ငံတကာညီနောင်များဖက်ဒရေးရှင်း (NBF)** အဖွဲ့တွင် နိုင်ငံရေးပါတီ ၅၆ ခု ပါဝင်သည်။ ၎င်းတို့သည် အဆိုပြုထားသော နိုင်ငံရေးမူဘောင်တစ်ရပ် မူကြမ်းရေးဆွဲရန် အစည်းအဝေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပကြသည်။ UPWC နှင့် NCCT တို့ နှစ်ဖွဲ့လုံးမှသဘောတူထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လမ်းပြမြေပုံအရ ၎င်းတို့

အနေဖြင့် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးတွင်လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးမူဘောင်တစ်ရပ်မူကြမ်းရေးဆွဲကာ ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲကျင်းပသွားမည်ဖြစ်သည်။ လမ်းပြမြေပုံအရ နိုင်ငံရေးပါတီများအနေဖြင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်မည်ဖြစ်ပေသည်။ ၎င်းတို့၏ အားထုတ်ကြိုးပမ်းမှုများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမို၍ တိုးတက်ကောင်းမွန်လာစေရန် အကူအညီပေးလျက်ရှိပါသည်။ UNA နှင့် NLD ပါတီတို့ မူကြမ်းရေးဆွဲထားသည့် နိုင်ငံရေးမူဘောင်နှင့်ပတ်သက်၍ အခြားသော အဆိုပြုတင်ပြချက်များရှိပါသည်။

## ၅။ နိုင်ငံတကာကလှုပ်ရှားဆောင်ရွက်သူများ၏ အခန်းကဏ္ဍ

နိုင်ငံတကာ၏ထောက်ပံ့ကူညီမှုများနှင့် ရန်ပုံငွေများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ခြင်း၊ လူသားချင်းစာနာထောက်ထားသည့်အကူအညီအတွက်လျာထားဆောင်ရွက်ခြင်းနှင့် ကြားဝင်စေ့စပ်ညှိနှိုင်းခြင်းများ အတွက် လွန်စွာအရေးပါလျက်ရှိသည်။ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာက စိတ်ဝင်စားလာခြင်း ကြောင့် ထိပ်တန်းနိုင်ငံ့ခေါင်းဆောင်များ အများအပြားလာရောက်လည်ပတ်ကြသည်။ ယင်းသို့ အလည်အပတ် လာ ရောက်လည်ပတ်သူများတွင် အနားယူသွားသည့်နိုင်ငံ့ခေါင်းဆောင်များနှင့် တာဝန်ထမ်းဆောင်ဆဲနိုင်ငံခေါင်းဆောင် များပါဝင်ကြပြီး ၎င်းတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုထောက်ခံကြောင်း ပြောဆိုခဲ့ကြသည်။ နိုင်ငံခြား အကူအညီများ သည် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပိုမိုလျင်မြန် ချောမွေ့စွာဖြစ် မြောက်စေရန် လွန်စွာအရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိသည်။

သို့သော်လည်း နိုင်ငံခြားအကူအညီများသည် အဆိုပါပြည်ပနိုင်ငံများ၏ အကျိုးစီးပွားနှင့် ပတ်သက်ဆက်နွှယ် နေတတ် ရာ ပြဿနာများဖြစ်ပေါ်တတ်ပါသည်။ ယင်းကြောင့်ပင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြသည့် နိုင်ငံခြားအဖွဲ့အစည်းများမှာ ၎င်းတို့၏လှုပ်ရှားဆောင်ရွက်မှု၊ ဘဏ္ဍာငွေကြေးထောက်ပံ့မှု သို့မဟုတ် ကူညီပံ့ပိုးမှု စသောအစီအစဉ်များတွင် အမြဲတမ်း မပွင့်လင်းကြဟု ပြောဆိုနေကြခြင်းဖြစ်ပါသည်။ ထို့အပြင် နိုင်ငံရပ်ခြားအကူ အညီများက နိုင်ငံရေးအကျေအလည်ဆွေးနွေးခြင်းမပြုရသေးမီ ဖွံ့ဖြိုးရေးကိစ္စများကို ဦးစားပေးသည်ဟု ဝေဖန် ပြောဆိုမှုများရှိနေပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း ၎င်းတို့၏အကျိုးစီးပွားထက် အစိုးရ ကို ဦးစားပေးနေသည်ဟု ခံစားနေကြရပါသည်။ ဧရာဝတီသတင်းဌာနနှင့် KNLA ၏ ဒုတိယစစ်ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဘောကျော်ဟဲက ပြောဆိုရာ၌ အစိုးရက ဖွံ့ဖြိုးရေးစီမံကိန်းများအပေါ်အခွင့်ကောင်းယူ အမြတ်ထုတ် နိုင်ကြောင်း၊ ထို့အပြင် တိုင်းရင်းသားနယ်မြေများတွင် ၎င်းတို့နေရာယူထိန်းချုပ်ထားနိုင်မှုကို ပိုမိုအားကောင်းခိုင်မာ စေရန် အစိုးရမဟုတ်သည့် အဖွဲ့အစည်း NGOs များကိုအသုံးချနေကြောင်း တမီလ်ကျားသူပုန်များနှင့် သီရိလင်္ကာ အစိုးရကိုဥပမာပေး၍ ပြောဆိုခဲ့သည်။[၁၁၂] မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် နိုင်ငံတကာပံ့ပိုးမှုအဖွဲ့ (MPSI) ၏ အကြံပေးအက်ရှ်လေဆောက်သ် (Ashely South) ကလည်း နိုင်ငံတကာအလှူရှင်များအနေဖြင့် အစိုးရလမ်းကြောင်း မှတစ်ဆင့် ပံ့ပိုးကူညီနေခြင်းကို ကျေနပ်နေသည့်အပေါ် သတိပေးပြောဆိုခဲ့ပြီး နိုင်ငံ၏ရှုပ်ထွေးပွေလီသည့် နောက်ခံ အခြေအနေကို အပြည့်အဝနားလည်သင့်သည်ဟု ဆိုသည်။၁၁၃

လက်ရှိအချိန်အထိ နိုင်ငံရပ်ခြားအကူအညီအများစုမှာ လူသားချင်းစာနာမှုအတွက်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကိုထောက်ပံ့အကောင်အထည်ဖော်ပေးရန်အတွက် ဦးတည်သွားနေခြင်းဖြစ်သည်။ ပြည်ပနိုင်ငံများသည် မြန်မာ လက် နက်ကိုင်အဖွဲ့အစည်းများအား ပြုပြင်ပြောင်းလဲမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံအားပေးရေး တွန်းအားပေးရန် ကြိုးပမ်းကြသည်။ အထူးသဖြင့် ဥရောပသမဂ္ဂသည် ရဲတပ်ဖွဲ့ကိုထောက်ခံအားပေးမှုများပြုလုပ် ကာ ၂၀၁၄ ခုနှစ်တွင် လူအုပ်ကြီးအား ထိန်းသိမ်းခြင်းကဲ့သို့နည်းလမ်းများကို လေ့ကျင့်သင်တန်းပေးခဲ့သည်။ ယင်းမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကျိုးပြုရန်ရည်ရွယ်ပေသည်။ အခြားသောဥပမာတစ်ခုအနေဖြင့် မြန်မာစစ်ဘက်အရာရှိများသည် အမေရိကန် ဦးစီးပြုလုပ်သည့် ၂၀၁၄ကော်ဘရာဂိုးလ်စစ်ရေးလေ့ကျင့်မှုတွင် လေ့လာသူအဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ယင်းမှာ အဆိုပါပွဲတွင်ပါဝင်သောနိုင်ငံများက မြန်မာစစ်တပ်ကိုလက်ခံလိုက်သည့် အရေးပါသောအခြေအနေတစ်ရပ် ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံသည် တရုတ်၊ ဂျပန်၊ အမေရိကန်၊ အိန္ဒိယ၊ ဥရောပနိုင်ငံများ၊ အခြားသောအာဆီယံနိုင်ငံများနှင့် ထိပ်တန်းစစ် ဘက်အရာရှိများ အပြန်အလှန်လည်ပတ်မှုများပြုလုပ်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံအစည်းအဝေး ပွဲများကိုအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးပွဲများသို့ အမေရိကန်သမ္မတအပါအဝင် ကမ္ဘာ့ခေါင်း ဆောင်များစွာ တက်ရောက်ခဲ့ကြသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ပိုမိုအားကောင်းလာစေရန်အတွက် စစ်တပ်၏ ထပ်မံပူးပေါင်းပါဝင်လာရေးကို လိုလား ကြောင်း အမေရိကန်က ပြောဆိုခဲ့သည်။ သို့သော် ယင်းအချက်ကို အချို့သော အထက်လွှတ်တော်အမတ်များက ပြင်းပြင်းထန်ထန်ကန့်ကွက်ကြသည်။ သမ္မတအိုဘားမားက မြန်မာနိုင်ငံ၏ပြုပြင် ပြောင်းလဲရေးမှာ မပြည့်စုံသေးကြောင်း သတိပေးပြောဆိုကာ ဆက်လက်ဆောင်ရွက်မြန်မာအစိုးရကို တိုက်တွန်းခဲ့သည်။

---

၁၁၂။ ဧရာဝတီ၊ ''အင်တာဗျူး-နေပြည်တော်အစိုးရအနေဖြင့် သီရိလင်္ကာတွင် ပြည်တွင်းစစ်အဆုံးသတ်ခြင်းကို လေ့လာ ပညာယူမည်လား''၊ စောရန်နိုင်၊ ဇန်နဝါရီ ၂၉၊ ၂၀၁၄၊ web ။

## နိုင်ငံရပ်ခြားမှ လေ့လာစောင့်ကြည့်သူများ

တိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရအကြား သံသယများရှိနေဆဲဖြစ်ရာ တိုင်းရင်းသားလက်နက်ကိုင်များက အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများတွင် နိုင်ငံရပ်ခြားမှ စောင့်ကြည့်လေ့လာသူများပါဝင်ရန် အထူးလိုလားသည်။ နိုင်ငံရပ်ခြားတိုင်းပြည်များမှ ကိုယ်စားလှယ်များသည် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးအဆုံးသတ်လက်မှတ်ရေး ထိုးရာတွင် အသိသက်သေအဖြစ်မဖြစ်မနေရှိရမည်ဖြစ်ကြောင်း အဆိုပြုကြသည်။ သို့သော်လည်း မည်သည့်နိုင်ငံများမှ မည်သူတို့ကစောင့်ကြည့်မည်ဟူသောအချက်ကို ဆုံးဖြတ်ရေးဆွဲရန်ရှိနေသည့်အတွက် သဘောတူညီချက်ရရှိခြင်းမရှိသေးပေ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ကုလသမဂ္ဂ၊ အမေရိကန်၊ ဗြိတိန်၊ တရုတ်၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှကိုယ်စာလှယ်များကို အသိသက်သေအဖြစ်လက်မှတ်ရေးထိုးရန် လိုလားသည်။ လက်ရှိအချိန်အထိ တရုတ်အထူးသံတမန်၊ ကုလသမဂ္ဂအထူးသံတမန်နှင့် နိပွန်ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်တစ်ဦးတို့ကသာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် ကရင်ပြည်နယ်၊ လော်ခီးလာမြို့တို့တွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရအကြား အပစ်အခတ်ရပ်စဲရေးဆွေးနွေးညှိနှိုင်းမှုများ၌ အသိသက်သေအဖြစ် ပါဝင်ခဲ့သည်။

## အိမ်နီးချင်း နိုင်ငံများ

**တရုတ်နိုင်ငံ** – အနီးဆုံးတွင်ရှိနေပြီး အင်အားကြီးအိမ်နီးချင်းနိုင်ငံဖြစ်သည့်အတွက် တရုတ်နိုင်ငံသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဗဟိုအချက်အခြာနေရာမှ ဆက်လက်ပါဝင်နေဆဲဖြစ်သည်။ လက်ရှိပဋိပက္ခကြောင့် ပျံ့နှံ့လာသည့်ဆိုးကျိုးများနှင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများကြောင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ၎င်း၏အမျိုးသားလုံခြုံရေးအပေါ် တိုက်ရိုက်မည်မျှသက်ရောက်မှုရှိသည်ကို သိသာစေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်၏အကျိုးစီးပွားသည် စီးပွားရေးရင်းနှီးမြှုပ်နှံမှုကြီးများသာမကဘဲ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကိစ္စများလည်း ပါဝင်ပတ်သက်နေပါသည်။

MNDAA အဖွဲ့ကို အစိုးရထိုးစစ်ဆင်တိုက်ခိုက်သည့်ကာလအတွင်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှ စတင်ကာ တရုတ်နယ်မြေထဲသို့ အမြောက်ဆန်များနှင့် လေယာဉ်ဗုံးဆန်များကျရောက်ခဲ့ရာ တရုတ်လယ်သမားလေးဦး သေဆုံးခဲ့သည်။ နယ်စပ်ဒေသတွင် တည်ငြိမ်အေးချမ်းရေးပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်ရန် တရုတ်အစိုးရက မြန်မာအစိုးရကို တိုက်တွန်းပြောဆိုခဲ့သည်။ မြန်မာလေတပ်က ဗုံးဆန်များကို ဒုတိယအကြိမ်မှားယွင်းပစ်ချခဲ့မိပြီးနောက် တရုတ်က နယ်စပ်တစ်လျှောက်တွင် တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားခဲ့သည်။ နောက်ပိုင်းတွင် မြန်မာနိုင်ငံခြားရေးဝန်ကြီးက တရုတ်နိုင်ငံသို့သွားရောက်ခဲ့ပြီး သေဆုံးသူများ၏မိသားစုဝင်များကို နစ်နာကြေးပေးရန် သဘောတူခဲ့ သည်။ မြန်မာစစ်တပ်အနေဖြင့် မိမိတပ်ဖွဲ့ဝင်များကိုထိန်းရန်နှင့် နယ်စပ်ဖြတ်ကျော်ခြင်းမပြုရန် တရုတ်စစ်တပ်က သတိပေးခဲ့သည်။ တိုက်ပွဲများဖြစ်ပွားနေသည့် ကိုးကန့်ဒေသ၏ နယ်စပ်တစ်လျှောက်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

၂၀၁၃ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် တရုတ်နိုင်ငံက ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း ဝမ်ယင်ဖန်ကို အာရှရေးရာ (မြန်မာ့အရေးဦးစားပေး) ပထမဆုံးထူးသံတမန်အဖြစ် ခန့်အပ်ခဲ့သည်။ ၎င်း၏တာဝန်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သောကဏ္ဍမှ ပါဝင်ရန်ဖြစ်သည်။ ယူနန်ဒေသအစိုးရ၏စေ့စပ်ညှိနှိုင်းပေးမှုဖြင့် KIO နှင့် မြန်မာအစိုးရအကြား အကျိုးကျေးဇူးများသော အစည်းအဝေးပွဲတစ်ရပ်ကို ယူနန်ပြည်နယ် Ruili မြို့တွင် ကျင်းပနိုင်ခဲ့သည်။ အာရှရေးရာအထူးသံတမန် Mr.Sun Guoxiang သည် ကရင်ပြည်နယ်တွင်ကျင်းပသော လော်ခီးလာ တိုင်းရင်းသားညီလာခံသို့ တက်ရောက်ခဲ့သည်။ ထို့ပြင် ၎င်းသည် နေပြည်တော်တွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်လည်း တွေ့ဆုံခဲ့သည်။ သို့သော်လည်း တရုတ်နိုင်ငံသည် ၎င်း၏နယ်စပ်တစ်လျှောက်ရှိ အင်အားကြီးတိုင်းရင်းသားလက်နက်ကိုင်များ၊ အထူးသဖြင့် UWSA ၊ NDAA တို့နှင့် ရင်းနှီးစွာဆက်လက်ဆက်ဆံနေဆဲဖြစ်သည်။ တရုတ်အစိုးရသည် အတိုက်အခံပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များအား တရုတ်နိုင်ငံကို လိုလားနှစ်သက်ဖွယ် အလင်းရောင်ခြည်တစ်ခုအဖြစ်သတ်မှတ်ထား

ရန် တိုက်တွန်းပြောဆိုခဲ့သည်။ အတိုက်အခံခေါင်းဆောင်နှင့် NLD ၏ ဥက္ကဋ္ဌဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်နိုင်ငံသို့ပထမဆုံးအကြိမ် သွားရောက်လည်ပတ်ခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တစ်စတစ်စဖြင့်ဝင်ရောက်လာကြောင်း လေ့လာသုံးသပ်သူများက ဆိုသည်။ ယင်းသို့ဝင်ရောက်လာခြင်းနှင့်ပတ်သက်၍ အကြောင်းပြချက်အမျိုးမျိုးရှိနိုင်ပါသည်။ သို့သော်အဓိကအချက်မှာမူ တရုတ်နိုင်ငံအနေဖြင့် ယင်း၏နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှုရှိစေရန်နှင့် တရုတ်စီးပွားရေးလုပ်ငန်းများကို အကာအကွယ်ပေးရန်ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ တစ်ဖက်တွင်လည်း တရုတ်နိုင်ငံက ဘက်ပေါင်းစုံနှင့်ဆက်ဆံရေးကောင်းရရှိရန် လိုလားဟန်ရှိပါသည်။ အနောက်နိုင်ငံများပါဝင်ပတ်သက်မှုပိုမိုများပြား လာချိန်တွင် မြန်မာနိုင်ငံအပေါ်လွှမ်းမိုးမှုကို ဆက်လက်ထိန်းထားရန် ဆန္ဒရှိပါသည်။ တရုတ်နိုင်ငံက နယ်စပ်တစ်လျှောက်တည်ငြိမ်မှုကိုလိုလားကြောင်း ထုတ်ဖော်ပြောဆိုလိုက်ပြီးနောက်တွင် MNDAA သည် ၂၀၁၅ ခုနှစ် ဇွန်လ ၁၀ ရက်နေ့၌ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲကြောင်းကြေညာခဲ့သည်။

**ဘင်္ဂလားဒေ့ရှ်** နိုင်ငံသည် မြန်မာနိုင်ငံတွင်ဆက်လက်ဖြစ်ပေါ်နေသောပဋိပက္ခများမှ မလုံခြုံမှုဒဏ်များဆိုးဆိုးရွားရွား ကူးစက်ခံနေရပါသည်။ လက်ရှိအချိန်တွင် အကြမ်းဖက်သမားများ၏ခြိမ်းခြောက်မှုများ၊ ဘာသာရေးတင်းမာမှုများ၊ ဒုက္ခသည်များနှင့် မူးယစ်ဆေးဝါးထုတ်လုပ်၍ မှောင်ခိုကူးမှုများက မြင့်တက်လာပါသည်။ အယ်လ်ကေးဒါးခေါင်းဆောင် အယ်လ်ဇာဝါဟီရီက အိန္ဒိယတိုက်ငယ်တွင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာတို့ကို အထူးအာရုံစိုက်၍ အဖွဲ့ခွဲတစ်ရပ်ဖွဲ့စည်းလိုက်ကြောင်း ကြေညာလိုက်ချိန်မှစတင်ကာ အဆိုပါနိုင်ငံများ အနေဖြင့် ဘာသာရေးစစ်ပွဲဆင်နွှဲခံရမည်ကို စိုးရိမ်ပူပန်ခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ် နယ်ခြားတပ်ဖွဲ့ဝင်များနှင့် မြန်မာနယ်စပ် ရဲများအနေဖြင့် လွန်ခဲ့သည့်နှစ်က ထိပ်တိုက်တွေ့ဆုံမှုများစွာဖြစ်ခဲ့သည်။ သို့သော်ပြဿနာများအား ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဖြေရှင်းနိုင်ခဲ့သည်။ လှေစီးဒုက္ခသည်များအရေးမှာမူ နှစ်နိုင်ငံအစိုးရအတွက် ခေါင်းခဲရသည့်ပြဿနာဖြစ်သည်။ သို့သော်လည်း အပြုသဘောဆောင်သည့်တိုးတက်မှုတစ်ခုမှာ ၎င်းတို့အနေဖြင့် နယ်စပ်ကုန်သွယ်ရေး ပိုမိုခိုင်မာစေရန် သဘောတူခဲ့ခြင်းဖြစ်သည်။

**အိန္ဒိယနိုင်ငံ** သည် မြန်မာနိုင်ငံနှင့်ခိုင်မာသောစစ်ရေးဆက်ဆံမှုကို ဆက်လက်ထိန်းထားခဲ့သည်။ အိန္ဒိယကာကွယ်ရေးဝန်ကြီးသည် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ခဲ့ပြီး မြန်မာစစ်ဦးစီးချုပ်ကလည်း အိန္ဒိယသို့ သွားရောက်လည်ပတ်ခဲ့သည်။ မြန်မာရေတပ်သည် အိန္ဒိယရေတပ်၏ညွှန်ကြားမှုအောက်တွင် အိန္ဒိယသမုဒ္ဒရာအတွင်း စစ်ရေးလေ့ကျင့်မှုများ၌ ပါဝင်ကြသည်။ နှစ်နိုင်ငံအနေဖြင့် နယ်စပ်ကုန်သွယ်ရေးတိုးမြှင့်ရန် သဘောတူခဲ့ကြသည်။ အိန္ဒိယနိုင်ငံသည် တိုင်းရင်းသားနယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ကူညီမှုများပေးအပ်ခဲ့ပြီး မြန်မာနယ်စပ် ဘက်အခြမ်းအခြေစိုက်မြောက်ပိုင်းသောင်းကျန်းသူများပြဿနာကိုကိုင်တွယ်ဖြေရှင်းရာ၌ မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အိန္ဒိယစစ်တပ်သည် ၂၀၁၅ ခုနှစ် ဇွန်လတွင် မြန်မာ့မြေပေါ်၌ နာဂသူပုန်များကို နှိမ်နင်းသည့်စစ်ဆင်ရေးတစ်ရပ်ကို ပြုလုပ်ခဲ့သည်။ အဆိုပါကျူးကျော်ဝင်ရောက်မှုကို မြန်မာအာဏာပိုင်များက လူသိရှင်ကြားရှုတ်ချခဲ့သော်လည်း အိန္ဒိယမီဒီယာများကမူ စစ်ဆင်ရေးနှင့်ပတ်သက်၍ ရော်ရမ်းမှန်းဆကာ ရေးသားကြသည်။

**ထိုင်းနိုင်ငံ** သည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မထင်မရှားသာဖြစ်ပြီး အဓိကပါဝင်ခဲ့သည့်အခန်းကဏ္ဍမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများစွာနှင့် တိုင်းရင်းသားမဟာမိတ် UNFC တို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို လက်ခံကျင်းပပေးခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံအကြားအရေးပါသောပြဿနာများတွင် မူးယစ်ဆေးဝါးမှောင်ခို ကူးခြင်း၊ နယ်စပ်ဖြတ်ကျော်၍ စီးပွားရေးလုပ်ခြင်းနှင့် ထိုင်းနိုင်ငံအတွင်းရှိ ဒုက္ခသည်များနှင့် ရွှေ့ပြောင်းအခြေချသူများဖြစ်သည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ထိုင်းအာဏာပိုင်များက လုံခြုံရေးကိုတင်းကြပ်လိုက်ပြီး မြန်မာနိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင်များအပါအဝင် အတိုက်အခံအုပ်စုများကိုလည်း မည်သည့်အစည်းအဝေးပွဲမဆို မကျင်းပမီ ထိုင်းအာဏာပိုင်များကို အသိပေးအကြောင်းကြားရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ မြန်မာအာဏာပိုင်များ၊ အထူးသဖြင့် MPC က ယင်းသို့ပြုလုပ်ရန်တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်းနှင့် အကြောင်းမှာ တိုင်းရင်းသားလက်နက်ကိုင်များနှင့်

အတိုက်အခံအုပ်စုများအပေါ် ၎င်းတို့၏ထိန်းချုပ်နိုင်မှုနှင့်အာဏာကိုပြသလို၍ဖြစ်ကြောင်း အချို့သော ဝေဖန်သူများက ဆိုသည်။ မြန်မာကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ထိုင်းနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီး ထိုင်းဝန်ကြီးချုပ် မစ္စတာဖရာယုချန်အိုချာချာကလည်း ယင်းခုနှစ် အောက်တိုဘာလ ၉ ရက်တွင် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ခဲ့သည်။ နှစ်နိုင်ငံအနေဖြင့် လက်ရှိအချိန်အထိ ဆက်ဆံရေးကောင်းမွန် နေဆဲဖြစ်သည်။

နယ်စပ်ကုန်သွယ်ရေးသည် နှစ်နိုင်ငံအကြား သိသိသာသာတိုးတက်လာခဲ့သည်။ အရှေ့နောက်စီးပွားရေးစင်္ကြံလမ်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် အာရှအဝေးပြေးလမ်းတည်ဆောက်မှုကလည်း ပြီးစီးလုနီးပါးရှိနေပြီဖြစ်သည်။ လူ့အခွင့်အရေးနှင့် မြေယာအခွင့်အရေးတက်ကြွလှုပ်ရှားသူများကမူ မြဝတီ-ကော့ကရိတ်အဝေးပြေးလမ်းတည်ဆောက်မှုကို ဝေဖန်ခဲ့ကြသည်။ အကြောင်းမှာ အစိုးရအနေဖြင့် ကရင်လယ်သမားများပိုင်ဆိုင်သည့်လယ်ယာမြေများကို နစ်နာကြေးမပေးဘဲ သိမ်းယူခဲ့၍ဖြစ်သည်။ သို့သော်လည်း အဝေးပြေးလမ်းသစ်သည်သွားလာရေးပိုမိုလျင် မြန်လာစေပြီး သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်ကို လျော့ကျသွားစေမည်ဖြစ်သည့်အတွက် နယ်စပ်ဖြတ်ကျော်ကုန် သွယ်ရေး ပိုမိုအားကောင်းလာမည်ဖြစ်သည်။ အာရှအဝေးပြေးလမ်းသစ်သည် KNU နှင့်အစိုးရအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် အသီးအပွင့်တစ်ခုပင်ဖြစ်ကြောင်း အချို့သောလေ့လာသူများက သုံးသပ်ကြသည်။ အခြားသော သိသာထင်ရှားသည့် အောင်မြင်မှုတစ်ခုမှာ တနင်္သာရီတိုင်းဒေသကြီးရှိ "ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်း" ဖြစ်သည်။ အထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံအကြား ချိတ်ဆက်ထားသည့်လမ်းမကြီး သည် KNU တပ်မဟာ -၄ ၏ ဧရိယာမှ ဖြတ်သန်းသွားရမည်ဖြစ်သည်။ လမ်းတစ်လျှောက်လုံခြုံရေးသည် KNU နှင့် မြန်မာအစိုးရအကြား ငြိမ်းချမ်းရေးကို မည်သို့မည်ပုံဖြေရှင်းမည်ဟူသောအချက်ပေါ်တွင် မူတည်ပေလိမ့်မည်။

**အာဆီယံ** သည် အတွေ့အကြုံများမျှဝေခြင်းမှတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံကြသည်။ ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံမှ တာဝန်ရှိသူများက မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ကာ ၎င်းတို့၏ဒီမိုကရေစီအသွင်ကူးပြောင်းပုံကို ပြောပြကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌ အာဆီယံထိပ်သီးအစည်းအဝေးပွဲတစ်ရပ်ကို လက်ခံကျင်းပခဲ့သည်။ ယင်းမှာ မြန်မာနိုင်ငံ၏ ပွင့်လင်းလာမှုနှင့် ပြုပြင်ပြောင်းလဲမှုတို့အပြင် အခြားသောအာဆီယံနိုင်ငံများက အပြုသဘောဆောင်သည့် ပါဝင်မှုများကြောင့် ထွက်ပေါ်လာခြင်းဖြစ်သည်။ အာဆီယံသည် ၂၀၁၅ ခုနှစ်တွင် "အာဆီယံစီးပွားရေးအသိုက်အဝန်း"ကို စတင်ထူထောင်မည်ဖြစ်ပါသည်။ ယင်းမှာ မြန်မာနိုင်ငံကို လူ့အခွင့်အရေးပိုမိုတိုးတက်လာစေရန်နှင့် ငြိမ်းချမ်းရေးထူထောင်ရန် တိုက်တွန်းရာမှ အကျိုးဆက်အနေဖြင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ Forum of Federations နှင့် Myanmar EgreQ တို့ဦးစီး၍ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၇-၁၈ တွင် အင်ဒိုနီးရှားနိုင်ငံရှိ ဟက်ဘီဘီးစင်တာ၌ "အင်ဒိုနီးရှား-မြန်မာအပြန်အလှန်ဆွေးနွေးပွဲ" တစ်ရပ်ကို ကျင်းပခဲ့သည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲ၏ရည်ရွယ်ချက်မှာ ဒီမို ကရေစီနည်းလမ်းကျသောဖွဲ့စည်းပုံ၊ လွတ်လပ်မျှတသောရွေးကောက်ပွဲများနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ပိုမိုအားကောင်းလာစေရန်ဖြစ်သည်။ သမ္မတရုံး ဒုတိယဝန်ကြီးဦးအောင်သိန်း၊ RCSS မှ ဗိုလ်မှူးကြီး ဆိုင်းငန်း၊ ဗိုလ်ချုပ် အစ်ဆက်နှင့် KNU အထွေထွေအတွင်းရေးမှူး ဖဒိုကွယ်ထူးဝင်းတို့သည်လည်း အဆိုပါအလုပ်ရုံဆွေးနွေးပွဲ တွင် ပါဝင်ခဲ့ကြသည်။[၁၁၄]

## အခြားသော နိုင်ငံများ

ဂျပန်နိုင်ငံသည် နိပွန်ဖောင်ဒေးရှင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထင်ရှားသည့် အခန်းကဏ္ဍမှ ပါဝင်ထားပြီး တိုင်းရင်းသားလက်နက်ကိုင်များကို အဓိကထောက်ပံ့ပေးသည့် ပြည်ပနိုင်ငံဖြစ်သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ယိုဟေအီဆာဆာကာဝါအား မြန်မာနိုင်ငံ၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးကူညီပေးရန် ဂျပန်၏အထူးသံတမန်အဖြစ် ရွေးချယ်ခဲ့သည်။ ၎င်းသည် မြန်မာအစိုးရ၊ တိုင်း ရင်းသားလူနည်းစုများနှင့် အခြားသောနိုင်ငံများမှအစိုးရအဖွဲ့အစည်းများအကြား အပေးအယူရပ်စဲရေးနှင့် ငြိမ်း

၁၁၃။ မြန်မာတိုင်းမ်၊ "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းဘက်"၊ အက်ရှ်လေဆောက်သ်၊ ဇန်နဝါရီ ၆၊ ၂၀၁၄၊ web ။

၁၁၄။ RFA မြန်မာပိုင်း၊ ကရင်ခေါင်းဆောင်များက အင်ဒိုနီးရှားမှ သင်ခန်းစာယူရန်ပြော၊ ဖေဖော်ဝါရီ ၁၉၊ ၂၀၁၄၊ web ။

ချမ်းရေးဆွေးနွေးပွဲများအတွက် ကူညီပေးခဲ့သည်။ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ အနာဂတ်အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သွားမည်ဟု ထပ်လောင်းအတည်ပြုခဲ့ပြီး နိုင်ငံရေးဆွေးနွေးပွဲတွင် နိပွန်ဖောင်ဒေးရှင်းကိုအသုံးပြု၍ မြန်မာနိုင်ငံကိုကူညီပေးရန်၊ ဆင်းရဲမွဲတေမှုကိုလျှော့ချ၍ လူနေမှုအဆင့်အတန်းကိုပိုမိုမြင့်တင်ပေးရန် ဆွေးနွေးခဲ့သည်။

နိပွန်ဖောင်ဒေးရှင်းသည် အမေရိကန်ဒေါ်လာ ၃ သန်းတန်ကြေးရှိ လူသားချင်းစာနာမှုအကူအညီများပေးအပ်ရန်အတွက် ၂၀၁၂ ခုနှစ်တွင် UNFC နှင့်တရားဝင်နားလည်မှု စာချွန်လွှာ ရေးထိုးခဲ့သည်။ ရန်ပုံငွေများလျှောက်ထားမှုကို ထိုင်း-ဂျပန်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (TJEDF) အောက်ရှိ မဲခေါင်ရပ်ဝန်းဒေသစိုက်ပျိုးရေးနှင့်ပညာရေးဖွံ့ဖြိုးတိုးတက်မှုစင်တာ (GMSAED) နှင့် ယင်းဖောင်ဒေးရှင်းက တာဝန်ယူ၍ စီမံခန့်ခွဲဆောင်ရွက်သည်။ မြန်မာနိုင်ငံရှိ စစ်ဘေးသင့်တိုင်းရင်းသားဒေသများတွင် လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် ငြိမ်းချမ်းရေးပိုမိုအားကောင်းလာစေရန်အတွက် လာမည့်ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၉၆ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ဂျပန်နိုင်ငံက ထုတ်ပြန်ကြေညာခဲ့သည်။

လူသားချင်းစာနာမှုအကူအညီများအပြင် နိပွန်ဖောင်ဒေးရှင်းသည် MPC နှင့် UNFC နှစ်ဖွဲ့လုံးနှင့်နီးကပ်စွာပူးပေါင်း၍ NCCT နှင့် UPWC တို့အကြား တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများနှင့် UNFC နှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများအကြား ဆွေးနွေးပွဲများကျင်းပခြင်းကဲ့သို့ လုပ်ငန်းများကိုဆောင်ရွက်ပေးသည်။ အစိုးရ၏ခွင့်ပြုချက်ဖြင့် ဖောင်ဒေးရှင်းက ဆန်အိတ်များ၊ ဆေးသေတ္တာများ၊ ခြင်ထောင်များနှင့် ဆိုလာပြားများကို စစ်ဘေးသင့်တိုင်းရင်းသားဒေသများတွင် နေထိုင်သည့်ဒေသခံများထံ ပေးပို့ခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်မြှင့်တင်ရန် ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီသည် နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှုနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာ၌ အကူအညီပေးသည်။ အဆိုပါလုပ်ငန်းများမှတစ်ဆင့် ဆင်းရဲမွဲတေမှုလျှော့ချရေး၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေးနှင့် ပညာရေး စသော လုပ်ငန်းများကို ကူညီပေးရန် ရည်ရွယ်ပေသည်။

ကျယ်ပြန့်ပြည့်စုံသောမူဘောင်တစ်ရပ်ကို ဥရောပသမဂ္ဂ၏နိုင်ငံခြားရေးရာကောင်စီက ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ချမှတ်ဆောင်ရွက်ခဲ့သည်။ အဆိုပါမူဘောင်တွင် မူဝါဒတစ်ရပ်ပါရှိပြီး လက်ရှိဖြစ်ပေါ်နေသည့်ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၅ ခုနှစ်အထိ ထောက်ခံအားပေးခဲ့သည်။ ဥရောပသမဂ္ဂ၏ ပါဝင်ဆောင်ရွက်သောအဓိကနေရာများမှာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေး၊ ဖွံ့ဖြိုးရေးနှင့်ကုန်သွယ်ရေးတို့ကို ဖော်ဆောင်ရေးဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းတွင် မြန်မာနိုင်ငံပါဝင်ရေးဖြစ်သည်။ ရန်ကုန်နှင့် နေပြည်တော်တို့တွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်နေ့နှင့် ၁၅ ရက်နေ့အကြား အစည်းအဝေးပွဲတစ်ရပ် ပြုလုပ်ပြီးနောက် ဥရောပ-မြန်မာပူးတွဲလုပ်ငန်းဆောင်ရွက်မှုအဖွဲ့ကို ထူထောင်ခဲ့သည်။ လုပ်ငန်းဆောင်ရွက်မှုအဖွဲ့၏ရည်ရွယ်ချက်မှာ နိုင်ငံရေးနှင့်စီးပွားရေးကဏ္ဍနှစ်ရပ်လုံးတွင် အသွင်ကူးပြောင်းမှုကို ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံရေးဖြစ်သည်။ ယင်းတို့တွင် ဖွံ့ဖြိုးရေးအကူအညီများ၊ လွှတ်တော်ပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံအားပေးမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ ပါဝင်သည်။

ဥရောပကော်မရှင်သည် ၂၀၁၄-၂၀၂၀ ကာလအတွင်း ဖွံ့ဖြိုးရေးအတွက် အောက်ပါအဓိကကဏ္ဍများတွင် မြန်မာ နှင့်ပူးပေါင်းဆောင်ရွက်သွားရန် ကမ်းလှမ်းခဲ့သည်။ ယင်းတို့မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုကို ထောက်ခံအားပေးရေးတို့ဖြစ်သည်။ အဆိုပါကာလအတွက် ငွေကြေးထောက်ပံ့ပေးသည့်အဆင့်များကို လုံလုံလောက်လောက်တိုးမြှင့်ပေးသွားဖွယ်ရှိပြီး နှစ်စဉ် ယူရိုငွေ သန်း ၉၀ အထိ ပေးအပ်သွားဖွယ်ရှိပါသည်။ ဥရောပသမဂ္ဂနှင့် ၎င်း၏အဖွဲ့ဝင်နိုင်ငံများသည် ၂၀၁၄-၂၀၂၀ ကာလအတွက် မြန်မာနိုင်ငံကိုထောက်ပံ့ပေးရန် ပူးတွဲစီမံကိန်းများကို ပြင်ဆင်နေကြပြီဖြစ်သည်။ ယင်းသို့ထောက်ပံ့ပေးရာတွင် အစိုးရ၏ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင် (FESR) နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နော်ဝေနိုင်ငံသည် နိုင်ငံတကာငြိမ်းချမ်းရေးအထောက်အကူပြုအလှူရှင်များအဖွဲ့ (PDSG) နှင့် ၎င်း၏အလုပ်အမှု ဆောင်အဖွဲ့ MPSI တို့ကို စတင်ဖန်တီးပေးခဲ့သူအဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဦးဆောင်ကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။ နော်ဝေနိုင်ငံသည် မြန်မာအစိုးရနှင့် ရင်းနှီးစွာ ဆက်လက်ဆက်ဆံလျက်ရှိပြီး ၂၀၁၃ ခုနှစ်အတွင်း

နှစ်နိုင်ငံအကြား ထိပ်တန်းခေါင်းဆောင်များ၏ အလည်အပတ်ခရီးများစွာရှိခဲ့သည်။ အဆိုပါခရီးစဉ်များတွင် ဖေဖော်ဝါရီလအတွင်း အော်စလိုသို့သွားရောက်လည်ပတ်ခဲ့သည့် သမ္မတဦးသန်းစိန်၏ခရီးစဉ်၊ ဧပြီလအတွင်း မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ခဲ့သည့် နော်ဝေဝန်ကြီးများ၏ခရီးစဉ်နှင့် အဆိုပါနှစ် မေလအတွင်း နော်ဝေနိုင်ငံ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာတိုဂရီလာဆန်၏ မြန်မာခရီးစဉ်တို့ ပါဝင်သည်။ နော်ဝေနိုင်ငံခြားရေးဝန်ကြီး မစ္စတာဘော်ဂီဘရန်ဒေသည် ၂၀၁၄ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့သည်။ ၎င်း၏အဆိုအရ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်းကောင်း၊ သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုနှင့် စွမ်းအင်တို့အပေါ်တွင် ရေရှည်ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန်အတွက်လည်းကောင်း နော်ဝေနိုင်ငံက ဆက်လက်၍ အခိုင်အမာထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း သိရသည်။[၁၁၅] ၎င်းသည် သမ္မတဦးသိန်းစိန်၊ အတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့နှင့်သာမက တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်အချို့နှင့်တွေ့ဆုံခဲ့သည်။ ထို့ပြင်၎င်းသည် နေပြည်တော်တွင်ကျင်းပသည့် ငြိမ်းချမ်းရေးအထောက်အကူ ပြုအလှူရှင်များအဖွဲ့အစည်းအဝေးပွဲတွင် သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည်။ နော်ဝေဘုရင် ဟာရဲလ်-၅ နှင့် မိဖုရား ဆွန်ယာတို့သည် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၅ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ ၎င်း တို့လာရောက်လည်ပတ်ရသည့်အဓိကရည်ရွယ်ချက်မှာ ဆက်လက်ဖြစ်ပေါ်နေသည့် ပြုပြင်ပြောင်းလဲမှုများကို နော်ဝေက ကာလရှည်ကြာ ထောက်ခံအားပေးကြောင်း မီးမောင်းထိုးပြသရန်နှင့် နော်ဝေနှင့်မြန်မာအကြား ဖွံ့ဖြိုးရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအပါအဝင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာစေရန်ဖြစ်သည်။[၁၁၆]

---

၁၁၅။ ရန်ကုန်ရှိ တော်ဝင်နော်ဝေသံရုံး၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီး၊ မစ္စတာဘော့ဘရန်ဒေးသည် မတ်လ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ web ။

၁၁၆။ ရန်ကုန်ရှိ တော်ဝင်နော်ဝေသံရုံး၊ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံတော်အဆင့် အလည်အပတ်လာရောက်မှု၊ web ။

**ဇယား (၂၄)** - လှူဒါန်းမှု၊ ချေးငွေများနှင့် ထောက်ပံ့မှု

| စဉ် | နေ့စွဲ | နိုင်ငံ | အသေးစိတ် |
|---|---|---|---|
| ၁ | ၀၆- ၀၁- ၂၀၁၄ | ဂျပန် | ဂျပန်အစိုးရသည် တိုင်းရင်းသားဒေသများတွင် လူနေမှုအဆင့်အတန်းကို မြင့်တက်စေရန်နှင့် ငြိမ်းချမ်းရေးကိုမြှင့်တင်ရန် လာမည့်ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၉၆ သန်းသုံးစွဲရန်စီစဉ်ထားသည်။ |
| ၂ | ၀၉- ၀၁- ၂၀၁၄ | ဒိန်းမတ် | ဒိန်းမတ်သည် မြန်မာနိုင်ငံ၏ကြွေးမြီ ခရိုနာ ၂၉၅ သန်းကို တရားဝင်လျှော်ပေးခဲ့သည်။ |
| ၃ | ၁၁- ၀၁- ၂၀၁၄ | ဒိန်းမတ် | သန္ဓေတားခြင်း၊ သားဆက်ခြားခြင်းနှင့်ပတ်သက်၍ အမျိုးသမီးများကို အသိပညာပေးသည့် ကျန်းမာရေးစောင့်ရှောက်မှုများတွင် အကူအညီပေးရန်နှင့် HIV ဝေဒနာရှင်များနှင့် ငယ်ရွယ်သောမိခင်များအား ကူညီထောက်ပံ့ပေးရန်အတွက် ဒိန်းမတ်ကဒိန်းမတ်သုံးငွေ ခရိုနာ ၈၅သန်း ပေးအပ်ခဲ့သည်။ |
| ၄ | ၁၂- ၀၁- ၂၀၁၄ | ကုလသမဂ္ဂ | ကချင်ပြည်နယ်၊ မိုးကောက်မြို့နယ်၊ လွယ်ဂျားတွင်နေထိုင်သောကချင်ဒုက္ခသည်များအတွက်အစားအစာများ၊ ယာယီတဲများ၊ ဆေးဝါးများ၊ အဝတ်အစားများ စသောပစ္စည်းများကို UNOCHA က ပေးပို့ခဲ့သည်။ |
| ၅ | ၁၇- ၀၁- ၂၀၁၄ | ကုလသမဂ္ဂ | တိုက်ပွဲများကြောင့်လည်းကောင်း၊ ပြောင်းရွှေ့ထွက်ပြေးရမှုကြောင့် လည်းကောင်း ဒုက္ခသည်မိသားစုထောင်နှင့်ချီရှိနေသော ကချင်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆက်လက်၍ လုပ်ငန်းများဆောင်ရွက်ရန်အတွက် ကုလသမဂ္ဂအေဂျင်စီများကအမေရိကန်ဒေါ်လာ ၅.၅ သန်းခွင့်ပြုမည်ဖြစ်သည်။ |
| ၆ | ၂၁- ၀၁- ၂၀၁၄ | UNDP | UNDP အနေဖြင့် ရခိုင်ပြည်နယ်ရှိ ပြည်တွင်းဒုက္ခသည် ၂၀,၀၀၀ အတွက် အခြေခံလိုအပ်ချက်များနှင့် လူမှုဘဝကို ထောက်ပံ့ကူညီပေးမည် ဖြစ်သည်။ |
| ၇ | ၂၅- ၀၁- ၂၀၁၄ | ICRC | ICRC သည် လူသားချင်းစာနာမှုအကူအညီအတွက် အသုံးပြုရန် ၂၀၁၄ ခုနှစ်တွင်အမေရိကန်ဒေါ်လာ ၂၄.၄၁ သန်း ထောက်ပံ့ခဲ့သည်။ |

| | | | |
|---|---|---|---|
| ၈ | ၂၆- ၀၁- ၂၀၁၄ | ကမ္ဘာ့ဘဏ် | အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ တန်ကြေးရှိနှစ်စုံစီမံကိန်းက အစိုးရ ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လျှပ်စစ်မီးရရှိရေး စီမံကိန်းများကို ထောက်ပံ့ကူညီမည်ဖြစ်သည်။ |
| ၉ | ၂၈- ၀၁- ၂၀၁၄ | ဂျပန် | ခြောက်သွေ့သောဒေသများတွင်နေထိုင်သော ရွာသားများ အတွက် ရေစုပ်စက်များပေးအပ်ရန် ဂျပန်က ယန်းငွေ ၃၈၄.၁၄၈ သန်း လှူဒါန်းခဲ့သည်။ |
| ၁၀ | ၂၈- ၀၁- ၂၀၁၄ | ဂျပန် (JICA) | ဂျပန်နိုင်ငံသည် စီမံကိန်းလေးခုအတွက် ယန်းငွေ ၆၃.၂ ဘီလျံ (အမေရိကန်ဒေါ်လာ သန်း ၆၁၀ ခန့်) ထုတ်ချေးမည်ဟုကတိပြုခဲ့သည်။ အဆိုပါစီမံကိန်းများမှာ ရန်ကုန်-မန္တလေးရထားလမ်း၊ ရန်ကုန်ရေပေးဝေရေး၊ သီလဝါ ဆိပ်ကမ်း၌ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေးနှင့် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းတွင်ဆည်ရေသွင်း အဆောက်အအုံများတည်ဆောက်ရေးတို့ဖြစ်သည်။ |
| ၁၁ | ၂၉- ၀၁- ၂၀၁၄ | ADB | တိုင်းဒေသကြီးလေးခုတွင် လျှပ်စစ်ဖြန့်ဖြူးရေးကွန်ရက် များအတွက် အမေရိကန်ဒေါ်လာ သန်း ၆၀ တန်ကြေးရှိ နားလည်မှုစာချွန်လွှာတွင် ADG နှင့်အစိုးရတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ |
| ၁၂ | ၀၅- ၀၂- ၂၀၁၄ | ဂျပန် | ဂျပန်နိုင်ငံသည် လပွတ္တာနှင့်ဘိုကလေးမြို့နယ်တို့ရှိ နာဂစ် ဆိုင်ကလုန်းဒဏ်သင့်သည့် ဒေသများတွင် အမေရိကန် ဒေါ်လာ ၅၈ သန်း အကုန်အကျခံ၍ စာသင်ကျောင်း ၁၃ ကျောင်း ဆောက်လုပ်ပေးခဲ့သည်။ |
| ၁၃ | ၀၅- ၀၂- ၂၀၁၄ | ဗြိတိန် | တက္ကသိုလ်များတွင် အင်္ဂလိပ်စာသင်ကြားခြင်းအတွက် အမေရိကန်ဒေါ်လာ ၆.၆ သန်း။ |
| ၁၄ | ၁၄- ၀၂- ၂၀၁၄ | ADB/ ဂျပန် | ဆင်းရဲမွဲတေမှုလျှော့ချရေး၊ HIV/AIDS စောင့်ရှောက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာရေးအတွက် အမေရိကန် ဒေါ်လာ ၂၂ သန်း။ |
| ၁၅ | ၂၀- ၀၂- ၂၀၁၄ | တရုတ် | ကချင်ပြည်နယ်တွင်းဒုက္ခသည်များအတွက် တရုတ်ယွမ်ငွေ ငါးသန်းတန်ကြေးရှိ လူသားချင်းစာနာမှု အကူအညီများ ပါဝင်သည့်သေတ္တာ ၁၀,၀၀၀ ကို တရုတ်ကြက်ခြေနီ အဖွဲ့က ပေးပို့ခဲ့သည်။ |

| | | | |
|---|---|---|---|
| ၁၆ | ၂၀- ၀၂- ၂၀၁၄ | ဂျပန် | ဂျပန်သည် စီမံကိန်းနှစ်ခုအတွက် ယန်းငွေ ၁,၇၁၆ သန်း (အမေရိကန် ဒေါ်လာ ၁၆.၈၂ သန်း) ထောက်ပံ့ပေးခဲ့သည်။ ရန်ကုန်ရှိ အထွေထွေရောဂါကုဆေးရုံများ၌ ဆေးဘက်ဆိုင်ရာကိရိယာများအတွက် ယန်းငွေ ၉၇၈ သန်းနှင့် ရခိုင်ပြည်နယ်၌ လမ်းနှင့် တံတားတည်ဆောက်ရေးတို့အတွက် ယန်းငွေ ၇၃၈ သန်း လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။ |
| ၁၇ | ၂၀- ၀၂- ၂၀၁၄ | ဥရောပသမဂ္ဂ | ရန်ကုန်ရှိရဲများကို ၁၈ လကြာ လေ့ကျင့်သင်တန်းပေးရေး စီမံကိန်းအတွက် ကုန်ကျသည့် ယူရိုငွေ ၁၀ သန်း (အမေရိကန်ဒေါ်လာ ၁၃.၈ သန်း) ကို ဥရောပသမဂ္ဂကထောက်ပံ့ပေးသည်။ |
| ၁၈ | ၂၄- ၀၃- ၂၀၁၄ | ဂျပန် | ဂျပန်နိုင်ငံသည် ကုလသမဂ္ဂအေဂျင်စီသုံးခုကို ယန်းငွေ ၁.၆ ဘီလျံ ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများ၌ ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများကို ထောက်ခံအားပေးသည့်အနေဖြင့် ယင်းသို့ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအေဂျင်စီများမှာ ဒုက္ခ သည်များဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးရုံး၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာစီမံကိန်းတို့ဖြစ်သည်။ ကုလသမဂ္ဂဒုက္ခသည် များဆိုင်ရာမဟာမင်းကြီးရုံးသည် အထူးသဖြင့် ကချင်နှင့်ရခိုင်ပြည်နယ်တို့ရှိ ပြည်တွင်းဒုက္ခသည်များကို ကူညီရန် ယန်းငွေ သန်း ၃၀၀ လက်ခံရရှိခဲ့သည်။ |
| ၁၉ | ၀၂- ၀၂- ၂၀၁၄ | ကုလသမဂ္ဂ | UNOPS ၊ ကုလသမဂ္ဂနိုင်ငံအလိုက်အဖွဲ့နှင့် ဒေသန္တရပူးပေါင်းဆောင် ရွက်ရေးအဖွဲ့တို့သည် မြန်မာငြိမ်းချမ်းရေးစင်တာ၏ နေ့စဉ်လုပ်ငန်းစဉ် များကိုဆောင်ရွက်နိုင်ရန်အတွက် မော်တော်ယာဉ်များ၊ ဆက်သွယ်ရေး နှင့် ရုံးသုံးကိရိယာများကို ထောက်ပံ့ပေးခဲ့သည်။ (ကုလသမဂ္ဂငြိမ်းချမ်းရေးအဆောက်အအုံရန်ပုံငွေ) |
| ၂၀ | ၀၁- ၀၅- ၂၀၁၄ | ကုလသမဂ္ဂ | UNICEF သည်ရခိုင်ပြည်နယ်တွင် ကလေးသူငယ်ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုကို စတင်ပြုလုပ်ခဲ့သည်။ နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ သန်း သုံးစွဲသွားမည်ဖြစ်သည်။ |

| | | | |
|---|---|---|---|
| ၂၁ | ၀၈- ၀၅- ၂၀၁၄ | ဥရောပသမဂ္ဂ | ၂၀၁၄-၂၀၂၀ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁.၅ ဘီလျံလျာထားချိန်းခြင်းဖြင့် မြန်မာကိုကူညီရန် ဥရောပသမဂ္ဂ က ကတိပြုထားသည်။ ၃၅% မှာ ပညာရေးအတွက်၊ ၃၅% မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ အစားအစာနှင့် အာဟာရတို့အတွက်၊ ၁၅% မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်၊ ၁၄% မှာ အုပ်ချုပ်ရေးနှင့် တရားဥပဒေအတွက်ဖြစ်ပြီးကျန် ၁% ရာခိုင်နှုန်းမှာ အခြားသောကဏ္ဍများအတွက်ဖြစ်သည်။ ပညာရေးအတွက် ၃၅% ကို Millennium Develop-ment Goal စီမံကိန်းမှတစ်ဆင့် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ |
| ၂၂ | ၂၀- ၀၅- ၂၀၁၄ | ဂျာမနီ | ဂျာမနီနိုင်ငံသည် ကျေးလက်ဒေသများတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်အတွက် ယူရိုငွေ ၇ သန်း ထောက်ပံ့ပေးရန် မြန်မာအစိုးရနှင့် နားလည်မှုစာချွန်လွှာ MoU ရေးထိုးထားသည်။ |
| ၂၃ | ၂၁- ၀၅- ၂၀၁၄ | အမေရိကန် | မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းမှုကိုကူညီရန် ၂၀၁၅ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၈၈ သန်းကျော် အကူအညီပေးမည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဌာနက ကမ်းလှမ်းပြောဆိုခဲ့သည်။ |
| ၂၄ | ၂၁- ၀၅- ၂၀၁၄ | ကမ္ဘာ့ဘဏ် | မြန်မာကျောင်းသား ၁ သန်းကျော်အတွက် အရည်အသွေးမီ ပညာရေးအဆင့်မြင့်တင်ရန်အတွက်ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ သန်း ၁၀၀ စတင်ငွေကြေးထုတ်ပေးမည်ဖြစ်ပြီး ဆက်လက်၍ဆင်းရဲသောကျောင်းသား ၁၀၀,၀၀၀ အတွက် ငွေကြေးထောက်ပံ့မှုများ ဆက်လက် ပြုလုပ်သွားမည်ဖြစ်သည်။(စာသင်ကျောင်းများစီမံကိန်းသို့ ရန်ပုံငွေများ ခွဲဝေပေးသွားမည်ဖြစ်သည်) |
| ၂၅ | ၂၁- ၀၅- ၂၀၁၄ | 3MDG | ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်ရန်ပုံငွေအဖွဲ့သုံးဖွဲ့ (3MDG) သည် HIV၊ တီဘီနှင့် ငှက်ဖျားရောဂါတို့အတွက် မြန်မာနိုင်ငံကို အမေရိကန် ဒေါ်လာ ၉၁ သန်း ကူညီမည်ဟု ကတိပြုခဲ့သည်။ |
| ၂၆ | ၂၂- ၀၅- ၂၀၁၄ | နော်ဝေ | နော်ဝေအစိုးရကျောထောက်နောက်ခံစီမံကိန်းတစ်ခု ဖြစ်ပြီး မြန်မာ့ငြိမ်း ချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတကာထောက်ခံလာစေရန် လှုံ့ဆော်မှုများပြုလုပ်ပေးသည့် မြန်မာငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ (MPSI) သည် ဝေဖန်မှုများရှိနေသည့်အပြင် ကာလတိုဆောင်ရွက်ရန်မူလက ဖွဲ့စည်းထားခြင်းဖြစ်သော်လည်း ဆက်လက်၍ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည်။ |

| | | | |
|---|---|---|---|
| ၂၇ | ၀၁- ၀၆- ၂၀၁၄ | ကမ္ဘာ့ဘဏ် | ကမ္ဘာ့ဘဏ်သည် ကျေးလက်ဒေသအခြေခံအဆောက်အအုံများနှင့် လူနေမှုအဆင့်အတန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်ကူညီသည့် အမျိုးသားလူမှုအသိုက်အဝန်း ဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်ကို ထောက်ခံခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၆.၃ သန်းကူညီခဲ့သည်။ |
| ၂၈ | ၀၅- ၀၆- ၂၀၁၄ | ဥရောပသမဂ္ဂနှင့် ပြင်သစ် | ဥရောပသမဂ္ဂနှင့် ပြင်သစ်အစိုးရတို့သည် ကရင်ပြည်နယ်တွင်ငွေစုသည့်သမဝါယမအသင်းအဖွဲ့များကို ထူထောင်ရာတွင်ကူညီရန်အမေရိကန်ဒေါ်လာ ၁.၃ သန်းခန့် ထောက်ပံ့ပေးခဲ့သည်။ |
| ၂၉ | ၁၇- ၀၆- ၂၀၁၄ | ကုလသမဂ္ဂ | ကုလသမဂ္ဂသည် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်ရှိ လွယ်ဂျေ တွင်နေထိုင်သော ကချင်ပြည်တွင်းဒုက္ခသည်များအတွက်အစားအစား၊ ယာယီတဲများ၊ ဆေးဝါးများ၊ အဝတ်အထည်များ စသောအကူအညီများကို ပေးပို့ခဲ့သည်။ |
| ၃၀ | ၁၆- ၀၆- ၂၀၁၄ | ဂျပန် | ဂျပန်အစိုးရသည် ၄င်းတို့၏ အောက်ခြေလူတန်းစားလုံခြုံရေးစီမံကိန်းအတွက် ထောက်ပံ့ရေးအဖွဲ့ (GGP) မှတစ်ဆင့်လူသားချင်းစာနာမှု အကူအညီပေးရေးစီမံကိန်းလေးခုသို့ စုစုပေါင်းအမေရိကန်ဒေါ်လာ ၆၈၀,၂၂၄ ထောက်ပံ့ပေးထားပြီးဖြစ်သည်။ |
| ၃၁ | ၂၃- ၀၆- ၂၀၁၄ | နယ်သာလန် | နယ်သာလန်နိုင်ငံသည် ဧရာဝတီမြစ်မှ ရေအသုံးပြုမှုပိုမိုကောင်းမွန်လာစေရေး ရှေ့ပြေးစီမံကိန်းတစ်ရပ်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ ထောက်ပံ့ပေးခဲ့သည်။ |
| ၃၂ | ၂၆- ၀၆- ၂၀၁၄ | World Vision Myanmar | နယ်စပ်ရေးရာနှင့်တိုင်းရင်းသားဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ World Vision သည် ၂၀၁၁ ခုနှစ် စက်တင်ဘာလမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ သုံးနှစ်ကာလအတွက် အမေရိကန်ဒေါ်လာ ၃.၁၈ သန်း သုံးစွဲခဲ့သည်။ ယင်းမှာ လူမှုအသိုက်အဝန်းအခြေစိုက် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုဖြစ်သည်။ အဆိုပါစီမံကိန်းတွင် ကလေးသူငယ်ပညာရေး၊ ရေပေးဝေမှု၊ ပိုမိုတိုးကောင်းမွန်လာသော သန့်ရှင်းစင်ကြယ်မှု၊ အသေးစားငွေစုငွေချေးလုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေးကဲ့သို့လုပ်ငန်းများ ပါဝင်သည်။ (စီမံကိန်းဧရိယာတွင် ကရင်ပြည်နယ် ဖားအံမြို့မှ ကျေးရွာ ၂၁ ရွာ၊ လှိုင်းဘွဲ့မြို့နယ်မှ ကျေးရွာ ၁၄ ရွာနှင့် ကိုးကန့်ဒေသရှိ ကွမ်းခြံမြို့နယ်မှ ကျေးရွာ ၃၂ ရွာတို့ပါဝင်သည်။) |

| | | | |
|---|---|---|---|
| ၃၃ | ၀၄- ၀၇- ၂၀၁၄ | ဩစတြေးလျ | ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ပံ့ပေးရန်ငွေကြေးများ ထပ်မံပေးပို့သွားမည်ဖြစ်သည်။ ၎င်းတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အမေရိကန်ဒေါ်လာ ၂၄.၅ သန်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ပိုမိုခေတ်မီစေရန် အမေရိကန်ဒေါ်လာ ၅ သန်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အမေရိကန်ဒေါ်လာ ၉ သန်းနှင့် အရေးပေါ် လူသားချင်းစာနာမှုအကူအညီများ၊ အစားအစာ၊ ရေနှင့် မိလ္လာစနစ် ထောက်ပံ့ရေးအတွက် အမေရိကန် ဒေါ်လာ ၁၀ သန်း ထုတ်ပေးထားသည်။ |
| ၃၄ | ၀၄- ၀၇- ၂၀၁၄ | ဩစတြေးလျ | ဩစတြေးလျအစိုးရသည် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၂၇.၈ သန်းကျော် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ အဆိုပါအကူအညီသည် မြန်မာနိုင်ငံရှိ စာသင်ကျောင်းနှင့်ဆရာ အတတ်သင်ကောလိပ် ၄၃,၀၀၀ တွင် အဆင့်မြှင့်တင်ရန်ဖြစ်သည်။ |
| ၃၅ | ၁၃- ၀၇- ၂၀၁၄ | ဥရောပသမဂ္ဂ | ဥရောပသမဂ္ဂသည် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများ၏ အကျိုး သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် ယူရိုငွေ ၄ သန်းကို ကုလသမဂ္ဂအေဂျင်စီများနှင့် အစိုးရဝန်ကြီးဌာနများမှတစ်ဆင့် လှူဒါန်းထားသည်။ |
| ၃၆ | ၁၄- ၀၇- ၂၀၁၄ | ပြင်သစ် | ပြင်သစ်အစိုးရသည် မြန်မာဂျာနယ်လစ်အဖွဲ့အစည်းကို နှစ်နှစ်တာ ကာလအတွက် အမေရိကန်ဒေါ်လာ ၈၀၀,၀၀၀ ထောက်ပံ့ထားသည်။ |
| ၃၇ | ၁၂- ၀၇- ၂၀၁၄ | ဗြိတိန် | ဗြိတိန်သည် သန်းခေါင်စာရင်းကောက်ယူခြင်းအတွက် ပေါင်စတာလင် ၁၀ သန်း ထောက်ပံ့ပေးရန်ကတိပြုခဲ့သည်။ လက်ရှိအချိန်အထိ ပေါင် စတာလင် ၉ သန်းကို သုံးစွဲခဲ့ပြီးဖြစ်ကာ ကျန်သည့်ပေါင်စတာလင် ၁ သန်းကို "အချက် အလက်ဆန်းစစ်မှု၊ အကြောင်းအရာအလိုက် အစီရင်ခံစာများနှင့် သတင်းအချက်အလက်ဖြန့်ဖြူးမှု" တို့အတွက် ဆက်လက်သုံးစွဲသွားမည်ဖြစ်သည်။ |
| ၃၈ | ၂၃- ၀၇- ၂၀၁၄ | ဂျပန် | ဂျပန်နိုင်ငံသည် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့၌ ဖွံ့ဖြိုးမှုလေ့လာသုတေသနပြုရေးအတွက် အမေရိကန်ဒေါ်လာ ၂၅ သန်း ထောက်ပံ့ပေးရန် အမျိုးသားစီမံကိန်းဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ MoU ရေးထိုးခဲ့သည်။ |
| ၃၉ | ၁၈- ၀၇- ၂၀၁၄ | ဂျပန် | ဂျပန်သည် ကရင်ပြည်နယ် ဖားအံမြို့တွင် မူလတန်းလွန်ကျောင်းတစ်ကျောင်းတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၂၂၂,၉၁၃ ပေးအပ်ခဲ့သည်။ |

| | | | |
|---|---|---|---|
| ၄၀ | ၂၇- ၀၇- ၂၀၁၄ | ဒိန်းမတ် | ဒိန်းမတ်သည် ၂၀၀၆ ခုနှစ်အတွင်း မြန်မာ့ပညာရေးကဏ္ဍကို စတင်ထောက်ပံ့ပေးခဲ့ရာ ထိုအချိန်မှစ၍ ဒိန်းမတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၀ သန်းကူညီပေးခဲ့ပြီးဖြစ်သည်။ |
| ၄၁ | ၂၇- ၀၇- ၂၀၁၄ | ဒိန်းမတ် | ဒိန်းမတ်သည် ပညာရေးကဏ္ဍကိုအထူးအလေးထား၍ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးငါးနှစ်စီမံကိန်းကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ပညာရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာ ၃.၅ သန်းလှူဒါန်းရန် ဒိန်းမတ်အစိုးရအနေဖြင့် UNICEF နှင့် သဘောတူလက်မှတ်ရေးထိုးထားသည်။ |
| ၄၂ | ၁၃- ၀၇- ၂၀၁၄ | ဂျပန် | နိပွန်ဖောင်ဒေးရှင်းသည် ချင်းပြည်နယ်ရှိမြို့နယ် ကိုးခုတွင် ငတ်မွတ် ခေါင်းပါးမှုကို တိုက်ဖျက်ရန်အတွက် ကျပ်သန်း ၁၈၀ တန်ကြေးရှိအစားအစာများပေးပို့သွားမည် ဖြစ်သည်။ |
| ၄၃ | ၁၉- ၀၇- ၂၀၁၄ | ထိုင်း | ထိုင်းနိုင်ငံသည် ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီအတွက်အမေရိကန်ဒေါ်လာ ၂၀၀,၀၀၀ လှူဒါန်းခဲ့သည်။ |
| ၄၄ | ၁၅- ၀၇- ၂၀၁၄ | UNDP - ဖင်လန် | ကုလသမဂ္ဂဖွံ့ဖြိုးရေးစီမံကိန်း (UNDP) သည် ဖင်လန်နိုင်ငံနှင့်တွဲဖက်၍ မြန်မာ့ဒီမိုကရေစီ အုပ်ချုပ်ရေးကို ထောက်ခံအားပေးသွားမည်ဖြစ်သည်။ နှစ်ဖက်အဖွဲ့အကြား လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်အရ ဖင်လန်အနေဖြင့် မြန်မာနိုင်ငံ၌ ခိုင်မာသောဒီမိုကရေစီ အုပ်ချုပ်ရေးပေါ်ပေါက်လာစေရန် UNDP ၏ ဆောင်ရွက်မှုများတွင် ယူရိုငွေ ၂ သန်း (အမေရိကန်ဒေါ်လာ ၂.၆ သန်း) ပါဝင်ကူညီမည်ဖြစ်သည်။ |
| ၄၅ | ၀၂- ၁၀- ၂၀၁၄ | ဂျပန် | ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စာသင်ကျောင်းငါးကျောင်းတည်ဆောက်ရန် ဂျပန်က အမေရိကန်ဒေါ်လာ ၅၈၄,၄၉၃ ပေးအပ်သွားမည်ဖြစ်သည်။ |
| ၄၆ | ၀၉- ၁၀- ၂၀၁၄ | 3MDG | 3MDG နှင့် မြန်မာကျန်းမာရေးဝန်ကြီးဌာနတို့သည် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့က နားလည်မှုစာချွန်လွှာ MoU ရေးထိုးခဲ့ ကြသည်။ MOU အရ 3MDG အနေဖြင့် အမျိုးသားတီဘီတိုက်ဖျက်ရေးဌာနသို့ အမေရိကန်ဒေါ်လာ ၁၁.၅ သန်း ပေးအပ်သွားမည်ဖြစ်သည်။ 3MDG သည် ပြည်သူ့ကျန်းမာရေးစင်တာများ၊ အကျဉ်းထောင်ကျန်းမာရေးဝန်ဆောင်မှုများ၊ ကျန်းမာရေးအခြေခံအဆောက်အအုံသစ်များ တည်ဆောက်ရေးနှင့် ရှိနေပြီးသားအခြေခံအဆောက်အအုံများကို ပြန်လည်ပြုပြင်ရေးတို့အတွက်လည်း ထောက်ခံအားပေးသွားမည်ဖြစ်သည်။ |

| | | | |
|---|---|---|---|
| ၄၇ | ၁၁- ၁၀- ၂၀၁၄ | ကမ္ဘာ့ဘဏ် | သန်းနှင့်ချီသောမြန်မာကျောင်းသားများကို အရည်အသွေးပြည့်မီသည့် ပညာရေးစနစ်၏အကျိုးကျေးဇူးကို ခံစားရစေရန်ရည်ရွယ်ကာ မြန်မာအစိုးရကကမ္ဘာ့ဘဏ်နှင့်လည်းကောင်း၊ ဩစတြေးလျအစိုးရနှင့်လည်း ကောင်းသဘောတူစာချုပ်သစ်တစ်ခုတွင် လက်မှတ်ရေးထိုးခဲ့သည်။ စာသင်ကျောင်းများစီမံကိန်းအတွက် ရန်ပုံငွေခွဲဝေပေးအပ်ရေးအဖွဲ့ကို နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့ (IDA) က အမေရိကန်ဒေါ်လာသန်း ၈၀ ထုတ်ချေးခဲ့ပြီး ဩစတြေးလျအစိုးရက Multi-Donor Trust Fund မြန်မာဖက်စပ်အဖွဲ့မှတစ်ဆင့် အမေရိကန်ဒေါ်လာသန်း ၂၀ ပေးလှူခဲ့သည်။ အဆိုပါငွေကြေးများက မြန်မာအစိုးရ၏ ကျောင်းထောက်ပံ့ရေးနှင့် ကျောင်းသားများကျောင်းလခလွတ်ငြိမ်းရေး အစီအစဉ်များကို ပိုမို၍ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေမည်ဖြစ်သည်။ |
| ၄၈ | ၁၄- ၁၀- ၂၀၁၄ | ကမ္ဘာ့ဘဏ် | ကမ္ဘာ့ဘဏ်၏ အမှုဆောင်ဒါရိုက်တာများဘုတ်အဖွဲ့က မြန်မာနိုင်ငံတွင် မိခင်များ၊ မွေးကင်းစကလေးများနှင့်ကလေးငယ်များ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရန် နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့ (IDA) မှအမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးယူခဲ့သည်။ |
| ၄၉ | ၁၇- ၁၀- ၂၀၁၄ | ကမ္ဘာ့ဘဏ် | ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အာရှနှင့်ပစိဖိတ်ဆိုင်ရာ AIDS ရောဂါအတွက်အထူးသံတမန် ဂျေဗီအာပရာဆက်ဒါရောင်းသည် အောက်တိုဘာလ ၁၇ ရက်နေ့တွင် မြန်မာကျန်းမာရေးဝန်ကြီး ဦးသန်းအောင်နှင့်တွေ့ဆုံခဲ့ပြီး HIV ကုသရေးအတွက် အမေရိကန်ဒေါ်လာ ၅ သန်းတိုးမြှင့်ပေးကြောင်း အတည်ပြုခဲ့သည်။ |
| ၅၀ | ၂၅- ၁၁- ၂၀၁၄ | ဥရောပသမဂ္ဂ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးဆောင်ရွက်မှုနှင့် အခြားသောပြဿနာများအတွက် မြန်မာနိုင်ငံသို့ လာမည့်သုံးနှစ်အတွက်ထပ်မံ၍ ယူရိုငွေ ၂၅၇ သန်း (အမေရိကန်ဒေါ်လာ ၃၂၀.၆ သန်း) ထောက်ပံ့မည်ဟု ဥရောပသမဂ္ဂက ထုတ်ပြန်ကြေညာခဲ့သည်။ |
| ၅၁ | ၁၆- ၁၂- ၂၀၁၄ | ဒိန်းမတ် | ဒိန်းမတ်သည် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်ရန်ပုံငွေအဖွဲ့သုံးဖွဲ့ (3MDG Fund) ကို အမေရိကန်ဒေါ်လာ ၅.၁ သန်း ထပ်မံလှူဒါန်း ပေးအပ်ခဲ့သည်။ ယင်းမှာ မြန်မာနိုင်ငံရှိ အဆင်းရဲဆုံးနှင့် အားအနည်း ဆုံးလူများ၊ အထူးသဖြင့်အမျိုးသမီးများနှင့်ကလေးငယ်များ၏ ကျန်းမာရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေလိုမှုကို ဒိန်းမတ်အစိုးရက ထပ်မံပြသလိုက်ခြင်း ဖြစ်သည်။ |

## ၆။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖွံ့ဖြိုးတိုးတက်မှုအပေါ် အဆုံးအဖြတ်ပေးသည့် အကြောင်းအချက်များ

လာမည့်နှစ်များတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မည်သို့ဖွံ့ဖြိုးတိုးတက်မှုရှိမည်ဆိုသည်မှာ အကြောင်းအချင်းအရာ အမျိုးမျိုးပေါ်တွင်မူတည်မည်ဖြစ်ပြီး ယင်းတို့အနက်မှအချို့ကို အောက်တွင် ဖော်ပြပေးထားပါသည်။ အဆိုပါအချက်များက လက်နက်ကိုင်တိုက်ပွဲများ မည်သို့အဆုံးသတ်မည်၊ နှစ်ဖက်လုံးမှ နိုင်ငံရေးဆိုင်ရာ တောင်းဆိုမှုများကို မည်သို့မည်ပုံဖြေရှင်းမည်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သည့်ဖွံ့ဖြိုးတိုးတက်မှုများ မည်သို့မည်ပုံရရှိမည် စသောအရေးပါသည့်မေးခွန်းများကို ဖြေဆိုပေးနိုင်မည်ဖြစ်ပါသည်။

**ဇယား (၂၅)** – ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖွံ့ဖြိုးတိုးတက်မှုပေါ် အဆုံးအဖြတ်ပေးသည့် အကြောင်းအချက်များ

| | | |
|---|---|---|
| ၁ | တစ်ပြည်လုံး အပစ်အခတ် ရပ်စဲရေးလက်မှတ် ရေးထိုးခြင်း | ● တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးခြင်းသည် နိုင်ငံရေး ဆွေးနွေးပွဲကို တံခါးခေါက်လိုက်သည့်ပထမဆုံးခြေလှမ်းတစ်ရပ်ဖြစ်ပြီး မတူသော ကွဲပြားသော တောင်းဆိုချက်များကို နည်းပါးသွားစေကာ ကာလရှည်ငြိမ်းချမ်း ရေးကိုရရှိစေနိုင်မည် ဖြစ်ပါသည်။<br>● အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်နှစ်ရပ်လုံးမှ ကိုယ်စားလှယ်များက တစ် ပြည်လုံးအပစ်အခတ်ရပ်စဲရေး"နောက်ဆုံးမူကြမ်း"ကို ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် သဘောတူခဲ့သော်လည်း ၄င်းတို့အနေဖြင့် လက်မှတ်ရေးထိုးရန် အခွင့်အာဏာမရှိကြပေ။ တိုင်းရင်းသားခေါင်းဆောင်များ၏ လော်ခီးလာညီလာခံ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဖြည့်စွက်ပြင်ဆင်ရေးအတွက် တောင်းဆိုချက်များကို ရှေ့တန်းတင်ဆွေးနွေးခဲ့ကြသည်။<br>● ငြိမ်းချမ်းရေးတွင်ပါဝင်ကြောင်းပြသရန်အတွက် နှစ်ဖက်လုံးအနေဖြင့်ကချင်ပြည် နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်း၌ ဆက်လက်ဖြစ်ပွားနေသည့်တိုက်ပွဲများကို ရပ် တန့်ရန် လိုအပ်ပါသည်။ အကယ်၍တိုက်ပွဲများကိုရပ်တန့်မည်ဆိုပါလျှင် ခိုင်မာ သောငြိမ်းချမ်းရေး သဘောတူညီချက်တစ်ရပ် မရှိမဖြစ်လိုအပ်ပါသည်။<br>● တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး နောက်ဆုံးသဘောတူ လက်မှတ်ရေးထိုးမှုသည် လာမည့်ဆွေးနွေးညှိနှိုင်းပွဲများအား မည်သို့မည်ပုံဆွေးနွေးပြုလုပ်ကြမည်ဟူသော အချက်နှင့် နှစ်ဖက်လုံးရှိ ပြည်သူများ၏လိုလားချက်များကို စဉ်းစားသုံးသပ်ကာ ခိုင်မာသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ပါဝင်ရေးဟူသောအချက်တို့အပေါ်တွင် ယေဘုယျအားဖြင့် မူတည်နေပါသည်။ |

| | | |
|---|---|---|
| ၂ | ကျင့်ထုံးများ | ● ဒေသန္တရအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို ဆက်လက်ချိုး ဖောက်ခြင်း၏ အဓိကအကြောင်းပြချက်တစ်ခုမှာ နယ်စည်းပိုင်းခြားမှုသတ်သတ်မှတ်မှတ်မရှိဘဲ လက်နက်ကိုင်အဖွဲ့အစည်းများစွာ နယ်မြေရောနှောနေခြင်းကြောင့် ဖြစ်ပါသည်။ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခြင်းမပြုမီ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကျင့်ထုံးများကို ဦးစွာသဘောတူထားရန် မရှိမဖြစ်လိုအပ်ကြောင်း တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များက ယုံကြည်ကြသော်လည်း အစိုးရကမူအပစ်အခတ်ရပ်စဲရေးဦးစွာ ဖြစ်မြောက်ရန်သာ လိုလားလျက်ရှိပါသည်။ ယင်းမှာ အစိုးရနှင့် အစိုးရကျောထောက်နောက်ခံအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား နယ်စည်းသတ်မှတ်ရေးအတွက် တားဆီးပိတ်ဆို့နေသည့် အခက်အခဲပင်ဖြစ်ပါသည်။ အကယ်၍ အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်လာပါက အပစ်အခတ်ရပ်စဲရေးဆိုင်ရာကျင့်ထုံးနှင့် စစ်ဘက်ဆိုင်ရာကျင့်ထုံးတို့မှာ လွန်စွာအရေးပါလာပြီဖြစ်သည်။<br>● လူပ်ရှားထိန်းချုပ်ထားသောနယ်မြေများကို ခွဲဝေရေးသည် မဖြစ်မနေကျော်လွှားရမည့် အဓိကစိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။ |
| ၃ | နိုင်ငံရေးမူဘောင် ပူးတွဲရေးဆွဲရေး ကော်မတီနှင့် ပူးပေါင်းစောင့် ကြည့်ရေးကော်မတီ (JMC) | ● တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးတွင် လက်မှတ်ရေးထိုးပြီးပါက အပစ်အခတ်ရပ်စဲရေး ပူးတွဲစောင့်ကြည့်မှုကော်မတီနှင့် နိုင်ငံရေးမူဘောင်ပူးတွဲရေးဆွဲရေးအဖွဲ့တို့အနေဖြင့် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာကြမည်ဖြစ်သည်။ အနာဂတ်နိုင်ငံရေးဆွေးနွေးပွဲကို ပုံဖော်ရန်နှင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ကြီးကြပ်ပေးရန် အဆိုပါကော်မတီများကိုလျာထားပြီးဖြစ်သည်။ ကော်မတီများရှိ အသီးသီးသောကိုယ်စားလှယ်များအနေဖြင့် ဆုံးဖြတ်ချမှတ်သည့်နေရာတွင် နိုင်ငံရေးခံယူချက်တန်းတူညီမျှရှိရမည်ဖြစ်ပြီး ကော်မတီများအနေဖြင့် ၄င်းတို့ကိုယ်တိုင်တွင် စေ့စပ်ညှိနှိုင်းရန်နှင့် အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုများကို စစ်ဆေး၍ ဖြန်ဖြေပေးရာတွင် အာဏာအပြည့်အဝရှိရမည်ဖြစ်သည်။ |
| ၄ | စေ့စပ်ညှိနှိုင်းသူ | ● ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား စေ့စပ်ညှိနှိုင်းပေးရန် နိုင်ငံတကာ သို့မဟုတ် ပြည်တွင်းအဖွဲ့အစည်းတစ်ရပ်မရှိပေ။ ကမ္ဘာတစ်ဝန်းရှိ အောင်မြင်သောငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လေ့လာသည့်အခါ ထင်ရှားသောစေ့စပ်ညှိနှိုင်းပေးသည့်အဖွဲ့တစ်ဖွဲ့က အရေးပါသောကဏ္ဍမှအမြဲတမ်းလိုလို ပါဝင်လေ့ရှိသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် အစ္စရေးနှင့် ပါလက်စတိုင်းအကြားဆွေးနွေးပွဲတွင်Aceh ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဖွဲ့၊ ဖင်လန်စေ့စပ်ညှိနှိုင်းရေးအဖွဲ့နှင့် Camp David အဖွဲ့တို့ပါဝင်ခဲ့သည်။<br>● UPWC နှင့် NCCT တို့သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့အစည်းအဝေးပွဲပြီးနောက်တွင် ဆွေးနွေးပွဲအဆုံးသတ်လုနီးပါးအထိဖြစ်စေသော ပြင်းထန်သည့်စိန်ခေါ်မှုများပေါ်ပေါက်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်နေ့မှ ၉ ရက်နေ့အထိ လော်ခီးလာညီလာခံကျင်းပပြီးနောက် အခြားသောခလုတ်ကန်သင်းတစ်ခု ပေါ်ပေါက်လာခဲ့သည်။<br>● နှစ်ဖက်လုံးက သဘောတူကြသည့် လွတ်လပ်သောစေ့စပ်ညှိနှိုင်းပေးသည့်အဖွဲ့တစ်ဖွဲ့ရှိခဲ့မည်ဆိုပါလျှင် အဆိုပါအဖွဲ့အနေဖြင့်ဆွေးနွေးညှိနှိုင်းပွဲများကို အဆင်ပြေချောမွေ့စေအောင်ပြုလုပ်ကာ မအောင်မြင်နိုင်သည့်အခြေအနေများကို ဖယ်ရှားနိုင်မည်ဖြစ်ပါသည်။ |

| | | |
|---|---|---|
| ၅ | ပင်တိုင်ပါဝင်သူ | ● ဆွေးနွေးပွဲများတွင် နှစ်ဖက်လုံးအကျိုးကျေးဇူးဖြစ်ထွန်းစေနိုင်သည့်အတွက် ပင်တိုင်ပါဝင်သူ လိုအပ်ပါသည်။ နှစ်ဖက်လုံးမှခေါင်းဆောင်များသည် မီဒီယာသို့ မတူကွဲပြားသော အဓိပ္ပာယ်များပေးခြင်းနှင့် မတူညီသောအချက်များကို အသားပေး၍ ပြောဆိုခြင်းများရှိခဲ့ရာ နားလည်မှုလွဲမှားခြင်းများကို မြင့်တက်လာစေနိုင်ပါသည်။ အကယ်၍ဘက်မလိုက်ဘဲ မှျတသောသောအကြောင်းအရာများကို ပြောဆိုပေးမည့် ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးထားရှိမည်ဆိုပါလျှင် အဆိုပါအန္တရာယ်ကိုရှောင်ရှားကောင်းရှောင်ရှားနိုင်မည် ဖြစ်သည်။ |
| ၆ | အစဉ်တည်ရှိနေသည့် မယုံကြည်မှုများကို ဖြေရှင်းခြင်း | ● မြန်မာစစ်တပ်၏အမုန်တကယ်လိုလားချက်မှာ တိုင်းရင်းသားလက်နက်ကိုင်များကို ဖယ်ရှားရှင်းလင်းရန်နှင့် နယ်စပ်ဒေသများအားလုံးကိုထိန်းချုပ်ကာ အဖိုးတန်သဘာဝသယံဇာတများကို သိမ်းပိုက်ရန်ဖြစ်ကြောင်းကောလာဟလများ ဆက်လက်ထွက်ပေါ်လျက်ရှိသည်။ ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် မြန်မာစစ်တပ်က ဆက်လက်သဘောထားတင်းမာနေဆဲဖြစ်ကြောင်း နှင့်အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်မှုများ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။ အကျိုးဆက်အားဖြင့် အစိုးရ၏ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်ပါဝင်ဆောင်ရွက်မှုသည် နိုင်ငံရေးအရနိုင်ငံတကာတွင် နာမည်ကောင်းရရှိရန် မည်ကာမတ္တဆောင်ရွက်လိုက်သည့် လှည့်စားမှုတစ်ခုမျှသာဖြစ်ကြောင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်များအား အင်အားလျော့နည်းသွားစေရန်ပြုလုပ်ကာ ၎င်းတို့စစ်တပ်၏ ဆယ်စုနှစ်များစွာလွှမ်းမိုးထားသည့် မူဝါဒတစ်ရပ်ကို ဆက်လက်အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း လူများစွာက ယုံကြည်ကြသည်။<br>● တစ်နည်းဆိုပါက အစိုးရသည် လုံခြုံရေးတပ်ဖွဲ့ဝင်များပြုလုပ်သည့် တရားမဝင်လှုပ်ရှားမှုများကို ပြုလုပ်ခြင်းဖြင့် တိုင်းရင်းသားလက်နက်ကိုင်များက ရန်စတိုက်ခိုက်သည်ဟု ငြင်းခုံပြောဆိုနေခြင်းဖြစ်သည်။ |
| ၇ | ဖက်ဒရယ်အရေးကိစ္စများ အပါအဝင် နိုင်ငံရေးပြဿနာများကိုဖြေရှင်းခြင်း | ● နာကြည်းချက်များစွာမှတစ်ဆင့် ပေါ်ပေါက်လာသောပဋိပက္ခများကို လက်ရှိအချိန်အထိအပြည့်အဝကိုင်တွယ်ဖြေရှင်းရခြင်းမရှိသေးပေ။ အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်များအားတစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွင် လက်မှတ်ရေးထိုးရန်နှင့်ဆက်လက်၍ နိုင်ငံရေးဆွေးနွေးပွဲတွင်ပါဝင်ရန် တွန်းအားပေးလျက်ရှိသည်။ အစိုးရအနေဖြင့် အဆိုပါနည်းလမ်းဖြင့် ပြဿနာများကိုဖြေရှင်းနိုင်မည်ဟု မျှော်လင့်ထားပါသည်။ သို့သော်လည်း အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုအားနည်းပြီး တိုင်းရင်းသားလက်နက်ကိုင်များ အခိုင်အမာကာကွယ်ပြောဆိုနေသည့် ဖက်ဒရယ်ပြည်ထောင်စု၊ ဖက်ဒရယ်တပ်မတော်နှင့် ဆုံးဖြတ်လုပ်ကိုင်ခွင့်အာဏာတို့ကို ပယ်ချထားကြောင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက အခိုင်အမာ ပြောဆိုထားသည်။ ဖက်ဒရယ်ဖွဲ့စည်းပုံနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အောက်၌ အာဏာအဆင့်ဆင့်ခွဲဝေခြင်းကဲ့သို့ အရေးပါသောပြဿနာများကို အာမခံပေးရန်လိုအပ်သည်ဟု တိုင်းရင်းသားလက်နက်ကိုင်များက ခံစားမိကြသည်။ ဖက်ဒရယ်ပြဿနာသည် ဆယ်စုနှစ်များစွာကြာမြင့်သည့် ပြည်တွင်းစစ်ကိုအဆုံးသတ်စေနိုင်မည့် အရေးပါသောပြဿနာတစ်ရပ်ပင်ဖြစ်သည်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးသည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ကို ပူးပေါင်းအကောင်အထည်ဖော်သည့်အပေါ်တွင် မူတည်နေပါသည်။ |

| | | |
|---|---|---|
| ၈ | ဘာသာရေး အဓိကရုဏ်း - အမြင့်ဆုံးအခြေ အနေတွင်ရှိနေ သည့်တင်းမာမှု များနှင့်ယင်းကို ဖြေရှင်းရန် ဖြစ်နိုင်ချေနည်းလမ်း | ● ဘာသာရေးတင်းမာမှုများသည် မြန်မာနိုင်ငံတွင် ရှိနေဆဲဖြစ်ပြီး ပြဿနာများကို တက်ကြွစွာကိုင်တွယ်ဖြေရှင်းခြင်းမရှိသည့်အပေါ်မြန်မာအစိုးရကို နိုင်ငံတကာအသိုက်အဝန်းက ဝေဖန်ပြောဆိုထားသည်။ အဆိုပါစိန်ခေါ်မှုကို ဖြေရှင်းရန်လိုအပ်သည့်အဆင့်များကို ဆောင်ရွက်ရန်ပျက်ကွက်ခြင်းက ပြုပြင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေဖွယ်ရှိပါသည်။ |
| ၉ | အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်များ၏ အတွင်းပိုင်းနိုင်ငံရေးမူဝါဒ | ● အကယ်၍ နောက်ကွယ်၌နိုင်ငံရေးအားပြိုင်မှုများ ရှိနေသည်ဟူသော ကောလာဟလများမှန်ကန်ပါက လက်ရှိဆွေးနွေးပွဲများတွင်ဦးဆောင်နေသူတွင် မမျှော်လင့်သောပြောင်းလဲမှု များဖြစ်သွားဖွယ်ရှိပါသည်။ အစိုးရအဖွဲ့၊လွှတ်တော်နှင့် စစ်တပ်အကြားတွင်လည်း အာဏာပြိုင်ဆိုင်မှုရှိနေပါသည်။<br>● တိုင်းရင်းသားလက်နက်ကိုင်များဘက်တွင်မူ သဘောထားပျော့ပျောင်းသူများနှင့် တင်းမာသူများအကြား ပဋိပက္ခများလည်း ရှိနေပါသည်။ |
| ၁၀ | ဆက်လက်ပြုလုပ်နေသည့် ပြုပြင်ပြောင်းလဲမှုများ | ● အပစ်အခတ်ရပ်စဲရေးအောင်မြင်စွာအကောင်အထည်ဖော်နိုင်ခြင်းနှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများမှ နိုင်ငံရေးအခြေအနေသစ်တစ်ရပ် အောင်မြင်စွာဖန်တီးနိုင်ခြင်းတို့သည် အစိုးရနှင့်စစ်တပ်၏သဘောရိုးဖြင့် ဆောင်ရွက်မှုအပေါ်တွင် အများဆုံးမူတည်နေပါသည်။ ဥပဒေစည်းမျဉ်း၊ ပွင့်လင်းမြင်သာမှု၊ အကျင့်ပျက်ခြစားမှုနှင့် စစ်တပ်ပါဝင်မှုတို့ကို ဖြေရှင်းရန်အတွက် အလုံးစုံပြုပြင်ပြောင်းလဲမှုသည်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်ဖြစ်ထွန်းမှုကို လွှမ်းမိုးမှုရှိမည်ဖြစ်ပါသည်။ နိုင်ငံရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရေး၊ စစ်တပ်၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများသည် မည်သည့်ဆွေးနွေးညှိနှိုင်းမှု များကိုဆောင်ရွက်သည်ဟူသောအချက်က လက်ရှိအခြေအနေကို ပြောင်းလဲစေမည်ဖြစ်ပြီး ဆုံးဖြတ်ချက်ချမှတ်မှုများကို လွှမ်းမိုးမှုရှိမည်ဖြစ်ပါသည်။ |
| ၁၁ | စစ်တပ်၏ ပါဝင်ပတ်သက်မှု | ● ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာစစ်တပ်အနေဖြင့် ရဲနှင့် အခြားသောလုံခြုံရေး အဖွဲ့ခွဲများအပါအဝင် အစိုးရတပ်ဖွဲ့ဝင်များအားလုံးအပေါ် အပြည့်အဝအာဏာလွှမ်းမိုးချုပ်ကိုင်မှုရှိပါသည်။<br>● တပ်မတော်အနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်ကို ကာကွယ်ရမည် ဖြစ်ကြောင်းနှင့် လမ်းစဉ်ချောက်ရပ်အတိုင်း အခိုင်အမာရပ်တည်သွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဆိုသည်။<br>● တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များကမူ စစ်တပ်ကို အလုံးစုံအာဏာအပ်နှင်းထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ကြောင်း ယခင်ကဆိုခဲ့သည်။ ၎င်းတို့က တပ်မတော်၏လမ်းစဉ်ချောက်ရပ်ကို လူသိရှင်ကြားရှုတ်ချပြောဆိုခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် စစ်တပ်သည် ဗဟိုအချက်အချာနေရာမှပါဝင်နေပြီး ရလဒ်သည်လည်း စစ်တပ်က မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းမည်ဟူသောအချက်တွင်သာ မူတည်လျက်ရှိပါသည်။ |

| | | |
|---|---|---|
| ၁၂ | ပါလီမန်၏ ပါဝင်ပတ်သက်မှု | ● ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးအောင်မင်းနှင့် MPC တို့က ချုပ်ကိုင်ခြယ်လှယ်ထားသည့်အပေါ် မေးခွန်းများထွက်ပေါ်လာခဲ့ပါသည်။ ၎င်းအနေဖြင့် ဥပဒေများကို ပြောင်းလဲနိုင်သည့်အခွင့်အာဏာမရှိဘဲ အရေးပါသောတူညီချက်တစ်ရပ်ကို မည်သို့မည်ပုံအကောင် အထည်ဖော်မည်ဟူသောအချက်နှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းလာကြခြင်း ဖြစ်သည်။ လွန်ခဲ့သည့်နှစ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လွှတ်တော်၏အခန်းကဏ္ဍနှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းဖူးသော်လည်း မည်သို့သောပုံစံမျိုးဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်မည်ကို ရှင်းလင်းသဲကွဲစွာ မသိရသေးပေ။ |
| ၁၃ | ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြည့်စွက် ပြင်ဆင်မှု | ● ပြည်နယ်နှင့်ပြည်ထောင်စုအစိုးရအဖွဲ့များအကြား အာဏာခွဲဝေခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြည့်စွက်ပြင်ဆင်မှုကို ထိရောက်စွာပြုလုပ်နိုင်မည်ဖြစ်သည်။ ယင်းသို့ အာဏာခွဲဝေမှုကပြည်ထောင်စုတည်ဆောက်ရေးတွင် ထိရောက်စွာပါဝင်နိုင်သည်ဟု တိုင်းရင်းသားခေါင်းဆောင်များအား ယုံကြည်မှုတိုးလာစေနိုင်ပါသည်။ ဥပမာအားဖြင့် ပြည်နယ်ဝန်ကြီးချုပ်များကို ရွေးကောက်တင်မြှောက်ရမည်ဖြစ်ပါသည်။ |
| ၁၄ | ရွေးကောက်ပွဲများ | ● ရွေးကောက်ပွဲများသည် လွတ်လပ်ပြီး မျှတရမည်ဖြစ်ပါသည်။ တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲများတွင်ပါဝင်ကြရမည်ဖြစ်ပြီး ၎င်းတို့၏သက်ဆိုင်ရာတိုင်းရင်းသားပြည်နယ်များတွင် ရွေးကောက်ခံကြရမည်ဖြစ်ပါသည်။ ယင်းမှသာ ၎င်းတို့အနေဖြင့် ပြည်နယ်အစိုးရတစ်ရပ်ကို ထိရောက်စွာဖွဲ့စည်းနိုင်ကာ တိုင်းရင်းသားများ ပိုမိုပါဝင်လာနိုင်မည်ဖြစ်ပါသည်။ |

## ၇။ နောက်ဆုံးရသတင်းအချက်အလက်များ၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ – ဇွန်

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ် – ရိုလာကိုစတာ

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရိုလာကိုစတာတစ်စီးကဲ့သို့ တက်တစ်ခါ၊ ကျတစ်လှည့်ဖြစ်နေသည်ဟု အများက ရှုမြင်ကြသည်။ ၂၀၁၃ ခုနှစ်အောက်တိုဘာလမှ နိုဝင်ဘာလအထိလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင်လည်းကောင်း လိုင်ဇာတိုင်းရင်းသားညီလာခံ ကျင်းပခဲ့သည့်အကျိုးဆက်အနေဖြင့် ဆွေးနွေးပွဲများ လျင်မြန်စွာ ဖြစ်ပေါ်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်များနှင့် UPWC သည် "တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး အဆုံးသတ်မူကြမ်း" တွင်ပါဝင်မည့် "မူဝါဒတစ်ခုတည်းသောမူကြမ်း" တစ်ရပ်ကိုရေးဆွဲရန် သဘောတူခဲ့ကြသည်။ အင်အားစု များအားလုံးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှထွက်ပေါ်လာမည့်ရလဒ်ကို မျှော်လင့်ချက်ကြီးစွာဖြင့် ယုံကြည်ကိုးစားမှုရှိနေကြသည်။ သို့သော်လည်း NCCT နှင့် UPWC တို့အကြား ဆွေးနွေးပွဲများသည် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ပျက်ပြားလုနီးပါးဖြစ်ခဲ့သည်။ အကြောင်းမှာ စစ်တပ်ကိုယ်စားလှယ်များက ယခင်သဘောတူညီချက်များကို ပယ်ချခဲ့ကြ၍ဖြစ်သည်။ တိုက်ပွဲများဆက်လက်ဖြစ်ပွားခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရပ်တန့်ခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းမှုမှာနောက်ကြောင်းပြန်လှည့်သွားပြီဟူ၍ ဝေဖန်သူများစွာက အခိုင်အမာပြောဆိုကြသည်။ တိုင်းရင်းသားခေါင်းဆောင်များနှင့် အစိုးရတာဝန်ရှိသူများ၏ ပြန်လည်ကြိုးပမ်းအားထုတ်မှုကြောင့် ဆွေးနွေးပွဲများကို ပြန်လည်ကျင်းပနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် နှစ်ဖက်လုံးမှကိုယ်စားလှယ်များက တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးအဆုံးသတ်မူကြမ်းတွင် လက်မှတ်ရေးထိုးချိန်တွင်မူ အခြေအနေများ ပြန်လည်ကောင်းမွန်လာခဲ့သည်။ ပြည်တွင်းပြည်ပလူမှုအသိုက်အဝန်းများကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် ရှေ့သို့ဆက်သွားနေသည်ဟု ယုံကြည်ကြပြီး အင်အားစုများအားလုံးအကြားတွင်လည်း မျှော်လင့်ချက်များပြန်လည်မြင့်တက်လာခဲ့သည်။ သို့သော်လည်း အစိုးရတာဝန်ရှိသူများက တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးရာတွင် NCCT အဖွဲ့ဝင် ၁၆ ဖွဲ့နှင့်သာ လက်မှတ်ရေးထိုးခဲ့ပြီး AA၊ MNDAA နှင့် TNLA တို့ကို ချန်လှပ်ထားခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များက "တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် အားလုံးပါဝင်လက်မှတ်ရေးထိုးရန်" အခိုင်အမာပြောဆိုခဲ့ကြသည်။ ပူးတွဲဆွေးနွေးညှိနှိုင်းမှုအခြေအနေတစ်ရပ်ကို သဘောတူသည့်အလျောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ၂၀၁၅ ခုနှစ် မေလ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ UWSP/UWSA အဖွဲ့၏ ဌာနချုပ်ရှိရာပန်ဆန်းတွင် ညီလာခံတစ်ရပ်ကျင်းပခဲ့ကြသည်။ အစိုးရကမူ "AA ၊ MNDAA နှင့် TNLA တို့ကိုမဖိတ်ရန်" UWSA ကို ဖိအားပေးခဲ့သော်လည်း UWSP ကလျစ်လျူရှုခဲ့ပြီး အဆိုပါအဖွဲ့အစည်းများကို ညီလာခံသို့တက်ရောက်ရန်ဖိတ်ကြားခဲ့သည်။ ယင်းအပေါ် ကျေနပ်မှုမရှိကြောင်း အစိုးရက ထုတ်ဖော်ပြောဆိုခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များသည် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ် ငန်းစဉ်ကို ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြသည်။ UWSP/UWSA ၏ အိမ်ရှင်အဖြစ်လက်ခံကျင်းပရသည့်ရည်ရွယ်ချက်မှာ လက်ရှိအမည်ခံသာဖြစ်နေသည့် 'ဝ'ဒေသကို ရှမ်းပြည်နယ်မှခွဲထွက်၍ ပြည်နယ်တစ်ခုအဖြစ် အသိအမှတ်ပြုပေးရန်ဖြစ်ရာ အဆိုပါကိစ္စကိုလည်း ဆွေးနွေးခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များသည် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် လက်မှတ်ရေးထိုးခြင်းပြု၊ မပြုနှင့်ပတ်သက်၍ သဘောတူညီချက်မရရှိခဲ့ကြပေ။ UWSP ၏ ရပ်တည်ချက်မှာ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးတွင် လက်မှတ်ရေးထိုးမည် မဟုတ်သော်လည်း လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ပြုလုပ်မည့်နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်မည်ဟူ၍ဖြစ်သည်။

ပန်ဆန်းတိုင်းရင်းသားညီလာခံတွင် ဖော်ပြပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၂ ဖွဲ့မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

၁။ ဝပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP)
၂။ အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးတပ်မတော် (NDAA)
၃။ ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (KIO)
၄။ ကရင်အမျိုးသားအစည်းအရုံး (KNU)
၅။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
၆။ မွန်ပြည်သစ်ပါတီ (NMSP)
၇။ ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)
၈။ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)
၉။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)
၁၀။ ရက္ခိုင့်တပ်မတော် (AA)
၁၁။ မြန်မာအမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးတပ်မတော် (MNDAA)
၁၂။ ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး (PSLF)

တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (NCCT) မှ နုတ်ထွက်ရန် TNLA ၊ MNDAA နှင့် AA တို့က အဆိုပြုလာကြသည့်အခါ ပြဿနာကြီးတစ်ရပ်ဖြစ်လာခဲ့သည်။ အသစ်ဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းသုံးဖွဲ့မှခေါင်းဆောင်များက မိမိတို့အပေါ် အစိုးရကထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေရုံ သာမက ပန်ဆန်းညီလာခံသို့တက်ရောက်မှုကိုလည်း ကန့်ကွက်ခဲ့သည့်အတွက် UPWC ကို အယုံအကြည်မရှိကြောင်း ပြောဆိုခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် KNU ထိန်းချုပ်ထားသည့်ဒေသတွင် ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက် နေ့မှ ၉ ရက်အထိ လော်ခီးလားတိုင်းရင်းသားညီလာခံကို ကျင်းပခဲ့ကြသည်။ UNFC အဖွဲ့ဝင်များ၊ NCCT အဖွဲ့ဝင် များနှင့် NCCT အဖွဲ့ဝင်မဟုတ်သူများလည်း လော်ခီးလားညီလာခံသို့ တက်ရောက်ခဲ့ကြပြီး ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်က ရေးဆွဲခဲ့သည့် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး "အဆုံးသတ်မူကြမ်း" ကို ပြန်လည်ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ အားလုံးပါဝင်လက်မှတ်ရေးထိုးခြင်းဟူသော အချက်အပါအဝင် အချက် ၁၃ ချက်ကို ပြန်လည်ပြင်ဆင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါညီလာခံတွင် အစိုးရနှင့်ဆွေးနွေးညှိနှိုင်းခွင့်အာဏာ အပြည့်အဝရှိသော အဖွဲ့ဝင် ၁၅ဦးပါဝင်သည့် "တိုင်းရင်းသားလက်နက်ကိုင်များ၏ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးအတွက် ထိပ်တန်းအဆင့်ကိုယ်စားလှယ်အဖွဲ့ သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်များ၏ ဝါရင့်ကိုယ်စားလှယ်အဖွဲ့" ကို ဖွဲ့စည်းနိုင်ခဲ့သည်။

အသစ်ဖွဲ့စည်းလိုက်သည့် တိုင်းရင်းသားလက်နက်ကိုင်ဝါရင့်ကိုယ်စားလှယ်အဖွဲ့ဝင်များကို ဖော်ပြထားပါသည်။

| | |
|---|---|
| ၁။ ဖဒိုနော်စီဖိုးရာစိန် | (အဖွဲ့ခေါင်းဆောင်) |
| ၂။ ဒေါက်တာလဂျာ | (ဒုခေါင်းဆောင် ၁) |
| ၃။ ပူဇင်ချွန်း | (ဒုခေါင်းဆောင် ၂) |
| ၄။ ခိုင်စိုးနိုင်အောင် | (အဖွဲ့ဝင်) |
| ၅။ နိုင်ဟံသာ | (အဖွဲ့ဝင်) |
| ၆။ မျိုးဝင်း | (အဖွဲ့ဝင်) |
| ၇။ ခွန်မြင့်ထွန်း | (အဖွဲ့ဝင်) |
| ၈။ ရွှေမျိုးသန့် | (အဖွဲ့ဝင်) |
| ၉။ စပ်ခွန်ဆိုင်း | (အဖွဲ့ဝင်) |

၁၀။ ဗိုလ်မှူးချုပ် တာအိုက်ဘုန်း (အဖွဲ့ဝင်)
၁၁။ ဖဒိုစောကွယ်ထူးဝင်း (အဖွဲ့ဝင်)
၁၂။ ဗိုလ်ချုပ်ဂွမ်မော် (အဖွဲ့ဝင်)
၁၃။ ဒေါက်တာဆလိုင်းလျန်အိတ်ချံစခေါင်း (အဖွဲ့ဝင်)
၁၄။ ဗိုလ်မှူးကြီးခွန်ဥက္ကာ (အဖွဲ့ဝင်)
၁၅။ စောမြရာဇာလင်း (အဖွဲ့ဝင်)

နိုင်ငံတော်အပစ်အခတ်ရပ်စဲရေး၌ "အားလုံးပါဝင်လက်မှတ်ရေးထိုးခြင်း" ကို အခိုင်အမာလိုလားသည့်အတွက် စည်းလုံးမှုကိုပြသလိုက်ခြင်းဖြစ်ကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှခေါင်းဆောင်များက အခိုင်အမာ ပြောဆိုခဲ့သည်။ သို့သော်လည်း UPWC နှင့် တပ်မတော်ကိုယ်စားလှယ်များကမူ တိုင်းရင်းသားလက်နက်ကိုင်များ၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့သစ်ကို အသိအမှတ်ပြုရန် ငြင်းဆန်ကာ မကျေနပ်ကြောင်း ပြသခဲ့ကြသည်။ အစိုးရဘက်က "NCCT အနေဖြင့် တိုင်းရင်းသားညီလာခံတွင် မူကြမ်းရေးဆွဲထားသည့် ဖြည့်စွက်ပြင်ဆင်ချက်အသစ် ၁၃ ချက်ကို အစိုးရဆွေးနွေးညှိနှိုင်းရေးအဖွဲ့နှင့် ညှိနှိုင်းနိုင်ကြောင်း" ပြောဆိုခဲ့ပြီး "မည်သည့်အတွက်ကြောင့် ဆွေးနွေးညှိနှိုင်းရေးကော်မတီသစ်ကို ဖွဲ့လိုကြောင်း" မေးမြန်းကာ အစိုးရဘက်က ၄င်းတို့၏ မကျေနပ်မှုကို ပြသခဲ့ကြသည်။ ဆွေးနွေးညှိနှိုင်းရေးကော်မတီသစ် (EAO's SD) တွင် အစိုးရနှင့်ဆွေးနွေးရန် ပိုမိုကျယ်ပြန့်သော လုပ်ပိုင်ခွင့်အာဏာရှိကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တုံ့ပြန်ပြောဆိုခဲ့ကြသည်။ ဆွေးနွေးပွဲများရပ်တန့်ခဲ့ပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တိမ်မည်းများပိတ်ဖုံးနေခဲ့သည်။ အစိုးရက ကမ်းလှမ်းထားသော ဖြည့်စွက်ပြင်ဆင်ချက်များကို ဆွေးနွေးရန် မလိုလားကြောင်း ပြောဆိုခဲ့သည်။ တပ်မတော်ကိုယ်စားလှယ်များသည် AA၊ MNDAA နှင့် TNLA အဖွဲ့ သစ်သုံးဖွဲ့နှင့် ဆွေးနွေးရန် ခါးခါးသီးသီးငြင်းဆန်ခဲ့ကြသည်။ ဦးအောင်မင်း၏အဆိုအရကမ်းလှမ်းထားသည့် ဖြည့်စွက်ပြင်ဆင်ချက် ၁၂ ရပ်ကို တောင်းဆိုချက်တစ်ရပ်အနေဖြင့် အသိအမှတ်ပြုပေးမည်ဖြစ်ပြီး သဘောတူညီချက်တွင် ပါဝင်မည်မဟုတ်ကြောင်း သိရသည်။ တစ်ခြားတစ်နည်းဖြင့်ပြောရလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအနေဖြင့် "အားလုံးပါဝင် လက်မှတ်ထိုးရေး" ဟူသော လော်ခီးလားစည်းမျဉ်းအတိုင်း အခိုင်အမာရပ်တည်ကြပြီး ဖြည့်စွက်ပြင်ဆင်ချက် ၁၂ ရပ် ကို ထောက်ခံကြသည်။ ကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင် အစိုးရနှင့်ဆွေးနွေး ညှိနှိုင်းမည့်ဖြည့်စွက်ပြင်ဆင်ချက် ၁၂ ရပ် တွင် အငြင်းပွားဖွယ်ဖြစ်သည့် အဓိကအချက်လေးချက်ပါဝင်သည်။

အငြင်းပွားဖွယ်အဖြစ်ဆုံးပြဿနာများမှာ –

(၁) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် အားလုံးပါဝင်လက်မှတ်ထိုးခြင်း (AA၊ MNDAA နှင့် TNLA အပါအဝင်)

(၂) "လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု" မှ "လုံခြုံရေးဆိုင်ရာပြဿနာများ" ဟု ပြောင်းလဲရန်


(၃) ပါဝင်လက်မှတ်ရေးထိုးသူများ (ထိုအထဲတွင် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၌ လက်မှတ်ရေးထိုးမည့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်သည်)

(၄) နိုင်ငံတကာအသိုက်အဝန်းကို အသိသက်သေအဖြစ်ထားခြင်း

မျှော်လင့်ချက်ရောင်ခြည်များ ထပ်မံမြင့်တက်လာခဲ့ပြန်သည်။တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ၄င်းတို့အနေဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင်ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးလိုကြောင်း အရိပ်အမြွက်ပြောဆိုကြသည်။ အစိုးရ အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် သဘောတူညီချက်ရရှိရန်ကြိုးပမ်းသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲ မတိုင်မီတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင်လက်မှတ်ရေးထိုးသွားမည်ဟု သမ္မတဦးသိန်းစိန်က

ပြောဆိုခဲ့သည်။ နောက်ဆုံးတွင် ဦးအောင်မင်းဦးဆောင်သော UPWC နှင့် ဖဒိုနော်စီဖိုးရာစိန်ဦးဆောင်သော ဆွေးနွေးညှိနှိုင်းရေးကော်မတီသစ်ဖြစ်သော EAO's SD တို့သည် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက်မှ ၄ ရက်အထိ ချင်းမိုင်တွင် အလွတ်သဘောဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ကြသည်။ UPWC နှင့် EAO's SD အဖွဲ့တို့သည် ဖြည့်စွက်ပြင်ဆင်ချက် ၁၂ ရပ်နှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန်အတွက် ထပ်မံတွေ့ဆုံရန် သဘောတူခဲ့ကြသည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် PLSF/TNLA က အားလုံးပါဝင်မည်ဆိုပါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ နိုင်ငံရေးမူဘောင်တစ်ရပ်မူကြမ်းရေးဆွဲရာတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်သွားမည်ဖြစ်ကြောင်းနှင့် ရှမ်းပြည်မြောက်ပိုင်း ပလောင်ဒေသ၌ လက်နက်ကိုင်တိုက်ပွဲများကို လျှော့ချသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသော ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ သည်။ MNAA အဖွဲ့ကမူ ကိုးကန့်ဒေသ၌တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲကြောင်း ၂၀၁၅ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အထွေထွေရွေးကောက်ပွဲမတိုင်မီ NCA ကို လက်မှတ်ရေးထိုးခြင်းသည် ဖြည့်စွက် ပြင်ဆင်ချက် ၁၂ ရပ်နှင့်ပတ်သက်သော ဆွေးနွေးညှိနှိုင်းမှုများ အပေါ် မူတည်သည်ဟုဝေဖန်သူများကဆိုသည်။ အကယ်၍ PSLF/TNLA ၊ AA နှင့် MNDAA တို့ကို ချန်လှပ်ထားခဲ့မည်ဆိုပါက "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်"ဟူသောဝေါဟာရကို အထင်အမြင် လွဲမှားသွားစေနိုင်ပါသည်။ အဆိုပါအဓိပ္ပာယ်က လက်နက်ကိုင်တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်းဟု ဆိုလိုရာရောက်စေနိုင်ပြီး အခြားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နောက်ကွယ်ရည်ရွယ်ချက်အပေါ် သံသယဖြစ်စေပါလိမ့်မည်။ အကယ်၍ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အပေးအယူ လုပ်ဆွေးနွေးညှိနှိုင်းနိုင်ပါလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အနေဖြင့် ပိုမို၍တိုးတက်မှုရှိပါလိမ့်မည်။

**ပုံ (၁၇) -** တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အပစ်အခတ်ရပ်စဲမှုအခြေအနေ



| နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး တစ်ပြည်လုံးအပစ် အခတ်ရပ်စဲရေးတွင် လက်မှတ်ထိုးရန် အစိုးရက ဖိတ်ခေါ်ခဲ့သည်။ | | အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခြင်းမရှိ၊ သို့သော် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးတွင် လက်မှတ်ထိုးရန် အစိုးရက ဖိတ်ခေါ်ခဲ့သည်။ | အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်း မရှိ၊ တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးတွင် လက်မှတ်ရေးထိုးရန် အစိုးရက ဖိတ်ခေါ်ခဲ့ခြင်းမရှိ |
|---|---|---|---|
| NCCT | Non-NCCT | NCCT | NCCT |
| ALP | ABSDF | KIO | AA |
| CNF | NDAA | | ANC |
| DKBA | NSCN-K | | LDU |
| KPC | RCSS | | MNDAA |
| KNPP | UWSA | | TNLA |
| KNU | | | WNO |
| NMSP | | | |
| PNLO | | | |
| SSPP | | | |

အစိုးရနှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးထားပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၄ ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် ကနဦးလက်မှတ်ထိုးလိုကြောင်း အစိုးရကဆိုခဲ့သည်။ ထပ်မံ၍ အစိုးရက နှစ်ဖက်အပစ်အခတ်ရပ်စဲရေးတွင်လက်မှတ်ရေးထိုးထားခြင်းမရှိသည့် KIO အဖွဲ့ကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တွင်လက်မှတ်ရေးထိုးရန် ဖိတ်ခေါ်သွားမည်ဖြစ်သည်။ သို့သော်လည်း အစိုးရက ၎င်းတို့အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တွင် လက်မှတ်ရေးထိုးခြင်းမရှိသည့် အခြားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင်ခွင့်ပြုမည်မဟုတ်ကြောင်း ပြောဆိုခဲ့သည်။ ဇူလိုင်လ ၂၉ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထုတ်ပြန်သည့်ကြေညာ ချက်အရတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးအနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တွင် အားလုံးပါဝင်လက်မှတ်ရေးထိုးရေးကို ထောက်ခံကြသည်ဟုသိရသည်။

ဦးအောင်မင်း၏အဆိုအရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းမပြုမီ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွင် အရင်ဆုံးမဖြစ်မနေလက်မှတ်ရေးထိုးရမည်ဟု သိရသည်။ MPM ၏လေ့လာတွေ့ရှိမှုအရ NCCT အဖွဲ့ဝင် ၉ ဖွဲ့နှင့် အဖွဲ့ဝင်မဟုတ်သည့် ၅ ဖွဲ့သာလျှင် ဗဟိုအစိုးရနှင့် နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်များတွင် လက်မှတ်ရေးထိုးထားပြီး အခြား NCCT အဖွဲ့ဝင် ၇ ဖွဲ့မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တွင် လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည်ကို တွေ့ရသည်။ အားလုံးပါဝင်လက်မှတ်ရေးထိုးခြင်းမရှိပါက အပစ်အခတ်ရပ်စဲခြင်းမပြုထားသည့်အဖွဲ့အစည်းများ ထိန်းချုပ်ထားသည့်ဒေသများတွင် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားဖွယ်ရှိနေကြောင်းနှင့် သို့မဟုတ်ပါကလည်း အစိုးရက အဆိုပါဒေသများကို ထိုးစစ်ဆင်တိုက်ခိုက်မည်ဖြစ်ကြောင်း ဝေဖန်သူများက ဆိုသည်။

UPWC အနေဖြင့် UNFC နှင့် NCCT ကို ဖြိုခွဲရန်အတွက် “သွေးခွဲအနိုင်ယူသည့်နည်းလမ်း” ကိုအသုံးပြုနေသည်ဟုဝေဖန်သူတစ်ဦးကဆိုသည်။ အကြောင်းမှာ အစိုးရကနှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လက်မှတ်ရေးထိုးထားခြင်း

မရှိသည့် KIO အဖွဲ့ကိုတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးရန် ဖိတ်ခေါ်ခဲ့၍ဖြစ်သည်။ KIO သည် အစိုးရနှင့် ၁၇ နှစ်ကြာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပျက်ပြားပြီးနောက် တိုက်ပွဲများစတင်ဖြစ်ပွားသည့် ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့မှစတင်ကာ နှစ်ဖက်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် KIO က တရားဝင် လက်မှတ်ရေးထိုးခဲ့ခြင်းမရှိဘဲ လက်ရှိအချိန်အထိ ဆက်လက်တိုက်ပွဲများဖြစ်ပေါ်နေဆဲဖြစ်သည်။

## ထိပ်တိုက်တွေ့ဆုံမှုများက စိုးရိမ်ပူပန်မှုများနှင့်သံသယများဖြစ်ပေါ်စေ

**ကချင်လွတ်မြောက်ရေးတပ်မတော်** (KIA)

အစိုးရတပ်ဖွဲ့ဝင်များနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တို့သည် စက်တင်ဘာလ ၃၀ ရက်နေ့က ကချင်ပြည်နယ်ရှိ ဗန်းမော်ခရိုင်၊ မန်စီမြို့နယ်တွင် တိုက်ပွဲများဖြစ်ပေါ်ခဲ့သည်။ KIA သည် အစိုးရနှင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အစိုးရတပ်ဖွဲ့ဝင်များသည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ခဲ့ပြီး နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အစိုးရတပ်ဖွဲ့ဝင်များက KIA ကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

**ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်တပ်မတော်** (SSPP/SSA)

အစိုးရတပ်ဖွဲ့ဝင်များနှင့် SSPP/SSA တပ်ဖွဲ့တို့သည် အောက်တိုဘာလ ၆ ရက်နေ့တွင် ရှမ်းပြည် တောင်ပိုင်း မိုင်းရှူးမြို့နယ်ရှိ ဟိုင်ပကျေးရွာတွင် ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ခဲ့သည်။ တစ်ဖက်တွင် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး NCA ကို လက်မှတ်ရေးထိုးမည့်နေ့ရက်အတွက် ကြိုတင်ပြင် ဆင်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။ SSPP/SSA အဖွဲ့နှင့် အစိုးရတို့သည် နှစ်ဖက်အပစ်အခတ် ရပ်စဲရေးသဘောတူလက်မှတ်ရေးထိုးထားသော်လည်း နယ်မြေသတ်မှတ်မှု ရှင်းရှင်းလင်းလင်းမရှိသောကြောင့် ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ရကြောင်း မြန်မာငြိမ်းချမ်းရေးစင်တာမှ အစိုးရတာဝန်ရှိသူများက မီဒီယာသို့ရှင်းလင်းပြောဆိုခဲ့သည်။

SSPP/SSA မှ ဗိုလ်မှူးကြီးစိုင်းလက အောက်တိုဘာလ ၆ ၇ရက်နေ့မှစ၍ SSPP/SSA ဌာနချုပ်ဖြစ်သော ဝမ်ဟိုင်းအနီးတွင် တိုက်ပွဲများဖြစ်ပွားကြောင်းနှင့် တာဆမ်ပူဆိပ်ကမ်းစခန်းကို လက်လွှတ်ခဲ့ရကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။အစိုးရတပ်ဖွဲ့ဝင်များနှင့် SSPP/SSA တို့သည် နှစ်ပတ်အတွင်း တိုက်ပွဲ ၄၀ ဖြစ်ပွားကြောင်းနှင့် SSPP/SSA ဘက်မှ အထိအခိုက်အကျအဆုံး ၇ ဦးရှိကြောင်း အောက်တိုဘာလ ၁၉ ရက်နေ့တွင် အစိုးရမီဒီယာက ထုတ်ပြန်ကြေညာခဲ့သည်။ အစိုးရဘက်မှ ထိခိုက်ကျဆုံးမှုကိုမူ ရေးသားဖော်ပြထားခြင်းမရှိပေ။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (UPWC) မှ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် စဝ်နော်လိတ် ဦးဆောင်သည့် SSPP မှ ကိုယ်စားလှယ်များသည် တပ်မတော်နှင့် SSPP/SSA အဖွဲ့အကြား တိုက်ပွဲများကို ရပ်စဲရန် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် နေပြည်တော်၌တွေ့ဆုံခဲ့ကြသည်။

အောက်တိုဘာ ၆ ရက်နေ့မှစတင်ကာ တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် SSPP/SSA ဌာနချုပ်တည်ရှိရာ ရှမ်းပြည်တောင်ပိုင်းရှိ ဝမ်ဟိုင်၌ ဒုက္ခသည် ၁၀,၀၀၀ ကျော် ရှိခဲ့သည်။

**ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်/ပါတီ (UWSA/P)**

ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်/ပါတီ (UWSA/P) နှင့် ရှမ်းပြည်အရှေ့ပိုင်းအထူးဒေသ ၄ မှ ငြိမ်းချမ်းရေးနှင့်စည်းလုံးညီညွတ်ရေးကော်မတီတို့က နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ပူးတွဲကြေ ညာချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်တွင် SSPP/SSA ၏ ဝမ်ဟိုင်ဒေသအား ထိုးစစ်ဆင်တိုက်ခိုက်မှုကို တပ်မတော်အနေဖြင့် ရပ်သင့်

ကြောင်းနှင့် ဆိုးရွားသောနိုင်ငံရေးနှင့် စစ်ရေးဆုံးဖြတ်ချက်များမပါရှိဘဲ အာဏာလွှဲပြောင်းရေးလုပ်ငန်းစဉ်ကို လွယ်ကူချောမွေ့စေရေး အားလုံးနှင့်ပူးပေါင်းဆောင်ရွက်သွားသင့်ကြောင်း ဖော်ပြပါရှိသည်။

**ကရင်အမျိုးသားအစည်းအရုံး (KNU)**

တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA) ကို ချက်ချင်း အကောင်အထည်ဖော်သင့်ကြောင်း ကရင်အမျိုးသားအစည်းအရုံး (KNU) မှ အတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်းက အောက်တိုဘာလ ၈ ရက်နေ့တွင် မြန်မာငြိမ်းချမ်းရေးစင်တာ၌ ထုတ်ဖော်ပြောဆိုခဲ့သည်။

သမ္မတဦးသိန်းစိန်နှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများဖြစ်သော KNU နှင့် RCSS/SSA တို့သည် အောက်တိုဘာလ ၁၃ ရက်နေ့တွင် နေပြည်တော်၌တွေ့ဆုံခဲ့ကြသည်။

**ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)**

NCA ကို လက်မှတ်ရေးထိုးရာတွင် ၁၉၄၇ ခုနှစ်အတွင်းက လက်မှတ်ရေးထိုးခဲ့သည့် ပင်လုံသဘောတူညီချက်ကို ကိုးကားသင့်ကြောင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA) က အောက်တိုဘာလ ၁၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

RCSS/SSAသည် ပင်လုံသဘောတူညီချက်ပါ တန်းတူညီမျှခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကဲ့သို့ အချက်များကိုလည်း ထည့်သွင်းသင့်ကြောင်း တိုက်တွန်းပြောဆိုခဲ့သည်။ NCA ကို လက်မှတ်ရေးထိုးသည့်အခါတွင် တစ်ဖက်က အခြားတစ်ဖက်၏ လက်အောက်ခံမဖြစ်သင့်ပေ။

တပ်မတော်အနေဖြင့် မိုင်းပန်၊ မိုးနဲ၊ လင်းခေး၊ မောက်မယ်၊ နမ့်ဆမ်၊ ပင်လုံ၊ လွယ်လင်၊ မိုင်းပြင်၊ ရပ်စောက်၊ လေချား၊ မိုင်းကိုင်၊ ကျောက်မဲ၊ မူဆယ်၊ နမ့်ခမ်း၊ မိုင်းကိုး၊ ကျေးသီး၊ ခွန်ဟိန်း၊ ကျိုင်းလုံး၊ ကျိုင်းတောင်း၊ မိုင်းပုလွန်၊ မိုင်းပုအွန်၊ ကျိုင်းတုံ၊ တာချီလိတ်နှင့် မိုင်းတုံ မြို့နယ်တို့ရှိ RCSS/SSA အဖွဲ့ဝင်များကို တိုက်ခိုက်ခြင်းမပြုသင့်ကြောင်း RCSS/SSA က အောက်တိုဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တပ်မတော်အနေဖြင့် NCAရေးဆွဲရာတွင် ပါဝင်ထားသော SSPP/SSAအဖွဲ့အပေါ် ထိုးစစ်ဆင်တိုက်ခိုက်မှုကို ရပ်တန့်သင့်ကြောင်း RCSS/SSAအဖွဲ့က အောက်တိုဘာလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

RCSS/SSAအဖွဲ့သည် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း လဲချားမြို့နယ်ရှိ ဒုက္ခသည်များကို လူသုံးကုန်များနှင့်အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**RCSS နှင့် UNFC**

စည်းလုံးညီညွတ်သော အမျိုးသားဖက်ဒရယ်ကောင်စီ (UNFC) မှ ဗိုလ်ချုပ်ဘီထူး၊ ဦးထွန်းဇော်နှင့် နိုင်ရွှန်သိန်းတို့ ဦးဆောင်သော ကိုယ်စားလှယ်များနှင့် RCSS ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးယွတ်ဆစ်တို့ ဦးဆောင်သည့် ကိုယ်စားလှယ်များသည် ရှမ်းပြည်မြောက်ပိုင်းတွင် RCSS/SSA တောင်ပိုင်း တပ်ဖွဲ့ဝင်များနှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)တို့အကြား တိုက်ပွဲများနှင့်ပတ်သက်၍ ဆွေးနွေးရန် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ဒီဇင်ဘာလ ၁၅ ရက်နေ့က တွေ့ဆုံခဲ့ကြသည်။

**PNLO နှင့် CNF**

နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ပအိုဝ့်အမျိုးသားလွတ်မြောက်ရေးအဖွဲ့အစည်း (PNLO) နှင့် ချင်းအမျိုးသားတပ်ဦး (CNF)တို့ကိုတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ စုပေါင်းထားသည့် UNFC အဖွဲ့က အဖွဲ့ဝင်အဖြစ်မှ ယာယီရပ်ဆိုင်းခဲ့ကြသည်။ ထိုင်းနိုင်ငံ၊ ချင်းမိုင် မြို့တွင် UNFC ၏ သုံးရက်ကြာညီလာခံကျင်းပပြီးနောက် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

### ရက္ခိုင့် တပ်မတော် (AA)

ရက္ခိုင့်တပ်မတော် (AA) သည် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စာအမှတ် ၆/၂၀၁၅ ဖြင့် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်တွင် တပ်မတော်အနေဖြင့် NCA ကို လက်မှတ်မထိုးရသေးသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိရာ ကချင်ပြည်နယ်၊ ရှမ်းပြည်မြောက်ပိုင်း၊ ကိုးကန့်ဒေသ၊ တအောင်း (ပလောင်) ဒေသနှင့်ရခိုင်ဒေသတို့တွင်တပ်ဖွဲ့ဝင်များနှင့် အမြောက်ကြီးများကို ပိုမိုချထားကြောင်းနှင့် တစ်ရက်ပြီးတစ်ရက် စစ်ရေးလှုပ်ရှားမှုများကို ပိုမိုပြုလုပ်လျက်ရှိကြောင်း ပါရှိသည်။ ယင်းက ဒေသများမတည်ငြိမ်မှုကို ဖြစ်စေပေသည်။

### တအောင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် TNLA

တပ်မတော်အနေဖြင့် ရှမ်းပြည်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ်ရှိ မော်လုံးနှင့် မော်နွယ်တို့တွင် လည်းကောင်း မိုးမိတ်မြို့နယ်ရှိ မော်လိုကျေးရွာနှင့် မန်ထန်ကျေးရွာတို့တွင်လည်းကောင်း၊ ကွတ်ခိုင်မြို့နယ်ရှိ လုံးခန်းမြို့နယ်တွင်လည်းကောင်း၊ ကျောက်မဲမြို့နယ်ရှိ ကော်ပေါင်းကျေးရွာတွင်လည်းကောင်း ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်နေကြောင်း တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) က အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါနေ့တွင် တအောင်းဒေသတစ်ခွင်၌ တပ်မတော်နှင့် TNLA အကြား တိုက်ပွဲငါးကြိမ်ဖြစ်ပွားခဲ့သည်ဟု ကြေညာချက်တွင် ပါရှိသည်။ RCSS/SSA အနေဖြင့် TNLA ပိုင်နက်များကို မကျူးကျော်သင့်ကြောင်းနှင့် TNLA အဖွဲ့လှုပ်ရှားလျက်ရှိသည့် ကျောက်မဲ၊ နမ့်ဆမ်၊ မန်တုံနှင့် နမ့်ခမ်းဒေသတို့တွင် တိုက်ခိုက်မှုများမပြုလုပ်သင့်ကြောင်း TNLAက ဒီဇင်ဘာ ၆ ရက်နေ့တွင်ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ဒီဇင်ဘာ ၁၃ ရက်နေ့တွင် တပ်မတော်အနေဖြင့် နမ့်ဆမ်၊ နမ်းခမ်း၊ မန်တုံနှင့် ကျောက်မဲမြို့နယ်တို့တွင် ထိုးစစ်ဆင်တိုက်ခိုက်မှုလေးကြိမ်ပြုလုပ်ခဲ့ကြောင်းနှင့် ဒီဇင်ဘာ ၁၄ ရက်နေ့တွင် နမ့်ဆမ်၊ ကျောက်မဲနှင့် မန်တုံမြို့နယ်တို့၌ ထိုးစစ်တိုက်ခိုက်မှု ၃ ကြိမ်ပြုလုပ်ခဲ့ကြောင်း TNLA က ဆိုသည်။ ထို့ပြင် ဒီဇင်ဘာ ၁၄ ရက်နေ့ ညနေ ၄ နာရီတွင် တပ်မတော် အနေဖြင့် မန်တုံမြို့နယ်အတွင်းရှိ ဟိုတတ် (Ho-tat) ကျေးရွာအနီး တိုက်ခိုက်ရာတွင် ရဟတ်ယာဉ် နှစ်စီးကို အသုံးပြုခဲ့သည်။ ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ တပ်မတော်အနေဖြင့် ၄င်းတို့ကို ၉ ကြိမ်တိုက်ခိုက်ခဲ့ကြောင်း TNLA က ထုတ်ပြန်ပြောဆိုခဲ့သည်။ SSPP/SSA အဖွဲ့နှင့် တပ်မတော်သည် နှစ်ဖက်အဖွဲ့အကြား တိုက်ပွဲများကိုရပ်တန့်ရန် နိုဝင်ဘာလတွင် သဘောတူခဲ့သည်။ နှစ်ဖက်လုံးအနေဖြင့် မိမိတို့၏တပ်များကို မိုင်းနောင်/မိုင်းရှူးလမ်းမကြီးမှ ဝေးရာသို့ရွှေ့ရန် စီစဉ်ထားကြောင်း SSPP/SSA အဖွဲ့မှ ဗိုလ်မှူးစိုင်းစုက ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပြောဆိုခဲ့သည်။

### ပအိုဝ့်အမျိုးသားတပ်မတော် (PNA)

မဲဆွယ်စည်းရုံးစဉ်အတွင်း ပအမဖပါတီမှ ကိုယ်စားလှယ်လောင်းကို PNA ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသက သေနတ်ထောက်၍ခြိမ်းခြောက်ခဲ့ကြောင်း နိုဝင်ဘာလ ၇ ရက်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြည်ထောင်စုပအိုဝ့်အမျိုးသားအဖွဲ့ချုပ် (ပအမဖ ပါတီ)မှ ဗဟိုအမှုဆောင်များက ထုတ်ဖော်ပြောဆိုခဲ့သည်။

ပအမဖပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး မဲဆွယ်စည်းရုံးနေစဉ် ပအိုဝ့် အမျိုးသားတပ်မတော် (PNA) မှ အသွင်ပြောင်းထားသည့် ပြည်သူ့စစ်အဖွဲ့မှ ဗိုလ်ကြီးအဆင့် ရှိသူတစ်ဦးက သေနတ်ဖြင့်ချိန်ကာ မဲဆွယ်စည်းရုံးမှုမပြုရန်ခြိမ်းခြောက်ခဲ့ကြောင်း ပအမဖပါတီမှ ဗဟိုကော်မတီဝင်တစ်ဦးဖြစ်သည့် ဦးခွန်စိုးမြင့်က ဆိုသည်။ မဲဆွယ်စည်းရုံးမှုကို ရှမ်းပြည်တောင်ပိုင်း၊ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့ရှိ နောင်တရားတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

### မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA)

တပ်မတော်နှင့် ကိုးကန့်လက်နက်ကိုင်အဖွဲ့ (MNDAA) တို့အကြား တိုက်ပွဲများကြောင့် စစ်အုပ်ချုပ်ရေး ကြေညာထားရသည့် ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စစ်အုပ်ချုပ်ရေး ရုပ်သိမ်းပေးလိုက်ပြီ

ဖြစ်ကြောင်း အစိုးရမီဒီယာများဖြစ်သည့် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများက နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရုံးက အတည်ပြုသည့် ဥပဒေတစ်ရပ်ကဲ့သို့ ထိရောက်မှုရှိသော အမိန့်ကြော်ငြာအမှတ် ၇/၂၀၁၅ အရ စစ်အုပ်ချုပ်ရေးကို ပြန်လည်ရုပ်သိမ်းလိုက်ခြင်းဖြစ်သည်။

## စိုးရိမ်ပူပန်မှုနှင့်သံသယများကိုဖြစ်စေသည့် ထိပ်တိုက်တွေ့ဆုံမှုများ

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်နေသော်လည်း အထူးသဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိုက်ပွဲများက ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ယေဘုယျအားဖြင့် အစိုးရတပ်ဖွဲ့ဝင်များနှင့် အပစ်အခတ်ရပ်စဲထားခြင်းမရှိသောအုပ်စုများနှင့်အပစ်အခတ်ရပ်စဲထားသော အဖွဲ့ငယ်အချို့အကြား ထိပ်တိုက်တွေ့ဆုံမှုများစွာဖြစ်ပေါ်ခဲ့သည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား တိုက်ပွဲများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့သွားရာလမ်းကြောင်းကို ပိုမို၍ သတိဝီရိယရှိရန် သတိပေးနေပြီး သံသယများကိုလည်း တိုးပွားစေခဲ့ပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်သည် အပေါ်ယံဟန်ပြမျှသာမဟုတ်ဘဲ အဓိပ္ပာယ်ရှိသောအရာတစ်ခုဖြစ်ကြောင်း လက်မှတ်ထိုး သူများယုံကြည်မှုရစေရန်အတွက် လက်နက်ကိုင်ပဋိပက္ခများကို မဖြစ်မနေရပ်တန့်ရမည်ဖြစ်ပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလက်မှတ်ရေထိုးခြင်းသည် နိုင်ငံရေးပြဿနာများကိုနိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းလုပ်ငန်းစဉ်၏ ပထမဆုံးအဆင့်အဖြစ် ရှုမြင်သင့်ပါသည်။

MNDAA နှင့် ၎င်း၏စစ်ရေးမဟာမိတ်များသည် FUA ဟူသည့်အမည်အောက်၌ ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလ ၉ ရက်နေ့မှစတင်ကာ ကိုးကန့်ဒေသတွင် အစိုးရတပ်များကို စတင်တိုက်ခိုက်ခဲ့ပါသည်။ "ကျွန်တော်တို့ အိမ်ပြန်လာတော့မယ်"ဟု MNDAA က ဆိုသည်။ MNDAA စခန်းများကို တိုက်ခိုက်ရန်အတွက် အစိုးရကဂျက်တိုက်လေယာဉ်များနှင့်လက်နက်ကြီးများကိုသုံးစွဲခဲ့ကြရာ နှစ်ဖက်လုံးတွင် သေဆုံးဒဏ်ရာရသူအရေအတွက် များပြားခဲ့သည်။ MNDAA နှင့်အစိုးရတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများကြောင့်အရပ်သား ၁၀၀,၀၀၀ ကျော်ရွှေ့ပြောင်းထွက်ပြေးခဲ့ရသည်။ မန္တလေးသတင်းစာ၏အဆိုအရ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှစတင်ကာ ဧပြီလ ၁၆ ရက်နေ့အထိ MNDA နှင့်အစိုးရတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲ ၂၅၃ ကြိမ်ဖြစ်ပွားခဲ့သည်ဟု သိရသည်။ MPM အဖွဲ့အနေဖြင့်မူ နှစ်ဖက်အဖွဲ့အကြား ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ဇွန်လအထိ တိုက်ပွဲ ၇၁ ပွဲကိုသာ မှတ်တမ်းတင်နိုင်ခဲ့သည်။ သို့သော်လည်း ယင်းမှာ အမှန်တကယ်ဖြစ်ပွားသည့်တိုက်ပွဲအရေအတွက်ထက်နည်းပါးသည်မှာ သေချာပါသည်။ MNDAA အဖွဲ့သည် ၂၀၁၅ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့သည်။ ထိုအချိန်မှစတင်၍ ထိပ်တိုက်တွေ့ဆုံမှုများလျော့ကျသွားခဲ့သည်။

TNLA နှင့် အစိုးရတပ်ဖွဲ့ဝင်များသည် နေ့စဉ်နီးပါး တိုက်ပွဲများဖြစ်ပွားခဲ့သည်။၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ တိုက်ပွဲ၁၀၃ ကြိမ်ဖြစ်ခဲ့ကြောင်း MPM အဖွဲ့က မှတ်တမ်းတင်ခဲ့သည်။ အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အမှန်တကယ်တိုးတက်စေလိုပါက မြန်မာစစ်တပ်ဘက်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် တိုက်ခိုက်နေမှုကို ရပ်တန့်သင့်ကြောင်း TNLA က ဆိုခဲ့သည်။ အဖွဲ့အစည်းများအကြား တိုက်ပွဲမှသေဆုံးဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ အမြင်များအမျိုးမျိုးကွဲပြားလျက်ရှိသည်။

KIA နှင့်အစိုးရတပ်ဖွဲ့ဝင်များသည် ကချင်ပြည်နယ်မန်စီနှင့် ဖားကန့်မြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်မြောက်ပိုင်းမိုင်းကိုးဒေသတွင်လည်းကောင်း တိုက်ပွဲများဖြစ်ခဲ့သည်။ အစိုးရသည် မန်စီမြို့နယ်ရှိ KIA အဖွဲ့ကို တိုက်ခိုက်ရန်အတွက် တိုက်လေယာဉ်များကို အသုံးပြုခဲ့သည်။ အဆိုပါစစ်ဆင်ရေးမှာ တရားမဝင်သစ်ခိုးထုတ်မှုကို နှိမ်နင်းရန်ရည်ရွယ်သည်ဟု စစ်တပ်ကဆိုသော်လည်း အဆိုပါဖြေရှင်းချက်ကို KIA ကပယ်ချခဲ့သည်။ ဖားကန့်ဒေသတွင် မြန်မာ

စစ်တပ်နှင့် KIA အကြား တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ရာ အရပ်သားထောင်နှင့်ချီပိတ်မိနေခဲ့ကြသည်။ ထိပ်တိုက်တွေ့ဆုံမှုများနှင့်ပတ်သက်၍ ပူးတွဲစုံစမ်းရန် KIA က တောင်းဆိုခဲ့သော်လည်း မြန်မာစစ်တပ်ကမူ ပူးပေါင်းပါဝင်ရန် ငြင်းပယ်ခဲ့သည်။ KIA နှင့် ကချင်နယ်စပ်ရေးရာဝန်ကြီးဌာနတို့ပူးပေါင်းဖွဲ့စည်းသည့် ပဋိပက္ခပူးတွဲဖြေရှင်းရေးကော်မတီ (JCRC) ရှိသော်လည်း အဆိုပါအဖွဲ့၏ ဆောင်ရွက်နိုင်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိပေသည်။ အကယ်၍ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်များအကြား တိုက်ပွဲများကို ရပ်တန့်နိုင်ခြင်းမရှိပါက အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုများကို ကြန့်ကြာစေပြီး သံသယများကို တိုးလာစေမည်ဖြစ်ကြောင်း ဝေဖန်သူများက ဆိုသည်။

UWSA နှင့် မြန်မာစစ်တပ်အကြား တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း ထိုင်းမြန်မာနယ်စပ်ဒေသတွင် တင်းမာမှုမြင့်တက်ခြင်းက UWSA နှင့် မြန်မာစစ်တပ်အကြား ဆက်ဆံရေးကို ထိခိုက်စေခဲ့သည်။ ဇူလိုင်လ ၂ ရက်နေ့တွင် 'ဝ' စစ်သားများနှင့် တရားမဝင်တရုတ်သစ်ခုတ်သမားများကို မြန်မာစစ်သားများက ဖမ်းဆီးရာမှ တင်းမာမှုမြင့်တက်လာခဲ့သည်။ တင်းမာမှုများမြင့်တက်လာရခြင်းသည် တရားမဝင်သစ်ခိုးထုတ်မှုနှင့် ဆက်စပ်နေရုံမျှမက မြန်မာနိုင်ငံအတွင်း 'ဝ'လူမျိုးအတွက် ''သီးခြားပြည်နယ်တစ်ခု''ပေးရေး UWSA ၏အဆိုနှင့် အခြားသောဖွင့်ဟပြောဆိုခြင်းမရှိသည့် ပြဿနာများကြောင့်လည်းဖြစ်သည်ဟု ဝေဖန်သူများစွာယုံကြည်ကြသည်။ အဆိုပါပြဿနာကို နိုင်ငံရေးဆွေးနွေးပွဲတွင် မဖြစ်မနေထည့်သွင်းဆွေးနွေးရမည်ဖြစ်သည်။

**ဇယား (၂၆)** - တိုင်းရင်းသားလက်နက်ကိုင်များနှင့်အစိုးရတပ်ဖွဲ့ဝင်များအကြားတိုက်ပွဲများ (ဇန်နဝါရီ-ဇွန် ၂၀၁၅)

| စဉ် | အဖွဲ့အစည်း | တိုက်ပွဲများ | တိုင်းရင်းသား လက်နက်ကိုင် များ၏ ပြောဆိုမှု | မှတ်ချက် |
|---|---|---|---|---|
| ၁ | KIA | ၅၇ | | |
| ၂ | TNLA * | ၁၀၃ | | |
| ၃ | MNDAA * | ၇၁ | | |
| ၄ | AA * | ၂၄ | | |
| ၅ | KNU | ၈ | | |
| ၆ | DKBA | ၃ | | |
| ၇ | SSPP | ၂ | | |
| ၈ | RCSS | ၂ | | |
| ၉ | RNSC | ၁ | ၆^ | |
| ၁၀ | Bomb | ၆ | | |
| ၁၁ | အမည်မသိ တိုက်ပွဲများ | ၁၂ | | RCSS အဖွဲ့က ၂၀၁၅ ခုနှစ် ဇန်န ဝါရီလမှ ဇွန်လ အကြားတိုက်ပွဲ ၆ ကြိမ်ဖြစ်ပွားခဲ့သည်ဟု အခိုင်အမာဆိုခဲ့သည်။ MPM အဖွဲ့က တိုက်ပွဲနှစ်ကြိမ်ကိုသာ မှတ်တမ်းတင်နိုင်ခဲ့သည်။ |
| ၁၂ | UWSA | ၀ | | |
| ၁၃ | NDAA | ၀ | | |
| ၁၄ | CNF | ၀ | | |
| ၁၅ | NMSP | ၀ | | |
| ၁၆ | ALP | ၀ | | |
| ၁၇ | KNPP | ၀ | | |
| ၁၈ | KPC | ၀ | | |
| ၁၉ | PNLO | ၀ | | |
| ၂၀ | NSCN-K | ၀ | | |
| | တိုက်ပွဲ ၂၇၀၊ ဗုံးပေါက်ကွဲမှု ၆ ကြိမ်နှင့် အမည်မသိတိုက်ခိုက်မှု ၁၂ ခု (FUA၏ စစ်ဆင်ရေးများအပါအဝင်) | | | |

***MNDAA**၊ **TNLA** နှင့် **AA** အဖွဲ့တို့သည် **FUA** အဖွဲ့အမည်အောက်တွင် ပူးတွဲစစ်ဆင်ရေးများ ပြုလုပ်ခဲ့ကြသည်။ **MPM** အနေဖြင့် မီဒီယာများတွင်တင်သည့် တိုက်ပွဲသတင်းအရေအတွက်ကိုသာ မှတ်တမ်းတင်နိုင်ခဲ့သော်လည်း လက်တွေ့တွင် အဆိုပါအရေအတွက်ထက် များဖွယ်ရှိပါသည်။

**ဇယား (၂၇)** - တိုက်ပွဲများ၊ အစည်းအဝေးပွဲများ၊ သဘောတူညီချက်များ၊ ပြည်တွင်းဒုက္ခသည်များ (ဇန်နဝါရီ-ဇွန် ၂၀၁၅)

| လ | တိုက်ပွဲများ | အစည်းအဝေး | သဘော တူညီမှု | ဒုက္ခသည်များ | မှတ်ချက် |
|---|---|---|---|---|---|
| ဇန်နဝါရီ | ၂၃ | ၃ | - | ၂,၀၀၀+ | လွတ်လပ်ရေးနေ့အခမ်းအနားကို တိုင်းရင်းသားခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ |
| ဖေဖော်ဝါရီ | ၅၀ | ၆ | - | ၁၀၀,၀၀၀+ (ကိုးကန့်ဒေသနှင့် အခြားဒေသ) | DKBA၊ KNU၊ KPC နှင့် RCSS တို့သည် "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး နားလည်မှုကတိပြုလွှာ" တွင် လက်မှတ်ရေးထိုးခဲ့သည်။ |
| မတ် | ၄၈ | ၆ | ၁ | ၂,၀၀၀+ | NCCT နှင့် UPWC အဖွဲ့တို့က NCA အဆုံးသတ်မူကြမ်းတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ |
| ဧပြီ | ၅၃ | ၂ | - | ၁,၇၀၀+ | - |
| မေ | ၄၀ | ၉ | - | မသိရှိ | ပန်ဆန်းအစည်းအဝေးပွဲသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၂ ဖွဲ့ တက်ရောက်ခဲ့သည်။ |
| ဇွန် | ၃၄ | ၃ | - | ၂၀၀+ | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက လော်ခီးလားညီလာခံကို ကျင်းပခဲ့ကြသည်။ |
| | ၂၄၈* | ၂၉ | ၁ | ၁၀၅,၇၀၀+ | *ဗုံးကွဲမှုနှင့် အမည်မသိတိုက်ခိုက်မှုများ |

**မှတ်ချက်။** မြန်မာငြိမ်းချမ်းရေးစောင့်ကြည့်မှုအဖွဲ့ (*MPM*) သည်တိုက်ပွဲများ၊အစည်းအဝေးပွဲများ၊ သဘောတူညီချက်များနှင့် ဒုက္ခသည်များကိုမီဒီယာများတွင်ဖော်ပြသည့် ကိန်းဂဏန်းအချက်အလက်များကိုသာ မှတ်တမ်းတင်နိုင်ခြင်းဖြစ်သည်။ သို့သော် အမှန်တကယ်အရေအတွက်မှာ *MPM* မှတ်တမ်းထက် ပိုမိုများပြားနိုင်ပါသည်။ *TNLA* သည် ဇွန်လ ၁၈-၂၀ ရက်အတွင်းတိုက်ပွဲ ၁၈ ကြိမ်ဖြစ်ပွားသည်ဟု အခိုင်အမာပြောဆိုထားသည်။ သို့သော် *MPM* က *TNLA* နှင့်အစိုးရအကြား တိုက်ပွဲ ၁၂ ကြိမ်ကိုသာ မှတ်တမ်းတင်နိုင်ခဲ့သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်ပျက်ကွက်ခြင်း

ပြည်ထောင်စုလွှတ်တော်သည် အဖွဲ့ဝင် ၁၀၉ ဦးပါဝင်သည့် "လေ့လာရေးကော်မတီတစ်ရပ်"ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များအတွက် အဆိုပြုလွှာများကို စုစည်းခဲ့ကြသည်။ ထို့ပြင် ပြည်ထောင်စုလွှတ်တော်သည်အဖွဲ့ဝင် ၁၃ ဦးပါဝင်သည့် "ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး အကောင်အထည်ဖော်ဆောင်မှုကော်မတီ"ကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ အကောင်အထည်ဖော်ဆောင်ရေးကော်မတီသည် လွှတ်တော်ကာလအတွင်း မည်သည့်အဆိုပြုလွှာအားဆွေးနွေးမည်ကို ရွေးချယ်ပေးသည်။ အဆိုပါဆွေးနွေးမှုက လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်သည့် ဥပဒေအချို့ကို ပြင်ဆင်ခြင်းဆီသို့ ဦးတည်သွားဖွယ်ရှိသည်ဟု မြန်မာလူထုက မှန်းဆစိတ်ကူးယဉ်ခဲ့ကြသည်။ နိုင်ငံရေးပါတီခေါင်းဆောင်များကမူ လာမည့်ရွေး ကောက်ပွဲမတိုင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေကို မဖြစ်မနေပြင်ဆင်ရမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကလည်း ၄င်းတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလက်မခံဟု ပွင့်ပွင့်လင်းလင်းပင် ပြောဆိုခဲ့ကြသည်။ နိုင်ငံရေးပါတီများကဖွဲ့စည်းပုံအခြေခံဥပဒေကို လွှတ်တော်အတွင်းပြောင်းလဲရန် ကြိုးပမ်းခဲ့ကြပြီး တစ်ဖက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက လွှတ်တော်ပြင်ပမှနေ၍ ပြောင်းလဲရန် ကြိုးပမ်းခဲ့ကြပေသည်။ သို့သော် လက်ရှိအချိန်အထိ နှစ်ဖွဲ့လုံးအောင်မြင်မှု မရရှိသေးပေ။

USDP၊ NLD နှင့် အခြားသောတိုင်းရင်းသားနိုင်ငံရေးပါတီများမှ လွှတ်တော်အမတ်များက ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ လွှတ်တော်ဆွေးနွေးပွဲတစ်ရပ်ကိုပြုလုပ်ပေးရန် တောင်ဆိုခဲ့ကြသည်။ ဇွန်လ တတိယပတ်တွင် အဆိုပါတောင်းဆိုချက်ကိုလက်ခံခဲ့ပြီး အခြေအတင်ဆွေးနွေးပွဲတွင် ၅၉(ဃ)၊ ၅၉(စ)၊ ၆၀(ဂ)၊ ၄၁၈(ခ)၊ ၄၃၆(က)နှင့် ၄၃၆(ခ) တို့ကဲ့သို့ အငြင်းပွားဖွယ်အဖြစ်ဆုံး ဥပဒေပုဒ်မများ ပါဝင်ခဲ့သည်။ သို့သော်လည်း မဲပေးချိန်ရောက်ရှိလာသည့်အခါတွင် လွှတ်တော်အမတ်အဖြစ်တာဝန်ခန့်အပ်ခံထားရသော တာဝန်ထမ်းဆောင်ဆဲစစ်တပ် အရာရှိများနှင့် ရွေးကောက်တင်မြှောက်ခံထားရသည့်စစ်ဘက်အရာရှိဟောင်းများပါဝင်သော စစ်အုပ်စုကဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များကို ပယ်ချခဲ့ပေသည်။ ထို့ကြောင့်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးမှာ အောင်မြင်ခြင်းမရှိခဲ့ပေ။ အဆိုပါဖြစ်စဉ်ကြောင့်ပင် လူများစွာမကျေမလည်ဖြစ်ခဲ့ကြပြီး စစ်တပ်အနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် အမှန်တကယ်ပါဝင်လိုခြင်းရှိ၊ မရှိနှင့်ပတ်သက်၍ လူများစွာကို သံသယဝင်စေခဲ့သည်။ စစ်တပ်၏ ပြောင်းလဲလိုခြင်းမရှိကြောင်းနှင့် ယင်းအစား အာဏာပိုမိုရရှိရန်ကြိုးပမ်းနေကြောင်း ဝေဖန်မှုများရှိခဲ့သည်။ ယင်းမှာဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ထူထောင်ရေးမှာ ကွာလှမ်းနေဆဲဖြစ်ကြောင်း ပြသလိုက်ခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ လွှတ်တော်တွင်းလှုပ်ရှားမှုမှ ထွက်ပေါ်လာသည့် အပြုသဘောမဆောင်သော ရလဒ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေဖွယ်ရှိပါသည်။ အကြောင်းမှာ လက်နက်ကိုင်အဖွဲ့အစည်းများမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွေးနွေးညှိနှိုင်းရန်သာ ကျန်ရှိနေတော့၍ဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံကြောင်း အကြိမ်ကြိမ်ပြောဆိုကြသော်လည်း စစ်တပ်ကိုယ်စားလှယ်များကမူ တိုင်းရင်းသားလက်နက်ကိုင်များနှင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်းက ဖွဲ့စည်းပုံပြင်ဆင်ရေးအတွက် အနှောင့်အယှက်အဟန့်အတားများဖြစ်ကြောင်း တုံ့ပြန်ပြောဆိုခဲ့ကြသည်။ လုပ်ငန်းစဉ် ခုနစ်ရပ်အရ ပြည်ထောင်စုလွှတ်တော်အနေဖြင့် UPWC နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား နိုင်ငံရေးဆွေးနွေးပွဲ၌ ဒူးတိုက်ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (NCA) ကို အတည်ပြုပေးရမည်ဖြစ်သည်။ လက်မှတ်ရေးထိုးခြင်းမပြုမီ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် ပြည်ထောင်စုအဆင့်သဘောတူညီချက်ကို ပြည်ထောင်စုလွှတ်တော်က ပယ်ချခြင်းမပြုရန် အစိုးရထံမှ အာမခံချက် ရယူထားသင့်ကြောင်း ဝေဖန်သူတစ်ဦးက အကြံပြုခဲ့သည်။ အဆိုပါအာမခံချက်မရှိပါလျှင် နိုင်ငံရေးဆွေးနွေးပွဲမှထွက်ပေါ်လာသည့်ရလဒ်ကို လွှတ်တော်တွင်မဲပေးသည့်အခါ တပ်မတော်သားကိုယ်စားလှယ်များနှင့် ၄င်းတို့၏မဟာမိတ်များက ပယ်ချနိုင်မည်ဖြစ်သည်။

ဇယား (၂၈) - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းနှင့်အခြေအနေ (၂၀၁၅၊ ဇွန်)

| စဉ် | တိုင်းရင်းသားလက်နက်ကိုင်များ | အပစ်အခတ်ရပ်စဲမှုအခြေအနေ | NCCT အဖွဲ့ဝင် | UNFC အဖွဲ့ဝင် | NCA တွင်လက်မှတ်ထိုး ရန် အစိုးရအသိအမှတ်ပြုခြင်း | NCA အတွက်ထိပ်တန်း အဆင့်ကိုယ်စားလှယ်အဖွဲ့သစ် |
|---|---|---|---|---|---|---|
| ၁ | ABSDF | ပြည်ထောင်စုအဆင့် | - | - | မရှိ | မျိုးဝင်း (ABSDF ဒုဥက္ကဋ္ဌ) |
| ၂ | AA | တိုက်ပွဲဖြစ်ပွား | ဒုတိယဗိုလ်မှူးကြီးကျော်ဟန် | - | | |
| ၃ | ALP/ALA | ပြည်နယ်အဆင့် | စောမြရာဇာလင်း | အဖွဲ့ဝင် | | မြရာဇာလင်း (NCCT ကိုယ်စားလှယ်) ခိုင်စိုးနိုင်အောင် (ALP) |
| ၄ | ANC (ASA-NUPA) | တိုက်ပွဲဖြစ်ပွား | ထွမ်ဇော် (ANC) | ဒေါက်တာခင်မောင် (ANC) | မရှိ | |
| ၅ | CNF | ပြည်ထောင်စုအဆင့် | ဒေါက်တာ လျန်မုန်းဆာခေါင်း | ဆလိုင်းသလာဟိုင်း - ပူးတွဲအတွင်းရေးမှူး ၂) | | ပုဇင်ချွန်း (CNF အတွင်းရေးမှူး) ဒေါက်တာလျန်မုန်းဆာခေါင်း (NCCT ကိုယ်စားလှယ်) |
| ၆ | DKBA | ပြည်ထောင်စုအဆင့် | ဗိုလ်မှူးကြီးစောလုံ့လုံ | - | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၇ | KIO | တိုက်ပွဲဖြစ်ပွား | ဗိုလ်ချုပ်ဂွမ်မော် | ဒုတိယဗိုလ်ချုပ်ကြီး အင် ဘန်လ (UNFC ၏ ဥက္ကဋ္ဌနှင့် KIO ၏ ဒုဥက္ကဋ္ဌ-၁) ဒေါက်တာလဂျာ (KIO အတွင်းရေးမှူး) | | ဒေါက်တာလဂျာ (KIO အတွင်းရေးမှူး) ဗိုလ်ချုပ်ဂွမ်မော် (NCCT ကိုယ်စားလှယ်) |
| ၈ | KNPP | ပြည်ထောင်စုအဆင့် | ရွှေမျိုးသန့် | ခူဦးရယ် – UNFC အထွေထွေအတွင်းရေးမှူးနှင့် KNPP ၏ဒုဥက္ကဋ္ဌ | | ရွှေမျိုးသန့် (KNPP အတွင်းရေးမှူး ၂) |
| ၉ | KNU/KNLA | ပြည်ထောင်စုအဆင့် | ဖဒိုကွယ်ထူးဝင်း | ဗိုလ်ချုပ်ကြီးဘီထူး (CEC) | | နော်စီဖိုးရာစိန် (KNU ဒုဥက္ကဋ္ဌ) ဖဒိုစောကွယ်ထူးဝင်း (NCCT ကိုယ်စားလှယ်) |
| ၁၀ | KNU/KNLA ငြိမ်းချမ်းရေးကောင်စီ | ပြည်နယ်အဆင့် | စောနေစိုးမြ (KPC ၏ CEC) | KNU အတွက်နှစ်နေရာဖယ်ထားသည်။ | | |
| ၁၁ | LDU | တိုက်ပွဲဖြစ်ပွား | ဗိုလ်မှူးကြီးဆော်လ်မွန် | အဖွဲ့ဝင် | မရှိ | |
| ၁၂ | MNDAA | တိုက်ပွဲဖြစ်ပွား | ထွန်းလွင် | အဖွဲ့ဝင် | မရှိ | |
| ၁၃ | NDAA | ပြည်ထောင်စုအဆင့် | – | – | | |
| ၁၄ | NSCN-K | ပြည်နယ်အဆင့် | – | – | | |
| ၁၅ | NMSP | ပြည်ထောင်စုအဆင့် | နိုင်ဟံသာ | နိုင်ဟံသာ (ဒုဥက္ကဋ္ဌ-၁) | | နိုင်ဟံသာ (NCCT ကိုယ်စားလှယ်) |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၆ | PNLO | ပြည်ထောင်စု အဆင့် | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | ဗိုလ်မှူးကြီး ခွန်ဥက္ကာ (PNLO ၏ အားပေးသူ အဖွဲ့ဝင် | | ဗိုလ်မှူးကြီး ခွန်ဥက္ကာ (NCCT ကိုယ်စား လှယ်) ခွန်မြင့်ထွန်း (PNLO) |
| ၁၇ | PSLF/TNLA | တိုက်ပွဲဖြစ်ပွား | တာဗအေး ခရူရေး | - | မရှိ | တာအိုက်ဘုန်း (PSLF/TNLA) |
| ၁၈ | RCSS/QA | ပြည်ထောင်စု အဆင့် | - | စဝ်ဆိုင်ထူး (CEC) | | |
| ၁၉ | SSPP/QA | ပြည်ထောင်စု အဆင့် | စိုင်းဘထွန်း | - | | စဝ်ခွန်ဆန်း (SSPP ၏ CEC) |
| ၂၀ | UWSP/A | ပြည်ထောင်စု အဆင့် | - | အဖွဲ့ဝင် | | |
| ၂၁ | WNO | တိုက်ပွဲဖြစ်ပွား | တာအိုက်ညွန့် | အဖွဲ့ဝင် ၉ ဦး၊ တွဲဖက် အဖွဲ့ဝင် ၅ ဦးနှင့် အရန်နှစ်ဦး | မရှိ | |
| | | ပြည်ထောင် စုနှင့်ပြည်နယ် အဆင့် အဖွဲ့အစည်း ၁၄ ဖွဲ့၊ တိုက် ပွဲဖြစ်ပွားသည့် ၇ ဖွဲ့ | ကိုယ်စားလှယ် ၁၆ဖွဲ့ | | | တိုင်းရင်းသား လက်နက်ကိုင် ၁၀ ဖွဲ့မှ ခေါင်းဆောင် ၁၅ ဦး (ကိုယ်စား လှယ်သစ် ၁၀ဦး နှင့် NCCT အဖွဲ့ဝင် ၅ ဦး) |

NCA မတိုင်မီ

**နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်**

**NCCT** – ALP,CNF,DKBA, KPC,KNPP, KNU,NMSP, PNLO,SSPP

**NCCT မဟုတ်** – ABSDF, NDAA, NSCN-K, RCSS, UWSA

→

NCA

**တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး (၁၄+၁)**

**NCCT:** ALP, CNF, DKBA, KPC, KNPP, KNU, NMSP, PNLO, SSPP

**NCCT မဟုတ်:** ABSDF, NDAA, NSCN-K, RCSS, UWSA

**NCCT နှင့် နှစ်ဖက်သဘောတူညီမှုမရှိ** : KIA

→

NCA အလွန်

**နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်**

**မူဘောင်ကို ရေးဆွဲကြသည်မှာ –**

၁။ တိုင်းရင်းသားလက်နက်ကိုင်များ
၂။ အစိုးရ
၃။ နိုင်ငံရေးပါတီ ၅၆ ခု
၄။ UNA +၃၃
၅။ NLD

→

**နိုင်ငံရေးဆွေးနွေးပွဲ**

**ဆွေးနွေးပွဲတွင်ပါဝင်သူများမှာ –**

၁။ တိုင်းရင်းသားလက်နက်ကိုင်များ
၂။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်
၃။ နိုင်ငံရေးပါတီများ
၄။ CBOs/CSOs
၅။ တတ်သိပညာရှင်များ

**နိုင်ငံတော်အခြေပြုဆွေးနွေးပွဲ + ဘုံသဘောတူညီချက်**

↑

**နည်းပညာပိုင်းအထောက်အကူပြုအဖွဲ့များ –**

- EBO မြန်မာ (တိုင်းရင်းသားလက်နက်ကိုင်များ၊ နိုင်ငံရေးပါတီများ၊ CSOs ကို ပံ့ပိုးကူညီ)
- PI (တိုင်းရင်းသားလက်နက်ကိုင်များ၊ နိုင်ငံရေးပါတီများ၊ CSOs/CBOs တို့ကို နည်းပညာပိုင်းပံ့ပိုးကူညီ)
- Bayda Institute (NLD ကို နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီ)
- ENAC (တိုင်းရင်းသားလက်နက်ကိုင်များနှင့် နိုင်ငံရေးပါတီများကို ပံ့ပိုးကူညီ)
- MPC (အစိုးရကို နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီ)
- ရှလောမ်(ငြိမ်း) ဖောင်ဒေးရှင်း (NCCT ကို နည်းပညာပိုင်းပံ့ပိုးကူညီ)
- CSFP (ဒေသန္တရအပစ်အခတ်ရပ်စဲရေးစောင့်ကြည့်မှုကို ပံ့ပိုးကူညီ)

**နိုင်ငံတကာအထောက်အကူပြုအဖွဲ့များ –**

- IPSG
- EPRP
- CSI

**ပုံ (၁၈)** -ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်အင်အားစုများ



***EAOs SD - UPWC*** ၏ ၈ ကြိမ်မြောက်တရားဝင်တွေ့ဆုံပွဲကို ***MPC*** ၌ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ကျင်းပခဲ့



***UWSA*** နှင့် ***UPWC*** တို့၏အစည်းအဝေးပွဲတစ်ခုကို မိုင်းမောတွင် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့



၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တွေ့ဆုံ



၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ၈ ကြိမ်မြောက်တွေ့ဆုံပွဲ၌
တိုင်းရင်းသားလက်နက်ကိုင်များ၏ ဝါရင့်ကိုယ်စားလှယ်အဖွဲ့



၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်နေ့မှ ၉ ရက်နေ့အထိ
လော်ခီးလာတိုင်းရင်းသားညီလာခံတွင် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ



၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များနှင့် သမ္မတဦးသိန်းစိန်



၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ
ရန်ကုန်တွင် ***EAOs SD*** နှင့် ***UPWC*** တို့၏ ၈ ကြိမ်မြောက် တရားဝင်ဆွေးနွေးပွဲ



***UPWC*** ၊ ***NCCT*** နှင့် နိုင်ငံရေးပါတီခေါင်းဆောင်များတွေ့ဆုံပွဲ (၁၈ သြဂုတ် ၂၀၁၄)




၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်နေ့မှ ၉ ရက်နေ့အထိပြုလုပ်သည့် လော်ခီးလားညီလာခံမှ ပြည်ပလေ့လာစောင့်ကြည့်သူများ

## ၈။ အဖွဲ့အစည်းများအကြောင်းတစေ့တစောင်း

(တိုင်းရင်းသားလက်နက်ကိုင်များ၊ NCCT၊ SD နှင့် မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ် အင်အားစုများ)

# Arakan Army

## ရက္ခိုင့် တပ်မတော်

http://facebook.com^thearakanarmy1



NCCT အဖွဲ့ဝင် ဖြစ်သည်။

## အကျဉ်းချုပ်

| | | |
|---|---|---|
| တည်ထောင်သည့်ရက်စွဲ | - | ၂၀၀၉ ခုနှစ် ဧပြီလ ၁၀ ရက် |
| ဌာနချုပ် | - | ယာယီဌာနချုပ်ကို KIO ထိန်းချုပ်ဒေသတွင် ထားရှိသည်။ |
| လှုပ်ရှားသည့်ဒေသ | - | ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ထိန်းချုပ်ဒေသ |
| ခန့်မှန်းအင်အား | - | ၂,၀၀၀ + |
| ခေါင်းဆောင် | - | ဗိုလ်မှူးချုပ် ထွန်းမြတ်နိုင် (စစ်ဦးစီးချုပ်)<br>ဒေါက်တာ ညိုထွန်းအောင် (ဒု-စစ်ဦးစီးချုပ်) |
| CEC အဖွဲ့ဝင် | - | ဒု-ဗိုလ်မှူးကြီးကျော်ဟန် (NCCT တွင် AA ၏ ကိုယ်စားလှယ် ဖြစ်သည်။) |

ရက္ခိုင့်တပ်မတော် (AA) ကို ရခိုင်ပြည်သူများအား ကာကွယ်ရန်၊ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် လွပ်လပ်ရေး၊ ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များဖြင့် ထူထောင်ခဲ့ခြင်း ဖြစ်သည်။ ရက္ခိုင့်တပ်မတော် (AA) သည် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် မြန်မာအစိုးရ စစ်တပ်ကတိုက်ပွဲများ ပြန်လည်စတင်လာပြီးသည့် နောက်ပိုင်းကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် အတူ ပူးတွဲတိုက်ပွဲဝင်လျှက် ရှိသည်။ ၎င်းတို့တပ်ဖွဲ့၏ တစ်ဝက်ကျော်ကို KIA က လေ့ကျင့်သင်တန်းပေးခဲ့သည်။

၎င်း၏ ဦးတည်ချက် (၃)ရပ်မှာ -

၁။ လူမျိုးပေါင်းစုံ ရခိုင်ပြည်သူများ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့် ရရှိရေး

၂။ လူမျိုးရေး ကြွန်အင်လက္ခဏာများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေး

၃။ ရခိုင်လူမျိုးတို့၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကို မြှင့်တင်ဆောင်ရွက်ရေးတို့ ဖြစ်သည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

| | | |
|---|---|---|
| အပစ်အခတ် ရပ်စဲမှု | - | မရှိသေးပါ။ တိုက်ပွဲဝင်နေဆဲ။ |
| တိုက်ပွဲများ | - | FUA နှင့်တွဲ၍ မြန်မာအစိုးရကိုတိုက်ခိုက်ခြင်း |
| ၂၀၁၄ | - | KIA နှင့် ပူးတွဲဆက်ဆံရေး |
| ၂၀၁၅ | - | ၂၄ (ဇန်နဝါရီ-ဇွန်) |

## ဆက်ဆံရေးရုံးများ

- မရှိ။

## အစည်းအဝေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | AAကိုယ်စားလှယ် | အစိုးရကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | | | | | |

## တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁ | UNFC | အဖွဲ့ဝင် | ANC မှတစ်ဆင့် |
| ၂ | NCCT | အဖွဲ့ဝင် | |
| ၃ | လိုင်ဇာတိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူလက်မှတ်ထိုး |
| ၄ | လော်ခီးလားတိုင်းရင်းသားညီလာခံ ၂ | တက်ရောက်သူ | သဘောတူလက်မှတ်ထိုး |
| ၅ | စစ်မဟာမိတ် | KIA | |
| ၆ | အခြားအဖွဲ့များနှင့် အစည်းအဝေးပွဲများ | | |
| ၇ | နိုင်ငံခြားအင်အားစုများနှင့်တွေ့ဆုံမှုများ | | |
| ၈ | နိုင်ငံလုံးဆိုင်ရာညီလာခံများ | တက်ရောက်ခဲ့ | ကျောက်ဖြူမြို့နယ်တွင်ကျင်းပသော ရခိုင်အမျိုးသားညီလာခံကို တက်ရောက်ခဲ့ |
| ၉ | မိတ်ဖက်အင်အားစုများ | | |
| ၁၀ | အစည်းအဝေးပွဲများတွင်လေ့လာသူအဖြစ် | | |

## ထုတ်ပြန်ချက်များ

၂၈ ဧပြီ ၂၀၁၅ - ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပွားနေသည့်ပဋိပက္ခများကို AA ကြေညာချက်ထုတ်ပြန်

၀၁ မတ် ၂၀၁၅ - ကိုးကန့်လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်၍ MNDAA, TNLA နှင့် AA တို့ ပူးတွဲကြေညာချက်ထုတ်ပြန်

၂၀ နိုဝင်ဘာ ၂၀၁၄ - KIA ဗိုလ်လောင်းသင်တန်းကျောင်းကို မြန်မာတပ်မတော်၏တိုက်ခိုက်မှု ရက္ခိုင့်တပ်မတော်ထုတ်ပြန်

၂၇ ဧပြီ ၂၀၁၄ - ရခိုင်အမျိုးသားညီလာခံသို့ ရက္ခိုင့်တပ်မတော်က သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်။

၁၀ ဧပြီ ၂၀၁၄ - ကချင်ပြည်နယ်၊ လိုင်ဇာတွင် ရက္ခိုင့်တပ်မတော် ငါးနှစ်မြောက်နှစ်ပတ်လည်နေ့ကျင်းပခဲ့။

၂၂ မတ် ၂၀၁၄ - ရိုဟင်ဂျာနှင့်ဆက်စပ် စစ်တမ်းကောက်ယူမှုကို သပိတ်မှောက်ကြောင်းကြေညာချက် တစ်စောင် ရက္ခိုင့်တပ်မတော်ထုတ်ပြန်

# All Burma Students' Democratic Front

## မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး

http://absdf8888.org/profile

EAOs SD အဖွဲ့ဝင်

## အကျဉ်းချုပ်

| | |
|---|---|
| တည်ထောင်သည့်ရက်စွဲ | - နိုဝင်ဘာလ ၁ ရက်၊ ၁၉၈၈ ခုနှစ် |
| ဌာနချုပ် | - ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်ဒေသတွင် ထားရှိသည်။ |
| လှုပ်ရှားဒေသ | - ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် ကရင်အမျိုးသား အစည်းအရုံး (KNU) |
| ထိန်းချုပ်ရာဒေသခန့်မှန်းအင်အား | - ၄၀၀ + (ကချင်ဒေသတွင် ၂၀၀ ခန့် ရှိသည်။) |
| ခေါင်းဆောင် | - ဦးသံခဲ(ဥက္ကဋ္ဌ)<br>ဦးမျိုးဝင်း(ဒု-ဥက္ကဋ္ဌ)<br>ဦးဆန်နီမဟိန္ဒာ (အထွေထွေအတွင်းရေးမှူး) |

ABSDF သည် ၁၉၈၈ ခုနှစ်၊ အရေးတော်ပုံနောက်ပိုင်း ထူထောင်ခဲ့သည့် ကျောင်းသားတပ်မတော်ပင် ဖြစ်သည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိစေရန်အတွက် ဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစုများနှင့် အတူတကွလက်တွဲတိုက်ပွဲဝင်ရန် ဖြစ်သည်။

ထိုင်း-မြန်မာနယ်စပ်တွင် စခန်း ၇-ခုနှင့် အိန္ဒိယ-မြန်မာနယ်စပ်တွင် စခန်း ၃-ခု၊ တရုတ်-မြန်မာနယ်စပ်တွင် စခန်း ၃-ခုတည်ရှိသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေလျတို့တွင် နိုင်ငံခြားဌာနခွဲများ တည်ရှိသည်။

### ရည်ရွယ်ချက်များနှင့်ရည်မှန်းချက်များ

၁။ မြန်မာပြည်သူများ စစ်အာဏာရှင်ဖိနှိပ်မှုအောက်မှလွတ်မြောက်ရန်
၂။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန်
၃။ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်
၄။ ဗမာပြည်တွင် ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ပေါ်ပေါက်လာရန်

### မဟာဗျူဟာ

ရည်မှန်းချက်များနှင့်ရည်ရွယ်ချက်များကို ဖြည့်ဆည်းရန်အတွက် ABSDF သည် "နိုင်ငံရေးလှုပ်ရှားမှုများနှင့် ပေါင်းစပ်၍ လက်နက်ကိုင်လှုပ်ရှားရေး" ကို လက်ကိုင်ပြုထားသည်။

## အဖွဲ့ဝင်နှင့်စခန်း

ABSDF သည် လက်ရှိအချိန်တွင် မြန်မာ-ထိုင်းနယ်စပ်၌ စခန်းခုနစ်ခုရှိပြီး စခန်းတစ်ခုသည် မြန်မာ-အိန္ဒိယနယ်စပ်ပေါ်တွင် နေရာသုံးခု၌ဖြန့်ခွဲတည်ရှိသည်။ ကျန်စခန်းတစ်ခုသည် မြန်မာ-တရုတ်နယ်စပ်တွင် သုံးနေရာဖြန့်ခွဲတည်ရှိသည်။ အမေရိကန်နှင့်ဩစတြေးလျတို့၌ နိုင်ငံရပ်ခြားရုံးခွဲများရှိသည်။

ABSDF သည် နယ်စပ်အခြေစိုက်အတိုက်အခံများကို စုစည်းထားသောအဖွဲ့အစည်းဖြစ်သည့် မြန်မာ့အစည်းအရုံး အမျိုးသားကောင်စီ (NCUB)၏ အဖွဲ့ဝင်ဖြစ်သည်။

ထို့ပြင် ABSDF သည် အာရှကျောင်းသားများအဖွဲ့အစည်း (ASA)၊ အပြည်ပြည်ဆိုင်ရာကျောင်းသားများ သမဂ္ဂ (IUS) နှင့် ကမ္ဘာ့ဒီမိုကရက်တစ်လူငယ်များဖက်ဒရေးရှင်း (WFDY) အဖွဲ့တို့၏ အဖွဲ့ဝင်လည်း ဖြစ်သည်။

## ခေါင်းဆောင်ပိုင်း

ABSDF သည် အဖွဲ့၏ခေါင်းဆောင်ပိုင်းကို ဒီမိုကရေစီနည်းလမ်းတကျရွေးချယ်တင်မြှောက်သည်။ အဖွဲ့ခေါင်းဆောင်များအနေဖြင့် ABSDF အဖွဲ့၏ ဖွဲ့စည်းပုံအတိုင်း သတ်မှတ်ကာလအပိုင်းအခြားတစ်ခု (သုံးနှစ်) အတွက် တာဝန်ထမ်းဆောင်ကြသည်။ အောက်တွင်ဖော်ပြထားသူများမှာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလအတွင်း ABSDF ထိပ်သီးညီလာခံတွင် သုံးနှစ်ဆက်တိုက်တာဝန်ထမ်းဆောင်ရန် ရွေးကောက်တင်မြှောက်ခံထားရသော အဖွဲ့ခေါင်းဆောင်များစာရင်း ဖြစ်သည်။

## ခေါင်းဆောင်များ

| | |
|---|---|
| ၁။ ရဲဘော်သံခဲ | ဥက္ကဋ္ဌ |
| ၂။ ရဲဘော်မျိုးဝင်း | ဒုဥက္ကဋ္ဌ |
| ၃။ ရဲဘော်ဆန်နီ | အထွေထွေအတွင်းရေးမှူး |
| ၄။ ရဲဘော်မြင့်ဦး | အတွင်းရေးမှူး ၁ |
| ၅။ ရဲဘော်ရဲထွန်း (ခ)လှဌေး | အတွင်းရေးမှူး ၂ |
| ၆။ ရဲဘော်လွမ်းနီ | ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် |
| ၇။ ရဲဘော်မိစုပွင့် (ခ)မလေးလုံ | ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် |
| ၈။ ရဲဘော်မောင်ဦး | ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် |
| ၉။ ရဲဘော် ဆလိုင်းယောအောင် | ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် |
| ၁၀။ ရဲဘော်ချစ်ဝင်း | ဗဟိုကော်မတီဝင် |
| ၁၁။ ရဲဘော်ကျော်လွင် | ဗဟိုကော်မတီဝင် |
| ၁၂။ ရဲဘော်သူရ | ဗဟိုကော်မတီဝင် |
| ၁၃။ ရဲဘော်စိုးထွန်း | ဗဟိုကော်မတီဝင် |
| ၁၄။ ရဲဘော်မင်းဌေး | ဗဟိုကော်မတီဝင် |
| ၁၅။ ရဲဘော်သန့်ချိန်းမြင့် | ဗဟိုကော်မတီဝင် |
| ၁၆။ ရဲဘော်ရန်နိုင်စိုး | ဗဟိုကော်မတီဝင် |
| ၁၇။ ရဲဘော်ဝင်းတင့်ဟန် | ဗဟိုကော်မတီဝင် |
| ၁၈။ ရဲဘော်သိန်းလွင် | အရံကော်မတီဝင် |
| ၁၉။ ရဲဘော်ရီထွန်း | အရံကော်မတီဝင် |
| ၂၀။ ရဲဘော်မိုးကျော်ဦး | အရံကော်မတီဝင် |
| ၂၁။ ရဲဘော်နေမျိုးထိုက် | အရံကော်မတီဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် |

**ထပ်မံအပစ်အခတ်ရပ်စဲမှု** - ဩဂုတ် ၁၃၊ ၂၀၁၃
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးသည့် ၁၄ ခုမြောက် လက်နက်ကိုင်အဖွဲ့ဖြစ်သည်။

**အဆင့် ၂** - ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ (ဩဂုတ် ၁၀၊ ၂၀၁၃)

အပစ်အခတ်ရပ်စဲပြီးနောက်
ထိပ်တိုက်တွေ့ဆုံမှုများ -
၂၀၁၃ - မသိရှိ
၂၀၁၄ - ကချင်ပြည်နယ်တွင် KIO နှင့်အတူ ပူးတွဲစစ်ဆင်
၂၀၁၅ - မသိရှိ

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

အလှည့်ကျ

## ဆက်ဆံရေးရုံးများ

၁။ မြဝတီ
၂။ မူဆယ်
၃။ လွိုင်ကော်
**အဆိုပြုထား** - ကလေး၊ ဘုရားသုံးဆူနှင့် မြိတ်

## အစည်းအဝေးများ

| စဉ် | နေ့စွဲ | နေရာ | ABSF ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ၁၇- ၀၁- ၂၀၁၂ | မဲဆောက်၊ ထိုင်း | ဒုဥက္ကဋ္ဌမျိုးဝင်း | ဦးအောင်သောင်း | ABSDF က သူတို့၏ ရပ်တည်ချက်ကို ဖော်ပြထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲစာတမ်းကို တင်ပြသည်။ သူတို့က အစိုးရ၏ ငြိမ်းချမ်းရေး ကမ်းလှမ်းမှုကို အပြုသဘော ပထမအဆင့်အဖြစ် လက်ခံပြီး၊ တန်းတူအခွင့်အရေးရရှိလျှင် ဆွေးနွေးရန် သဘောတူသည်။ အစိုးရက ABSDF နှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် တရားဝင်အကြောင်းကြားစာကို ဇန်နဝါရီလ ၁၀ ရက်၊ ၂၀၁၂ ခုနှစ်တွင်ပေးပို့ခဲ့သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၂ | ၀၉- ၀၂- ၂၀၁၂ | မဲဆောက်၊ ထိုင်း | ဒုဥက္ကဋ္ဌမျိုးဝင်း | ဗိုလ်မှူးစောခင်စိုး (ဦးအောင်သောင်း ကိုယ်စား) | မည်သည့် သဘောတူညီချက်မျှမရရှိပေ။ နောက်ထပ်ဆွေးနွေးပွဲများ ပြုလုပ်ရန်ကိုမူနှစ်ဖက်စလုံးကသဘောတူညီကြသည်။ |
| ၃ | ၀၉- ၁၁- ၂၀၁၂ | ချင်းမိုင်၊ ထိုင်း | ဥက္ကဋ္ဌသံခဲ၊ အထွေထွေအတွင်းရေးမှူး မျိုးဝင်းနှင့် အခြားလေးဦး | ဦးအောင်သောင်း | နှစ်ဖက်စလုံးကအချက် ၂-ချက်ကို သဘောတူညီကြသည်။<br>(၁) မြန်မာနိုင်ငံအခြေအနေကို လေ့လာနိုင်ရန်အတွက် ABSDF ကိုယ်စားလှယ်အဖွဲ့အားခရီးသွားလာခွင့် ပြုပေးရန်<br>(၂) အစိုးရနှင့် နိုင်ငံရေးအရ ဆွေးနွေးရန်တို့ ဖြစ်သည်။ (ဦးလှမောင်ရွှေ၊ ဦးညိုအုန်းမြင့်တို့တက်ရောက်သည်။) |
| ၄ | ၁၈/ ၂၄- ၁၂- ၂၀၁၂ | နေပြည်တော်နှင့် MPC ရန်ကုန် | ဥက္ကဋ္ဌသံခဲ၊ အထွေထွေအတွင်းရေးမှူး ဆန်နီမဟိန္ဒာနှင့် အခြား ၇ ဦး | ဦးအောင်မင်းနှင့် MPC အဖွဲ့ဝင်များ | မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေမှုများကို ကောင်းစွာလေ့လာသိရှိနိုင်ရန် ABSDF မှလေ့လာရေးကိုယ်စားလှယ်အဖွဲ့သည်နိုင်ငံအတွင်း ခရီးသွားလာခဲ့သည်။ ၄င်းခရီးစဉ်အတွင်း ယင်းကိုယ်စားလှယ်အဖွဲ့သည် ၈၈-မျိုးဆက်ကျောင်းသားများ အင်အားစုခေါင်းဆောင်များ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ခေါင်းဆောင်ခွန်ထွန်းဦး၊ အခြားတိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံကာ အကြံဉာဏ်များရယူခဲ့သည်။ ABSDF ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ၄င်းတို့၏ မိသားစုဝင်များနှင့်လည်း တွေ့ဆုံခဲ့သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၅ | ၂၁- ၀၅- ၂၀၁၃ | MPC | ကိုကျော်ကိုနှင့် ကိုဆန်နီမဟိန္ဒာ | ဦးအောင်မင်း | ငြိမ်းချမ်းရေးနှင့် အကောင်အထည်ဖော်ရေး အရေးကြီးကြောင်း ABSDF က ထပ်မံအတည်ပြုသည်။ နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရှေ့ဆက်ရန် သဘောတူကြသည်။ အစိုးရက လုံခြုံရေးထောက်ပံ့ကူညီပေးမှု မရှိသောကြောင့် မြောက်ပိုင်းမှကိုယ်စားလှယ်များ တက်ရောက်ခြင်းမရှိပါ။ |
| ၆ | ၁၂- ၀၇- ၂၀၁၃ | ချင်းမိုင်၊ ထိုင်း | ABSDF နည်းပညာအဖွဲ့ | MPC နည်းပညာအဖွဲ့ | ရလဒ်ကို သတင်းဖော်ပြခြင်း မရှိပါ။ |
| ၇ | ၀၅- ၀၈- ၂၀၁၃ | MPC, ရန်ကုန် | ABSDF - ဗဟိုအမှုဆောင်ကော်မတီမှ ၂၄ ဦး၊ မြောက်ပိုင်းမှ ၅ ဦးနှင့် အိန္ဒိယမှ ၅ဦး | ဦးအောင်မင်း | ပြည်နယ်အဆင့် အချက် ၄ ချက်ပါ သဘောတူညီချက် |
| ၈ | ၁၀- ၀၈- ၂၀၁၃ | MPC, ရန်ကုန် | ABSDF ဥက္ကဋ္ဌ သံခဲ၊ ဒုဥက္ကဋ္ဌ မျိုးဝင်း၊ အထွေထွေအတွင်းရေးမှူး ဆန်နီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် အချက် ၁၂ ချက်ပါ သဘောတူညီချက် |
| ၉ | ၀၈- ၁၁- ၂၀၁၃ | MPC, ရန်ကုန် | အထွေထွေအတွင်းရေးမှူး ဆန်နီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ | MPC နည်းပညာအဖွဲ့ | အလွတ်သဘောတွေ့ဆုံမှု |

| | | | | | |
|---|---|---|---|---|---|
| ၁၀ | ၀၉- ၁၁- ၂၀၁၃ | MPC, ရန်ကုန် | ABSDF/ ALP | ဦးအောင်မင်း | အလွတ်သဘောတွေ့ဆုံမှု |
| ၁၁ | ၂၀- ၁၁- ၂၀၁၃ | နေပြည်တော် | ABSDF | ဦးအောင်မင်း | ပြည်ထောင်စုအဆင့်တွင် လက်မှတ်ရေးထိုးရန် အချက်များကို ဆွေးနွေးကြသည်။ |
| ၁၂ | ၃၀- ၀၅- ၂၀၁၄ | နေပြည်တော် | ကိုဆန်နီနှင့် ကိုကျော်လင်း | ကူးသန်းရောင်း ဝယ်ရေးဝန်ကြီး ဦးဝင်းမြင့် | စီးပွားရေး ကိစ္စရပ်များ |
| ၁၃ | ၀၂- ၀၁- ၂၀၁၅ | နေပြည်တော် | ကိုသံခဲနှင့် ကိုမျိုးဝင်း | ဝန်ကြီးဦးအောင် မင်း၊ ဦးခင်ရီ၊ ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ဦးသန်းဌေး၊ ဗိုလ်ချုပ်တင်အောင် ချစ်နှင့် ဒုတိယဗိုလ်မှူးကြီး သက်ဖြိုးအောင် | နှစ်ဖက်ခေါင်းဆောင်များ အစိုးရနှင့် ABSDF အကြား အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ်အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြသည်။ တစ်ပြည်လုံး အပစ်အခတ် ရပ်စဲရေးကိုလည်း ဆွေးနွေး ခဲ့ကြသည်။ |

## တိုင်းရင်းသားပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁ | UNFC | - | |
| ၂ | NCCT | - | ဒုဥက္ကဋ္ဌမျိုးဝင်းကို EAOs SD အဖွဲ့တွင် ရွေးချယ်ခဲ့သည်။ |
| ၃ | လိုင်ဇာတိုင်းရင်းသားညီလာခံ ၁ နှင့် ၂ | လေ့လာသူ | KIO ဌာနချုပ်ဖြစ်သော လိုင်ဇာတွင် ကျင်းပသည့် တိုင်းရင်းသားလက်နက်ကိုင်များတွေ့ဆုံပွဲတွင် လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ |
| ၄ | လောခီးလားတိုင်းရင်းသား ညီလာခံ ၂ | လေ့လာသူ | KNU ဌာနချုပ်ဖြစ်သော လောခီးလာ၌ ကျင်းပသည့် တိုင်းရင်းသားလက်နက်ကိုင်များ တွေ့ဆုံပွဲ၌ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ |
| ၅ | စစ်ရေးမဟာမိတ်များ | KIA<br>KNU | (၁၉၈၈-၉၆ ၊ ၂၀၁၁- လက်ရှိအချိန်အထိ)<br>(၁၉၈၈- လက်ရှိအချိန်အထိ) |

| | | | |
|---|---|---|---|
| ၆ | အခြားအဖွဲ့အစည်းများနှင့် အစည်းအဝေးများ | ၁၂ / ၂၀၁၂ | NLD၊ SNLD၊ UNA ၊ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ (၂၀၁၂၊ ၂၀၁၃)၊ UNA(ဒီဇင်ဘာ ၂၄ ၊ ၂၀၁၄) |
| ၇ | ပြည်ပအင်အားစုများနှင့် အစည်းအဝေးများ | - | |
| ၈ | အမျိုးသားညီလာခံများ | - | |
| ၉ | မိတ်ဖက်အင်အားစုများ | - | UNA + |
| ၁၀ | အစည်းအဝေးပွဲများ၌ လေ့လာသူအဖြစ် | လေ့လာသူ | ရန်ကုန်၌ NCCT နှင့် UPWC အကြား အစည်းအဝေးပွဲ၌ လေ့လာသူအဖြစ် |

## တိုးတက်မှုများ

| နှစ်ဖက်တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက်နှင့်စိတ်ထား | A | | နိုင်ငံရေးအင်အားစုများ၊နိုင်ငံရေးပါတီများနှင့်အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို နိုင်ငံ၏နိုင်ငံရေးဖြစ်စဉ်များ၌ ပူးပေါင်းပါဝင်လာရေးတရားဝင်ဖိတ်ခေါ်ရန် ဒီမိုကရေစီ ရေးရာများ၊ နိုင်ငံသားတန်းတူညီမျှရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့အတွက် ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန်၊ အထက်ပါ အဆိုပြုချက်များကို ABSDF အဖွဲ့က တင်သွင်းခဲ့သည်။ |
| ၂ | တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းအားထုတ်မှုများ | A | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု - ထိန်းချုပ်ဧရိယာ | A | | |
| ၄ | စောင့်ကြည့်မှု - ပဋိပက္ခကြားဝင်ညှိနှိုင်းရေးအဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု - အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်မှု အဖွဲ့ | A | | |
| ၆ | စစ်ရေးဆက်ဆံမှုများ | | | |
| ၇ | လေ့လာသူများ | | | ရန်ကုန်တွင်ပြုလုပ်သည့် NCCT နှင့် UPWC အကြား ဆွေးနွေးပွဲ၌ လေ့လာသူအနေဖြင့် |

| | | | | |
|---|---|---|---|---|
| နိုင်ငံရေး | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံဉာဏ်ရယူမှု | A | √ | တိုက်ပွဲများတွင်ကျဆုံးသော ကျောင်းသားများ၏မိဘများနှင့် ABSDF ကိုယ်စားလှယ်များတွေ့ဆုံကြပြီး ကျဆုံးကျောင်းသားများ၏ မိဘများထံသို့ ဂုဏ်ပြုလက်မှတ်များ ပေးပို့ခဲ့သည်။ သတင်းမီဒီယာများနှင့် လွတ်လပ်စွာ ပြောဆိုဆောင်ရွက်ခွင့်ရရှိရန် |
| ၉ | တရားဝင်ဖြစ်စေမှု | A | | ABSDF အဖွဲ့ဝင်များကို အမည်ပျက်စာရင်းထည့်သွင်းမှုမှ ဖယ်ရှားပေးရေးနှင့် အဖွဲ့ဝင်များအား တရားစွဲဆိုထားမှုကို ပယ်ဖျက်ပေးရေး ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန် |
| ၁၀ | နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးခြင်း | A | | ကျန်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးအတွက် ကျန်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီ ဖွဲ့စည်းရေး ဆွေးနွေးပွဲများနှင့် စစ်ဆေးကြည့်ရှုမှုများ ဆက်လက်ဆောင်ရွက်ရန် |
| ၁၁ | လူ့အခွင့်အရေး | D | | |
| ၁၂ | တိုင်းရင်းသားအခွင့်အရေး | D | | |
| ၁၃ | အမျိုးသားနေ့ | | | |
| ပြန်လည်နေရာချထားခြင်း | | | | |
| ၁၄ | မှတ်ပုံတင်ကတ် | | | |
| ၁၅ | ပြန်လည်နေရာချထားရေး စီမံကိန်းများ | | | |
| ၁၆ | မိုင်းရှင်းလင်းရေး | | | |
| စီးပွားရေး | | | | |
| ၁၇ | NSAG ကုမ္ပဏီ | | | |
| ၁၈ | အထူးစီးပွားရေး/စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |

| | | | | |
|---|---|---|---|---|
| ၂၀ | ဖွံ့ဖြိုးရေးညှိနှိုင်းဆောင်ရွက်မှုများ | A | | လက်ရှိချမှတ်ထားသည့်ဥပဒေနှင့်အညီ ပြည်တွင်းနှင့်ပြည်ပအခြေစိုက် NGO များ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ နှင့် ဆက်ဆံခွင့်များ |
| ၂၁ | ဖွံ့ဖြိုးရေး - ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး - အင်တာနက် | | | |
| ၂၃ | ကားလိုင်စင်များ | | √ | ကားအစီး ၂၀ အခွန်ကင်းလွတ်ခွင့်နှင့် ကားအစီး ၄၀ လျှော့ပေါ့ လိုင်စင်နှုန်း ထားဖြင့် |
| လူမှုရေး | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းတွင် တိုင်းရင်းသားဘာသာစကား | | | |
| ၂၆ | အခြား | | | |
| မူးယစ်ဆေးဝါး | | | | |
| ၂၇ | မူးယစ်ဆေးဝါး ပပျောက်ရေး | | | |
| သဘာဝပတ်ဝန်းကျင် | | | | |
| ၂၈ | EIA | | | |

A = ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် ထည့်သွင်းလက်မှတ်ရေးထိုးမှု၊ D = တောင်းဆိုမှု၊ ➔ = စတင်နေပြီ၊ √= ရရှိပြီးဖြစ်သည်။

## ထုတ်ပြန်ကြေညာချက်များ

ဇန်နဝါရီလ ၂၇ ရက်၊ ၂၀၁၅ - ABSDF သည်ပညာရေးပြုပြင်ပြောင်းမှုဆန္ဒပြကျောင်းသားများနှင့် ပတ်သက်၍ ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီလ ၂ ရက်၊ ၂၀၁၅ - ABSDF နှင့် UPWC တို့အကြား တွေ့ဆုံပွဲနှင့်ပတ်သက်၍ ABSDF က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ဒီဇင်ဘာလ ၂၄ ရက်၊ ၂၀၁၄ - UNA နှင့်တွေ့ဆုံမှုကို ABSDF က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

နိုဝင်ဘာလ ၂၀ ရက်၊ ၂၀၁၄ - KIA ဗိုလ်လောင်းသင်တန်းကျောင်းမှ ကျဆုံးစစ်သည်များအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာတစ်စောင် ABSDF ထုတ်ပြန်

နိုဝင်ဘာလ ၂၀ ရက်၊ ၂၀၁၄ - KIA ဗိုလ်လောင်းသင်တန်းကျောင်းကို မြန်မာစစ်တပ်တိုက်ခိုက်မှုအပေါ် ကြေညာချက်တစ်စောင် ABSDF ထုတ်ပြန်

| | |
|---|---|
| နိုဝင်ဘာလ ၁ ရက်၊ ၂၀၁၄ | - ABSDF အဖွဲ့၏ ၂၆ နှစ်မြောက် နှစ်ပတ်လည်နေ့နှင့်ပတ်သက်၍ ကြေညာချက်တစ်စောင် ABSDF အဖွဲ့ထုတ်ပြန် |
| ဩဂုတ်လ ၉ ရက်၊ ၂၀၁၄ | - KNPPအဖွဲ့၏ ၆၆ ကြိမ်မြောက် တော်လှန်ရေးနေ့အခမ်းအနားသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ABSDF ပေးပို့ |
| ဇွန်လ ၂၇ ရက်၊ ၂၀၁၄ | - ၈၈၈၈ ဆန္ဒပြပွဲကြီး ၂၆ နှစ်ပြည့်အမှတ်တရ ကြေညာချက်တစ်စောင် ABSDF ထုတ်ပြန် |
| မတ်လ ၂၁ ရက်၊ ၂၀၁၄ | - ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်များတွေ့ဆုံပွဲနှင့်ပတ်သက်၍ ကြေညာချက်တစ်စောင် ABSDF ထုတ်ပြန် |
| ဩဂုတ်လ ၁၀ ရက်၊ ၂၀၁၃ ခုနှစ် | - ABSDF နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မီတီ အကြား အချက် ၄ ချက်ပါ သဘောတူညီချက်(အင်္ဂလိပ်) |
| ဩဂုတ်လ ၁၀ ရက်၊ ၂၀၁၃ ခုနှစ် | - ABSDF နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မီတီ အကြား အချက် ၁၂ ချက်ပါ သဘောတူညီချက်(မြန်မာ) |
| ဩဂုတ်လ ၅ ရက်၊ ၂၀၁၃ ခုနှစ် | - ABSDF နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မီတီ အကြား အချက် ၄ ချက်ပါ သဘောတူညီချက် |
| ဇူလိုင်လ ၃၀ ရက်၊ ၂၀၁၃ ခုနှစ် | - ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက် |
| ဇန်နဝါရီလ ၇ ရက်၊ ၂၀၁၃ ခုနှစ် | - ကချင်ပြည်နယ်အတွင်းဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများအပေါ် ကျောင်းသားတပ်မတော်မှ သဘောထား |
| ဇန်နဝါရီလ ၇ ရက်၊ ၂၀၁၃ ခုနှစ် | - သံဃာတော်များသို့ မေတ္တာရပ်ခံချက် |
| ဇန်နဝါရီလ ၃ ရက်၊ ၂၀၁၃ ခုနှစ် | - ရန်ကုန်သတင်းစာရှင်းလင်းပွဲ |

# Arakan Liberation Party

## ရခိုင်ပြည်လွတ်မြောက်ရေးပါတီ

လက်နက်ကိုင်တပ်ဖွဲ့ - ရခိုင်လွတ်မြောက်ရေးတပ်မတော်(ALA)
အစိုးရကခေါ်သောအမည် - ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ(RSLP)
http://www.arakanalp.com ,
ALP facebook: http://googl/l4kPC4

UNFC အဖွဲ့ဝင်ဖြစ်သည်။(ANC အမည်အောက်တွင်)

NCCT နှင့် EAOs SD အဖွဲ့ဝင် ဖြစ်သည်။(ANC အမည်အောက်တွင်)

## အကျဉ်းချုပ်

| | |
|---|---|
| တည်ထောင်သည့်ရက်စွဲ | - ဧပြီလ ၉ ရက်၊ ၁၉၆၇ ခုနှစ်။ ၁၉၇၃ ခုနှစ်၊ ၁၉၈၁ ခုနှစ်။ |
| ဌာနချုပ် | - ဌာနချုပ်ကို အိန္ဒိယနယ်စပ်တွင် ထားရှိသည်။ |
| လှုပ်ရှားဒေသ | - ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ကရင်ပြည်နယ်အတွင်း။ |
| ခန့်မှန်းအင်အား | - ၆၀- ၁၀၀ (ပါတီအဖွဲ့ဝင် ၂, ၀၀၀ ခန့်) |
| ခေါင်းဆောင် | - ဦးခိုင်ရဲခိုင် (ဥက္ကဋ္ဌ) |
| | ဦးခိုင်ထွန်းထွန်း (ဒု-ဥက္ကဋ္ဌ ၁) |
| | ဦးခိုင်စိုးနိုင်အောင် (ဒု-ဥက္ကဋ္ဌ ၂) |
| | ဦးခိုင်စိုးနိုင် (အတွင်းရေးမှူး) |
| | ဦးခိုင်အောင်စိုးသန်း (တွဲဖက်အတွင်းရေးမှူး) |

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)သည် ရခိုင်ပြည်သူတို့ လွတ်မြောက်ရေးနှင့် တိုင်းရင်းသားအခွင့်အရေးများအတွက် တောင်းဆိုလှုပ်ရှားလျက်ရှိသည်။ ဌာနချုပ်ကို ရခိုင်ပြည်နယ်အနီး အိန္ဒိယနိုင်ငံနယ်စပ်တွင် အခြေပြုထားသည်။ ALP ၏ လက်နက်ကိုင်တပ်ဖြစ်သည့် ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော် (ALA) သည် အိန္ဒိယ-မြန်မာနယ်စပ်နှင့် ထိုင်း-မြန်မာနယ်စပ်တို့တွင် မြန်မာအစိုးရစစ်တပ်ကို တိုက်ခိုက်လျက်ရှိသည်။

ALP^ALA တွင် စစ်စခန်း ၄-ခု ရှိသည်။ တပ်ရင်း အမှတ် ၉ (ဘင်္ဂလားဒေ့ရှ် နယ်စပ်)၊ ဓညဝတီတပ်ရင်းနှင့် ရခိုင်ရိုန်းဂျားတပ် (အိန္ဒိယနယ်စပ်)၊ ရမ္မာဝတီတပ်ရင်း (ကရင်ပြည်နယ်)။

**ALP ဌာနခွဲများ။** မဲဆောက် (ထိုင်းနိုင်ငံ)၊ ဒက္ကာ(ဘင်္ဂလားဒေ့ရှ်)၊ နယူးဒေလီနှင့် ဂူဝါဟာတီ(အိန္ဒိယနိုင်ငံ)၊ မလေးရှားနှင့် အမေရိကန်ပြည်ထောင်စုဌာနခွဲများ။

## ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ

| | |
|---|---|
| ၁။ ဦးခိုင်ရဲခိုင် | (ဥက္ကဋ္ဌ) |
| ၂။ ဦးခိုင်ထွန်းဝင်း | (ဒု-ဥက္ကဋ္ဌ ၁) |
| ၃။ ဦးခိုင်စိုးနိုင်အောင် | (ဒု-ဥက္ကဋ္ဌ ၂) |
| ၄။ ဦးခိုင်စိုးနိုင် | (အတွင်းရေးမှူး) |
| ၅။ ဦးခိုင်အောင်စိုးသန်း | (တွဲဖက်အတွင်းရေးမှူး) |
| ၆။ ဦးခိုင်အောင်ဇံဖြူ | (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်) |
| ၇။ ဦးခိုင်မိုးချမ်း | (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်) |
| ၈။ ဦးခိုင်ရန်မင်းစိုး | (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်) |
| ၉။ ဦးခိုင်စိုးမြ | (ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်) |
| ၁၀။ ဦးခိုင်မျိုးချစ် | (ဗဟိုကော်မတီဝင်) |
| ၁၁။ ဦးခိုင်ရဲလင်း | (ဗဟိုကော်မတီဝင်) |
| ၁၂။ ဒေါက်တာခိုင်ဟိုက်နီလာအောင် | (အရန် ဗဟိုကော်မတီဝင်) |
| ၁၃။ ဦးခိုင်မင်းစိုး | (အရန် ဗဟိုကော်မတီဝင်) |

## စစ်မှုရေးရာများ

| | |
|---|---|
| စစ်ရေးခေါင်းဆောင်များဦးစီးချုပ် | - ခိုင်ရဲခိုင် |
| ဒု-ဗိုလ်မှူးကြီး ခိုင်စိုးနိုင် | |
| ဗိုလ်မှူး ခိုင်မျိုးဝင်း | |
| ဗိုလ်မှူး ခိုင်ဘုန်းမြတ်ဇော် | (ရမ္မာဝတီ တပ်ရင်းမှူး) |
| ဗိုလ်ကြီးခိုင်နေမင်း | (ရမ္မာဝတီ ဒု-တပ်ရင်းမှူး) |

*ဒေါ်စောမြ ရာဇာလင်းသည် NCCT နှင့် SD အဖွဲ့ဝင် ဖြစ်သည်။
*ခိုင်စိုးနိုင်အောင်သည် EAOs SD အဖွဲ့ဝင်ဖြစ်သည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေးထပ်မံဆွေးနွေးမှု - ဧပြီလ ၅ ရက်၊ ၂၀၁၂ ခုနှစ်။
မြန်မာအစိုးရသစ်နှင့် ၁၁ ဖွဲ့မြောက်အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဖြစ်သည်။
အဆင့် ၁- ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ

## တိုက်ပွဲများ

၂၀၁၂ - မရှိပါ။

၂၀၁၃ - မရှိပါ။
၂၀၁၄ - မရှိပါ။

## တရားဝင်ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့

တွဲဖက်အတွင်းရေးမှူး- ခိုင်အောင်စိုးသန်း

## ဆက်ဆံရေးရုံးများ

၁။ ကျောက်တော် (ရခိုင်ပြည်နယ်) ၃- ၉- ၂၀၁၂
၂။ ပလက်ဝ (ချင်းပြည်နယ်) - ဆိုင်းငံ့ထားသည်။

* ဆက်ဆံရေးရုံးဖွင့်ရန် အဆိုပြုထားသည့်နေရာများ- စစ်တွေ၊ ကျောက်ဖြူ (ဆက်ဆံရေးရုံးဖွင့်ရန် လျာထားသည်)၊ မောင်းတော၊ ရန်ကုန်နှင့် မြဝတီမြို့(စီးပွားရေးရုံး)

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | ALP ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ၄/၅- ၀၄- ၂၀၁၂ | စစ်တွေ၊ ရခိုင်ပြည်နယ် | ဒု-ဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင်နှင့် ALP တွဲဖက်အတွင်းရေးမှူးခိုင်သုခ | ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း | ပြည်နယ်အဆင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် |
| ၂ | ၀၆- ၀၆- ၂၀၁၂ | စစ်တွေ၊ ရခိုင်ပြည်နယ် | ခိုင်သုခ | ရခိုင်ပြည်နယ် အစိုးရတာဝန်ရှိသူများ | ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးကြိုးပမ်းအားထုတ်မှုများ၊ ဘာသာရေး အကြမ်းဖက်မှုများနှင့် ဆက်ဆံရေးရုံးဖွင့်လှစ်ရေးတို့ကို ဆွေးနွေးခဲ့ |
| ၃ | ၁၀- ၁၁- ၂၀၁၂ | ချင်းမိုင်၊ ထိုင်း | ဦးခိုင်စိုးနိုင်အောင် | ဦးအောင်မင်း | အောက်တိုဘာလ ဘာသာရေးပဋိပက္ခ |
| ၄ | ၀၉- ၀၉- ၂၀၁ | MPC ၊ ရန်ကုန် | ALP | ဦးအောင်မင်း၊ ဦးခင်မောင်ရီ MPC-၁၃ကိုယ်စားလှယ်များ | အလွတ်သဘောတွေ့ဆုံပွဲ |

| | | | | | |
|---|---|---|---|---|---|
| ၅ | ၀၈- ၁၁- ၂၀၁၃ | MPC ၊ ရန်ကုန် | ALP | MPC နည်းပညာ အဖွဲ့ | အလွတ်သဘောတွေ့ဆုံပွဲ |
| ၆ | ၀၉- ၁၁- ၂၀၁၃ | MPC ၊ ရန်ကုန် | ALP/ABSDF | ဦးအောင်မင်း | အလွတ်သဘောတွေ့ဆုံပွဲ |
| ၇ | ၁၆- ၀၂- ၂၀၁၄ | ကျောက်ဖြူ၊ ရခိုင်ပြည်နယ် | ခိုင်သုခ | ဦးအောင်မင်းနှင့် MPC အဖွဲ့ | ဧပြီလအတွင်း ရခိုင်ညီလာခံအတွက် ALP အထွေထွေအတွင်းရေးမှူး ခိုင်သုခနှင့် ၄င်း၏အဖွဲ့တို့သည် ရန်ကုန် MPCတွင် ဝန်ကြီးဦးအောင်မင်းနှင့် တွေ့ဆုံခဲ့သည်။ |
| ၈ | ၂၇- ၀၄- ၂၀၁၅ | နေပြည်တော် | ALP၊ ANC ၊ AA | ဦးအောင်မင်း၊ ဦးတင်နိုင်သိန်း၊ မွေး/ရေဝန်ကြီး ဦးမောင်မောင်အုန်း၊ ရခိုင်ပြည်နယ်ဝန်ကြီး ဦးလှမောင်တင် | ၄င်းတို့သည် ရခိုင်အမျိုးသားညီလာခံနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆွေးနွေးခဲ့ကြသည်။ ဝန်ကြီးဦးအောင်မင်းကလည်း ညီလာခံတွင်အဖွင့်မိန့်ခွန်း ပြောဆိုခဲ့သည်။ |
| ၉ | ၁၈- ၀၇- ၂၀၁၄ | နေပြည်တော် | ဦးခိုင်စိုးနိုင်၊ ဒေါ်စောမြ ရာဇာလင်း | ဝန်ကြီး ဦးခင်ရီ၊ ဝန်ကြီး ဦးအောင်မင်း | ရခိုင်ပြည်နယ်တွင် ဆက်ဆံရေးရုံးများ ALPက ပိုမိုဖွင့်လှစ်လိုကြောင်း ဆွေး နွေးခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် ကျောက်တော်မြို့၌ ဆက်ဆံရေးရုံးတစ်ရုံးသာရှိသည်။ |
| ၁၀ | ၁၁- ၀၂- ၂၀၁၅ | နေပြည်တော် | ALP နှင့်အခြားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ | ဦးအောင်မင်း | ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် "ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည် သင့်မြတ်ရေးကတိပြုလွှာ" လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ဆွေးနွေးခဲ့သည်။ ယင်းမှာ ပြည်ထောင်စုနေ့ ဆွေးနွေးပွဲအတွက် အကြိုဆွေးနွေးပွဲတစ်ရပ်ဖြစ်ခဲ့သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | ၁၂- ၀၂- ၂၀၁၅ | နေပြည်တော် | ALP နှင့်အခြားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဝင်များ | သမ္မတ ဦးသိန်းစိန် | ALP ခေါင်းဆောင်များသည် နေပြည်တော်တွင် ပြည်ထောင်စုနေ့ အစည်းအဝေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ ALP သည် ဖေဖော်ဝါရီလ ၁၂ ရက်တွင် "ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ" ၌ လက်မှတ်ရေးထိုးခဲ့ခြင်းမရှိပေ။ |
| ၁၂ | ၁၃- ၀၂- ၂၀၁၅ | နေပြည်တော် | ALP နှင့် အခြားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဝင်များ | လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ၄င်းတို့သည် တစ်ပြည်လုံးအပစ်အခတ် ရပ်စဲရေးသဘောတူညီချက်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုဆွေးနွေးခဲ့ကြသည်။ |

## တိုင်းရင်းသားပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁ | UNFC | အဖွဲ့ဝင် | |
| ၂ | NCCT | အဖွဲ့ဝင် | EAOs SD အဖွဲ့ဝင် |
| ၃ | လိုင်ဇာတိုင်းရင်းသားညီလာခံ ၁ နှင့် ၂ | တက်ရောက်သူ | သဘောတူလက်မှတ်ထိုး |
| ၄ | လော်ခီးလား တိုင်းရင်းသားညီလာခံ ၁ နှင့် ၂ | တက်ရောက်သူ | သဘောတူလက်မှတ်ထိုး |
| ၅ | စစ်ရေးမဟာမိတ်များ | - | |
| ၆ | အခြားသောအဖွဲ့များနှင့်တွေ့ဆုံ | - | |
| ၇ | နိုင်ငံခြားအင်အားစုများနှင့်တွေ့ဆုံ | - | နိုဝင်ဘာ ၈၊ ၂၀၁၃ - ရန်ကုန်တွင် PDSG ကိုယ်စားလှယ်များနှင့်တွေ့ဆုံ<br><br>ဖေဖော်ဝါရီ ၁၅-၁၉၊ ၂၀၁၃ - ALP ကိုယ်စားလှယ် ၇ ဦးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ လေ့လာရန် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။ |

| | | | |
|---|---|---|---|
| ၈ | အမျိုးသားညီလာခံများ | | ကျောက်ဖြူတွင် ကျင်းပသည့် ရခိုင် အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ သည်။ |
| ၉ | မိတ်ဖက်အင်အားစုများ | - | |
| ၁၀ | ဆွေးနွေးပွဲများတွင် လေ့လာသူအဖြစ် | - | |

## တိုးတက်မှုများ

| | | | | |
|---|---|---|---|---|
| တွေ့ဆုံဆွေးနွေးမှု | | | | |
| ၁ | ပင်လုံသဘောတူညီချက်နှင့်စိတ်ထား | D | | |
| ၂ | တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး ကြိုးပမ်းမှုများ | D | | ANC မှတစ်ဆင့် NCCT နှင့် အတူတကွ ဆောင်ရွက်ခြင်း |
| ၃ | ကျင့်ဝတ်လိုက်နာမှု - ထိန်းချုပ်ဧရိယာ | | | |
| ၄ | စောင့်ကြည့်မှု - ပဋိပက္ခများကို ကြားဝင် ဖြန်ဖြေပေးမည့်အဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု - အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်မှုအဖွဲ့ | | | |
| ၆ | စစ်ရေးဆက်ဆံမှုများ | | | |
| ၇ | လေ့လာသူများ | | | |
| နိုင်ငံရေး | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံဉာဏ်ရယူမှု | D | | |
| ၉ | တရားဝင်ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးမှု | | | |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသားအခွင့်အရေး | D | | |
| ၁၃ | အမျိုးသားနေ့ | | | |
| ပြန်လည်နေရာချထားရေး | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင်ကတ် | | | |

| | | | | |
|---|---|---|---|---|
| ၁၅ | ပြန်လည်နေရာချထားရေးအစီအစဉ်များ | | | |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| စီးပွားရေး | | | | |
| ၁၇ | NSAG ကုမ္ပဏီ | | | |
| ၁၈ | အထူးစီးပွား/စက်မှုဇုန် | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ - | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | | | |
| ၂၁ | ဖွံ့ဖြိုးရေး - ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး - အင်တာနက် | | | |
| ၂၃ | ကားလိုင်စင်များ | | √ | ကား ၅ စီးအခွန်လွတ်နှင့် ကား ၁၀ စီးအတွက် လျှော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| လူမှုရေး | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းတွင် တိုင်းရင်းသား ဘာသာစကား | | | |
| ၂၆ | အခြား | | | |
| မူးယစ်ဆေးဝါး | | | | |
| ၂၇ | မူးယစ်ဆေးဝါး ပပျောက်ရေး | | | |
| သဘာဝပတ်ဝန်းကျင် | | | | |
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |

A = ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် ထည့်သွင်းလက်မှတ်ရေးထိုးမှု၊ D = တောင်းဆိုမှု၊ ➔ = စတင်နေပြီ၊ √= ရရှိပြီးဖြစ်သည်။

# ထုတ်ပြန်ချက်များ

| | |
|---|---|
| ဒီဇင်ဘာ ၃၁၊ ၂၀၁၄ | - အကြိမ် ၂၃၀ မြောက် အချုပ်အခြာအာဏာဆုံးရှုံးခြင်းနေ့အတွက် ကြေညာချက်တစ်စောင် ANC ထုတ်ပြန်။ |
| နိုဝင်ဘာ ၂၈၊ ၂၀၁၄ | - (၄) ကြိမ်မြောက် ALP ညီလာခံအတွက် ကြေညာချက်တစ်စောင် ALP ထုတ်ပြန်။ |
| ဇွန်လ ၂၆၊ ၂၀၁၄ | - ALP ရဲဘော်နှစ်ဦးကို အစိုးရစစ်တပ်က ထိန်းသိမ်း။ |
| ဖေဖော်ဝါရီ ၅၊ ၂၀၁၄ | - ရခိုင့်အသံတွင် ALP ဒုတိယဥက္ကဋ္ဌခိုင်စိုးနိုင်အောင်အင်တာဗျူး။ |
| ဒီဇင်ဘာ ၄၊ ၂၀၁၂ | - ကုလသမဂ္ဂတတိယမြောက်ကော်မတီဆုံးဖြတ်ချက်အပေါ် ALP ကြေညာချက် (မြန်မာ) |
| နိုဝင်ဘာ ၂၆၊ ၂၀၁၂ | - ရခိုင်လွတ်မြောက်ရေးပါတီ၏ ကြေညာချက် (မြန်မာ) |
| စက်တင်ဘာ ၂၇၊ ၂၀၁၂ | - ရခိုင်ပြည်သူ့ဆွေးနွေးပွဲအပေါ် ALP ကြေညာချက် |
| စက်တင်ဘာ ၂၀၊ ၂၀၁၂ | - ရခိုင်ပြည်နယ်အတွင်းရှိ လက်ရှိတရားမဝင် ဘင်္ဂါလီပြဿနာများအပေါ် ALP ကြေညာချက် |
| ဇွန်လ ၁၄၊ ၂၀၁၂ | - ကျွန်ုပ်တို့၏ ထုတ်ပြန်ချက် (ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခအပေါ် ALP ကြေညာချက်) |
| ဇွန်လ ၁၀၊ ၂၀၁၂ | - တရားမဝင်ရွှေ့ပြောင်းအခြေချသူများ လက်ရှိစိမ့်ဝင်ရောက်ရှိမှုနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုအပေါ် ALP ကြေညာချက်။ |
| ဇွန်လ ၅၊ ၂၀၁၂ | - စစ်တွေအဓိကရုဏ်းအပေါ် ALP ကြေညာချက် |
| မတ်လ ၁၀၊ ၂၀၁၂ | - ဒုတိယမြောက် နှစ်စဉ်ဗဟိုကော်မတီအစည်းအဝေးပွဲထုတ်ပြန်ကြေညာချက် |
| ဇန်နဝါရီ ၂၃၊ ၂၀၁၂ | - ငြိမ်းချမ်းရေးခရီးစဉ်အတွက် ကျေးဇူးတင်ကြောင်းထုတ်ပြန်ချက် |

# Arakan State Army

## ရခိုင်ပြည်တပ်မတော်



ဆက်သွယ်ရန် - aa.arakanarmy@gmail.com
http://www.facebook.com/pages/Arakan-Army/
Arakan-Army/၃၁၈၅၇၆၇၉၄၈၉၉၀၆၆

## အကျဉ်းချုပ်

| | |
|---|---|
| တည်ထောင်သည့်ရက်စွဲ | - ၂၀၁၀ ခုနှစ် |
| ဌာနချုပ် | - DKBA ထိန်းချုပ်ရာဒေသတွင် ဌာနချုပ်အခြေပြုထားသည်။ |
| လှုပ်ရှားဒေသ | - ကရင်ပြည်နယ်။ |
| ခန့်မှန်းအင်အား | - <၁၅၀ |
| ခေါင်းဆောင် | - ဗိုလ်မှူးကြီး မိုးထွေး(ခေါ်)မာန်ဇံဝေ (GOC၊ ရက္ခိုင့်တပ်မတော်) |

၂၀၀၈ ခုနှစ်မှ စတင်ကာ ရခိုင်ပြည်တပ်မတော် (ASA) သည် ရခိုင်ပြည်သူများကို ကာကွယ်ရန်၊ ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ လွတ်လပ်ခွင့်ဖော်ဆောင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်ရန် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ASA သည် ဒီကေဘီအေနှင့်အတူ ပူးတွဲလှုပ်ရှားလျက်ရှိသည်။

၂၀၀၈ ခုနှစ်မှစတင်ကာ AA သည် နောက်ကွယ်စစ်တပ်တစ်ခုအနေဖြင့်လှုပ်ရှားခဲ့ပြီး KNLA တပ်ဖွဲ့ဝင်များနှင့် အတူ တိုက်ပွဲဝင်ခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲပြီးနောက် DKBA အဖွဲ့အတွင်း ခွဲပြဲကြစဉ် AA က ၎င်းအဖွဲ့တည်ရှိကြောင်းကို တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး အစိုးရကိုဆန့်ကျင်သည့်အဖွဲ့ဖက်မှ ရပ်တည်ခဲ့ပြီး ကရင်ပြည်နယ်တစ်နေရာတွင် ၎င်း၏အခြေစိုက်စခန်းကို ထူထောင်ခဲ့သည်။

ကိုယ်စားလှယ်တော်အနေဖြင့် AA ကိုယ်စားလှယ်များသည် ၂၀၁၃ ခုနှစ်အတွင်း KIO/A ဌာနချုပ်ဖြစ်သည့် လိုင်ဇာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဒုတိယမြောက်ညီလာခံကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကရင်ပြည်နယ်တွင်ပြုလုပ်သည့် လော်ခီးလားညီလာခံကိုလည်းကောင်း တက်ရောက်ခဲ့ကြသည်။ AA အဖွဲ့သည် ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် လိုင်ဇာ၌ ထပ်မံကျင်းပသည့် တတိယအကြိမ်မြောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ညီလာခံနှင့် ၂၀၁၅ ခုနှစ် ဖွန်လ ၂ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပသည့် လော်ခီးလားညီလာခံကိုလည်းကောင်း တက်ရောက်ခဲ့သည်။

* AA သည် ရခိုင်အမျိုးသားကောင်စီ (ANC) နှင့် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် (FUA) ၏ အဖွဲ့ဝင်ဖြစ်သည်။

## ဦးတည်ချက်များ

၁။ လူမျိုးပေါင်းစုံ ရခိုင်ပြည်သူများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိစေရန်။
၂။ အမျိုးသား ကြွန်အင်လက္ခဏာနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ အမျိုးသား ဂုဏ်သိက္ခာနှင့် သက်ဆိုင်ရာ အကျိုးစီးပွားကို မြှင့်တင်ဆောင်ရွက်နိုင်ရန်။
၄။ အာဏာရှင်လက်အောက်မှ နိုင်ငံသားတိုင်း၊ တိုင်းရင်းသားတိုင်းလွတ်မြောက်ရန်။

၅။ လူသားမျိုးနွယ်အားလုံးအတွက် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးရရှိရန်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲမှု - မရှိသေး။

**တိုက်ပွဲဖြစ်ပွားမှု** - ၂၀၁၁ - မသိရှိ
၂၀၁၂ - မသိရှိ
၂၀၁၃ - မသိရှိ
၂၀၁၄ - မသိရှိ

## တရားဝင်ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့

မရှိပါ။

## ဆက်ဆံရေးရုံးများ

မရှိပါ။

## တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁ | UNFC | တက်ရောက်ခဲ့ | |
| ၂ | NCCT | တက်ရောက်ခဲ့ | |
| ၃ | လိုင်ဇာတိုင်းရင်းသားညီလာခံ ၁ နှင့် ၂ | တက်ရောက်ခဲ့ | လိုင်ဇာသဘောတူညီချက်တွင် လက်မှတ်ထိုး |
| ၄ | လော်ခီးလားတိုင်းရင်းသားညီလာခံ ၁ နှင့် ၂ | တက်ရောက်ခဲ့ | လော်ခီးလားသဘောတူညီချက်တွင် လက်မှတ်ထိုး |
| ၅ | လိုင်ဇာ၌ NCCT ထိပ်သီးအစည်းအဝေးပွဲနှင့် တိုင်းရင်းသားလက်နက်ကိုင်များ ထိပ်သီး အစည်းအဝေးပွဲ | တက်ရောက်ခဲ့ | |
| ၆ | စစ်ရေးမဟာမိတ်များ | FUA | DKBA ၊ KNLA တို့နှင့်အတူ မြန်မာစစ်တပ်ကို တိုက်ခိုက် |
| ၇ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | - | |
| ၈ | နိုင်ငံခြားအင်အားစုများနှင့်တွေ့ဆုံမှုများ | - | |
| ၉ | အမျိုးသားညီလာခံများ | တက်ရောက်ခဲ့ | ကျောက်ဖြူမြို့နယ်ရှိ ရခိုင်အမျိုးသားညီလာခံသို့ ချီးကျူးဂုဏ်ပြုလွှာတစ်စောင်ပေးပို့ခဲ့ |
| ၁၀ | မိတ်ဖက်အင်အားစုများ | - | |
| ၁၁ | ဆွေးနွေးပွဲများ၌ လေ့လာသူအဖြစ် | - | |

## အစည်းအဝေးများ

| စဉ် | နေ့စွဲ | နေရာ | AA ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ဖေဖော်ဝါရီ ၁၆၊ ၂၀၁၄ | MPC ၊ ရန်ကုန် | ဗိုလ်မှူးကြီး မိုးထွေး | ဦးအောင်မင်း | ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက် နေ့တွင် ရန်ကုန်ရှိ MPC ၌ ရခိုင်သို့ အချက် အလက်ရှာဖွေရေး မစ်ရှင်နှင့် အတူအလွတ်သဘော ဆွေး နွေးပွဲကိုကျင်းပခဲ့သည်။ |
| ၂ | ဖေဖော်ဝါရီ ၁၈၊ ၂၀၁၄ | ရခိုင်ပြည်နယ် အစိုးရ စစ်တွေ ခန်းမ | ဗိုလ်မှူးကြီး မိုးထွေး | ဦးလှမောင်တင် | ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ မတ်လအထိ ရခုင်ပြည်နယ်ရှိ မြို့နယ် ၁၀မြို့ခန့်တွင် ပြည် သူများနှင့် အတိုင်ပင် အကြံ ဉာဏ်ရယူသည့်ဆွေးနွေးပွဲ များကို ပြုလုပ်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဖေဖော် ဝါရီလ ၁၈ရက်နေ့တွင် Rev.ဦးသီဟ ဦးဆောင်သည့် ANC ကိုယ် စားလှယ်အဖွဲ့သည် ရခိုင်ပြည် နယ်ခန်းမတွင် ဦးလှမောင် တင် ဦးဆောင်သည့် ရခိုင် ပြည်နယ်အစိုးရနှင့် အလွတ် သဘောဆွေးနွေးခဲ့သည်။ ANC၏အစိတ်အပိုင်းတစ်ရပ် အနေဖြင့် AA ကိုယ်စားလှယ် များသည် စစ်တွေ၊ ပုဏ္ဏား ကျွန်းကျောက်တော်၊ မြောက် ဦး၊ မင်းပြား၊ ပေါက်တော၊ ဘူးသီးတောင်၊မောင်းတော၊ ရသေ့တောင် မြို့များတွင် ပြည်သူများနှင့်တိုင်ပင် အကြံဉာဏ်ရယူသည့်ဆွေးနွေး ပွဲများသို့တက်ရောက်ခဲ့သည်။ |

**ထုတ်ပြန်ချက်များ**

မေ ၂၅၊ ၂၀၁၅ - ရခိုင်ပြည်နယ်တွင်လက်ရှိပဋိပက္ခများအပေါ် ရက္ခိုင့်တပ်မတော်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မေ ၂၇၊ ၂၀၁၄ - ရခိုင်အမျိုးသားညီလာခံသို့ ရက္ခိုင့်တပ်မတော်က သဝဏ်လွှာပေးပို့သည်။

# Chin National Front

## ချင်းအမျိုးသားတပ်ဦး

လက်နက်ကိုင်တပ်ဖွဲ့- ချင်းအမျိုးသားတပ်မတော် (CNA)



http://www.chinland.org/

http://www.facebook.com/pages/Chin-National-FrontArmy/၁၆၃၀၇၁၆၀၇၀၆၉၆၄၂

UNFC အဖွဲ့ဝင် ဖြစ်သည်။

NCCT နှင့် EAOs SD အဖွဲ့ဝင် ဖြစ်သည်။

## အကျဉ်းချုပ်

| | | |
|---|---|---|
| တည်ထောင်သည့်ရက်စွဲ | - | မတ်လ ၂၀ ရက်၊ ၁၉၈၈ ခုနှစ်။ |
| ဌာနချုပ် | - | ထန်တလန်၊ ချင်းပြည်နယ်။ (Camp Victoria)ဗစ်တိုရိယစခန်း |
| လှုပ်ရှားဒေသ | - | ထန်တလန်မြို့နယ်၊ တလန်ပိကျေးရွာအုပ်စု၊ Dawn ကျေးရွာအုပ်စုနှင့် ဇန်တလန် (Zang Talang) ကျေးရွာအုပ်စု။ |
| ခန့်မှန်းအင်အား | - | ၂၀၀ + |
| ခေါင်းဆောင် | - | ပူ ထန်နန်းလျံထန် |

ချင်းအမျိုးသားတပ်ဦး (CNF) ကို ၁၉၈၈ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ဖွဲ့စည်းထူထောင်ခဲ့သည်။ ချင်းလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဒီမိုကရေစီထူထောင်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ထူထောင်ရေးတို့အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၄င်းအဖွဲ့သည် အိန္ဒိယ-မြန်မာနယ်စပ်နှင့် ချင်းပြည်နယ်အတွင်းရှိ အချို့ဒေသများတွင် အခြေစိုက်သည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း မြန်မာစစ်တပ်နှင့် ဖြစ်ပွားခဲ့သည့်တိုက်ပွဲများတွင် ချင်းအမျိုးသားတပ်မတော် (CNA) မှ တိုက်ခိုက်ရေးရဲဘော် အနည်းဆုံး ၇၀ မျှ ကျဆုံးခဲ့ရသည်။ ၂၀၀၃ ခုနှစ်နောက်ပိုင်းတွင် အစိုးရနှင့် တိုက်ပွဲများ ရပ်စဲသွားသည်။ CNF သည် အခြားသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနည်းတူ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်သည်။

## ဗဟိုအလုပ်အမှုဆောင်ကော်မီတီအဖွဲ့ဝင်များ

ညီလာခံသက်တမ်းငါးကြိမ်မြောက် CNF ဥက္ကဋ္ဌ ပူ ထန်နန်းလျန်ထန်

| | | |
|---|---|---|
| အထွေထွေအတွင်းရေးမှူး | - | ပူဇင်ကျုံး |
| တွဲဖက်အထွေထွေအတွင်းရေးမှူး | - | ဒေါက်တာရွှေခါး |

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် CNF ဗဟိုကော်မီတီကို လမ်းညွှန်မှုပေးမည့် အဆင့်မြင့်ကောင်စီ (Supreme Council) ကို ဖွဲ့စည်းသည်။ ယင်းတွင်မြို့နယ် ၉-ခုမှ ကိုယ်စားလှယ်တစ်ဦးစီ၊ ကူကီး၊ လူရှိုင်း၊ အရှိချင်း အနွယ်များမှ ကိုယ်စားလှယ်တစ်ဦးစီ၊ CNF အဖွဲ့ဝင်များ၊ နာယက ၃ ဦး၊ ပညာရှင် ၁ ဦး၊ အမျိုးသမီး ကိုယ်စားလှယ်တစ်ဦး၊

အထွေထွေအတွင်းရေးမှူး တစ်ဦးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူးများ ၃ ဦးပါဝင်သည်။

## အဆင့်မြင့်ကောင်စီ (Supreme Council) အဖွဲ့ဝင်များ

၁။ ဒေါက်တာ ဇလေထန်း (ဥက္ကဋ္ဌ ၂၀၁၂)
၂။ ပူ လျံအုတ် (ဥက္ကဋ္ဌ ၂၀၁၃)
၃။ ပူ ဆလိုင်း ကပ်ခိ လျန်း (ဥက္ကဋ္ဌ ၂၀၁၄)
၄။ ပူ ထန်နန်း လျံထန် (ဥက္ကဋ္ဌ ၂၀၁၅)
၅။ ပူ ဇင်ကျုံး (အထွေထွေ အတွင်းရေးမှူး)
၆။ ပူ ဘင်ဂျမင် တူးရိန် (အဖွဲ့ဝင်)
၇။ ပူ ဆလိုင်း ထန်နင်း ခီး (အဖွဲ့ဝင်)
၈။ ပူ လားလမ် လော်မ (အဖွဲ့ဝင်)
၉။ ပူ ဗိုထောင်မုန်း (အဖွဲ့ဝင်)
၁၀။ ပူ ပေါလ်ဆေထ (အဖွဲ့ဝင်)
၁၁။ ဒေါက်တာ ရွှေခါး (အဖွဲ့ဝင်)
၁၂။ ပူ ခွာအုတ်လျှံ (အဖွဲ့ဝင်)
၁၃။ ပူ သောမတ်စ်ထန်နိုး (အဖွဲ့ဝင်)
၁၄။ ပူ ထန်ယန်း (အဖွဲ့ဝင်)
၁၅။ ပူ ရားနင်း (အဖွဲ့ဝင်)
၁၆။ ဒေါက်တာ ဆလိုင်းလျံမုန်း ဆာခေါင်း (အဖွဲ့ဝင်)

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

**ထပ်မံအပစ်အခတ်ရပ်စဲမှု** - ဇန်နဝါရီလ ၆ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားသည့် ၁၁ ဖွဲ့မြောက် တော်လှန်ရေးအဖွဲ့အစည်း ဖြစ်သည်။

**အဆင့် ၂** - ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ။ (မေလ ၇ ရက်၊ ၂၀၁၂ ခုနှစ်)

## အပစ်အခတ်ရပ်စဲရေးပြီးနောက်တိုက်ပွဲများ

၂၀၁၂ - မရှိပါ။
၂၀၁၃ - မရှိပါ။
၂၀၁၄ - မရှိပါ။
၂၀၁၅ - မရှိပါ။

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

ချင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မီတီ။ ဩဂုတ်လ ၂၄-၃၁၊ ၂၀၁၂ ခုနှစ်။ ချင်းအမျိုးသားတပ်မတော် (CNA) ခေါင်းဆောင်များ၊ Supreme Council အဖွဲ့ဝင်များ၊ ဗဟိုကော်မီတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မီတီမှ ဗဟိုကော်မီတီဝင် ၂၀ ဦးကို ရွေးချယ်ပေးသည်။

## ခေါင်းဆောင်များ

Supreme council ဥက္ကဋ္ဌ ပူ ထန်နန်းလျံထန်းနှင့်
အထွေထွေအတွင်းရေးမှူးချုပ် ပူ ဇင်ကျုံး (Pu Zing Cung)

## ဆက်ဆံရေးရုံးများ

၁။ တီးတိန် (စက်တင်ဘာ ၂၅၊ ၂၀၁၂ ခုနှစ်)
၂။ ထန်တလန် (ဇွန် ၂၉၊ ၂၀၁၂ ခုနှစ်)
၃။ မတူပီ (ဇွန် ၂၃၊ ၂၀၁၂ ခုနှစ်)

## စီးပွားရေး ဆက်ဆံရေးရုံးများ

၁။ ပလက်ဝ (အောက်တိုဘာ ၁၉ ရက်၊ ၂၀၁၃ ခုနှစ်)
၂။ ရန်ကုန်
၃။ Tio တီယို (အိန္ဒိယ-မြန်မာနယ်စပ်)
၄။ ဖလမ်း (၂၀၁၄ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ခွင့်ပြု)
၅။ မင်းတပ် (၂၀၁၄ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ခွင့်ပြု)

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | CNF ကိုယ်စားလှယ် | အစိုးရကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ၁၉- ၁၁- ၂၀၁၁ | မယ်ဆိုင်၊ ထိုင်းနိုင်ငံ | ဒေါက်တာရွှေခါး နှင့် ပူဇင်ကျုံး | ဦးအောင်မင်း | ပဏာမ အကြိုဆွေးနွေးမှု တရားမဝင်အပစ်အခတ်ရပ်စဲမှု |
| ၂ | ၀၆- ၀၁- ၂၀၁၂ | ဟားခါး၊ ချင်းပြည်နယ် | တွဲဖက် အတွင်းရေးမှူး ဒေါက်တာ ရွှေခါး၊ အဖွဲ့ဝင် ၁၀ ဦးပါ ကိုယ်စားလှယ်အဖွဲ့ | ဦးအောင်မင်း | ပြည်နယ်အဆင့် ဆွေးနွေးပွဲ -အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ၉ ချက်ကို လက်မှတ်ရေးထိုးနိုင်သည်။ အစိုးရကိုယ်စားလှယ်အဖွဲ့ဝင်များတွင် သစ်တောဝန်ကြီး ဦးဝင်းထွန်း၊ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး အဖွဲ့ဝင်များ၊ ချင်းပြည်နယ် နယ်စပ်ရေးရာနှင့်လုံခြုံရေးဝန်ကြီးဗိုလ်မှူးကြီး ဇော်မင်းဦး၊ဗျူဟာမှူးဒု-ဗိုလ်မှူးကြီး ကိုကိုကြီးနှင့် ပြည်နယ်အဆင့် ဝန်ကြီး ၅ဦးတက်ရောက်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၃ | ၀၇- ၀၅- ၂၀၁၂ | ပြည်ထောင်စု အဆင့် - အချက် ၁၅ ချက်ပါ ငြိမ်းချမ်းရေး သဘော တူညီချက် တွင် လက်မှတ် ရေးထိုး။ အခြားသူများ လည်းပါဝင် ခဲ့ - MPSI အကြံပေးအက်ရှ် လေဆောက်၊ ချင်းလူ့အခွင့် အရေးအဖွဲ့ အမှုဆောင် ဒါရိုက်တာ ဆလိုင်း ဘာဝီလျံမန်း | အတွင်းရေးမှူး ပူ ဇင်ကျုံးနှင့် ပူးတွဲအတွင်း ရေးမှူးရွှေခါးနှင့် အခြားခေါင်း ဆောင်များ | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် အချက် ၁၅- ချက်ပါ သဘောတူညီ ချက်ကိုလက်မှတ်ရေးထိုးသည်။ ဤအချက်များတွင် CNF အဖွဲ့ဝင်များ ပြည်တွင်းခရီးသွား လာမှုအပေါ်ကန့်သတ်ချက်များ ကို ပယ်ဖျက်ပေးခြင်း၊ ပြည်ပ ရောက်နေသူ ချင်းတိုင်းရင်းသား များပြန်လာနိုင်ရန် ဗီဇာထုတ်ပေး ခြင်းတို့ပါဝင်သည်။ MPSI ၏ အခြားအကြံပေးများ ဖြစ်ကြ သည့် Ashley South၊ ချင်း လူ့အခွင့်အရေးအဖွဲ့၏ဒါရိုက်တာ ဆလိုင်းဘာဝီလျံမန်း(Salai Bawi Lian Mang) တို့လည်း တက် ရောက်ကြသည်။ |
| ၄ | ၀၇- ၁၂- ၂၀၁၂ | MPC၊ ရန်ကုန် | အတွင်းရေးမှူး ပူဇင်ကျုံးနှင့် တွဲဖက်အတွင်း ရေးမှူး ဒေါက်တာ ရွှေခါးနှင့် အခြား ခေါင်း ဆောင်များ | ဦးအောင်မင်း | ဒုတိယအကြိမ် ပြည်ထောင်စု အဆင့်ဆွေးနွေးပွဲ - အချက် ၂၈ - ချက်ပါ သဘောတူညီချက်ကို လက် မှတ်ရေးထိုးသည်။ ချင်းပြည် နယ်အတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းလေ့လာရန် သီးခြားလွတ် လပ်သည့် ကော်မရှင်ဖွဲ့စည်းရန် ဆုံးဖြတ်သည်။ အစိုးရကိုယ်စားလှယ်များတွင် - ဦးတင်မောင်သန်း၊ ဦးလှမောင် ရွှေ၊ ဦးကျော်စိုးလှိုင်၊ ဒေါက်တာ မင်းဇော်ဦး၊ဒေါက်တာ ကျော်ရင် လှိုင်၊ဦးသီဟန်မျိုးညွန့်၊ ဦးအောင် နိုင်ဦး၊ဦးနေမျိုးနိုင်၊ဗိုလ်မှူးကြီး ချစ်ကိုကို၊ ဦးတင်အောင်မိုးတို့ |

| | | | | | |
|---|---|---|---|---|---|
| | | | | | တက်ရောက်ကြသည်။ နိုင်ငံတကာမှ လေ့လာသူများတွင် အမေရိကန် ပြည်ထောင်စု PACRIM သုတေသနဌာနမှ Kristine Gould ၊ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Yohei Sasakawa ၊ နိပွန်ဖောင်ဒေးရှင်းမှ Mr. Yuji Mori ၊ Ms. Suzuka Yoshida ၊ MPSI rS Mr. Charles Petrie ၊ ရန်ကုန် Shalom Foundation မှ မိုင်ချင်းချင်း၊ အိန္ဒိယ - မြန်မာ နယ်စပ်အခြေစိုက်ချင်း လူ့အခွင့်အရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဆလိုင်း ဘောဝိလျှံမန်းတို့ တက်ရောက်သည်။ |
| ၅ | ၀၇- ၀၈- ၂၀၁၃ | နေပြည်တော် | RCSS+KNU+CNF (ဗိုလ်ချုပ်ကြီးမူတူဆေးဖိုး၊ ဗိုလ်မှူးထူးထူးလေး၊ ဗိုလ်မှူးစိုင်းလနှင့် RCSS မှ ဗိုလ်မှူးစိုင်းမိန်း | ဒု-သမ္မတ စိုင်းမောက်ခမ်း | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မီတီ ဥက္ကဋ္ဌ စိုင်းမောက်ခမ်းက အောက်တိုဘာလတွင် တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး ရရှိနိုင်မည်ဟု မျှော်မှန်းသည်။<br>(၁)အပစ်အခတ်ရပ်စဲရေး အတွက် သန္နိဋ္ဌာန်ချမှတ်ခြင်း၊<br>(၂) နိုင်ငံရေးဆွေးနွေးပွဲအတွက် နှစ်ဖက်စလုံးလက်ခံသည့် အခြေခံမူဘောင်၊<br>(၃)ညီလာခံတွင် အင်အားစုအားလုံးပါဝင်နိုင်မှု၊<br>(၄) KNU-RCSS တို့ကတင်ပြသည့် ကြားကာလလုပ်ငန်း အစီအစဉ်များဆွေးနွေးသည်။အလွတ်သဘောဆွေးနွေးမှု ဖြစ်သည်။ |
| ၆ | ၂၀- ၀၂- ၂၀၁၄ | မင်းတပ်၊ ချင်းပြည်နယ် | CNF | ချင်းပြည်နယ် အစိုးရ | CNF သည် မင်းတပ်မြို့နယ်တွင် ချင်းအမျိုးသားနေ့ကို ကျင်းပခဲ့သည်။ ချင်းပြည်နယ်အစိုးရက အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ |

## တိုင်းရင်းသား ပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁ | UNFC | အဖွဲ့ဝင် | |
| ၂ | NCCT | အဖွဲ့ဝင် | EAOs SD အဖွဲ့ဝင် |
| ၃ | လိုင်ဇာတိုင်းရင်းသားညီလာခံ ၁ နှင့် ၂ | တက်ရောက်သူ | သဘောတူလက်မှတ်ထိုး |
| ၄ | လော်ခီးလားတိုင်းရင်းသားညီလာခံ ၁ နှင့် ၂ | တက်ရောက်သူ | သဘောတူလက်မှတ်ထိုး |
| ၅ | စစ်ရေးမဟာမိတ်များ | - | CNF အရာရှိလောင်းများသည် KIA ၏ အရာရှိသင်တန်းကျောင်းတွင် လေ့ကျင့်သင်တန်းတက်ခဲ့ကြသည်။ |
| ၆ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | - | UNA ချင်းလူထုအခြေစိုက်အဖွဲ့အစည်း |
| ၇ | နိုင်ငံခြားအင်အားစုများနှင့်တွေ့ဆုံမှုများ | - | |
| ၈ | အမျိုးသားညီလာခံများ | - | ချင်းအမျိုးသားကွန်ဂရက် |
| ၉ | မိတ်ဖက်အင်အားစုများ | - | |
| ၁၀ | အစည်းအဝေးပွဲများ၌ လေ့လာသူအဖြစ် | - | နိပွန်ဖောင်ဒေးရှင်း၊ PAC-RIM သုတေသနအဖွဲ့၊ MPSI၊ ရှလောမ်ဖောင်ဒေးရှင်း၊ ချင်းလူ့အခွင့်အရေးအဖွဲ့အစည်း |

## တိုးတက်ဖြစ်ပေါ်မှုများ

| နှစ်ဖက်တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက်နှင့် စိတ်ဓာတ် | A | | |
| ၂ | တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ | A | | |

| | | | | |
|---|---|---|---|---|
| ၃ | ကျင့်ဝတ်လိုက်နာမှု - ထိန်းချုပ်ဒေသ | A | | CNF/CNA သည်လက်ရှိတွင်မြို့နယ် ၂-ခုရှိကျေးရွာအုပ်စု ၅ ခုတွင် အခြေပြုထားသည်။ ၄င်းတို့မှာ ထန်တလန်မြို့နယ်တွင် တလန်ပိ၊ ဒေါင်း (Dawn)၊ ဇန်တလန်ကျေးရွာအုပ်စုများနှင့် တီးတိန်မြို့နယ်တွင် ဇမ်ပိနှင့် ဘောက်ဖား (Bukphir) ကျေးရွာ အုပ်စုများ ဖြစ်သည်။ အခြားဖြစ်နိုင်ခြေရှိသော အခြေစိုက်စခန်းများမှာ ကွန်းပင် (Kung Pin)၊ရာအို၊ ရွှေလက်ဝ၊ ရာခန်ကျေးရွာအုပ်စုများဖြစ်ပြီး ပလက်ဝမြို့နယ် အတွင်း တည်ရှိကြသည်။တီးတိန် မြို့နယ်ရှိ ပါရာ၊ ပါသီယန်တလန်၊ ဘဲလ်ဟာ၊ ဇန်ဇန်း၊ လွှန်းဒင်း၊ လာပီလန်းကျေးရွာအုပ်စုများ၊ ထန်တလန် မြို့နယ် အတွင်းရှိ ဒမ်ပိ၊ တွီးလ်ဒါလ် ကျေးရွာအုပ်စုများ တွင်လည်း အခြေစိုက်စခန်းများ ရှိနိုင်သည်။ CNF က ဗစ်တိုရီးယားစခန်းကို ထန်တလန်မြို့ နယ်အတွင်း ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွင့်လှစ်ခဲ့သည်။ ၄င်းစစ်စခန်းသည် ၄င်းတို့၏ ဌာနချုပ်အသစ်အဖြစ် အသုံးပြုလိမ့်မည် ဖြစ်သည်။ |
| ၄ | စောင့်ကြည့်မှု - ပဋိပက္ခများကို ကြားဝင်ဖျန်ဖြေမည့်အဖွဲ့ | A | | CNF နှင့် မြန်မာ့တပ်မတော်အကြား မတော်တဆ ထိတွေ့မှုများကြောင့် ဖြစ်ပွားရသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အကျဉ်းအကျပ်ပြဿနာများ ကြားဝင်စေ့စပ်ဖြေရှင်းရေးအဖွဲ့ (Crisis mediation body) ဖွဲ့စည်းရန် သဘောတူညီသည်။ ဤသို့ အကျပ်အတည်းပြဿနာများ ကြားဝင်စေ့စပ် ဖြေရှင်းရေးအဖွဲ့ကို ချင်းပြည်နယ်၊ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး၏ ဦးဆောင်မှုအောက်တွင် ထားရှိဖွဲ့စည်းရန်နှင့် CNF ဆက်ဆံရေးတာဝန်ခံနှင့် ပြဿနာဖြစ်ပွားသည့်ဒေသမှ CNF ခေါင်းဆောင်တို့ပါ ပါဝင်ဖွဲ့စည်းရန်ဖြစ်သည်။ ဤနေရာတွင် CNF/CNA ၏ တပ်မှူး/အကြီးအကဲနှင့်မြန်မာတပ်မတော်မှ တပ်မှူး၊ ရဲတပ်ဖွဲ့မှူး၊ ချင်းပြည်နယ် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ၄င်းတို့မှ အပြည့်အဝတာဝန်ပေးအပ်သူများ ပါဝင်ကြမည် ဖြစ်သည်။ |
| ၅ | စောင့်ကြည့်မှု - အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်အဖွဲ့ | A | | ချင်းပြည်နယ် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေး အဖွဲ့ဝင်များ အဓိကပါဝင်သည့် "အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်လေ့လာမှုအဖွဲ့" ကို ဖွဲ့စည်းရန်နှင့် အခြားဥပဒေရေးရာ ကျွမ်းကျင်သူများကိုလည်း တက်ကြွစွာပါဝင်လာစေရမည်။ |

| | | | | |
|---|---|---|---|---|
| ၆ | စစ်ရေးဆက်ဆံမှု | A | √ | ချင်းပြည်နယ်တွင်မြန်မာ့တပ်မတော်နှင့် CNF တို့သာ လက်နက်ကိုင်တပ်များရှိကြရန် သဘောတူညီသည်။ စစ်ရေးလေ့ကျင့်ခန်းများ မလုပ်ဆောင်မီတွင် CNF ကအစိုးရထံမှ ခွင့်ပြုချက်ရယူရမည် ဖြစ်သည်။ ပြည်သူ့ဆက်ဆံရေးကိစ္စများ အပါအဝင်ဖြစ်သည့် CAN ၏ မွမ်းမံသင်တန်းတစ်ခုကို အိန္ဒိယ-မြန်မာ နယ်စပ်တွင် ၂၀၁၂ ခုနှစ်၊အောက်တိုဘာလ ၂၄ ရက်နေ့က ကျင်းပခဲ့သည်။ |
| ၇ | လေ့လာသူများ | | | |
| နိုင်ငံရေး | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံဉာဏ်ရယူမှု | A | √ | ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပြည်သူလူထုနှင့်တိုင်ပင်အကြံရယူမှုများ ဆောင်ရွက်သွားနိုင်ရန် CNF ကိုခွင့်ပြုချက်ပေးသည်။ (၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်- CNF ၏ ပြည်သူလူထုများနှင့်တိုင်ပင်အကြံရယူနိုင်ရေး ပဏာမအကြို အစည်းအဝေးကို ချင်းပြည်နယ်၊ မတူပီမြို့တွင်ကျင်းပသည်။ |
| ၉ | တရားဝင်ဖြစ်စေမှု | A | | လက်ရှိဥပဒေများအရ CNF^CNA ကို ပြည်ထောင်စုအစိုးရက တရားမဝင်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုထားဆဲရှိသော်လည်း၊ နောက်ပိုင်း အပြည့်အဝယုံကြည်မှုတည်ဆောက်နိုင်သည့်အခါ၎င်းကို ပြင်ဆင်သွားရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (UPWC) က CNF/CNA နှင့်ဆက်နွယ်မှုကြောင့် နာမည်ပျက်စာရင်းသွင်းခံထားရသူများကို ဖယ်ရှားပေးရန် ဆောင်ရွက်မည်ဖြစ်သည်။ (ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးပြီးနောက်တွင် စတင်အသက်ဝင်မည်ဖြစ်သည်။) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (UPWC) က CNF/CNA ၏လှုပ်ရှားမှုများနှင့် ပတ်သက်၍ ဖမ်းဆီးခံထားရသူများ၊ အကျဉ်းချခံထားရသူများ စာရင်းကိုပြုစု၍ သမ္မတရုံးသို့ ချက်ချင်းလွတ်ငြိမ်းချမ်းသာခွင့် ပေးနိုင်ရေးအတွက် တင်ပြသွားရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။(အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးပြီးနောက်တွင် စတင်အသက်ဝင်မည်ဖြစ်သည်။) ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများကို တရားဝင်မှတ်ပုံတင်ခွင့်ပြုမည် ဖြစ်သည်။ |

| | | | | |
|---|---|---|---|---|
| ၁၀ | နိုင်ငံရေးအကျဉ်းသားလွှတ်ပေးမှု | A | | ပါတီနှစ်ခုစလုံးက သဘောတူညီကြရာတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီက CNF/CNA နှင့် ဆက်နွယ်၍ ဖမ်းဆီးထောင်ချခဲ့သောနိုင်ငံရေးအကျဉ်းသားများစာရင်းကို သမ္မတရုံးသို့ပြုစုတင်ပြ၍ ချက်ချင်းလွှတ်ငြိမ်းချမ်းသာခွင့်ပေးရန် (သဘောတူညီချက်လက်မှတ်ရေးထိုးသည့်အခါ သက်ဝင်မည်ဖြစ်သည်။) |
| ၁၁ | လူ့အခွင့်အရေး | A | | လူ့အခွင့်အရေးများကို မြှင့်တင်ဆောင်ရွက်နိုင်ရန်၊ ကျူးလွန်ချိုးဖောက်သူများကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း အရေးယူအပြစ်ပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်။ သီးခြားလွတ်လပ်သည့်ချင်းလူ့အခွင့်အရေးကော်မတီကို ဖွဲ့စည်းမည်။ နိုင်ငံတကာလူ့အခွင့်အရေး ကျင့်ဝတ်အရ လိုက်နာစောင့်ထိန်းရမည့်ကိစ္စများ အပါအဝင်၊ ပြည်ထောင်စုအစိုးရကသဘောတူညီ လက်မှတ်ရေးထိုးထားသည့်၊ နိုင်ငံတကာသဘောတူညီချက်များအတိုင်း အကောင်အထည်ဖော်နိုင်ရေးကို ရှေ့ရှုဆောင်ရွက်သွားမည်။ |
| ၁၂ | တိုင်းရင်းသားအခွင့်အရေး | A | | ဘာသာရေး လွတ်လပ်ခွင့်ရှိရမည်။ တိုင်းရင်းသားဖြစ်မှု၊ ဘာသာကိုးကွယ်မှုနှင့် လိင်ကွဲပြားမှုအပေါ်မူတည်၍ အရပ်ဖက်ဝန်ထမ်းတာဝန်များတွင် ခွဲခြားမှုမရှိစေရ။ |
| ၁၃ | အမျိုးသားနေ့ | A | √ | ချင်းအမျိုးသားနေ့ကို (ဖေဖော်ဝါရီလ ၂၀ ရက်နေ့) နှင့်ချင်းပြည်နယ်နေ့(ဖေဖော်ဝါရီလ ၃ ရက်နေ့) ကို တရားဝင် အသိအမှတ်ပြုသွားမည်။ |
| ပြန်လည်နေရာချထားခြင်း | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင်ကတ် | A | | ပြည်နယ်ရှိလူဝင်မှုကြီးကြပ်ရေးဌာနက CNF/ CNA အဖွဲ့ဝင်များကို အဖွဲ့ဝင်စာရင်း တင်ပြပြီးသည့်နောက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးသွားမည်။ |
| ၁၅ | ပြန်လည်နေရာချထားရေး အစီအစဉ် | A | | နိုင်ငံရပ်ခြားတွင် အခြေချနေထိုင်နေကြသူ ချင်းတိုင်းရင်းသားများ အားလုံးကိုပြန်လာရန် ခွင့်ပြုပေးမည်ဖြစ်ပြီး၊ ဗီဇာထုတ်ပေးနိုင်ရန်လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားမည်။ |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| စီးပွားရေး | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စု၏ ကုမ္ပဏီ | A | √ | Khonumthung Company (၂၀၁၂) |

| | | | | |
|---|---|---|---|---|
| ၁၈ | အထူးစီးပွား/စက်မှုဇုန် | A | | ပြည်ထောင်စုအစိုးရထံမှ ရန်ပုံငွေထောက်ပံ့မှုဖြင့် CNF က အထူးစီးပွားရေးဇုန် ဥပဒေပြဋ္ဌာန်းချက်များ အတိုင်းချင်းပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင် လုပ်ဆောင်မည် ဖြစ်သည်။ |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | A | | ပြည်ထောင်စုအစိုးရက အနည်းဆုံး လေယာဉ်ကွင်း ၂-ခု ဖောက်လုပ်ပေးမည်။ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုပံ့ပိုးခြင်း ၁၃၆အစိုးရက ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရှိ ဆာဘန်တောင်ကုန်းပေါ်တွင် လေယာဉ်ကွင်းတစ်ခုကို တည်ဆောက်လျှက်ရှိသည်။ ၎င်းနေရာကို CNF အဖွဲ့၊ ဖလမ်းမြို့နယ် အုပ်ချုပ်ရေးမှူးတို့က ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် နေ့တွင် ကွင်းဆင်းလေ့လာမှုများဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ဆက်သွယ်မည် ဖြစ်ပြီး၊ မြောက်ပိုင်းတွန်းဇံမြို့နယ်နှင့် တောင်ပိုင်း ပလက်ဝမြို့နယ်တို့ကို ဆက်သွယ်ပေးမည် ဖြစ်သည်။ |
| ၁၀ | အစည်းအဝေးပွဲများတွင် လေ့လာသူများအဖြစ် | - | |

## တိုးတက်ဖြစ်ပေါ်မှုများ

| နှစ်ဖက်တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက်နှင့်စိတ်ဓာတ် | D | | |
| ၂ | တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး ကြိုးပမ်းအားထုတ်မှုများ | | | |

| | | | | |
|---|---|---|---|---|
| ၃ | ကျင့်ဝတ်လိုက်နာမှု - ထိန်းချုပ်ဒေသ | | | |
| ၄ | စောင့်ကြည့်မှု - ပဋိပက္ခများကို ကြားဝင်ဖျန်ဖြေရေးအဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု - အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေးအဖွဲ့ | | | |
| ၆ | စစ်ရေးဆက်ဆံမှုများ | A | | နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးအတွက် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်မည်။ |
| ၇ | လေ့လာသူများ | | | |
| နိုင်ငံရေး | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံဉာဏ်ရယူမှု | | | |
| ၉ | တရားဝင်ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသားလွှတ်ပေးမှု | | | |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသားအခွင့်အရေး | | | |
| ၁၃ | အမျိုးသားနေ့ | | | |
| ပြန်လည်နေရာချထားရေး | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင်ကတ် | D | | |
| ၁၅ | ပြန်လည်နေရာချထားရေးအစီအစဉ် | | | |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| စီးပွားရေး | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင် အုပ်စု၏ကုမ္ပဏီ | | | ဟိုတယ်၊ သတ္တုတွင်း၊ ကုန်သွယ်ရေးနှင့် မှတ်ပုံတင်ခြင်းမရှိသော စီးပွားရေးလုပ်ငန်းများကို လျှော့ပေါ့ပေးခြင်း |
| ၁၈ | အထူးစီးပွား/စက်မှုဇုန်များ | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | D | | သတ္တုမိုင်း၊ကျောက်မီးသွေး၊ရွှေ ရှာဖွေတူးဖော်ရေးနှင့်ထုတ်လုပ်ရေးလုပ်ငန်းများ NDAA ကို လုပ်ခွင့်ပေးရန် တောင်းဆိုထားသည်။ |

| | | | | |
|---|---|---|---|---|
| ၂၀ | ဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်မှုများ | A<br><br>D<br><br>D<br><br>D<br><br>D<br><br>D<br><br>D | | NDAAဒေသအတွင်းခရီးသွားလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ လျှပ်စစ်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်သွားရန်။<br>ပြင်ပမှ စီးပွားရေးအုပ်စုများ NDAA ဒေသအတွင်း လာရောက်ရင်းနှီးမြှုပ်နှံ ခွင့်ပြုရန်။<br>သဘာဝသယံဇာတများကို စူးစမ်းလေ့လာနိုင်ရန်သုတေသန ပညာရှင်များစေလွှတ်ပေးရန်။<br>ကျွန်းသစ်တန်ချိန် ၁၀,၀၀၀ ထုတ် ယူရောင်းချခွင့်ပြုရန်။<br>အခြားသစ်မာတန်ချိန် ၁၀,၀၀၀ ကိုလည်းထုတ်ယူရောင်းချခွင့်ပြုရန်။<br>NDAA က ထိန်းချုပ်သည့် နယ်စပ်ဂိတ်ဖွင့်လှစ်ခွင့်ပြုရန်နှင့် နယ်ခြားဂိတ်အခွန်အခများခံစားခွင့်ပြုရန်။<br>ကုလသမဂ္ဂနှင့် အဲန်ဂျီအိုများကို ဒေသဖွံ့ဖြိုးရေးအတွက်လာရောက်ခွင့်ပြုရန်။<br>NDAA ဒေသသို့ ဆန်၊ လောင်စာဆီနှင့် ငွေကြေးထောက်ပံ့ပေးရန်။ |
| ၂၁ | ဖွံ့ဖြိုးရေး - ခရီးသွားလုပ်ငန်း | D | | ထိုင်းနှင့်တရုတ်ခရီးသွားများအတွက် ခရီးသွားလုပ်ငန်းဖွင့်လှစ်ပေးရန်။ |
| ၂၂ | ဖွံ့ဖြိုးရေး - အင်တာနက် | | | |
| ၂၃ | ကားလိုင်စင်ကိစ္စ | D | √ | ကား ၂၅ စီး အခွန်လွတ်နှင့် ကားအစီး ၅၀ အတွက် လျှော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| လူမှုရေး | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာသင်ကြားမှု | | | |
| ၂၆ | အခြား | A<br><br>A | | ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ NDAAထိန်းချုပ်ဒေသတွင် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားရန်။ NDAAဒေသတွင်း အစိုးရရုံးများလည်ပတ်နိုင်ရေးအတွက်အစိုးရအရာရှိများ စေလွှတ်ပေးသွားရန်နှင့် NDAAဆက်ဆံရေးရုံးများတွင်အလုပ်လုပ်ကိုင်နိုင်ရန်အဖွဲ့ဝင်များကို အစိုးရထိန်းချုပ်ဒေသများသို့စေလွှတ်သွားနိုင်ရန်။ |

| | | | | |
|---|---|---|---|---|
| မူးယစ်ဆေးဝါး | | | | |
| ၂၇ | မူးယစ်ဆေးဝါးပပျောက်ရေး | A | | အစိုးရ၏ ၁၅-နှစ် မူးယစ်ဆေးကင်းစင်စေရေး အစီအစဉ် (၁၉၉၉-၂၀၁၄) တွင် NDAA မှ ပါဝင်ဆောင်ရွက်သွားရန်။ |
| သဘာဝပတ်ဝန်းကျင် | | | | |
| ၂၈ | EIA(ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |

A = ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် ထည့်သွင်းလက်မှတ်ရေးထိုးမှု၊ D= တောင်းဆိုမှု၊ ➔ = စတင်နေပြီ၊
√ = ရရှိပြီးဖြစ်သည်။ × = မအောင်မြင်/မရရှိ

## ထုတ်ပြန်ချက်များ

အောက်တိုဘာ ၅၊ ၂၀၁၄ - UWSA နှင့် NDAA တို့ ပူးတွဲကြေညာချက်ထုတ်ပြန်

မတ် ၂၁၊ ၂၀၁၄ - NDAA နှင့် UPWC တို့သည် အပစ်အခတ်ရပ်စဲပြီးနောက် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

မတ် ၂၁၊ ၂၀၁၄ - UPWC နှင့် NDAA တို့၏ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုကို NDAA ၏ ဌာနချုပ်ဖြစ်သည့် မိုင်းလားတွင်ပြုလုပ်ခဲ့ပြီး တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ဇန်နဝါရီ ၁၀၊ ၂၀၁၃ - NDAA, UWSA နှင့် SSPP/QA တို့က အစိုးရအနေဖြင့် KIO/KIA အပေါ် ထိုးစစ်ဆင်နေမှုရပ်ဆိုင်းရန်နှင့် နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းမှုပြုရန် ပူးတွဲထုတ်ပြန်ကြေညာသည်။

# New Mon State Party

## မွန်ပြည်သစ်ပါတီ



လက်နက်ကိုင်တပ်ဖွဲ့- မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (MNLA)

UNFC အဖွဲ့ဝင် ဖြစ်သည်။

NCCT နှင့် EAOs SD အဖွဲ့ဝင်ဖြစ်သည်။

## အကျဉ်းချုပ်

| | | |
|---|---|---|
| တည်ထောင်သည့်နေ့စွဲ | - | ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ။ |
| ဌာနချုပ် | - | ရေးချောင်းဖျား၊ မွန်ပြည်နယ်။ |
| လှုပ်ရှားဒေသ | - | သထုံ၊ ပေါင်၊ ချောင်းဆုံ၊ မော်လမြိုင်၊ ဖားအံ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ရေဖြူ၊ ဘုရားသုံးဆူ၊ မြိတ်-ထားဝယ်၊ ကျိုက်မရော မြို့နယ်များ။ |
| ခန့်မှန်းအင်အား | - | ၈၀၀+ (အရံအင်အား ၂,၀၀၀ ခန့်ရှိသည်။) |

မွန်ခွဲထွက်ရေး လိုလားသူများက မွန်ပြည်သူ့တပ်ဦး (MPF) ကို ထူထောင်ခဲ့ကြသည်။ ဤအဖွဲ့ကို နောက်ပိုင်းတွင် ပြန်လည်စုဖွဲ့၍ မွန်ပြည်သစ်ပါတီ (NMSP) ဟု ခေါ်တွင်ခဲ့သည်။ ၁၉၄၉ ခုနှစ်မှစ၍ မွန်ပြည်နယ်၏ အရှေ့ပိုင်းတောင်တန်း ဒေသများနှင့် တနင်္သာရီတိုင်း၏ အချို့သောဒေသများတွင် မွန်ပြည်သစ်ပါတီက ထိန်းချုပ်လှုပ်ရှားနေခဲ့သည်။ ၁၉၉၅ ခုနှစ်တွင်၊ မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီနိုင်ခဲ့သည်။

မွန်ပြည်သစ်ပါတီက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလုပ်ရန် ၂၀၀၈ ခုနှစ်ထိတိုင် အမျိုးသားညီလာခံအတွင်းမှ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ နယ်ခြားစောင့်တပ်ဖွဲ့ရန် အစိုးရက တောင်းဆိုမှုအပေါ် ငြင်းဆန်ခဲ့ပြီးနောက် ၂၀၁၀ ခုနှစ် ဧပြီလနောက်ပိုင်းတွင် စစ်အစိုးရနှင့် ဆက်ဆံရေး ပြတ်တောက်သွားခဲ့သည်။ သို့သော်လည်း လက်နက်ကိုင်တိုက်ပွဲများ ပြန်လည်ဖြစ်ပေါ်သည်အထိအခြေအနေ မဆိုးရွားသွားခဲ့ပေ။

ယမန်နှစ်က ဆွေးနွေးမှုများမှစတင်၍ နောက်ထပ်အသစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီနိုင်ခဲ့သည်။ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုနှင့် အစိုးရထံမှတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနှင့် ၂၀၁၂ ခုနှစ် မတိုင်မီတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပြုလုပ်ပါမည်ဟူသည့် ကတိကဝတ်ကိုရရှိနိုင်ခဲ့သည်။ ထိုအခါ ပြည်ထောင်စုအဆင့်တွင် အင်အားစုအားလုံးပါဝင်သည့် နိုင်ငံရေးစေ့စပ်ဆွေးနွေးမှုများ စတင်နိုင်မည် ဖြစ်သည်။

မူလတွင် မြန်မာစစ်တပ်က ဤအုပ်စုကို မွန်ပြည်နယ်အတွင်း စစ်စခန်း ၁၂ ခု သတ်မှတ်၍ ထိန်းချုပ်မှုအခွင့်အရေး တစုံတရာပေးခဲ့သေးသည်။ အထူးသဖြင့် ရေးမြစ်တစ်လျှောက်ရှိ စခန်းများနှင့် သထုံခရိုင်မြောက်ပိုင်းတွင် တစ်ခု၊ မော်လမြိုင် ခရိုင်အတွင်းတစ်ခုဖြစ်သည်။ ထို့အပြင် စီးပွားရေးလုပ်ငန်း ၁၇ ခုကိုလည်း ပြုလုပ်ခွင့်ပေးခဲ့သေးသည်။

ဥပမာအားဖြင့် –

သစ်ထုတ်လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ပြည်တွင်းပို့ဆောင်ရေးနှင့် ရွှေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများအပြင် မလေးရှားနှင့် စင်ကာပူရှိ ကုမ္ပဏီများနှင့်လည်း ကုန်သွယ်ရေးသဘောတူညီမှုများ စသည်တို့ကို ခွင့်ပြုပေးခဲ့သည်။

မြန်မာ-ထိုင်းနယ်စပ်တွင် ဒုက္ခသည်စခန်း ၃-ခု တည်ထောင်ထားခြင်းကိုလည်း မြန်မာအစိုးရက အသိအမှတ်ပြုထားသည်။ ဤစခန်းများကို ဟလော့ခနီ၊ ဘီးရီးနှင့် ထားဝယ်တို့တွင် အခြေပြုထားသည်။ မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီ (MRDC)က ရန်ပုံငွေရှာဖွေထောက်ပံ့နေပြီး၊ ထိုင်းနယ်စပ်တစ်လျှောက် ဒုက္ခသည်များဆိုင်ရာ ကူညီပံ့ပိုးရေးအဖွဲ့ကြီး (TBBC) က နယ်စပ်ဖြတ်ကျော်၍ ကူညီထောက်ပံ့ပေးနေသည်။ ယခုအခါ နယ်စပ်တစ်လျှောက် ကူညီထောက်ပံ့ရေးအသင်း (TBC) ဟု အမည်ပြောင်းလဲခဲ့သည်။

မူလတွင် မြန်မာစစ်တပ်က မွန်ပြည်သစ်ပါတီကို ကျပ် ၄ သန်း (အမေရိကန်ဒေါ်လာ ၃၅၀၀ ခန့်) လစဉ် စီးပွားရေးအကူအညီအဖြစ် ထောက်ပံ့ရန် သဘောတူညီထားခဲ့သည်။ ထိုအခါ နိုင်ငံရေးအဖွဲ့အနေဖြင့် စီမံခန့်ခွဲမှုများ လုပ်ဆောင်နိုင် လိမ့်မည်ဖြစ်သည်။ သို့သော်လည်း ၂၀၀၅ ခုနှစ်တွင် မွန်ပြည်သစ်ပါတီက အမျိုးသားညီလာခံကို သပိတ်မှောက်ပြီး နောက်ပိုင်း ဖြတ်တောက်လိုက်သည်။ ကျန်စီးပွားရေးလုပ်ပိုင်ခွင့်များကိုလည်း ပြန်လည်ရုပ်သိမ်းခဲ့သည်။ ဥပမာအားဖြင့် –

၁၉၉၇ ခုနှစ်တွင် မွန်ပြည်သစ်ပါတီက NLD ကို ထောက်ခံထားသည့် မဲသရောထ ထုတ်ပြန်ကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့သည့်အတွက်ကြောင့် အမြတ်အစွန်းကြီးသည့် သစ်ထုတ်လုပ်ငန်းကို ရပ်ဆိုင်းခံခဲ့ရသည်။

မွန်ပြည်သစ်ပါတီက KNU နှင့်အတူ လက်တွဲတိုက်ပွဲဝင်နေပြီး၊ တိုင်းရင်းသား တပ်ပေါင်းစုအတော်များများတွင်လည်း အဖွဲ့ဝင်ဖြစ်သည်။ ၎င်းတို့မှာ အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (NDF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရက်တစ် မဟာမိတ်များအဖွဲ့ချုပ် (DAB)၊ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) တို့ ဖြစ်သည်။ DAB နှင့် NCUB တို့တွင် ဒီမိုကရေစီအုပ်စုများလည်း ပါဝင်ဖွဲ့စည်းထားသည်။

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ (မွန်တော်လှန်ရေးနေ့) တွင် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်း ဖွဲ့စည်းမည်မဟုတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

## အမှုဆောင်ကော်မီတီဝင်များ ၂၇ ဦး

| | |
|---|---|
| ဥက္ကဋ္ဌ | - နိုင်ထောမွန် |
| ဒု-ဥက္ကဋ္ဌ | - နိုင်ဟံသာ (ခေါ်) နိုင်ဟောင်းဆာ |
| အထွေထွေအတွင်းရေးမှူး | - နိုင်အောင်မင်း |
| တွဲဖက်-အတွင်းရေးမှူး(၁) | - ဗိုလ်ချုပ်ကျော်ရွှဲ |
| အဖွဲ့ဝင် | - နိုင်တလညီ |
| အဖွဲ့ဝင် | - ဒု ဗိုလ်မှူးကြီး အမ်စိုက်ချန်း (မော်လမြိုင်ရုံး တာဝန်ခံ) |
| အဖွဲ့ဝင် | - ဗိုလ်မှူးကြည်စန်း (မော်လမြိုင် ဆက်ဆံရေးရုံး တာဝန်ခံ) |

## ဗဟိုစစ်ကော်မရှင် ၇ ဦး

| | |
|---|---|
| စစ်ဦးစီးချုပ် | - ဗိုလ်မှူးချုပ် လယီဂကောင်း |
| ဒု-စစ်ဦးစီးချုပ် | - ဗိုလ်မှူးကြီး ဗညားမဲ့စန်း |
| အဖွဲ့ဝင် | - ဒု-ဗိုလ်မှူးကြီး ဟံသာ |
| အဖွဲ့ဝင် | - ဒု-ဗိုလ်မှူးကြီးစံအေး |

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေးအသစ် သဘောတူညီချက် - ဖေဖော်ဝါရီလ ၁ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် ၈-ခုမြောက် အဖွဲ့ဖြစ်သည်။
အဆင့် ၂- ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ
ယခင်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် - ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်။
နယ်ခြားစောင့်တပ် အစီအစဉ်ကို ငြင်းပယ်မှု - ဧပြီလ၊ ၂၀၁၀ ခုနှစ်။

**အပစ်အခတ်ရပ်စဲရေးပြီးနောက် တိုက်ပွဲဖြစ်ပွားမှု**

၂၀၁၂ - မရှိ
၂၀၁၃ - ၂ ကြိမ်
၂၀၁၄ - မရှိ
၂၀၁၅ - မရှိ

**ဒုက္ခသည်စခန်း** - ဘန့်ဒုံယန်း (ထိုင်းနိုင်ငံတွင်း)
**ပြည်တွင်း ဒုက္ခသည်စခန်းများ**- ဟလော့ခနီး၊ ဘလိုက်ဒွန်ဖစ်၊ ချိုင်းတိုက်၊ ပနန်းပိန် (မြန်မာနိုင်ငံတွင်း)

## တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

နိုင်ငံပြင်ပတွင် - တရားဝင်ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့။နိုင်ဟံသာ၊ နိုင်တလညီ၊ နိုင်ဟွန်ဆာဘွန်ထိုင်း။
ပြည်တွင်းတရားဝင်ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ - နိုင်ထောမွန်၊ နိုင်တလညီ၊ ဗိုလ်ချုပ်ဇေယျ၊ နိုင်အောင်မင်း (အထွေထွေအတွင်းရေးမှူး) နှင့် ဗိုလ်မှူးချုပ် လယီဂကောင်း။

## ဆက်ဆံရေးရုံးများ

မွန်ပြည်သစ်ပါတီက (နဝတ) စစ်အစိုးရနှင့် ၁၉၉၅ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီပြီးနောက်၊ ဆက်ဆံရေး ရုံးများ ဖွင့်လှစ်ခဲ့သည်။ ၂၀၁၀ ခုနှစ်၊ ဧပြီလတွင် မွန်ပြည်သစ်ပါတီက နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ငြင်းပယ်ခဲ့ပြီးနောက်ပိုင်း၊ ရုံးအားလုံး ပိတ်လိုက်ရသည်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အသစ် ရေးထိုးပြီးနောက်တစ်နေ့တွင် ဆက်ဆံရေးရုံးများအားလုံးပြန်၍ ဖွင့်ခဲ့သည်။

၁။ မော်လမြိုင် *
၂။ မုဒုံ
၃။ သံဖြူဇရပ်
၄။ ရေး
၅။ ရေဖြူ (ရားဖူးကျေးရွာ)
၆။ ဘုရားသုံးဆူ *

၇။ ကျိုက်မရော
၈။ ဇင်းကျိုက် (ပေါင်မြို့နယ်)
၉။ မြိတ်
၁၀။ မြဲ၀တီ *
* စီးပွားရေးရုံးများ ဖြစ်သည်။

## မွန်ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေးအဖွဲ့

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရွှေမြင့်မိုရ်ထွန်း ဟိုတယ်တွင် ကျင်းပသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စောင့်ကြည့် ကြီးကြပ်ရေးဆွေးနွေးပွဲ သင်တန်းကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ကျင်းပပြီးနောက် မွန်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးစောင့်ကြည့် ကြီးကြပ်ရန်အတွက် အဖွဲ့ဝင် ၁၅ ဦးကို ရွေးချယ်ခဲ့ပါသည်။

မွန်ပြည်နယ်အစိုးရမှ လူမှုရေးဝန်ကြီးနှင့် စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး၊ ကရင်ပြည်နယ်မှ မွန်ရေးရာဝန်ကြီး၊ နိုင်ငံရေးသမားများ၊ မွန်ပြည်နယ်မှ လွှတ်တော်အမတ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ လူငယ်အုပ်စုများမှ ကိုယ်စားလှယ် ၁၂၀ ခန့် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပါသည်။

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | NMSP ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ၀၆/၁၀/၂၀၁၁ | ရေးမြို့၊ ခလရ (၆၁) တပ်ဝင်း | နိုင်တလညီ | မွန်ပြည်နယ် နယ်စပ်/ လုံခြုံ ဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင် | ပဏာမအကြိုဆွေးနွေးပွဲ ဖြစ်သည်။ အစိုးရအနေနှင့် တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် အပစ်အခတ်ရပ်စဲကြောင်း ကြေညာရန်၊ တိုင်းရင်းသားများ စုဖွဲ့ ထားသည့် UNFC တပ်ပေါင်းစုနှင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းဆွေး နွေးရန်အကြံပြုခဲ့သည်။<br>အခြားမွန်ပြည်သစ်ပါတီ ကိုယ်စားလှယ် များ-<br>နိုင်ဗညားလယ်၊ ဒုဗိုလ်မှူးကြီး နိုင်ဟောင်းဆာ<br>အခြားအစိုးရဖက်မှကိုယ်စားလှယ်များ- အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ ဗိုလ် မှူးကြီးထွန်းထွန်းညီ၊ မွန်ပြည်နယ် မြူနီစီပါယ် အရာရှိများ။ |

| | | | | | |
|---|---|---|---|---|---|
| ၂ | ၁၃/၁၁/၂၀၁၁ | ရေးချောင်း ဖျား၊ NMSP ဌာနချုပ် | နိုင်ထော်မွန် | မွန်ပြည်နယ် အစိုးရမှ စေလွှတ်သည့် ကိုယ်စားလှယ် ၅ ဦးပါအဖွဲ့ (ငြိမ်းချမ်းရေး အကျိုးဆောင်) | ပဏာမအကြိုဆွေးနွေးပွဲဖြစ်သည်။ မွန်ပြည်သစ်မှ အခြားခေါင်းဆောင်များ - နိုင်ရော့စ၊ နိုင်ဟံသာ အစိုးရဖက်မှ ကိုယ်စားလှယ်များ - ယခင်မွန်ပြည်သစ်ပါတီ ဗဟိုအလုပ် အမှုဆောင် နိုင်တင်အောင်နှင့် ဗဟိုကော် မတီဝင်ဟောင်း နိုင်စိုးမြင့်၊ မွန်ဒီမိုကရေ စီအဖွဲ့ချုပ်(NMDF)မှ ဗဟိုအလုပ်အမှု ဆောင်နိုင်သက်လွင်၊ ဒေါက်တာမင်း ကြည်ဝင်း၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဆရာတော် ဘဒ္ဒန္တကေတုမာလာ။ |
| ၃ | ၂၂/၁၂/၂၀၁၁ | စံခလပူရီ၊ ထိုင်းနိုင်ငံ | နိုင်ဟံသာ | ဦးအောင်မင်း | ပဏာမအကြိုဆွေးနွေးပွဲ ဖြစ်သည်။ အခြားမွန်ကိုယ်စားလှယ်များ - နိုင်ဟောင်းဆာ ဘွန်ထိုင်း၊ နိုင်ဗညား လယ်၊ နိုင်ရွှေသိန်း |
| ၄ | ၀၁/၀၂/၂၀၁၂ | မော်လမြိုင်၊ မွန်ပြည်နယ် | နိုင်ရော်ဆာ | ဦးအောင်မင်း | အချက် ၅-ချက်ပါ ပြည်နယ်အဆင့် သဘောတူညီချက် ရရှိသည်။ မွန်ပြည် သစ်ပါတီမှ အခြားကိုယ်စားလှယ်များ - ဗိုလ်မှူးချုပ်လယီဂကောင်း၊ နိုင်တလညီ၊ ဗိုလ်မှူးစန်းအေး၊ နိုင်အာကာ။ အစိုးရဖက်မှအခြားကိုယ်စားလှယ်များ - ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည် ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင် တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် တင်မောင်ဝင်း၊ မွန်ပြည်နယ်လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်၊ စစ်ဦးစီး ပထမတန်း (ပြည်သူ့စစ်)၊ မွန်ပြည်နယ် ရှေ့နေချုပ်၊ မွန်ပြည်နယ်အစိုးရ အတွင်းရေးမှူးနှင့် အရာရှိများ။ |

| | | | | | |
|---|---|---|---|---|---|
| ၅ | ၂၅/၀၂/၂၀၁၂ | မော်လမြိုင်၊ မွန်ပြည်နယ် | နိုင်ရော်ဆာ | ဦးအောင်မင်း | အချက် ၄ ချက်ပါပြည်ထောင်စုအဆင့် သဘောတူညီချက် ရရှိသည်။ မွန်ပြည်သစ်ပါတီမှ အခြားကိုယ်စားလှယ်များ- ဗိုလ်မှူးချုပ်လယ်ဳဂကောင်း၊ နိုင်တလညီ၊ ဗိုလ်မှူး စန်းအေး၊ နိုင်အာကာ။ အစိုးရဖက်မှအခြားကိုယ်စားလှယ်များ- ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနဒု-ဝန်ကြီးဗိုလ်ချုပ်ဇော်ဝင်း၊ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ငွေးမြင့်အောင်၊ စစ်ဦးစီးပထမတန်း ကက(ကြည်း)ရုံး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ စစ်ဦးစီးပထမတန်း (ပြည်သူ့စစ်)၊ မွန်ပြည်နယ်ရှေ့နေချုပ်နှင့် အရာရှိများ။ |
| ၆ | ၁၁/၀၄/၂၀၁၂ | မော်လမြိုင်၊ မွန်ပြည်နယ် | နိုင်အောင်မင်း၊ နိုင်တလညီ | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ အပစ်အခတ်ရပ်စဲရေးအကောင်အထည်ဖော်ရေး<br>အစိုးရဖက်မှအခြားကိုယ်စားလှယ်များ- ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ဝင် ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်တင်မောင်ဝင်း၊ ကကမှ ဒု-ဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ မွန်ပြည်နယ် နယ်စပ်/လုံခြုံဝန်ကြီး ဗိုလ်မှူးကြီးငွေးမြင့်အောင်၊ မွန်ပြည်နယ် ရှေ့နေချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဒုဗိုလ်မှူးကြီး ကျော်မြင့်၊ မွန်ပြည်နယ် အစိုးရအတွင်းရေးမှူးနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးရေး ကြီးကြပ်ရေးရုံးမှ ဦးရွှေသောင်း။ |

| | | | | | |
|---|---|---|---|---|---|
| ၇ | ၀၄/၀၈/၂၀၁၃ | မော်လမြိုင်၊ မွန်ပြည်နယ် | NMSP | MPC နည်းပညာ အဖွဲ့ | အလွတ်သဘော ဆွေးနွေးပွဲဖြစ်သည်။ နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေးနှင့် ပတ်သက်၍ ဆွေးနွေးသည်။ |
| ၈ | ၁၄/၀၁/၂၀၁၄ | ဘားအံ | ကရင်လက်နက်ကိုင်အဖွဲ့ ၄ ဖွဲ့နှင့် NMSP | ဦးခင်ရီ၊ ဦးဇော်မင်း နှင့် လူဝင်မှုကြီးကြပ်ရေး အရာရှိများ | ဝန်ကြီးဦးခင်ရီ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် အစိုးရ တာဝန်ရှိသူများသည် ကရင်လက်နက်ကိုင် အဖွဲ့အစည်းများ၊ NMSP မှခေါင်းဆောင်များနှင့် ကရင်ပြည်နယ်၊ ဖားအံမြို့တွင် တွေ့ဆုံခဲ့သည်။ အစိုးရတာဝန်ရှိသူများက နိုင်ငံတစ်ဝန်းသန်းခေါင်စာရင်းကောက်ယူမှု၊ လူဝင်မှုကြီးကြပ်ရေးဥပဒေများနှင့် ပတ်သက်၍ရှင်းလင်းပြောဆိုခဲ့ပြီး သန်းခေါင်စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ရန် တောင်းဆိုခဲ့သည်။ |
| ၉ | ၀၁/၀၉/၂၀၁၄ | မော်လမြိုင် | NMSP | - | အများပြည်သူနှင့် တိုင်ပင်အကြံဉာဏ်ရယူမှုဖြစ်သည်။ NMSP ကိုယ် စားလှယ်များသည် မွန်ပြည်နယ်မော်လမြိုင်မြို့ရှိ နိုင်ရွှေကျောင်စာကြည့် တိုက်တွင်မော်လမြိုင်အခြေစိုက် CSOs/CBOs အဖွဲ့များနှင့် တွေ့ဆုံခဲ့သည်။ CBO/CSO အဖွဲ့အစည်း ၂၀ခန့်အစည်းအဝေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ NMSP သည် လက်ရှိ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောဆိုခဲ့ပြီး CBOs/CSOs များထံမှ အကြံပြုချက်များကို တောင်းခံခဲ့သည်။ |
| ၁၀ | ၃၀/၁၀/၂၀၁၄ | တနင်္သာရီ | NMSP | ဒေသန္တရ အစိုးရ | NMSP နှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရတို့သည် JICA(ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ) ကိုလက်ခံရေးဆွေးနွေးခဲ့ကြသည်။ JICA သည် NMSP ထိန်းချုပ်ထားသည့် ဧရိယာတွင် ကျောင်းများ၊ဆေးရုံများ၊ လျှပ်စစ်၊ လမ်းဖောက်လုပ်မှုနှင့်ရေပေးဝေမှု စသည်တို့ကို ထောက်ပံ့ကူညီသွားမည်ဖြစ်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | ၀၆/၁၁/၂၀၁၄ | တနင်္သာရီ | NMSP – နိုင်ဝင်းလှ (နိုင်ငံတကာရေးရာ)၊ အမ်စိတ်ချမ်း၊ နိုင်အောင်မငေး၊ ဒုဗိုလ်မှူးကြီး ဉာဏ်ထွန်း | ဦးမြတ်ကို (ဝန်ကြီးချုပ်)၊ ဗိုလ်မှူးကြီး ဇော်လွင် | NMSP နှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင်တနင်္သာရီရှိ NMSP ထိန်းချုပ်ထားသောဧရိယာများတွင် ဒေသန္တရဖွံ့ဖြိုးရေးနှင့် လုံခြုံရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။ တနင်္သာရီ အစိုးရအနေဖြင့် မွန်မူလတန်းကျောင်း ၃ကျောင်းနှင့်စာသင် ကျောင်းများတည်ဆောက်ပေးကာ သူနာပြုများ စေလွှတ်ပေးသွားရန် သဘောတူခဲ့သည်။ ထို့ပြင်အဆိုပါဧရိယာ(ရေဖြူနှင့် ရေးမြို့) တို့၏ လုံခြုံရေးကို NMSP က တာဝန်ယူသွားရန် သဘောတူခဲ့သည်။ |
| ၁၂ | ၀၅/၀၁/၂၀၁၅ | နေပြည်တော် | NMSP အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် ၁၂ ဖွဲ့ | သမ္မတ ဦးသိန်းစိန် (မနက်ပိုင်း)၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (နေ့ခင်းပိုင်း) | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း ၁၂အဖွဲ့မှကိုယ်စားလှယ်များသည် မနက်ပိုင်းတွင် သမ္မတဦးသိန်းစိန်နှင့်လည်းကောင်း၊နေ့ခင်းပိုင်းတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။ ၎င်းတို့သည် NCAနှင့်ပတ်သက်၍ အမြင်များကို ဖလှယ်ခဲ့ကြသည်။ |
| ၁၃ | ၁၁/၀၂/၂၀၁၅ | နေပြည်တော် | NMSP အပါ အဝင် တိုင်းရင်းသားလက်နက်ကိုင် ၁၃ ဖွဲ့ | ဝန်ကြီး ဦးအောင်မင်း | ၎င်းတို့သည် “ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကတိပြုလွှာ”တွင် လက်မှတ်ရေးထိုးခြင်းပြု၊ မပြု ဆွေးနွေးခဲ့ကြသည်။ |
| ၁၄ | ၁၂/၀၂/၂၀၁၅ | နေပြည်တော် | NMSP အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် ၁၃ ဖွဲ့ | ဦးသိန်းစိန်၊ UPWC ၊ နိုင်ငံရေးပါတီ ၆၂ ခု | KNU၊ DKBA၊ KPC၊ RCSS နှင့် သမ္မတဦးသိန်းစိန်တို့သည် “ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ”တွင် လက်မှတ်ရေးထိုးခဲ့သည်။ NMSP က အဆိုပါကတိပြုလွှာတွင် လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပေ။ |

## တိုင်းရင်းသားပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁ | UNFC | အဖွဲ့ဝင် | |
| ၂ | NCCT | အဖွဲ့ဝင် | EAOs SD အဖွဲ့ဝင် |
| ၃ | လိုင်ဇာတိုင်းရင်းသားညီလာခံ ၁ နှင့် ၂ | တက်ရောက်သူ | သဘောတူလက်မှတ်ရေးထိုး |
| ၄ | လော်ခီးလားတိုင်းရင်းသားညီလာခံ ၁ နှင့် ၂ | တက်ရောက်သူ | သဘောတူလက်မှတ်ရေးထိုး |
| ၅ | စစ်ရေးမဟာမိတ်များ | - | |
| ၆ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | - | တိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်များ မွန်ပြည်နယ်သို့သွားရောက်လည်ပတ်ခဲ့သည့် ၈၈ မျိုးဆက် ခေါင်းဆောင်များ (၁၁ နိုဝင်ဘာ ၂၀၁၂) |
| ၇ | နိုင်ငံခြားအင်အားစုများနှင့်တွေ့ဆုံမှုများ | - | နိပွန်ဖောင်ဒေးရှင်း |
| ၈ | အမျိုးသားညီလာခံများ | - | အမျိုးသားညီလာခံကျင်းပရန်အစီအစဉ် |
| ၉ | မိတ်ဖက်အင်အားစုများ | - | |
| ၁၀ | အစည်းအဝေးပွဲများတွင် လေ့လာသူများအဖြစ် | - | |

## တိုးတက်ဖြစ်ပေါ်မှုများ

| နှစ်ဖက်တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက်နှင့်စိတ်ဓာတ် | D | | တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ၏ ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်တို့ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရပြီးနောက် နိုင်ငံရေးဆွေးနွေးမှုစတင်ရန်။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတိုင်အောင် ကျန်တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများအားလုံးနှင့်အပစ်အခတ် ရပ်စဲရေး မရရှိနိုင်ပါက အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်တို့အကြားနိုင်ငံရေးဆွေးနွေးမှု စတင်ရန်။ |
| ၂ | တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး ကြိုးပမ်းအားထုတ်မှုများ | A | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု - ထိန်းချုပ်ဒေသ | D | | |

| | | | | |
|---|---|---|---|---|
| ၄ | စောင့်ကြည့်မှု - ပဋိပက္ခများကို ကြားဝင်ဖျန်ဖြေရေးအဖွဲ့ | | | နိုင်ငံအဆင့် နိုင်ငံရေးပါတီများ၊ ဒီမိုကရေစီအင်အားစုများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးအပေးအယူပြုမှုအပေါ် အခြေခံ၍ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဆက်လက်ဆွေးနွေးသွားရန်။ |
| ၅ | စောင့်ကြည့်မှု - အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေးအဖွဲ့ | D | | |
| ၆ | စစ်ရေးဆက်ဆံမှုများ | A | | မွန်ပြည်နယ်အတွင်းနှင့် အပစ်အခတ်ရပ်စဲရေးနှင့် သက်ဆိုင်သည့်ဒေသများတွင် စစ်တပ်အင်အား ထပ်မံ မတိုးချဲ့ရန်။ |
| ၇ | လေ့လာသူများ | A | | ဆွေးနွေးပွဲများတွင်လေ့လာသူများတက် ရောက်ခွင့်ပြုရန်။ |
| နိုင်ငံရေး | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံဉာဏ်ရယူမှု | A | √ | ပြည်သူများနှင့် ထိတွေ့ဆက်ဆံခွင့်ရှိရန်နှင့် အပြန် အလှန်ကူညီနိုင်ရန်။<br>ပြည်တွင်းရှိ နိုင်ငံရေးပါတီများနှင့် ဆက်သွယ်ခွင့်ရှိရန်။<br>သတင်းမီဒီယာဌာနများ၊ သတင်းဌာနများနှင့် ဆက်သွယ်ခွင့်ရှိရန်။<br>နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုများကို အခြေအနေ လိုအပ်ချက်နှင့်အညီရလဒ်များကို ပြည်သူသို့ တင်ပြအသိပေးနိုင်ရန်။<br>တွေ့ဆုံဆွေးနွေးပွဲ မတိုင်မီတွင်နိုင်ငံခြားသံတမန်များနှင့် ညှိနှိုင်းဆွေးနွေးခွင့်ရှိရန်။ |
| ၉ | တရားဝင်ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသားလွှတ်ပေးမှု | A | √ | မွန်ပြည်သစ်ပါတီမှ အကျဉ်းချခံထားရသူများနှင့် ကျန်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများ အားလုံးကို စာနာထောက်ထားမှုဖြင့် ပြန်လွှတ်ပေးရန်။<br>နိုင်မျိုးသွေးနှင့် နိုင်ယက္ခအပါအဝင် အကျဉ်းကျခံနေရသော ပါတီအဖွဲ့ဝင်များအား ပြန်လွှတ်ပေးပြီးဖြစ်သည်။ (၂၀၁၂) |
| ၁၁ | လူ့အခွင့်အရေး | A | | စေတနာ့ဝန်ထမ်းလုပ်အားပေးခြင်းမှအပ နှစ်ဖက်စလုံးမှအဓမ္မလုပ်အားခိုင်းစေမှုများကိုရှောင်ရှားရန်။<br>မြန်မာစစ်တပ်က မြေသိမ်းထားသည့် ပြဿနာများအပေါ် ဖြေရှင်းပေးရန်။ |

| | | | | |
|---|---|---|---|---|
| ၁၂ | တိုင်းရင်းသားအခွင့်အရေး | D | | |
| ၁၃ | အမျိုးသားနေ့ | | | |
| ပြန်လည်နေရာချထားရေး | | | | |
| ၁၄ | နိုင်ငံသားမှတ်ပုံတင်ကတ် | | | |
| ၁၅ | ပြန်လည်နေရာချထားရေးအစီအစဉ် | | | |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| စီးပွားရေး | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စု၏ကုမ္ပဏီ | | √ | ● မွန်ပြည်သစ်ပါတီက ၂၀၁၂ ခုနှစ်တွင် ထူထောင်ထားသည့်ရာမညယူနိုက်တက် ကုမ္ပဏီအမည်အောက်တွင် ဆောက်လုပ်ရေး၊ စီးပွားဖြစ် စိုက်ပျိုးရေးနှင့်ကုန်သွယ်ရေး၊ ကျွန်းသစ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။<br>● သယ်ယူပို့ဆောင်ရေး၊<br>● မှတ်ပုံတင်ထားခြင်းမရှိသော လုပ်ငန်းများကို လျှော့ပေါ့ ခွင့်ပြုပေးမှု၊ |
| ၁၈ | အထူးစီးပွား/စက်မှုဇုန်များ | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်မှုများ | | | |
| ၂၁ | ဖွံ့ဖြိုးရေး – ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး – အင်တာနက် | | | |
| ၂၃ | ကားလိုင်စင်ကိစ္စ | | √ | ကား ၂၅ စီး အခွန်လွတ်နှင့် ကားအစီး ၅၀ အတွက်လျှော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| လူမှုရေး | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာသင်ကြားမှု | D | √ | |

| | | | | |
|---|---|---|---|---|
| ၂၆ | အခြား | A | | ဒေသတွင်းရှိ ပညာရေး၊ကျန်းမာရေးနှင့် လူမှုရေး ကဏ္ဍများတွင် တည်ငြိမ်ဖွံ့ဖြိုးမှု ရရှိလာစေရေး အတွက်သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရအကြား အပစ်အခတ်ရပ်စဲရေးဖော်ဆောင်နိုင်သည့် အခါ ပူးပေါင်းဆောင်ရွက်သွားရန်။ |
| | | | | |
| ၂၇ | မူးယစ်ဆေးဝါးပပျောက်ရေး | | | မြန်မာရဲများနှင့် ပူးပေါင်းဆောင်ရွက်မှု (၂၀၁၄) |
| သဘာဝပတ်ဝန်းကျင် | | | | |
| ၂၈ | EIA(ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |

A = ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် ထည့်သွင်းလက်မှတ်ရေးထိုးမှု၊ D= တောင်းဆိုမှု၊ ➔ = စတင်နေပြီ၊
√ = ရရှိပြီးဖြစ်သည်။ × = ဆုံးရှုံး မရရှိ

**သဘောတူညီမှု** - ဆွေးနွေးသဘောတူညီမှု/လုပ်ငန်းစဉ်။

၁။ အပစ်အခတ်ရပ်စဲပြီး ၄၅ ရက်အတွင်း နိုင်ငံရေးဆွေးနွေးပွဲ စတင်ပြုလုပ်ရန်၊

၂။ အစည်းအဝေးပွဲများတွင် လေ့လာသူများကို ခွင့်ပြုရန်၊

၃။ လက်နက်ကိုင်တိုင်းရင်းသားလူမျိုးများအားလုံး အပစ်အခတ်ရပ်စဲပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများမှကိုယ်စားလှယ်များနှင့်အစိုးရကိုယ်စားလှယ်များအကြား နိုင်ငံရေးဆွေးနွေးပွဲစတင်ရန်။ အပစ်အခတ် ရပ်စဲမှုသည် ၂၀၁၃ ခုနှစ်ဒီဇင်ဘာလအထိ လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် သဘောတူညီချက် မရရှိခဲ့လျှင် အပစ်အခတ်ရပ်စဲထား သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်များ အကြား နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ် စတင်ပြုလုပ်ရန်၊

၄။ ပြည်တွင်းတိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် ဒီမိုကရေစီအင်အားစုများပူးပေါင်းပါဝင်လာသည့် နိုင်ငံရေးအရ ပေါင်းစည်းမှု အပေါ်အခြေခံကာ အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်ရန်။

၅။ အထက်ဖော်ပြပါဆွေးနွေးပွဲများ သဘောတူညီချက်ရရှိသည်အထိ အလျင်အမြန်အကောင်အထည်ဖော်ရန်အ တွက် လုပ်ထုံးလုပ်နည်းများကို စတင်ဆောင်ရွက်ရန်၊

၆။ အပစ်အခတ်ရပ်စဲထားသည့် ကာလ၌ မွန်ပြည်နယ်တွင်လည်းကောင်း၊ မွန်ပြည်နယ်နှင့်ထိစပ်နေသည့် ဧရိယာ များတွင်လည်းကောင်း စစ်အင်အားတိုးချဲ့ခြင်းမပြုရန်၊

၇။ ဒေသတွင်း ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများ တည်တည်ငြိမ်ငြိမ်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု စတင်အသက်ဝင်လာချိန်မှစတင်ကာ သက်ဆိုင်ရာတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အစိုးရနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားရန်၊

၈။ ပြည်သူလူထုနှင့်ထိတွေ့ဆက်ဆံကာ အပြန်အလှန်ကူညီခွင့်ရရှိရန်၊

၉။ ပြည်တွင်းနိုင်ငံရေးပါတီများနှင့်ထိတွေ့ဆက်ဆံခွင့်ရရှိရန်၊

၁၀။ သတင်းအေဂျင်စီများ၊ မီဒီယာများနှင့် ထိတွေ့ဆက်ဆံခွင့်ရှိရန်၊

၁၁။ လိုအပ်ပါက နိုင်ငံရေးဆွေးနွေးပွဲများမှ ရလဒ်များကို ပြည်သူများကို အသိပေးရန်၊
၁၂။ နိုင်ငံခြားသံတမန်များနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ကြိုတင်ဆွေးနွေးညှိနှိုင်းမှုပြုရန်၊
၁၃။ အကျဉ်းထောင်များတွင် ကျန်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ပေးရန်နှင့် စာနာထောက်ထားသောအားဖြင့် အကျဉ်းထောင်ထဲရှိ မွန်ပြည်သစ်ပါတီမှ ရဲဘော်ရဲဘက်များကို လွှတ်လပ်ခွင့်ပေးရန်၊
၁၄။ စေတနာ့ဝန်ထမ်းများမှလွဲ၍ နှစ်ဖက်လုံးတွင် အတင်းအကျပ်စေခိုင်းမှုများကိုရှောင်ရှားရန်၊ မြန်မာစစ်တပ်၏ မြေယာသိမ်းယူထားသည့် ပြဿနာများကို ဖြေရှင်းပေးရန်။

## ထုတ်ပြန်ကြေညာချက်များ

၂၀၁၄ ခုနှစ်၊ မေလ ၀၆ ရက်နေ့ - ဗြိတိန်သံအမတ်ကြီးသည် မွန်နိုင်ငံရေးပါတီများနှင့်လည်းကောင်း၊ NMSPနှင့်လည်းကောင်း တွေ့ဆုံခဲ့သည်။

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် - မွန်ပြည်သစ်ပါတီက ကချင်ပြည်နယ်တွင် တိုက်ပွဲများ ပြင်းထန်နေမှုအပေါ် ထုတ်ပြန်ကြေညာချက် ပြုခဲ့သည်။

၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၉ ရက် - အကယ်၍ နေပြည်တော်ရှိ အစိုးရက တိုင်းရင်းသားအဖွဲ့အစည်းများ အားလုံးနှင့် ယခုနှစ်ကုန် နောက်ဆုံးထား၍ နိုင်ငံရေးဆွေးနွေးမှုမရှိပါက၊ မွန်ပြည်သစ်က အစိုးရနှင့်ချုပ်ဆိုထားသည့် ၄-လကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ပြန်လည်ချိုးဖောက်မည်ဟု ခြိမ်းခြောက်ကြောင်း ပါတီအတွင်းရေးမှူးက ပြောဆိုသည်။

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက် - မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌက ကချင်များကို ဆက်လက်စစ်ထိုးနေသမျှကာလပတ်လုံး၊ သူတို့အဖွဲ့အနေဖြင့် အပစ်အခတ် ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးမည်မဟုတ်ဟု ထုတ်ဖော်ပြောဆိုသည်။

# National Socialist Council of Nagaland-Khaplang

## နာဂ အမျိုးသား ဆိုရှယ်လစ် ကောင်စီ (ကပ်ပလန်)



အစိုးရမှ ခေါ်ဆိုသည့်အမည်- NSCN-K

## အကျဉ်းချုပ်

| | | |
|---|---|---|
| တည်ထောင်သည့်နေ့စွဲ | - | ၁၉၈၀ ခုနှစ်။ ဇန်နဝါရီလ ၁ ရက်။ |
| ဌာနချုပ် | - | ရွှေ့ပြောင်းဌာနချုပ်။ |
| လှုပ်ရှားဒေသ | - | စစ်ကိုင်းတိုင်းဒေသကြီးရှိ လဟယ်၊ လေရှီး၊ ခန္တီး၊ နန်းယွန်းဒေသများ။ |
| ခန့်မှန်းအင်အား | - | ၅၀၀ အောက်။ |
| ခေါင်းဆောင် | - | အက်စ်အက်စ် ကပ်ပလန် (Q Kaplan) |

NSCN-K အဖွဲ့သည် အိန္ဒိယအရှေ့မြောက်ပိုင်း ပြည်နယ်များနှင့် မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်းရှိ နာဂလူမျိုးများနေထိုင်ရာဒေသများကို ပြည်ထောင်စုတည်ဆောက်နိုင်ရေးတိုက်ပွဲဝင်နေခြင်း ဖြစ်သည်။ ၁၉၈၈ ခုနှစ်တွင် နာဂအဖွဲ့ ၂-ဖွဲ့ ကွဲသွားသည်။ NSCN-K ကို အက်စ် အက်စ်ကပ်ပလန်က ဦးဆောင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းရှိ လဟယ်နှင့် နန်းယွန်း မြို့နယ်များတွင် အခြေစိုက်သည်။ NSCN-IM မှာမူ အိုက်ဆက် ချီဆီဆု (Isak Chisi Swu) နှင့် သူယန်ဂလန်း မွေဗာ (Thuingaleng Muivah) က ဦးဆောင်၍ အိန္ဒိယနိုင်ငံထဲတွင် အခြေစိုက်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်ကိုင်းတိုင်းဒေသကြီးရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖြစ်သတ်မှတ်ပေးခဲ့သည်။ ၂၀၁၀ ခုနှစ်မှစ၍၊ မြန်မာအစိုးရတပ်များနှင့် NSCN-K တို့အကြား လက်နက်ကိုင်တိုက်ခိုက်မှုများ မရှိခဲ့ပါ။ ၂၀၁၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီပြီးနောက်ပိုင်း၊ ၄င်းတို့၏ ရဲဘော်အများအပြားက အဖွဲ့ကို စွန့်ခွာသွားကြသည်။

### ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | အက်စ် အက်စ် ကပ်ပလန် (Q Kaplan) |
| အထွေထွေအတွင်းရေးမှူး | - | ဒါလီ မန်းဂရူးအို (Dali Mangru Ao) |
| စစ်ဦးစီးချုပ် | - | ခိုလီး ကွန်းရက် (Khole Konyak) |
| | | ဦးကျော်ဝမ်းစိန် (ဘာသာရေးဆိုင်ရာ) |

အပစ်အခတ် ရပ်စဲပြီးချိန်မှစ၍ ထူးခြားသော ဖြစ်ပေါ်တိုးတက်မှုများ မရှိပါ။ တိုင်းရင်းသား အစည်းအဝေးများတွင်လည်း ပါဝင်တက်ရောက်ခြင်း မရှိပါ။ သို့သော်လည်း အစိုးရက ကား ၁၅ စီးအခွန်မဲ့ တင်သွင်းခွင့်နှင့် ကားအစီး ၃၀ ကို သက်ညှာသည့်အခွန်နှုန်းထားဖြင့် တင်သွင်းခွင့်ပြုခဲ့သည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အသစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်- ဧပြီလ ၉ ရက်၊ ၂၀၁၂ ခုနှစ်။

အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် ၁၂-ခုမြောက် အဖွဲ့ဖြစ်သည်။
**အဆင့် ၁** - ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ။

**အပစ်အခတ်ရပ်စဲပြီးနောက် ပဋိပက္ခများ**
၂၀၁၂ - မရှိ
၂၀၁၃ - မရှိ
၂၀၁၄ - မရှိ
၂၀၁၅ - မရှိ

## တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

မသိရှိရ။

## ဆက်ဆံရေးရုံးများ

စစ်ကိုင်းတိုင်းဒေသကြီးရှိ ခန္တီး။

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် အဖွဲ့ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ၀၉/၀၄/၂၀၁၂ | ခန္တီး၊ စစ်ကိုင်းတိုင်း ဒေသကြီး | Y. Wangtin Naga (ဝိုင် ဝမ်းတင် နာဂနှင့် အခြား ၆ ဦး) | စစ်ကိုင်းတိုင်း နယ်စပ်/လုံခြုံ ဝန်ကြီး ဗိုလ်မှူး ကြီး ကြည်နိုင် | ပြည်နယ်အဆင့်ဆွေးနွေးပွဲအချက် ၅-ချက်ပါအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အစိုးရ အခြား ကိုယ်စားလှယ်များစစ်ကိုင်းတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးသာအေး |
| ၂ | ၁၆/၀၈/၂၀၁၃ | MPC ရန်ကုန် | NSCN-K မှ ကိုယ်စားလှယ် ၄ ဦး | ဦးအောင်မင်း | NSCN-K မှ ကိုယ်စားလှယ်များကခန္တီးတွင် ဆက်ဆံရေးရုံး ခွဲဖွင့်ရန်နှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။ |
| ၃ | ၀၅-၀၈/၀၄/ ၂၀၁၄ | MPC ရန်ကုန် | အခြားသော EAOs ခေါင်းဆောင် များနှင့်အတူ ဦးကျော်ဝမ်းစိန် | UPWC | မူတစ်မူတည်းအပစ်အခတ်ရပ်စဲ ရေး ပထမဆုံးမူကြမ်းရေးဆွဲရေး အစည်းအဝေးပွဲသို့ လေ့လာသူ အနေဖြင့် NSCN-K ဦးကျော် ဝမ်းစိန် တက်ရောက်ခဲ့သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၄ | ၀၅/၀၁/၂၀၁၅ | နေပြည်တော် | NSCN-K အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် ၁၂ ဖွဲ့ | သမ္မတ ဦးသိန်းစိန် (မနက်ပိုင်း)၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (နေ့ခင်းပိုင်း) | နေပြည်တော်တွင် တိုင်းရင်းသား လက်နက်ကိုင် ၁၂ ဖွဲ့မှ ခေါင်းဆောင်များသည် မနက်ပိုင်းတွင် သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့ပြီး နေ့ခင်းပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ကြသည်။ |
| ၅ | ၁၁/၀၂/၂၀၁၅ | နေပြည်တော် | NSCN-K အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် ၁၃ ဖွဲ့ | UPWC၊ ဦးအောင်မင်း | ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် နေပြည်တော်၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၃ ဖွဲ့မှခေါင်းဆောင်များနှင့် UPWC တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ၎င်းတို့သည် "ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ကတိ ပြုလွှာ"တွင် လက်မှတ်ရေးထိုးခြင်း ရှိ၊ မရှိ ဆွေးနွေးခဲ့ကြသည်။ |
| ၆ | ၁၂/၂/၂၀၁၅ | နေပြည်တော် | NSCN-K အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် ၁၃ ဖွဲ့ | သမ္မတ ဦးသိန်းစိန် | သမ္မတဦးသိန်းစိန်၊ RCSS ၊ KNU၊ DKBA နှင့် KPCတို့မှ ခေါင်းဆောင်များက "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကတိပြုလွှာ" တွင် လက်မှတ်ရေးထိုးခဲ့ကြသော်လည်း NSCN-Kက လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပေ။ |

# Pa-Oh National Liberation Organization

## ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့



လက်နက်ကိုင်တပ်ဖွဲ့ - ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်
အင်တာနက်စာမျက်နှာ - www.pnlo.org
ဆက်သွယ်ရန် - pnlopower@gmail.com

UNFC အဖွဲ့ဝင် ဖြစ်သည်။ NCCT နှင့် EAOs SD အဖွဲ့ဝင် ဖြစ်သည်။

## အကျဉ်းချုပ်

တည်ထောင်သည့်ရက်စွဲ - ၂၀၀၉ ခုနှစ်။
ဌာနချုပ် - ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုမုန်းရှိ လေဗွားစခန်း။
လှုပ်ရှားဒေသ - ရှမ်းပြည်နယ်ရှိ ဆီဆိုင်၊ ဟိုပုံး၊ နမ့်ဆမ်၊ လင်းခေး၊ မောက်မယ်ဒေသများ။
ခန့်မှန်းအင်အား - ၄၀၀+
ခေါင်းဆောင် - ခွန်မြင့်ထွန်း

PNLO ကို ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (PPLO) နှင့် ယခင် PNLO ခေါင်းဆောင်များ ပေါင်းစည်း ထူထောင်ကြခြင်း ဖြစ်သည်။ PPLO အဖွဲ့ကို ဗိုလ်မှူးကြီး ခွန်ဥက္ကာက ဦးဆောင်၍ ၁၉၉၁ ခုနှစ်၊ ဖွန်လ ၁၈ ရက်နေ့တွင်၊ မိခင်အဖွဲ့အစည်းဖြစ်သော ဦးအောင်ခမ်းထီ ဦးဆောင်သည့် ပအိုဝ်းအမျိုးသား အဖွဲ့ချုပ် (PNO) က စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက်၊ လက်နက်ကိုင်တော်လှန်ရေး ဆက်လက်လုပ်ဆောင်ရန်အတွက် ထူထောင်ခဲ့သည်။ ယခင် PNLO မှာ ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) မှ ခွဲထွက်လာခဲ့သည့် အဖွဲ့ဖြစ်ပြီး ဗိုလ်မှူးချုပ် ခွန်တီးဆောင်က ဦးဆောင်သည်။ ယင်း PNLO အဖွဲ့ကို ၂၀၀၇ ခုနှစ်၊ ဖွန်လ ၁၀ ရက်နေ့တွင် ထူထောင်ခဲ့သည်။

ယင်း ၂-ဖွဲ့ကို ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၇-၉ ရက်နေ့များတွင် ကျင်းပသော ပအိုဝ်းအမျိုးသား ညီလာခံတွင် တရားဝင်ပေါင်းစည်းမိပြီး၊ ဖွဲ့စည်းပုံအသစ်ဖြင့် PNLO/PNLA ကို ဖွဲ့စည်းကြသည်။ PNLO အဖွဲ့ ဖွဲ့စည်းပုံ ဥပဒေကိုလည်း ရေးဆွဲခဲ့ကြသည်။ တက်ရောက်သူများထဲတွင် ပအိုဝ်းလူငယ်အဖွဲ့၊ ပအိုဝ်း အလုပ်သမားသမဂ္ဂ၊ ဦးခွန်မြင့်ထွန်း (၁၉၉၀ ရွေးကောက်ပွဲတွင် သထုံမြို့နယ်မှ လွှတ်တော်အမတ်) စသည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။ NCUB နှင့် PDC မှ ခွန်တင်ဆွေလည်း တစ်သီးပုဂ္ဂလတက်ရောက်သည်။ ဗိုလ်မှူးကြီးခွန်ဥက္ကာကို ဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက်ကြပြီး၊ ဗိုလ်မှူးချုပ်ခွန်တီးဆောင်မှာ ဒု-ဥက္ကဋ္ဌ ဖြစ်သည်။ ညီလာခံက PNLO အမည်ကို ရွေးချယ်ခဲ့သည်။ အကြောင်းမှာ "တတိယတော်လှန်ရေး"အတွက် PNLO ၏ စွမ်းဆောင်ကြိုးပမ်းမှုများကို အသိအမှတ်ပြုလိုသောကြောင့် ဖြစ်သည်။

ပထမအကြိမ် PNLO ကွန်ဂရက်ကို လေဗွားစစ်စခန်းတွင် ၂၀၁၃ ခုနှစ်၊ မေလ ၁၆ မှ ၂၀ ရက်နေ့အထိ ကျင်းပခဲ့ပြီး၊ ဗဟိုကော်မတီအသစ်ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ယင်းကော်မတီတွင် ခွန်မြင့်ထွန်းကဥက္ကဋ္ဌ ဖြစ်လာသည်။ ယခင်ဥက္ကဋ္ဌများဖြစ်ကြသည့် ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့် ဗိုလ်မှူးချုပ် ခွန်တီဆောင်တို့မှာ နာယကများအဖြစ် တင်မြှောက်ခဲ့ကြသည်။

လက်ရှိ PNLO ၏ ဌာနချုပ်မှာ မဲဟောင်ဆောင် (ထိုင်းနိုင်ငံ) နှင့်ကပ်လျှက် နယ်စပ်တွင်တည်ရှိသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနာယက**

ဗိုလ်မှူးကြီး ခွန်ဥက္ကာ။ ဗိုလ်မှူးချုပ် ခွန်တီဆောင်။ ခွန်တက်လူ။

| | |
|---|---|
| ဥက္ကဋ္ဌ | - ခွန်မြင့်ထွန်း |
| ဒု-ဥက္ကဋ္ဌ | - ဗိုလ်မှူးကြီး ခွန်သူရိန် |
| အထွေထွေအတွင်းရေးမှူး | - ဗိုလ်မှူးကြီး အောင်ကျော်။ |
| တွဲဖက်-အထွေထွေအတွင်းရေးမှူး-၁ | - ခွန်သောမတ်စ် |
| တွဲဖက်-အထွေထွေ အတွင်းရေးမှူး-၂ | - နန်းနွယ်နွယ် |
| ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် | - ခွန်တင်ရွှေဦး |
| ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် | - ဒု-ဗိုလ်မှူးကြီး ခွန်အုန်းမောင် |
| ဗဟိုကော်မတီဝင် | - ခွန်ထွန်းတင် |
| ဗဟိုကော်မတီဝင် | - ဒု-ဗိုလ်မှူးကြီး ခွန်ကျော်ထင် |
| ဗဟိုကော်မတီဝင် | - ဒု-ဗိုလ်မှူးကြီး ခွန်ဆွေထို |
| ဗဟိုကော်မတီဝင် | - နန်းဖြူပြာ |
| စစ်ဦးစီးချုပ် | - ဗိုလ်မှူးကြီး ခွန်သူရိန် |

**အနာဂတ်ရည်မှန်းချက်**

ပအိုဝ့်လူမျိုးများအတွက် ပအိုဝ့်ပြည်နယ်တစ်ခုထူထောင်ရန်၊ အဆိုပါပြည်နယ်သည် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရရှိရမည်ဖြစ်ပြီး အခြားသောတိုင်းရင်းသားများနှင့် တန်းတူညီမျှအခွင့်အရေးများရရှိရမည်ဖြစ်သည်။

**ပစ္စုပ္ပန်ရည်မှန်းချက်**

လူမျိုးကြီးဝါဒနှင့် အမြင်ကျဉ်းမြောင်းသောဝါဒကို ဆန့်ကျင်တွန်းလှန်ရေး၊
စစ်အာဏာရှင်ကို အမြစ်ဖြုတ်ရေး၊
အမျိုးသားဒီမိုကရေစီဝါဒထူထောင်ရေး၊
ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် တန်းတူညီမျှခွင့်ရရှိရေး၊
ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ထူထောင်ရေး၊

**တန်ဖိုး/စံနှုန်းများ -**

- PNLO သည် ပအိုဝ့်လူမျိုးများ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်သွားမည်၊
- PNLO သည် တိုင်းရင်းသားအဖွဲ့အစည်းအသိုက်အဝန်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။
- ဖိနှိပ်ခံရမှုအောက်မှ တိုင်းရင်းသားတစ်ဦးမကျန်လွတ်မြောက်ရေးအတွက် PNLO အနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများ

အားလုံးနှင့် ပူးပေါင်းကြိုးပမ်းသွားမည်။

- PNLO အနေဖြင့် စစ်အာဏာရှင်စနစ်၊ ဖိနှိပ်မှုနှင့် ပြည်တွင်းစစ်ဖြစ်ပွားမှုကို လုံး၀အမြစ်ပြတ်ကွယ်ပျောက်စေရေး ကြိုးပမ်းသွားမည်။ ဒီမိုကရေစီစနစ်ကို အပြည့်အ၀ကျင့်သုံးသည့် အစိုးရတစ်ရပ်ရှိသော ငြိမ်းချမ်းသည့် ဖက်ဒရယ် ပြည်ထောင်စုတစ်ရပ် တည်ဆောက်ရေးမျှော်လင့်ချက်ဖြင့် ယင်းသို့ကြိုးပမ်းသွားမည်ဖြစ်သည်။
- PNLO သည် ဆွေးနွေးညှိနှိုင်းခြင်းနှင့် လက်နက်ချခြင်းတို့အပါအဝင် ရန်သူ၏လှည့်ဖျားသောမူ၀ါဒများကို အလျှော့မပေး ဆက်လက်ဆန့်ကျင်သွားမည်ဖြစ်ပြီး ရန်သူဖြစ်သည့် စစ်အစိုးရ၏ လက်ပါးစေအဖွဲ့ဖြစ်လာမည် မဟုတ်ပေ။

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး ထပ်မံသဘောတူညီချက်- ဩဂုတ်လ ၂၅ ရက်၊ ၂၀၁၂ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် ၁၃-ခုမြောက် အဖွဲ့ဖြစ်သည်။

**အဆင့် ၂**- ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ။ (မတ်လ ၂၃၊ ၂၀၁၃ ခုနှစ်)

**အပစ်ရပ်ပြီးနောက် တိုက်ပွဲများ ဖြစ်ပွားမှု**

၂၀၁၂ - မရှိ
၂၀၁၃ - မရှိ
၂၀၁၄ - မရှိ
၂၀၁၅ - မရှိ

## တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့
## PNLO ငြိမ်းချမ်းရေးတည်ဆောက်ရေးအဖွဲ့

**ပြည်နယ်အဆင့်ကိုယ်စားလှယ် - ၇ ဦး**

၁။ ခေါင်းဆောင်။ ခွန်မြင့်ထွန်း
၂။ ဒု-ခေါင်းဆောင်။ ဗိုလ်မှူးကြီး ခွန်သူရိန်
၃။ ဗိုလ်မှူးချုပ် ခွန်တီဆောင် (အဖွဲ့ဝင်)
၄။ ဒု-ဗိုလ်မှူးကြီး ခွန်ကျော်ထင် (အဖွဲ့ဝင်)
၅။ ခွန်အို (အဖွဲ့ဝင်)
၆။ ခွန်ထွန်းတင် (အဖွဲ့ဝင်)
၇။ ဒု-ဗိုလ်မှူးကြီး ခွန်ဆွေထို (အဖွဲ့ဝင်)

**ပြည်ထောင်စုအဆင့် ကိုယ်စားလှယ် - ၁၂ ဦး**

၁။ ခေါင်းဆောင် ဗိုလ်မှူးကြီး ခွန်ဥက္ကာ
၂။ ဒု-ခေါင်းဆောင်။ ခွန်မြင့်ထွန်း

၃။ ဗိုလ်မှူးကြီး ခွန်သူရိန် (အဖွဲ့ဝင်)
၄။ ဗိုလ်မှူးကြီး အောင်ကျော် (အဖွဲ့ဝင်)
၅။ ခွန်ဦး (အဖွဲ့ဝင်)
၆။ ခွန်တင်ရွှေဦး (အဖွဲ့ဝင်)
၇။ ဒု-ဗိုလ်မှူးကြီးခွန်ဆွေထို (အဖွဲ့ဝင်)
၈။ ခွန်ထီး (အဖွဲ့ဝင်)
၉။ ခွန်ထွန်းတင် (အဖွဲ့ဝင်)
၁၀။ ခွန်သောမတ်စ် (အဖွဲ့ဝင်)
၁၁။ နန်းနွယ်နွယ် (အဖွဲ့ဝင်)
၁၂။ နန်းမြင့် (အဖွဲ့ဝင်)

## ဆက်ဆံရေးရုံးများ

၁။ တောင်ကြီး (၂၆-၁-၂၀၁၃)
၂။ သထုံ (၂၁-၈-၂၀၁၃)
၃။ မောက်မယ် (၈-၁၂-၂၀၁၃)
၄။ ဆီဆိုင် (မကြာမီ ဖွင့်လှစ်မည်။)

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | PNLO ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ၂၃/၁၂/၂၀၁၁ | ဘန်ကောက်၊ ထိုင်းနိုင်ငံ | ခွန်ဥက္ကာ | ဦးအောင်မင်း | PNLO နှင့် UNFC အတွက် ငြိမ်းချမ်းရေး အလွတ်သဘောဆွေးနွေးမှုမှနေ၍ အကြိုပဏာမ ဆွေးနွေးမှု ပေါ်ပေါက်လာသည်။ PNLO ဥက္ကဋ္ဌ ခွန်ဥက္ကာက ပြောရာတွင် UNFC အဖွဲ့ဝင်များဖြစ်သည့် အခြားတိုင်းရင်းသားအဖွဲ့များ အစိုးရနှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်း ၎င်းတို့က လေ့လာမည်ဟု ဆိုသည်။ အစိုးရနှင့်လည်း သီးခြားတွေ့ဆုံမည်။ အခြားအဖွဲ့များ တင်ပြသည့် ပြဿနာများကို သိရှိနိုင်ရန်ဖြစ်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၂ | ၅/၂/၂၀၁၂ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | ခွန်မြင့်ထွန်း ခွန်သူရိန် ခွန်ထွန်းတင် | ဦးအောင်မင်း | အကြိုပဏာမ ဆွေးနွေးမှု ဖြစ်သည်။ နှစ်ဖက်စလုံးက တရားဝင် ပြည်နယ် အဆင့်ဆွေးနွေးပွဲ လာမည့်လတွင် ပြုလုပ်ရန် သဘောတူကြသည်။ |
| ၃ | ၂၂/၀၄/၂၀၁၂ | ဖုန်းဖြင့် | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | ဦးအောင်မင်း | အကြိုပဏာမ ဆွေးနွေးမှု ဖြစ်သည်။ နှစ်ဖက်စလုံးက တရားဝင် ပြည်နယ် အဆင့်ဆွေးနွေးပွဲ လာမည့်လတွင် ပြုလုပ်ရန် သဘောတူကြသည်။ |
| ၄ | ၂၇/၀၆/၂၀၁၂ | ဘန်ကောက်၊ ထိုင်းနိုင်ငံ | ခွန်ဥက္ကာ၊ ခွန်မြင့်ထွန်း၊ | ဦးအောင်မင်း | အကြိုပဏာမ ဆွေးနွေးမှု ဖြစ်သည်။ အချက် ၇-ချက်ပါ သဘောတူညီချက် မူကြမ်းကို လက်မှတ်ရေးထိုးကြသည်။ အစိုးရဖက်မှအခြားကိုယ်စားလှယ်များ- လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးခင်ရီ |
| ၅ | ၂၈/၀၇/၂၀၁၂ | ရန်ကုန် | ခွန်မြင့်ထွန်း နှင့် ခွန်သူရိန် | ဦးအောင်မင်း | အကြိုပဏာမ ဆွေးနွေးမှု ဖြစ်သည်။ လာမည့် ပြည်နယ်အဆင့် တရားဝင် ဆွေးနွေးပွဲ သဘောတူညီချက်အတွက် ကိစ္စများကို ဆွေးနွေးကြသည်။ ၎င်းအစည်းအဝေး နောက်ပိုင်းတွင် PNLO ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့က နိုင်ငံတွင်းသို့ လေ့လာရေး ခရီးစဉ်တစ်ခု ပြုခဲ့သည်။ (တောင်ကြီးနှင့် သထုံမြို့နယ်) |
| ၆ | ၂၅/၀၈/၂၀၁၂ | တောင်ကြီး၊ ရှမ်းပြည်နယ် | ခွန်မြင့်ထွန်း နှင့် ခွန်သူရိန် | ဦးအောင်မင်း | ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုး သည်။ အစိုးရဘက်မှအခြားကိုယ်စားလှယ်များ- ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ဝန် ကြီးချုပ် စဝ်အောင်မြတ်နှင့် အစိုးရ အရာရှိများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာန ချုပ်မှ တိုင်းမှူးဗိုလ်ချုပ် စိုးထွဋ်နှင့် အဆင့်မြင့် စစ်အရာရှိများ။ |

| | | | | | |
|---|---|---|---|---|---|
| ၇ | ၂၃/၀၃/၂၀၁၃ | MPC ရန်ကုန် | ဗိုလ်မှူးကြီး ခွန်ဥက္ကာ၊ ခွန်မြင့်ထွန်း နှင့် ဗိုလ်မှူးကြီး သူရိန်၊ CEC အဖွဲ့ဝင်များ | ဦးအောင်မင်း၊ ပြည်ထောင်စု ဝန်ကြီး ဦးခင် မောင်စိုး၊ ဦးဝင်း ထွန်း၊ဦးအုန်းမြင့်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် စဝ်အောင်မြတ် | ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီချက် အရေးကြီးသည့် အချက် ၁၀-ခုတွင် ကယ်ဆယ်ရေး၊ လူမှုရေး၊ မူးယစ်ဆေးဆန့်ကျင်ရေး နှင့် ဒေသဖွံ့ဖြိုးရေး၊ အပစ်အခတ်ရပ်စဲမှု ဆက်လက်ဆောင်ရွက်ရေးနှင့် နိုင်ငံ ရေးဆွေးနွေးပွဲများကိစ္စတို့ ပါဝင်သည်။ |
| ၈ | ၀၂/၀၉/၂၀၁၃ | တောင်ကြီး | RCSS, PNO, PNLO | ဦးရွှေမန်း ဦးသိန်းဇော်၊ ဒုဗိုလ်ချုပ်ကြီး အောင်သန်းထွဋ် | အလွတ်သဘော ဆွေးနွေးမှုဖြစ် သည်။ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည် နယ်၏ ဝင်ငွေဘဏ္ဍာ ၅၀% ကို ရှမ်း ပြည်နယ်တွင် သုံးနိုင်ရန်ပြောသည်။ |
| ၉ | ၂၀/၀၉/၂၀၁၃ | တောင်ကြီး | RCSS, SSPP, PNLO | ဦးအောင်မင်း | အလွတ်သဘော ဆွေးနွေးမှုဖြစ်သည်။ ရှမ်း၊ ကယား၊ မွန် ယုံကြည်မှုတည် ဆောက်ရေးဆွေးနွေးပွဲပြင်ပတွင်၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၂၁-၂၃ ရက်များ တွင် တွေ့ဆုံကြသည်။ |
| ၁၀ | ၅-၆/၀၉/၂၀၁၃ | နေပြည်တော် | ခွန်မြင့်ထွန်း နှင့် ခွန်တင်ဆွေဦး | ဦးအောင်မင်း၊ ဦးခင်ရီ၊ ဦးဝင်းထွန်း၊ ဦးစိုးသိန်းနှင့် ဦးသန်းငွေ | အလွတ်သဘော ဆွေးနွေးမှုဖြစ် သည်။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီချက်များကို ဆက်လက် အကောင်အထည်ဖော်ရေး၊ တစ်နိုင်ငံ လုံး အပစ်ရပ်စဲရေး၊ သန်းခေါင်စာရင်း တွင် ပါဝင်ဆောင်ရွက်ရေး ကိစ္စများ ဆွေးနွေးကြသည်။ |
| ၁၁ | ၁၃/၀၃/၂၀၁၄ | တောင်ကြီး | PNLO ၊ KNPP ၊ NDAA ၊ RCSS ၊ SSPP နှင့် UWSA | ဒေသန္တရအစိုးရ နှင့် MPC မှ ကိုယ်စားလှယ် များ | ဆက်ဆံရေးဆိုင်ရာ ညှိနှိုင်းဆောင် ရွက်ရေး အစည်းအဝေးပွဲကို တောင် ကြီးမြို့တွင် ၂၀၁၄ ခုနှစ် မတ်လ ၁၃ ရက်နေ့မှ ၁၄ ရက်အထိ ကျင်းပ ခဲ့သည်။ တပ်မတော်၊ ပြည်နယ်အစိုး ရတာဝန်ရှိသူများနှင့် KNPP၊ NDAA၊ PNLO၊ RCSS၊ SSPP နှင့် UWSA စသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ခြောက်ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၂ | ၁၇/၀၉/၂၀၁၄ | ချင်းမိုင်၊ ထိုင်းနိုင်ငံ | ခွန်မြင့်ထွန်း | MPC လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ | ဥက္ကဋ္ဌ ခွန်မြင့်ထွန်းဦးဆောင်သည့် PNLO အဖွဲ့နှင့် ဦးလှမောင်ရွှေ ဦးဆောင်သည့် MPC နည်းပညာအဖွဲ့တို့သည် ချင်းမိုင်မြို့တွင် တွေ့ဆုံခဲ့ကြသည်။ ယင်းမှာ အုပ်စုနှစ်ခု အကြားအလွတ်သဘောတွေ့ဆုံမှုဖြစ်ပြီး ၎င်းတို့က NCA ဆွေးနွေးပွဲများအတွက် ကြိုတင်ပြင်ဆင်မှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၁၃ | ၀၅/၀၁/၂၀၁၅ | နေပြည်တော် | PNLO အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၂ ဖွဲ့ | သမ္မတဦးသိန်းစိန် (မနက်ပိုင်း)၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (နေ့ခင်းပိုင်း) | နေပြည်တော်တွင် တိုင်းရင်းသားလက်နက်ကိုင် ၁၂ ဖွဲ့မှ ခေါင်းဆောင်များသည်မနက်ပိုင်းတွင် သမ္မတဦးသိန်းစိန်နှင့်တွေ့ဆုံခဲ့ပြီး နေ့ခင်းပိုင်းတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ကြသည်။ |
| ၁၄ | ၁၁/၀၂/၂၀၁၅ | နေပြည်တော် | PNLO အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၃ ဖွဲ့ | UPWC၊ ဦးအောင်မင်း | ဖေဖော်ဝါရီလ ၁၁ရက်နေ့တွင် နေပြည်တော်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၃ ဖွဲ့မှ ခေါင်းဆောင်များနှင့် UPWC တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ၎င်းတို့သည် "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ"တွင် လက်မှတ်ရေးထိုးခြင်းရှိ၊ မရှိ ဆွေးနွေးခဲ့ကြသည်။ |
| ၁၅ | ၁၂/၂/၂၀၁၅ | နေပြည်တော် | PNLO အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၃ ဖွဲ့ | သမ္မတ ဦးသိန်းစိန် | သမ္မတဦးသိန်းစိန်၊ RCSS၊ KNU ၊ DKBAနှင့် KPC တို့မှ ခေါင်းဆောင်များက "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကတိပြုလွှာ" တွင်လက်မှတ်ရေးထိုးခဲ့ကြသော်လည်း PNLO က လက်မှတ်ရေးထိုးခဲ့ခြင်းမရှိပေ။ |

## တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁ | UNFC | အဖွဲ့ဝင် | |
| ၂ | NCCT | အဖွဲ့ဝင် | EAOs SD အဖွဲ့ဝင် |
| ၃ | လိုင်ဇာတိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီမှု လက်မှတ်ရေးထိုးသည်။ |
| ၄ | လောခီးလား တိုင်းရင်းသားညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီမှု လက်မှတ်ရေးထိုးသည်။ |
| ၅ | စစ်မဟာမိတ် | | |
| ၆ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | | ရှမ်း၊ ကယား၊ မွန် ယုံကြည်မှုတည်ဆောက်ရေးဆွေးနွေးပွဲ |
| ၇ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | | |
| ၈ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | | |
| ၉ | မိတ်ဖက်အင်အားစုများ | | နိပွန် ဖောင်ဒေးရှင်းက ဆန်အိတ် ၁၂၀၀ ကို PNLO အဖွဲ့သို့ လှူဒါန်းသည်။ |
| ၁၀ | အစည်းအဝေးများတွင် လေ့လာသူ တက်ရောက်မှု | | |

## တိုးတက်ဖြစ်ပေါ်မှုများ

| တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက်နှင့် စိတ်ဓာတ် | D | | |
| ၂ | တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | D | | NCCT နှင့် ဆောင်ရွက် |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ထိန်းချုပ်ဒေသ | | | |
| ၄ | စောင့်ကြည့်မှု - အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့်အဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု - အပစ်ရပ်စောင့်ကြည့်မည့်အဖွဲ့ | | | |

| | | | | |
|---|---|---|---|---|
| ၆ | စစ်ရေးဆက်ဆံမှု | A | | PNLO/PNLA တပ်ဖွဲ့နေရာများကို ဆက်လက်ထိန်းသိမ်းထားရန်။ သတ်မှတ်နေရာများတွင်သာ နေထိုင်ရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။ သတ်မှတ်ဧရိယာပြင်ပသို့ လက်နက်ကိုင်ဆောင်သွားလာခြင်းမပြုရန် နှစ်ဖက်စလုံးက သဘောတူညီကြသည်။ လက်မှတ်ရေးထိုးသဘောတူညီထားသည့် ကျင့်ထုံးလုပ်နည်းများ ချိုးဖောက်မှုရှိပါက၊ ဆွေးနွေးကြရမည် ဖြစ်သည်။ တပ်ဖွဲ့များ၏ စားနပ်ရိက္ခာ၊ အဝတ်အထည်နှင့် အမိုးအကာများ ထောက်ပံ့ပေးရေးကို ပူးတွဲစီမံရန်။ |
| ၇ | လေ့လာသူများ | | | |
| နိုင်ငံရေး | | | | |
| ၈ | ပြည်သူများနှင့်တိုင်ပင်အကြံရယူမှု | | √ | * ၂၂-၇-၂၀၁၂။ ဦးအောင်မင်း၏ ဖိတ်ကြားမှုကြောင့် PNLO ၏ အဖွဲ့ဝင် ၇ ဦးပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ၁၀ ရက်ကြာ (ဇူလိုင် ၂၂ မှ ၃၁ အထိ) အလည်အပတ်သွားရောက်ခဲ့သည်။ လူပုဂ္ဂိုလ်များ၊ ပြည်နယ်ရှိ ပအိုဝ်နိုင်ငံရေးပါတီများ၊ ဘာသာရေးခေါင်းဆောင်များ၊ ပအိုဝ် တက်ကြွလှုပ်ရှားသူများနှင့်လည်း တိုင်ပင်အကြံရယူသည့် ဆွေးနွေးပွဲများကျင်းပနိုင်ခဲ့သည်။ သူတို့က PNO (ပအိုဝ်အမျိုးသား အဖွဲ့ချုပ်) နာယက ဦးအောင်ခမ်းထီနှင့် PNO ဥက္ကဋ္ဌ၊ အခြားအဆင့်မြင့် PNO ခေါင်းဆောင်များထံ သွားရောက်တွေ့ဆုံခဲ့ကြသည်။ PNO ဌာနချုပ်တွင် ပအိုဝ် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့်တိုင်ပင်အကြံရယူသည့် ဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။ တောင်ကျောင်းကြီးဆရာတော်ကိုလည်း ဖူးမြော်တွေ့ဆုံခဲ့သည်။ မွန်ပြည်နယ်၊ သထုံမြို့သို့သွား၍ ပအိုဝ်လူထုများ၊ ပအိုဝ် ဘုန်းတော်ကြီးများ၊ သထုံရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD-သထုံ)နှင့် ဆွေးနွေးပွဲများလည်း ကျင်းပခဲ့သည်။ |
| ၉ | တရားဝင်ဖြစ်စေမှု | | | |

| | | | | |
|---|---|---|---|---|
| ၁၀ | နိုင်ငံရေးအကျဉ်းသားလွှတ်ပေးမှု | | | |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသားအခွင့်အရေး | D | | |
| ၁၃ | အမျိုးသားနေ့ | | | ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ သထုံမြို့တွင် ပအိုဝ့်အမျိုးသား ညီလာခံကို ကျင်းပခဲ့သည်။ |
| ပြန်လည်နေရာချထားပေးခြင်း | | | | |
| ၁၄ | မှတ်ပုံတင်ကတ် | D | | |
| ၁၅ | ပြန်လည်နေရာချထားပေးရေး စီမံကိန်းများ | | | |
| ၁၆ | မိုင်းရှင်းလင်းရေး | | | |
| စီးပွားရေး | | | | |
| ၁၇ | အစိုးရမဟုတ်သော လက်နက်ကိုင်များ၏ ကုမ္ပဏီ | | | သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ မှတ်ပုံတင်မထားသော စီးပွားရေးလုပ်ငန်းများကို လျှော့ပေါ့ပေးမှု။ |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန်များ | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | A | | စိုက်ပျိုးရေးစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်သွားရန်။ |
| ၂၁ | ဖွံ့ဖြိုးရေး – ခရီးသွားလုပ်ငန်း | | | |
| ၂၂ | | | | |
| ၂၃ | ကားလိုင်စင်ကိစ္စ | | √ | ကား ၁၅ စီး အခွန်လွတ်နှင့် ကားအစီး ၃၀ အတွက် လျှော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။(၂၀၁၃) |
| လူမှုရေး | | | | |
| ၂၄ | မီဒီယာ | A | | ပအိုဝ့် သတင်းမီဒီယာ ထူထောင်နိုင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားရန်။ သီးခြားလွတ်လပ်သည့်ပအိုဝ့်သတင်းနှင့် မီဒီယာအဖွဲ့အစည်း ထူထောင်နိုင်ရေးအတွက် တောင်းဆိုထားသည်။ |

| | | | | |
|---|---|---|---|---|
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာစကား သင်ကြားမှု | | | |
| ၂၆ | အခြား | | | |
| မူးယစ်ဆေးဝါး | | | | |
| ၂၇ | မူးယစ်ဆေးဝါးပပျောက်ရေး | A | | မူးယစ်ဆေးစွဲမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် KNPP/ ABSDF တို့နှင့် တရားမဝင်ပူးပေါင်းဆောင်ရွက်မှု ရှိသည်။ |
| သဘာဝပတ်ဝန်းကျင် | | | | |
| ၂၈ | EIA | | | |


A = ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် ထည့်သွင်းလက်မှတ်ရေးထိုးမှု၊ D = တောင်းဆိုမှု၊ ➔ = စတင်နေပြီ၊
√ = ရရှိပြီးဖြစ်သည်။ × = မအောင်မြင်/မရရှိ

## ထုတ်ပြန်ကြေညာချက်များ

ဒီဇင်ဘာ ၁၁ ရက်၊ ၂၀၁၄ ခုနှစ် - မြေရှင်ပဒေသရာဇ်စနစ်ဆန့်ကျင်ရေး ၆၅ နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားအတွက် PNLO ကြေညာချက်တစ်စောင်ထုတ်ပြန်။
ဇန်နဝါရီလ ၁၂ ရက်၊ ၂၀၁၄ ခုနှစ် - တအဲန်း(ပလောင်) ၅၁ ကြိမ်မြောက်တော်လှန်ရေးနေ့ ပြည်သူသို့ ပန်ကြားချက်။
မေလ ၂၁ ရက်၊ ၂၀၁၃ ခုနှစ် - PNLO ပထအကြိမ် ကွန်ဂရက်ထုတ်ပြန်ကြေညာချက်။
မတ်လ ၂၆ ရက်၊ ၂၀၁၃ ခုနှစ် - အမျိုးသားနေ့သဝဏ်လွှာ
မတ်လ ၂၃ ရက်၊ ၂၀၁၃ ခုနှစ် - PNLO ပြည်ထောင်စုအဆင့် သဘောတူညီချက် (မြန်မာဘာသာဖြင့်)
မတ်လ ၂၃ ရက်၊ ၂၀၁၃ ခုနှစ် - PNLO ပြည်ထောင်စုအဆင့် သဘောတူညီချက် (အင်္ဂလိပ်ဘာသာဖြင့်)
ဇန်နဝါရီလ ၁ ရက်၊ ၂၀၁၂ ခုနှစ် - PNLO ၏ နှစ်သစ်ကူးထုတ်ပြန်ကြေညာချက်။
ဇန်နဝါရီလ ၃၁ ရက်၊ ၂၀၁၁ ခုနှစ် - PNLO နှစ်ပတ်လည်အစည်းအဝေး ထုတ်ပြန်ကြေညာချက်။
စက်တင်ဘာလ ၂၁ ရက်၊ ၂၀၁၀ခုနှစ် - နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့အတွက် PNLO ထုတ်ပြန်ကြေညာချက်။
ဖေဖော်ဝါရီလ ၂၇ ရက်၊ ၂၀၁၀ခုနှစ် - ပအိုဝ်အမျိုးသားနေ့အတွက် PNLO ၏ ထုတ်ပြန်ကြေညာချက်။
ဖေဖော်ဝါရီလ ၂၇ ရက်၊ ၂၀၁၀ခုနှစ် - ပအိုဝ် အမျိုးသားနေ့အတွက် ဂုဏ်ပြုသဝဏ်လွှာ

# Shan State Progress Party/Shan State Army

## သျှမ်းပြည် တိုးတက်ရေးပါတီ (သျှမ်းပြည်တပ်မတော် – မြောက်ပိုင်း)



UNFC အဖွဲ့ဝင် ဖြစ်သည်။ NCCT နှင့် EAOs SD အဖွဲ့ဝင် ဖြစ်သည်။



အစိုးရကခေါ်ဆိုသည့်အမည်- ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ-၃

## အကျဉ်းချုပ်

| | | |
|---|---|---|
| တည်ထောင်သည့်ရက်စွဲ | - | ၁၉၆၄/၁၉၈၉ ခုနှစ်။ |
| ဌာနချုပ် | - | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျေးသီးမြို့နယ် ဝမ်ဟိုင်းတွင် ဌာနချုပ် အခြေစိုက်သည်။ |
| လှုပ်ရှားဒေသ | - | ရှမ်းပြည်နယ်ရှိ နမ့်ခမ်း၊ လန်ခို၊ သီပေါ၊ ကျောက်မဲ၊ မိုင်းရှူး၊ တန့်ယန်း၊ မုန်းယိုင်၊ ကျေးသီး၊ လားရှိုး မြို့နယ်များ။ |
| ခန့်မှန်းအင်အား | - | ၈, ၀၀၀+ |
| ခေါင်းဆောင် | - | ဒုဗိုလ်ချုပ်ကြီး ပန်ဖ။ |

ရှမ်းတော်လှန်ရေးအဖွဲ့ကို ၁၉၅၈ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဧပြီလ ၂၅ ရက်နေ့တွင် ရှမ်းပြည်နယ်လွတ်လပ်ရေးတပ်မတော် (SSIA)ကို ကျိုင်းတုံမြို့၊ မိုင်းယောင်းမြို့နယ်၊ လွိုင်လတွင် ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌမှာ ခွန်မဟာဖြစ်ပြီး အတွင်းရေးမှူးချုပ်မှာ စဝ်ဆိုခန်းဖြစ်သည်။ ၁၉၆၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ရှမ်းတော်လှန်ရေးအဖွဲ့က SSA အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ စဝ်နန်းဟိန်ခမ်း(Yawnghwe မဟာဒေဝီ) က အဖွဲ့ဥက္ကဋ္ဌ ဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် SSPP အဖွဲ့ကို ထူထောင်ခဲ့ပြီး ပထမဆုံးညီလာခံကို ၁၉၇၁ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့ သည်။ SSPP အဖွဲ့သည် ၁၉၈၉ ခုနှစ်တွင် မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၉ ခုနှစ်အရောက်တွင် မြန်မာတပ်မတော်သည် SSPP အဖွဲ့ကို နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ဖိအားပေးခဲ့သည်။ SSPP/SSAတပ်မဟာ ၃ နှင့် ၇ တို့သည် အဆိုပါနှစ်တွင် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းခဲ့သည်။ သို့သော် ဗိုလ်မှူးကြီးပန်ဖ ဦးဆောင်သည့် တပ်မဟာ ၁ ကမူ နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် ငြင်းပယ်ခဲ့သည်။ ယင်းနောက်တွင် ဗိုလ်မှူးကြီးပန်ဖ(ယခု ဒုတိယဗိုလ်ချုပ်ကြီး) က SSPP/SSA ကို ပြန်လည်အသက်သွင်း ခဲ့သည်။ SSA အဖွဲ့ အနေဖြင့် မြန်မာစစ်တပ်နှင့် တိုက်ပွဲအချို့ ဖြစ်ပွားခဲ့သော်လည်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဆက်လက်ထိန်းသိမ်းခဲ့သည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ - ၃၁**

| | |
|---|---|
| ဒုဥက္ကဋ္ဌ | - စပ်ခေးတိုင်း |
| အထွေထွေအတွင်းရေးမှူး | - စဝ်ခွန်ဆိုင်း၊ စဝ်ခမ်းတီး |
| ပြောခွင့်ရပုဂ္ဂိုလ် | - စဝ်ဆိုင်းလ |
| အဖွဲ့ဝင် | - စဝ်နော်လိတ်၊ စဝ်စိုင်းဘထွန်း |
| စစ်ဦးစီးချုပ် | - စဝ်ပန်ဖ |

*စဝ်ခွန်ဆိုင်းသည် EAOs SD အဖွဲ့ဝင်ဖြစ်ပြီး စဝ်စိုင်းဘထွန်းသည် NCCT အဖွဲ့ဝင်ဖြစ်သည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ထပ်မံအပစ်အခတ်ရပ်စဲမှု - ဇန်နဝါရီ ၂၈ ၊ ၂၀၁၂
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးသော ၇ ဖွဲ့မြောက် လက်နက်ကိုင်အဖွဲ့ဖြစ်သည်။
**အဆင့် ၂** - ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲ(ဇန်နဝါရီ ၂၈ ၊ ၂၀၁၂)
ယခင်အပစ်အခတ်ရပ်စဲမှု - စက်တင်ဘာ ၀၂၊ ၁၉၈၉

**အပစ်အခတ်ရပ်စဲပြီးနောက် တိုက်ပွဲများ -**

၂၀၁၂ - ၁၃၀
၂၀၁၃ - ၇၁
၂၀၁၄ - ၁၀၀+
၂၀၁၅ - ၂ (ဇန်နဝါရီ - ဇွန်)

## တရားဝင်ကိုယ်စားလှယ်အဖွဲ့

အလှည့်ကျဖြစ်သည်။

## ဆက်ဆံရေးရုံးများ

၁။ လားရှိုး (ဖွင့်ပြီး၊ တာဝန်ခံ- ကိုလတ်)
၂။ တောင်ကြီး (ဖွင့်ပြီး၊ တာဝန်ခံ- စိုင်းကျော်ဇော)
၃။ ခိုလမ် (ဖွင့်ပြီး၊ တာဝန်ခံ- စိုင်းကျော်လွင်)
၄။ မူဆယ် (မဖွင့်ရသေး)
၅။ တာချီလိတ် (အတည်မပြုနိုင်)

## အစည်းအဝေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | SSPP ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ၂၉/၁၀/၂၀၁၂ | နေပြည်တော် | စဝ်နော်လိတ် | ဦးအောင်မင်း | ဝမ်ဟိုင်းဝန်းကျင်ရှိနေရာ ၄ ခုမှ မြန်မာစစ်တပ်ကို ရုပ်သိမ်းပေးရန် SSPP က အစိုးရကိုတောင်းဆိုခဲ့သည်။ |
| ၂ | ၂၈/၀၁/၂၀၁၂ | တောင်ကြီး၊ ရှမ်းပြည်နယ် | ဗိုလ်မှူးကြီး ခွန်စိုင်း | ဦးအောင် သောင်း | ပြည်နယ်နှင့်ပြည်ထောင်စုအဆင့် သဘောတူညီချက်<br>အခြား SAN-N ကိုယ်စားလှယ်များ- စဝ်ခေးတိုင်း<br>အခြားအစိုးရကိုယ်စားလှယ်များ - ဗိုလ်မှူးကြီးအောင်သူ |
| ၃ | ၂၂/၀၆/၂၀၁၂ | မန္တလေး | မသိ | မသိ | SSA နှင့် မြန်မာအစိုးရတပ်တို့အကြား အပြင်းအထန်တိုက်ပွဲဖြစ်ပွားပြီးနောက် အရေးပေါ်အစည်းအဝေးကို ဇွန်လ ၁၇၊ ၂၀၁၂ တွင် ကျင်းပသည်။ SSPP/SSA အခြေစိုက်စခန်း ၂-ခုမှ အစိုးရတပ်များ ပြန်ဆုတ်ပေးရန်သဘောတူညီသည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်တွင်းရှိကွန်နမိုင်နှင့် လွယ်ဖဖုန်း ဒေသများ ပါဝင်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၄ | ၁၀/၁၀/၂၀၁၂ | အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ လားရှိုး | ဗိုလ်မှူးကြီး ခွန်စိုင်း | ဦးအောင်မင်း | နှစ်ဖက်လုံးက SSPP နှင့်ပြည်တွင်း ဒုက္ခသည် မိသားစုများအတွက် ကျေးရွာသစ်တစ်ရွာ ထူထောင်ပေးရာ၌ ပူးပေါင်းဆောင်ရွက်ပေးရန် သဘောတူခဲ့ကြသည်။<br>SSPP ဖမ်းဆီးထားသော မြန်မာ တပ်မတော်သားများကို ပြန်လွှတ်ပေးရန် သဘောတူညီခဲ့သည်။ အစိုးရက ဆန်အိတ် ၁၀၀၀ နှင့် လက်တွန်းထွန်စက်နှစ်လုံးပေးလှူခဲ့သည်။<br>အခြား အစိုးရကိုယ်စားလှယ်များ– ဦးသိန်းဇော်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် စဝ်အောင်မြတ်၊ ဗိုလ်မှူးချုပ် အောင်စိုး၊ ဗိုလ်မှူးချုပ်မင်းနောင်၊ ဗိုလ်ချုပ်ဇော်ဝင်း၊ ဦးအုန်းသန်းနှင့် ဦးအေးမြင့်မောင်၊ ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦး |
| ၅ | ၃၁/၁၀/၂၀၁၂ | ခိုလမ်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရှမ်းပြည်နယ် | ဗိုလ်မှူးကြီး ခွန်စိုင်း | အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာချုပ် တိုင်းမှူးဗိုလ်ချုပ်မင်းနောင် | အောက်ပါအချက်များအပေါ်တွင် သဘောတူညီကြသည်။ SSPP/SSA က ခိုလမ်တွင်ဆက်ဆံရေးရုံးပြန်ဖွင့်မည်။ SSPP စခန်းအနေဖြင့် တဆမ်ပူးလေ့ဆိပ်နေရာမှ ရွှေပြောင်းရန် မလိုအပ်ပေ။ မိုင်းရှူးဇရိယာတွင် ခဲနှင့်ပတ္တမြားတူးဖော်ခွင့်ပြုသည်။<br>အခြား SSA-N ကိုယ်စားလှယ်များ စဝ်နော်လိတ်၊ စိုင်းကျော်ဝင်း၊ ဗိုလ်မှူးခါးမောင်း။ အစိုးရဘက်မှ အခြား ကိုယ်စားလှယ်များ– စစ်ဦးစီးပထမတန်း ဒုဗိုလ်မှူးကြီးမျိုးထွဋ်ဦး၊ ဗိုလ်မှူးရဲရင့်ဝင်း၊ ဗိုလ်မှူးကောင်းကျော် (ထောက်လှမ်းရေး) |

| | | | | | |
|---|---|---|---|---|---|
| ၆ | ၂၁/၀၂/၂၀၁၃ | လားရှိုး၊ ရှမ်းပြည်နယ် | ဗိုလ်မှူးနော်လေး | ဗိုလ်မှူးချုပ် အောင်စိုး | မကြာသေးမီက ဖြစ်ခဲ့သည့် တိုက်ပွဲများကိစ္စ ဆွေးနွေးသည်။ |
| ၇ | ၀၃/၀၄/၂၀၁၃ | လားရှိုး၊ ရှမ်းပြည်နယ် | ဗိုလ်မှူးကြီး ခွန်စိုင်း | ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်နှင့် စစ်ဘက်အဆင့် မြင့်အရာရှိများ | အရေးပေါ် အစည်းအဝေးဖြစ်သည်။ SSPP က သူတို့ထိန်းချုပ်ရာဒေသတွင်းမှ မြန်မာစစ်တပ်စစ်ကြောင်း ပြန်ဆုတ်ပေးရန် တောင်းဆိုသည်။ အစိုးရ ကိုယ်စားလှယ်များက သမ္မတထံ ပြန်လည်တင်ပြပေးမည်ဟု ကတိပေးကြသည်။ |
| ၈ | ၁၁/၀၅/၂၀၁၃ | ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးမြို့ | စဝ်ခေးတိုင်း၊ စဝ်ခမ်းမိုင် (ဆက်ဆံရေးရုံး)၊ စဝ်အောင်လှ (ဆက်ဆံရေးရုံး)၊ စဝ်ခမ်းမောင် (ဗဟိုကော်မတီဝင်)၊ စဝ်ရွှေလှ (အတွင်းရေးမှူး)၊ စဝ်နော်လိတ် | ဦးသိန်းဇော် | ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ သဘောတူညီချက်ပါ ၄-ချက်ကို ဆက်လက်ဆုပ်ကိုင်ရန် သဘောတူညီကြသည်။ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းရန်၊ နှစ်ဖက်စလုံးက ပြည်သူ လူထုများကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်၊ ထိန်းချုပ်ရာဒေသ နယ်နိမိတ် သတ်မှတ်မှုများအတွက် စစ်တပ်ခေါင်းဆောင်များနှင့် တွေ့ဆုံရန်ဖြစ်သည်။<br>ဝန်ကြီးများဖြစ်သည့် ဦးဝင်းမြင့်၊ ဦးခင်မောင်စိုး၊ ဦးကျော်ကျော်ဝင်း၊စဝ်အောင်မြတ် (ရှမ်းပြည်နယ် ဝန်ကြီးချုပ်)၊ တြိဂံတိုင်းမှ ဗိုလ်ချုပ်သန်းထွဋ်ဦး၊ ဗဟိုအရှေ့ပိုင်းတိုင်းမှ ဗိုလ်မှူးချုပ်မင်းနောင်၊အရှေ့မြောက်တိုင်းမှ ဗိုလ်မှူးချုပ်အောင်စိုး၊ ရှမ်း ပြည်နယ် နယ်စပ်/လုံခြုံဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးစိုးဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဦးစံရွှေအောင်တို့ တက်ရောက်ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၉ | ၁၃/၀၇/၂၀၁၃ | လားရှိုး၊ ရှမ်းပြည်နယ် | ဦးစဝ်ခွန်စိုင်း | ဦးသိန်းဇော် | တည်ထောင်ပြီးဖြစ်သည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ယုံကြည်မှုနှင့်စည်းကမ်းထိန်းသိမ်းရေးကိစ္စများကို ပိုမိုခိုင်မာအောင်ပြုသည်။ ချစ်ကြည်ရေး တည်ဆောက်သည်။ SSPPအဖွဲ့အနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများသို့ တက်လှမ်းနိုင်ရန် လိုအပ်သောပြင်ဆင်မှုများပြုလုပ်ဖို့ တိုက်တွန်းသည်။ |
| ၁၀ | ၀၆/၀၉/၂၀၁၃ | လားရှိုး၊ ရှမ်းပြည်နယ် | SSPP | ဦးရွှေမန်း၊ ဦးသိန်းဇော် | အလွတ်သဘောဆွေးနွေးမှု ဖြစ်သည်။ |
| ၁၁ | ၂၀/၀၉/၂၀၁၃ | တောင်ကြီး၊ ရှမ်းပြည်နယ် | RCSS၊ SSPP ၊ PNLO | ဦးအောင်မင်း | အလွတ်သဘော ဆွေးနွေးမှု ဖြစ်သည်။ ရှမ်း၊ ကယား၊ မွန် ယုံကြည်မှုတည်ဆောက်ရေး ဆွေးနွေးပွဲပြင်ပတွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၁-၂၃ တွင်တွေ့ဆုံကြသည်။ |
| ၁၂ | ၀၁/၀၃/၂၀၁၄ | နေပြည်တော် | စဝ်ခွန်စိုင်း | | UWSA ၊ NDAA နှင့် SSPP တို့မှ ခေါင်းဆောင်များသည် နေပြည်တော်ရှိ သန်းခေါင်စာရင်းဆိုင်ရာ အလုပ်ရုံဆွေး နွေးပွဲတစ်ခုသို့တက်ရောက်ပြီး နောက်တွင် သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့ကြသည်။ |
| ၁၃ | ၀၃/၀၃/၂၀၁၄ | နေပြည်တော် | စဝ်ခွန်စိုင်း | သူရဦးရွှေမန်း | စဝ်ခွန်စိုင်း ဦးဆောင်သည့် SSPP မှ ကိုယ်စားလှယ်သုံးဦးသည် UWSA၊ NDAAခေါင်းဆောင်များနှင့်အတူ နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်သို့ သွားရောက်လည်ပတ်စဉ် သူရဦးရွှေမန်းနှင့် တွေ့ဆုံခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၄ | ၀၆/၀၄/၂၀၁၄ | နေပြည်တော် | ဗိုလ်မှူးကြီး စိုင်းလ | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | SSPP နှင့် မြန်မာ့တပ်မတော် ကာကွယ် ရေးဦးစီးချုပ်တို့ သည် လားရှိုးမြို့တွင် ပထမဆုံး အကြိမ်အဖြစ် တွေ့ဆုံခဲ့ကြ သည်။ ၄င်းက တပ်မတော်လမ်း ညွှန်ချက်ခြောက်ရပ်ကို ရှင်း လင်းပြောဆိုခဲ့သည်။ UWSA နှင့် NDAA ခေါင်းဆောင် များ လည်း တက်ရောက်ခဲ့ကြသည်။ |
| ၁၅ | ၀၈/၀၇/၂၀၁၄ | နေပြည်တော် | အတွင်းရေးမှူး ဗိုလ်မှူးကြီး ခွန်စိုင်းနှင့် ခေါင်းဆောင် ၁၁ ဦး | ဦးသိန်းဇော်၊ UPWC ဒုဥက္ကဋ္ဌ | အလွတ်သဘောတွေ့ဆုံမှုဖြစ် သည်။ ဦးသိန်းဇော်သည်မကြာသေးမီက ရှမ်းပြည်နယ် မြောက်ပိုင်းတွင် SSPP နှင့် မြန်မာ့တပ်မတော် အကြားဖြစ်ပွားသည့် တင်းမာမှု နှင့်ပတ်သက်၍ ဆွေးနွေးရန် SSPP ကိုယ်စားလှယ်များကို ဖိတ်ခေါ်ခဲ့သည်။ SSPP အဖွဲ့က ၄င်းတို့ ထိန်းချုပ်ထားသော ဧရိယာမှမြန်မာစစ်တပ်ရုပ်သိမ်း ပေးရန် တောင်းဆိုခဲ့သည်။ |
| ၁၆ | ၂၅/၀၈/၂၀၁၄ | နေပြည်တော် | SSPP - ဗိုလ်ချုပ်ကြီး ခေးတိုင်း (ဒု -ဥက္ကဋ္ဌ) | သမ္မတ ဦးသိန်းစိန် | အလွတ်သဘော တွေ့ဆုံမှုဖြစ် သည်။ သမ္မတဦးသိန်းစိန်က အစိုးရ အနေဖြင့် ပြည်တွင်းငြိမ်းချမ်း ရေး ပြန်လည်ထူထောင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်ကြောင်း နှင့် မူဝါဒလည်းချမှတ်ထားပြီး ဖြစ်ကြောင်း ရှင်းလင်းပြောဆို ခဲ့သည်။ မြန်မာစစ်တပ်အနေဖြင့် အဆိုပါမူဝါဒကို လိုက်နာမည် ဖြစ်သည်။ ဦးသိန်းစိန်က တစ် ပြည်လုံးအပစ်အခတ်ရပ်စဲရေး တွင်တိုင်းရင်းသားလက်နက်ကိုင် များအားလုံးပါဝင်ရန် တိုက်တွန်း ခဲ့သည်။ NDAA - ရှောင်မင်း လျန် (ဒုဥက္ကဋ္ဌ)လည်း အစည်း အဝေးပွဲသို့ တက်ရောက်ခဲ့သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၇ | ၂၅/၀၈/၂၀၁၄ | နေပြည်တော် | SSPP - ဗိုလ်ချုပ်ကြီး ခေးတိုင်း (ဒု-ဥက္ကဋ္ဌ) | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ ၎င်းတို့သည် နေပြည်တော်ရှိဘုရင့်နောင်ခန်းမတွင် တွေ့ဆုံခဲ့ကြသည်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်၏ လမ်းညွှန်ချက်ခြောက်ရပ်ကို ရှင်းလင်းပြောဆိုခဲ့သည်။ ၎င်းတို့သည် ဒေသန္တရ ဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဆန့်ကျင်ရေး ပူးပေါင်းဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ NDAA - ဦးစံဖေ၊ UWSA - ရှောင်မင်းလျှန်လည်း အစည်းအဝေးသို့တက်ရောက်ခဲ့သည်။ |
| ၁၈ | ၂၆/၀၈/၂၀၁၄ | နေပြည်တော် | SSPP - ဗိုလ်ချုပ်ကြီး ခေးတိုင်း (ဒု-ဥက္ကဋ္ဌ) | လွှတ်တော် ဥက္ကဋ္ဌ ဦးရွှေမန်း၊ ဦးခင်အောင်မြင့် | အလွတ်သဘော တွေ့ဆုံမှုဖြစ်သည်။ SSPP၊ NDAA နှင့် UWSAတို့မှ ခေါင်းဆောင်များက ပြည်ထောင်စုလွှတ်တော်သို့ သွားရောက်လည်ပတ်ခဲ့ကြပြီး လွှတ်တော်ဥက္ကဋ္ဌများဖြစ်သော သူရဦးရွှေမန်း၊ ဦးခင်အောင်မြင့် တို့နှင့် တွေ့ဆုံခဲ့ကြသည်။ NDAA - ဦးစံဖေ (ဒုဥက္ကဋ္ဌ)၊ UWSA - ရှောင်မင်းလျှန် (ဒုဥက္ကဋ္ဌ) တို့လည်း အစည်းအဝေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ |
| ၁၉ | ၀၂-၀၄/၁၀/၂၀၁၄ | ဖန်ကောက် | SNLD၊ SNDP၊ RCSS ၊ SSPP | ဦးအောင်မင်း | ဝန်ကြီးဦးအောင်မင်းသည် ဖန်ကောက်မြို့တွင်ကျင်းပသည့်ရှမ်းနိုင်ငံရေးပါတီများနှင့် လက်နက်ကိုင်အဖွဲ့များ အစည်းအဝေးပွဲ၌ အဖွင့်မိန့်ခွန်း ပြောဆိုခဲ့သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၂၀ | ၀၆/၁၀/၂၀၁၄ | လားရှိုး၊ ရှမ်းပြည် မြောက်ပိုင်း | SSPP ခေါင်း ဆောင်များ | တပ်မတော်မှ အဆင့်မြင့် အရာရှိများ၊ ရှမ်းပြည်နယ် အစိုးရအရာရှိ များ | ပဋိပက္ခထိန်းချုပ်ရေးဆွေးနွေးပွဲ ဖြစ်သည်။ ၎င်းတို့သည် ရှမ်း ပြည်နယ်မြောက်ပိုင်းတွင် SSPP နှင့်မြန်မာစစ်တပ်အကြား ဖြစ်ပွား နေသည့်စစ်ပွဲများကို ရပ်တန့်ရေး ဆွေးနွေးခဲ့ကြသည်။ SSPP နှင့် မြန်မာစစ်တပ်အကြား အောက် တိုဘာ ၁ ရက် နေ့မှ ၅ ရက်နေ့ အထိတိုက်ပွဲများဖြစ်ပွားခဲ့သည်။ |
| ၂၁ | ၁၈/၁၀/၂၀၁၄ | ရွှေလီခန်းမ၊ လားရှိုး၊ ရှမ်းပြည် မြောက်ပိုင်း | SSPP - စဝ်ခွန်စိုင်း ခေါင်းဆောင် သည့် ကိုယ်စားလှယ် ၆ ဦး | ဦးသိန်းဇော်၊ ဦးခင်မောင်စိုး၊ ဦးဝင်းမြင့်၊ ဒုတိယဗိုလ်ချုပ် ကြီးသက်နိုင် ဝင်း၊ ဗိုလ်ချုပ် အောင်စိုး၊ ဗိုလ် ချုပ်ကိုကိုနိုင်၊ ဗိုလ်မှူးကြီး ကျော်စိုးဝင်း၊ ဗိုလ်မှူးကြီး အောင်သူ၊ စဝ်အောင်မြတ် | SSPP နှင့် UPWC တို့သည် ရှမ်း ပြည်မြောက်ပိုင်း လားရှိုးမြို့ရှိ ရွှေလီခန်းမတွင် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၈ ရက် နေ့ ၌ တွေ့ဆုံခဲ့ကြသည်။ UPWC သည် ဒေသတည်ငြိမ်အေးချမ်း ရေးနှင့်ဖွံ့ဖြိုးရေး၊ ဆက်ဆံရေး ရုံးများကို အဆင့်မြှင့်တင်ရေး၊ ဆက်ဆံရေးရုံးမှတစ်ဆင့် စစ်မှု ရေးရာများကို ဆွေးနွေးရေးနှင့် ဒေသဖွံ့ဖြိုးရေးအကောင်အထည် ဖော်ဆောင်ရွက်ရေး စသည့် အချက်လေးချက်ကို တင်သွင်း ခဲ့သည်။ အဆိုပါအစည်းအဝေး ပွဲကို "ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုး ရေး" ဟူသော ခေါင်းစဉ်အောက် တွင် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၂၂ | ၃၁/၁၀/၂၀၁၄ | နေပြည်တော် | SSPP - စစိုင်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်များ | UPWC - ဦးအောင်မင်း၊ MPC- ဒေါက်တာမင်းဇော်ဦး | ၄င်းတို့ သည် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ပူးတွဲစောင့်ကြည့်ရေးအဖွဲ့ ထူထောင်ရန် ဆွေးနွေးခဲ့သော်လည်း သဘောတူညီချက် မရရှိခဲ့ပေ။ အကြောင်းမှာ နှစ်ဖက်လုံး အနေဖြင့် အထက်အရာရှိများကို ပြန်လည်အစီရင်ခံရန် ရှိနေကြသောကြောင့် ဖြစ်သည်။ SSPP အဖွဲ့ကပူးတွဲကော်မတီတွင် လူထုအခြေပြု အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လူကြီးပိုင်းများ မဖြစ်မနေပါဝင်ရမည်ဟု အဆိုပြုသည်။ UPWC ကမူ ပူးတွဲကော်မတီတွင် ပြည်နယ်အစိုးရ တာဝန်ရှိသူများ၊ နယ်စပ်ရေးရာဝန်ကြီးနှင့် စစ်ဘက်အရာရှိများ မဖြစ်မနေပါဝင်ရမည်ဟုအဆိုပြုခဲ့သည်။ |
| ၂၃ | ၀၅/၀၁/၂၀၁၅ | နေပြည်တော် | SSPP အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် ၁၂ ဖွဲ့ | သမ္မတ ဦးသိန်းစိန် (မနက်ပိုင်း)၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (နေ့ခင်းပိုင်း) | နေပြည်တော်တွင်တိုင်းရင်းသားလက်နက်ကိုင် ၁၂ ဖွဲ့မှ ခေါင်းဆောင်များသည် မနက်ပိုင်းတွင် သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့ပြီး နေ့ခင်းပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ကြသည်။ ၄င်းတို့သည် တစ်ပြည်လုံးအပစ် အခတ်ရပ်စဲရေးအပေါ်သဘောထားအမြင်များကို ဖလှယ်ခဲ့ကြသည်။ |
| ၂၄ | ၁၁/၀၂/၂၀၁၅ | နေပြည်တော် | SSPP အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် ၁၃ ဖွဲ့ | UPWC၊ ဦးအောင်မင်း | ဖေဖော်ဝါရီလ ၁၁ ရက်နေ့ တွင် နေပြည်တော်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၃ ဖွဲ့မှခေါင်းဆောင်များနှင့် UPWC တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ၄င်းတို့သည် "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကတိပြုလွှာ"တွင်လက်မှတ်ရေးထိုးခြင်းရှိမရှိဆွေးနွေးခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၂၅ | ၁၂/၀၂/၂၀၁၅ | နေပြည်တော် | SSPP အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် ၁၃ ဖွဲ့ | သမ္မတ ဦးသိန်းစိန် | သမ္မတဦးသိန်းစိန်၊ RCSS ၊ KNU ၊ DKBA နှင့် KPC တို့မှခေါင်းဆောင်များက "ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ"တွင် လက်မှတ်ရေးထိုးခဲ့ကြသော်လည်း SSPP က လက်မှတ်ရေးထိုးခဲ့ခြင်း မရှိပေ။ |

## တိုင်းရင်းသားပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁ | UNFC | အဖွဲ့ဝင် | |
| ၂ | NCCT | အဖွဲ့ဝင် | EAOs SD အဖွဲ့ဝင် |
| ၃ | လိုင်ဇာတိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူညီမှု လက်မှတ်ရေးထိုးသည်။ |
| ၄ | လောခီးလား တိုင်းရင်းသားညီလာခံ ၂ | တက်ရောက်သူ | သဘောတူညီမှု လက်မှတ်ရေးထိုးသည်။ |
| ၅ | စစ်မဟာမိတ် | - | UNFC နှင့် FUA အဖွဲ့ဝင် |
| ၆ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | - | |
| ၇ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | - | |
| ၈ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | တက်ရောက်သူ | "ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်း" ရှမ်းညီလာခံ (နိုဝင်ဘာ ၂၆၊ ၂၀၁၂) |
| ၉ | မိတ်ဖက်အင်အားစုများ | အဖွဲ့ဝင် | CQU |
| ၁၀ | အစည်းအဝေးများတွင် လေ့လာသူ တက်ရောက်မှု | - | |

## တိုးတက်ဖြစ်ပေါ်မှုများ

| တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက်နှင့် စိတ်ဓာတ် | A | | ပင်လုံစာချုပ်ပါသဘောတူညီချက်များ၊ ပင်လုံစာချုပ်၏ အနှစ်သာရဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက်ခွဲခြားဆက်ဆံမှု မရှိစေရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုခြင်း။ |

| | | | | |
|---|---|---|---|---|
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု | | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | A | | SPP/QA စစ်သားများကို ဝမ်ဟိုင်းနှင့် အခြား ယာယီနေရာများတွင် အခြေစိုက်ရန်ခွင့်ပြုသည်။ |
| ၄ | စောင့်ကြည့်မှု- အကျပ်အတည်းများကို ကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | D | | SSPP ကအပစ်အခတ်ရပ်စဲရေး ပူးတွဲစောင့်ကြည့် မှုကော်မတီကို ဖွဲ့စည်းရန် အဆိုပြုခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ခြင်းမရှိပေ။ |
| ၆ | စစ်ရေးဆက်ဆံမှု | | | |
| ၇ | လေ့လာသူများ | | | |
| နိုင်ငံရေး | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | | | SSPP အဖွဲ့သည်ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပြည်သူများနှင့်တိုင်ပင်အကြံဉာဏ်ရယူရေးဆွေး နွေးပွဲကို ၂၀၁၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည်။ |
| ၉ | တရားဝင်ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသားလွှတ်ပေးမှု | | | |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသားအခွင့်အရေး | D | | |
| ၁၃ | အမျိုးသားနေ့ | | | |
| ပြန်လည်နေရာချထားပေးခြင်း | | | | |
| ၁၄ | မှတ်ပုံတင်ကတ် | | | |
| ၁၅ | ပြန်လည်နေရာချထားပေးရေး စီမံကိန်းများ | A | | ဒေသဆိုင်ရာ ငြိမ်းချမ်းရေးကိစ္စများ၊ တည်ငြိမ် ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊တပ်ဖွဲ့များ ရှင်သန်ရပ် တည်နိုင်ရေး၊ ဒေသတွင်း ရေရှည်ငြိမ်းချမ်းရေး တည်တံ့စေရေးအတွက် ဆက်လက်၍ ဆွေးနွေး သွားမည်။ SSPP/QA မိသားစုဝင်များအပါအဝင်၊ လူ ၃,၅၀၀ ကိုမိုင်းရှူးမြို့နယ်၊ မုန်းကောင်းမြို့ နယ်ခွဲသို့ ပြန်လည်နေရာချထားခဲ့သည်။ သူတို့က မိသားစုဝင်များ သက်မွေးဝမ်းကျောင်းကိစ္စများ၊ သယ်ယူပို့ဆောင်ရေးကိစ္စများ၊ နေထိုင်မှု အဆင့် အတန်း ပိုမိုကောင်းမွန်စေရေးကိစ္စများကို ဆွေး နွေးခဲ့ကြသည်။ |

| | | | | |
|---|---|---|---|---|
| ၁၆ | မိုင်းရှင်းလင်းရေး | | | |
| စီးပွားရေး | | | | |
| ၁၇ | အစိုးရမဟုတ်သော လက်နက်ကိုင်များ၏ ကုမ္ပဏီ | | | |
| ၁၈ | အထူးစီးပွား/ စက်မှုဇုန်များ | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |
| ၂၀ | ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှုများ | A | | ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြေလွတ်မြေရိုင်းဖော်ထုတ်ရေးကိစ္စများ၊ ရေရှည်သီးပင်၊ စားပင်စိုက်ပျိုးရေးကိစ္စများလည်း ဆွေးနွေးထားသည်။ |
| ၂၁ | ဖွံ့ဖြိုးရေး – ခရီးသွားလုပ်ငန်း | | | |
| ၂၂ | | | | |
| ၂၃ | ကားလိုင်စင်ကိစ္စ | | √ | ကား ၂၀ စီး အခွန်လွတ်နှင့် ကားအစီး ၄၀ အတွက် လျော့ပေါ့အခွန် နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| လူမှုရေး | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာစကား သင်ကြားမှု | | | |
| ၂၆ | အခြား | | | |
| မူးယစ်ဆေးဝါး | | | | |
| ၂၇ | မူးယစ်ဆေးဝါးပပျောက်ရေး | A | | |
| သဘာဝပတ်ဝန်းကျင် | | | | |
| ၂၈ | EIA | | | |

A = ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် ထည့်သွင်းလက်မှတ်ရေးထိုးမှု၊ D = တောင်းဆိုမှု၊ ➔ = စတင်နေပြီ၊ √ = ရရှိပြီးဖြစ်သည်။ × = မအောင်မြင်/မရရှိ

# ထုတ်ပြန်ကြေညာချက်များ

| | |
|---|---|
| ဇွန် ၃၀၊ ၂၀၁၅ | - နှစ်တစ်ကြိမ်အစည်းအဝေးပွဲပြီးနောက် SSPP က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ (အင်္ဂလိပ်ဘာသာဖြင့်) |
| ဇွန် ၃၀၊ ၂၀၁၅ | - နှစ်တစ်ကြိမ်အစည်းအဝေးပွဲပြီးနောက် SSPP က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ (မြန်မာဘာသာဖြင့်) |
| ဖေဖော်ဝါရီ ၁၄၊ ၂၀၁၅ | - ကိုးကန့်လက်နက်ကိုင် ပဋိပက္ခများကို SSPP က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ (အင်္ဂလိပ်ဘာသာဖြင့်) |
| ဖေဖော်ဝါရီ ၁၄၊ ၂၀၁၅ | - လောက်ကိုင်တွင် လက်နက်ကိုင်ပဋိပက္ခများအကြောင်း SSPP က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ |
| ဒီဇင်ဘာ ၃၁၊ ၂၀၁၄ | - နှစ်စဉ်ညီလာခံနှင့်ပတ်သက်၍ SSPP ကြေညာချက်ထုတ်ပြန် (အင်္ဂလိပ်ဘာသာဖြင့်) |
| ဒီဇင်ဘာ ၃၁၊ ၂၀၁၄ | - နှစ်စဉ်ညီလာခံနှင့်ပတ်သက်၍ SSPP ကြေညာချက်ထုတ်ပြန် (မြန်မာဘာသာဖြင့်) |
| ဒီဇင်ဘာ ၁၃၊ ၂၀၁၄ | - အမေရိကန်သံအမတ်ကြီးထံ SSPP/QA အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့ (၁၃ ဒီဇင်ဘာ) |
| အောက်တိုဘာ ၁၀၊၂၀၁၄ | - SSPP ကို မြန်မာစစ်တပ်တိုက်ခိုက်မှုနှင့်ပတ်သက်၍ SSPP ကြေညာချက်တစ်စောင် ထုတ်ပြန် (အင်္ဂလိပ်ဘာသာဖြင့်) |
| အောက်တိုဘာ ၁၀၊ ၂၀၁၄ | - SSPP ကို မြန်မာစစ်တပ်တိုက်ခိုက်မှုနှင့်ပတ်သက်၍ SSPP ကြေညာချက်တစ်စောင် ထုတ်ပြန် (မြန်မာဘာသာဖြင့်) |
| အောက်တိုဘာ ၀၄၊ ၂၀၁၄ | - SNLD၊ SNDP ၊ RCSS နှင့် SSPP တို့က ပူးတွဲကြေညာချက်ထုတ်ပြန် (၄ အောက် တိုဘာ) |
| အောက်တိုဘာ ၀၃၊ ၂၀၁၄ | - ရှမ်းခေါင်းဆောင်များက သမ္မတထံ အိတ်ဖွင့်ပေးစာတစ်စောင်ပေးပို့ |
| ဒီဇင်ဘာလ ၃၁၊ ၂၀၁၃ ခုနှစ် | - SSPP/QA က ဗဟိုကော်မီတီအစည်းအဝေးနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာသည်။ |
| စက်တင်ဘာလ၂၁၊ ၂၀၁၃ခုနှစ် | - SSPP ဗိုလ်ချုပ်ဆေထင်နှင့် 7 Days News တို့ တွေ့ဆုံမေးမြန်းခန်းပြုသည်။ |
| ဇူလိုင် ၈၊ ၂၀၁၃ ခုနှစ် | - SSPP^QA က တစ်နှစ် နှစ်ကြိမ်ကျင်းပသည့် အစည်းအဝေးထုတ်ပြန်ကြေညာချက်ပြုသည်။ |
| ဇန်နဝါရီလ ၁၀၊ ၂၀၁၃ ခုနှစ် | - NDAA, UWSAနှင့် SSPP/QA တို့က KIOအပေါ် ထိုးစစ်ဆင်နေမှု ရပ်ဆိုင်းရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများစတင်ရန် ပူးတွဲကြေညာချက်ထုတ်ပြန်သည်။ |

# Restoration Council of Shan State/Shan State Army

## သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ
## သျှမ်းပြည်တပ်မတော် (တောင်ပိုင်း)



အစိုးရက ခေါ်ဆိုသည့်အမည် - သျှမ်းပြည်တပ်မတော်(တောင်ပိုင်း)

http://www.RCSSanc.org

http://www/taifreedom.com

## အကျဉ်းချုပ်

| | |
|---|---|
| တည်ထောင်သည့်ရက်စွဲ | - ၁၉၆၄/၁၉၉၆ ခုနှစ်။ |
| ဌာနချုပ် | - ရှမ်းပြည်နယ်တောင်ပိုင်း၊ လွယ်တိုင်းလန်း ဒေသ |
| လှုပ်ရှားဒေသ | - ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ မိုင်းတုံ၊ မိုင်းဆတ်၊ ရှမ်းပြည်နယ် တောင်ပိုင်းရှိ မိုင်းပန်၊ မိုးနဲ၊ လဲချား၊ ကွန်ဟိန်း၊ ရပ်စောက်၊ မောက်မယ်၊ မိုင်းကောင်း၊ နမ့်ဆန် ဒေသများ။ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကျောက်မဲ၊ နမ့်ခမ်း ဒေသများ။ |
| ခန့်မှန်းအင်အား | - ၈,၀၀၀+ |
| ခေါင်းဆောင် | - ဒုဗိုလ်ချုပ်ကြီး ယွတ်စစ်။ |

QA တောင်ပိုင်းဟု လူသိများသည့် RCSS အဖွဲ့ကို ကွယ်လွန်သွားပြီဖြစ်သည့် ဗိုလ်ချုပ်ကြီး ဂေါင်ကျန်းဦးဆောင်သည့် ရှမ်းပြည်ညီညွတ်သောတော်လှန်ရေးတပ်မတော် (SURA) အဖွဲ့က ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကြီး ဂေါင်ကျန်းသည် ၁၉၇၀ အစောပိုင်းနှစ်များက CPB နှင့် မဟာမိတ်ဖွဲ့ခြင်းကို ဆန့်ကျင်ခဲ့သူဖြစ်သည်။ နောက်ပိုင်းတွင် စဝ်ယွတ်ဆစ်ဦးဆောင်သည့် SURA အဖွဲ့သည် ၁၉၉၆ ခုနှစ်အတွင်း လက်နက်ချရန်ဆုံးဖြတ်လိုက်သည့် ခွန်ဆာဦးဆောင်သော မုန်းတိုင်းအဖွဲ့မှ ခွဲထွက်သွားခြင်းဖြစ်သည်။ စဝ်စိုင်းယီဦးဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (QNA) သည် ၂၀၀၅ ခုနှစ် မေလ ၂၁ ရက်နေ့တွင် RCSS နှင့် ပူးပေါင်းခဲ့သည်။ RCSS အဖွဲ့သည် ခိုင်မာသောဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ပေါ်ပေါက်လာရေး၊ နိုင်ငံရေးတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့အတွက် ကြိုးပမ်းလျက်ရှိသည်။

**ဆက်နွယ်နေမှုများ** - ဗမာပြည်ကွန်မြူနစ်ပါတီ (BCP)၊ သျှမ်းပြည်ညီညွတ်သော တော်လှန်ရေးတပ်မတော် (SURA)၊ မုန်တိုင်းတပ်မတော် (MTA)။

သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) က လေးနှစ်တစ်ကြိမ် ရွေးကောက်ပွဲများကျင်းပသည်။ ၂၀၁၄ တွင် ဖေဖော်ဝါရီလတွင် ဒုဗိုလ်ချုပ်ကြီးယွတ်စစ်ပင် နောက်ထပ် ၄-နှစ်သက်တမ်းအတွက် RCSS ဥက္ကဋ္ဌအဖြစ် ပြန်၍ရွေးချယ်ခံရသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီဝင် ၁၁ ဦး**

| | |
|---|---|
| ဥက္ကဋ္ဌနှင့် စစ်ဦးစီးချုပ် | - ဒုဗိုလ်ချုပ်ကြီး ယွတ်စစ် |
| ဒု-ဥက္ကဋ္ဌ ၁ | - ဗိုလ်ချုပ် စိုင်းယီ |
| ဒု-ဥက္ကဋ္ဌ ၂ | - ဗိုလ်မှူးကြီး ခေးငိန်း (Kherh Ngeun) |
| အထွေထွေအတွင်းရေးမှူး | - ဒု-ဗိုလ်မှူးကြီး စီရိ (Siri) |
| အရပ်ဖက်အုပ်ချုပ်ရေးအကြီးအကဲနှင့် | |
| ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် | - ဗိုလ်မှူးချုပ်ပေါင်းခေး (Pawng Kherh) |
| အရှေ့ပိုင်းစစ်ဌာနချုပ် တပ်မှူး | - ဗိုလ်ချုပ် ကွမ်းဇိန်း (Gawn Zeun) |
| ပြောခွင့်ရပုဂ္ဂိုလ် ၁ | - ဗိုလ်မှူးကြီး စိုင်းလောင်ရှန်း (Sai Lao Hseng) |
| ပြောခွင့်ရပုဂ္ဂိုလ် ၂ | - ဒုဗိုလ်မှူးကြီး စိုင်းရှန်မော (Sai Hseng Meung) |
| ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် | - စိုင်းငွန်း (Sai Nguen) (ငြိမ်းချမ်းရေးကိုယ်စားလှယ်) |

* RCSS သည် ရှမ်းပြည် ညီညွတ်ရေးကော်မီတီ (CQU) ၏ အဖွဲ့ဝင်လည်း ဖြစ်သည်။ CQU ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တည်ထောင်ခဲ့သည်။ CQU ၏ အဖွဲ့ဝင်များအဖြစ် သျှမ်းပြည် ပြန်လည်တည်ဆောက်ရေးကောင်စီ (RCSS)၊ သျှမ်းပြည်နယ်ပူးတွဲလှုပ်ရှားရေး ကော်မတီ (QJAC- SNLD နှင့် SSPP တို့၏ ညွန့်ပေါင်းအဖွဲ့ ဖြစ်သည်။)၊ ရှမ်းအမျိုးသားဒီမိုကရေစီပါတီ (SNDP) နှင့် အခြားလူမှုအဖွဲ့အစည်း ၁၃ ခုတို့ ပါဝင်ကြသည်။)

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး ထပ်မံသဘောတူညီချက်- ဒီဇင်ဘာလ ၂ ရက်၊ ၂၀၁၁ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီသည့် ၄-ဖွဲ့မြောက် အဖွဲ့ ဖြစ်သည်။
အဆင့် ၂- ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ (ဇန်နဝါရီလ ၁၆ ရက်၊ ၂၀၁၂ ခုနှစ်၊)

**အပစ်ရပ်စဲပြီးနောက် တိုက်ပွဲများ-**
၂၀၁၂ - ၆၈ ကြိမ်
၂၀၁၃ - ၇၆ ကြိမ်
၂၀၁၄ - ၂၁ ကြိမ်
၂၀၁၅ - ၂ ကြိမ် (ဇန်နဝါရီ - ဇွန်)

## တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

အဓိက ဦးဆောင်ဆွေးနွေးသူ - ဗိုလ်မှူးချုပ်ပေါင်းခေး (Pawng Kherh)

## ဆက်ဆံရေးရုံးများ

၁။ တောင်ကြီး (၂၂-၂-၂၀၁၂)
၂။ ကျိုင်းတုံ (၂၂-၂-၂၀၁၂)
၃။ တာချီလိတ် (၂၉-၂-၂၀၁၂)
၄။ မိုင်းတုံ (၂၉-၂-၂၀၁၂)
၅။ ခိုလမ် (၂၁-၃-၂၀၁၂)
၆။ မူဆယ် (စီးပွားရေး ဆက်ဆံရေးရုံး)
၇။ မိုင်းပန် (၀၅- ၀၃- ၂၀၁၄)

## အစည်းအဝေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | RCSS ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ၁၉/၁၁/၁၁ | ထိုင်း - ရှမ်းပြည်နယ်စပ် | ဒုတိယ ဗိုလ်ချုပ်ကြီး ယွတ်ဆစ် | ဦးအောင်မင်း | တရားမဝင် အပစ်အခတ်ရပ်စဲမှု QA-S ၏အခြားကိုယ်စားလှယ်များ စဝ်ခွန်ဆိုင်း အကျိုးဆောင်များ ဦးနေဝင်းမောင်၊ ဒေါက်တာ ကျော်ရင်လှိုင်၊ ဦးတင်မောင်သန်း၊ ဦးဟန်ညောင်ဝေ။ |
| ၂ | ၀၂/၁၂/၁၁ | တောင်ကြီး | စိုင်းလု | ဦးအောင်မင်း | အချက် ၈-ချက်ပါ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်- အစိုးရ၏အခြား ကိုယ်စားလှယ်များ ဦးခင်မောင်စိုး၊ ဗိုလ်မှူးကြီး အောင်သူ (ပြည်နယ် နယ်စပ်/ လုံခြုံဝန်ကြီး)၊ ရှမ်းပြည်နယ် တရားသူကြီးချုပ် ဦးမောင်မောင်၊ စစ်ဦးစီး-ပထမတန်း တြိဂံတိုင်းစစ်ဌာနချုပ်- ဗိုလ်ချုပ် ဇော်ထွန်းညွှန့် |
| ၃ | ၀၁/၀၁/၁၂ | တောင်ကြီး | ဗိုလ်မှူးကြီး စိုင်းလု | ဦးခင်မောင်စိုး | ပြင်ဆင်ရေးအစည်းအဝေး |

| | | | | | |
|---|---|---|---|---|---|
| ၄ | ၁၆/၀၁/၁၂ | တောင်ကြီး | စဝ်ပေါင်းခေး | ဦးအောင်မင်း | ပြည်ထောင်စုအဆင့် အချက် ၁၁- ချက်ပါသဘောတူညီချက် အစိုးရဘက်မှ အခြားကိုယ်စားလှယ်များ- သစ်တောဝန်ကြီး ဦးဝင်းထွန်း၊အမှတ် ၂- လျှပ်စစ်ဝန်ကြီးဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးဦးဇော်ဝင်း၊ ရေနံချုပ်ဦးထွန်းထွန်းဦး၊ ရှမ်းပြည်နယ်နယ်စပ်/လုံခြုံဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ကျော်စိုးလင်း၊ တြိဂံတိုင်း စစ်ဦးစီးပထမတန်း ဗိုလ်မှူးကြီးဇော်ထွန်းမြင့်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်စစ်ဦးစီး-ပထမတန်း ဗိုလ်မှူးကြီး ဇော်မင်းအေး။ |
| ၅ | ၁၉/၀၅/၁၂ | ကျိုင်းတုံ | ဒုတိယ ဗိုလ်ချုပ်ကြီး ယွတ်ဆစ် | ဦးအောင်မင်း | အချက် ၁၂ချက်ပါသဘောတူညီချက်မြန်မာ့တပ်မတော် ဒု-ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ စွမ်းအင်ဝန်ကြီး ဦးသန်းဌေး၊ လျှပ်စစ်-၂ ဝန်ကြီး ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် စဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းတိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ အရှေ့အလယ်ပိုင်းတိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းထွန်းနောင်၊ တြိဂံတိုင်းတိုင်းမှူးဗိုလ်ချုပ်သန်းထွန်းဦး၊ ဒု-ရေနံချုပ် ဦးထွန်းထွန်းဦး၊ ရှမ်းပြည်နယ်နယ် စပ်/လုံခြုံဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ ကက(ကြည်း)ရုံးမှ ဗိုလ်မှူးကြီးကျော်စိုးဝင်း |

| | | | | | |
|---|---|---|---|---|---|
| ၆ | ၂၈/၁၀/၁၂ | တာချီလိတ် | ပေါင်းဓေး | ဗိုလ်မှူးကြီး အောင်သူ (ရှမ်းပြည်နယ် နယ်စပ်ရေးရာ) | သုံးပွင့်ဆိုင် ၉-ချက်ပါ မူးယစ်ဆေးတိုက်ဖျက်ရေးသဘောတူညီချက်- RCSS,အစိုးရနှင့် UNODC လေ့လာသူ။ ဂျေဆင်အီးလေး (Jason Eligh)(UNODC Myanmar) |
| ၇ | ၁၀/၀၆/၁၃ | နေပြည်တော် | ဒုတိယ ဗိုလ်ချုပ်ကြီး ယွတ်ဆစ် | ဦးသိန်းစိန်၊ ဦးအောင်မင်း၊ ဦးစိုးသိန်း | ဦးသိန်းစိန်က လက်နက်ကိုင်အုပ်စုများအကြား နေရာချထားရန်၊ပြန်လည်အခြေချမှုများပြုနိုင်ရန်၊ အလုပ်အကိုင် ဖန်တီးပေးရန်၊ပညာရေးနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများအတွက်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောသည်။ ဖွဲ့စည်းပုံဥပဒေပြင်ရေးအတွက် လွှတ်တော်ကဆက်လက်ဆောင်ရွက်မည်။ RCSSက ပြောရာတွင် သူတို့တိုက်ပွဲဝင်နေခြင်းသည်ပြည်ပေါင်းစုပြည်ထောင်စုအတွက်မဟုတ်။ ဖက်ဒရယ်၊ ဒီမိုကရေစီ၊ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ပါဝင်ခွင့်များအတွက် ဖြစ်ကြောင်း ပြောသည်။ |
| ၈ | ၁၂/၀၇/၁၃ | ချင်းမိုင်၊ ထိုင်း | ဗိုလ်မှူးကြီး စိုင်းလ | MPC နည်းပညာအဖွဲ့ | အလွတ်သဘော တွေ့ဆုံမှုဖြစ်သည်။ |
| ၉ | ၁၅/၀၈/၁၃ | MPC ၊ ရန်ကုန် | ဗိုလ်မှူးကြီး လောင်ရှန်း | MPC နည်းပညာအဖွဲ့ | အလွတ်သဘော တွေ့ဆုံမှုဖြစ်သည်။ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများကိစ္စ ဆွေးနွေးကြသည်။ RCSS ကသူတို့တပ်စခန်းနေရာများမှ မြန်မာစစ်တပ်များ ရုပ်သိမ်းပေးရန် ထပ်၍တောင်းဆိုသည်။ |
| ၁၀ | ၂၃/၀၈/၁၃ | ရန်ကုန် | RCSS+KNU | MPC နည်းပညာအဖွဲ့ | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို ဆွေးနွေးကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | ၃၁/၀၈/၁၃ | နေပြည်တော် | RCSS+KNU+ CNF (ဗိုလ်ချုပ်ကြီး မူတူစေးဖိုး၊ ဗိုလ်မှူး တုတုလေး၊ ဗိုလ်မှူး စိုင်လ နှင့် ဗိုလ်မှူး စိုင်းမိန်း) | ဒုသမ္မတ စိုင်းမောက်ခမ်း၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဦးအောင်မင်း၊ ဦးသိန်းဇော် | ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မီတီဥက္ကဋ္ဌ စိုင်းမောက်ခမ်းက အောက်တိုဘာလတွင် တစ်နိုင်ငံလုံးအတိုင်းအတာပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးရရှိနိုင်မည်ဟုမျှော်မှန်းသည်။ (၁)အပစ်အခတ်ရပ်စဲရေး အတွက်သန္နိဋ္ဌာန်ချမှတ်ခြင်း၊ (၂) နိုင်ငံရေးဆွေးနွေးပွဲအတွက်နှစ်ဖက်စလုံးလက်ခံသည့်အခြေခံမူဘောင်၊ (၃) ညီလာခံတွင်အင်အားစုအားလုံးပါဝင်နိုင်မှု၊ (၄) KNU-RCSS တို့ကတင်ပြသည့် ကြားကာလလုပ်ငန်းအစီအစဉ်များ ဆွေးနွေးသည်။ |
| ၁၂ | ၀၂/၀၉/၁၃ | တောင်ကြီး | RCSS, PNO, Ya La La Pha | ဦးရွှေမန်း၊ ဦးအောင်သန်းထွဋ် | အလွတ်သဘော တွေ့ဆုံမှုဖြစ်သည်။ |
| ၁၃ | ၀၇/၀၉/၁၃ | ချင်းမိုင်၊ ထိုင်း | RCSS/KNU | ဦးအောင်မင်း၊ ဦးခင်ရီ | အလွတ်သဘော တွေ့ဆုံမှုဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင် ၁၄ ဖွဲ့၏တစ်နိုင်ငံလုံးအပစ်ရပ်စဲရေးသဘောတူညီချက်မူကြမ်းကိုအစိုးရ၏နည်းပညာထောက်ကူအဖွဲ့ဘက်မှမူအားဖြင့် သဘောတူသည်ဟု ပြောသည်။ |
| ၁၄ | ၂၀/၀၉/၁၃ | တောင်ကြီး | RCSS, SSPP, PNLO | ဦးအောင်မင်း (UPWC) | အလွတ်သဘော တွေ့ဆုံမှုဖြစ်သည်။ ရှမ်း၊ ကယား၊ မွန်ယုံကြည်မှုတည်ဆောက်ရေး ဆွေးနွေးပွဲပြင်ပတွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၁-၂၃တွင်တွေ့ဆုံကြသည်။ |
| ၁၅ | ၃၀/၀၁/၁၄ | ချင်းမိုင် | ဒုတိယ ဗိုလ်ချုပ်ကြီး ယွက်ဆစ် | ဝန်ကြီး ဦးအောင်မင်း | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ RCSSကအစိုးရ၏ အပစ်အခတ်ရပ်စဲရေး အစီအစဉ်များကို သဘောတူပြီး NCAတွင် လက်မှတ်ထိုးရန်လည်း အသင့်ရှိကြောင်းဆိုသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၆ | ၀၅/၀၃/၁၄ | မိုင်းပန် | RCSS | ရှမ်းပြည်နယ် နယ်စပ်ရေးရာ | RCSSသည် ၄င်း၏ ဆက်ဆံရေး ရုံးကိုမိုင်းပန်တွင်ဖွင့်လှစ်သည်။ ဖွင့်ပွဲအခမ်းအနားသို့ အစိုးရတာ ဝန်ရှိသူများတက်ရောက်ကြသည်။ |
| ၁၇ | ၀၆/၀၆/၁၄ | ရန်ကုန် | RCSS - စဝ်လောင်ရှန်း၊ စဝ်စိုင်းငွန်း | ဦးအောင်မင်းနှင့် MPC လုပ်ငန်း ဆောင်ရွက်ရေး အဖွဲ့ | ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် တစ်ပြည်လုံး အပစ်အခတ်ရပ်စဲ ရေးကိုဆွေးနွေးကြသည်။ RCSS က ၁၇/၁ ကို ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့သည်။ |
| ၁၈ | ၁၈/၀၆/၁၄ | ချင်းရိုင်၊ ရွှေတြိဂံ | ဒုတိယ ဗိုလ်ချုပ်ကြီး ယွတ်ဆစ် | ဦးအောင်မင်းနှင့် MPC | အလွတ်သဘော တွေ့ဆုံမှုဖြစ် သည်။ ဝန်ကြီးဦးအောင်မင်းနှင့် ၄င်း၏ MPC လုပ်ငန်းဆောင် ရွက်ရေးအဖွဲ့၊ RCSS ခေါင်း ဆောင်များသည် ထိုင်းနိုင်ငံ၊ ချင်းရိုင်မြို့ရှိ မဲခေါင်မြစ်ကမ်း ပေါ်တွင် အတူတကွညစာစားခဲ့ ကြသည်။ ၄င်းတို့သည် NCA နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြ သည်။ |
| ၁၉ | ၁၄/၀၇/၁၄ | ချင်းမိုင်၊ ထိုင်း | ဗိုလ်မှူးချုပ် ပေါင်းခေး၊ ဗိုလ်မှူးကြီး စိုင်းလောင်ရှန်း၊ ဗိုလ်မှူးကြီး စိုင်းငွန်း၊ ဦးခွန်ရှန်း (PI) | လှမောင်ရွှေ၊ ဒေါက်တာ မင်းဇော်ဦး၊ ဒေါက်တာ အန်ဒရူး၊ အောင်နိုင်ဦး၊ ညိုအုန်းမြင့် | အလွတ်သဘောတွေ့ဆုံမှုဖြစ်ပြီး RCSS နှင့် MPCနည်းပညာအဖွဲ့ အကြား အကြိုတွေ့ဆုံပွဲတစ်ရပ် လည်းဖြစ်သည်။ ၄င်းတို့သည် ထပ်မံပြုလုပ်မည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေး နှင့်ဆက်စပ်ပြဿနာများကိုဆွေး နွေးခဲ့ကြသည်။ |
| ၂၀ | ၁၆/၀၉/၁၄ | ချင်းမိုင် | ဗိုလ်မှူးကြီး စိုင်းလောင်ရှန်း | ဦးလှမောင်ရွှေ၊ MPC အဖွဲ့ | ဗိုလ်မှူးကြီးစိုင်းလောင်ရှန်း ဦး ဆောင် သည့် RCSSအဖွဲ့ နှင့် ဦးလှ မောင်ရွှေဦးဆောင်သည့် MPC နည်းပညာအဖွဲ့တို့ ချင်းမိုင်တွင် တွေ့ဆုံခဲ့ကြသည်။ အလွတ်သ ဘောတွေ့ဆုံမှုဖြစ်ပြီး ထပ်မံပြု လုပ်မည့် NCA ဆွေးနွေးပွဲများ နှင့်ပတ်သက်၍ ဆွေးနွေးပြောဆို ခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၂၁ | ၀၂/၁၁/၁၄ | ချင်းမိုင် | ဗိုလ်မှူးကြီး စိုင်းလောင်ရှန်း၊ ဗိုလ်မှူးကြီး စိုင်းငွန်း | ဦးလှမောင်ရွှေ၊ MPC အဖွဲ့ | RCSS နှင့် MPC မှ ကိုယ်စားလှယ်များသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ချင်းမိုင်မြို့၌ တွေ့ဆုံခဲ့ကြသည်။ ၎င်းတို့သည် မကြာသေးမီက နေပြည်တော်တွင် ပြုလုပ်ခဲ့သည့် ထိပ်သီးဆွေးနွေးပွဲ (ဒေါ်အောင်ဆန်းစုကြည်၊ဦးသိန်းစိန်၊ ဦးမင်းအောင်လှိုင်၊ ဦးရွှေမန်း) နှင့်ပတ်သက်၍ ရှင်းလင်းပြောဆိုမှုများ ပြုလုပ်ခဲ့သည်။ |
| ၂၂ | ၂၇/၁၁/၁၄ | ချင်းမိုင် | ဗိုလ်မှူးကြီး စိုင်းလောင်ရှန်း၊ ဗိုလ်မှူးကြီး စိုင်းငွန်း | ဦးလှမောင်ရွှေ၊ MPC အဖွဲ့ | RCSS နှင့် MPC ကိုယ်စားလှယ်များအကြား ချစ်ကြည်ရေးဆွေးနွေးပွဲတစ်ခုဖြစ်သည်။ RCSS က နိုင်ငံရေးဆွေးနွေးပွဲတွင် ပါဝင် ရန် အသင့်ဖြစ်နေသည်။ NCA နှင့် ပတ်သက်၍ ပြဿနာတစ်စုံ တစ်ရာမရှိပေ။ |
| ၂၃ | ၀၅/၀၁/၁၅ | နေပြည်တော် | RCSS အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် ၁၂ ဖွဲ့ | သမ္မတ ဦးသိန်းစိန် (မနက်ပိုင်း)၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (နေ့ခင်းပိုင်း) | နေပြည်တော်တွင်တိုင်းရင်းသားလက်နက်ကိုင် ၁၂ ဖွဲ့မှ ခေါင်းဆောင်များသည် မနက်ပိုင်းတွင် သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့ပြီး နေ့ခင်းပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ကြသည်။ ၎င်းတို့သည် တစ်ပြည်လုံးအပစ် အခတ်ရပ်စဲရေးအပေါ် သဘောထား အမြင်များကို ဖလှယ်ခဲ့ကြသည်။ |
| ၂၄ | ၁၁/၀၂/၁၅ | နေပြည်တော် | ဒုတိယ ဗိုလ်ချုပ်ကြီး ယွတ်ဆစ် (RCSS) အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် ၁၃ ဖွဲ့ | UPWC ၊ ဦးအောင်မင်း | ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် နေပြည်တော်၌ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၁၃ ဖွဲ့မှခေါင်းဆောင်များနှင့် UPWC တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ၎င်းတို့သည် "ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ကတိပြုလွှာ"တွင် လက်မှတ်ရေးထိုးခြင်း ရှိ၊ မရှိ ဆွေးနွေးခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၂၅ | ၁၂/၀၂/၁၅ | နေပြည်တော် | ဒုတိယ ဗိုလ်ချုပ်ကြီး ယွတ်ဆစ် (RCSS) အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် ၁၃ ဖွဲ့ | သမ္မတ ဦးသိန်းစိန် | သမ္မတဦးသိန်းစိန်၊ KNU၊ DKBA နှင့် KPC တို့မှ ခေါင်းဆောင်များ နှင့်အတူ RCSS အဖွဲ့မှ ဒုဗိုလ်ချုပ်ကြီးယွတ်ဆစ်က "ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ" တွင် လက်မှတ်ရေးထိုးခဲ့သည်။ |

## တိုင်းရင်းသားပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁ | UNFC | - | |
| ၂ | NCCT | - | |
| ၃ | လိုင်ဇာတိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | RCSS အဖွဲ့သည် လိုင်ဇာသဘောတူညီချက်တွင် လက်မှတ်ရေးထိုးခြင်း မရှိသော်လည်းလေ့လာသူတစ်ဦးအနေဖြင့် တက်ရောက်ခဲ့သည်။ |
| ၄ | လောခီးလား တိုင်းရင်းသားညီလာခံ ၂ | တက်ရောက်သူ | RCSS အဖွဲ့က လေ့လာသူအနေဖြင့် တက်ရောက်ခဲ့သည်။ |
| ၅ | စစ်မဟာမိတ် | - | |
| ၆ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | - | RCSS နှင့် UWSA တို့သည် မူးယစ်ဆေးဝါး တန်ပြန်နှိမ်နင်းရေးနှင့် အစားထိုးသီးနှံစီမံကိန်းများ ချမှတ်ရေးနှင့် ပတ်သက်၍ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးခဲ့သည်။ (၂၈-၂၉ ဒီဇင်ဘာ၊ ၂၀၁၂) |
| ၇ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | - | RCSS ၏ ဆက်ဆံရေးတာဝန်ခံသည် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့်အတူ NDAA သို့ ချစ်ကြည်ရေးခရီး သွားရောက်သည်။ |

| | | | |
|---|---|---|---|
| ၈ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | - | ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ခြင်းရှမ်းညီလာခံ ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်။ ရန်ကုန်တော်ဝင်နှင်းဆီ စားသောက်ဆိုင်တွင်တက်ရောက်သည်။ |
| ၉ | မိတ်ဖက်အင်အားစုများ | အဖွဲ့ဝင်<br>မူးယစ်ဆေးဝါး<br>ဆန့်ကျင်ရေး<br>UNODC<br>MPSI | ရှမ်းပြည်ညီညွတ်ရေးကော်မီတီ (CQU) မူးယစ်ဆန့်ကျင်ရေးမဟာမိတ်သုံးပွင့်ဆိုင်မူးယစ်ဆန့်ကျင်ရေးသဘောတူညီချက် ပြည်တွင်းဒုက္ခသည် လိုအပ်ချက်အကဲဖြတ်မှု (၂၀၁၃) |
| ၁၀ | အစည်းအဝေးများတွင် လေ့လာသူတက်ရောက်မှု | - | |

## တိုးတက်ဖြစ်ပေါ်မှုများ

| တွေ့ဆုံဆွေးနွေးမှု | | | | |
|---|---|---|---|---|
| ၁ | ပင်လုံသဘောတူညီချက်နှင့် စိတ်ဓာတ် | | | |
| ၂ | တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု | | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု၊ ထိန်းချုပ်ဒေသ | A | | ဆွေးနွေးညှိနှိုင်းထားသည့် ဧရိယာ ပြင်ပသို့လက်နက်များ သယ်ဆောင်သွားလာမည်ဆိုပါက၊ ပူးပေါင်းဆောင်ရွက်ရန်။<br>နှစ်ဖက်သဘောတူညီထားသည့်နေရာများတွင်သာနှစ်ဖက်တပ်များ နေထိုင် ကြရန်။<br>ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲတွင် သတ်မှတ်ထားသည့်နေရာများကိစ္စ ဆက်လက်ဆွေးနွေးမည်။ |
| ၄ | စောင့်ကြည့်မှု-အကျပ်အတည်းများကိုကြားဝင်ဖျန်ဖြေမည့် အဖွဲ့ | | | |

| | | | | |
|---|---|---|---|---|
| ၅ | စောင့်ကြည့်မှု- အပစ်ရပ် စောင့်ကြည့်မည့်အဖွဲ့ | A | | နှစ်ဖက်ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ရန်။ နှစ်ဖက်အဖွဲ့အစည်းက သင့်တော်သည့် သူများရွေးချယ်ပြီး နောက်ပိုင်းတွင် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လကုန်ပိုင်း၌ စောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ဖွဲ့စည်းရန်။ ရှမ်းပြည်နယ်မှပညာရှင်များဖြင့် RCSS က အစည်းအဝေးတစ်ခု ၂၂-၂၃ သြဂုတ်လ၊ ၂၀၁၂ ခုနှစ်တွင်ကျင်းပ၍ လူရိုသေရှင်ရိုသေ အဖွဲ့ဝင် ၁၉ ဦးပါဝင်သောအပစ်အခတ်ရပ်စဲရေး စောင့်ကြည့် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ယင်းစေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များက အစိုးရစစ်တပ်မှသော်လည်းကောင်း၊ တော်လှန်ရေးတပ်များမှသော် လည်းကောင်း၊ အပစ်ရပ်ချိုးဖောက်မှုများကို စောင့်ကြည့်ကြမည်ဖြစ်သည်။ |
| ၆ | စစ်ရေး ဆက်ဆံမှု | | | |
| ၇ | လေ့လာသူများ | | | |
| နိုင်ငံရေး | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံရယူမှု | A | √ | RCSS သည်နိုင်ငံအနှံ့အပြားရှိ တစ်သီးပုဂ္ဂလ ပြည်သူများ၊ အုပ်စုများ၊ ရပ်ရွာများနှင့် လွတ်လပ်စွာတိုင်ပင်အကြံ ဉာဏ်ရယူနိုင်သည်။ အောင်ဆောက် (Awng Hseuk) ဦးဆောင်သည့် အဖွဲ့ငယ်သည် ထိုင်း-မြန်မာနယ်စပ်မှ မြောက်ပိုင်း ၁၆ ကီလိုမီတာအကွာတွင်ရှိသည့် ပုန်ပါကျင်တွင် လူထုအစည်းအဝေးပြုလုပ်ပြီး၊ သာမန်ပြည်သူများထံမှ အခွန်ကောက်ခြင်း၊ စစ်သားစုဆောင်းခြင်းကို QA က ဆောင်ရွက်တော့မည်မဟုတ်ဟု ကြေညာခဲ့သည်။ (၁၉-၀၁-၂၀၁၂) လာမည့် ၂၀၁၃ ခုနှစ်အတွင်း အစိုးရနှင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပြည်သူများပါဝင်ဆောင်ရွက်နိုင်ရေးအတွက် RCSS က တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်သည်။ (၁၄-၁၂- ၂၀၁၂) |

| | | | | |
|---|---|---|---|---|
| ၉ | တရားဝင်ဖြစ်စေမှု | A | | RCSS/QAကိုတရားမဝင်အဖွဲ့အစည်း အဖြစ်မှလုံးဝပယ်ဖျက်ရုပ်သိမ်းနိုင်ရေးအတွက်၊ နှစ်ဖက်အကြားယုံကြည်မှုတည်ဆောက်သွားမည်။ |
| ၁၀ | နိုင်ငံရေးအကျဉ်းသားလွတ်ပေးမှု | A | √ | အကျဉ်းချ ခံထားရသည့် RCSS/QA အဖွဲ့ဝင် များနှင့်ထောက်ခံသူများကို (ရာဇဝတ်မှုနှင့် ကျခံနေရသူများမှလွဲ၍) ပြန်လွတ်ပေးမည်။ |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသားအခွင့်အရေး | | | |
| ၁၃ | အမျိုးသားနေ့ | | | |
| ပြန်လည်နေရာချထားပေးခြင်း | | | | |
| ၁၄ | မှတ်ပုံတင်ကတ် | A | | အဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် RCSS ထိန်းချုပ်ဒေသတွင် နေထိုင်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးမည်။ |
| ၁၅ | ပြန်လည်နေရာချထားပေးရေး စီမံကိန်းများ | A | | RCSS/QA အဖွဲ့ဝင်များလုံလောက်စွာ ဝင်ငွေ ရရှိရန် အစိုးရကကူညီပံ့ပိုးမည်။ |
| ၁၆ | မိုင်းရှင်းလင်းရေး | | | |
| စီးပွားရေး | | | | |
| ၁၇ | အစိုးရမဟုတ်သော လက်နက်ကိုင်များ၏ ကုမ္ပဏီ | A | X | ရှမ်းတောင်တန်းချယ်ရီ အမည်ဖြင့် ကုမ္ပဏီ ၆-ခုကို ၂၀၁၂ ခုနှစ်၊မေလ ၁၄ ရက်တွင် တည်ထောင်ခွင့်ပြုသည်။ ၄င်းတို့က ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ကျောက်မျက်နှင့်ကုန်သွယ်ရေးလုပ်ငန်း၊ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ရေးနှင့် ဟိုတယ်လုပ်ငန်းများ လုပ်ဆောင်ကြမည်ဖြစ်သည်။ သျှမ်းပြည်တပ်မတော် (RCSS/QA) ခေါင်းဆောင်များက ၇-ရက်ကြာ စီးပွားရေးလေ့လာရေးခရီးကို အစိုးရငြိမ်းချမ်းရေးအဖွဲ့ ဖိတ်ခေါ်မှုဖြင့် လာရောက်ခဲ့သည်။သမ္မတရုံးဝန်ကြီးဦးအောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးမှုအဖွဲ့၏ ဖိတ်ကြားချက်အရအဖွဲ့ဝင် ၇ ဦးပါ RCSS/SSA အဖွဲ့သည် ရန်ကုန်၊ မန္တလေးသို့ သွားရောက်ခဲ့ကြပြီး၊ အဖွဲ့ဝင် ၃ ဦးပါ အဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်းမူဆယ်သို့ သွားရောက်ခဲ့ကြသည်။ အစိုးရက ခွင့်ပြုထားသော်လည်း အစိုးရစစ်တပ်က RCSS ကိုစီးပွားဖြစ်စိုက်ပျိုး ရေးလုပ်ငန်းများ ခွင့်မပြုသေးပေ။ |

| | | | | |
|---|---|---|---|---|
| ၁၈ | အထူးစီးပွား/ စက်မှုဇုန်များ | A | | RCSS ထိန်းချုပ်ဒေသတွင်အထူးစီးပွားရေးဇုန် တည်ဆောက်မည်။ |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | နိုင်ငံတွင်းသို့ ၁၀-ရက်ကြာ လာရောက်လေ့လာမှုကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ မှ ၂၄ ရက်နေ့အထိ ဆောင်ရွက်ခဲ့သည်။ ၎င်းကာလအတွင်း ပြည်ထောင်စုအဆင့် လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးသဘောတူညီချက် လက်မှတ်ရေးထိုးခြင်းများဆောင်ရွက်ခဲ့သည်။ ရှမ်းနိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံခဲ့သည်။ |
| ၂၀ | ဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်မှုများ | A | | အဲန်ဂျီအို အဖွဲ့များ၊ နိုင်ငံတကာ အဲန်ဂျီအိုအဖွဲ့များနှင့် ပူးပေါင်း၍ RCSS/SSA က အကူအညီများရရှိအောင် ဆောင်ရွက်သည်ကို ခွင့်ပြုသည်။ |
| ၂၁ | ဖွံ့ဖြိုးရေး - ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး - အင်တာနက် | | | |
| ၂၃ | ကားလိုင်စင်ကိစ္စ | | √ | ကား ၂၀ စီး အခွန်လွတ်နှင့် ကားအစီး ၄၀ အတွက်လျှော့ပေါ့အခွန်နှုန်းထားဖြင့် လိုင်စင်ရရှိသည်။ |
| လူမှုရေး | | | | |
| ၂၄ | မီဒီယာ | A | | RCSS/SSAကိုတိုင်းလွတ်မြောက်ရေး သတင်းအေဂျင်စီဖွင့်လှစ်နိုင်ရေးအတွက်၊မီဒီယာဥပဒေအသစ်ထွက်ရှိပြီးသည့်နောက်တွင်ခွင့်ပြုသွားမည်။ |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာစကားသင်ကြားမှု | D | √ | |
| ၂၆ | အခြား | | | အစိုးရက RCSS/SSAကိုရှမ်းစာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းများတွင် ကူညီပံ့ပိုးသွားမည်။ |
| မူးယစ်ဆေးဝါး | | | | |
| ၂၇ | မူးယစ်ဆေးဝါးပပျောက်ရေး | A | X | မိုးနဲနှင့် မိုင်းပန်မြို့နယ်များတွင် အစိုးရ၊ RCS UNODC တို့က ကွင်းဆင်းစစ်တမ်းကောက်ခြင်းကို ဆောင်ရွက်သွားမည်။ |

| သဘာဝပတ်ဝန်းကျင် | | | | |
|---|---|---|---|---|
| ၂၈ | EIA (ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |

A = ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် ထည့်သွင်းလက်မှတ်ရေးထိုးမှု၊ D= တောင်းဆိုမှု၊ ➔ = စတင်နေပြီ၊ √ = ရရှိပြီးဖြစ်သည်။ × = မအောင်မြင်/မရရှိ

## ထုတ်ပြန်ချက်များ

| | |
|---|---|
| ဇူလိုင် ၀၃၊ ၂၀၁၅ ခုနှစ် | - RCSS/QA သည် နှစ်နှစ်တစ်ကြိမ်ဆွေးနွေးပွဲပြီးနောက် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ |
| ဇွန် ၂၆၊ ၂၀၁၅ ခုနှစ် | - မူးယစ်ဆေးအသုံးပြုမှုနှင့် ရောင်းဝယ်ဖောက်ကားမှု ဆန့်ကျင်ရေးနိုင်ငံတကာနေ့နှင့်ပတ်သက်၍ ကြေညာချက် (အင်္ဂလိပ်ဘာသာဖြင့်) |
| ဇွန် ၀၃၊ ၂၀၁၅ ခုနှစ် | - NCA နှင့်ပတ်သက်၍ RCSS က ကြေညာချက်တစ်စောင်ထုတ်ပြန် |
| ဧပြီ ၂၈၊ ၂၀၁၅ ခုနှစ် | - ပန်ဆန်းခရီးစဉ်နှင့်ပတ်သက်၍ RCSS က ကြေညာချက်တစ်စောင်ထုတ်ပြန် |
| ဇန်နဝါရီ ၁၅၊ ၂၀၁၅ ခုနှစ် | - နှစ်စဉ်အစည်းအဝေးပွဲပြီးနောက် RCSS ကြေညာချက်တစ်စောင်ထုတ်ပြန် |
| အောက်တိုဘာ ၀၄၊ ၂၀၁၄ ခုနှစ် | - SNLD ၊ SNDP ၊ RCSS နှင့် SSPP တို့ ပူးတွဲကြေညာချက်ထုတ်ပြန် |
| အောက်တိုဘာ ၀၃၊ ၂၀၁၄ ခုနှစ် | - ရှမ်းခေါင်းဆောင်များက သမ္မတထံသို့ အိတ်ဖွင့်ပေးစာတစ်စောင်ပေးပို့ |
| အောက်တိုဘာ ၀၃၊ ၂၀၁၄ ခုနှစ် | - SSPP အပေါ်မြန်မာစစ်တပ်၏ထိုးစစ်ဆင်တိုက်ခိုက်မှုနှင့်ပတ်သက်၍ RCSS ကြေ ညာချက်တစ်စောင်ထုတ်ပြန် |
| ဇွန် ၂၆၊ ၂၀၁၄ ခုနှစ် | - မူးယစ်ဆေး အသုံးပြုမှုနှင့် ရောင်းဝယ်ဖောက်ကားမှု ဆန့်ကျင်ရေး နိုင်ငံတကာနေ့နှင့် ပတ်သက်၍ ကြေညာချက် |
| ဖေဖော်ဝါရီ ၁၄၊ ၂၀၁၄ ခုနှစ် | - RCSS ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးယွက်ဆစ်ကို ဧရာဝတီအင်တာဗျူး |
| ဖေဖော်ဝါရီ ၁၄၊ ၂၀၁၄ ခုနှစ် | - RCSS ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးယွက်ဆစ်ကိုဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ် တင်မြှောက် |
| ဖေဖော်ဝါရီ ၁၃၊ ၂၀၁၄ ခုနှစ် | - RCSS အဖွဲ့သည် လေးနှစ်အတွင်း အဖွဲ့ဝင်သစ် ၄၀၀၀ ကို စုဆောင်းခဲ့ |
| ဒီဇင်ဘာ ၂၃၊ ၂၀၁၃ ခုနှစ် | - UNDOC ၊ မြန်မာအစိုးရတို့နှင့် စမ်းသပ်မူးယစ်ဆေးဝါးပပျောက်ရေး ရှေ့ပြေးစီမံကိန်းအပေါ် RCSS ၏ သုံးသပ်ချက် |
| ဒီဇင်ဘာ ၉၊ ၂၀၁၃ ခုနှစ် | - RCSS ခေါင်းဆောင် ယွက်စစ်နှင့် တွေ့ဆုံမေးမြန်းမှု။ |
| နိုဝင်ဘာ ၉၊ ၂၀၁၃ ခုနှစ် | - ဘုံရပ်တည်ချက် ၁၁-ချက်နှင့် ပတ်သက်၍ RCSS ၏ ထုတ်ပြန်ကြေညာချက် |
| နိုဝင်ဘာ ၂၊ ၂၀၁၃ ခုနှစ် | - RCSS ကိုယ်စားလှယ် ဗိုလ်မှူးကြီးစိုင်းလ 7 Days News နှင့် တွေ့ဆုံမေးမြန်းမှု |
| အောက်တိုဘာ ၂၆၊ ၂၀၁၃ ခုနှစ် | - KNU နှင့် RCSS ပူးတွဲထုတ်ပြန်ကြေညာချက်။ |
| အောက်တိုဘာ ၁၊ ၂၀၁၃ ခုနှစ် | - RCSS ကမြန်မာအစိုးရနှင့် တပ်မတော်အနေဖြင့် ကတိကဝတ်များအတိုင်း လိုက် နာရန်တောင်းဆိုခြင်း။ |
| ဇူလိုင် ၁၇၊ ၂၀၁၃ ခုနှစ် | - KNU နှင့် RCSS ပူးတွဲထုတ်ပြန်ကြေညာချက်။ |
| ဇွန် ၂၉၊ ၂၀၁၃ ခုနှစ် | - UPWC နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုအပေါ် RCSS ၏ ထုတ်ပြန်ကြေညာချက်။ |
| ဇွန် ၂၆၊ ၂၀၁၃ ခုနှစ် | - မူးယစ်ဆေးအသုံးပြုမှုနှင့် ရောင်းဝယ်ဖောက်ကားမှုဆန့်ကျင်ရေး နိုင်ငံတကာနေ့နှင့်ပတ်သက်၍ ကြေညာချက် |
| ဇန်နဝါရီလ ၁၉၊ ၂၀၁၃ ခုနှစ် | - ဌာနချုပ်လွယ်တိုင်းလန်းတွင် ၁၃ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး RCSS ၏ ထုတ်ပြန်ကြေညာချက် |

# Ta'ang National Liberation Army

## တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်



www.palaungland.org/eng
www.pslf.tnla.blogspot.com

UNFC အဖွဲ့ဝင် ဖြစ်သည်။

NCCT နှင့် EAOs SD အဖွဲ့ဝင်ဖြစ်သည်။

နိုင်ငံရေးအဖွဲ့အစည်း- PSLF သည် TNLA ၏ နိုင်ငံရေးအဖွဲ့ဖြစ်သည်။ (နောက်ဆုံး ပလောင်နိုင်ငံရေးအုပ်စုဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် လက်နက်ချသွားခဲ့သည့် PSLO အဖွဲ့နှင့် မရောထွေးသင့်ပေ။)

## အကျဉ်းချုပ်

| | | |
|---|---|---|
| တည်ထောင်သည့်ရက်စွဲ | - | ၁၉၉၂ ခုနှစ်။ ဇန်နဝါရီလ။ |
| ဌာနချုပ် | - | ရွှေပြောင်းဌာနချုပ်။ |
| လှုပ်ရှားဒေသ | - | ရှမ်းပြည်နယ် မြောက်ပိုင်းရှိ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ ကွတ်ခိုင်၊ နမ္မတူ၊ မန်တုံ၊ နမ့်ခမ်း၊ မူဆယ်၊ Hsenwi ၊ နမ့်ဆမ်၊ မိုးမိတ်၊ မိုးကုတ်ဒေသများ။ |
| ခန့်မှန်းအင်အား | - | ၄,၅၀၀ + |
| ခေါင်းဆောင် | - | ဗိုလ်မှူးချုပ် တာအိုက်ဖုန်း(ဥက္ကဋ္ဌ)။<br>ဗိုလ်မှူးကြီးတာဘုန်းကျော် (အထွေထွေအတွင်းရေးမှူး) |

ယခင် ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (PSLO^A) သည် အစိုးရနှင့် ၁၉၉၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခဲ့ပြီး၊ ၂၀၀၅ ခုနှစ်တွင် လက်နက်ချအပ်နှံခဲ့သည်။ ယင်းနောက် ပလောင်ခေါင်းဆောင် တာအိုက်ဖုန်းနှင့် တာဘုန်းကျော်တို့က လစ်ဟာနေသည့် ကွပ်လပ်ကိုဖြည့်ဆည်းသည့်အနေဖြင့်၊ အဖွဲ့ကို ပြန်လည်ဖွဲ့စည်း၍၊ PSLF အမည်ဖြင့်ပင် မြန်မာစစ်အစိုးရကို ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ TNLA သည် PSLF ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။ လက်ရှိတွင် TNLA က KIA ၊ SSPP/QA တို့နှင့် လက်တွဲ၍ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အစိုးရကိုဆန့်ကျင်တိုက်ခိုက်လျက်ရှိသည်။

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲပြီးသည့် နောက်ပိုင်းတွင်၊ အစိုးရက ရှမ်းပြည်မြောက်ပိုင်းရှိ ပလောင် (တအောင်းဟုလည်း ခေါ်ဆိုသည်)တို့၏ နေထိုင်ရာဒေသများကို အသိအမှတ်ပြု၍ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ သတ်မှတ်ပေးခဲ့သည်။ သို့သော်လည်း ဤဒေသသည် ဖွံ့ဖြိုးမှုအလွန်နှေးကွေးဆဲဖြစ်၍၊ ဆေးရုံနှင့် ကျောင်းများအနည်းငယ်သာ ရှိကြသည်။

**ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦးအဖွဲ့ (PSLF)၏ ရည်မှန်းချက်များမှာ-**

(၁) ပလောင်လူမျိုးအားလုံး ဖိနှိပ်ခံရမှုအောက်မှ လွတ်မြောက်ရန်၊
(၂) ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအာမခံချက်အောက်တွင် တအောင်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရပြည်နယ်ထူထောင်ရန်၊
(၃) စိတ်ကြီးဝင်လူမျိုးကြီးဝါဒနှင့် အာဏာရှင်စနစ်ကို ဆန့်ကျင်ရန်၊
(၄) အမျိုးသားတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရန်၊
(၅) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားတန်းတူညီမျှခွင့်ကို အာမခံသည့်ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် ထူထောင်သွားရန်၊

**ဗဟိုကော်မတီ - ၂၃ ဦး**
**အရံကော်မတီ - ၈ ဦး**

| | |
|---|---|
| ဥက္ကဋ္ဌ | - ဗိုလ်မှူးချုပ် တာအိုက်ဖုန်း |
| ဒုဥက္ကဋ္ဌ | - ဗိုလ်မှူးချုပ် တာဂျော့ကြာ |
| အထွေထွေအတွင်းရေးမှူး | - ဗိုလ်မှူးကြီး တာဘုန်းကျော် |
| စစ်ဦးစီးချုပ် | - တာဟွဒ်ပလန် (Tar Hoi Plarn) |
| သတင်းအချက်အလက်ဌာန | - မိုင်းအိုက်ကျော် |
| နိုင်ငံခြားရေးရာဌာန | - တာပန်လ |

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မရရှိသေးသောအဖွဲ့ ဖြစ်သည်။

**တိုက်ပွဲများ-**

၂၀၁၂ - ၈၀+ အကြိမ်၊
၂၀၁၃ - ၁၂၀+ အကြိမ်
၂၀၁၄ - ၂၀၀+ အကြိမ်
၂၀၁၅ - ၁၀၃ (ဇန်နဝါရီ - ဇွန်)

## တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့

မရှိပါ။

## ဆက်ဆံရေးရုံးများ

မရှိပါ။

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | TNLA ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ၃၁/၀၇/၂၀၁၃ | မူဆယ်၊ ရှမ်းပြည်နယ် | ဒုဗိုလ်မှူးကြီး တာဘုန်းကျော်၊ တာခူလန်း | ဦးအောင်မင်း ပြည်သူ့လွှတ်တော် လူမှုစီးပွား ဖွံ့ဖြိုးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ | ပဏာမပြင်ဆင်မှုအစည်းအဝေး ဖြစ်သည်။ |
| ၂ | ၁၄/၁၀/၂၀၁၃ | ရွှေလီ၊ တရုတ် | ဒုဗိုလ်မှူးကြီး တာဘုန်းကျော် | MPC နည်းပညာအဖွဲ့ | အလွတ်သဘောဆွေးနွေးမှုဖြစ်သည်။ |
| ၃ | ၀၅/၀၉/၂၀၁၄ နှင့် ၂၅/၀၉/၂၀၁၄ | - | - | - | PSLF သည် အပစ်အခတ်ရပ်စဲရေးဆွေးနွေးရန်အတွက် UPCC ဥက္ကဋ္ဌဦးသိန်းစိန်ထံသို့ စာတစ်စောင်ပေးခဲ့သော်လည်းဦးသိန်းစိန်ကအကြောင်းပြန်ခြင်းမရှိပေ။ |

## တိုင်းရင်းသားပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁ | UNFC | အဖွဲ့ဝင် | |
| ၂ | NCCT | အဖွဲ့ဝင် | EAOs SD အဖွဲ့ဝင် |
| ၃ | လိုင်ဇာတိုင်းရင်းသားညီလာခံ ၁ | တက်ရောက်သူ | သဘောတူလက်မှတ်ရေးထိုး |
| ၄ | လောခီးလားတိုင်းရင်းသားညီလာခံ ၂ | တက်ရောက်သူ | သဘောတူလက်မှတ်ရေးထိုး |
| ၅ | စစ်မဟာမိတ် | - | KIO^KIA, SSPP/QA နှင့် MNDAA / FUA အဖွဲ့ဝင် |
| ၆ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | - | NCCT နှင့် UNFC အဖွဲ့ဝင်ဖြစ်ပြီး PSLF/TNLA ကိုယ်စားလှယ်က NCCT နှင့် UNFC အစည်းအဝေးပွဲများသို့ တက်ရောက်ခဲ့သည်။ |
| ၇ | နိုင်ငံခြားအင်အားစုများနှင့် တွေ့ဆုံမှုများ | - | |

| | | | |
|---|---|---|---|
| ၈ | နိုင်ငံလုံးဆိုင်ရာ ညီလာခံများ | - | |
| ၉ | မိတ်ဖက်အင်အားစုများ | - | |
| ၁၀ | အစည်းအဝေးများတွင် လေ့လာသူ တက်ရောက်မှု | - | |

## တိုးတက်ဖြစ်ပေါ်မှုများ

**PLSF ဗဟိုကော်မတီအစည်းအဝေးပွဲမှတောင်းဆိုချက်များ (၂၀၁၂ ခုနှစ်သြဂုတ်လ ၆ ရက်မှ ၈ရက်ကြား)**

၁။ တအောင်းဒေသတွင် စစ်ဆင်ရေးပြုလုပ်နေမှုများကို ရပ်တန့်ရန်၊

၂။ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး ကြေညာရန်၊

၃။ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲကျင်းပရန်၊

## မူးယစ်ဆေးဝါးဆန့်ကျင်ရေးလှုပ်ရှားမှု

PSLF/TNLA အဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ TNLA ထိန်းချုပ်ထားသောဧရိယာတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေး စတင်ပြုလုပ်ခဲ့သည်။ TNLA သည် ၂၀၁၄ ခုနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဘိန်းစိုက်ခင်းဧကများစွာကို ဖျက်ဆီးနိုင်ခဲ့သည်။ ပလောင်ဒေသတွင်မူးယစ်ဆေးဝါးပြဿနာအဆုံးသတ်ရေးသည် PSLF/TNLA အဖွဲ့၏ ရည်မှန်းချက်တစ်ခုဖြစ်သည်။

## ထုတ်ပြန်ကြေညာချက်များ

| | |
|---|---|
| ဇူလိုင် ၀၆၊ ၂၀၁၅ | - NCA နှင့်ပတ်သက်၍ PLSF/TNLA ကကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ |
| ဇွန် ၂၄၊ ၂၀၁၅ | - တစ်နှစ်နှစ်ကြိမ်ပြုလုပ်နေကျအစည်းအဝေးပြီးနောက် PSLF/TNLA က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ |
| မတ် ၁၇၊ ၂၀၁၅ | - လတ်တလောဖြစ်ပေါ်နေသည့်လက်နက်ကိုင်ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုင်ရာကြေညာချက်တစ်စောင်ကို TNLA က ထုတ်ပြန်ခဲ့သည်။ |
| မတ် ၁၀၊ ၂၀၁၅ | - ကျောင်းသားဆန္ဒပြပွဲများကို ရဲများက အင်အားသုံးအကြမ်းဖက်ဖြိုခွင်းမှုနှင့်ပတ်သက်၍ TNLA ကြေညာချက်ထုတ်ပြန်၊ |
| မတ် ၀၁၊ ၂၀၁၅ | - MNDAA၊ TNLA နှင့် AA တို့ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။ |
| ဖေဖော်ဝါရီ ၁၇၊ ၂၀၁၅ | - လောက်ကိုင်စစ်ပွဲနှင့်ပတ်သက်၍ PSLF/TNLA တို့ ကြေညာချက်ထုတ်ပြန်၊ |
| ဇန်နဝါရီ ၁၂၊ ၂၀၁၅ | - ၅၂ကြိမ်မြောက်တအောင်းအမျိုးသားတော်လှန်ရေးနေ့အခမ်းအနား အတွက် TNLA ကြေညာချက်ထုတ်ပြန်၊ |
| နိုဝင်ဘာ ၂၀၊ ၂၀၁၄ | - ဗိုလ်လောင်းများသေဆုံးမှုနှင့်ပတ်သက်၍ ဝမ်းနည်းကြောင်းကြေညာချက် TNLA ထုတ်ပြန်၊ |
| ဇူလိုင် ၁၇၊ ၂၀၁၄ | - ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိပြုလုပ်ခဲ့သော TNLA ၏ တစ်နှစ် နှစ်ကြိမ်ကျင်းပနေကျဗဟိုကော်မတီအစည်းအဝေးပွဲနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ |

| | |
|---|---|
| မတ် ၁၀၊ ၂၀၁၄ | - လက်ဖက်စိုက်ပျိုးသူများနှင့်ပတ်သက်သော ရှင်းလင်းချက်တစ်စောင်ကို TNLA က ထုတ်ပြန်ခဲ့သည်။ |
| ဖေဖော်ဝါရီ ၂၇၊ ၂၀၁၄ | - အစိုးရ၏ တိုက်ခိုက်မှုကြောင့် ရွာလူကြီးသေဆုံးမှုနှင့်ပတ်သက်၍ PSLF က ဝမ်းနည်းကြောင်းထုတ်ပြန် |
| ဖေဖော်ဝါရီ ၁၀၊ ၂၀၁၄ | - အစိုးရ၏တိုက်ခိုက်မှုများကို ရှုတ်ချကြောင်း TNLA ကြေညာချက်ထုတ်ပြန် |
| ဖေဖော်ဝါရီ ၀၆၊ ၂၀၁၄ | - သန်းခေါင်စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ TNLA ကြေညာချက်ထုတ်ပြန် |
| ဇန်နဝါရီ ၂၇၊ ၂၀၁၄ | - P.S.L.F/T.N.L.A သည် မြန်မာ့တပ်မတော်သို့ ငြိမ်းချမ်းရေးနှင့်ဆက်စပ် အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့ခဲ့သည်။ |
| ဇန်နဝါရီ ၁၂၊ ၂၀၁၄ | - ၅၁ ကြိမ်မြောက် တအောင်းအမျိုးသားတော်လှန်ရေးနေ့အခမ်းအနား အတွက် PSLF က ကြေညာချက်ထုတ်ပြန် |
| နိုဝင်ဘာ ၅၊ ၂၀၁၃ ခုနှစ် | - အစိုးရစစ်တပ်များနှင့် တိုက်ပွဲများ ဖြစ်ပွားနေမှုအပေါ် TNLA ၏ထုတ်ပြန်ကြေညာချက်။ |
| ဩဂုတ် ၄ ရက်၊ ၂၀၁၃ ခုနှစ် | - PSLF/TNLA က မန်တုံမြို့နယ်တွင် လူထုတွေ့ဆုံပွဲကျင်းပခြင်း။ |
| ဩဂုတ် ၁ ရက်၊ ၂၀၁၃ ခုနှစ် | - မူဆယ်မြို့တွင် ငြိမ်းချမ်းရေးဆွေးနွေးမှုအပေါ် PSLF/TNLA ၏ထုတ်ပြန်ကြေညာချက်။ |
| ဇူလိုင် ၃၁၊ ၂၀၁၃ ခုနှစ် | - မူဆယ်အစည်းအဝေးတွင် TNLA ၏ အချက် ၉ ချက်ပါအဆိုပြုချက်။ |
| ဇူလိုင် ၂၆၊ ၂၀၁၃ ခုနှစ် | - TNLA နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ တွေ့ဆုံမှုအပေါ် ထုတ်ပြန်ကြေညာချက် |
| ဖေဖေါ်ဝါရီ ၈၊ ၂၀၁၃ ခုနှစ် | - သမ္မတထံသို့ အပစ်အခတ်ရပ်စဲရေးဆွေးနွေးရန် ဖိတ်ခေါ်သည့် ပေးစာ |
| ဇန်နဝါရီ ၁၈ ရက်၊ ၂၀၁၃ ခုနှစ် | - အကြိမ် ၅၀ မြောက်ရွှေရတု ပလောင် အမျိုးသားတော်လှန်ရေးနေ့အတွက် ထုတ်ပြန်ကြေညာချက် |
| ဇန်နဝါရီလ ၁၂ ရက်၊ ၂၀၁၃ ခုနှစ် | - အကြိမ် ၅၀ မြောက် ရွှေရတုပလောင်အမျိုးသားတော်လှန်ရေးနေ့ အတွက် ထုတ်ပြန်ကြေညာချက် |
| စက်တင်ဘာလ ၂၃ ရက်၊ ၂၀၁၂ ခုနှစ် | - ငြိမ်းချမ်းရေးအတွက် ပလောင်အဖွဲ့အစည်းများ၏ထုတ်ပြန်ကြေညာချက် |
| အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၂ ခုနှစ် | - ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ PSLF က ပလောင် ပြည်သူများသို့ တိုက်တွန်းနိုးဆော်ချက် |
| ဇန်နဝါရီလ ၁၂ ရက်၊ ၂၀၁၂ ခုနှစ် | - ၄၉ ကြိမ်မြောက်ပလောင်အမျိုးသားတော်လှန်ရေးနေ့အတွက် PSLF ၏ ထုတ်ပြန်ကြေညာချက် |

## United Nationalities Federal Council

## ညီညွတ်သော တိုင်းရင်းသားလူမျိုးများကောင်စီ

အစိုးရခေါ်သည့်အမည် - UNFC
Facebook Page – http://goo.gl/LT206d

### အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ - ဖေဖော်ဝါရီလ ၁၆ ရက်၊ ၂၀၁၁ ခုနှစ်။
ဌာနချုပ် - ချင်းမိုင်၊ ထိုင်းနိုင်ငံ။

UNFC သည် နောက်ဆုံးဖွဲ့စည်းသည့် တိုင်းရင်းသားလူမျိုးစုများ၏တပ်ပေါင်းစု ဖြစ်သည်။ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းသည့် ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး ကော်မတီ (CEFU) ကို ပြန်လည်ဖွဲ့စည်း၊ အမည်ပြောင်း၍ ပေါ်ထွက်လာခြင်းဖြစ်သည်။ UNFC က မြန်မာအစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို ကိုယ်စားပြု၍ဆောင်ရွက်လိုသည်။

ယခင်ဖွဲ့စည်းသည့် မဟာမိတ်အဖွဲ့များ - အမျိုးသားဒီမိုကရက်တစ်တပ်ဦး (NDF) ၁၉၇၆- လက်ရှိ။ တိုင်းရင်းသားလူမျိုးစုများကောင်စီ (ENC)၂၀၀၁- ၂၀၁၄ (၂၀၁၄ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် တရားဝင်ဖျက်သိမ်း)

ဦးတည်ချက် - UNFC က မြန်မာနိုင်ငံတွင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်လိုသည်။ ၎င်းတို့က တိုင်းရင်းသားဒေသများကို ခုခံကာကွယ်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် (FUA) ကို တည်ထောင်ထားပြီး ဖြစ်သည်။

**UNFC အဖွဲ့ဝင်များ (ယခင် CEFU အဖွဲ့ဝင်များ)**

| | |
|---|---|
| ၁။ ကချင်လွတ်မြောက်ရေးအဖွဲ့ | (KIO) |
| ၂။ မွန်ပြည်သစ်ပါတီ | (NMSP) |
| ၃။ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) | (SSPP^QA) |
| ၄။ ကရင်အမျိုးသား အစည်းအရုံး | (KNU) |
| ၅။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ | (KNPP) |
| ၆။ ချင်းအမျိုးသားတပ်ဦး | (CNF) |

**အဖွဲ့ဝင်သစ် ၆ ဖွဲ့**

| | |
|---|---|
| ၁။ လားဟူ ဒီမိုကရက်တစ် ယူနီယံ | (LDU) |
| ၂။ ရခိုင် အမျိုးသားကောင်စီ | (ANC) |

၃။ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)

၄။ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)
(ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး PSLF ဟု လည်းခေါ်သည်။)

၅။ ဝ အမျိုးသား အဖွဲ့ချုပ် (WNO)

၆။ မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA)

မှတ်ချက်။ ယခင် ၆ ဖွဲ့မြောက်အဖွဲ့သစ် ကချင်အမျိုးသားအစည်းအရုံး (KNO) က KIO နှင့် ပူးပေါင်းလိုက်သည်။

## UNFC ၏နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုအဖွဲ့(၂၀၁၃)

၁။ ဖဒိုမန်းမန်းမန်း (KNU)
၂။ ဗိုလ်မှူးကြီး ဂျီနော်င်း (KIO)
၃။ ဦးအောင်ဆန်းမြင့် (KNPP)
၄။ ဦးခွန်မြင့်ထွန်း (PNLO)
၅။ နိုင်ကွဲဟောင်းမွန် (NMSP)
၆။ ဦးထွန်းဇော် (ANC)
၇။ စောအောဘောမူကူသေး (KNU)

## UNFC နည်းပညာအဖွဲ့(၂၀၁၄)

မသိရှိ

ဘက်စုံ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်
နိပ္ပွန်ဖောင်ဒေးရှင်းနှင့် နားလည်မှုစာချွန်လွှာ
(တစ်နှစ်သာ ၂၀၁၃-၂၀၁၄)

## ဖွဲ့စည်းပုံ

အဖွဲ့ဝင် အဖွဲ့အစည်းတိုင်းက လူပုဂ္ဂိုလ် ၂ ဦးမှ ၄ ဦးကို တာဝန်ပေး စေလွှတ်၍ UNFC ကောင်စီတွင် ကိုယ်စားပြုပါဝင်စေသည်။ လက်ရှိ UNFC ကောင်စီတွင် အဖွဲ့ဝင် ၂၇ဦးရှိသည်။ ယင်းအနက်မှ ၁၀ ဦးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအဖြစ် ရွေးကောက်တင်မြှောက်သည်။

UNFC သည် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိ ပထမဆုံးညီလာခံကို ကျင်းပခဲ့သည်။ ခေါင်းဆောင် ၁၀၀ ခန့်တက်ရောက်ခဲ့ကြသည်။ UNFC သည် ၂၀၁၄ ခုနှစ်အတွင်း ပထမဆုံးညီလာခံကျင်းပပြီး နောက်အမှုဆောင်ကော်မတီဝင် ၁၂ ဦးကို ရွေးချယ်ခဲ့သည်။ FUA တပ်မှူးများသည် ၂၀၁၄ ခုနှစ်နိုဝင်ဘာလ ၂၈ရက်နေ့မှ ၂၉ ရက်နေ့အထိ ပထမဆုံးညီလာခံကိုကျင်းပခဲ့သည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ - အဖွဲ့ဝင် ၁၂ ဦး**
**ဗဟိုကော်မတီ - အဖွဲ့ဝင် ၃၂ ဦး**

FUA တွင် မြောက်ပိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းစစ်ဌာနချုပ်တို့ ရှိသည်။

*UNFC သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော် (FUA) ကို ထူထောင်ခဲ့သည်။

FUA စစ်ကော်မရှင် - အဖွဲ့ဝင် ၁၅ ဦး
ဗိုလ်ချုပ် ဘီထူး (KNPP) – FUA စစ်ဦးစီးချုပ်
ဒုဗိုလ်ချုပ်ကြီး ဘော်ကျော်ဟဲ (KNLA) – FUA ဒုစစ်ဦးစီးချုပ် ၁
ဗိုလ်မှူးချုပ် ခေါင်လွန်း (KIA) – FUA ဒုစစ်ဦးစီးချုပ် ၂

## ဗဟိုအလုပ်မှုဆောင် ကော်မတီဝင်များ

| ရာထူး | ၂၀၁၁ | အဖွဲ့ | | ၂၀၁၂-၁၃ | အဖွဲ့ | | ၂၀၁၄-၁၆ | အဖွဲ့ |
|---|---|---|---|---|---|---|---|---|
| ဥက္ကဋ္ဌ | ဒုဗိုလ်ချုပ်ကြီး အင်ဘန်လ | KIO | | ဒုဗိုလ်ချုပ်ကြီး အင်ဘန်လ | KIO | | ဒုဗိုလ်ချုပ်ကြီး အင်ဘန်လ | KIO |
| ဒုဥက္ကဋ္ဌ ၁ | ဒုဗိုလ်ချုပ်ကြီး ဂေါ်ရီဇော်စိုင်း | KIO | | ခွန်အေ ဘယ်တွိဒ် | KNPP | | နိုင်ဟံသာ၊ ပြောခွင့်ရပုဂ္ဂိုလ် | NMSP |
| ဒုဥက္ကဋ္ဌ ၂ | ခွန်အေ ဘယ်တွိဒ် | KNPP | | ဖဒိုဒေးဗစ် သာကပေါ | KNU | | အရန်ဖယ်ထား | KNU |
| အတွင်းရေးမှူး | နိုင်ဟံသာ | NMSP | | နိုင်ဟံသာ | NMSP | | ခူဦးရယ်၊ ပြောခွင့်ရပုဂ္ဂိုလ် | KNPP |
| တွဲဖက်အတွင်းရေးမှူး ၁ | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | PNLO | | ဖဒိုမန်းမန်း | KNU | | ခွန်ဥက္ကာ၊ ပြောခွင့်ရပုဂ္ဂိုလ် | PNLO |
| တွဲဖက်အတွင်းရေးမှူး ၂ | ရွှေမျိုးသန့် | KNPP | | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | PNLO | | ဆလိုင်း သလာဟဲ | CNF |
| အဖွဲ့ဝင် | မန်းငြိမ်းမောင် | KNU | | ဒေါက်တာ ခင်မောင် | ANC | | ဒေါက်တာလဂျာ | KIO |
| အဖွဲ့ဝင် | ဒေါက်တာ လဂျာ | KIO | | ဒေါက်တာ လဂျာ | KIO | | ဗိုလ်ချုပ် ဘီထူး | KNPP |
| အဖွဲ့ဝင် | ဒေါက်တာ ရွှေခါး | CNF | | နော်စီဖိုးရာစိန် | KNU | | စဝ်စိုင်းထူး | SSPP |
| အဖွဲ့ဝင် | ဘော်ဝမ် လရော် | KNO | | နိုင်ကွယ် ဟောင်မွန် | NMSP | | ဘော်ဝမ်လရော် | KIO |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အဖွဲ့ဝင် | - | | | - | | | ဒေါက်တာ ခင်မောင် | ANC |
| အဖွဲ့ဝင် | - | | | - | | | အရန်ဖယ်ထား | KNU |

## ဆွေးနွေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | လက်နက်ကိုင် ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ၂၃/၁၂/၂၀၁၁ | ဘန်ကောက်၊ ထိုင်း | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | ဦးအောင်မင်း | အကြိုပဏာမ ဆွေးနွေးပွဲမတိုင်မီ အလွတ်သဘောတွေ့ဆုံမှု ဖြစ်သည်။ |
| ၂ | ၀၉/၁၁/၂၀၁၂ | ချင်းမိုင်၊ ထိုင်း | နိုင်ဟံသာ၊ ဗိုလ်မှူးကြီး ခွန်ဥက္ကာနှင့် အခြားသော UNFC ခေါင်းဆောင်များ | ဦးအောင်မင်း | အလွတ်သဘော တွေ့ဆုံမှုဖြစ်သည်။အကျိုးဆောင်(အစိုးရဘက်မှ)-ဦးလှမောင်ရွှေ၊ ဦးညိုအုန်းမြင့် |
| ၃ | ၂၀/၀၂/၂၀၁၃ | ချင်းမိုင်၊ ထိုင်း | နိုင်ဟံသာ | ဦးအောင်မင်း | အချက် ၅ ချက်ပါ ပူးတွဲကြေညာချက် တိုင်းရင်းသားဒေသများတွင် အစိုးရနှင့်နိုင်ငံတကာ စီမံကိန်းများကို အနာဂတ်တွင် မည်သို့မည်ပုံ အကောင်အထည်ဖော်ကြမည်ကိုဆွေးနွေးကြသည်။ နိုင်ငံရေးဆွေးနွေးပွဲ အတွက် အချိန်ဇယား |
| ၄ | ၁၃/၀၇/၂၀၁၃ | ချင်းမိုင်၊ ထိုင်း | နိုင်ဟံသာ၊ ဖဒိုမန်းမန်း၊ အခြားသော ခေါင်းဆောင်များ | MPC နည်းပညာအဖွဲ့ | ကြိုတင်ပြင်ဆင်မှု အစည်းအဝေးဖြစ်သည်။ ငြိမ်းချမ်းရေး ဆွေးနွေးမှုလမ်းပြမြေပုံကို ဆွေးနွေးသည်။ ကြားဝင်ဖျန်ဖြေသူများ၊ အဖွဲ့အစည်းများ။နိုင်ငံတွင်း ရေရှည်ငြိမ်းချမ်းရေးအတွက် UNFC က နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည်။ |
| ၅ | ၂၇/၀၈/၂၀၁၃ | ချင်းမိုင်၊ ထိုင်း | UNFC နည်းပညာအဖွဲ့ | MPC နည်းပညာအဖွဲ့ | တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးမှုအတွက်ဆွေးနွေးကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၆ | ၀၈/၀၉/၂၀၁၃ | ချင်းမိုင်၊ ထိုင်း | UNFC | ဦးအောင်မင်း၊ ဦးခင်ရီ၊ MPC ကိုယ်စားလှယ် ၁၃ ဦး | အစိုးရ၏ အချက် ၈ ချက်ပါ လမ်းပြမြေပုံနှင့် UNFC ၏ ၆-ချက်ပါ လမ်းပြမြေပုံအပေါ်၊ အခြေခံမူဘောင်အပေါ် ဆွေးနွေးကြသည်။ အစိုးရက အောက်တိုဘာတတိယအပတ်တွင်တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီနိုင်မည်ဟုကြေညာသည်။ |
| ၇ | ၀၇/၁၀/၂၀၁၃ | ချင်းမိုင်၊ ထိုင်း | UNFC အဖွဲ့ဝင်များအားလုံး | | UNFC သည် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ချင်းမိုင်တွင် အစည်းအဝေးပွဲတစ်ခု ကျင်းပခဲ့သည်။ ၄င်းတို့သည် အစိုးရနှင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် နိုင်ငံရေးမူဘောင်နှင့်ပတ်သက်၍ လည်းကောင်း၊ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ |
| ၈ | ၂၂/၁၁/၂၀၁၃ | ချင်းမိုင်၊ ထိုင်း | UNFC ၊ RCSS ၊ WGEC | ဦးညိုအုန်းမြင့် (MPC) | MPC နှင့် နိပွန်ဖောင်ဒေးရှင်းတို့ ကြီးမှူး၍ ချင်းမိုင်တွင် အစည်းအဝေးပွဲတစ်ရပ် ကျင်းပခဲ့သည်။ NDF ၊ DP (မြန်မာ)၊ SNDP၊ ရန်ကုန်တိုင်းရခိုင်ရေးရာဝန်ကြီး၊ ရန်ကုန်တိုင်း ကရင်ရေးရာဝန်ကြီး၊ စစ်ကိုင်းတိုင်း ချင်းရေးရာဝန်ကြီး၊ CNP၊ SNLD၊ ငြိမ်းချမ်းရေးနှင့် မတူကွဲပြားသောပါတီ၊ NLD ပါတီတို့မှ ကိုယ်စားလှယ်များက အစည်းအဝေးပွဲသို့တက်ရောက်ခဲ့ကြသည်။ ၄င်းတို့သည် ဖက်ဒရယ်တပ်မတော်နှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေး၊အနာဂတ်နိုင်ငံရေး ဆွေးနွေးပွဲတွင် ယုံကြည်မှုတည်ဆောက်ရေး စသည်တို့နှင့်ပတ်သက်၍ အမြင်များကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၉ | ၂၃/၁၁/၂၀၁၃ | ရန်ကုန် | နိုင်ဟံသာ၊ အေဘယ်တွိဒ် နှင့် ဒေးဗစ် သာကပေါ | UPWC - ဦးအောင်မင်း | UNFC ခေါင်းဆောင်သုံးဦးသည် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဦးအောင်မင်းနှင့် တွေ့ဆုံခဲ့ကြသည်။ ယင်းမှာ ချစ်ကြည်ရေးခရီးစဉ်ဖြစ်သည်။ ၄င်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၁၀ | ၀၃-၀၄/၀၇/၂၀၁၄ | မဲဆောက်၊ ထိုင်း | UNFC နှင့် UNA၊ ၈၈ မျိုးဆက်ကျောင်းသားများ၊ NLD | - | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ UNFC သည် UNA ၊ ၈၈ အဖွဲ့နှင့်အတူ အခြားသောနိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့သည်။ ၄င်းတို့သည်<br>(၁)ဒီမိုကရေစီ၊<br>(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊<br>(၃) နိုင်ငံရေးဆွေးနွေးပွဲ စသောအချက်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၁၁ | ၀၇/၁၀/၂၀၁၄ | ချင်းမိုင် | UNFC နှင့် SNLD | - | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ ရှမ်းခေါင်းဆောင်များနှင့် UNFC ခေါင်းဆောင်များသည် အောက်တိုဘာလ ၇ ရက်နေ့တွင် ချင်းမိုင်မြို့၌တွေ့ဆုံခဲ့ကြသည်။ ဆွေးနွေးပွဲမှာ အနည်းဆုံး ၂ နာရီခန့် ကြာမြင့်ခဲ့သည်။ ၄င်းတို့သည် လတ်တလော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အမြင်များကို ဖလှယ်ခဲ့ကြသည်။ |
| ၁၂ | ၁၀/၁၁/၂၀၁၄ | နေပြည်တော် | နိုင်ဟံသာ၊ ခွန်ဥက္ကာ၊ ဆလိုင်းသလာဟေး၊ ထွမ်ဇော် | ဦးအောင်မင်း | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ UNFC ခေါင်းဆောင်များသည် အစိုးရ၏စွပ်စွဲချက်များကို ပြန်လည်ရှင်းလင်းခဲ့ပြီး NCA နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၃ | ၁၁/၁၁/၂၀၁၄ | ရန်ကုန် | နိုင်ဟံသာ၊ ခွန်ဥက္ကာ၊ ဆလိုင်းသလာ ဟေး၊ ထွမ်ဇော် | - | UNFC ကိုယ်စားလှယ်များဖြစ်သောနိုင်ဟံသာ၊ ခွန်ဥက္ကာ၊ ထွမ်ဇော်နှင့် ဆလိုင်းသလာဟေးတို့နှင့်အတူ UNA ကိုယ်စားလှယ်များသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်ရှိ SNLD ရုံးတွင် တွေ့ဆုံခဲ့ကြသည်။ ဦးခွန်ထွန်းဦးသည် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ထိပ်သီးဆွေးနွေးပွဲများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး နိုင်ဟံသာကမူ မကြာသေးမီက UPWC နှင့် NCCT တို့အကြား မတိုးသာမဆုတ်သာဖြစ်ခဲ့သည့် ဆွေးနွေးပွဲနှင့်ပတ်သက်၍ လည်းကောင်း၊ အဆိုပါအခြေအနေအား မည်သို့မည်ပုံ ကျော်လွှားမည်ကိုလည်းကောင်း ရှင်းလင်းပြောဆိုခဲ့သည်။ |

UNFC **အစည်းအဝေးပွဲများ**

| | | | |
|---|---|---|---|
| ၂၉/၀၇/၂၀၁၃ | ချင်းမိုင်၊ ထိုင်း | MNDAA၊ NBF၊ UWSA၊ NDAA | |
| ၀၇/၁၀/၂၀၁၃ | ချင်းမိုင်၊ ထိုင်း | UNFC အဖွဲ့ဝင်များအားလုံး | အစိုးရနှင့် နိုင်ငံရေးဆွေးနွေးပွဲ အခြေခံမူဘောင်နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်ရေးကိစ္စ ဆွေးနွေးသည်။ |

| | | | |
|---|---|---|---|
| ၂၁-၂၂/၀၄/၂၀၁၄ | ချင်းမိုင် | UNFC – CEC အဖွဲ့ဝင်များ | ပြည်ထောင်စု တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီသည် နှစ်ရက်ကြာအစည်းအဝေးပွဲကို ချင်းမိုင်တွင် ပြုလုပ်ခဲ့သည်။ ၄င်းတို့သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ပတ်သက်၍ လေ့လာဆန်းစစ်ခဲ့ကြသည်။ ၄င်းတို့သည် မူတစ်မူတည်းသဘောတူညီချက်နှင့် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးတို့နှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။ |
| ၂၆-၂၉/၀၈/၂၀၁၄ | ချင်းမိုင် | UNFC အဖွဲ့ဝင်များ | UNFC သည် ဩဂုတ်လ ၂၆ရက်နေ့မှ ၂၉ ရက်နေ့အထိ ချင်းမိုင်တွင် နှစ်စဉ်အစည်းအဝေးပွဲကို ကျင်းပခဲ့သည်။ CEC ဘုတ်အဖွဲ့ဝင်များက ၃ နှစ်ခွဲကာလအတွင်း UNFC အနေဖြင့် မည်မျှဆောင်ရွက်ထားပြီးသည်ကို ရှင်းပြခဲ့သည်။ ၄င်းတို့သည် UNFC ၏ ဖွဲ့စည်းပုံ၊ ငြိမ်းချမ်းရေး၊ စည်းလုံးရေး၊နိုင်ငံရေးဆွေးနွေးပွဲ စသည်တို့နှင့်စပ်လျဉ်း၍ဆွေးနွေးခဲ့ကြသည်။ |
| ၂၀-၂၂/၁၀/၂၀၁၄ | ထိုင်း - မြန်မာနယ်စပ် | UNFC အဖွဲ့ဝင်များ | UNFC သည် ထိုင်း - မြန်မာနယ်စပ်ဒေသတွင် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ တွေ့ဆုံခဲ့ကြသည်။ ၄င်းတို့သည် လတ်တလော နိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးကိစ္စရပ်နှင့်ပတ်သက်၍ သဘောထားအမြင်များကို ဖလှယ်ခဲ့ကြသည်။ |
| ၂၈/-၂၉/၁၁/၂၀၁၄ | ထိုင်း - မြန်မာနယ်စပ် | UNFC အဖွဲ့ဝင်များ | FUA တပ်မှူးများသည် ပထမဆုံးညီလာခံကို ၂၀၁၄ ခုနှစ်နိုဝင်ဘာလ ၂၈ ရက်နေ့မှ ၂၉ ရက်နေ့အထိ ထိုင်း-မြန်မာနယ်စပ်ဒေသတွင် ကျင်းပပြုလုပ်ခဲ့သည်။ ၄င်းတို့က စစ်ဘက်ရေးရာပြဿနာများ၊ မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်ခြောက်ရပ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ မြန်မာ့တပ်မတော်၏ စစ်ဆင်ရေးစသော ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ၄င်းတို့က အချက် ၉ ချက်ကိုသဘောတူခဲ့ကြသည်။ |

| | | | |
|---|---|---|---|
| ၂၂/၁၁/၂၀၁၃ | ချင်းမိုင်၊ ထိုင်း | UNFC၊ RCSS ၊ WGEC | ၁။ ဦးခင်မောင်ဆွေ (NDF)<br>၂။ ဒေါ်သန်းသန်းနု (ဒီမိုကရေစီပါတီ-မြန်မာပြည်)<br>၃။ ဦးမျိုးညွန့် (ဒီမို/ငြိမ်းချမ်းရေးပါတီ)<br>၄။ စိုင်းအိုက်ပေါင်း (SNDP)<br>၅။ ဦးဇော်အေးမောင် (RNDP)<br>၆။ စောထွန်းအောင်မြင့် (ရန်ကုန်-ကရင်ရေးရာဝန်ကြီး)<br>၇။ နိုထန်ခတ် (စစ်ကိုင်းတိုင်း ချင်းရေးရာဝန်ကြီး)<br>၈။ ဦးဗိုဇမ်း (CNP)<br>၉။ စိုင်းညွန့်လွင် (SNLD)<br>၁၀။ ဦးနေမျိုးဝေ (မတူကွဲပြား/ ငြိမ်းချမ်းခြင်းပါတီ)<br>၁၁။ နန်းခင်ထွေးမြင့် (NLD) တို့က ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်တပ်မတော်ကိစ္စ ဆွေးနွေးကြသည်။ အနာဂတ်နိုင်ငံရေး ဆွေးနွေးပွဲများအတွက် ယုံကြည်မှုတည်ဆောက်ရေးကိစ္စကိုလည်း ဆွေးနွေးခဲ့ကြသည်။ |

**ဆွေးနွေးပွဲများ** (Workshops) -

ဇန်နဝါရီလ ၁၃-၁၅၊ ၂၀၁၄ ခုနှစ် - UNFC နှင့် NCCT တို့ကကျင်းပသည့် နိုင်ငံရေးအခြေခံမူဘောင် ဆိုင်ရာ ဆွေးနွေးပွဲ။

ဇန်နဝါရီလ ၉-၁၁၊ ၂၀၁၄ ခုနှစ် - UNFC နှင့် NCCT တို့ကကျင်းပသည့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဆိုင်ရာ ဆွေးနွေးပွဲ။

ဒီဇင်ဘာလ ၂-၅၊ ၂၀၁၃ ခုနှစ် - မြောက်ပိုင်း အိုင်ယာလန်ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ ရလဒ်ဖြစ်သော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအပေါ် ဆွေးနွေးပွဲ

နိုဝင်ဘာလ ၂၄၊ ၂၀၁၃ ခုနှစ် - ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ UNFC နှင့် နိုင်ငံရေးပါတီများ ဆွေးနွေးပွဲ

အောက်တိုဘာလ ၇-၁၀၊ ၂၀၁၃ ခုနှစ် - ချင်းမိုင်တွင် UNFC က အရေးပေါ်အစည်းအဝေးကျင်းပသည်။

ဇူလိုင်လ ၂၉-၃၁၊ ၂၀၁၃ ခုနှစ် - UNFC ညီလာခံကျင်းပသည်။

ဇူလိုင် ၅-၇၊ ၂၀၁၃ ခုနှစ် - အာချေးငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ သင်ခန်းစာများဆွေးနွေးပွဲ

## လမ်းပြမြေပုံများ

နိုင်ငံရေးလုပ်ငန်းစဉ် ၆-ချက်ပါ ငြိမ်းချမ်းရေး လမ်းပြမြေပုံ (၂၇-၀၉-၂၀၁၂)။ အစိုးရ၏ ငြိမ်းချမ်းရေး လမ်းပြမြေပုံအပေါ် အခြားရွေးချယ်စရာ နောက်ထပ်နည်းလမ်းတစ်ခု ဖြစ်သည်။

၁။ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးနှင့်လူငယ်ထုအပါအဝင်

civil societies တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပပြီး "နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်" (Framework for Political Dialogue) တွင် ပါဝင်မည့်အချက်အလက်များကို သဘောတူချမှတ်ရန်။

၂။ ပြည်ထောင်စုအစိုးရ ကိုယ်စားလှယ်များနှင့် လက်နက်ကိုင်တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ စုစည်းထားသော ကိုယ်စားလှယ်များအကြားတွေ့ဆုံဆွေးနွေး၍ "တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ မူဘောင်သဘောထား" (The Framework of Political Dialogue) သဘောတူညီချက်ရရှိရန်။

**ထိုသို့ပြုလုပ်ရာတွင် -**

(က) ဘက်နှစ်ဖက်မှ လက်ခံနိုင်သောနေရာတွင် ဆွေးနွေးရန်။

(ခ) ဆွေးနွေးစဉ်နှင့် သဘောတူညီချက်များကို အကောင်အထည်ဖော်ရာတွင် ဘက်မလိုက်သော နိုင်ငံတကာလေ့လာစောင့်ကြည့်ရေး အဖွဲ့ထားရှိရန်နှင့် သဘောတူညီချက်များကိုအများပြည်သူသိရှိအောင် လွတ်လပ်သောမီဒီယာများမှ တစ်ဆင့် ပူးတွဲထုတ်ပြန်ရန်။

၃။ ပြည်ထောင်စုအစိုးရနှင့် လက်နက်ကိုင်တိုင်းရင်းသား တော်လှန်ရေးအင်အားစုများအကြား တွေ့ဆုံဆွေးနွေး ပွဲမှ "တွေ့ဆုံဆွေးနွေးရေးဆိုင်ရာမူဘောင်သဘောထား" (The Framework of Political Dialogue) သဘောတူညီချက်ရရှိပြီးမှ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်သော်လည်းကောင်း၊ လူမျိုးအလိုက်သော်လည်းကောင်း တိုင်းရင်းသားတို့၏ ညီလာခံများကျင်းပပြီး ရှင်းလင်းညှိနှိုင်းသဘောထားရယူသွားရန်။

၄။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းရင်းသားများ၏ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးနှင့် လူငယ်အဖွဲ့အစည်းများအပါအဝင် civil societies အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သော တိုင်းရင်းသားလူမျိုးစုံညီလာခံတစ်ခုကို ခေါ်ယူကျင်းပသွားရန်။

၅။ တိုင်းရင်းသားအင်အားစုများ၏ ကိုယ်စားလှယ်များ၊ ဒီမိုကရေစီနည်းအရလှုပ်ရှားနေကြသော နိုင်ငံရေးအင်အားစုများ၏ ကိုယ်စားလှယ်များ၊ အစိုးရကိုယ်စားလှယ်များ အချိုးညီပါဝင်ပြီး အင်အားစုသုံးစုစလုံးလက်ခံနိုင်သော ပုံစံဖြင့် ပင်လုံစိတ်ဓာတ်ကိုအခြေခံသော ပြည်ထောင်စုညီလာခံကြီးတစ်ရပ်ကျင်းပသွားရန်။ ထိုညီလာခံကြီးမှ ချမှတ်သောသဘောတူညီချက်များကို "တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စု သဘောတူညီချက်" (Union Accord) အဖြစ် သဘောတူလက်မှတ်ရေးထိုးရန်။

၆။ "တိုင်းရင်းသား လူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူညီချက်" (Union Accord) ကို အချိန်အတိအကျ သတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

**တောင်းဆိုချက်များ-**

UNFC က အဓိကပြဿနာ ၄-ရပ်ကို ဆွေးနွေးရန် ၂၀၁၂ ခုနှစ်တွင် တောင်းဆိုထားသည်။

၁။ UNFC နှင့် အစိုးရတို့ဂျပန်နိုင်ငံတွင် နိပ္ပွန်ဖောင်ဒေးရှင်း၏ စောင့်ကြည့်ကူညီမှုအောက်တွင် ဆွေးနွေးပွဲတစ်ခု ကျင်းပနိုင်ရေး စီစဉ်ရန်။

၂။ ရခိုင်ပြည်နယ်တွင် လူအုပ်စုများအချင်းချင်းအကြားဖြစ်ပွားနေသည့် ပဋိပက္ခအတွက် နည်းလမ်းအဖြေရှာရန်။

၃။ UNFC ၏ အချက် ၆-ချက်ပါ ငြိမ်းချမ်းရေးလမ်းပြမြေပုံကို အကောင်အထည်ဖော်ရန်။

၄။ ကချင်လွတ်မြောက်ရေးအဖွဲ့နှင့် မြန်မာစစ်တပ်အကြားတိုက်ပွဲများ အဆုံးသတ်စေရန်။

**တရားမဝင် သဘောတူညီချက် (နိုဝင်ဘာလ ၉ ရက်၊ ၂၀၁၂ ခုနှစ်)**

၁။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်။

၂။ နိုင်ငံရေးဆွေးနွေးပွဲကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တစ်လုံးတစ်စည်းတည်း ဆွေးနွေးရန်။

ခွဲခြားဆွေးနွေးမှု မပြုရန်။

၃။ လာမည့်လတွင် ရန်ကုန်မြို့၌ တည်ထောင်ထားသော မြန်မာနိုင်ငံငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ (Myanmar Peace Center)တွင် စီစဉ်ထားသည့် ဆွေးနွေးပွဲ၌၊ တရားဝင်ဆွေးနွေးကြသည့်အခါ အောက်ဖော်ပြပါ ခေါင်းစဉ်များ ဆွေးနွေးရန်။ (နိုင်ငံရေးဆွေးနွေးပွဲအတွက် အခြေခံမူဘောင်၊ အချိန်ဇယား၊ နည်းပညာ ပံ့ပိုးကူညီမှုနှင့် ထောက်ပံ့ရေး ကိစ္စများ။)

## နိုင်ငံရပ်ခြား လှုပ်ရှားမှုများ

ဧပြီလ ၂၄ ရက်၊ ၂၀၁၂ ခုနှစ်– (ဂျပန်နိုင်ငံ၊ တိုကျိုမြို့) - UNFC ၏ အလုပ်အမှုဆောင် အဖွဲ့ဝင် ၃ ဦး ဖြစ်သော၊ ဒေါက်တာလဂျာ၊ ခွန်ဥက္ကာနှင့် စောဒေးဗစ် သာကပေါတို့သည် တိုကျိုသို့ သွားရောက်၍၊ ဂျပန်အစိုးရနှင့် ပြောဆိုဆွေးနွေးခဲ့ကြသည်။ UNFC ခေါင်းဆောင်များက မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေ၊ လက်ရှိ ပဋိပက္ခ ဖြေရှင်းပြေလည်စေရေးတွင် UNFC ၏အခန်းကဏ္ဍ၊ မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲကိစ္စများကို ပြောဆိုဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာလ ၂၇ ရက်၊ ၂၀၁၂ ခုနှစ်– (အမေရိကန်ပြည်ထောင်စု) – KNU အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေးဗစ်သာကပေါနှင့် UNFC တွဲဖက်အတွင်းရေးမှူးနှင့် ပြောရေးဆိုခွင့်ရှိသူ ခွန်ဥက္ကာတို့ ဦးဆောင်ကြသည့်၊ UNFC နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) တို့ ပူးတွဲကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နိုင်ငံသို့ သွားရောက်ခဲ့ကြသည်။ ၄င်းခရီးစဉ်တွင် သူတို့က အမေရိကန်ပြည်ထောင်စု၊ ကုလသမဂ္ဂအရာရှိများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ်– UNFC နိုင်ငံခြားရေးအဖွဲ့ဝင် စဝ်ဆွေမန် ဂရိုင်း (UNFC စစ်ဖက်ရေးရာ)၊ လအောင်နှင့် NCUB ၏ အမေရိကန် ပြည်ထောင်စုကိုယ်စားလှယ် ကိုမိုးချမ်းတို့ ပါဝင်ကြသည်။

ဧပြီလ ၁–၅ ရက်၊ ၂၀၁၃ ခုနှစ်– (ဂျပန်နိုင်ငံ၊ တိုကျို) – UNFC အဖွဲ့ဝင်များက ဂျပန်နိုင်ငံသို့ သွားရောက်၍ ဂျပန်ဝန်ကြီးချုပ်အသစ်နှင့် တွေ့ဆုံသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများထံ လူသားချင်းစာနာမှု အကူအညီ အသစ်များပေးပါရန် ဆွေးနွေးသည်။

မေလ ၂၀၁၃ ခုနှစ်– (UK) – အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအန်ဘန်လ၊ အထွေထွေ အတွင်းရေးမှူး နိုင်ဟံသာ ဦးဆောင်၍ UNFC အဖွဲ့ဝင်များက ဗြိတိန်နိုင်ငံသို့ သွားရောက်ခဲ့သည်။ မြောက်ပိုင်း အိုင်ယာလန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုလေ့လာသည်။ သူတို့နှင့်အတူ ဦးဆော်လမွန် (CNF)၊ ဦးဆော်လမွန် (လားဟူ)၊ ဘောမ်ဝန်းလာရော် (Bumwam Laraw) (KIO) နှင့် ALP မှ အဖွဲ့ဝင်တစ်ဦးလိုက်ပါခဲ့သည်။

## ထုတ်ပြန်ကြေညာချက်များ

SD နှင့် UPWC တို့အကြား ၈ ကြိမ်မြောက် တရားဝင်ဆွေးနွေးပွဲနှင့်ပတ်သက်၍ UNFC ကြေညာချက်ထုတ်ပြန်

| | |
|---|---|
| ဧပြီလ ၀၇ ရက်၊ ၂၀၁၅ ခုနှစ် | – NCCT နှင့် UPWC တို့အကြား တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး သဘောတူမူကြမ်းတွင် လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ကြေညာချက် ထုတ်ပြန်။ |
| မတ်လ ၂၈ ရက်၊ ၂၀၁၅ ခုနှစ် | – လတ်တလောဆွေးနွေးနေမှုများနှင့် လက်တွေ့ဖြစ်ပွားနေသည့် ကြမ်းကြုတ် သောတိုက်ပွဲများအပေါ် UNFC ကြေညာချက်ထုတ်ပြန်။ |
| မတ်လ ၀၈ ရက်၊ ၂၀၁၅ ခုနှစ် | – ဒီမိုကရေစီစနစ်ပညာရေးလှုပ်ရှားမှုနှင့်ပတ်သက်၍ အကြမ်းဖက်ဖြိုခွင်းမှုနှင့် ဆက်စပ်ကြေညာချက်တစ်စောင် UNFC ထုတ်ပြန်။ |

| | |
|---|---|
| ဖေဖော်ဝါရီလ ၂၁ ရက်၊ ၂၀၁၅ ခုနှစ် | - ကိုးကန့်ဒေသရှိ တိုက်ပွဲများနှင့်ပတ်သက်၍ UNFC က ကြေညာချက်ထုတ်ပြန်။ |
| ဖေဖော်ဝါရီလ ၂၀ ရက်၊ ၂၀၁၅ ခုနှစ် | - ချင်းအမျိုးသားနေ့နှင့်ပတ်သက်၍ UNFC ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့။ |
| ဖေဖော်ဝါရီလ ၁၁ ရက်၊ ၂၀၁၅ ခုနှစ် | - ပြည်ထောင်စုနေ့နှင့်ပတ်သက်၍ UNFC ကြေညာချက်ထုတ်ပြန်(၁/၂၀၁၅) |
| ဇန်နဝါရီလ ၃၀ ရက်၊ ၂၀၁၅ ခုနှစ် | - မြန်မာငြိမ်းချမ်းရေးလုပ်ငန်းစဉ် အသေးစိတ်ရှင်းလင်းချက် |
| ဇန်နဝါရီလ ၂၉ ရက်၊ ၂၀၁၅ ခုနှစ် | - ၆၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့်ပတ်သက်၍ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ |
| ဇန်နဝါရီလ ၀၅ ရက်၊ ၂၀၁၅ ခုနှစ် | - UNFC ၏ နှစ်သစ်ကူးသဝဏ်လွှာ |
| ဒီဇင်ဘာလ ၀၁ ရက်၊ ၂၀၁၄ ခုနှစ် | - FUA၏ ပထမဆုံးအစည်းအဝေးပွဲပြီးနောက်တွင် FUA က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ |
| နိုဝင်ဘာလ ၂၀ ရက်၊ ၂၀၁၄ ခုနှစ် | - KIO ကိုမြန်မာစစ်တပ်တိုက်ခိုက်မှုအပေါ် ရှုတ်ချကြောင်း UNFC ကြေညာချက်ထုတ်ပြန်။ |
| နိုဝင်ဘာလ ၁၅ ရက်၊ ၂၀၁၄ ခုနှစ် | - UNFC ၏ သတင်းထုတ်ပြန်ချက်(၀၂-၂၀၁၄) |
| အောက်တိုဘာလ ၂၂ ရက်၊ ၂၀၁၄ ခုနှစ် | - ပထမဆုံး UNFC ညီလာခံပြီးနောက် UNFC ကြေညာချက်တစ်စောင်ထုတ်ပြန်။ |
| အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၄ ခုနှစ် | - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပေါ် မြန်မာတပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုနှင့်ပတ်သက်၍ UNFC ကြေညာချက်ထုတ်ပြန်။ |
| စက်တင်ဘာလ ၀၃ ရက်၊ ၂၀၁၄ ခုနှစ် | - ပထမညီလာခံကို သဘောတူပြီးနောက် UNFC ကြေညာချက်ထုတ်ပြန်။ |
| စက်တင်ဘာလ ၀၁ ရက်၊ ၂၀၁၄ ခုနှစ် | - ပထမဆုံးညီလာခံနှင့်ပတ်သက်၍ UNFC ကြေညာချက်ထုတ်။ |
| ဇူလိုင်လ ၀၄ ရက်၊ ၂၀၁၄ ခုနှစ် | - နိုင်ငံရေးညီလာခံအတွက် UNFC နှင့် နိုင်ငံရေးပါတီများကပူးတွဲကြေညာချက်ထုတ်ပြန်။ |
| ဧပြီလ ၃၀ ရက်၊ ၂၀၁၄ ခုနှစ် | - UPWC သို့ UNFC က အိတ်ဖွင့်ပေးစာတစ်စောင်ပေးပို့ခဲ့သည်။ |
| ဧပြီလ ၂၃ ရက်၊ ၂၀၁၄ ခုနှစ် | - ဦးဝင်းတင်ကွယ်လွန်မှုအပေါ် UNFC ၏ ဝမ်းနည်းကြောင်းသဝဏ်လွှာ၊ ဦးဝင်းတင်ကို ဒီမိုကရေစီသူရဲကောင်းဟု ခေါ်ဆိုခဲ့သည်။ |
| နိုဝင်ဘာလ ၂၇ ရက်၊ ၂၀၁၃ ခုနှစ် | - UNFC ၏ထုတ်ပြန်ကြေညာချက်။ |
| နိုဝင်ဘာလ ၂၅ ရက်၊ ၂၀၁၃ ခုနှစ် | - UNFC နှင့် UNA တို့၏ ပူးတွဲထုတ်ပြန်ကြေညာချက် |
| နိုဝင်ဘာလ ၂၂ ရက်၊ ၂၀၁၃ ခုနှစ် | - UNFC ၏ ထုတ်ပြန်ကြေညာချက် (၆/၂၀၁၃) |
| နိုဝင်ဘာလ ၂၂ ရက်၊ ၂၀၁၃ ခုနှစ် | - UNFC ၏ ထုတ်ပြန်ကြေညာချက် (၅/၂၀၁၃) |
| အောက်တိုဘာလ ၁၂ ရက်၊ ၂၀၁၃ ခုနှစ် | - လိုင်ဇာ ထိပ်သီးစည်းဝေးပွဲနှင့်မြစ်ကြီးနားအစည်းအဝေးများနှင့် ပတ်သက်၍ UNFC ၏ ထုတ်ပြန်ကြေညာချက် |
| အောက်တိုဘာလ ၁၁ ရက်၊ ၂၀၁၃ ခုနှစ် | - UNFC အရေးပေါ်ကောင်စီအစည်းအဝေးထုတ်ပြန်ကြေညာချက် |
| စက်တင်ဘာလ ၁၀ ရက်၊ ၂၀၁၃ ခုနှစ် | - UNFC နှင့် အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းအဖွဲ့ (UPWC) တို့၏ပဏာမပြင်ဆင်မှုအစည်းအဝေးအပေါ် ထုတ်ပြန်ကြေညာချက်။ |
| စက်တင်ဘာလ ၈ ရက်၊ ၂၀၁၃ ခုနှစ် | - မြန်မာအစိုးရနှင့် UNFC တို့၏ ပူးတွဲကြေညာချက် |
| ဩဂုတ် ၁ ရက်၊ ၂၀၁၃ ခုနှစ် | - မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး တိုင်းရင်းသားညီလာခံနှင့်ပတ်သက်၍ UNFC ၏ ထုတ်ပြန်ကြေညာချက်။ |

ဇူလိုင်လ ၁၄ ရက်၊ ၂၀၁၃ ခုနှစ် - နည်းပညာ ပံ့ပိုးကူညီမှုအဖွဲ့များ တွေ့ဆုံမှုအပေါ် UNFC ၏ ထုတ်ပြန်ကြေညာချက်။ (၅/၂၀၁၃)

ဇူလိုင်လ ၉ ရက်၊ ၂၀၁၃ ခုနှစ် - UNFC ထုတ်ပြန်ကြေညာချက်

ဇန်နဝါရီလ ၂၁ ရက်၊ ၂၀၁၃ ခုနှစ် - UNFC နှင့် NCUB တို့ကကြေညာချက်များ ထုတ်ပြန်ကြသည်။ သမ္မတ ဦးသိန်းစိန်က ကချင်ပြည်နယ်ထိုးစစ်အပေါ် UNFC နှင့် NCUB တို့က ပြစ်တင်ရှုတ်ချခဲ့ကြပြီး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတွင် နောက်ပြန်ဆုတ်သည့်ခြေလှမ်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။

ဇန်နဝါရီလ ၁၀ ရက်၊ ၂၀၁၃ ခုနှစ် - UNFC ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန သတင်းထုတ်ပြန်ကြေညာချက်။


ဇန်နဝါရီလ ၁၀ ရက်၊ ၂၀၁၃ ခုနှစ် - UNFC နှစ်ပတ်လည်အစည်းအဝေးထုတ်ပြန်ကြေညာချက်။

ဇန်နဝါရီလ ၁ ရက်၊ ၂၀၁၃ ခုနှစ် - ကချင်ပြည်နယ်အတွင်း ထိုးစစ်များနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်။

# United Wa State Party

## “ဝ” ပြည် သွေးစည်းညီညွတ်ရေး ပါတီ





နိုင်ငံရေးအဖွဲ့အစည်း - ‘ဝ’ ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP)

လက်နက်ကိုင်တပ်ဖွဲ့ - ‘ဝ’ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)

အစိုးရကခေါ်ဆိုသည့်အမည် - ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ-၂

## အကျဉ်းချုပ်

တည်ထောင်သည့်နေ့စွဲ - ၁၉၈၉ ခုနှစ်။

ဌာနချုပ် - ပန်ခမ်း (ပန်ဆန်းဟုလည်း ခေါ်ဆိုကြသည်။)

လှုပ်ရှားဒေသ - ပန်ဆန်း၊ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း၊ မိုင်းပေါက်၊ မိုင်းယန်း၊ ဟိုပန် ဒေသများ။

ခန့်မှန်းအင်အား - ၃၀, ၀၀၀ (အရံ ၁၀,၀၀၀)

ခေါင်းဆောင် - ပေါက်ယူချန်း (Bao You Xiang)

UWSP က ၂၀၀၈ ဖွဲ့စည်းပုံအရ ပြဋ္ဌာန်းထားသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဝတိုင်း၏ မြို့နယ် ၆-ခုကို စီမံအုပ်ချုပ်နေသည်။ ဤဒေသ၏ တရားဝင်အမည်ကို အမိန့်ကြေညာစာဖြင့် ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ထုတ်ပြန် ကြေညာခဲ့သည်။ UWSP က အစိုးရ၏ နယ်ခြားစောင့်တပ်အဖြစ် ဖွဲ့စည်းရန် အစိုးရ၏ တောင်းဆိုချက်ကို ၂၀၀၉ ခုနှစ်တွင်ငြင်းဆန်ခဲ့သည်။ UWSP က တရုတ်နိုင်ငံနှင့် နိုင်ငံရေးအရ၊ စီးပွားရေးအရနီးကပ်သော ဆက်ဆံရေး ရှိသည်။ ထို့အပြင် တရုတ်စာကိုလည်း အဖွဲ့အစည်း၏ တရားဝင် ရုံးသုံးစာအဖြစ် အသုံးပြုနေသည်။

UWSP ၏ လက်နက်ကိုင်တပ်သည် ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ဖြစ်ပြီး၊ ခန့်မှန်းအင်အား ၃၀,၀၀၀ နှင့် အရံပြည်သူ့စစ်အင်အား ၁၀,၀၀၀ ခန့် ရှိသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင် တပ်များတွင် အင်အားအကြီးဆုံးဖြစ်ပြီး၊ ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွဆေး အမ်ဖီတမင်းများကုန်သွယ်ရောင်းဝယ်မှုတွင် အဓိကပတ်သက်နေသည့်အဖွဲ့ဟုလည်း သတင်းများကဆိုကြသည်။ သို့သော်လည်း UWSA ထိန်းချုပ်ရာဒေသများကို မူးယစ်ဆေးကင်းစင်ဇုန်အဖြစ် ကြေညာထားသည်။ ယင်းအဖွဲ့က အင်အားကြီးမားသည့် စီးပွားရေးကုမ္ပဏီအုပ်စုဖြစ်သော သော်တာဝင်းကုမ္ပဏီ (ယခင်က ဟုန်ပန်းအုပ်စုဟု ခေါ်သည်။) ကို ပိုင်ဆိုင်ထားသည်။ မူလက ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ) ၏ အဖွဲ့ဝင်များအဖြစ် စတင်စုစည်းခဲ့ခြင်းဖြစ်ပြီး ၁၉၈၉ ခုနှစ် ဗကပ ပြိုကွဲပြီးနောက်ပိုင်းတွင် UWSP ကို ထူထောင်ခဲ့ကြသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ UWSP/UWSA က ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ရှမ်းပြည်နယ် အတွင်းရှိ ဟိုပန်၊ မိုင်းမော၊ ပန်ဝိုင်း၊ နားဖန်၊ မက်မန်း၊ ပန်ဆန်း (ပန်ခမ်း) မြို့နယ်များဖြင့် ဖွဲ့စည်းထားသည်။ ယင်း ဒေသများအနက် မိုင်းမော၊ ပန်ဝိုင်း၊ နားဖန်နှင့် ပန်ဆန်းဒေသတို့သည် UWSA ၏ ထိန်းချုပ်မှုအောက်တွင် ရှိနေပြီး ဟိုပန်နှင့်မက်မန်းဒေသတို့မှာ အစိုးရထိန်းချုပ်မှုအောက်တွင် ရှိနေသည်။

UWSA တပ်က ထိုင်း-မြန်မာနယ်စပ်တွင် တပ်မ ၅-ခု နှင့် တရုတ်မြန်မာနယ်စပ်တွင် တပ်မ ၃ ခု ရှိသည်။

ထိုင်း-မြန်မာနယ်စပ်တွင်

၁။ တပ်မ ၇၇၈
၂။ တပ်မ ၇၇၂
၃။ တပ်မ ၇၇၅
၄။ တပ်မ ၂၄၈
၅။ တပ်မ ၅၁၆

တရုတ်-မြန်မာနယ်စပ်တွင်
၁။ တပ်မ ၃၁၈
၂။ တပ်မ ၄၁၈
၃။ တပ်မ ၄၆၈
၄။ တပ်မ ၆၁၈ (၂၀၀၉ ခုနှစ်တွင်ဖွဲ့စည်း)တို့ ရှိနေသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ

| | |
|---|---|
| ဥက္ကဋ္ဌ | - ပေါက်ယူချန်း |
| ဒု-ဥက္ကဋ္ဌ | - ပေါက်ယူယီ |
| ဒု-ဥက္ကဋ္ဌ | - ရှောက်မင်းလျှံ (Xiao Mingliang a.k.a. Shauk Min Lyan) |
| စစ်ဦးစီးချုပ် | - ပေါက်ယူချန်း |
| ဒု-ဦးစီးချုပ် | - ကျောက်ကျိုးတန်း (Zhao Zhingdang) |
| ပြောရေးဆိုခွင့်ရှိသူ | - ဦးအောင်မြင့် (ခ) လီကျူးလီ |
| ပြင်ပဆက်ဆံရေးတာဝန်ခံ | - ကျောက် ကော်အန်း (Zhao Guo-ann) |
| ပြင်ပဆက်ဆံရေးဒု-တာဝန်ခံ | - ဆမ်ခွန် |
| တရားသူကြီးချုပ် | - လီ ကျောက်ကော် (Li Zhao Guo) |
| ဘဏ္ဍာရေးနှင့်စီးပွားရေးတာဝန်ခံ | - ပေါက်ယူလျန် (Bao You Liang) |

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

အပစ်အခတ်ရပ်စဲရေး ထပ်မံသဘောတူညီချက်- စက်တင်ဘာလ ၆ ရက်၊ ၂၀၁၁ ခုနှစ်။
အစိုးရသစ်နှင့် အပစ်အခတ်ရပ်စဲရန် ပထမဦးဆုံး သဘောတူညီသည့်အဖွဲ့ ဖြစ်သည်။
**အဆင့် ၂**- ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ (ဒီဇင်ဘာလ ၂၅ ရက်၊ ၂၀၁၁ ခုနှစ်)

ယခင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်- မေလ ၉ ရက်၊ ၁၉၈၉ ခုနှစ်။
၂၀၀၉ ခုနှစ်မှစ၍ မြန်မာအစိုးရစစ်တပ်နှင့် ရံဖန်ရံခါဆိုသလို တိုက်ပွဲများ ဖြစ်ပွားနေခဲ့သည်။ နှစ်ဖက်စလုံးမှ ထိတွေ့တိုက်ပွဲများကို တရားဝင် ထုတ်ပြန်ကြေညာခြင်း မရှိပေ။

**အပစ်ရပ်ပြီးနောက် တိုက်ပွဲများဖြစ်ပွားမှု-**
၂၀၁၂ - မရှိ
၂၀၁၃ - မရှိ
၂၀၁၄ - မရှိ
၂၀၁၅ - မရှိ

## တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့

မသိရပါ။

## ဆက်ဆံရေးရုံးများ

၁။ လားရှိုး
၂။ တန့်ယန်း
၃။ ကျိုင်းတုံ
၄။ တာချီလိတ်
၅။ တောင်ကြီး
၆။ မန္တလေး
၇။ ရန်ကုန်

## အစည်းအဝေးပွဲများ

| စဉ် | နေ့စွဲ | နေရာ | UWSA ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ၀၆/၀၉/၂၀၁၁ | ကျိုင်းတုံ | ပေါက်ယူလျန် | ဦးအောင်သောင်း | ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အခြားအစိုးရကိုယ်စားလှယ်များ- ဦးသိန်းဇော် |
| ၂ | ၀၁/၁၀/၂၀၁၁ | လားရှိုး | ရှောင်မင်းလျန် | ဦးအောင်သောင်း | ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲ UWSP က ပြည်ထောင်စုမှ ခွဲမထွက်ရန် သဘောတူညီသည်။ ဆွေးနွေးသည့်အချက်များတွင်- ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးရုံးများ ပြန်လည်ဖွင့်လှစ်ရန်။ ဝန်ထမ်းများပြန်လည်ပို့ထားရန်။ အစိုးရနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးနှိမ်နင်းရေးဆောင်ရွက်ရန်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်လုပ်ဆောင်ရန်။ စက်မှု-စီးပွားရေးဇုန်များထူထောင်ရန်တို့ ပါဝင်သည်။ သက်ဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၃ | ၂၆/၁၂/၂၀၁၁ | ပန်ဆန်း | ရှောင်မင်းလျန် | ဦးအောင်သောင်း | ပြည်ထောင်စုအဆင့် အချက် ၆-ချက်ပါ သဘောတူညီချက် အစိုးရအဖွဲ့ ကိုယ်စားလှယ် ဦးအောင်သောင်းက UWSP ကို လာမည့် နှစ်ဆန်းပိုင်းတွင် ဖြစ် လာနိုင်သည့်ရွေးကောက်ပွဲတွင် ပါဝင်ရန် တိုက်တွန်းသည်။ |
| ၄ | ၀၉/၀၅/၂၀၁၂ | ပန်ဆန်း | မသိရှိ | မသိရှိ | အစိုးရအရာရှိများက ရှမ်းပြည် နယ်၊ ပန်ဆန်းသို့ လာရောက် ကြပြီး၊ UWSP ခေါင်းဆောင် များနှင့် တွေ့ဆုံကြသည်။ |
| ၅ | ၁၇/၀၈/၂၀၁၂ | ဝမ်ကောင်းနှင့် ပန်ဆန်း | ရှောင်မင်းလျန် | နယ်စပ်ရေးရာ ဒုဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း | ဝ ဒေသသို့ ဗိုလ်ချုပ်ဇော်ဝင်း၏ တရားဝင်လာရောက်လည်ပတ် မှု ဖြစ်သည်။ ဩဂုတ်လ ၁၇ ရက်နေ့တွင် ပန်ဆန်း၌ ရှောင် မင်းလျှံ၊ ပေါက်ယူရီ၊ ကျောက် ကျုံးတန်း (Zhao Zhongdang)၊ ပေါက်ယူလျန်း၊အိုက်လုံး၊ ကျောက် ကော်အန်း (Zhao Guo-ang)၊ ဦးအောင်မြင့်၊ပိုလိုင်ခမ်း၊ အခြား ခေါင်းဆောင်များနှင့် တွေ့ဆုံ သည်။ |
| ၆ | ၀၆/၁၀/၂၀၁၂ | ကျိုင်းတုံ | ရှောင်မင်းလျန် | ကာကွယ်ရေး ဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | နှစ်ဖက်စလုံးက မူးယစ်ဆေးဝါး နှိမ်နင်းရေးပူးပေါင်းဆောင်ရွက် ရန်သဘောတူညီကြသည်။ |
| ၇ | ၁၆/၁၁/၂၀၁၂ | ပန်ဆန်း | ရှောင်မင်းလျန် | ဗိုလ်ချုပ် အောင်စိုး | ချစ်ကြည်ရေးခရီး ဖြစ်ပြီး၊ UWSP ၏ ဟုန်ပန်းကုမ္ပဏီ၏ စက်ရုံများသို့လည်း သွားရောက် လည်ပတ်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၈ | ၀၄/၁၂/၂၀၁၂ | ပန်ဆန်း | ရှောင်မင်းလျှန် | ဦးအောင်မင်း | စီးပွားရေးနှင့်ဖွံ့ဖြိုးရေးကိစ္စများကို အဓိကထား ဆွေးနွေးကြသည်။<br>မုန်းမောဒေသ- အစိုးရဘက်မှ အခြားကိုယ်စားလှယ်များ ဦးသိန်းဇော်၊ သမ္မတရုံးဝန်ကြီး ဦးစိုးသိန်း၊ နယ်စပ်ရေးရာဝန်ကြီး ဒုဗိုလ်ချုပ်ကြီးသိန်းဌေး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ် နယ်စပ်/လုံခြုံ့ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ တြိဂံတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းထွန်းဦး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်စိုး။ |
| ၉ | ၂၀/၀၃/၂၀၁၃ | လားရှိုး၊<br>ရှမ်းပြည်နယ် | ရှောင်ဆမ်းခွန် | ဦးအောင်မင်း | ရှမ်း-ကယား ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ရေးအစည်းအဝေး ပြင်ပတွင် တွေ့ဆုံမှုဖြစ်သည်။ ဝ ၏ သီးခြားပြည်နယ် တောင်းဆိုမှုကို ပြည်ထောင်စုလွှတ်တော်မှ သာဆုံးဖြတ်နိုင်သည်။ |
| ၁၀ | ၁၂/၀၇/၂၀၁၃ | ကျိုင်းတုံ | ကျောက်ကော်အန်း | UPWC | ပြဿနာကိစ္စဆွေးနွေးမှု သဘောတူညီချက် ၅ ချက်ရရှိ |
| ၁၁ | ၀၃/၁၀/၂၀၁၃ | ကျိုင်းတုံ | UWSA | ဦးရွှေမန်း | အလွတ်သဘောတွေ့ဆုံမှု ဖြစ်သည်။ |
| ၁၂ | ၀၄/၁၀/၂၀၁၃ | ပန်ဆန်း | ရှောင်မင်းလျှန် | ဦးသိန်းဇော်နှင့် နယ်စပ်ရေးရာ ဒုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး | အလွတ်သဘောတွေ့ဆုံမှု ဖြစ်သည်။<br>ဦးသိန်းဇော်ကသန်းခေါင်စာရင်းကောက်ခံရေး၊ မှတ်ပုံတင်ကတ်၊ ဒေသဖွံ့ဖြိုးရေး၊ ဝဒေသတွင် အစိုးရဝန်ထမ်းများ လုပ်ကိုင်ခွင့်ပြုရေး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပွဲကိစ္စ အပါအဝင်အချက် ၉ ခုကို အဆိုပြုသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၃ | ၀၁/၀၃/၂၀၁၄ | နေပြည်တော် | UWSA- ပေါက်ယူယီ၊ ကျောက်ကျိုး တန်း | ဦးသိန်းစိန် | အလွတ်သဘော တွေ့ဆုံမှု ဖြစ်သည်။ UWSA ၊ NDAA နှင့် SSPP တို့မှခေါင်းဆောင်များ သည်နေပြည်တော်ရှိ သန်းခေါင် စာရင်းဆိုင်ရာအလုပ်ရုံဆွေးနွေး ပွဲသို့တက်ရောက်ပြီးနောက်သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံခဲ့ကြ သည်။ NDAA- ဦးဆမ်လု၊ SSPP -စဝ်ခွန်စိုင်းတို့လည်းတွေ့ ဆုံပွဲသို့တက်ရောက်ခဲ့ကြသည်။ |
| ၁၄ | ၀၃/၀၃/၂၀၁၃ | နေပြည်တော် | UWSA- ပေါက်ယူယီ၊ ကျောက်ကျိုး တန်း NDAA - ဦးဆမ်လု၊ SSPP - စဝ်ခွန်စိုင်း | သူရဦးရွှေမန်း | အလွတ်သဘောတွေ့ဆုံမှုဖြစ် သည်။ ဒုဥက္ကဋ္ဌပေါက်ယူယီနှင့် ဒုစစ်ဦးစီးချုပ်ကျောက်ကျိုးတန်း ဦးဆောင်သည့် UWSA ကိုယ် စားလှယ်သုံးဦးသည် NDAA နှင့် SSPP ခေါင်းဆောင်များနှင့် အတူပြည်ထောင်စုလွှတ်တော်သို့ သွားရောက်လည်ပတ်စဉ် သူရ ဦးရွှေမန်းနှင့်တွေ့ဆုံခဲ့သည်။ |
| ၁၅ | ၀၆/၀၄/၂၀၁၄ | ရှမ်းပြည် မြောက်ပိုင်း ဌာနချုပ် | UWSA | ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | အလွတ်သဘောတွေ့ဆုံမှု ဖြစ် သည်။ ဗိုလ်ချုပ်မှူးကြီး မင်း အောင်လှိုင်သည် NDAA နှင့် SSPPခေါင်းဆောင်များနှင့်အတူ UWSA ခေါင်းဆောင်များကို ပထမဆုံးအကြိမ်တွေ့ဆုံခဲ့သည်။ ၄င်းကတပ်မတော်၏ လမ်းညွှန် ချက်ခြောက်ရပ်ကို ရှင်းလင်း ပြောဆိုခဲ့သည်။ |
| ၁၆ | ၂၅/၀၈/၂၀၁၄ | နေပြည်တော် | UWSA - ရှောင်မင်းလျန်၊ SSPP - ဗိုလ်ချုပ် ကြီး ခေးတိုင်း၊ NDAA – ဦးစံဖေ | ဦးသိန်းစိန် | အလွတ်သဘောတွေ့ဆုံမှု ဖြစ် သည်။ သမ္မတဦးသိန်းစိန်သည် ပြည်တွင်းငြိမ်းချမ်းရေး ပြန် လည်ထူထောင်ရန်ဆုံးဖြတ်ထား ပုံနှင့် မူဝါဒချမှတ်ထားပုံတို့ကို ရှင်းလင်းပြောဆိုခဲ့သည်။ မြန်မာ တပ်မတော်အနေဖြင့် အဆိုပါ မူ ဝါဒကို လိုက်နာမည်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများအားလုံးအနေဖြင့် NCA တွင်ပါဝင်ကြရန် ဦးသိန်း စိန်ကတိုက်တွန်းခဲ့သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၇ | ၂၅/၀၈/၂၀၁၄ | နေပြည်တော် | UWSA - ရှောင်မင်းလျှန်၊ SSPP - ဗိုလ်ချုပ်ကြီး ခေးတိုင်း၊ NDAA – ဦးစံဖေ | ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ ၄င်းတို့သည် နေပြည်တော်ရှိ ဘုရင့်နောင်ခန်းမတွင် တွေ့ဆုံခဲ့ကြသည်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်၏ လမ်းညွှန်ချက်ခြောက်ရပ် ကို ရှင်းလင်းပြောဆိုခဲ့သည်။ ၄င်းတို့သည် NCA ၊ ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၁၈ | ၂၆/၀၈/၂၀၁၄ | နေပြည်တော် | UWSA - ရှောင်မင်းလျှန်၊ SSPP - ဗိုလ်ချုပ်ကြီး ခေးတိုင်း၊ NDAA – ဦးစံဖေ | လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်း၊ ဦးခင်အောင်မြင့် | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ SSPP၊ NDAAနှင့် UWSA ခေါင်းဆောင်များသည် ပြည်ထောင်စုလွှတ်တော်သို့သွားရောက်လည်ပတ်ခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဦးခင်အောင်မြင့်တို့နှင့် တွေ့ဆုံခဲ့ကြသည်။ |
| ၁၉ | ၂၂/၁၀/၂၀၁၄ | မိုင်းလား | NDAA - စိုင်းလွန်နှင့် UWSA - ရှောင်မင်းလျှန် | ဦးသိန်းဇော် | ဦးသိန်းဇော်သည် UWSA နှင့် NDAAခေါင်းဆောင်တို့ကို စံပြအနေဖြင့် NCAတွင် လက်မှတ်ရေးထိုးရန်၊ ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်ခြောက်ရပ်ကိုလက်ခံရန်နှင့် မိုင်းလားကို ကမ္ဘာလှည့်ခရီးသွားနှင့် ကုန်သွယ်ရေးတို့အတွက် ဖွင့်လှစ်ပေးရန် စည်းရုံးပြောဆိုခဲ့သည်။ >>> UWSA ဒု-ဥက္ကဋ္ဌရှောင်မင်းလျှန်က အချက်ခြောက်ချက်ကို အဆိုပြုခဲ့သည်။ လမ်းဖောက်လုပ်ခြင်း၊ ဝ ကုန်တင်ကားအစီး ၆၀ ကို လိုင်စင်ပြုလုပ်ခြင်း၊ ဝ လူမျိုးများအတွက် မှတ်ပုံတင်ကတ် ထုတ်ပေးခြင်း၊ |

| | | | | | |
|---|---|---|---|---|---|
| | | | | | သံလွင်မြစ်ပေါ်တွင် ရေအား လျှပ်စစ်စက်ရုံ၊ သီပေါတွင် ကျောက် မီးသွေးတွင်းစီမံကိန်း နှင့် ရေအားလျှပ်စစ်စက်ရုံ စသည်တို့အတွက် အကူအညီပေး ရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ >>> NDAA ဥက္ကဋ္ဌစိုင်းလွမ်ခေါ် လင်မင်းရှန်သည် ၎င်း၏ဒေသ အတွင်းရှိ စာသင်ကျောင်းများ နှင့်ဆေးရုံများအတွက် ကူညီပေး ရန်ကမ်းလှမ်းပြောဆိုခဲ့သည်။ |
| ၂၀ | ၀၅/၀၁/၂၀၁၅ | နေပြည်တော် | UWSA (ပေါက်ယူယီ နှင့်ဦးအောင်မြင့်) အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် ၁၂ ဖွဲ့ | | တိုင်းရင်းသားလက်နက်ကိုင် ၁၂ ဖွဲ့မှ ကိုယ်စားလှယ်များ သည် မနက်ပိုင်း၌သမ္မတ ဦးသိန်းစိန် နှင့်တွေ့ဆုံခဲ့ပြီး နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ ဆုံခဲ့ကြသည်။ ၎င်းတို့သည် တစ်ပြည်လုံးအပစ်အခတ် ရပ်စဲ ရေးသဘောတူညီချက်နှင့် ပတ် သက်၍ အမြင်များကို ဖလှယ်ခဲ့ ကြသည်။ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျရောက်သော ပြည်ထောင်စုနေ့၌ တိုင်းရင်း သားလက်နက်ကိုင်များနှင့် ငြိမ်း ချမ်းရေးကတိပြုလွှာတွင် လက် မှတ်ရေးထိုးလိုကြောင်း နေပြည် တော်တွင် ပြုလုပ်သည့်တွေ့ဆုံပွဲ ၌သမ္မတဦးသိန်းစိန်ကဆိုခဲ့သည်။ |
| ၂၁ | ၁၁/၀၂/၂၀၁၅ | နေပြည်တော် | UWSA (ပေါက်ယူယီ နှင့်ဦးအောင်မြင့်) အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် ၁၃ ဖွဲ့ | ဦးအောင်မင်း | ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် နေပြည်တော်၌ တိုင်းရင်းသား လက် နက်ကိုင်အဖွဲ့အစည်း ၁၃ ဖွဲ့မှခေါင်းဆောင်များနှင့် UPWC တို့အစည်းအဝေးပွဲတစ်ခုကျင်းပ ခဲ့ကြသည်။ ၎င်းတို့သည် "ငြိမ်း ချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးကတိပြုလွှာ" တွင် လက်မှတ်ရေးထိုးခြင်းပြု၊ မပြု ဆွေးနွေးခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၂၂ | ၁၂/၀၂/၂၀၁၅ | နေပြည်တော် | UWSA (ပေါက်ယူယီ နှင့်ဦးအောင်မြင့်) အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် ၁၃ ဖွဲ့ | သမ္မတ ဦးသိန်းစိန် | လက်နက်ကိုင်အဖွဲ့အစည်းလေးဖွဲ့ဖြစ်သည့်RCSS၊KNU၊ DKBA နှင့် KPCတို့သာသမ္မတဦးသိန်းစိန်နှင့် "ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ကတိပြုလွှာ" တွင်လက်မှတ်ရေးထိုးခဲ့သည်။ |
| ၂၃ | ၀၄/၀၃/၂၀၁၅ | လားရှိုး | UWSA | ဒုဗိုလ်ချုပ်ကြီး အောင်သန်းထွဋ် | ဒုဗိုလ်ချုပ်ကြီး အောင်သန်းထွဋ် (အထူးစစ်ဆင်ရေးအဖွဲ့မှူး)က MNDAA ကို လက်နက်များ ထောက်ပံ့ခြင်းမပြုရန် UWSA ကိုတောင်းဆိုခဲ့သည်။ UWSA အဖွဲ့တပ်မ ၆၁၈ တပ်မှူးနှင့် အခြားသော အဆင့်မြင့်အရာရှိများက အဆိုပါအစည်းအဝေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ |

## တိုင်းရင်းသားပူးပေါင်းဆောင်ရွက်မှု

| | | | |
|---|---|---|---|
| ၁ | UNFC | - | |
| ၂ | NCCT | - | |
| ၃ | လိုင်ဇာတိုင်းရင်းသားညီလာခံ ၁ နှင့် ၂ | - | |
| ၄ | လော်ခီးလားတိုင်းရင်းသားညီလာခံ ၁ နှင့် ၂ | - | |
| ၅ | စစ်ရေးမဟာမိတ်များ | - | NDAA |
| ၆ | အခြားအုပ်စုများနှင့် တွေ့ဆုံမှုများ | - | |
| ၇ | နိုင်ငံခြားအင်အားစုများနှင့်တွေ့ဆုံမှုများ | - | |
| ၈ | အမျိုးသားညီလာခံများ | - | ရှမ်း - ကယား ငြိမ်းချမ်းရေးညီလာခံ အတွက် ယုံကြည်မှုတည်ဆောက်ရေး (၂၀၁၃) |
| ၉ | မိတ်ဖက်အင်အားစုများ | - | ပန်ဆန်းညီလာခံ (၂၀၁၅) |
| ၁၀ | အစည်းအဝေးပွဲများတွင် လေ့လာသူများ အဖြစ် | - | |

## တိုးတက်ဖြစ်ပေါ်မှုများ

| | | | | |
|---|---|---|---|---|
| နှစ်ဖက်တွေ့ဆုံဆွေးနွေးမှု | | | | |
| ၁ | ပင်လုံသဘောတူညီချက်နှင့်စိတ်ဓာတ် | | | |
| ၂ | တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး ကြိုးပမ်းအားထုတ်မှုများ | | | |
| ၃ | ကျင့်ဝတ်လိုက်နာမှု - ထိန်းချုပ်ဒေသ | | | |
| ၄ | စောင့်ကြည့်မှု - ပဋိပက္ခများကို ကြားဝင်ဖျန်ဖြေရေးအဖွဲ့ | | | |
| ၅ | စောင့်ကြည့်မှု - အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေးအဖွဲ့ | | | |
| ၆ | စစ်ရေးဆက်ဆံမှုများ | | A | နှစ်ဖက်တပ်ဖွဲ့များအကြား နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများ ဆက်လက်ဆွေးနွေးသွားရန်။ ပြည်ထောင်စုမှ ခွဲမထွက်ရန် သဘောတူညီသည်။ |
| ၇ | လေ့လာသူများ | | | |
| နိုင်ငံရေး | | | | |
| ၈ | ပြည်သူများနှင့် တိုင်ပင်အကြံဉာဏ်ရယူမှု | | | |
| ၉ | တရားဝင်ဖြစ်စေမှု | | | |
| ၁၀ | နိုင်ငံရေးအကျဉ်းသားလွှတ်ပေးမှု | | | |
| ၁၁ | လူ့အခွင့်အရေး | | | |
| ၁၂ | တိုင်းရင်းသားအခွင့်အရေး | D | | ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ရရှိသော မြို့နယ်များတောင်းဆိုရေး။ ဝအထူးဒေသ (၂) အတွင်း မြို့နယ်များမှ ကိုယ်စားလှယ်များ မြန်မာနိုင်ငံ၊ လွှတ်တော်များအတွင်း ကိုယ်စားပြုနိုင်ရေးအတွက် ဆက်လက်ဆွေးနွေး သွားရန်။ ဝ ဒေသအတွင်းသူတို့၏ ကိုယ်စားလှယ်များ လျော်ကန်စွာ ကိုယ်စားပြုနိုင်ရန်။ |
| ၁၃ | အမျိုးသားနေ့ | | | |

| ပြန်လည်နေရာချထားရေး | | | | |
|---|---|---|---|---|
| ၁၄ | နိုင်ငံသားမှတ်ပုံတင်ကတ် | D | | |
| ၁၅ | ပြန်လည်နေရာချထားရေးအစီအစဉ် | | | |
| ၁၆ | မိုင်းရှင်းလင်းမှု | | | |
| စီးပွားရေး | | | | |
| ၁၇ | အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စု၏ကုမ္ပဏီ | | √ | စီးပွားရေးလုပ်ငန်း။ ဟုန်ပန်းကုမ္ပဏီ (၁၉၈၉ ခုနှစ်တွင် တည်ထောင်သည်။) သည် ဝ တို့ပိုင်ဆိုင်သည့်ကုမ္ပဏီ ဖြစ်ပြီး၊ ၂၀၁၂ ခုနှစ်တွင် သော်တာဝင်းကုမ္ပဏီအဖြစ် အမည် ပြောင်းလဲခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေး၊ ကျောက်မျက်၊ သတ္တု၊ လောင်စာဆီ၊ လျှပ်စစ်ပစ္စည်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ ရေသန့်စက်နှင့် ကုန်တိုက်များ၊ လေကြောင်းလိုင်း၊ ဟိုတယ်နှင့် ဘီယာစက်ရုံများကို လုပ်ကိုင်ဆောင်ရွက်နေသည်။ ဤအုပ်စုသည်ပန်ဆန်းတွင် အခြေပြုပြီး၊ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ တာချီလိတ်နှင့် မော်လမြိုင်တို့တွင် ရုံးများဖွင့်လှစ်ထားသည်။ ပေါက်ယူချန်း၏ သမက်၊ ဟိုချွန်တင် (Ho Chun Ting) [အိုက်ဟော် ခေါ် ရောက်ဟော် ဟုလည်းသိကြသည်။] သည် ဝ လူမျိုး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး၊ ရန်ကုန် အဲယားဝေး လေကြောင်းလိုင်း၏ အဓိကပိုင်ဆိုင်သူနှင့် အမှုဆောင် ဒါရိုက်တာလည်းဖြစ်သည်။ ထို့အပြင် ဟိုတယ်အမြောက်အများ လုပ်ကိုင်နေသည့် တက်ခမ်းကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌလည်းဖြစ်သည်။သော်တာဝင်းကုမ္ပဏီ၏ လက်ခွဲကုမ္ပဏီများအဖြစ် (၁)တက်ခမ်းကုမ္ပဏီ လီမိတက်၊ (၂) မြန်မာတကောင်းကုမ္ပဏီ လီမိတက်၊ (၃) မိုင်းမောဝ်ကုမ္ပဏီလီမိတက်တို့ရှိနေသည်။ |
| ၁၈ | အထူးစီးပွား/စက်မှုဇုန်များ | | | |
| ၁၉ | ဖွံ့ဖြိုးရေးစီမံကိန်းများ | | | |

| | | | | |
|---|---|---|---|---|
| ၂၀ | ဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်မှုများ | A | | ရေတိုနှင့် ရေရှည် ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲ ဆောင်ရွက်သွားရန် သဘောတူညီသည်။ ဝ အထူးဒေသရှိ တိုင်းရင်းသားလူငယ်များ အခွင့်အလမ်းများဖွံ့ဖြိုးလာစေရေးအတွက် ပြည်ထောင်စုအစိုးရက တိုး၍ကူညီသွားရန်။<br>အသိဉာဏ်နှင့် အတွေးအခေါ်များဖွံ့ဖြိုးစေမည့်ပညာရေးကို ဦးစားပေးဆောင်ရွက်သွားရန်။<br>လူငယ်များကိုသက်မွေးမှုပညာများ ဖြည့်ဆည်းသွားရန်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်။<br>ဝအထူးဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖွံ့ဖြိုးလာစေရန်အတွက်ပြည်ထောင်စုအစိုးရကပံ့ပိုးကူညီသွားရန် သဘောတူညီသည်။<br>ကုသရေး၊ ကြိုတင်ကာကွယ်ရေး၊ ပညာပေးရေးလုပ်ငန်းများအပါအဝင် ဖြစ်သည်။ |
| ၂၁ | ဖွံ့ဖြိုးရေး - ခရီးသွားလုပ်ငန်း | | | |
| ၂၂ | ဖွံ့ဖြိုးရေး - အင်တာနက် | | | |
| ၂၃ | ကားလိုင်စင်ကိစ္စ | | √ | ကားအစီး ၄၀ အခွန်လွတ်နှင့် ကားအစီး ၈၀ အတွက်လျှော့ပေါ့အခွန်ရှုန်းထားဖြင့် လိုင်စင်ရရှိသည်။ (၂၀၁၃) |
| လူမှုရေး | | | | |
| ၂၄ | မီဒီယာ | | | |
| ၂၅ | မူလတန်းကျောင်းများတွင် တိုင်းရင်းသားဘာသာသင်ကြားမှု | | | အစိုးရကျောင်းများတွင် ‘ဝ’ကျောင်းသား ၅၀ စာသင်ကြားလေ့လာရန် (၂၀၁၄) |
| ၂၆ | အခြား | | | |
| မူးယစ်ဆေးဝါး | | | | |
| ၂၇ | မူးယစ်ဆေးဝါးပပျောက်ရေး | | | မူးယစ်ဆေးဝါး ကင်းစင်သည့်ဇုန်အဖြစ် ကြေညာထားပြီး ဖြစ်သည်။ |
| သဘာဝပတ်ဝန်းကျင် | | | | |
| ၂၈ | EIA(ပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အကဲဖြတ်ချက်) | | | |

A = ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် ထည့်သွင်းလက်မှတ်ရေးထိုးမှု၊ D= တောင်းဆိုမှု၊ ➔ = စတင်နေပြီ၊
√ = ရရှိပြီးဖြစ်သည်။ × = မအောင်မြင်/မရရှိ

# ထုတ်ပြန်ကြေညာချက်များ

| | |
|---|---|
| မေ ၆၊ ၂၀၁၅ | - ပန်ဆန်းညီလာခံပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ကြသည်။ |
| အောက်တိုဘာ ၀၅၊ ၂၀၁၄ | - UWSA နှင့် NDAA တို့က ပူးတွဲကြေညာချက်ထုတ်ပြန်သည်။ |
| ဇွန် ၀၂၊ ၂၀၁၄ | - 'ဝ' ဆိုတာ ဘယ်သူတွေလဲဟူသော ဘာတေးလင်တနာ၏ဆောင်းပါးထွက်ပေါ် |
| ဇန်နဝါရီ ၁၀ ၊ ၂၀၁၃ | - UWSP နှင့် SSPP တို့က KIO/KIA အပေါ် ထိုးစစ်ဆင်နေခြင်းကိုရပ်ဆိုင်း၍ နိုင်ငံရေးဆွေးနွေးပွဲများပြုပါရန် ပူးတွဲကြေညာချက်ထုတ်ပြန်သည်။ |
| ဩဂုတ် ၂ ၊ ၂၀၁၂ | - QA-S နှင့် UWSA ဝနှင့် ရှမ်းတပ်မတော်တပ်မှူးများက တောင်ပိုင်းရှမ်းပြည်နယ်တွင် "နားလည်မှုလွဲမှား၍" ဖြစ်ပေါ်ခဲ့ရသော ၎င်းတို့တပ်ဖွဲ့နှစ်ခုအကြား တင်းမာမှုများလျော့ကျသွားပြီဖြစ်ကြောင်း ပြောသည်။ |
| ဇွန် ၁၆ ၊ ၂၀၁၁ | - မြန်မာစစ်တပ်နှင့် RCSS/QA ၊ KIA ၊ KNLA တို့အကြား ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ပတ်သက်၍ UWSA ၏ထုတ်ပြန်ကြေညာချက်။ |

# Government's Peace Plan

## အစိုးရ၏ငြိမ်းချမ်းရေး အစီအစဉ်




၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်။
သမ္မတဦးသိန်းစိန်က တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများကို
စတင်ဆွေးနွေးရန် ဖိတ်ခေါ်လိုက်သည်။

**(ကြေညာချက် အမှတ် ၁/ ၂၀၁၁)**

သမ္မတဦးသိန်းစိန်က တိုင်းရင်းသားလူမျိုးများအရေးကို ဦးစားပေး လုပ်ဆောင်ရမည့် အစီအစဉ်တစ်ခုအဖြစ် ကတိကဝတ်ပြုခဲ့ပြီး၊ လက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးရေး အတွက် လည်းလိုအပ်သည့် အဓိကကျသော အခြေအနေများကို သတ်မှတ်ခဲ့သည်။ ယင်းအဖွဲ့များကို နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန်ယခင်ကတောင်းဆိုထားမှုကိုလည်း ရုပ်သိမ်းခဲ့သည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးများနှင့် သဘောထား ကွဲပြားနေမှုများကို ဖြေရှင်းနိုင်ရန် အမျိုးသားညီလာခံကြီးတစ်ရပ် ခေါ်ဆိုမည်ဟုလည်း ပြောကြားလာခဲ့သည်။ ထို့အပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ လွှတ်တော်နှစ်ရပ် ပူးပေါင်း ဖွဲ့စည်းထားသည့် တိုင်းရင်းသားလူမျိုးများ ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အတွက်အစီအစဉ်များကို ရေးဆွဲလာ ခဲ့သည်။

**ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ**
(၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းသည်။ အမိန့်အမှတ် ၁၂/၂၀၁၂)

နောက်ဆုံးပြင်ဆင် ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးကော်မတီကို ဗဟိုကော်မီတီအဖြစ် ဖွဲ့စည်းထားပြီး၊ မူဝါဒများချမှတ်ပေးပါသည်။ လုပ်ငန်းကော်မတီက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆွေးနွေးပွဲများနှင့် ယင်းချမှတ်ထားသည့်မူဝါဒများကို အကောင်အထည်ဖော်ကြပါသည်။ ဗဟိုကော်မီတီ (UPCC) ကို သမ္မတဦးသိန်းစိန်က ဦးဆောင်ပြီး၊ လုပ်ငန်းကော်မီတီ (UPWC) ကို ဒု-သမ္မတ စိုင်းမောက်ခမ်းကဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါသည်။ ယင်းသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီမဖွဲ့စည်းမီက၊ ငြိမ်းချမ်းရေး လုပ်ငန်းများကို အဖွဲ့ ၂-ခုက လုပ်ကိုင်နေကြပြီး၊ ယင်းတို့ကို ဦးအောင်မင်းနှင့် ဦးအောင်သောင်းတို့က အသီးသီးဦးဆောင်နေကြပါသည်။ သူတို့၏ လုပ်ငန်းများကို ပထဝီအနေအထားအရ ခွဲခြားထားပါသည်။ ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန (MPC) ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလတွင် UPWC ကို အထောက်အကူပေးနိုင်ရန် ဖွဲ့စည်းခဲ့ပါသည်။

**လုပ်ငန်းဆောင်တာများ** - ၂၀၁၃ ခုနှစ်တွင် အစိုးရက ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ ငြိမ်းချမ်းရေး အစီအစဉ်ကို တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသို့၊ တစ်နိုင်ငံလုံးသဘောတူညီမှုတစ်ခု (National accord) သို့ ဦးတည်သည့် နိုင်ငံရေးဆွေးနွေးပွဲများဆီ ပြောင်းလဲခဲ့သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (NDSC) က အပစ်အခတ် ရပ်စဲရေးအတွက် ဆုံးဖြတ်ချက်များချမှတ်ပေးပြီး၊ သမ္မတရုံးဝန်ကြီး ဦးအောင်မင်းက ပင်မဆွေးနွေးညှိနှိုင်းသူ အဖြစ် တာဝန်ယူပါသည်။ ၄င်းတို့ကို မြန်မာနိုင်ငံငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန (MPC) နည်းပညာထောက်ကူအဖွဲ့က ထောက်ကူပေးပါသည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုပါသည်။ အစိုးရနှင့် တိုင်းရင်းသားအုပ်စုများအကြား ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုတည်ဆောက်ရာ၌လည်းကောင်း၊ ပြည်သူ လူထုသို့ အသိပညာပေးထိတွေ့ရာ၌ ငြိမ်းချမ်းရေးအဖွဲ့အနေဖြင့်လည်းကောင်း အရေးပါသည့်တာဝန်များ ယူရပါသည်။

ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည့်မူဝါဒများကို အကောင်အထည်ဖော်ရာတွင်၊ MPC၊ အစိုးရဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များက တာဝန်ယူဆောင်ရွက်ပါသည်။ လူသားချင်းစာနာမှု ပံ့ပိုးကူညီမှုလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်နယ်နယ်စပ်/လုံခြုံဝန်ကြီးများက ကြီးကြပ်ပေးပြီး၊ လိုအပ်သောငွေကြေးကို နိုင်ငံခြား အလှူရှင်များနှင့်အဖွဲ့အစည်းများက ကူညီပေးကြသည်။ အခြားအရေးပါသည့် ဝန်ကြီးဌာနများမှာ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့ ဖြစ်သည်။

**ရန်ပုံငွေများ** – ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ ရန်ပုံငွေ မည်မျှရသည်ကို အတိအကျ မသိနိုင်ပါ။ ကနဦးတွင် ၂၀၁၁ ခုနှစ်၌ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ပြန်လည်စတင် လုပ်ဆောင်ချိန်တွင်၊ အစိုးရက ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အတွက်ဘတ်ဂျက်မှ ခွဲဝေသတ်မှတ်ပေးခြင်းမပြုခဲ့ပါ။ ငြိမ်းချမ်းရေးလုပ်ငန်းများအတွက် ကျပ် တစ်သန်း စတင်သတ် မှတ်ခဲ့ပြီး၊ယင်းငွေမှာ နေပြည်တော်တွင် လွှတ်တော်ဆောက်လုပ်မည့် ရန်ပုံငွေများမှလွှဲပြောင်းသုံးစွဲခဲ့ခြင်း ဖြစ်သည်။ မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြချက်အရ အစိုးရဝန်ကြီးများ၊ လွှတ်တော်နှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များက လူသားချင်းစာနာမှုနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လှူဒါန်းခဲ့ကြ သည်ဟု ဆိုသည်။ သမ္မတဦးသိန်းစိန်က မေတ္တာ ရပ်ခံခဲ့သည့် ငြိမ်းချမ်းရေးကိစ္စပံ့ပိုးမှုအတွက်အလှူရှင်များအုပ်စု (PDSG) က ရန်ပုံငွေအတွက် အဓိကကျပါသည်။ ရန်ပုံငွေကို နည်းလမ်းများစွာမှ ပေးပို့ခဲ့ကြသည်။ အချို့ကို MPC မှတစ်ဆင့်လည်းကောင်း၊ ကျန်ငွေများကို နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ကျန်ဝန်ကြီးဌာနများမှတစ်ဆင့် ထောက်ပံ့ပေးခဲ့ကြသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် သမ္မတက အစိုးရ၏ငြိမ်းချမ်းရေး အစီအစဉ်အတွက် ကျပ်ငွေသန်း ၇၀၀၀ ကို ၂၀၁၄ ခုနှစ် အစိုးရ ရသုံးခန့်မှန်းခြေ ငွေစာရင်း (ဘတ်ဂျက်)တွင် တင်ပြတောင်းဆိုခဲ့သည်။)

**နောက်ဆုံးမူကြမ်းလက်မှတ်ရေးထိုးခြင်း** – UPWC နှင့် NCCT တို့သည် ၂၀၁၅ ခုနှစ် မတ်လ ၁၇ ရက်နေ့မှ ၂၂ ရက်နေ့အထိ ၇ ကြိမ်မြောက် တရားဝင်ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ကိုယ်စားလှယ်များသည် ခေတ္တနားပြီးနောက် မတ်လ ၃၀ ရက်နေ့မှ ၃၁ ရက်နေ့ အထိ ဆက်လက်ဆွေးနွေးခဲ့သည်။ UPWC နှင့် NCCT ကိုယ်စားလှယ်များသည် ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် သမ္မတဦးသိန်းစိန်ရှေ့မှောက်၌ တစ်ပြည်လုံးအပစ်အခတ် ရပ်စဲရေးအဆုံးသတ်မူကြမ်းကို လက်မှတ်ရေးထိုးခဲ့သည်။

<table>
<tr><th>၂၀၁၁ - ၂၀၁၃</th><th>၂၀၁၃</th></tr>
<tr><td>အဆင့် ၃ ဆင့် ငြိမ်းချမ်းရေးအစီအစဉ် -<br>၁။ ပြည်နယ်အဆင့် - အပစ်အခတ်ရပ်စဲရေး၊ ဆက်ဆံရေးရုံးများ ထူထောင်ရေး၊ လက်နက်မကိုင်ဘဲ တစ်ဦး၏နယ်မြေတွင်းသို့ ခရီးသွားလာနိုင်ရေး။<br>၂။ ပြည်ထောင်စုအဆင့် - ယုံကြည်မှုတည်ဆောက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး စသည့်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအကောင်အထည်ဖော်လုပ်ကိုင်ရေး၊<br>၃။ ထာဝရငြိမ်းချမ်းရေးအတွက် - လွှတ်တော်၏ရှေ့မှောက်တွင် တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများ၊ လူထုလူတန်းစား ပေါင်းစုံပါဝင်စေ၍ သဘောတူညီမှုလက်မှတ်ရေးထိုးခြင်း၊</td>
<td rowspan="2">တပ်မတော်က အဆိုပြုချက်များ -<br>၁။ ငြိမ်းချမ်းရေးရရှိရန် အမှန်တကယ်လိုလားဆန္ဒရှိရမည်။<br>၂။ သဘောတူညီချက်များတွင် ကတိပြုထားသည့်အတိုင်းတည်ရမည်။<br>၃။ ငြိမ်းချမ်းရေး သဘောတူညီချက်အပေါ် အခွင့်ကောင်း မယူရ။<br>၄။ ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရ။<br>၅။ လှုပ်ရှားဆောင်ရွက်မှုများသည် တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ဖြစ်စေရမည်။<br>၆။ လှုပ်ရှားဆောင်ရွက်မှုများသည် အမျိုးသားနိုင်ငံရေး ဦးတည်ချက် ၃ ရပ်နှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်စေရမည်။<br><br>သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်ချက်များ-<br>၁။ တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ၏ တောင်းဆိုချက်များကိုပူးပေါင်းဆောင်ရွက်၍ ညှိနှိုင်းသွားရန်။<br>၂။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို ပြန်၍အတည်ပြုရန်။<br>၃။ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်ရပြီး နောက်ပိုင်းတွင်နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက်လုပ်ဆောင်ရန်။<br>၄။ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် (အင်အားစုအားလုံး ပူးပေါင်းပါဝင်နိုင်ရေး) ပူးတွဲလုပ်ကိုင်ရန်။</td></tr>
<tr><td>ငြိမ်းချမ်းရေး ဖော်ဆောင်မှု အလုပ်အဖွဲ့ - အပစ်ရပ်စဲရေးသဘောတူညီချက်၊ (တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့်) ငြိမ်းချမ်းရေးသဘောတူညီမှုများရရှိရေးအတွက် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီသည်၊အောက်ဖော်ပြပါလုပ်ငန်းတာဝန်များကို ထမ်းဆောင်သွားမည်။<br>ပြည်ထောင်စုအဆင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့ပြန်လည်တင်ပြသွားမည်။ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးမှု မူ ၅ ချက်<br>၁။ နှစ်ဖက်စလုံးမှ အပစ်အခတ်ရပ်စဲရန်။<br>၂။ သဘောတူညီထားသည့် နယ်မြေများအတွင်းတွင် သာတပ်များ နေထိုင်ကြရန်။<br>၃။ သတ်မှတ်ထားသော ဒေသအပြင်သို့လက်နက်များ ယူဆောင်သွားလာခြင်းကိုတားမြစ်သည်။<br>၄။ နှစ်ဖက်စလုံးက သဘောတူညီထားသည့် နေရာများတွင် ဆက်ဆံရေးရုံးများဖွင့်လှစ်ရန်။ (လက်နက်များ ခွင့်မပြုပါ)<br>၅။ ပြည်ထောင်စုအဆင့်ညှိနှိုင်းဆွေးနွေးပွဲများ ရှေ့ဆက်နိုင်ရန်အတွက်၊ အဖွဲ့အစည်းတိုင်းက တရားဝင်ကိုယ်စားလှယ်များ ရွေးချယ်ဖွဲ့စည်းသွားရန်။<br>ပြည်ထောင်စုအဆင့် ညှိနှိုင်းဆွေးနွေးမှုများအတွက် အချိန်နှင့်နေရာကို ညှိနှိုင်းသတ်မှတ်သွားရန်။</td></tr>
</table>

| | |
|---|---|
| ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းဆွေးနွေးမှု မူ - ၈ ချက်-<br>၁။ ပြည်ထောင်စုအတွင်း ထာဝရလက်တွဲနေထိုင်ရန်။<br>၂။ အမျိုးသားနိုင်ငံရေးဦးတည်ချက် ၃ ရပ်ဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကိုလက်ခံရန်။<br>၃။ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်<br>၄။ မူးယစ်ဆေးဝါး နှိမ်နင်းရေးတွင် ပူးပေါင်းဆောင်ရွက်ရန်။<br>၅။ နိုင်ငံရေးပါတီဖွဲ့စည်း၍ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်။<br>၆။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံ၍ လိုအပ်သည့်ပြင်ဆင်မှုများကို လွှတ်တော်မှတစ်ဆင့်၊ အများ၏ ကျေလည်မှုဆန္ဒဖြင့် ဆောင်ရွက်သွားရန်။<br>၇။ ထာဝရငြိမ်းချမ်းရေးအတွက် ဥပဒေဘောင်အတွင်း လုံးဝဝင်ရောက်၍ ဖွဲ့စည်းပုံဥပဒေနှင့်အညီနေထိုင်၊ လှုပ်ရှား၊ လုပ်ကိုင်သွားရန်။<br>၈။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်နက်ကိုင်တပ်ဖွဲ့ တစ်ခုတည်းရှိစေရေး ပူးပေါင်းဆောင်ရွက်သွားရန်။ | |

| | အစိုးရ | လွှတ်တော် | တပ်မတော် |
|---|---|---|---|
| ကာ/လုံ (၁၁)<br>အမျိုးသား<br>ကာကွယ်ရေးနှင့်<br>လုံခြုံရေးကောင်စီ | ၁။ သမ္မတ ဦးသိန်းစိန်<br>၂။ ဒု-သမ္မတဦးဉာဏ်ထွန်း<br>၃။ ဒု-သမ္မတစိုင်းမောက်ခမ်း<br>၄။ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် | ၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးရွှေမန်း<br>၆။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် | ၇။ ကာချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်<br>၈။ ဒု-ကာချုပ် ဒုဗိုလ်ချုပ်မှူးကြီး စိုးဝင်း<br>၉။ ကာကွယ်ရေးဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီးဝေလွင်<br>၁၀။ ပြည်ထဲရေးဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီးကိုကို<br>၁၁။ နယ်စပ်ရေးရာဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း |

| | | | |
|---|---|---|---|
| ကာ/လုံ (၁၁) အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ မူဝါဒများ ရေးဆွဲသည်။ | သမ္မတ ဦးသိန်းစိန်ကဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သည်။<br>၁။ ဒု-သမ္မတ ဦးဉာဏ်ထွန်း [(၁၆/၈/၁၂) တွင် ဦးတင်အောင်မြင့်ဦးကို အစားထိုးခဲ့သည်။]<br>၂။ ဒု-သမ္မတ စိုင်းမောက်ခမ်း<br>၃။ ရှေ့နေချုပ် ဒေါက်တာထွန်းရှင်<br>၄။ သမ္မတရုံးညွှန်ကြားရေးမှူး ဦးမင်းဇော် | ၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌဦးရွှေမန်း<br>၆။အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် | ၇။ ကာချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်<br>၈။ ပြည်ထဲရေးဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီး ကိုကို<br>၉။ ကာကွယ်ရေးဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီးဝေလွင်<br>၁၁။ နယ်စပ်ရေးရာဝန်ကြီး ဒု-ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း |
| UPWC (၅၂) ဦး ပြည်ထောင်စု ငြိမ်းချမ်းရေး လုပ်ငန်း ကော်မတီ မူဝါဒကို အကောင် အထည်ဖော်ခြင်း | ဥက္ကဋ္ဌ- ဒုသမ္မတ စိုင်းမောက်ခမ်း<br>ဒု-ဥက္ကဋ္ဌ- သမ္မတရုံးဝန်ကြီး ဦးအောင်မင်း<br>အတွင်းရေးမှူး- အစိုးရရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးတင့်ကြည်<br><br>ဝန်ကြီး ၈-ဦး<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဦးအုန်းမြင့်၊<br>သမ္မတရုံးဝန်ကြီး- ဦးစိုးသိန်း၊<br>မီးရထားပို့ဆောင်ရေး ဝန်ကြီး- ဦးသန်းဌေး၊<br>လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့ အင်အားဝန်ကြီး- ဦးခင်ရီ၊ | ဒု-ဥက္ကဋ္ဌ- ဦးသိန်းဇော် (လွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသား လူမျိုးများရေးရာနှင့် ပြည်တွင်းငြိမ်း ချမ်းရေးကော်မတီ ဥက္ကဋ္ဌ)<br><br>တိုင်းရင်းသားအမတ် ၁၈-ဦး<br>ပြည်သူ့လွှတ်တော် ဒေါ်ခွဲဘူ (ကချင်)၊ ဦးစိုးရယ်(ကယား)၊ ဦးစောသိန်းအောင် (ကရင်)၊ ဦးငန်းမောင် (ချင်း)၊ | ဒု-ဥက္ကဋ္ဌ- ဒု-ကာချုပ်နှင့် ကာချုပ်(ကြည်း) ဒု-ဗိုလ်ချုပ်မှူးကြီးစိုးဝင်း<br><br>စစ်တိုင်းမှူး ၁၂ ဦး<br>ဗိုလ်မှူးချုပ် ဝင်းဘိုရှိန် (မြောက်ပိုင်းတိုင်း)<br>ဗိုလ်ချုပ်အောင်စိုး (အရှေ့ မြောက်တိုင်း) ဗိုလ်ချုပ် အေးဝင်း (အရှေ့ပိုင်းတိုင်း)<br>ဗိုလ်ချုပ်ကိုကိုနိုင် (အရှေ့အလယ်တိုင်း)<br>ဗိုလ်ချုပ်သန်းထွန်းဦး၊ (တြိဂံတိုင်း)<br>ဗိုလ်ချုပ်တင်မောင်ဝင်း၊ (အရှေ့တောင်တိုင်း) ဗိုလ်ချုပ် ခင်မောင်ဌေး၊ (ကမ်းရိုးတန်းတိုင်း)<br>ဗိုလ်ချုပ်မင်းနောင် (အနောက်မြောက်တိုင်း) |

| | | | |
|---|---|---|---|
| | ပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီး-<br>ဦးဝင်းထွန်း၊<br>လျှပ်စစ်စွမ်းအင်ဝန်ကြီး<br>ဦးခင်မောင်စိုး၊<br>နယ်စပ်ရေးရာဒု-ဝန်ကြီး-<br>ဗိုလ်ချုပ်တင်အောင်ချစ်<br><br>[၂၀၁၄ ခုနှစ်တွင် ဗိုလ်ချုပ်<br>မောင်မောင်အုန်းနှင့်<br>အစားထိုးသည်။]<br><br>တရားသူကြီးချုပ်-<br>ဦးထွန်းထွန်းဦး ပြည်နယ်/<br>တိုင်းဝန်ကြီးချုပ် ၁၀ ဦး<br>ဦးလဂျွန်ငန်ဆိုင်း (ကချင်ပြည်<br>နယ်)၊ ဦးခင်မောင်ဦး ခေါ်<br>ဦးဘူးရယ်(ကယားပြည်နယ်)၊<br>ဦးဇော်မင်း (ကရင်ပြည်နယ်)၊<br>ဦးဟုန်ငိုင်း (ချင်းပြည်နယ်)၊<br>ဦးသာအေး (စစ်ကိုင်းတိုင်း)၊<br>ဦးမြတ်ကို (တနင်္သာရီတိုင်း)၊<br>ဦးဉာဏ်ဝင်း (ပဲခူးတိုင်း)၊<br>ဦးအုန်းမြင့် (မွန်ပြည်နယ်)၊<br>ဗိုလ်ချုပ် မောင်မောင်အုန်း<br>(၂၀၁၄ ခုနှစ်တွင်<br>ဦးလှမောင်တင်ကို<br>အစားထိုးသည်။)၊<br>(ရခိုင်ပြည်နယ်)<br>ဦးစဝ်အောင်မြတ်<br>(ရှမ်းပြည်နယ်)။ | ဒေါ်မိယဉ်ချမ်း<br>(မွန်)၊ ဦးဘရှိန်<br>(ရခိုင်)၊<br>ဦးစတီဖန် (ရှမ်း)၊<br>ဦးလှထွန်း (နာဂ)၊<br>ဦးကျင်ဝမ်း(ဝ)<br>အမျိုးသားလွှတ်တော်<br>ဦးစခုန်တိန့်ယိန်း<br>(ကချင်)၊ ဦးဆန်းရယ်<br>(ကယား)၊<br>ဦးစောထွန်းမြအောင်<br>(ကရင်)၊<br>ဦးပေါ်လျံလွင် (ချင်း)၊<br>ဦးစောအုန်း (မွန်)၊<br>ဦးအုန်းတင်(ရခိုင်)၊<br>ဦးစိုင်းကျော်ဇောသန်း<br>(ရှမ်း)၊ ဦးမြတ်ကို<br>(နာဂ)၊<br>ဦးစိုင်းပေါင်းနတ် (ဝ) | ဗိုလ်ချုပ်အောင်ကျော်ဇော<br>(တောင်ပိုင်းတိုင်း)<br>ဗိုလ်ချုပ်စိုးထွဋ်၊<br>(အလယ်ပိုင်းတိုင်း) ဗိုလ်ချုပ်<br>လှုအေး၊ (အနောက်တောင်တိုင်း)<br>ဗိုလ်ချုပ်အောင်လင်းဒွေး<br>(အနောက်ပိုင်းတိုင်း) |

# Myanmar Peace Centre (MPC)
## မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုဌာန

Website: http://www.myanmarpeace.org/

Facebook: https://www.facebook.com/pages/Myanmar-Peace-Center/103982913079402

မြန်မာနိုင်ငံ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၏အတွင်းရေးမှူးရုံးအဖြစ်ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံရသည်။

| | | |
|---|---|---|
| ရုံးစတင်ဖွင့်လှစ်သည့်ကာလ | - | ၂၀၁၂ ခုနှစ်။ နိုဝင်ဘာလလ (၃)ရက်။ |
| အကြီးအမှူး | - | ဦးအောင်မင်း (သမ္မတရုံးဝန်ကြီးဌာနဝန်ကြီး) |
| လုပ်ငန်းဆောင်ရွက်သူများ | - | ဦးစိုးသိန်း (သမ္မတရုံးဝန်ကြီးဌာန ဝန်ကြီး)၊ ဦးခင်ရီ (လူဝင်မှုကြီးကြပ်ရေးဝန်ကြီး)၊ ဦးကျော်ရင်လှိုင် (Myanmar EgreQ)၊ ဦးလှမောင်ရွှေ (Myanmar EgreQ)၊ ဦးအောင်နိုင်ဦး (ဗဟုဖွံ့ဖြိုးမှုအဖွဲ့)၊ ဒေါက်တာမင်းဇော်ဦး (ပညာရှင်)၊ ဦးကျော်စိုးနိုင် (မြန်မာEgreQ) |
| MPC ၏ နည်းပညာထောက်ကူပြုအဖွဲ့ | - | ဦးလှမောင်ရွှေ၊ ဦးတင်မောင်သန်း၊ ဦးကျော်စိုးလှိုင်၊ ဒေါက်တာမင်းဇော်ဦး၊ ဒေါက်တာကျော်ရင်လှိုင်၊ ဦးအောင်နိုင်ဦး၊ ဦးညိုအုန်းမြင့်၊ ဒေါက်တာအင်ဒရူး ငွန်ကျုံးလျန်၊ ဒေါက်တာ နော်ရီဘက်ကာထင်။ |
| ဝန်ထမ်းအင်အား | - | ၁၂၀ ခန့် |
| အီးမေးလ် | - | info@myanmarpeace.org |
| လိပ်စာ | - | အမှတ် (၁၁)၊ ရွှေလီလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ဖုန်း | - | +၉၅ ၁-၂၃၀ ၄၁၆၈ |

မြန်မာအစိုးရသည်၊ နော်ဝေအစိုးရဦးဆောင်သည့် ငြိမ်းချမ်းရေး အထောက်အကူပြု အလှူရှင်များအုပ်စုနှင့် သဘောတူညီချက် တစ်စိတ်တစ်ပိုင်းအဖြစ်၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန (MPC) ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည်။ ၄င်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီတို့ကို အထောက်အကူပြုရန် တည်ထောင်ထားခဲ့ခြင်း ဖြစ်သည်။ ၄င်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုလိုသည့် အလှူရှင်အစိုးရများနှင့် နိုင်ငံတကာ အဲန်ဂျီအို (NGOs) များအတွက် ကနဦးလုပ်ငန်းစဉ်များနှင့် တစ်ထိုင်တည်းဝန်ဆောင်မှုပေးရေးဌာန (one stop service) တစ်ခုအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့အပြင် ၄င်းသည် အစိုးရတာဝန်ရှိသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ၊ လူထုအခြေပြုလူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအလှူရှင်များ၊ NGOs များတွေ့ဆုံရန်၊ ညှိနှိုင်းရန်တို့အတွက် လမ်းကြောင်းပလက်ဖောင်းတစ်ခုသဖွယ် တာဝန်ထမ်းဆောင်သည်။

MPC ကို မူလကဦးဝိစာရလမ်းတွင် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့သည်ဟု ဖော်ပြထားသည်။ သို့သော်အမှန်တွင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှသာ ဖွင့်လှစ်နိုင်ခြင်း ဖြစ်သည်။ ဥရောပသမဂ္ဂ (EU) က (ငြိမ်းချမ်းရေးအတွက် ပံ့ပိုးပေးရေး အလှူရှင်အုပ်စုဝင်တစ်ဦးအဖြစ်) ကနဦးရန်ပုံငွေ ယူရို ၇၀၀,၀၀၀ ဖြင့် စတင်ခဲ့ပြီး၊

မြန်မာအစိုးရကအိမ်လေးလုံးကို ရုံးဖွင့်ရန်ပေးခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ ဥရောပသမဂ္ဂဥက္ကဋ္ဌ Barroso တက်ရောက်ခဲ့သည်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့၌ ဂျပန်အစိုးရထံမှ အမေရိကန်ဒေါ်လာ ၁.၂ သန်းကို ရုံးလည်ပတ်စရိတ်အတွက်ထပ်မံရရှိသည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင်လွှတ်တော်မှ ငြိမ်းချမ်းရေးရန်ပုံငွေအဖြစ်၊ ကျပ်သန်း ၁,၀၀၀ကို တောင်းခံခဲ့သည်။ MPC က ကျပ်သန်း ၁၀၀ ကို ကြိုတင်သုံးစွဲပြီး ဖြစ်သည်။

ဥရောပကော်မရှင်သည် အရေးကြီးသည့် ဖော်ပြပါကဏ္ဍများဖြစ်သော ကျေးလက်ဖွံ့ဖြိုးရေး၊ ပညာရေး၊ အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အထောက်အကူပြုရေးကဏ္ဍတို့တွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ မြန်မာအစိုးရ နှင့် ပူးပေါင်းဆောင်ရွက်သွားရန် အဆိုပြုခဲ့ပေသည်။ ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံတွင် ဆက်လက်ပြုလုပ်နေသောပြုပြင်ပြောင်းလဲမှုများအတွက် ၂၀၁၅ ခုနှစ်တွင် ထောက်ပံ့ပေးရန် ပိုမိုကျယ်ပြန့်ပြည့်စုံ သော မူဘောင်တစ်ရပ်ကိုချမှတ်ခဲ့သည်။ လာမည့်ကာလအတွက် ငွေကြေးထောက်ပံ့မှုအဆင့်အဆင့်အနေဖြင့် ပိုမို၍တိုးမြင့်လာဖွယ်ရှိပြီး နှစ်စဉ်ယူရိုဒေါ်လာသန်း ၉၀ ကျော်ရရှိလာနိုင်ပါသည်။ ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံအား ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိထောက်ပံ့ကူညီရေးဆိုင်ရာ ပူးတွဲစီမံကိန်းအား ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းစဉ်တွင် ပါဝင်လျက်ရှိသည်။ ၎င်းတို့အနေဖြင့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်း လဲမှုများဆိုင်ရာမူဘောင်ပါဝင်သော မြန်မာအစိုးရ၏ ကိုယ်ပိုင်ဖွံ့ဖြိုးရေးစီမံကိန်းနှင့်အတူ တွဲဖက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဥရောပ-မြန်မာပူးတွဲလုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရန်ကုန်နှင့်နေပြည်တော်တို့တွင် ကျင်းပခဲ့ပါသည်။ လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့၏ ရည်ရွယ်ချက်မှာမြန်မာ့နိုင်ငံရေးအသွင်ကူးပြောင်းမှုကို ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံအားပေးရန်ဖြစ်ပါသည်။ ၎င်းတို့၏ အစီအစဉ်တွင် ဖွံ့ဖြိုးရေးအထောက်အပံ့များ၊ လွှတ်တော်နှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့ ပါဝင်ပါသည်။

**အနာဂတ်ရည်မှန်းချက်**


မြန်မာငြိမ်းချမ်းရေးစင်တာသည် မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးအားလုံးပါဝင်သော ငြိမ်းချမ်းသည့်နိုင်ငံတစ်ရပ်ပေါ်ပေါက်လာရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သွားမည်ဖြစ်ပါသည်။

**ပစ္စုပ္ပန်လုပ်ငန်းစဉ်**

မြန်မာနိုင်ငံသားအားလုံးကောင်းမွန်သော အကျိုးခံစားခွင့် ရရှိစေရန်အတွက် အလုံးစုံသောနိုင်ငံရေးပြေလည်မှုရရှိရန်ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်ပေးနိုင်ရန် ဖြစ်သည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန (MPC) သည် မူဝါဒအကြံပေးခြင်း၊ မဟာဗျူဟာအဆင့်လမ်းညွှန်မှုပေးခြင်းအပြင် အဓိကကျသောနယ်ပယ် ၆- ခုတွင် အစိုးရ၏ လုပ်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းစသောတာဝန်များကိုဆောင်ရွက်သည်။

(၁) အပစ်ခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊
(၂) ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးခြင်းနှင့် နိုင်ငံရေးဆွေးနွေး စကားပြောဆိုမှု၊
(၃) ပဋိပက္ခဖြစ်ပွားရာဒေသများတွင် အထောက်အကူပေးခြင်းများကို ညှိနှိုင်းဆောင်ရွက်ခြင်း၊
(၄) ပေါင်းကူးနှင့် လူထုဆက်ဆံရေး၊
(၅) မြေမြှုပ်မိုင်းဆိုင်ရာ လုပ်ရှားမှုများ၊
(၆) Geospatial နှင့် အရင်းအမြစ်များ


ပြည်ထောင်စုငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်ရေးဗဟိုကော်မတီ
ပြည်ထောင်စုငြိမ်းချမ်းရေးအကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ
အထူးအကြံပေးများ
မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုဌာန (MPC)
အလှူရှင် အထောက်အကူပြုအဖွဲ့ (အစိုးရများ၊ IOs၊ NGOsများ၊ စီမံကိန်းများ၊ ကျွမ်းကျင်သူများ)
အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး
အစီအစဉ်ညွှန်ကြားရေးမှူး(များ)/ တွဲဖက်အစီအစဉ် ညွှန်ကြားရေးမှူး(များ) တရားရေးဆွေးနွေးအကြံပေးမှုများ
အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးရုံး
၁။ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုနှင့် အကောင်အထည်ဖော်ရေးအစီအစဉ် (CFNI)
၂။ နှစ်ဖက်ငြိမ်းချမ်းရေးဆွေးနွေးမှုအစီအစဉ် (PD)
၃။ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအစီအစဉ် (PBOC)
၄။ ပေါင်းကူးနှင့်လူထုဆက်ဆံရေးအစီအစဉ်(OPD)
၅။ အုပ်ချုပ်ရေးနှင့်အထောက်အကူပြုဌာန (ASD)
၆။ တရားရေးအထောက်အကူပြုဌာန (LSO)
၇။ မြန်မာမိုင်းရှင်းလင်းရေးစင်တာ (MMAC)
၈။ မြန်မာ Geospatial နှင့် အရင်းအမြစ်စင်တာ (MGRC)
၉။ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ (တစ်သီးပုဂ္ဂလနှင့် ဒုတိယတန်းစား)

## အလှူရှင်များနှင့် မိတ်ဖက်အင်အားစုများ

၁။ နိုင်ငံတကာဖွံ့ဖြိုးရေး ဩစတြေးလျအေဂျင်စီ (AusAid)
၂။ ငြိမ်းချမ်းရေးနှင့်ပဋိပက္ခလေ့လာရေးစင်တာ (CPCS)
၃။ ကိုလံဘီယာတက္ကသိုလ်
၄။ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID)
၅။ ဥရောပသမဂ္ဂ (EU)
၆။ လုံခြုံရေးနှင့်ဖွံ့ဖြိုးရေးမူဝါဒအဖွဲ့ (ISDP)
၇။ ကြားဝင်ဖျန်ဖြေပေးမှု
၈။ Internews
၉။ နိုင်ငံတကာပဋိပက္ခအဖွဲ့ (ICG)
၁၀။ နိုင်ငံတကာ IDEA
၁၁။ နိုင်ငံတကာစီမံခန့်ခွဲမှုအဖွဲ့ (IMG)
၁၂။ နိုင်ငံတကာမီဒီယာအထောက်အကူပြု (IMS)
၁၃။ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)
၁၄။ ဂျပန်ပလက်ဖောင်း (JPF)
၁၅။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန
၁၆။ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန (NMFA)
၁၇။ နော်ဝေပြည်သူများ၏အထောက်အပံ့ (NPA)
၁၈။ နော်ဝေဒုက္ခသည်ကောင်စီ (NRC)
၁၉။ ငြိမ်းချမ်းရေးအထောက်အကူပြုအလှူရှင်အဖွဲ့ (PDSG)
၂၀။ ငြိမ်းချမ်းရေးဆက်စပ်မှု (Peace Nexus) (PN)
၂၁။ ဆွစ်ဇာလန်ဖက်ဒရယ်နိုင်ငံခြားရေးဝန်ကြီးဌာန
၂၂။ လူသားချင်းစာနာမှုဆိုင်ရာနှစ်ဖက်တွေ့ဆုံဆွေးနွေးမှုစင်တာ (HD Center)
၂၃။ နိပွန်ဖောင်ဒေးရှင်း (TNF)
၂၄။ ကုလသမဂ္ဂ (UN)
၂၅။ ကမ္ဘာ့ဘဏ် အုပ်စု (WB)

# Nationwide Ceasefire Coordination Team (NCCT)

## တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့

## အကျဉ်းချုပ်

တည်ထောင်သည့်ရက်စွဲ- နိုဝင်ဘာလ ၂ ရက်၊ ၂၀၁၃ ခုနှစ်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက်အထိ ကျင်းပသည့် လိုင်ဇာညီလာခံတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး၊ NCCT သည် အဖွဲ့ဝင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက၊ အစိုးရ၏ ငြိမ်းချမ်းရေး ဆွေးနွေးမည့်အဖွဲ့နှင့်တွေ့ဆုံသည့်အခါ ကိုယ်စားပြုမည်ဖြစ်သည်။ NCCT သည်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုး နိုင်သည်အထိယာယီဖြစ်သည်။ ထိုအခါ ယင်းကို နိုင်ငံရေးအခြေခံမူဘောင်ရေးဆွဲရေးနှင့် တွေ့ဆုံဆွေးနွေးရေးကော်မတီဖြင့် အစားထိုးမည်ဖြစ်သည်။ အဓိက အားဖြင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၄ ခုမှထောက်ပံ့ထားသော ရန်ပုံငွေဖြင့်၊ နိပွန်ဖောင်ဒေးရှင်းမှအခြား အထွေထွေ ထောက်ပံ့ပေးမှုများဖြင့်လည်းပတ်ဆောင်ရွက်နေသည်။ (ဥပမာ- အစည်းအဝေးကျင်းပရန် နေရာငှားပေးခြင်းမျိုး ဖြစ်သည်) ချင်းမိုင်အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ချင်းမိုင်ရှိ အယ်လ်ပိုင်းဂေါက်ရိုက်အပန်းဖြေစခန်းတွင် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်က ကျင်းပခဲ့သည်။

သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်များကလိုင်ဇာတွင် ပြုလုပ်သော NCCT ၏ အစည်းအဝေးတက်ရောက်သော်လည်း အချက် ၁၁ ချက်ပါဘုံရပ်တည်ချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းမရှိပေ။ အကြောင်းမှာ ၎င်းက ရှမ်းပြည်နယ်ညီညွတ်ရေးကော်မတီထံ ပြန်လည်ညှိနှိုင်းအတည်ပြုချက် ရယူရန်လိုအပ်သောကြောင့် ဖြစ်သည်။ UWSA နှင့် NDAA ကို အစည်းအဝေးသို့ ဖိတ်ကြားခဲ့သော်လည်း၊ တက်ရောက်လာခြင်း မရှိပေ။

လိုင်ဇာတိုင်းရင်းသားညီလာခံ -၁ ပြီးနောက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကရင်ပြည်နယ်တွင်လော်ခီးလားတိုင်းရင်းသားညီလာခံကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ထပ်မံ၍ လိုင်ဇာတွင် တတိယမြောက် တိုင်းရင်းသားညီလာခံကိုလည်းကောင်း ကျင်းပနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇွန်လတွင် ထပ်မံ၍ လော်ခီးလားညီလာခံကို ကျင်းပခဲ့ပေသည်။

## အဖွဲ့ဝင်အဖွဲ့အစည်းများ

၁။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)
၂။ ရခိုင် အမျိုးသားကောင်စီ (ANC)
၃။ ရက္ခိုင့်တပ်မတော် (AA)
၄။ ချင်းအမျိုးသားတပ်ဦး (CNF)
၅။ ကရင်အမျိုးသားအကျိုးပြု ဒီမိုကရေစီတပ်မတော် (DKBA)
၆။ ကချင် လွတ်မြောက်ရေးအဖွဲ့ (KIO)
၇။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
၈။ ကရင်အမျိုးသားအစည်းအရုံး (KNU)

၉။ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ
၁၀။ လားဟူ ဒီမိုကရက်တစ် အစည်းအရုံး (LDU)
၁၁။ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA)
၁၂။ မွန်ပြည်သစ်ပါတီ(NMSP)
၁၃။ ပအိုဝ်အမျိုးသားလွတ်မြောက်ရေး အဖွဲ့ (PNLO)
၁၄။ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF)
၁၅။ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)
၁၆။ ဝအမျိုးသား အဖွဲ့ (WNO)

* RCSS က လိုင်ဇာသဘောတူညီချက်တွင်လက်မှတ်ရေးထိုးခဲ့ခြင်းမရှိပါ။

## တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့မှ အဖွဲ့ဝင်များ

| စဉ် | အမည် | ရာထူး | မိခင်အဖွဲ့အစည်း |
|---|---|---|---|
| ၁ | နိုင်ဟံဆာ(ခေါ်) နိုင်ဟံသာ | အဖွဲ့ခေါင်းဆောင် | NMSP |
| ၂ | ဖဒိုကွယ်ထူးဝင်း | ဒုခေါင်းဆောင် ၁ | KNU ၊ အထွေထွေအတွင်းရေးမှူး |
| ၃ | ဗိုလ်ချုပ်ဂွမ်မော် | ဒုခေါင်းဆောင် ၂ | KIO ၊ ဒုစစ်ဦးစီးချုပ် |
| ၄ | ဒုဗိုလ်မှူးကြီးကျော်ဟန် | အဖွဲ့ဝင် | AA |
| ၅ | ဒေါ်စောမြရာဇာလင်း | အဖွဲ့ဝင် | ALP ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် |
| ၆ | ထွမ်ဇော် | အဖွဲ့ဝင် | ANC ၊ အထွေထွေအတွင်းရေးမှူး |
| ၇ | ဒေါက်တာလျံအိတ်ချ်ဆာခေါင်း | အဖွဲ့ဝင် | CNF ၊ အမြဲတမ်းကော်မတီ |
| ၈ | ဗိုလ်မှူးကြီးစောလှံ့လုံ | အဖွဲ့ဝင် | DKBA |
| ၉ | ခူတော်ရယ် (S) | အဖွဲ့ဝင် | KNPP |
| ၁၀ | စောနေစိုးမြ | အဖွဲ့ဝင် | KPC ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် |
| ၁၁ | ဗိုလ်မှူးကြီးဆော်လမွန် | အဖွဲ့ဝင် | LDU ၊ ဒုဥက္ကဋ္ဌ |
| ၁၂ | ဦးထွန်းလွင် | အဖွဲ့ဝင် | MNDAA ၊ အထွေထွေအတွင်းရေးမှူး |
| ၁၃ | ဗိုလ်မှူးကြီးခွန်ဥက္ကာ | အဖွဲ့ဝင် | PNLO ၊ ကူညီအားပေးသူ |
| ၁၄ | တာဗယ်ခူရေး | အဖွဲ့ဝင် | PSLF/TNLA ၊ တွဲဖက် အတွင်းရေးမှူး ၂ |
| ၁၅ | စိုင်းဘထွန်း | အဖွဲ့ဝင် | SSPP ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် |
| ၁၆ | တာအိုက်ညွန့် | အဖွဲ့ဝင် | WNO ၊ အထွေထွေအတွင်းရေးမှူး |

## NCCT အစည်းအဝေးပွဲများ -

**အဓိကဆွေးနွေးပွဲများ -** လိုင်ဇာညီလာခံ (၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၀ - နိုဝင်ဘာ ၂)၊ လော်ခီးလားညီလာခံ (၂၀၁၄ဇန်နဝါရီ ၂၀ -၂၅)၊ လိုင်ဇာညီလာခံ (၂၀၁၄ဇူလိုင် ၂၅ - ၂၉)၊ လော်ခီးလားညီလာခံ (၂၀၁၅ ဇွန် ၂ - ၉)

NCCT သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ချင်းမိုင်မြို့တွင် ၃ ရက်ကြာအလုပ်ရုံဆွေးနွေးပွဲကိုကျင်းပပြုလုပ်ခဲ့သည်။

NCCT သည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိနိုင်ငံရေးမူဘောင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။

## NCCT အစိုးရအစည်းအဝေးပွဲများ -

| စဉ် | နေ့စွဲ | နေရာ | EAOs ကိုယ်စားလှယ် | အစိုးရ ကိုယ်စားလှယ် | အသေးစိတ် |
|---|---|---|---|---|---|
| ၁ | ၀၄- ၀၅/၁၁/၂၀၁၃ | မြစ်ကြီးနား | တိုင်းရင်းသား လက်နက်ကိုင် ၁၈ ဖွဲ့ | ဦးအောင်မင်း၊ ဦးသိန်းဇော် | အစိုးရက ၎င်းတို့၏အဆိုပြုလွှာကို တင်ပြခဲ့သည်။ |
| ၂ | ၂၆/၁၁/၂၀၁၃ | ချင်းမိုင် | NCCT | | အစိုးရ၏ တစ်ပြည်လုံးအပစ်အခတ် ရပ်စဲရေးမူကြမ်း၊ လိုင်ဇာသဘောတူညီချက်နှင့်ဖက်ဒရယ်တပ်မတော်တို့အပေါ် သုံးသပ်ခြင်း |
| ၃ | ၁၅/၁၂/၂၀၁၃ | ရန်ကုန် | NCCT | MPC နည်းပညာအဖွဲ့ | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ |
| ၄ | ၂၉/၁၂/၂၀၁၃ | ချင်းမိုင် | NCCT | ဦးအောင်မင်း နှင့် MPC နည်းပညာအဖွဲ့ | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ မူတစ်မူတည်းသဘောတူညီချက်နှင့် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးကို ဆွေးနွေးခဲ့ကြသည်။ |
| ၅ | ၀၉/၀၁/၂၀၁၄ | | NCCT | MPC နည်းပညာအဖွဲ့ | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး ဆွေးနွေးခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၆ | ၁၃/၀၁/၂၀၁၄ | ချင်းမိုင် | NCCT | - | နိုင်ငံရေးမူဘောင်အတွက် အလုပ်ရုံဆွေးနွေးပွဲ - NCCT က အလုပ်ရုံဆွေးနွေးပွဲနှစ်ခုကို ကြီးမှူးကျင်းပသည်။ ဆွေးနွေးပွဲတစ်ခုသည် ၉ရက်နေ့မှ ၁၁ ရက်နေ့အထိဖြစ်ပြီး အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ကျန်တစ်ခုကို ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးမူဘောင်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ |
| ၇ | ၂၀-၂၅/၀၁/၂၀၁၄ | ဘားအံ | NCCT ၊ RCSS + .. (လက်နက်ကိုင် ၁၇ ဖွဲ့) | - | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်ကရင် ပြည်နယ်လော်ခီးလားတွင် တိုင်းရင်းသားညီလာခံ ၂ ကို ကျင်းပခဲ့သည်။ RCSS နှင့် ABSDF တို့က လေ့လာသူများ အနေဖြင့်တက်ရောက်ခဲ့သည်။ UWSA နှင့် NDAA တို့က တက်ရောက်ခဲ့ခြင်းမရှိပေ။ ၎င်းတို့သည် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲ ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၈ | ၂၉/၀၁/၂၀၁၄ | ချင်းမိုင် | NCCT | ဦးအောင်မင်း နှင့် MPC နည်းပညာအဖွဲ့ | အလွတ်သဘောဆွေးနွေးပွဲဖြစ်သည်။ NCCT ကပြုလုပ်သည့် တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာသဘောတူမူကြမ်းအဆိုပါပြုလွှာကို ဦးအောင်မင်းသို့ တင်ပြသည်။ |
| ၉ | ၀၉/၀၃/၂၀၁၄ | ရန်ကုန် | NCCT | UPWC | ပထမဆုံး တရားဝင်ဆွေးနွေးပွဲဖြစ်သည်။ NCCT နှင့် UPWC တို့သည် မိမိတို့၏မတူ ကွဲပြားနေသည့်အဆိုပြုလွှာများကို အဆိုပြု လွှာတစ်ခုတည်းဖြစ်လာစေရန်ပေါင်းစပ်ခဲ့ကြသည်။ (အဆိုပြုလွှာနှစ်ခုကို ပေါင်းခဲ့သည်) |
| ၁၀ | ၁၉/၀၃/၂၀၁၄ | ချင်းမိုင် | NCCT | - | NCCT အစည်းအဝေးပွဲကို ချင်းမိုင်တွင် ပြုလုပ်ခဲ့သည်။ ဖဒိုစောကွယ်ထူးဝင်း၊ ဒေါက်တာဆလိုင်းလျံအိတ်စခုန်း၊ဦးရွှေမျိုးသန့်နှင့် ဦးထွန်းဇော်၊ နိုင်ဟံသာနှင့် ဗိုလ်ချုပ်ဂွမ်မော်တို့ကို NCCT ညှိနှိုင်းရေးအဖွဲ့အတွက်ရွေးချယ်ခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | ၀၅-၀၈/၀၄/၂၀၁၅ | ရန်ကုန် | NCCT | MPC | NCCT နှင့် UPWC တို့အကြား ဒုတိယမြောက်တရားဝင်တွေ့ဆုံမှု ဖြစ်သည်။ ၄င်းတို့သည် မူတစ်မူတည်း သဘောတူညီချက်နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ အခန်း ၇ ခန်းပါရှိသည်။ (မူတစ်မူတည်း ပထမဆုံး မူကြမ်း) |
| ၁၂ | ၂၈/၀၄/၂၀၁၅ | ချင်းမိုင် | NCCT | - | NCCT သည် ချင်းမိုင်တွင် အစည်းအဝေးပွဲတစ်ခုကျင်းပခဲ့သည်။ ၄င်းတို့သည် မူတစ်မူတည်း သဘောတူညီချက်နှင့် အပစ်အခတ်ရပ်စဲရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ NCCT အနေဖြင့် အစိုးရနှင့်သဘောတူညီချက်များကို ဆုံးဖြတ်နိုင်ခြင်းမရှိလျှင် NCA နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် ထိပ်တန်းခေါင်းဆောင်များနှင့် အမှုဆောင်ဆွေးနွေးပွဲတစ်ခုကို ကျင်းပရမည်ဖြစ်ကြောင်း ၄င်းတို့က ဆုံးဖြတ်ခဲ့သည်။ |
| ၁၃ | ၂၁-၂၃/၀၅/၂၀၁၅ | ရန်ကုန် | NCCT | UPWC | NCCT နှင့် UPWC တို့အကြားတတိယအကြိမ်မြောက် တွေ့ဆုံမှုဖြစ်သည်။ အစည်းအဝေးပွဲတွင် UPWC က<br>(၁) ဒီမိုကရေစီ၊<br>(၂)တန်းတူညီမျှမှု<br>(၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်<br>စသောဖက်ဒရယ်ရေးရာများကို လက်ခံခဲ့သည်။ (ဒုတိယမြောက် မူတစ်မူတည်း သဘောတူညီချက်) |

| | | | | | |
|---|---|---|---|---|---|
| ၁၄ | ၁၂-၁၆/၀၆/၂၀၁၄ | ချင်းမိုင် | NCCT | - | NCCT အဖွဲ့ဝင်များသည် ဇွန်လ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် တရားဝင်တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့ကြသည်။ ၄င်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လည်းကောင်း၊ အစိုးရနှင့် ဆွေးနွေးညှိနှိုင်းမှုကိုလည်းကောင်းဆန်းစစ်ဝေဖန်ခဲ့ကြသည်။ ၄င်းတို့သည် ဇူလိုင်လတွင်ပြုလုပ်မည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ထိပ်သီးညီလာခံနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများကိုလည်း ဆွေးနွေးခဲ့ကြသည်။ |
| ၁၅ | ၁၆/၀၆/၂၀၁၄ | ချင်းမိုင် | ဗိုလ်ချုပ်ဝွမ်မော်၊ နိုင်ဟံသာ၊ ဖဒိုကွယ်ထူးဝင်း | MPC နည်းပညာအဖွဲ့ (ဦးလှမောင်ရွှေ၊ ဦးညို အုန်းမြင့်) | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ MPC နည်းပညာအဖွဲ့မှ ဦးလှမောင်ရွှေနှင့် ဦးညိုအုန်းမြင့်တို့သည် ဗိုလ်ချုပ်ဝွမ်မော်၊ နိုင်ဟံသာ၊ ဖဒိုကွယ်ထူးဝင်းတို့နှင့် ဇွန်လ ၁၆ ရက်နေ့တွင် ချင်းမိုင်မြို့၌ တွေ့ဆုံခဲ့ကြသည်။ ၄င်းတို့သည် လာမည့် NCCT – UPWC အစည်းအဝေးပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများကိုဆွေးနွေးခဲ့ကြသည်။ |
| ၁၆ | ၀၁-၀၂/၀၇/၂၀၁၄ | ချင်းမိုင်၊ ထိုင်း | NCCT | - | NCCT သည် ချင်းမိုင်တွင် ဆွေးနွေးပွဲတစ်ခုကျင်းပခဲ့သည်။ ၄င်းတို့သည် မူတစ်မူတည်း သဘောတူညီချက်ကိုလည်းကောင်း၊ အစိုးရနှင့် ညှိနှိုင်းမှုကိုလည်းကောင်းဆွေးနွေးခဲ့ကြသည်။ |
| ၁၇ | ၀၆/၀၇/၂၀၁၄ | ချင်းမိုင်၊ ထိုင်း | NCCT | ဦးလှမောင်ရွှေ ဦးဆောင်သည့် MPC နည်းပညာအဖွဲ့ | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ NCCT နှင့် MPC နည်းပညာအဖွဲ့တို့သည်ချင်းမိုင်တွင် တွေ့ဆုံဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့ကြသည်။ ၄င်းတို့သည် မူတစ်မူတည်း သဘောတူညီချက်နှင့် NCA တို့ကို ဆွေးနွေးခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၁၈ | ၀၇/၀၇/၂၀၁၄ | ချင်းမိုင်၊ ထိုင်း | NCCT | နိုင်ငံရေးပါတီ ၁၂ ခု | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ NCCT အဖွဲ့ဝင်များသည် တိုင်းရင်းသားပါတီများအပါအဝင် ပြည်တွင်း နိုင်ငံရေးပါတီ ၁၂ ခုမှ ကိုယ်စားလှယ်များနှင့် ချင်းမိုင်တွင် ဇူလိုင်လ ၇ ရက်၌ တွေ့ဆုံခဲ့သည်။ ၄င်းတို့သည် PR စနစ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ဖက်ဒရယ်ပြည်ထောင်စုသည်တို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၁၉ | ၁၃/၀၇/၂၀၁၄ | ချင်းမိုင်၊ ထိုင်း | ဗိုလ်ချုပ်ဝမ်မော်၊ ဖဒိုကွယ်ထူးဝင်း | ဦးလှမောင်ရွှေ ဦးဆောင်သည့် MPC နည်းပညာအဖွဲ့ | အလွတ်သဘော တွေ့ဆုံမှုဖြစ်သည်။ ၄င်းတို့သည်ထပ်မံပြုလုပ်မည့် မူတစ်မူတည်း သဘောတူညီချက်အစည်းအဝေးနှင့်ပတ်သက်၍လည်းကောင်း၊ လိုင်ဇာတွင် ဇူလိုင်လ ၂၄ ရက်မှ ၂၆ ရက် အကြားကျင်းပရန် စီစဉ်ထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ ညီလာခံနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ |
| ၂၀ | ၀၃/၀၈/၂၀၁၄ | မြစ်ကြီးနား | NCCT မှ ၁၁ ဦးနှင့် နည်းပညာအဖွဲ့မှ ခုနစ်ဦး | ဦးအောင်မင်း၊ ဦးသိန်းဇော်၊ ဦးထွန်းထွန်းဦး၊ ဒုဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း နှင့် MPC အဖွဲ့ | စတုတ္ထမြောက်တရားဝင်တွေ့ဆုံမှုဖြစ်သည်။ NCCT နှင့် UPWC တို့သည် NCA နှင့်ပတ်သက်၍ လည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်တပ်မတော်အား မည်သို့မည်ပုံ တည်ဆောက်မည်ကိုလည်းကောင်း ဆွေးနွေးခဲ့သည်။ ၄င်းတို့သည် ရန်ကုန်ရှိ MPC တွင် ထပ်မံတွေ့ဆုံကြမည်ဖြစ်သည်။ ၄င်းတို့က မိမိတို့၏အဆိုပြုလွှာများနှင့် ပတ်သက်၍အမြင်များကို ဖလှယ်ခဲ့ကြသည်။ |
| ၂၁ | ၀၉-၁၁/၀၈/၂၀၁၄ | ချင်းမိုင်၊ ထိုင်း | NCCT | - | NCCT အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့ကြသည်။ ၄င်းတို့က UPWC ၏ အဆိုပြုလွှာသစ်ကို ဆန်းစစ်လေ့လာခဲ့ကြပြီး လုပ်ငန်းစဉ်ကို သုံးသပ်ခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၂၂ | ၁၂/၀၈/၂၀၁၄ | ချင်းမိုင်၊ ထိုင်း | NCCT | MPC နည်းပညာအဖွဲ့ | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ နိုင်ဟံသာဦးဆောင်သည့် NCCT နှင့် ဦးလှမောင်ရွှေဦးဆောင်သည့် MPC နည်းပညာအဖွဲ့တို့အနေဖြင့် ချင်းမိုင်တွင် တွေ့ဆုံခဲ့ကြသည်။ ၎င်းတို့က ရန်ကုန်တွင် ဩဂုတ်လ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ပြုလုပ်မည့် အစည်းအဝေးပွဲ၊ လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ |
| ၂၃ | ၁၅-၁၇/၀၈/၂၀၁၄ | ရန်ကုန် | NCCT | UPWC နှင့် MPC နည်းပညာအဖွဲ့ | NCCT နှင့် UPWC တို့အကြား ပဉ္စမအကြိမ်မြောက် တရားဝင်တွေ့ဆုံမှုဖြစ်သည်။ ဦးအောင်မင်းဦးဆောင်သည့် UPWC နှင့် ဦးနိုင်ဟံသာဦးဆောင်သည့် NCCT တို့သည်ရန်ကုန်မြို့တွင် ၂၀၁၄ ခုနှစ် ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့သည်။ ၎င်းတို့သည်တတိယမြောက် မူတစ်မူတည်းသဘောတူညီချက်နှင့်ပတ်သက်၍ သဘောတူခဲ့ကြသည်။ NCCT နှင့် UPWC တို့သည် ဆွေးနွေးပွဲများပြုလုပ်ပြီးနောက်တွင်ဩဂုတ်လ ၁၇ ရက်နေ့တွင် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ UPWC သည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်တည်ထောင်ရန် သဘောတူခဲ့သည်။ (တတိယမြောက်မူတစ်မူတည်း သဘောတူညီချက်) |
| ၂၄ | ၁၈/၀၈/၂၀၁၄ | ရန်ကုန် | NCCT ခေါင်းဆောင်များ | နိုင်ငံရေးပါတီ ၃၄ ခု၊ UPWC | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ ဩဂုတ်လ ၁၈ ရက်နေ့တွင် UPWC ၊ NCCT နှင့် နိုင်ငံရေးပါတီများအကြား တတိယမြောက်တွေ့ဆုံမှုဖြစ်သည်။ ၎င်းတို့သည် နိုင်ငံရေးမှုဘောင်၊ နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ NLD အပါအဝင် နိုင်ငံရေးပါတီ ၃၄ ခုမှကိုယ်စားလှယ်များက အစည်းအဝေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၂၅ | ၁၈/၀၈/၂၀၁၄ | ရန်ကုန် | NCCT ခေါင်းဆောင်များ | ဒေါ်အောင်ဆန်းစုကြည် | နိုင်ဟံသာ၊ ဗိုလ်ချုပ်ဝွမ်မော်၊ ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့် ထွမ်ဇော်တို့သည် ဩဂုတ်လ ၁၈ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကို သူ၏နေအိမ်တွင် သွားရောက်တွေ့ဆုံခဲ့သည်။ ၎င်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လွှတ်တော်တွင်းအခြေအနေများနှင့် ပတ်သက်၍အမြင်များကိုဖလှယ်ခဲ့ကြသည်။ |
| ၂၆ | ၁၉/၀၈/၂၀၁၄ | ရန်ကုန် | NCCT | ၈၈ ကျောင်းသားများပွင့်လင်းလူ့အဖွဲ့အစည်း | NCCT ခေါင်းဆောင်များသည် ဩဂုတ်လ ၁၉ ရက်နေ့တွင်ရန်ကုန်၌ ၈၈ မျိုးဆက် ခေါင်းဆောင်များ၊ လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့သည်။ ၎င်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အမြင်များကို ဖလှယ်ခဲ့ကြသည်။ |
| ၂၇ | ၁၉/၀၈/၂၀၁၄ | ရန်ကုန် | NCCT | CSOs/ CBOs ၅၄ ဖွဲ့ | NCCT ခေါင်းဆောင်များသည် အရပ်ဘက်လူမှုအဖွဲ့အစည်း ၅၄ ဖွဲ့နှင့်တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ NCA နှင့်ပတ်သက်၍ သဘောထားအမြင်များကို ဖလှယ်ခဲ့ကြသည်။ |
| ၂၈ | ၀၉-၁၁/၀၉/၂၀၁၄ | ချင်းမိုင် | NCCT | - | NCCT ခေါင်းဆောင်များသည် ချင်းမိုင်တွင်အစည်းအဝေးပွဲတစ်ခုကို ကျင်းပခဲ့ကြသည်။ ၎င်းတို့သည် NCA နှင့်ပတ်သက်၍လည်းကောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ လည်းကောင်းဆွေးနွေးစောကြောခဲ့ကြသည်။၎င်းတို့သည် UNFC တွင် KNU အဖွဲ့ယာယီနုတ်ထွက်မှုကိုလည်း ဆွေးနွေးခဲ့ကြသည်။ |
| ၂၉ | ၁၅/၀၉/၂၀၁၄ | ချင်းမိုင် | NCCT | MPC နည်းပညာအဖွဲ့ | နိုင်ဟံသာဦးဆောင်သည့် NCCT နှင့် ဦးလှမောင်ရွှေဦးဆောင်သည့် MPC နည်းပညာအဖွဲ့တို့သည် ထိုင်းနိုင်ငံချင်းမိုင်မြို့တွင် တွေ့ဆုံခဲ့ကြသည်။ အဆိုပါနှစ်ဖွဲ့သည် ထပ်မံပြုလုပ်မည့် NCA အစည်းအဝေးပွဲများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၃၀ | ၂၂-၂၆/၀၉/၂၀၁၄ | ရန်ကုန် | NCCT | UPWC | NCCT နှင့် UPWC တို့အကြား ခြောက်ကြိမ်မြောက် တရားဝင်တွေ့ဆုံမှုဖြစ်ပြီး စက်တင်ဘာလ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၌ တွေ့ဆုံခဲ့ကြသည်။ ကိုယ်စားလှယ်များ -UPWC ၁၄ ဦး၊ MPC ၁၂ ဦး၊ NCCT ၁၄ ဦးနှင့် NCCT နည်းပညာအဖွဲ့မှ ၁၈ ဦးတို့ တက်ရောက်ခဲ့ကြသည်။ ABSDF နှင့် RCSS တို့မှ ကိုယ်စားလှယ်များက အစည်းအဝေးပွဲသို့လေ့လာသူအနေဖြင့် တက်ရောက်ခဲ့သည်။တပ်မတော်ကိုယ်စားလှယ်များသည်ဖက်ဒရယ်တပ်မတော်၊ ဖက်ဒရယ်ကိစ္စများနှင့် ပတ်သက်၍ ယခင်သဘောတူထားချက်များကိုပယ်ချခဲ့သည်။(လေးကြိမ်မြောက် မူတစ်မူတည်းသဘောတူညီချက်မူကြမ်း) |
| ၃၁ | ၂၈/၀၉/၂၀၁၄ | ရန်ကုန် | NCCT | CBOs/ CSOs | NCCT နှင့် CBOs/CSOs အဖွဲ့အစည်း ၂၉ခုမှကိုယ်စားလှယ်များသည် ရန်ကုန်ရှိဂရင်းဟေးလ်ဟိုတယ်တွင် စက်တင်ဘာ ၂၈ ရက်နေ့၌ တွေ့ဆုံခဲ့ကြသည်။ NCCT ကအစိုးရနှင့် လတ်တလောငြိမ်းချမ်းရေးဆွေးနွေးပွဲ အခြေအနေကိုလည်းကောင်း၊ NCA မူကြမ်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ CBOs/ CSOs တို့သည် ပညာရေး၊ ဒုက္ခသည်များ ပြန်လည်နေရာချထားရေး၊ အမျိုးသမီးများနှင့် ကလေးငယ်များအရေး၊ မြေယာသိမ်းယူမှု၊ဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၃၂ | ၀၃/၁၁/၂၀၁၄ | ချင်းမိုင် | NCCT | ဦးလှမောင်ရွှေ ဦးဆောင်သည့် MPC နည်းပညာ အဖွဲ့ | NCCT နှင့် MPC နည်းပညာအဖွဲ့မှ ကိုယ်စားလှယ်များသည် နိုဝင်ဘာလ ၃ ရက်နေ့တွင် ချင်းမိုင်မြို့၌ တွေ့ဆုံခဲ့ကြသည်။ MPC ကိုယ်စားလှယ်များသည် အောက်တိုဘာ ၃၁ ရက်နေ့က နေပြည်တော်တွင်ကျင်းပခဲ့သည့် နိုင်ငံရေးအထင်ကရကြီးများ၏အစည်းအဝေးနှင့် ပတ်သက်၍ရှင်းလင်းပြောဆိုခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၃၃ | ၂၄-၂၅/၁၁/၂၀၁၄ | ချင်းမိုင် | NCCT | MPC နည်းပညာ အဖွဲ့ | NCCT နှင့် MPC နည်းပညာအဖွဲ့သည် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ချင်းမိုင်မြို့၌ အလွတ်သဘော ဆွေးနွေးပွဲတစ်ခုကို ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့သည် NCA မူကြမ်းနှင့် ပတ်သက်၍လည်းကောင်း၊စီစဉ်ထားသောအစည်းအဝေးနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ |
| ၃၄ | ၂၇/၁၁/၂၀၁၄ | ချင်းမိုင် | NCCT | MPC နည်းပညာ အဖွဲ့ | NCCT ခေါင်းဆောင်များနှင့် MPC အဖွဲ့သည် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ချင်းမိုင်မြို့၌တွေ့ဆုံခဲ့ကြသည်။ ၎င်းတို့သည် မကြာမတင်ကာလတွင် NCA နှင့်ပတ်သက်၍ မည်သို့မည်ပုံဆွေးနွေးမည်ကို လည်းကောင်း၊ နောက်ဆုံးပြုလုပ်ခဲ့သည့်အစည်းအဝေးပွဲမှ အနှောင့်အယှက်အဟန့်အတားများအား မည်သို့မည်ပုံ ကျော်လွှားမည်ကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ |
| ၃၅ | ၃၀/၁၁/၂၀၁၄ | ချင်းမိုင် | NCCT | CBOs/ CSOs | NCCTနှင့်မြန်မာပြည်တွင်းရှိ CBOs/ CSOs များသည်နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ချင်းမိုင်၌ တွေ့ဆုံခဲ့ကြသည်။ CSOs/CBOs များက တိုင်းရင်းသားခေါင်းဆောင်များအား နိုင်ငံရေးဆွေးနွေးပွဲကိုဆက်လက်ပြုလုပ်ရန်နှင့် နိုင်ငံအတွင်းပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးအားမည်မျှလိုလားနေသည်ကို စဉ်းစားသုံးသပ်ရန် တိုက်တွန်းခဲ့သည်။ |
| ၃၆ | ၀၁/၁၂/၂၀၁၄ | ချင်းမိုင် | NCCT | - | NCCT အဖွဲ့ဝင်များသည် ဒီဇင်ဘာလ ၁ ရက်နေ့တွင်ချင်းမိုင်မြို့၌ ပုံမှန်ပြုလုပ်နေကျအစည်းအဝေးပွဲကို ကျင်းပခဲ့သည်။ ၎င်းတို့သည် စတုတ္ထမြောက် NCA မူကြမ်းရှိ အတားအဆီးများကို ဆန်းစစ်လေ့လာခဲ့ပြီး ပြဿနာအားမည်သို့ဖြေရှင်းရမည်ကို ဆွေးနွေးခဲ့သည်။ ၎င်းတို့သည် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် KIA ဗိုလ်သင်တန်းကျောင်းအားမြန်မာစစ်တပ်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၃၇ | ၀၂/၁၂/၂၀၁၄ | ချင်းမိုင် | NCCT | MPC နည်းပညာ အဖွဲ့ | NCCT နှင့် MPC နည်းပညာအဖွဲ့သည် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ အစည်းအဝေးပွဲတစ်ခု ကျင်းပပြုလုပ်ခဲ့သည်။ ၎င်းတို့သည် NCA မူကြမ်းရှိ အဟန့်အတားများ၊ လုပ်ငန်းစဉ်များ၊ ထပ်မံပြုလုပ်မည့် အစည်းအဝေးပွဲများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၃၈ | ၁၅/၁၂/၂၀၁၄ | ချင်းမိုင် | NCCT | MPC နည်းပညာ အဖွဲ့ | NCCT နှင့် MPC နည်းပညာအဖွဲ့သည် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ချင်းမိုင်မြို့၌တွေ့ဆုံခဲ့ကြသည်။ ၎င်းတို့သည် UPWC နှင့် NCCT အကြား မကြာမီ ပြုလုပ်မည့်အစည်းအဝေးအတွက် ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ |
| ၃၉ | ၂၂-၂၅/၁၂/၂၀၁၄ | ချင်းမိုင် | NCCT | ဦးအောင်မင်း ဦးဆောင်သည့် UPWC | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ NCCT သည် KIA ဗိုလ်သင်တန်းကျောင်းတိုက်ခိုက်ခံရသည့်ကိစ္စကို ဖြေရှင်းရန်နှင့် အလားတူပြဿနာများကို ရှောင်ရှားရန်အင်အားစုများနှင့် အစည်းအဝေးတစ်ရပ်ကျင်းပရန် တောင်းဆိုခဲ့သည်။ NCCT သည် အချက်ငါးချက်ကိုလည်းတောင်းဆိုခဲ့သည်။(၁။ လိုင်ဇာတိုက်ခိုက်မှုကိစ္စကို ဖြေရှင်းရန်၊ ၂။အလားတူအဖြစ်အပျက်မျိုးကို ရှောင်ရှားရန်၊ ၃။ ငြိမ်းချမ်း ရေးဆွေးနွေးပွဲ သွားသည့် NCCT အဖွဲ့ဝင်များ၏ လုံခြုံရေး၊ ၄။ လိုင်ဇာတိုက်ခိုက်မှု၌ သေဆုံးသွားသူများအတွက် မည်သို့မည်ပုံဖြေရှင်းပေးမည်၊ ၅။ အနောက်နိုင်ငံများမှ ကိုယ်စားလှယ်များအနေဖြင့် တရုတ်၊ KNU တို့နှင့်အတူ လေ့လာသူအနေဖြင့် မဖြစ်မနေ ပါဝင်ရမည်။)ဟူ၍ ဖြစ်သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၄၀ | ၂၁/၀၁/၂၀၁၅ | ချင်းမိုင် | NCCT | MPC နည်းပညာအဖွဲ့ | NCCT နှင့် MPC နည်းပညာအဖွဲ့သည် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ချင်းမိုင်မြို့၌ အစည်းအဝေးပွဲတစ်ရပ်ကျင်းပပြုလုပ်ခဲ့သည်။ NCCT က ၄င်းတို့၏အဆိုပြုလွှာကို တင်သွင်းခဲ့သည်။ MPC ကယင်းကို UPWC သို့ လွှဲပြောင်းမည်ဖြစ်သည်။ ၄င်းတို့သည် ချင်းမိုင်တွင် ထပ်မံတွေ့ဆုံရန် သဘောတူခဲ့သည်။ |
| ၄၁ | ၀၅/၀၂/၂၀၁၅ | ချင်းမိုင် | NCCT | UPWC ၊ MPC နည်းပညာအဖွဲ့ | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ NCCT နှင့် UPWC တို့သည် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့ကြသည်။ နှစ်ဖွဲ့လုံးက ပြည်ထောင်စုနေ့အခမ်းအနားပြီးနောက် ရန်ကုန်တွင်တွေ့ဆုံရန် သဘောတူခဲ့သည်။ ၄င်းတို့က နေ့ရက်အတိအကျကို ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိပေ။ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဦးအောင်မင်းနှင့် ၄င်း၏အဖွဲ့တို့သည် NCCT နှင့်အတူ ခူဦးရယ်၊ ဒေါက်တာလဂျာတို့ကို ညစာစားပွဲတွင် တွေ့ဆုံခဲ့သည်။ |
| ၄၂ | ၂၁/၀၂/၂၀၁၅ | ချင်းမိုင် | NCCT | UPWC ၊ MPC နည်းပညာအဖွဲ့ | NCCT နှင့် MPC အဖွဲ့တို့သည် ဖေဖော်ဝါရီလ ၂၁ရက်နေ့တွင် ချင်းမိုင်မြို့၌တွေ့ဆုံခဲ့ကြသည်။ ယင်းမှာ NCCT နှင့် UPWC တို့အတွက် ရန်ကုန်ရှိ MPCတွင်ကျင်းပမည့် သတ္တမြောက်အစည်းအဝေးပွဲမတိုင်မီ အကြိုတွေ့ဆုံမှုဖြစ်သည်။ |
| ၄၃ | ၂၇/၀၂/၂၀၁၅ | ချင်းမိုင် | NCCT | - | NCCT သည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ချင်းမိုင်မြို့၌ တွေ့ဆုံခဲ့သည်။ ၄င်းတို့သည် UPWC တင်သွင်းသည့် အဆိုကိုသုံးသပ်ခဲ့ကြပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် NCA ကို ဆန်းစစ်လေ့လာခဲ့သည်။ |

| | | | | | |
|---|---|---|---|---|---|
| ၄၄ | ၂၈/၀၂/၂၀၁၅ | ချင်းမိုင် | NCCT | MPC နည်းပညာ အဖွဲ့ | NCCT နှင့် MPC အဖွဲ့တို့သည် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ချင်းမိုင်မြို့၌ တွေ့ဆုံခဲ့သည်။ ၎င်းတို့သည် ရန်ကုန်တွင်မတ်လ ၁၆ ရက်နေ့မှ ၂၁ ရက်နေ့အထိ အစည်းအဝေးပွဲ ကျင်းပသွားရန် သဘောတူခဲ့သည်။ |
| ၄၅ | ၀၁/၀၃/၂၀၁၅ | ချင်းမိုင် | NCCT | MPC နည်းပညာ အဖွဲ့ | NCCT နှင့်MPC အဖွဲ့တို့သည် မတ်လ ၁ ရက်နေ့တွင် ချင်းမိုင်မြို့၌ တွေ့ဆုံခဲ့သည်။ ၎င်းတို့သည် NCCT နှင့် UPWC တို့အကြားရန်ကုန်တွင် မတ်လ ၁၆ ရက်နေ့၌ တွေ့ဆုံရန်သဘောတူခဲ့သည်။ NCCT နှင့် UPWC တို့ အနေဖြင့်တိုက်ပွဲများအားမည်သို့မည်ပုံလျှော့ချမည်ကိုလည်းကောင်း၊ ထိပ်တိုက်တွေ့ဆုံမှုများအား မည်သို့ရှောင်ရှားမည်ကိုလည်းကောင်း စသောမတူကွဲပြားသည့် ခေါင်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်သည်။ |
| ၄၆ | ၁၇-၂၂/၀၃/၂၀၁၅ | ရန်ကုန် | NCCT | UPWC | NCCT နှင့် UPWC တို့အကြား သတ္တမမြောက် တွေ့ဆုံပွဲဖြစ်သည်။ ၎င်းတို့အနေဖြင့် ခေါင်းစဉ်များစွာကို ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့က အရေးပါသည့်အချက်များကို ဆွေးနွေးခဲ့ကြသည်။ |
| ၄၇ | ၃၀-၃၁/၀၃/၂၀၁၅ | ရန်ကုန် | NCCT | UPWC | NCCT နှင့် UPWC တို့သည် သတ္တမအကြိမ်မြောက် တရားဝင်ဆွေးနွေးပွဲကို မတ်လ ၃၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည်။ NCCT နှင့် UPWC တို့သည် နိုင်ငံရေးဆွေးနွေးပွဲရှိ ခက်ခဲသောအချက်များကို ဆွေးနွေးရန်သဘောတူပြီးနောက်တွင် NCA မူကြမ်း (ငါးကြိမ်မြောက်မူတစ်မူတည်းသဘောတူညီချက်)ကို မူအရသဘောတူခဲ့ကြသည်။၎င်းတို့သည် NCAနောက်ဆုံးမူကြမ်းကိုလက်မှတ်ရေးထိုးကြမည်ဖြစ်သည်။ |

## ထုတ်ပြန်ချက်များ

| | |
|---|---|
| ဇူလိုင် ၂၉၊ ၂၀၁၅ | - EAOs SD သည် ထိပ်တန်းအဆင့်ဆွေးနွေးပွဲနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်၊ |
| ဇူလိုင် ၂၄၊ ၂၀၁၅ | - EAOs SD သည် အဌမအကြိမ်မြောက်တရားဝင်အစည်းအဝေးပြီးနောက် ကြေညာချက်ထုတ်ပြန်၊ |
| ဇူလိုင် ၂၄၊ ၂၀၁၅ | - EAOs SD နှင့် UPWC တို့သည် အဌမအကြိမ်မြောက် တရားဝင်ဆွေးနွေးပွဲပြီးနောက် ပူးတွဲကြေညာချက်တစ်စောင်ထုတ်ပြန်၊ |
| ဇူလိုင် ၂၃၊ ၂၀၁၅ | - EAOs SD သည် UPWC နှင့် အဌမအကြိမ်မြောက် တရားဝင်အစည်းအဝေးပွဲပြီးနောက် ကြေညာချက်တစ်စောင်ထုတ်ပြန်၊ |
| ဇူလိုင် ၂၂၊ ၂၀၁၅ | - EAOs SD သည် UPWC နှင့် အဌမအကြိမ်မြောက် တရားဝင်အစည်းအဝေးပွဲပြီးနောက် ကြေညာချက်တစ်စောင်ထုတ်ပြန်၊ |
| ဇူလိုင် ၂၁၊ ၂၀၁၅ | - EAOs SD သည် NCA ဆွေးနွေးပွဲနှင့်ပတ်သက်၍ ကြေညာချက်ထုတ်ပြန်၊ |
| ဇူလိုင် ၁၈၊ ၂၀၁၅ | - EAOs SD သည် SD တတိယမြောက်အစည်းအဝေးပွဲပြီးနောက် ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ |
| ဇူလိုင် ၀၅၊ ၂၀၁၅ | - NCAအတွက် EAOs ဝါရင့်ကိုယ်စားလှယ်အဖွဲ့က ဒုတိယအကြိမ်မြောက်အစည်းအဝေးပွဲအပြီးတွင်ကြေညာချက်တစ်စောင်ထုတ်ပြန်၊ |
| ဇွန် ၀၉၊ ၂၀၁၅ | - ညီလာခံပြီးနောက် EAOs ထိပ်သီးများက ကြေညာချက်တစ်စောင်ထုတ်ပြန်၊ |
| မတ် ၂၀၊ ၂၀၁၅ | - နိုင်ဟံသာက ၄င်း၏အင်တာဗျူးတွင် လက်နက်ဖြုတ်သိမ်းရေးကို ငြင်းဆန်ခဲ့သည်။ |
| ဒီဇင်ဘာ ၂၃၊ ၂၀၁၄ | - NCCT – UPWC က ပူးတွဲကြေညာချက်ထုတ်ပြန်၊ |
| ဩဂုတ် ၁၇၊ ၂၀၁၄ | - NCCT – UPWC တို့သည် ၂၀၁၄ခုနှစ် ဩဂုတ်လ ၁၇ ရက် နေ့တွင်ပြုလုပ်သည့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲပြီးနောက် ပူးတွဲကြေညာချက်တစ်စောင်ထုတ်ပြန်၊ |
| ဇူလိုင် ၃၀၊ ၂၀၁၄ | - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပ်သီးအစည်းအဝေးပွဲဆိုင်ရာ ထုတ်ပြန်ကြေညာချက်၊ |
| ဇူလိုင် ၂၉၊ ၂၀၁၄ | - တိုင်းရင်းသားလက်နက်ကိုင်များ၏ အချက် ၁၀ ချက်ပါလမ်းညွှန်ချက်၊ |
| မေ ၂၃၊ ၂၀၁၄ | - မူတစ်မူတည်းသဘောတူညီချက်မူကြမ်းဆွေးနွေးပွဲပြီးနောက်တွင် NCCT နှင့် UPWC တို့က ပူးတွဲကြေညာချက်ထုတ်ပြန်၊ |
| မေ ၁၅၊ ၂၀၁၄ | - မြစ်ကြီးနားမြို့ရှိ လူထုနှီးနှောဖလှယ်ပွဲတွင် NCCT ခေါင်းဆောင်နိုင်ဟံသာ၏မိန့်ခွန်း၊ |
| မေ ၁၃၊ ၂၀၁၄ | - မြစ်ကြီးနားတွင်ပြုလုပ်သည့် အစိုးရနှင့် KIO အကြားဆွေးနွေးပွဲကို NCCT ခေါင်းဆောင်များလေ့လာသူအနေဖြင့်တက်ရောက်၊ |
| မတ် ၁၀၊ ၂၀၁၄ | - တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်နှင့်ပတ်သက်၍ NCCT နှင့် UPWC တို့ပူးတွဲကြေညာချက်ထုတ်ပြန်၊ |
| ဇန်နဝါရီ ၂၅၊ ၂၀၁၄ | - NCCT ၏ ကြေညာချက်ထုတ်ပြန်၊ |
| နိုဝင်ဘာ ၀၂၊ ၂၀၁၃ | - ဘုံသဘောတူညီချက်အတွက် လိုင်ဇာထုတ်ပြန်ချက်၊ |

## တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA)

အောက်တိုဘာလ ၁၅ ရက်နေ့က နေပြည်တော် MICC ၂ ခန်းမတွင် လက်မှတ်ရေးထိုးကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှာ KNU ၊ KNLA/PC ၊ DKBA ၊ CNF ၊ ALP ၊ PNLO ၊ ABSDF နှင့် RCSS တို့ ဖြစ်ကြသည်။ NCA ကို အတူတကွလက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့ရှိပါသည်။ NCA ကို လက်မှတ်ရေးထိုးရန်သဘောတူခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၈ ဖွဲ့အနက် ကရင်အမျိုးသား အစည်းအရုံး (KNU) ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးအဖွဲ့ (RCSS) နှင့် ဗမာကျောင်းသားများဒီမိုကရက်တစ် တပ်ပေါင်းစု (ABSDF) တို့ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ၂/၂၀၁၅ အမိန့်ကြေညာချက်ဖြင့် အောက်တိုဘာလ ၁၂ ရက်နေ့တွင် တရားမဝင်အဖွဲ့အစည်းစာရင်းမှ ပယ်ဖျက်ပေးခဲ့ပါသည်။

## ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (UPWC)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ NCA တွင် ဖော်ပြပါရှိချက်အရ ပူးပေါင်းအစည်းအဝေးပူးတွဲဖော်ဆောင်ရေးအဖွဲ့က ပထမဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ UPDJC ကို ဖွဲ့စည်းပြီး နောက်ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများ၏ မူဘောင်တစ်ရပ်ကို မူကြမ်းရေးဆွဲရမည်ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးအချိန်ဇယားအရ နိုင်ငံရေးဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၄ ရက်နေ့မတိုင်မီ စတင်ဖွယ်ရှိပါသည်။ ပူးတွဲကော်မတီက နိုင်ငံရေးမူဘောင်ကိုလက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း အဆိုပါအစည်းအဝေးပွဲကို မဖြစ်မနေ စတင်ပြုလုပ်ရမည်ဖြစ်သည်။



ဓာတ်ပုံ - Myanmar News Agency

အဆိုပါအစည်းအဝေးပွဲများနှင့်အတူ ပြည်ထောင်စုအဆင့် ပူးတွဲစောင့်ကြည့်ရေးကော်မတီကို အစိုးရအဖွဲ့မှ ကိုယ်စားလှယ် ၁၀ ဦး၊ NCA တွင်လက်မှတ်ထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ် ၁၀ ဦး၊ နှစ်ဖက်လုံးမှ အဆိုပြုတင်သွင်းသည့် အရပ်ဖက်ကိုယ်စားလှယ် ၆ ဦး တို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ပြည်ထောင်စုအဆင့် ပူးတွဲစောင့်ကြည့်ရေးကော်မတီကို အောက်ဖော်ပြပါ ကိုယ်စားလှယ် ၂၆ ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (၁) | ဒုဗိုလ်ချုပ်ကြီး ရာပြည့် | ဥက္ကဋ္ဌ |
| (၂) | စောအစ်ဆက်မိုး | ဒုဥက္ကဋ္ဌ (၁) |
| (၃) | ဦးပြည့်စုံ | ဒုဥက္ကဋ္ဌ (၂) |
| (၄) | ဦးခင်မောင်စိုး | အဖွဲ့ဝင် |
| (၅) | ဒု-ဗိုလ်ချုပ်ကြီး ရဲအောင် | အဖွဲ့ဝင် |
| (၆) | ဒု-ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် | အဖွဲ့ဝင် |
| (၇) | ဒု-ဗိုလ်ချုပ်ကြီး မင်းနောင် | အဖွဲ့ဝင် |
| (၈) | ဒု-ဗိုလ်ချုပ်ကြီးအောင်စိုး | အဖွဲ့ဝင် |
| (၉) | ဦးမြင့်စိုး | အဖွဲ့ဝင် |
| (၁၀) | ဒေါက်တာမင်းဇော်ဦး | အဖွဲ့ဝင် |
| (၁၁) | စောနေစိုးမြ | အဖွဲ့ဝင် |
| (၁၂) | စောကျော်သန်းငွေ | အဖွဲ့ဝင် |
| (၁၃) | ခွန်အောင်မန်း | အဖွဲ့ဝင် |
| (၁၄) | ဦးဆလိုင်း ယောအောင် | အဖွဲ့ဝင် |
| (၁၅) | ခိုင်မျိုးချစ် | အဖွဲ့ဝင် |
| (၁၆) | ဦးဆောင်းဟန် | အဖွဲ့ဝင် |
| (၁၇) | စောတာဒိုမူး | အဖွဲ့ဝင် |
| (၁၈) | စိုင်းလျန် | အဖွဲ့ဝင် |
| (၁၉) | Rev.စောမသဲအေး | အဖွဲ့ဝင် |
| (၂၀) | ဦးကိုကိုကြီး | အဖွဲ့ဝင် |
| (၂၁) | စိုင်းမျိုးသန့် | အဖွဲ့ဝင် |
| (၂၂) | ဦးမောင်မောင်ငြိမ်း | အဖွဲ့ဝင် |
| (၂၃) | သူရဦးတင်လှ | အဖွဲ့ဝင် |
| (၂၄) | ဒေါက်တာရွှေခါး | အဖွဲ့ဝင် |
| (၂၅) | ဗိုလ်မှူးကြီးဝဏ္ဏအောင် | အဖွဲ့ဝင် |

PDJC ၏ ဒုတိယမြောက်အစည်းအဝေးပွဲ သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ရန်ကုန်ရှိ မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့ကကျင်းပခဲ့သည်။ အစည်းအဝေးပွဲတွင် ဦးသက်ဝေ (ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်))ကို ဒုဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဦးစိုင်းကျော်ညွန့် (SNLD) ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ နိုဝင်ဘာလ ၂၇ ရက်နေ့တွင်ပြုလုပ်မည့် နိုင်ငံရေးဆွေးနွေးပွဲမူကြမ်းရေးဆွဲရေး ကော်မတီအစည်းအဝေးပွဲတွင် အဆင်ပြေလွယ်ကူစေရန်ဖြစ်သည်။



ဓာတ်ပုံ – Myanmar News Agency

နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲရေးကော်မတီတွင် အစိုးရအဖွဲ့မှလည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဘက်မှလည်းကောင်း၊ နိုင်ငံရေးပါတီများမှလည်းကောင်း ကိုယ်စားလှယ် ၈ ဦးစီပါဝင်ကြသည်။ အဆိုပါအဖွဲ့၏ အစည်းအဝေးပွဲကို ရန်ကုန်မြို့ ရွှေလီလမ်းပေါ်မှ မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) ရှိ MPC အစည်းအဝေးခန်းမတွင် နိုဝင်ဘာလ ၂၇ ရက်နေ့ကကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးပွဲသို့ ကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်သော စိုင်းခမ်းမိန်း၊ စောကျော်ညွှန့်၊ ဒေါ်စောမြရာဇာလင်း၊ ဖဒိုမန်းမန်း၊ ဒေါက်တာ ဆလိုင်းလျှန်မုန်းဆာခေါင်းနှင့် အခြားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဦးသုဝေ၊ ဦးစိုင်းကျော်ညွှန့်၊ ဦးနိုင်ငံလင်း၊ ဒေါက်တာအေးမောင်၊ ဦးဇိုဇန်၊ ဦးနိုင်သာနှင့် သူရဦးသက်ဆွေတို့တက်ရောက်ကြသည်။ ယနေ့ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည့် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ရေးဆွဲခြင်းလုပ်ငန်းစဉ်သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၄ရက်နေ့တွင်ကျင်းပပြုလုပ်မည့် နိုင်ငံရေးဆွေးနွေးပွဲမတိုင်မီ အချိန်မီပြီးစီးရမည်ဖြစ်သည်။

အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်ရှစ်ဦးစီပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) က နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်မည့် ကိုယ်စားလှယ်၊ ဆွေးနွေးမည့်ခေါင်းစဉ်နှင့် မရှိမဖြစ်လိုအပ်သည့်စည်းမျဉ်းစည်းကမ်းများကဲ့သို့ ဦးစားပေးအကြောင်းအရာများကို စဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်။

အောက်တိုဘာလ ၁၅ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သည့် NCA ကို ပြည်ထောင်စုလွှတ်တော်က ဒီဇင်ဘာလ ၈ ရက်နေ့တွင် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိဘဲ အတည်ပြုခဲ့ကြောင်း အစိုးရအဖွဲ့မှကိုယ်စားလှယ်တစ်ဦး ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးတစ်ဦးလည်းဖြစ်သည့် UPDJC ၏ ဒုဥက္ကဋ္ဌဦးအောင်မင်းက ဆိုသည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များစိုးရိမ်ပူပန်နေကြသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီ ဖြစ်သည်။ ထို့ပြင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်သည် တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများနှင့် လူတန်းစားအလွှာအသီးသီးမှစိုးရိမ်ပူပန်နေကြသည့် နိုင်ငံရေးဆွေးနွေးပွဲအတွက် ခြေလှမ်းသစ်တစ်ရပ်ဖြစ်သည်။ ဒီဇင်ဘာလ ၃ ရက်နေ့က ကျင်းပခဲ့သည့် နိုင်ငံရေးဆွေးနွေးပွဲကို မူကြမ်းတစ်ရပ်အဖြစ် အတည်ပြုခဲ့ခြင်းမှာလည်း အလားအလာကောင်းတစ်ရပ်ပင်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဆိုသည်။ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်ကြမည်ဟု မျှော်လင့်ကြောင်းနှင့် အဖွဲ့အစည်းအသီးသီး၏ ကိုယ်စားလှယ်အချိုးကျထည့်သွင်းမှုပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဦးအောင်မင်းကဆိုသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ တတိယမြောက် အစည်းအဝေးပွဲကို ဒီဇင်ဘာလ ၁၄ ရက်နေ့နှင့် ၁၅ ရက်နေ့တွင် နေပြည်တော်ရှိ ဟော်ရီဇွန်ဟိုတယ်တွင် ကျင်းပခဲ့သည်။



ဓာတ်ပုံ – မြန်မာငြိမ်းချမ်းရေးစင်တာ

အချိန်ကြာမြင့်စွာ ဆွေးနွေးငြင်းခုံပြီးနောက်တွင် အပစ်အခတ်ရပ်စဲမှုဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်ကြမည့် ကိုယ်စားလှယ်များကို ရွေးချယ်ခဲ့သည်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၁၅၀ ကိုလည်းကောင်း၊ လေ့လာသူများနှင့် တိုင်းရင်းသားခေါင်းဆောင် စုစုပေါင်း ၅၀ ကိုလည်းကောင်း ဖိတ်ကြားမည်ဖြစ်သည်။ NLD ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်း၊ ဒေါက်တာဆလိုင်း လျန်မုန်ဆာခေါင်းနှင့် ဦးလှမောင်ရွှေ (မြန်မာငြိမ်းချမ်းရေးစင်တာ၏ ဝါရင့်အကြံပေးပုဂ္ဂိုလ်တစ်ဦး)တို့က ညီလာခံပြီး နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည်။

ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က နေပြည် တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာညီလာခံစင်တာတွင် သမ္မတဦးသိန်းစိန်ထံသို့ နိုင်ငံရေးဆွေးနွေးပွဲ နောက်ဆုံးမူဘောင်ကို တင်ပြသည့်အခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့ကြသည်။



ဓာတ်ပုံ –Myanmar News Agency

သမ္မတ၏မိန့်ခွန်းအရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် စတင်ဖွယ်ရှိသည်ဟု ခန့်မှန်းရသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# နှင့်
# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော
# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများအကြား ယခင်ကချုပ်ဆိုခဲ့သော သဘောတူညီချက်အား ထပ်လောင်းအသိအမှတ်ပြုခြင်း၊ ပိုမိုခိုင်မာစေခြင်း၊ ထပ်ဆင့်အတည်ပြုခြင်းဖြစ်ပြီး ပါဝင်သင့်သူအားလုံးပါဝင်နိုင်သော နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် တရားမျှတမှုနှင့်ဂုဏ်သိက္ခာ ရှိမှုတို့အပေါ်အခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဦးတည်သည်။

ဤတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးကြသော ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာမှုတို့ကိုအခြေခံ၍ ဤသဘောတူစာချုပ်ပါအချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် အပြန်အလှန်သန္နိဋ္ဌာန်ပြုကြသည်။

## အခန်း(၁)
## အခြေခံမူများ

၁။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် အောက်ပါအခြေခံမူများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်သဘောတူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်။

(ခ) မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်း အဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည့် နိုင်ငံယဉ်ကျေးမှုသစ်တစ်ရပ်ထူ ထောင်ပြီး၊ လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး

ကို ဦးစွာဆောင်ရွက်ရန်။

(ဂ) တိုင်းရင်းသားလူမျိုးပေါင်းစုံပူးပေါင်းပါဝင်သော ပြည်ထောင်စုတပ်မတော်ဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံရေးဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးသွားရန်။

(ဃ) ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူအခွင့်အရေးရရှိစေရန်။

(င) နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစားမပြုရန်၊ နိုင်ငံရေးနှင့်ဘာသာရေးရောယှက်ခြင်း မရှိသည့်နိုင်ငံတော်ကို ထူထောင်ရန်။

(စ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ် ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံးစုပေါင်းဖော်ဆောင်ရန်။

(ဆ) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကိုအခြေခံပြီး ပါဝင်သင့်သူအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသွားရန်။

(ဇ) ငြိမ်းချမ်းရေးဆွေးနွေးဘက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် စိတ်ရင်းစေတနာ မှန်ဖြင့် အကျေအလည်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်။

(ဈ) ဤသဘောတူစာချုပ်တွင်ဖော်ပြပါရှိသည့် နှစ်ဖက်အပြန်အလှန်ထားရှိသော ကတိကဝတ်များကို စောင့်ထိန်းရန်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း စသည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန်။

(ည) ဤသဘောတူစာချုပ်ကြောင့် ဖြစ်ထွန်းလာမည့်တိုးတက်မှုများကိုတစ်ဖက်နှင့်တစ်ဖက်အခွင့်အရေးမယူဘဲ သဘောတူစာချုပ်ပါကိစ္စရပ်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဋ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံး၏ အသက်၊အိုးအိမ်၊ စည်းစိမ်လုံခြုံရေးနှင့် ပြည်သူလူထု၏ဘဝမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

## **အခန်း (၂)**
## **ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ**

၂။ ပြည်ထောင်စုအစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည်အောက်ပါတို့ကို ဤသဘောတူစာချုပ်၏ ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များအဖြစ်သဘောတူသည် -

(က) ဤစာချုပ်ကို လက်မှတ်ရေးထိုးသူများအကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းအား လက်ခံဆောင်ရွက်ပြီးနောက် တရားမျှတမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးတို့အတွက် နှစ်ဖက်သဘောတူထားသည့် နိုင်ငံရေးဆွေးနွေးရေးမူဘောင်ပေါ်တွင် အခြေခံ၍ ပါဝင်သင့်သူအားလုံးပါဝင်သောနိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်ကို စတင်ရန်။

(ခ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုများ၊ ကျင့်ဝတ်စည်းကမ်းများအား လိုက်နာမှုကို စောင့်ကြည့်ရေး၊ ချိုးဖောက်မှုများကို စုံစမ်းစိစစ်ရေးနှင့် ပဋိပက္ခများဖြေရှင်းရေးတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲ စောင့်ကြည့်ရေးကော်မတီ" တစ်ရပ်ကို ဖွဲ့စည်းသွားရန်။

(ဂ) ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုထားသော သဘောတူညီချက်များနှင့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုရန်။

(ဃ)တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏တော်လှန်ရေးကို အခြေခံသည့် နိုင်ငံရေးဆန္ဒကိုနားလည်ခြင်းနှင့် ပြည်ထောင်စု စိတ်ဓာတ်ခိုင်မြဲမှုတို့ကို ဦးတည်လျက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် ပါဝင်သင့်ပါဝင်ထိုက်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး အတူတကွပါဝင်လက်မှတ်ရေးထိုးရန်။

## အခန်း (၃)
## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များ

၃။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များကိုတိကျသောအချိန် ဇယားသတ်မှတ်အကောင်အထည်ဖော်ဆောင်ခြင်းများ ပြုလုပ်သွားရန်သဘောတူသည်။

၄။ ဤသဘောတူစာချုပ်ပါ စစ်ဘက်ဆိုင်ရာကျင့်ဝတ်နှင့်ပတ်သက်သည့် နှစ်ဖက်အပြန်အလှန်လိုက်နာကြရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် သဘောတူညီထားသည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များကို အတိအကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ စိစစ်ခြင်းခံယူရန်သဘောတူသည်။

၅။ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် တပ်ပိုင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုလိုက်နာရန် သဘောတူသည် -

(က) အပစ်ရပ်နယ်မြေအတွင်း တစ်ဖက်နှင့်တစ်ဖက်အကြား နယ်မြေစိုးမိုးမှုတပ်လှုပ်ရှားခြင်း၊ ကင်းထောက်ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လက်နက်ကိုင် တိုက်ခိုက်မှုများ၊ မိုင်းထောင်ခြင်းများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရုပ်ဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းနှင့် ထိုးစစ်ဆင်ခြင်းများကို ရပ်ဆိုင်းရန်။

(ခ) တစ်ဖက်နှင့်တစ်ဖက်ရန်မူသည့် (သို့မဟုတ်) စော်ကားမှုဖြစ်စေသည့် တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်သည့်လုပ်ရပ်များကို မပြုလုပ်ရ။

(ဂ) နေရာချထားရာတွင် လိုအပ်သောအုပ်ချုပ်ထောက်ပံ့ရေး၊ အရေးပေါ်ဆေးကုသရေး၊ တပ်လဲလှယ်ရေးတို့နှင့်ပတ်သက်သည့်လုပ်ဆောင်မှုများမှ အပ အပစ်ရပ်နယ်မြေတွင် အင်အားသစ်ဖြည့်တင်းခြင်း၊ နှစ်ဖက်သဘောတူညီထားသော တပ်စခန်းများမှအပ စခန်းအသစ်များ ထပ်မံဆောက်လုပ်ခြင်းနှင့် လက်နက်ခဲယမ်းများ ထပ်မံဖြည့်တင်းခြင်းမျိုးမပြုလုပ်ရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက်ဖြစ်စေ၊ ပြည်ပရန်ကာကွယ်ရေးဖြစ်စေ လိုအပ်လာပါက အပစ်ရပ်နယ်မြေအတွင်း ဖော်ပြပါစစ်ရေးဆိုင်ရာ ပြင်ဆင်မှုများကို နှစ်ဖက်ညှိနှိုင်း၍ပြုလုပ်သွားရန်။

(ဃ) ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ပရိဝုဏ်များအတွင်းနှင့် ယဉ်ကျေးမှုရိုးရာ ဓလေ့ဆိုင်ရာနေရာ၊ လူထုနှင့်ပတ်သက်သောနေရာများတွင် စစ်ရေးဆိုင်ရာတပ်စခန်းချခြင်း မပြုလုပ်ရန်။

(င) ငြိမ်းချမ်းရေးတိုးတက်ဖြစ်ပေါ်မှုနှင့်အညီ နှစ်ဖက်တပ်များ ခင်းကျင်းထားသော မိုင်းများကိုရှင်းလင်းရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရနှင့်တစ်ဆင့်ချင်း ညှိနှိုင်းပြီးပူးပေါင်းဆောင်ရွက်သွားရန်။

(စ) အဖွဲ့အစည်းများအကြား ရန်လိုသောဝါဒဖြန့်ချိမှုများ၊ မမှန်မကန်သော (သို့မဟုတ်) ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြောဆိုမှုများ၊ အသရေဖျက်သည့် ထုတ်ပြန်မှုများကို ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပ၌သော်လည်းကောင်းမပြုလုပ်ဘဲ ရှောင်ကြဉ်ရန်။

(ဆ) အပစ်ရပ်နယ်မြေအတွင်း သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများတွင် နှစ်ဖက်ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ဆေးဘက်ဆိုင်ရာကျန်းမာရေးပစ္စည်းများ အရေးပေါ်ရွှေ့ပြောင်းခြင်းများကို ညှိနှိုင်းလုပ်ဆောင်ရန်။

(ဇ) အပစ်ရပ်နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးကိစ္စကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပြစ်မှုကျူးလွန်သူများကိုဥပဒေနှင့်အညီ ဖြစ်စေရေးအတွက်နှစ်ဖက်ညှိနှိုင်း၍ အရေးယူဆောင်ရွက်ရန်။

(ဈ) အပစ်ရပ်နယ်မြေများတွင် တပ်ပိုင်းဆိုင်ရာအုပ်ချုပ်မှုကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရန်။

(ည) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းကို လက်မှတ်ရေးထိုးသည့်အချိန်မှ စ၍ (၂၄) နာရီအတွင်း မိမိကွပ်ကဲမှုအောက်အဆင့်ဆင့်သို့ ညွှန်ကြားရန်နှင့် စာချုပ်ပါအချက်အလက်များကို (၅) ရက်အတွင်း ရှင်းလင်းအသိပေးရန်။

(ဋ) နှစ်ဖက်အောက်ခြေအဆင့်တွင် ဖြစ်ပေါ်သည့်ပဋိပက္ခများအား အင်အားအသုံးပြု၍ ဖြေရှင်းခြင်းမပြုလုပ်ရ။

၆။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ လူသစ်စုဆောင်းခြင်းကိစ္စကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်မှုနှင့် လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များနှင့်အညီ ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

**ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် လက်နက်ကိုင်အဖွဲ့များနေရာချထားခြင်း**

၇။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏တပ်ဖွဲ့များသည် ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် မိမိတို့၏လက်နက်ကိုင် တပ်ဖွဲ့များနေရာပြန်လည်ချထားခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) နှစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသောနေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် စက်ဆက်သွယ်မှု၊ မြေပြင်ဆက်သွယ်မှုနှင့် အခြားဆက်သွယ်မှုနည်းလမ်းများရယူလျက် ချက်ချင်းဆောင်ရွက်ရန်။

(ခ) လက်နက်ကိုင်အဖွဲ့များ နေရာချထားရေးသတ်မှတ်ရာတွင် ထိပ်တိုက်ထိတွေ့ရင်ဆိုင်မှုမဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဂ) နှစ်ဖက်ညှိနှိုင်းဆဲနှင့် လက်နက်ကိုင်တပ်ဖွဲ့များနေရာချထားရန် ခက်ခဲနေဆဲဒေသများတွင် နှစ်ဖက်တပ်မှူးများ ပုံမှန်အဆက် အသွယ်ပြုလုပ်၍ ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဃ) တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား သတ်မှတ်နေရာ များတွင်သာထားရှိရန်။

(င) နှစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသောနေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် တပ်စခန်းများ၏ အရေအတွက်ကို ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) သက်ဆိုင်ရာတပ်စခန်းနှင့် နယ်မြေတစ်ခုနှင့်တစ်ခုအကြား ဆက်သွယ်ရေးလမ်းကြောင်းလုံခြုံရေးအတွက် တစ်ဖက်နှင့်တစ်ဖက် ဤသဘောတူစာချုပ်ကိုအခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန်။

**တပ်ဖွဲ့ဝင်များလွတ်လပ်စွာသွားလာခွင့်**

၈။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် လွတ်လပ်စွာသွားလာခွင့်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) လုံခြုံရေးအရ ကန့်သတ်ထားသောနေရာများမှအပမည်သည့်နေရာကိုမဆို လက်နက်ကိုင်ဆောင်ခြင်းမရှိဘဲ လွတ်လပ်စွာသွားလာခွင့်ပြုရန်။

(ခ) တစ်ဖက်အဖွဲ့အစည်းက ထိန်းချုပ်ထားသောနယ်မြေအတွင်း လက်နက်ဖြင့်သွားလာရန်လိုအပ်လာပါက နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်ဖြင့် သွားလာရန်။

**အရပ်သားများကို အကာအကွယ်ပေးခြင်း**

၉။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အရပ်သားများကို အကာအကွယ်ပေးခြင်းနှင့်

စပ်လျဉ်းသည့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် သဘောတူသည်-

(က) ပြည်သူလူထု၏စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သောပံ့ပိုးကူညီမှုများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်။

(ခ) ပြည်သူလူထုအား လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိပါးစေသည့်လုပ်ရပ်၊ အကြမ်းဖက်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသားမဆန်စွာပြုမူဆက်ဆံခြင်း၊ အကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်းနှင့် ဖျောက်ဖျက်ခြင်း မပြုလုပ်ရ။

(ဂ) ဒေသခံပြည်သူများကို အဓမ္မနေရပ်စွန့်ခွာစေခြင်း၊ ရွှေ့ပြောင်းစေခြင်း မပြုလုပ်ရ။

(ဃ) ပြည်သူလူထုထံမှ ငွေ၊ ပစ္စည်းဥစ္စာ၊ စားရေရိက္ခာ၊ လုပ်အားနှင့်ဝန်ဆောင်မှုများကို အဓမ္မတောင်းခံရယူခြင်း မပြုလုပ်ရ။

(င) ပြည်သူလူထုအား အကြောင်းမဲ့ဖြစ်စေ၊ အမှုဆင်ပြီးဖြစ်စေ ဖမ်းဆီးအရေးယူခြင်း၊ အပြစ်ပေးခြင်း လုံးဝမပြုရန်နှင့် ဥပဒေနှင့် အညီ ဆောင်ရွက်ရန်။

(စ) ဒေသခံများ၏မြေယာများကို အဓမ္မသိမ်းပိုက်ခြင်းနှင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရ။

(ဆ) အများပိုင်ပစ္စည်းများကို ပျက်စီးစေခြင်း၊ ခိုးယူခြင်း၊ လုယက်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ယူဆောင်ခြင်းမပြုလုပ်ရ။

(ဇ) ဥပဒေနှင့်အညီ ပညာသင်ကြားရေးဆိုင်ရာအခွင့်အရေးများကို နှောင့်ယှက်ပိတ်ပင်ခြင်း၊ ပညာရေးဆိုင်ရာပစ္စည်းများ နှင့်အတူ စာသင်ကျောင်း၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ပညာသင်ယူနေသူများကို နှောင့်ယှက်ဟန့် တားခြင်း မပြုလုပ်ရ။

(ဈ) လူတစ်ဦးချင်းစီ၏ ကျန်းမာရေးဆိုင်ရာအခွင့်အရေးများကို ထိခိုက်စေခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ၊ ဥပဒေအရခွင့်ပြုထားသည့် အများပြည်သူများအတွက် ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်း အား တားမြစ်ခြင်းမပြုလုပ်ရ။

(ည) ပြည်သူလူထု၏ စားနပ်ရိက္ခာစုဆောင်းခြင်း၊ ကုန်ပစ္စည်းများနှင့် ကောက်ပဲသီးနှံများကို တစ်ပိုင်တစ်နိုင်သယ်ယူပို့ဆောင် ရောင်းချခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ။

(ဋ) စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများနှင့် ဘာသာရေးအဆောက်အအုံ ပရိဝုဏ်များအား အကြောင်းမဲ့ဖျက်ဆီးခြင်း၊ ပျက်စီး ဆိုးကျိုးများ ဖြစ်ပေါ်စေခြင်းနှင့် စစ်ဘက်ဆိုင်ရာတပ်စခန်းချထားခြင်း မပြုလုပ်ရ။

(ဌ) ပြည်သူလူထု၏ ဘာသာရေး၊ စာပေယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာထိန်းသိမ်းစောင့်ရှောက်မှုများကို နှောင့် ယှက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့် ပျက်စီးစေခြင်းတို့အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ

မပြုလုပ်ရ။

(ဍ) အမျိုးသမီးများအား ဗလက္ကာယပြုခြင်း၊ လိင်အကြမ်းဖက်ခြင်း၊ အဓမ္မသားမယားပြုကျင့်ခြင်း၊ လိင်မှုဆိုင်ရာကျူးလွန်ပြုခြင်း မပြုလုပ်ရ။

(ဎ) ကလေးငယ်များအား သတ်ဖြတ်ခြင်းနှင့်ကိုယ်အင်္ဂါဖြတ်တောက်ခြင်း ကလေးစစ်သားအဖြစ် စုဆောင်း/စစ်မှုထမ်းစေခြင်း၊ အဓမ္မပြုခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းများ မပြုလုပ်ရ။

(ဏ) ပြည်သူလူထုကို ကျူးလွန်ပြုခြင်း၊ အဓမ္မခိုင်းစေခြင်း မပြုလုပ်ရ။

(တ) အပစ်ရပ်နယ်မြေအတွင်းရှိ ပြည်သူလူထု၏ လူမှုဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်။

(ထ) အရပ်သားပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အပစ်ရပ်နယ်မြေများအတွင်း လွတ်လပ်စွာသွားလာခွင့်ပြုရန်။

**လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ**

၁၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ များပေးခြင်းနှင့်စပ်လျဉ်းပြီး NGO နှင့် INGO အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြု ချက်ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရန်။

(ခ) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ(IDPs)အားငှင်းတို့၏ဆန္ဒအတိုင်းမူလဒေသများသို့ ပြန်လည်နေထိုင်ခြင်းကို ဦးစားပေးဆောင်ရွက်ရန်သော်လည်းကောင်း၊ ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီဖြစ်စေရန် ဆောင်ရွက်ပေးရမည်။

(ဂ) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) နှင့်ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့်ဒုက္ခသည်များအား စိစစ်၍ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များကို ပူးတွဲညှိနှိုင်းဆောင်ရွက်ရန်။

## အခန်း (၄)
## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင်လုပ်ဆောင်ခြင်း

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ**

၁၁။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများအနေဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် လိုက်နာကြရမည့်

စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ဤစာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ လက်မှတ်ရေးထိုးပြီး (၁)လအတွင်း အပြီးရေးဆွဲပြဌာန်းရန် သဘောတူသည်။

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ**

၁၂။ ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော် မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးက အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်-

(က) ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့် ကြည့်ရေးကော်မတီ"ကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးရန် သဘောတူထားသည်။

(ခ) ကော်မတီကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ပြည်နယ်အဆင့် ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီများနှင့် စိစစ်အတည်ပြုရေးအဖွဲ့များ စသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းသွားမည်။

(ဂ) လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသော နိုင်ငံခြားအစိုးရများ၏ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများ၏ ကိုယ်စားလှယ်များကို ပစ်ခတ်တိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီအ ဆင့်တွင် လေ့လာ သူအဖြစ်လည်းကောင်း၊ အကြံပေးအဖြစ်လည်းကောင်း၊ နည်းပညာအထောက်အကူပြုအဖြစ် လည်းကောင်း သင့်လျော်သလို ပါဝင်ရန် နှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်မည်။

၁၃။ ကော်မတီအဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များ၊ လုပ်ငန်းလမ်း ညွှန်များနှင့် ဖွဲ့စည်းပုံအသေးစိတ်ကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ရေးဆွဲပြဌာန်းအတည်ပြုရန်။

(ခ) ပစ်ခတ်တိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်မှုလုပ်ငန်းစဉ်များကို တာဝန်ခံ ဆောင်ရွက်ရန်နှင့် လိုအပ်ပါကတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည် ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြရန်။

(ဂ) လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPS) နှင့် ပဋိပက္ခဒဏ် ခံစားရသူများအား လူသားချင်းစာနာသည့် အခြေခံအထောက်အပံ့များပေးအပ်မှုကို ညှိနှိုင်းဆောင်ရွက်ရန်။

(ဃ) နှစ်ဖက်သဘောတူထားသည့် တပ်နေရာပြန်လည်ချထားရေးအစီအစဉ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက် မှုကို စောင့်ကြည့်လေ့လာရန်။

(င) တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအခြေအနေ၊ ဤသဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာ ကိစ္စများ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတို့အား ထိန်းသိမ်းလိုက်နာခြင်းနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှုအခြေခံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်။

၁၄။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ကို အဖြစ်နိုင်ဆုံးကြိုးစား၍ ရယူသွားရမည်။

၁၅။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းရမည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်သတင်းအချက်အလက်များ (နိုင်ငံတော်ကာကွယ်ရေး လုံခြုံရေးကိစ္စများမှအပ) တောင်းခံလာပါက ဤသဘောတူစာချုပ်တွင် ချမှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီဆောင်ရွက်ပေးရန် သဘောတူညီသည်။

**ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်း**

၁၆။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောနေရာများတွင် နှစ်ဖက်ညှိနှိုင်း၍သော်လည်းကောင်း ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးသဘောတူညီချက်တွင် သတ်မှတ်ထားသည့်ဒေသများတွင်လည်းကောင်း ဆက်ဆံရေးရုံးများဖွင့်လှစ်သွားရန် သဘောတူသည်။

၁၇။ ဆက်ဆံရေးရုံးများတွင်ထားရှိမည့် ဆက်ဆံရေးအရာရှိများသည် အခက်အခဲနှင့် ပြဿနာရပ်များအားလျင်မြန်စွာ ဆက်သွယ်ဖြေရှင်းနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် သဘောတူသည်။

၁၈။ ဆက်ဆံရေးရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို လိုအပ်သည့် အကာအကွယ်ပေးရန် သဘောတူသည်။

## အခန်း(၅)
## နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ

၁၉။ ဤသဘောတူစာချုပ်လက်မှတ်ရေးထိုးသူများသည် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေးစတင်ရန် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်နောက် စာချုပ်ပါ အခြေခံမှုများ၊ အချက်အလက်များနှင့် ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူသည်။

နိုင်ငံရေးလမ်းပြမြေပုံ ချမှတ်ခြင်း

၂၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးလမ်းပြမြေပုံနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း
(ခ) အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက 'နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်' (The Framework of Political Dialogue) ကို ရေးဆွဲသဘောတူညီမှု ရယူခြင်း။
(ဂ) ထိုမူဘောင်ကိုအခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း ကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နှစ်ဖက် သဘောတူညီသော ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်း။
(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပခြင်း။
(င) ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း။
(စ) ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း၍ အတည်ပြုချက်ရယူခြင်း။
(ဆ) 'ပြည်ထောင်စုသဘောတူစာချုပ် (Pyidaungsu Accord)' ပါသဘောတူညီချက်များကို ကောင်အထည်ဖော်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

**နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်း**

၂၁။ အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေးနှင့် စာချုပ်ပါသဘောတူညီချက်အား ပူးတွဲဦးဆောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ဤစာချုပ်ကိုလက်မှတ်ရေးထိုးပြီးပြီးချင်း အောက်ပါတို့ကို ဆောင်ရွက်မည် -

(၁) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခြင်း။
(၂) ထိုအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီနှင့် အခြားလိုအပ်သော ကော်မတီများကို ဖွဲ့စည်းခြင်း၊ (ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီသည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲရန်ကိုလည်း တာဝန်ရှိသည်။)

(ခ) ပါဝင်လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်များ၊ ဆွေးနွေးရမည့် အကြောင်းအရာများ၊ ဆွေးနွေးမည့် ပုံစံများနှင့်စပ်လျဉ်း၍ အသေးစိတ်ဖော်ညွှန်းထားသည့် ဆွေးနွေးပွဲမူဘောင် တစ်ခုကို ဤသဘောတူ စာချုပ်လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစ၍ ရက်ပေါင်း (၆၀)အတွင်း ပါဝင်သင့်ပါဝင်ထိုက်သူများနှင့် အတူတကွ ပူးတွဲရေးသားဖော်ဆောင်ရန်။

(ဂ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၉၀)အတွင်း စတင်လုပ်ဆောင်ရန်။

(ဃ) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို ထိခိုက်စေမည့်ကိစ္စရပ်များကို ရှောင်ရှား၍ ဤစာချုပ်ပါ အခြေခံမူတွင် သဘောတူညီထားသည့်အချက်များ အပါအဝင်အခြားဆွေးနွေးရမည့် ခေါင်းစဉ်အသေးစိတ်ကို နိုင်ငံရေးဆွေးနွေးပွဲမူဘောင်တွင် ထည့်သွင်း၍ အတည်ပြုရန်။

(င) သဘောတူညီမှုချမှတ်ရာ၌ နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့အစည်းများမှ ရေရှည်တည်တံ့ခိုင်မြဲ သော ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိရေးကို ဦးတည်လျက် ပါဝင်ပတ်သက်နေကြသော အဖွဲ့အစည်းများအကြား အပြုသဘောဆောင်၍ ညှိနှိုင်းအဖြေရှာရန် သဘောတူကြသည်။

**အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း**

၂၂။

(က) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် အားလုံးပါဝင်ရေးမူကို အခြေခံ၍ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ တရားဝင်နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သော ကိုယ်စားလှယ်များ ပါဝင်ကြရမည်။

(ခ) တိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပညာရှင်အစုတို့၏ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ အဆင့်ဆင့်တွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် သင့်တော်သလိုပါဝင်စေရေးကို နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်တွင် ဆွေးနွေးသတ်မှတ်ရမည်။

(ဂ) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်မည့် ကိုယ်စားလှယ်အချိုးအစားကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးမူ ဘောင် ဆွေးနွေးရာတွင် ညှိနှိုင်းဆွေးနွေးမည်။

(ဃ) ပြည်ထောင်စုညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို လိုအပ်သလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ရန် သဘောတူညီသည်။

၂၃။ နိုင်ငံရေးဆွေးနွေးပွဲများတွင် သင့်တင့်လျောက်ပတ်သော အချိုးအစားဖြင့်အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်နိုင်ရန် အတွက် ဆောင်ရွက်သွားရန် သဘောတူညီသည်။

## အခန်း(၆)
## ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

### ယုံကြည်မှုတည်ဆောက်ခြင်းနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ရမည့်အချက်များ

၂၄။

(က) အစိုးရသည် မည်သူတစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းကိုမျှ ဥပဒေကိုချိုးဖောက်ခြင်းမှအပ ဤပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် ဖမ်းဆီးအရေးယူမှုများမပြုလုပ်ရန် သဘောတူညီသည်။

(ခ) ဤသဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို မတရားအသင်းအဖြစ် ကြေညာထားခြင်းမှ ပယ်ဖျက်ရေး ဆက်လက်ဆောင်ရွက်ရန် သဘောတူသည်။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများနှင့် ပတ်သက်မှုရှိသည့် မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) မည်သည့်အဖွဲ့အစည်းကိုမျှ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရသော်လည်းကောင်း၊ မတရားအသင်းအက်ဥပဒေအရ သော်လည်းကောင်း အရေးယူဆောင်ရွက်ခြင်း မပြုလုပ်ရန် သဘောတူသည်။

(ဂ) နိုင်ငံတော်အနေဖြင့် ဤသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသည့်အချိန်တွင် ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်သွယ်သည်ဟူသော စွပ်စွဲချက်ဖြင့် မတရားအသင်းအက်ဥပဒေအရ အမှုစွဲဆိုခြင်းခံထားရသူများနှင့် အကျဉ်းကျခံနေရသူများ လွတ်မြောက်ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် သဘောတူသည်။

### ကြားကာလအတွင်းဆောင်ရွက်ရမည့် အစီအစဉ်များ

၂၅။

(က) ဤသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့နှင့်သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်းများ၏ အတိုင်းအတာအရတာဝန်ယူနေကြသော အဖွဲ့အစည်းများဖြစ်ကြသည့်အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပ အကောင်အထည်ဖော်နေသည့်ကာလအတွင်း ၎င်းနယ်မြေများတွင် နှစ်ဖက်ညှိနှိုင်းပြီး အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သွားရန်သဘောတူသည် -

(၁) ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊
(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊
(၃) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ၊
(၄) ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊
(၅) ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများအတွက် ပြည်တွင်းပြည်ပ အလှူရှင်အဖွဲ့အစည်းများ၏ အကူအညီရယူခြင်းဆိုင်ရာကိစ္စရပ်များ၊
(၆) မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများ၊

(ခ) အပစ်ရပ်ဒေသအတွင်း ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှု ကြီးမားသောစီမံကိန်းများကို လုပ်ဆောင်ရန် ရှိပါက သဘာဝသယံဇာတများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ (Extractive Industries Transparency Initiative -EITI) ၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဂ) သက်ဆိုင်ရာဒေသများတွင် တစ်ဖွဲ့ချင်းစီ သီးခြားဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်ကို အစိုးရနှင့်သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

**ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုနိုင်ရန် တင်သွင်းခြင်း**

၂၆။ ဤသဘောတူစာချုပ်အား ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီတင်သွင်း၍ အတည်ပြုချက်ရရှိရေးအတွက်ဆောင်ရွက်သွားရန် သဘောတူသည်။

**အခန်း(၇)**

**အထွေထွေ**

၂၇။ ဤစာချုပ်က လွှမ်းခြုံခြင်းမရှိသော ကိစ္စရပ်များရှိလာပါက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့်သီးခြားစီဆွေးနွေး၍ စာချုပ်၏ မူရင်းနှင့်ဆန့်ကျင်ကွဲလွဲခြင်းမရှိစေဘဲ ညှိနှိုင်းဆောင်ရွက်၍ သဘောတူညီမှု ရယူနိုင်သည်။

၂၈။ ဤသဘောတူစာချုပ်ကို မြန်မာဘာသာဖြင့်ရေးသားပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရမည်။ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ တရားဝင်အတည်ဖြစ်မှုသည် တူညီသော်လည်း စကားရပ်အရ အငြင်းပွားမှုများပေါ်ပေါက်လာပါက မြန်မာဘာသာဖြင့် ရေးသားထားသည့်စကားရပ်များအတိုင်းသာ အတည်ဖြစ်ကြောင်း သဘောတူသည်။

၂၉။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လက်မှတ်ရေးထိုးရာတွင် ပါဝင်သော နိုင်ငံရေးအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ပူးတွဲ၍ တာဝန်ယူဆောင်ရွက်သွားရန် သဘောတူသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့လာသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သော 'တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး'ကို ပုံမှန်ကျင်းပ၍ ဖြေရှင်းသွားရန် သဘောတူသည်။

၃၀။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ဆွေးနွေးပွဲများတွင် နှစ်ဖက်သဘောတူညီခဲ့ကြသော အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်များအနက် ကိုးကားရမည့် ဆုံးဖြတ်ချက်များသည် ဤသဘောတူစာချုပ် အကောင်အထည်ဖော်ရာတွင်အကျုံးဝင်ပြီး နှစ်ဖက်ညှိနှိုင်း၍ လိုအပ်သလို ဆောင်ရွက်ရန်သဘောတူသည်။

**ညှိနှိုင်းဖြေရှင်းခြင်း**

၃၁။(က) ဤသဘောတူစာချုပ်ပါ လိုက်နာရမည့်တာဝန်များ၊ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ မပြေလည်မှုပေါ်ပေါက်လျှင် သက်ဆိုင်ရာအဖွဲ့အစည်းများသည် ငြိမ်းချမ်းစွာဆွေးနွေးညှိနှိုင်းသည့်နည်းလမ်းကို အခြေခံ၍ ဖြေရှင်းရမည်။

(ခ) အပိုဒ်ခွဲ(က) အရ ဖြေရှင်းရာတွင်ပြေလည်မှုမရရှိပါက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြပြီး ညှိနှိုင်းဖြေရှင်းသွားမည်။

**သဘောတူစာချုပ်အကျိုးသက်ရောက်ခြင်း**

၃၂။ ဤသဘောတူစာချုပ်သည် နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးပြီးသည့်နေ့ရက်တွင် စတင်အကျိုးသက်ရောက်မှုရှိကြောင်း သဘောတူသည်။ ဤသဘောတူစာချုပ် အကောင်အထည်ဖော်မှုအပေါ် ဆန်းစစ်ရန်လိုအပ်ပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

**သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း**

၃၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ် ............ လ၊ ................. ရက်နေ့တွင် နှစ်ဦးနှစ်ဖက်မှ လက်မှတ်ရေးထိုးကြပါသည်။

| | |
|---|---|
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>ကိုယ်စား<br>အစိုးရ၊ တပ်မတော်နှင့်လွှတ်တော်မှ<br>ခေါင်းဆောင်များ | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ<br>ကိုယ်စား<br>တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏<br>ခေါင်းဆောင်များ<br>(လက်မှတ်ရေးထိုးမည့်တိုင်းရင်းသားလက်နက်ကိုင်<br>အဖွဲ့အစည်းများကို ထပ်မံဖော်ပြပါမည်) |

အသိသက်သေများ

၁။ ပြည်တွင်း

၂။ နိုင်ငံတကာ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၂၄/၀၆/၂၀၁၅ | နေပြည်တော် | ပဋိပက္ခထိန်းချုပ်ရေး | အလွတ်သဘော | UWSA - ဦးအိုက်လူ | UPWC - ဦးသိန်းဇော် | မိုင်းတုံမြို့တွင်စစ်ရေးအရတင်းမာမှုများကိုဖြေရှင်းရန်ဆွေးနွေးခဲ့ကြသည်။ |
| ၂ | ၂၂/၀၆/၂၀၁၅ | MPC ၊ ရန်ကုန်။ | NCA ဖြည့်စွက်ပြင်ဆင်ချက် | အလွတ်သဘော | EAOs SD | UPWC | မည်သည့်အချိန်တွင် မည်သို့တွေ့ဆုံကြမည်ကို လည်းကောင်း၊ NCA မူကြမ်း ဖြည့်စွက်ပြင်ဆင်ရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ |
| ၃ | ၁၁/၀၆/၂၀၁၅ | ချင်းမိုင် | NCA | အလွတ်သဘော | NCCT | MPC | NCCT သည် NCA နောက်ဆုံးမူကြမ်းအတွက်ဖြည့်စွက် ပြင်ဆင်ချက်ကို လွှဲပြောင်းပေး။ ၄င်းတို့အနေဖြင့် SD ဆွေးနွေးညှိနှိုင်းမှုကို ဆွေးနွေးခဲ့ကြသည်။ |
| ၄ | ၂၉/၀၅/၂၀၁၅ | ချင်းမိုင် | NCA | အလွတ်သဘော | RCSS | UPWC | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ |
| ၅ | ၂၈/၀၅/၂၀၁၅ | ချင်းမိုင် | NCA | အလွတ်သဘော | NCCT | UPWC | နိုင်ငံရေးမူဘောင်ကိုမည်သို့ချမှတ်ရန်နှင့် ပူးတွဲကော်မတီတစ်ရပ်ကို မည်သို့ဖွဲ့စည်းရန် ဆွေးနွေးခဲ့ကြသည်။ |
| ၆ | ၂၁/၀၅/၂၀၁၅ | မြစ်ကြီးနား | ပဋိပက္ခဖြေရှင်းရေး | အလွတ်သဘော | KIO (JCRC) | ဗိုလ်မှူးကြီး သန်းအောင် | မန်စီမြို့နယ်ရှိနမ့်လင်းပါးတွင်လက်နက်ကိုင်ပဋိပက္ခများအား မည်သို့မည်ပုံ လျှော့ချမည်ကို ဆွေးနွေးကြသည်။ |
| ၇ | ၁၃/၀၅/၂၀၁၅ | လွိုင်ကော် | ပဋိပက္ခထိန်းချုပ်ရေး | အလွတ်သဘော | KNPP | ကယားပြည်နယ်အစိုးရ | KNPP တာဝန်ရှိသူများက ၄င်းတို့၏တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် သဘောတူ။ |
| ၈ | ၀၉/၀၅/၂၀၁၅ | လွိုင်ကော် | KNPP တပ်ဖွဲ့ဝင်များ ခရီးသွားခြင်း | အလွတ်သဘော | KNPP - ခူဥေးရယ် | ကယားပြည်နယ်အစိုးရ | KNPP တပ်ဖွဲ့ဝင်များ ခရီးသွားလာမှုနှင့်ပတ်သက်၍ဆွေးနွေး။ |
| ၉ | ၀၉/၀၅/၂၀၁၅ | အင်းလျားလိပ်ဟိုတယ်၊ ရန်ကုန်။ | ဖိုရမ် | တရားဝင် | EAOs | ဦးအောင်မင်းနှင့် အခြားဝန်ကြီးများ | ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် ဖိုရမ်ဖြစ်သည်။ KNU, RCSS, ABSDF, ALP, DKBA, KPC နှင့် CNF တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ |
| ၁၀ | ၀၈/၀၅/၂၀၁၅ | ကျိုင်းတုံ | ချစ်ကြည်ရေး ဆွေးနွေးပွဲ | အလွတ်သဘော | UWSA– Zhao Zhongdang ၊ ပေါက်ယူယီ | သမ္မတဦးသိန်းစိန် | ချစ်ကြည်ရေးဆွေးနွေးပွဲဖြစ်သည်။ |
| ၁၁ | ၀၈/၀၅/၂၀၁၅ | ကျိုင်းတုံ | ချစ်ကြည်ရေး | အလွတ်သဘော | ဒုဗိုလ်ချုပ်ကြီး ယွှတ်ဆစ် | သမ္မတဦးသိန်းစိန် | ချစ်ကြည်ရေးဆွေးနွေးပွဲဖြစ်သည်။ |
| ၁၂ | ၀၈/၀၅/၂၀၁၅ | ကျိုင်းတုံ | ချစ်ကြည်ရေး | အလွတ်သဘော | NDDA - စိုင်းလွန်း | သမ္မတဦးသိန်းစိန် | ချစ်ကြည်ရေးဆွေးနွေးပွဲဖြစ်သည်။ |
| ၁၃ | ၀၇/၀၅/၂၀၁၅ | လွိုင်ကော် | ပဋိပက္ခထိန်းချုပ်ရေး | အလွတ်သဘော | KNPP – အတွင်းရေးမှူး အောင်ဆန်းမြင့် | ဗိုလ်မှူးကြီး ဇော်မျိုးတင် | ကယားပြည်နယ်တွင် KNPP တပ်ဖွဲ့ဝင်များ ခရီးသွားလာမှုနှင့် ပတ်သက်၍ ဆွေးနွေး။ |
| ၁၄ | ၂၇/၀၄/၂၀၁၅ | မြစ်ကြီးနား | JCRC | တရားဝင် | KIA - ဗိုလ်မှူးကြီး ဇော်ထောင်း | ဗိုလ်မှူးကြီး သန်းအောင် | JCRC ဆွေးနွေးပွဲ။၄င်းတို့သည်လက်နက်ကိုင်ပဋိပက္ခများအား မည်သို့မည်ပုံလျှော့ချမည်ကို ဆွေးနွေးခဲ့ကြသည်။ မြေပြင်အခြေအနေကို ပူးတွဲအဖွဲ့က စုံစမ်းစစ်ဆေးရန်၄င်းတို့သဘောတူခဲ့သည်။ |
| ၁၅ | ၀၆/၀၄/၂၀၁၅ | မြစ်ကြီးနား | JCRC | တရားဝင် | KIO | ဗိုလ်မှူးကြီး သန်းအောင် | ပဋိပက္ခပူးတွဲဖြေရှင်းရေးကော်မတီ (JCRC) အစည်းအဝေး။ ပဋိပက္ခများကို လျှော့ချရန်နှင့် သတင်းအချက်အလက်များကိုဖလှယ်ရန် သဘောတူခဲ့ကြသည်။ |
| ၁၆ | ၃၁/၀၅/၂၀၁၅ | လွိုင်ကော် | ပူးတွဲကော်မတီ | အလွတ်သဘော | KNPP | ကယားပြည်နယ်အစိုးရ | ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဖွဲ့စည်းပုံကို တိုးချဲ့ရန် သဘောတူ။ |
| ၁၇ | ၂၀-၃၁/၀၃/၂၀၁၅ | MPC ၊ ရန်ကုန် | ၇ ကြိမ်မြောက် တရားဝင်တွေ့ဆုံပွဲ | တရားဝင် | NCCT | UPWC | (၇) ကြိမ်မြောက်တရားဝင်ဆွေးနွေးပွဲ ဆက်လက်ပြုလုပ်။ |
| ၁၈ | ၁၇-၂၂/၀၃/၂၀၁၅ | MPC ၊ ရန်ကုန် | NCA (၇) ကြိမ်မြောက် တရားဝင်တွေ့ဆုံပွဲ | တရားဝင် (၇) ကြိမ်မြောက် | NCCT | UPWC | (၇) ကြိမ်မြောက်တရားဝင်တွေ့ဆုံပွဲဖြစ်သည်။ NCCT နှင့် UPWC တို့သည်အရေးပါသောအချက်များစွာကိုသဘောတူခဲ့ကြသည်။ ၄င်းတို့ကမတ်လ ၃၀ရက်နေ့တွင် ထပ်မံတွေ့ဆုံရန်သဘောတူခဲ့ကြသည်။ |
| ၁၉ | ၁၆/၀၃/၂၀၁၅ | နေပြည်တော် | NCA/ငြိမ်းချမ်းရေး | အလွတ်သဘော | KIO | ဦးသိန်းစိန်၊ ဦးမင်းအောင်လှိုင် | NCA နှင့်ပတ်သက်၍ဆွေးနွေးခဲ့ကြသည်။ |
| ၂၀ | ၁၅/၀၃/၂၀၁၅ | နေပြည်တော် | NCA/ငြိမ်းချမ်းရေး | အလွတ်သဘော | KIO | ဒေါက်တာ စိုင်းမောက်ခမ်း | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ |
| ၂၁ | ၀၄/၀၃/၂၀၁၅ | လားရှိုး | ပဋိပက္ခထိန်းချုပ်ရေး | အလွတ်သဘော | UWSA | ဒုဗိုလ်ချုပ်ကြီး အောင်သန်းထွဋ် | ၄င်းတို့က ကိုးကန့်ပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၂၂ | ၀၁/၀၃/၂၀၁၅ | ချင်းမိုင် | NCA/ငြိမ်းချမ်းရေး | အလွတ်သဘော | RCSS | MPC | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ |
| ၂၃ | ၂၈/၀၂/၂၀၁၅ -၁/၃/၂၀၁၅ | ချင်းမိုင် | NCA/ငြိမ်းချမ်းရေး | အလွတ်သဘော | NCCT | MPC | NCCT – UPWC ဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် မတ်လ ၁၆ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပခဲ့ကြသည်။ |
| ၂၄ | ၂၂/၀၂/၂၀၁၅ | ချင်းမိုင် | NCA | အလွတ်သဘော | RCSS | MPC | NCA နှင့်ပတ်သက်သောအမြင်များကို ဖလှယ်ခဲ့ကြသည်။ |
| ၂၅ | ၂၁/၀၂/၂၀၁၅ | ချင်းမိုင် | NCA | အလွတ်သဘော | NCCT | MPC | NCCT – UPWC တရားဝင်ဆွေးနွေးပွဲအတွက် အကြိုတွေ့ဆုံမှုဖြစ်သည်။ |
| ၂၆ | ၁၂/၀၂/၂၀၁၅ | နေပြည်တော် | ငြိမ်းချမ်းရေး ကတိ-ပြုလွှာ | တရားဝင် | EAOs ၁၃ ဖွဲ့ | ဦးသိန်းစိန်၊နိုင်ငံရေးပါတီများ | KNU, DKBA, KPC, RCSS တို့သည်"ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ"တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ |
| ၂၇ | ၁၁/၀၂/၂၀၁၅ | နေပြည်တော် | NCA | အလွတ်သဘော | EAOs ၁၃ ဖွဲ့ | UPWC | ကတိပြုလွှာတွင်လက်မှတ်ရေးထိုးခြင်းပြု၊ မပြုဆွေးနွေး ခဲ့ကြသည်။ |
| ၂၈ | ၀၆/၀၂/၂၀၁၅ | ချင်းမိုင် | NCA | အလွတ်သဘော | KIO | UPWC | ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် KIO ကိုယ်စားလှယ်များကို ဖိတ်ခေါ်ခဲ့သည်။ |
| ၂၉ | ၀၅/၀၂/၂၀၁၅ | ချင်းမိုင် | NCA | အလွတ်သဘော | NCCT | UPWC | ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို ဖိတ်ခေါ်ခဲ့သည်။ |
| ၃၀ | ၀၅/၀၂/၂၀၁၅ | ချင်းမိုင် | NCA | အလွတ်သဘော | RCSS | UPWC | အချက် ၅ ချက်ကို ဆွေးနွေးခဲ့သည်။ |
| ၃၁ | ၂၁/၀၁/၂၀၁၅ | ချင်းမိုင် | NCA | အလွတ်သဘော | NCCT | MPC | အဆိုပြုလွှာများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။ |
| ၃၂ | ၁၈/၀၁/၂၀၁၅ | ရန်ကုန် | ချစ်ကြည်ရေး | အလွတ်သဘော | စောလားပွဲ | ဦးအောင်မင်း | ချစ်ကြည်ရေးတွေ့ဆုံပွဲဖြစ်သည်။ |
| ၃၃ | ၀၅/၀၁/၂၀၁၅ | နေပြည်တော် | NCA | တရားဝင် | EAOs ၁၂ ဖွဲ့ | ဦးသိန်းစိန် | ချစ်ကြည်ရေးတွေ့ဆုံပွဲဖြစ်သည်။ |
| ၃၄ | ၀၂/၀၁/၂၀၁၅ | နေပြည်တော် | ငြိမ်းချမ်းရေးဆွေးနွေးပွဲ | တရားဝင် | ABSDF | ဦးအောင်မင်း၊ ဦးခင်ရီ | အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို သုံးသပ်၊ ဆွေးနွေး။ |
| ၃၅ | ၂၂-၂၃/၁၂/၂၀၁၄ | MPC ၊ ရန်ကုန် | ၆ ကြိမ်မြောက် တရားဝင်တွေ့ဆုံပွဲ | တရားဝင် | NCCT | UPWC | NCCT က အချက် ၅ ချက်ကို တောင်းဆိုသည်။ |
| ၃၆ | ၁၅/၁၂/၂၀၁၄ | ချင်းမိုင် | NCA | အလွတ်သဘော | NCCT | MPC အဖွဲ့ | UPWC နှင့် NCCT အကြား လာမည့်အစည်းအဝေးပွဲအတွက် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်း၊ |
| ၃၇ | ၀၂/၁၂/၂၀၁၄ | ချင်းမိုင် | NCA | အလွတ်သဘော | NCCT - နိုင်ဟံသာ၊ ဖဒိုကွယ်ထူးဝင်း၊ ဗိုလ်ချုပ်ဂွမ်မော် | MPC လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ NCA မူကြမ်းနှင့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှိ အနှောင့်အယှက်အတားအဆီးများကို ဆွေးနွေးခဲ့ကြသည်။ |
| ၃၈ | ၃၀/၁၁/၂၀၁၄ | ပဲခူး | ချစ်ကြည်ရေး | အလွတ်သဘော | KNU,KNPP, CNF, NMSP, CSOs/CBOs | ဦးအောင်မင်းနှင့် MPC အဖွဲ့ | ချစ်ကြည်ရေးတွေ့ဆုံပွဲဖြစ်သည်။ နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E မစ္စတာဘော့ဘရန်ဒေက တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့သည်။ |
| ၃၉ | ၂၉/၁၁/၂၀၁၄ | နေပြည်တော် | NCA | အလွတ်သဘော | KNU - ဗိုလ်ချုပ်ကြီး မူတူးစေးဖိုး၊ ဖဒိုကွယ်ထူးဝင်း | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | နေပြည်တော်တွင် KNU ခေါင်းဆောင်များနှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့အကြား ၇ ကြိမ်မြောက်တရားဝင်တွေ့ဆုံမှုဖြစ်သည်။ |
| ၄၀ | ၂၈/၁၁/၂၀၁၄ | ချင်းမိုင် | NCA | အလွတ်သဘော | ABSDF - ကိုဆန်နီ၊ မိဆုပွင့် | MPC အဖွဲ့ | ချစ်ကြည်ရေးဆွေးနွေးပွဲဖြစ်သည်။ |
| ၄၁ | ၂၇/၁၁/၂၀၁၄ | ချင်းမိုင် | NCA | အလွတ်သဘော | RCSS - ဗိုလ်မှူးကြီး စိုင်းလောင်ရှန်း၊ ဒုဗိုလ်မှူးကြီး စိုင်းငွန်း | MPC အဖွဲ့ | ချစ်ကြည်ရေးဆွေးနွေးပွဲဖြစ်သည်။ RCSS အနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲတွင်ပါဝင်ရန် အသင့်ရှိနေသည်။ |
| ၄၂ | ၂၇/၁၁/၂၀၁၄ | ချင်းမိုင် | NCA | အလွတ်သဘော | NCCT | MPC လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ | မည်သည့်အချိန်တွင် မည်သို့ထပ်မံတွေ့ဆုံကြမည်ကို လည်းကောင်း၊ မကြာမီ ပေါ်ပေါက်လာတော့မည့် NCA နှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ |
| ၄၃ | ၂၄-၂၅/၁၁/၂၀၁၄ | ချင်းမိုင် | NCA | အလွတ်သဘော | NCCT | MPC | NCA ဆွေးနွေးပွဲများနှင့်ပတ်သက်၍ ၄င်းတို့ ဆက်လက်ဆွေးနွေးခဲ့ကြသည်။ |
| ၄၄ | ၁၀/၁၁/၂၀၁၄ | နေပြည်တော် | NCA | အလွတ်သဘော | UNFC | UPWC | ၄င်းတို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှိ အနှောင့်အယှက်များကိုလည်းကောင်း၊မည်သို့မည်ပုံကျော်လွှားမည်ကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ |
| ၄၅ | ၀၆/၁၁/၂၀၁၄ | တနင်္သာရီ တိုင်းဒေသကြီး | ဖွံ့ဖြိုးရေးနှင့် လုံခြုံရေး | အလွတ်သဘော | NMSP တာဝန်ရှိသူများ | ဦးမြတ်ကို၊ ဗိုလ်မှူးကြီး ဇော်လွင် | ဒေသဖွံ့ဖြိုးရေးနှင့်လုံခြုံရေးအတွက် မည်သို့မည်ပုံ အတူတကွဆောင်ရွက်မည်ကို ဆွေးနွေးခဲ့ကြသည်။ |
| ၄၆ | ၀၃/၁၁/၂၀၁၄ | ချင်းမိုင် | NCA | အလွတ်သဘော | NCCT | MPC လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ | နေပြည်တော်တွင် ကျင်းပခဲ့သည့် အထင်ကရနိုင်ငံရေး ခေါင်းဆောင်များ၏ ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောဆိုခဲ့သည်။ ဖြစ်နိုင်ခြေရှိသည့်လာမည့်အစည်းအဝေးပွဲနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၄၇ | ၀၂/၁၁/၂၀၁၄ | ချင်းမိုင် | NCA | အလွတ်သဘော | RCSS | MPC လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ | အထင်ကရဆွေးနွေးပွဲကြီးများနှင့်ပတ်သက်၍ အမြင်များကိုဖလှယ်ခဲ့ကြသည်။ |
| ၄၈ | ၃၁/၁၀/၂၀၁၄ | နေပြည်တော် | ပဋိပက္ခထိန်းချုပ်ရေး | တရားဝင် | SSPP (စဝ်ခွန်ဆိုင်း၊ အတွင်းရေးမှူး) | ဦးအောင်မင်း (UPWC) | ဒေသဖွံ့ဖြိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် ပူးတွဲစောင့်ကြည့်ရေးကော်မတီတစ်ရပ်ကို ထူထောင်ရန်ဆွေးနွေးခဲ့သည်။ သို့သော်လည်း မည်သည့်သဘောတူညီချက်မှ မရရှိခဲ့ပေ။ |
| ၄၉ | ၃၀/၁၀/၂၀၁၄ | တနင်္သာရီ | ဖွံ့ဖြိုးရေး | အလွတ်သဘော | NMSP | တနင်္သာရီတိုင်းဒေသကြီးအစိုးရ | NMSP နှင့် တနင်္သာရီဒေသကြီးအစိုးရတို့က စာသင်ကျောင်းများ၊ ဆေးရုံများ၊ လျှပ်စစ်မီးစသောကဏ္ဍများအတွက် JICA ၏အကူအညီကို လက်ခံရန်ဆွေးနွေးခဲ့ကြသည်။ |
| ၅၀ | ၂၂/၁၀/၂၀၁၄ | မိုင်းလား | NCA လက်မှတ်ထိုးခြင်း | အလွတ်သဘော | UWSA နှင့် NDAA (ရှောင်မင်းလျန်နှင့် စိုင်းလွန်း) | ဦးသိန်းဇော် (UPWC ဒုဥက္ကဋ္ဌ) | စံပြအနေဖြင့် NCA တွင် လက်မှတ်ရေးထိုးရန် UWSA နှင့် NDAA ခေါင်းဆောင်များကို စည်းရုံးတိုက်တွန်း၊ စီးပွားရေးနှင့်ပတ်သက်သောကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ |
| ၅၁ | ၁၈/၁၀/၂၀၁၄ | လားရှိုး၊ ရှမ်းပြည် မြောက်ပိုင်း | ပဋိပက္ခထိန်းချုပ်ရေး | အလွတ်သဘော | SSPP/SSA (စဝ်ခွန်ဆိုင်း ဦးဆောင်သည့် ကိုယ်စားလှယ် ခြောက်ဦး) | ဦးသိန်းဇော်၊ ဒုဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်ကိုကိုနိုင် | ပဋိပက္ခထိန်းချုပ်ရေးအစည်းအဝေးပွဲ။ |
| ၅၂ | ၀၆/၁၀/၂၀၁၄ | လားရှိုး၊ ရှမ်းပြည် | ပဋိပက္ခထိန်းချုပ်ရေး | အလွတ်သဘော | SSPP | အရှေ့မြောက်ပိုင်း တပ်မှူး | ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ထိပ်တိုက်တွေ့ဆုံမှုများကို ရပ်တန့်ရန် ဆွေးနွေးခဲ့ကြသည်။ |
| ၅၃ | ၀၆/၁၀/၂၀၁၄ | မြဝတီ | ပဋိပက္ခထိန်းချုပ်ရေး | အလွတ်သဘော | ဗိုလ်မှူးစောဆန်းအောင် (DKBA) | အရှေ့တောင်ပိုင်း တပ်မှူး | သိမ်းယူထားသောလက်နက်များကို ပြန်လည်လွှဲအပ်ရန်နှင့် ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းရန် ဆွေးနွေးခဲ့ကြသည်။ |
| ၅၄ | ၀၄/၁၀/၂၀၁၄ | တောင်ဦးမြို့ | နိုင်ငံရေးဆွေးနွေးပွဲ | အလွတ်သဘော | KUPC, KNU | ကရင်လွှတ်တော် အမတ်များ၊အစိုးရ တာဝန်ရှိသူများ | မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီးစည်းလုံးညီညွတ်ရေးအတွက် ပူးပေါင်းဆောင်ရွက် ရန်သဘောတူခဲ့သည်။ |
| ၅၅ | ၀၂-၄/၁၀/၂၀၁၄ | ဗန်ကောက် | မဟာမိတ် | အလွတ်သဘော | SNLD, SNDP, RCSS, SSPP | ဦးအောင်မင်း (UPWC) | ဘုံသဘောတူညီချက်ရရှိရန် မည်သို့ပူးပေါင်းမည်၊ မည်သို့ရှာဖွေမည်စသည်ဖြင့်ဆွေးနွေးခဲ့ကြသည်။ ၄င်းတို့သည် ရှမ်းပြည်နယ်ရေးရာနှင့်ပတ်သက်၍ အချက် ၁၂ ချက်ကို သဘောတူခဲ့ကြသည်။ |
| ၅၆ | ၂၂-၂၆/၁၀/၂၀၁၄ | MPC ၊ ရန်ကုန် | NCA ၅ကြိမ်မြောက် တရားဝင်တွေ့ဆုံပွဲ | တရားဝင် | NCCT | UPWC | ၅ ကြိမ်မြောက် တရားဝင်တွေ့ဆုံမှုဖြစ်သည်။ တပ်မတော်ကိုယ်စားလှယ်များက ယခင်သဘောတူညီချက်ကို ပယ်ချလိုက်ပြီးနောက်ဆွေးနွေးပွဲမတိုးသာ မဆုတ်သာဖြစ်ခဲ့သည်။ |
| ၅၇ | ၁၇/၀၉/၂၀၁၄ | ချင်းမိုင် | NCA အတွက် ကြိုတင်ပြင်ဆင်မှု | အလွတ်သဘော | PNLO | MPC နည်းပညာအဖွဲ့ | လာမည့် NCA ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုကို ဆွေးနွေး |
| ၅၈ | ၁၇/၀၉/၂၀၁၄ | ချင်းမိုင် | NCA အတွက် ကြိုတင်ပြင်ဆင်မှု | အလွတ်သဘော | ANC | MPC နည်းပညာအဖွဲ့ | လာမည့် NCA ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုကို ဆွေးနွေး |
| ၅၉ | ၁၆/၀၉/၂၀၁၄ | ချင်းမိုင် | NCA အတွက် ကြိုတင်ပြင်ဆင်မှု | အလွတ်သဘော | RCSS | MPC နည်းပညာအဖွဲ့ | လာမည့် NCA ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုကို ဆွေးနွေး |
| ၆၀ | ၁၅/၀၉/၂၀၁၄ | ချင်းမိုင် | NCA အတွက် ကြိုတင်ပြင်ဆင်မှု | အလွတ်သဘော | NCCT | MPC နည်းပညာအဖွဲ့ | လာမည့် NCA ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုကို ဆွေးနွေး |

နောက်ဆက်တွဲ ၁ - အစိုးရနှင့် အစိုးရမဟုတ်သည့်လက်နက်ကိုင်များအကြား ၂၀၁၄ ခုနှစ်အတွင်း တွေ့ဆုံမှုစုစုပေါင်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆၁ | ၀၅/၀၉/၂၀၁၄ | မြစ်ကြီးနား | KIO-JCRC | ပဋိပက္ခဖြေရှင်းရေး | ဗိုလ်မှူးကြီး ဇော်ထောင်း | ဗိုလ်မှူးကြီးသန်းအောင် (ကချင်နယ်စပ်ရေးရာဝန်ကြီး) | ဖားကန့်သတ္တုတွင်းပြဿနာ၊မူးယစ်ဆေးဝါးဆန့်ကျင်ရေးပြဿနာ၊ KIO ၏ အခွန်ကောက်ယူမှုပြဿနာနှင့် ထိပ်တိုက်တွေ့ဆုံမှုများကို လျှော့ချရန်ဆွေးနွေး။ |
| ၆၂ | ၂၆/၀၈/၂၀၁၄ | နေပြည်တော် | USWA, NDA, SSPP | အလွတ်သဘော | ဦးစံဖေ၊ရှောင်မင်းလျှန်၊ ဗိုလ်ချုပ်ကြီးခေးတိုင်း | သူရဦးရွှေမန်း၊ ဦးခင်အောင်မြင့် | ချစ်ကြည်ရေးတွေ့ဆုံမှုဖြစ်သည်။ |
| ၆၃ | ၂၅/၀၈/၂၀၁၄ | နေပြည်တော် | USWA, NDAA | အလွတ်သဘော | ဦးစံဖေ၊ ရှောင်မင်းလျှန်၊ဗိုလ်ချုပ်ကြီးခေးတိုင်း | ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ချစ်ကြည်ရေးတွေ့ဆုံမှုဖြစ်သည်။ |
| ၆၄ | ၂၅/၀၈/၂၀၁၄ | နေပြည်တော် | USWA, NDAA, SSPP | အလွတ်သဘော | ဦးစံဖေ၊ ရှောင်မင်းလျှန်၊ဗိုလ်ချုပ်ကြီးခေးတိုင်း | သမ္မတဦးသိန်းစိန် | ချစ်ကြည်ရေးတွေ့ဆုံမှုဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ရန် တိုင်းရင်းသားလက်နက်ကိုင်များကို သမ္မတ တိုက်တွန်း။ |
| ၆၅ | ၁၈/၀၈/၂၀၁၄ | ရန်ကုန် | NCCT-UPWC-နိုင်ငံရေးပါတီများ (သုံးပွင့်ဆိုင်) | အလွတ်သဘော | NCCT | နိုင်ငံရေးပါတီ ၃၄ ခု၊ UPWC | သုံးပွင့်ဆိုင်အစည်းအဝေးပွဲ။ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အနာဂတ် စီမံကိန်းတို့ကို ဆွေးနွေး။ |
| ၆၆ | ၁၅-၁၇/၀၈/၂၀၁၄ | ရန်ကုန် | NCA လေးကြိမ်မြောက် တရားဝင် ဆွေးနွေးပွဲ | တရားဝင် | NCCT | UPWC | NCA မူတစ်မူတည်းမူကြမ်းအတွက်ဆွေးနွေး။ |
| ၆၇ | ၁၂/၀၈/၂၀၁၄ | မြစ်ကြီးနား | KIO-JCRC | တရားဝင် | ဗိုလ်မှူးကြီး ဇော်ထောင်း | ဗိုလ်မှူးကြီး သန်းအောင် | JCRC အစည်းအဝေးပွဲ။ မကြာသေးမီကဖားကန့်တွင်ဖြစ်ခဲ့သည့် တိုက်ပွဲငယ်များနှင့်ပတ်သက်၍ ဆွေးနွေး။ |
| ၆၈ | ၁၂/၀၈/၂၀၁၄ | ချင်းမိုင် | NCCT | အလွတ်သဘော | NCCT | MPC နည်းပညာအဖွဲ့ | NCA တတိယမူကြမ်းအတွက် လာမည့် အစည်းအဝေးလုပ်ငန်းစဉ်ကို ဆွေးနွေး။ |
| ၆၉ | ၀၅/၀၈/၂၀၁၄ | MPC ၊ ရန်ကုန်။ | KNU | အလွတ်သဘော | KNU တပ်မဟာ ၁၊ ၄၊ ၆ နှင့် ၇ | ဗိုလ်မှူးကြီး အောင်လွင် | ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍လည်းကောင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် မည်သို့မည်ပုံပူးပေါင်းဆောင်ရွက်မည်ကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ |
| ၇၀ | ၀၃/၀၈/၂၀၁၄ | မြစ်ကြီးနား | NCCT | အလွတ်သဘော | NCCT အဖွဲ့ဝင် ၁၁ ဦး၊ NCCT နည်းပညာအဖွဲ့ဝင် ၇ ဦး | ဦးအောင်မင်း၊ ဦးသိန်းဇော်၊ ဒုဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း | NCA နှင့်ပတ်သက်၍ လည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်တပ်မတော်တစ်ရပ် မည်သို့မည်ပုံတည်ဆောက်မည်ကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ |
| ၇၁ | ၁၈/၀၇/၂၀၁၄ | နေပြည်တော် | ALP | အလွတ်သဘော | ခိုင်စိုးနိုင်၊ စောမြရာဇာလင်း | ဦးအောင်မင်းနှင့် ဦးခင်ရီ | ဆက်ဆံရေးရုံးဖွင့်လှစ်ရန် ဆွေးနွေးခဲ့သည်။ |
| ၇၂ | ၁၄/၀၇/၂၀၁၄ | ချင်းမိုင်၊ ထိုင်း | RCSS | အလွတ်သဘော | ဗိုလ်ချုပ်ပေါင်းခေး၊ ဗိုလ်မှူးကြီးစိုင်းလ၊ဗိုလ်မှူးကြီး စိုင်းငွန်း၊ ဦးခွန်စိုင်း(PI) | MPC နည်းပညာအဖွဲ့ | လာမည့်ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် အခြားသော ငြိမ်းချမ်းရေးနှင့် ဆက်စပ်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ |
| ၇၃ | ၁၃/၀၇/၂၀၁၄ | ချင်းမိုင် | NCCT | အလွတ်သဘော | NCCT | MPC နည်းပညာအဖွဲ့ | မူတစ်မူတည်းသဘောတူညီချက်အတွက် ပြုလုပ်မည့်အစည်းအဝေးပွဲနှင့်ပတ်သက်၍ ဆွေးနွေး။ |
| ၇၄ | ၀၈/၀၇/၂၀၁၄ | နေပြည်တော် | SSPP | အလွတ်သဘော | အတွင်းရေးမှူးချုပ် ခွန်စိုင်း | ဦးသိန်းဇော် | ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မကြာသေးမီက ဖြစ်ပေါ်ခဲ့သည့်တင်းမာမှုနှင့်ပတ်သက်၍ ဆွေးနွေး။ |
| ၇၅ | ၀၆/၀၇/၂၀၁၄ | ချင်းမိုင်၊ ထိုင်း | NCCT | အလွတ်သဘော | ဗိုလ်ချုပ်ဂွမ်မော်၊ ဗိုလ်မှူးကြီး ခွန်ဥက္ကာ၊ ထွမ်ဇော်၊ ဖဒိုကွယ်ထူးဝင်း | MPC လုပ်ငန်း ဖော်ဆောင်ရေးအဖွဲ့ | တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အတွက် NCCT နှင့် MPC နည်းပညာအဖွဲ့တို့ ချင်းမိုင်တွင် တွေ့ဆုံ။ |
| ၇၆ | ၀၅/၀၇/၂၀၁၄ | မြစ်ကြီးနား | KIO-JCRC | အလွတ်သဘော | KIO နည်းပညာအဖွဲ့ | ဗိုလ်မှူးကြီးသန်းအောင် (ကချင်နယ်စပ်ရေးရာဝန်ကြီး) | JCRC အစည်းအဝေးပွဲဖြစ်သည်။ တိုက်ပွဲငယ်များအားမည်သို့မည်ပုံလျှော့ချမည်ကို ဆွေးနွေးခဲ့ကြသည်။ |
| ၇၇ | ၁၉/၀၆/၂၀၁၄ | ချင်းရိုင် | RCSS | အလွတ်သဘော | ဒုဗိုလ်ချုပ်-ကြီး ယွက်ဆစ်၊ ဦးခွန်စိုင်း | ဦးအောင်မင်း | NCA တွင် လက်မှတ်ရေးထိုးပြီးနောက် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများကို "တရားမဝင်အဖွဲ့အစည်းများစာရင်း"မှ ဖယ်ရှားပေးမည်ဟု ချင်းရိုင် ဦးအောင်မင်းပြောဆို။ |
| ၇၈ | ၁၉/၀၆/၂၀၁၄ | ချင်းရိုင် | KIO | အလွတ်သဘော | ဗိုလ်ချုပ်ဂွမ်မော် | ဦးအောင်မင်း | အလွတ်သဘောတွေ့ဆုံမှုဖြစ်သည်။ |
| ၇၉ | ၁၈/၀၆/၂၀၁၄ | ချင်းရိုင် | RCSS | အလွတ်သဘော | ဒုဗိုလ်ချုပ်ကြီး ယွက်ဆစ် | ဦးအောင်မင်း | ချစ်ကြည်ရေး။ |
| ၈၀ | ၁၆/၀၆/၂၀၁၄ | ချင်းမိုင် | NCCT | အလွတ်သဘော | ဗိုလ်ချုပ်ဂွမ်မော်၊ နိုင်ဟံသာ၊ ဖဒိုကွယ်ထူးဝင်း | ဦးလှမောင်ရွှေ၊ ဦးညိုအုန်းမြင့် | လာမည့် NCCT-UPWC အစည်းအဝေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုကို ဆွေးနွေး။ |
| ၈၁ | ၀၆/၀၆/၂၀၁၄ | ရန်ကုန် | RCSS | အလွတ်သဘော | စိုင်းလောင်ရှန်း၊ စိုင်းငွန်း | ဦးအောင်မင်း၊ MPC | ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးဆွေးနွေး။ ပုဒ်မ ၁၇/၁ ကိုဖျက်သိမ်းပေးရန် RCSS က တောင်းဆိုခဲ့သည်။ |
| ၈၂ | ၀၅/၀၆/၂၀၁၄ | နေပြည်တော် | KNU | အလွတ်သဘော | စောမူတူးစေးဖိုး | သူရဦးရွှေမန်း | ချစ်ကြည်ရေးတွေ့ဆုံပွဲဖြစ်သည်။ |
| ၈၃ | ၀၄/၀၆/၂၀၁၄ | နေပြည်တော် | KNU | အလွတ်သဘော | စောမူတူးစေးဖိုးနှင့် KNU တာဝန်ရှိသူများ | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် KNU တာဝန်ရှိသူများအကြား (၆)ကြိမ်မြောက် တွေ့ဆုံမှုဖြစ်သည်။ |
| ၈၄ | ၀၄/၀၆/၂၀၁၄ | နေပြည်တော် | ယုံကြည်မှုတည်ဆောက်ခြင်း | အလွတ်သဘော | စောမူတူးစေးဖိုးနှင့် KNU တာဝန်ရှိသူများ | သမ္မတဦးသိန်းစိန် | ချစ်ကြည်ရေးတွေ့ဆုံပွဲဖြစ်သည်။ |
| ၈၅ | ၂၀/၀၅/၂၀၁၄ | နေပြည်တော် | ABSDF | အလွတ်သဘော | ကိုဆန်နီနှင့် ကိုကျော်လင်း | ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးဝင်းမြင့် | စီးပွားရေးပြဿနာများနှင့်ပတ်သက်၍ဆွေးနွေးခဲ့သည်။ |
| ၈၆ | ၂၈/၀၅/၂၀၁၄ | မြစ်ကြီးနား | JCRC အစည်းအဝေးပွဲ | တရားဝင် | ဗိုလ်မှူးကြီး ဇော်ထောင်း | ဗိုလ်မှူးကြီးသန်းအောင် | ပဋိပက္ခပူးတွဲဖြေရှင်းရေးကော်မတီဖွဲ့စည်းရန် သဘောတူ။ |
| ၈၇ | ၂၁-၂၃/၀၅/၂၀၁၄ | ရန်ကုန် | NCA တတိယမြောက် တရားဝင်တွေ့ဆုံမှု | တရားဝင် | NCCT | UPWC | (ဒုတိယမြောက်မူတစ်မူတည်းသဘောတူညီချက်) |
| ၈၈ | ၁၃/၀၅/၂၀၁၄ | မြစ်ကြီးနား | KIO | အလွတ်သဘော | ဆမ်လွတ်ဂမ်၊ ဗိုလ်ချုပ်ဂွမ်မော် | ဦးအောင်မင်း၊ ဦးသိန်းဇော်၊ဦးခင်ရီ၊ ဦးအုန်းမြင့် | ပဋိပက္ခပူးတွဲဖြေရှင်းရေးကော်မတီဖွဲ့စည်းရန်ဆွေးနွေး။ |
| ၈၉ | ၀၆/၀၅/၂၀၁၄ | ရန်ကုန် | KNU | အလွတ်သဘော | နော်စီဖိုးရာစိန် | ဦးအောင်မင်း၊ ဒေါ်ယဉ်ယဉ်နွယ် | ချစ်ကြည်ရေး။ |
| ၉၀ | ၀၅/၀၄/၂၀၁၄ | ရန်ကုန် | DPA, NUPA | အလွတ်သဘော | ဒေါက်တာခင်မောင်၊ ညီညီလွင် | ဦးအောင်မင်း | ချစ်ကြည်ရေး။ |
| ၉၁ | ၂၇/၀၄/၂၀၁၄ | ကျောက်ဖြူ | ရခိုင်အမျိုးသားညီလာခံ | ညီလာခံ | ALP, ANC, AA | ဦးအောင်မင်း၊ဦးတင်နိုင်သိန်း၊ ဦးမောင်မောင်အုန်း၊ဦးလှမောင်တင် | ကျောက်ဖြူညီလာခံတွင်ပါဝင်ခဲ့သည်။ |
| ၉၂ | ၀၆/၀၄/၂၀၁၄ | လားရှိုး | ပြည်သူ့စစ် ၂၇ ဖွဲ့ | အလွတ်သဘော | ပြည်သူ့စစ် ၂၇ ဖွဲ့ | ဦးမင်းအောင်လှိုင် | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည်ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပြည်သူ့စစ်အဖွဲ့ ၂၇ ဖွဲ့နှင့် တွေ့ဆုံခဲ့သည်။ |
| ၉၃ | ၀၆/၀၄/၂၀၁၄ | လားရှိုး | SSPP-SSA | အလွတ်သဘော | ဗိုလ်မှူးကြီး စိုင်းလ | ဦးမင်းအောင်လှိုင် | ချစ်ကြည်ရေးတွေ့ဆုံပွဲ။ |
| ၉၄ | ၀၆/၀၄/၂၀၁၄ | လားရှိုး | UWSA | အလွတ်သဘော | UWSA | ဦးမင်းအောင်လှိုင် | ပထမဆုံးအကြိမ် ချစ်ကြည်ရေးတွေ့ဆုံပွဲ။ |
| ၉၅ | ၀၅-၀၈/၀၄/၂၀၁၄ | ရန်ကုန် | NCA ဒုတိယမြောက် တရားဝင်တွေ့ဆုံပွဲ | အလွတ်သဘော | NCCT ၁၆+ RCSS ၊ NSCN-K ၊ ABSDF | ဦးသက်နိုင်ဝင်း၊ ဦးအောင်မင်း၊ ဦးသိန်းဇော် | မူတစ်မူတည်းမူကြမ်း ဒုတိယမြောက်အစည်းအဝေး။ |
| ၉၆ | ၂၁/၀၃/၂၀၁၄ | မိုင်းလား | NDAA | အလွတ်သဘော | NDAA | ဦးသိန်းဇော် | ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တိုးမြှင့်၍ ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူ။ |
| ၉၇ | ၁၃/၀၃/၂၀၁၄ | တောင်ကြီး | ဆက်ဆံရေးအရာရှိများ တရားဝင်တွေ့ဆုံပွဲ | အလွတ်သဘော | (KNPP, NDAA, PNLO, RCSS, SSPP နှင့် UWSA) | ဒေသန္တရအစိုးရနှင့် MPC မှကိုယ်စားလှယ်များ | ဆက်ဆံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး။ တပ်မတော်၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ |
| ၉၈ | ၀၉-၁၀/၀၃/၂၀၁၄ | MPC ၊ ရန်ကုန်။ | NCA ပထမဆုံး တရားဝင်တွေ့ဆုံပွဲ | တရားဝင် | နိုင်ဟံသာ၊ ဖဒိုကွယ်ထူးဝင်း၊ ခွန်ဥက္ကာနှင့်အခြားခေါင်းဆောင်များ | ဦးအောင်မင်း၊ ဒုဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဒုဗိုလ်ချုပ်ကြီးမြင့်စိုး | ပထမဆုံး တရားဝင်တွေ့ဆုံမှုဖြစ်သည်။ အခန်း ၇ ခန်းပါသဘောတူညီချက်။ (မူတစ်မူတည်းမူကြမ်း ပထမဆုံးသဘောတူညီချက်) |
| ၉၉ | ၀၇/၀၃/၂၀၁၄ | နေပြည်တော် | KNU | အလွတ်သဘော | မူတူးစေးဖိုး | ဦးမင်းအောင်လှိုင် | ချစ်ကြည်ရေး။ |
| ၁၀၀ | ၀၇/၀၃/၂၀၁၄ | နေပြည်တော် | KNU | အလွတ်သဘော | မူတူးစေးဖိုး | ဒုသမ္မတ စိုင်းမောက်ခမ်း | ချစ်ကြည်ရေး။ |
| ၁၀၁ | ၀၅/၀၃/၂၀၁၄ | မိုင်းပန် | ဆက်ဆံရေးရုံးဖွင့် | တရားဝင် | RCSS | ရှမ်းပြည်နယ် အစိုးရ | ၂၀၁၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင် မိုင်းပန်မြို့၌ RCSS က ဆက်ဆံရေးရုံးဖွင့်လှစ်ခဲ့သည်။ |
| ၁၀၂ | ၀၃/၀၃/၂၀၁၄ | နေပြည်တော် | UWSA, NDAA, SSPP | အလွတ်သဘော | ပေါက်ယူယီ၊ Zhao Zhongdang | သူရဦးရွှေမန်း | ပြည်ထောင်စုလွှတ်တော်သို့သွားရောက်လည်ပတ်ခဲ့သည်။ |
| ၁၀၃ | ၀၁/၀၃/၂၀၁၄ | နေပြည်တော် | UWSA, NDAA, SSPP | အလွတ်သဘော | ပေါက်ယူယီ၊ Zhao Zhongdang၊ ဦးဆမ်လူနှင့် စဝ်ခွန်စိုင်း | ဦးသိန်းစိန် | ချစ်ကြည်ရေး။ |
| ၁၀၄ | ၂၀/၀၂/၂၀၁၄ | မင်းတပ်၊ ချင်းပြည်နယ်။ | CNF | အမျိုးသားနေ့ | CNF | ချင်းပြည်နယ် အစိုးရ | ၆၆ ကြိမ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား။ |
| ၁၀၅ | ၁၉/၀၂/၂၀၁၄ | ဂျကာတာ၊ အင်ဒိုနီးရှား | ဂျကာတာမြို့တွင် အပစ်အခတ်ရပ်စဲ ရေးနှစ်ဖက်ဆွေးနွေးပွဲ | အလွတ်သဘော | ဗိုလ်မှူးကြီး စိုင်းငွန်း၊ ဗိုလ်ချုပ်အစ်ဆက် နှင့် ဖဒိုကွယ်ထူးဝင်း | သမ္မတရုံးဒုဝန်ကြီး ဦးအောင်သိန်း၊ MPC | (အင်ဒိုနီးရှား - မြန်မာနှစ်ဖက်ဆွေးနွေးပွဲ)ဟူသော ခေါင်းစဉ်ဖြင့် အင်ဒိုနီးရှားက ဂျကာတာမြို့တော်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည်။ KNU ၊ RCSS နှင့် မြန်မာအစိုးရ၊အင်ဒိုနီးရှားအစိုးရ တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ |
| ၁၀၆ | ၁၆/၀၂/၂၀၁၄ | ရန်ကုန် | ALP | အလွတ်သဘော | ခိုင်သုခ | ဦးအောင်မင်း | ကျောက်ဖြူညီလာခံနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၁၀၇ | ၁၆/၀၂/၂၀၁၄ | ရန်ကုန် | ANC | အလွတ်သဘော | ANC | ဦးအောင်မင်း | ရခိုင်အမျိုးသားကောင်စီနှင့် ဦးအောင်မင်းသည် ရန်ကုန်ရှိ MPC တွင် အစည်းအဝေးပွဲတစ်ရပ်ကျင်းပခဲ့သည်။ |
| ၁၀၈ | ၀၇/၀၂/၂၀၁၄ | သံတောင်ကြီး | KNU/KUPC | အလွတ်သဘော | KNU, KUPC | စိုင်းပေါ်နက် | သန်းခေါင်စာရင်းနှင့်အခြားသောကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ |
| ၁၀၉ | ၀၉/၀၂/၂၀၁၄ | ရန်ကုန် | DKBA | အလွတ်သဘော | ဗိုလ်ချုပ်ကြီး စောလားပွဲ | ဦးအောင်မင်း | ချစ်ကြည်ရေး။ |
| ၁၁၀ | ၃၀/၀၁/၂၀၁၄ | ချင်းမိုင် | RCSS | အလွတ်သဘော | ဗိုလ်ချုပ်ကြီး ယွက်ဆစ် | ဦးအောင်မင်း | RCSS သည် NCA တွင် လက်မှတ်ရေးထိုးရန် အသင့်ဖြစ်နေသည်။ |
| ၁၁၁ | ၂၉/၀၁/၂၀၁၄ | ချင်းမိုင် | KIO | အလွတ်သဘော | ဂွမ်မော် | ဦးအောင်မင်း | ချစ်ကြည်ရေးဆွေးနွေးပွဲ။ |
| ၁၁၂ | ၂၉/၀၁/၂၀၁၄ | ချင်းမိုင် | NCCT | အလွတ်သဘော | NCCT | ဦးအောင်မင်း | NCA နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ |
| ၁၁၃ | ၂၇/၀၁/၂၀၁၄ | သထုံမြို့ | KNU တပ်မဟာ ၁ | အလွတ်သဘော | ဗိုလ်မှူးချုပ် စောကျော်လင်း | ဦးအုန်းမြင့် | မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် KNU တပ်မဟာ ၁ တို့သည်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်။ |
| ၁၁၄ | ၁၄/၀၁/၂၀၁၄ | ဖားအံ | KNU, DKBA, KPC, NMSP | အလွတ်သဘော | ကရင်လက်နက်ကိုင်အဖွဲ့များနှင့် NMSP | ဦးခင်ရီ၊ ဦးဇော်မင်း | ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး၊ လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့်ပတ်သက်၍ အစိုးရက ရှင်းလင်းပြောဆိုခဲ့ပြီးသန်းခေါင်စာရင်းကောက်ယူရာတွင် ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။ |
| ၁၁၅ | ၀၉/၀၁/၂၀၁၄ | ချင်းမိုင် | NCCT | အလွတ်သဘော | NCCT | ဦးအောင်မင်း | အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုနှင့် နီးနှောဖလှယ်မှု။ |
| ၁၁၆ | ၀၅/၀၁/၂၀၁၄ | နေပြည်တော် | KNU | အလွတ်သဘော | မူတူးစေးဖိုး | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ချစ်ကြည်ရေး။ |
| ၁၁၇ | ၀၅/၀၁/၂၀၁၄ | နေပြည်တော် | KNU | အလွတ်သဘော | မူတူးစေးဖိုး | သမ္မတ | ချစ်ကြည်ရေး။ |
| ၁၁၈ | ၀၁/၀၁/၂၀၁၄ | နေပြည်တော် | KNU | အလွတ်သဘော | ကရင်လက်နက်ကိုင်အဖွဲ့ ၄ ဖွဲ့ | UPWC | ဦးအောင်မင်းနှင့် MPC အဖွဲ့တို့သည် ကရင်နှစ်သစ်ကူးအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ |

နောက်ဆက်တွဲ ၁ - အစိုးရနှင့် အစိုးရမဟုတ်သည့်လက်နက်ကိုင်များအကြား ၂၀၁၄ ခုနှစ်အတွင်း တွေ့ဆုံမှုစုစုပေါင်း

နောက်ဆက်တွဲ ၂

# ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာ

ဖေဖော်ဝါရီ ၁၂၊ ၂၀၁၅

ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာတွင်လက်မှတ်ရေးထိုးကြသည့်ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင် ခိုင်မာအခွန့်ရှည်သောငြိမ်းချမ်းရေးရရှိစေရန်အလို့ငှာ ယခုကတိပြုလွှာတွင်ပါဝင်သော ရည်မှန်းချက်များ ရရှိစေရေး တာဝန်သိစွာ၊ ပွင့်လင်းမြင်သာမှုရှိစွာ၊ တာဝန်ယူတတ်မှုရှိစွာဖြင့် အတူတကွဆောင်ရွက်သွားမည်ဟု ကတိပြုပါသည်။

၁။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အခြေခံ၍ အချုပ်အခြာ၊ စည်းလုံးညီညွတ်ရေးနှင့် နယ်နိမိတ်ပေါင်း စည်းရေးတို့ကို ကာကွယ်စောင့်ရှောက်သွားရန်ရည်ရွယ်သည်။ ပင်လုံစိတ်ထားတွင်ပါဝင်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စည်းမျဉ်း စည်းကမ်းများကိုအခြေခံ၍လည်းကောင်း၊ နိုင်ငံသားအားလုံးလွတ်လပ်ရေး၊ တန်းတူညီမျှရှိရေး၊ တရားမျှတရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့အတွက် နိုင်ငံရေးဆွေးနွေးပွဲမှထွက်ပေါ်လာသည့် ရလဒ်များကိုအခြေခံ၍လည်းကောင်း ပြည်ထောင်စုတစ်ရပ်တည်ထောင်သွားမည်။

၂။ နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်အတွက် တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးမှာ မရှိမဖြစ်အရေးပါကြောင်း အသိအမှတ်ပြု၍ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ကြန့်ကြာမှုမရှိဘဲ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ရေး အတူတကွကြိုးပမ်းသွားမည်။

၃။ အချိန်ကာလကြာမြင့်နေပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများကို အဆုံးသတ်ရန်၊ လက်နက်အင်အားကို အားကိုးအား ထားပြုမည့်အစားနိုင်ငံရေးဆွေးနွေးပွဲမှတစ်ဆင့် ပြဿနာများကို ဖြေရှင်း ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲတွင် အားလုံး မဆိုင်းမတွပါဝင်ရေး အတူတကွဆောင်ရွက်သွားရန်အတွက် နိုင်ငံရေးယဉ်ကျေးမှုသစ်ထူထောင်သွားမည်။

၄။ တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ထိုးပြီးနောက် နိုင်ငံရေးဆွေးနွေးပွဲအတွက် နိုင်ငံရေးမူဘောင်တစ်ရပ်ကို အလျင်အမြန်ရေးဆွဲရာတွင် အတူတကွဆောင်ရွက် သွားမည်ဖြစ်ပြီး နိုင်ငံရေးဆွေးနွေးပွဲရှိ မူဘောင်နှင့်အညီ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးဆွေးနွေးပွဲကျင်းပသွားမည်ဖြစ်သည်။

၅။ လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးအကြား လက်နက်ကိုင်ပဋိပက္ခများနှင့် ထိပ်တိုက်တွေ့ဆုံမှုများကို ကြိုတင်တားဆီး ကာကွယ်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေမည့် လုပ်ရပ်များကို ရှောင်ရှားရန်ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်သည်။

ယခုငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကတိပြုလွှာတွင် ပါဝင်လက်မှတ်ရေးထိုးကြသူများ အားလုံးအနေဖြင့် နိုင်ငံသားများအားလုံး လိုလားနေကြသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိ စေရန်အလို့ငှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် အတူတကွဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုပါ သည်။

**နေပြည်တော်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဖေဖော်ဝါရီ ၁၂၊ ၂၀၁၅**

# EAOs အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သို့မဟုတ် NCA အတွက် ဝါရင့်ကိုယ်စားလှယ်အဖွဲ့

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်နေ့မှ ၉ ရက်နေ့အထိ KNU ထိန်းချုပ်ထားသည့်ဒေသတွင် ဒုတိယအကြိမ်မြောက် လော်ခီးလားညီလာခံကို ကျင်းပခဲ့ကြသည်။ UNFC အဖွဲ့ဝင်များ၊ NCCT အဖွဲ့ဝင်များ၊ အခြားဖိတ်ကြားထားသောတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ ပြည်ပမှလေ့လာစောင့်ကြည့်သူများနှင့် တစ်သီးပုဂ္ဂလ စောင့်ကြည့်လေ့လာသူများအနေဖြင့် အဆိုပါအစည်းအဝေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ ၎င်းတို့က NCA နောက်ဆုံးမူကြမ်းကို ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြသည်။ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များသည် NCA နောက်ဆုံးမူကြမ်းအတွက် ဖြည့်စွက်ပြင်ဆင်မည့်အချက်များကို စာရင်းပြုစုခဲ့သည်။ လော်ခီးလားထိပ်သီးအစည်းအဝေးပွဲမှ EAOS အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ သို့မဟုတ် NCA အတွက် ဝါရင့်ကိုယ်စားလှယ်အဖွဲ့(SD)ကိုညီလာခံကာလတွင် ဖွဲ့စည်းခဲ့သည်။

SD ကို ဖွဲ့စည်းရသည့်ရည်ရွယ်ချက်မှာ EAO ထိပ်တန်းခေါင်းဆောင်များချမှတ်အတည်ပြုထားသည့် ဖြည့်စွက်ပြင်ဆင်ထားသော NCA မူကြမ်းပါလိုအပ်သောအချက်များနှင့်ပတ်သက်၍ အစိုးရနှင့် ဆွေးနွေးညှိနှိုင်းရန်ဖြစ်သည်။ ဝါရင့်ကိုယ်စားလှယ်အဖွဲ့ (SD) ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ထိပ်တန်းအဆင့်ခေါင်းဆောင်များ၊ အပစ်အခတ်ရပ်စဲရေးနွေးသည့် အဖွဲ့ဟောင်းဖြစ်သော NCCT အဖွဲ့မှ ခေါင်းဆောင်များနှင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိပ်သီးညီလာခံသည် "တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေးအတွက် EAOS အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့" ကို တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များမှ အောက်ပါထိပ်တန်းခေါင်းဆောင် ၁၅ ဦးဖြင့်ဖွဲ့စည်းခဲ့ပါသည်။

| | |
|---|---|
| (၁) နော်စီဖိုးရာစိန် | ကိုယ်စားလှယ် (အဖွဲ့) ခေါင်းဆောင် |
| (၂) ဒေါက်တာလဂျာ | ကိုယ်စားလှယ်အဖွဲ့ ဒုခေါင်းဆောင် (၁) |
| (၃) ပူဇင်ကျုံး | ကိုယ်စားလှယ်အဖွဲ့ ဒုခေါင်းဆောင် (၂) |
| (၄) ခိုင်စိုးနိုင်အောင် | အဖွဲ့ဝင် |
| (၅) နိုင်ဟံသာ | အဖွဲ့ဝင် |
| (၆) ဦးမျိုးဝင်း | အဖွဲ့ဝင် |
| (၇) ခွန်မြင့်ထွန်း | အဖွဲ့ဝင် |
| (၈) ရွှေမျိုးသန့် | အဖွဲ့ဝင် |
| (၉) စဝ်ခွန်စိုင်း | အဖွဲ့ဝင် |
| (၁၀) ဗိုလ်မှူးချုပ် တာအိုက်ဘုန်း | အဖွဲ့ဝင် |
| (၁၁) ဖဒိုစောကွယ်ထူးဝင်း | အဖွဲ့ဝင် |
| (၁၂) ဗိုလ်ချုပ်ဂွမ်မော် | အဖွဲ့ဝင် |
| (၁၃) ဒေါက်တာဆလိုင်းလျန်မှုန်ဆာခေါင်း | အဖွဲ့ဝင် |
| (၁၄) ဗိုလ်မှူးကြီးခွန်ဥက္ကာ | အဖွဲ့ဝင် |
| (၁၅) ဒေါ်စောမြ ရာဇာလင်း | အဖွဲ့ဝင် |

**တာဝန်များ (ရည်ညွှန်းချက်ပါ)** - ၎င်းတို့၏တာဝန်များသည် NCA နောက်ဆုံးမူကြမ်းကို နှစ်ဖက်လုံးမှလက်ခံသည်အထိ အစိုးရဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံဆွေးနွေးရန်ဖြစ်သည်။

**အခွင့်အာဏာ** - ၎င်းတို့သည် ဝန်ကြီးဦးအောင်မင်းဦးဆောင်သည့် အစိုးရဆွေးနွေးညှိနှိုင်းရေးအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းရန် လုပ်ပိုင်ခွင့်အပြည့်အဝရရှိထားသည်။ ၎င်းတို့၏ လုပ်ပိုင်ခွင့်များမှာ (၁) ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်နေ့မှ ၉ ရက်နေ့အထိကျင်းပခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိပ်တန်းခေါင်းဆောင်များတွေ့ဆုံပွဲမှ အတည်ပြုခဲ့သော NCA ဖြည့်စွက်ပြင်ဆင်ချက် (မူကြမ်း)နှင့်ပတ်သက်၍ နှစ်ဖက်လုံးမှလက်ခံသောသဘောတူညီချက်ရရှိသည့်အထိ ကြိုးပမ်းဆောင်ရွက်ခွင့်ရှိပြီး၊ (၂)အတည်ပြုလက်မှတ်ရေးထိုးနိုင်သည့် အခွင့်အာဏာမရှိပေ။ (၃) အသီးသီးသောအဖွဲ့အစည်းများနှင့် ထိပ်တန်းခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးပွဲက သဘောမတူကွဲလွဲမှုများကို ဖြေရှင်းမည်ဖြစ်သည်။

EAOS SD နှင့် UPWC တို့သည် ၂၀၁၅ ခုနှစ်ဇူလိုင်လ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့ရှိ MPC တွင် NCA အတွက် ၈ ကြိမ်မြောက်တရားဝင်ဆွေးနွေးပွဲကိုကျင်းပခဲ့သည်။ ၎င်းတို့သည် NCA နောက်ဆုံးမူကြမ်းမှ ကျန်ရှိနေသည့်အချက်များနှင့် ထိပ်သီးအစည်းအဝေးပွဲမှ ဖြည့်စွက်ထားသောအချက်များကို ဆွေးနွေးခဲ့ကြသည်။ EAOS SD နှင့် UPWC တို့သည် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့မှ ၇ ရက်နေ့တွင် ရန်ကုန်ရှိ MPC ၌ NCA အတွက် ၉ ကြိမ်မြောက် တရားဝင်ဆွေးနွေးပွဲကို ကျင်းပခဲ့ကြသည်။

# နိုင်ငံရေးပါတီ ၅၆ ခု၏ နိုင်ငံရေးမူဘောင်
# (အလွတ်သဘော ဘာသာပြန်ဆိုမှု)

## နိဒါန်း

ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များ

**အခန်း (၁)** - အခြေခံစည်းမျဉ်းစည်းကမ်းများ (ခေါင်းစဉ်ခွဲ ၁၁ ခု)

အခန်း (၂) - နိုင်ငံရေးဆွေးနွေးပွဲအဆင့်တိုင်းအတွက် ကိုယ်စားလှယ်များ (ဖွဲ့စည်းပုံ) (အစိုးရ၊တပ်မတော်၊ လွှတ် တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် CBOs/CSOs တို့မှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ)

အခန်း (၃) - လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်(ခေါင်းစဉ်ခွဲ ၂ ခု) (ပြည်ထောင်စုညီလာခံ၊ ပြည်နယ်နှင့် တိုင်း ဒေသကြီးအဆင့် ပြည်သူများနှင့်နှီးနှောဖလှယ်ပွဲ)

အခန်း (၄) - နှစ်ဖက် ဆွေးနွေးပွဲများအတွက် စီမံခန့်ခွဲရေးကော်မတီများ (ခေါင်းစဉ်ခွဲ ၃ ခု)(အဆင့်မြင့်ပူးတွဲ ကော်မတီဖွဲ့စည်းရန်၊ ပူးတွဲကော်မတီပံ့ကိုင်အဖွဲ့၊ လုပ်ငန်းဆောင်ရွက်ရေးနည်းပညာအဖွဲ့)

အခန်း (၅) - နိုင်ငံရေးဆွေးနွေးပွဲနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ စီမံခန့်ခွဲမှုအတွက် အထောက်အကူပြုအဖွဲ့များ (ပူးတွဲဆွေးနွေးပွဲအတွင်းရေးမှူးရုံးဖွဲ့စည်းရန်)

အခန်း (၆) - ဆွေးနွေးပွဲလုပ်ငန်းစဉ် သို့မဟုတ် ကိစ္စရပ်များ

(၁) နိုင်ငံရေးကဏ္ဍ (ဖက်ဒရယ်ပြည်ထောင်စုစနစ်၊ တရားဥပဒေ၊ အမျိုးသားလုံခြုံရေး၊ တိုင်းရင်းသားများနှင့် နိုင်ငံသားများ၊ နိုင်ငံခြားရေးမူဝါဒ သို့မဟုတ် နိုင်ငံတကာဆက်ဆံရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ ရွေးကောက်ပွဲနှင့်ဆက်စပ် အထွေထွေကိစ္စရပ်များ)

(၂) စီးပွားရေးကဏ္ဍ (အမျိုးသားစီးပွားမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ မြေ ယာမူဝါဒ၊ သဘာဝသယံဇာတ မူဝါဒ၊ သဘာဝပတ်ဝန်းကျင်မူဝါဒနှင့် အခြေခံအဆောက်အအုံ)

(၃) လူမှုရေးကဏ္ဍ (ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး၊ ပြန်လည်ပေါင်းစည်းရေးနှင့် ပြန်လည်နေရာချထားရေး၊ မီဒီယာ)

အခန်း (၇) - နိုင်ငံရေးလမ်းပြမြေပုံနှင့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ခြင်း (ခေါင်းစဉ်ခွဲ ၂ ခု)

**လမ်းပြမြေပုံ -**

(၁) NCA လက်မှတ်ရေးထိုးခြင်း

(၂) လွှတ်တော်၏အတည်ပြုချက်

(၃) နိုင်ငံရေးဆွေးနွေးပွဲအတွက် နိုင်ငံရေးမူဘောင်အပေါ် သဘောတူညီချက်

(၄) ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပြည်သူများနှင့် တိုင်ပင်အကြံဉာဏ်ရယူမှု (ထင်ရှားသော ဖြစ်စဉ်များအတွက် ၁ လ သို့မဟုတ် ၃ လ တိုင်ပင်အကြံဉာဏ်ရယူမှုကာလ)

(၅) ပြည်ထောင်စုညီလာခံ

(၆) ပြည်ထောင်စုအဆင့်သဘောတူညီချက် (အဆင့် ၁)


(၇) ရွေးကောက်ပွဲကာလတွင် နိုင်ငံရေးဆွေးနွေးပွဲကိုရွှေ့ဆိုင်းမှု

(၈) ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပြည်သူများနှင့် တိုင်ပင်အကြံဉာဏ်ရယူမှု (၁ လ) နှင့် (ထင်ရှားသော ဖြစ်စဉ်များအတွက် ၃ လ တိုင်ပင်အကြံဉာဏ်ရယူမှုကာလ)


(၉) နောက်ဆုံးပြည်ထောင်စုညီလာခံ
(၁၀) နောက်ဆုံးပြည်ထောင်စုအဆင့် သဘောတူညီချက်
(၁၁) လွှတ်တော်၏ အတည်ပြုချက်
(၁၂) ဖွဲ့စည်းပုံအခြေခံဖြည့်စွက်ပြင်ဆင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း

အခန်း (၈) - ဆက်သွယ်ရေးလမ်းကြောင်း (ခေါင်းစဉ်ခွဲ ၂ ခု)
(ကော်မတီများအကြားဆက်သွယ်ရေးနှင့် သတင်းထုတ်ပြန်ချက် သို့မဟုတ် မီဒီယာထုတ်ပြန်ချက်)

နောက်ဆက်တွဲ ၃ - တိုင်းရင်းသားလူမျိုးများ ပူးပေါင်းဆောင်ရွက်မှု အလုပ်အဖွဲ့ (WGEC) ၏ အခြေခံမူဘောင်



# ပင်လုံ ၂ လမ်းပြမြေပုံ



ရွေးကောက်ပွဲ
ပြည်ထောင်စု သဘောတူညီချက်
ပင်လုံပြည်ထောင်စုညီလာခံ
CEASEFIRE PROCESS
ငြိမ်းချမ်းရေး ဖြစ်စဉ်
တွေ့ဆုံဆွေးနွေးရေး ဖြစ်စဉ်